
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**No 130 AUGUST 2013**

တာဝန်ခံအယ်ဒီတာ
**မောင်သစ်ဦး**
အယ်ဒီတာ
**စုံထောက်မောင်ရေချဲ**
စေးနေ
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထက်နိုင်**
**ဝင်းထွန်း**

## စုံထောက်ကဗျာ

ဇော်နောင်၊ တောင်တွင်းမောင်သင်းကျော်၊ မိုးဟိန်းထက်၊ သွေးစက်သစ်

## စုံထောက်ရင်ခုန်သံ

မောင်သန်းစိုး(ချောက်)၊ ရိုးမြင့်(လယ်ဝေး)၊ ဒီလူညာ၊ ကိုကိုခန့်ချော(ကသာမြေ)၊ လွမ်းသျှင်နောင်(မဟာသာရွာ)၊ ဝင်းယုမောင်၊ ခိုင်လွင်ကောင်းဖုံ၊ မင်းထက်သားညီ(တောင်ငူ)

## စုံထောက်ပွင့်သစ်

လင်းထူးဇော်(သန်လျင်)၊ ငယ်လေးတော်ဝင်၊ ကိုစွာ(ဖန်ခါးမြေ)၊ ချစ်လူ(တက္ကသိုလ်)

## ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊ အောင်အောင်ထွေး၊ သူရိန်၊ နရဏီ(ကျုံပျော်)၊ သားအောင်ရှိန်၊ စောဟန်၊ ကိုငယ်၊ လုံးကြီးတင်




www.burmeseclassic.com

www.burmeseclassic.com



## Cover Story


၃၈။ စုံထောက်မောင်ရဲခဲ
ကျွန်ုပ်နှင့်လူ့တိရစ္ဆာန်များ


## စုံထောက်ဝတ္ထုရှည်


၉၀။ မင်းမဟာကျော်ခေါင်
ချစ်သောပန်ထွာ


## နိုင်ငံတကာစုံထောက်


၁၁။ မောင်ကောင်းယဉ်
နိုင်ငံတကာစုံထောက်


## စုံထောက်သုတ


၂၅။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ

၃၁။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်

၃၄။ မောင်ဉာဏ်စိန်
သစ်တောဥပဒေ


## စုံထောက်ဒိုင်ယာရီ


၁၀၀။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ


## စုံထောက်ဘာသာပြန်


၇၅။ ဘနင်း – မရဏဂျွန်နီ


## အတိုဆုံးစုံထောက်ဝတ္ထု


လှိုင်းမွန်ဦး၊ လူထွဋ်၊ အေးချမ်းမောင်(မြန်မာစာ)၊ ခက်လှိုင်းကျော်၊
မောင်နွေဝေး(သောင်ပြာကျွန်း)၊ ဘုန်းမြင့်ချို(သာယာဝတီ)


## ရသဝတ္ထု


၅၃။ မိုးသဲအောင် – အဖွတ္တကြေးတမ်း
၅၇။ မြသိန်း – မိဘအတွက် ကလဲ့စား
၆၂။ ဘသက်ဆွေ – တစ်ထောင်ထဲကတစ်ယောက်
၆၆။ မြမြလှိုင် – လိုက်ခဲ့တော့
၁၀၅။ လေးမောင် – သူယောင်မယ်လား ဝိုးတဝါး
၁၁၅။ ကျွန်းစဉ်မြေစောက် – သမိုင်းစာမျက်နှာထဲက
မီးတောက်ငယ်
၁၂၈။ စိုးဝေ – သေမင်းတမန်စာအိတ်နီ
၁၄၀။ မောင်သစ်နွယ် – အမှောင်လွှင့်ပြယ်သောကောင်းကင်
၁၄၇။ မင်းဏီလူ – ကျွန်ုပ်နှင့်တောကြီးမာယာ
၁၅၄။ နေမိုးသော် – ဂမ္ဘီရရေစက်
၁၆၄။ ရဲနွယ်မောင်(သုံးဆယ်) – ဝဋ်ကြွေးတို့တင် ရှိခဲ့ထင်ရဲ့
၁၇၁။ မောင်မြင့်မား(ဘိုကလေး) – စွန့်ကြဲလေသော
ဟင်းစားများ
၁၇၇။ ဗညားဦး(အိမ်မဲ) – သတင်းထောက်ဒီပဇော်နှင့်ကြီးမိုက်







www.burmeseclassic.com

# 2013 AUGUST



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊ ရဲရင့်နိုင်၊ လင်းခန့်




ထုတ်ဝေသူ
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)
မှုခင်းတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေး(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးညွန့်ဝေ(မြ-၈၅၄၂၅)၊
ပြုံးပန်းတစ်ရာအော့ဖ်ဆက်




အုပ်ရေ - ၅၀၀၊
တန်ဖိုး - ၁၂၀၀ ကျပ်



www.burmeseclassic.com

www.burmeseclassic.com



# ရုပ်ရှင်ကြည့်ခြင်း

ရုပ်ရှင်ထဲမှာ
သူဟာ လူကြမ်း
အတော်ယုတ်မာရမ်းကားတဲ့လူ
ပွဲကြည့်သူတွေက
သူ့ကို ဆဲကြ ဆိုကြ ကျိန်ဆဲကြ
သူ့အပေါ် မုန်းမိုးကြီးရွာချ။



တစ်ယောက်ကမူ
သူဟာ ဇာတ်လိုက်
ပြည်သူ့ဘက်ကနေ ရန်သူကို တိုက်ခိုက်
အတော် "မိုက်"တဲ့လူ
ပွဲကြည့်သူတွေက
သူ့ကို ချီးကျူးသြဘာပေးကြ
ချစ်မိုးကြီးရွာချ။

ရုပ်ရှင်ကြည့်ရင်း
နှလုံးသွင်းမိသည်
ပြည်သူကို နှိပ်စက်ရန်မူ
မည်သူပြုပြု
လူထုဆီက မေတ္တာ
ထိုသူ ဘယ်တော့မှမရနိုင်ပါ
တန်ရာ ... တန်ရာ ..
ဒါ .. အခိုင်အမာတရား။ ။

ဇော်နောင်

www.burmeseclassic.com


www.burmeseclassic.com

## သားတို့ခေတ်က ရွှေဘာ

အမေတို့ခေတ်က
ရွှေဘာဆိုတာ လူစွမ်းကောင်းတဲ့၊
မဟုတ်မခံ
အမြဲတမ်း အမှန်ဘက်က ရပ်တည်ပြီး
မကောင်းသူပယ် ကောင်းသူကိုကယ်သတဲ့။

တစ်ခါတလေ
လူဆိုးတွေရဲ့လက်ထဲ
ရွှေဘာ နည်းနည်းခံရပြီဆို
ငိုကြ၊ ယိုကြ၊ ပေါက်ကွဲကြနဲ့ ပွဲဆူသတဲ့
ရွှေဘာက ခံရလည်း ခဏပဲတဲ့
ဇာတ်သိမ်းရောက်ရင်
ရွှေဘာ အနိုင်ရတာချည်းပဲတဲ့။


အမေရေ
ဇာတ်သိမ်းကို မသိနိုင်သေးပေမယ့်
သားတို့ခေတ်က ရွှေဘာတွေ
အမြဲတမ်းခံနေရတာပဲ
ဘယ်သူကမှ
ငိုလည်းမငို ပွဲလည်းမဆူ
ပေါက်လည်း မပေါက်ကွဲရဲကြဘူး။



သွေးစက်သစ်

www.burmeseclassic.com

ETECTIVE
OEM
www.burmeseclassic.com

## ကဗျာဆရာ ၃

အိမ်မြှောင်စုတ်ထိုးသံတွေကြားမှာ
ဘဝက
ဒင်္ဂါးကင်းမဲ့ဖုန်
အပေါက်အပြဲများတဲ့ ကောင်းကင်က ယိုကျလာတဲ့ ဒုက္ခတွေနဲ့
မွန်းကျပ်စွာ အသက်ရှူနေရ။

လိပ်စာပျောက်ငှက်တစ်ကောင်လို အိပ်တန်းမပြန်နိုင်ဘဲ
အယောင်ဆောင်ကောင်းကင်အောက်
ခဲယဉ်းစွာ ပျံသန်းနေရ။

ငွေရှိမှ မှန်တဲ့ အမှန်တရားတွေကြား လုပ်သမျှလွဲချော်
ရွှေရှိမှ ဆွေရှိတဲ့လောကမှာ လမ်းလျှောက်ရင်း လမ်းပျောက်နေရ။

'ကဗျာဆရာ'တဲ့
လိပ်စာအတိုင်းရောက်လာတဲ့ စာတစ်စောင်
ပန်းပွင့်ချင်းသာ နားလည်လွယ်တဲ့ ဘာသာစကားမှာ
လိပ်ပြာစိညာဉ် ပူးကပ်လို့
သံသရာမှာ ငြိနေတဲ့ ကြိုးအဖြစ်
ထိရှလွယ်တဲ့ နှလုံးသားဟာ
နှင်းဆီပန်းကိုမှ ချစ်ခဲ့မိတယ်။ ။

မိုးဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com


## သူ့ဌေးခြံရှေ့ ဖြတ်လျှောက်မိခြင်း

ခြံတံခါးဝ
ဟန်ပြချိတ်ဆွဲ
"ခွေး ဆိုးသည်"
ဆိုသည့်ပဲ
ခွေးဆိုတာ မနာလိုဝန်တိုစိတ် အားကြီးတဲ့ တိရစ္ဆာန်။

အိမ်တွင်း ဧည့်ခန်း
မည်သည့်စာတမ်းကို
မှန်းဆတွေးကာ
ချိတ်ဆွဲပါ
သင် ဘာကို ရေးချင်သနည်း။ ။



တောင်တွင်းမောင်သင်းကျော်

www.burmeseclassic.com

www.burmeseclassic.com







## မြတ်သောအမွေ

ကလေးကဗျာများ

### မင်းမင်းမျိုး

ဆရာမ မင်းမင်းမျိုး၏ မြတ်သောအမွေ ကလေးကဗျာများစာအုပ်ကို ဆရာ မောင်မိုးလှိုင်(သစ္စာမြေ)က စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ထဲတွင် ကဗျာပုဒ်ရေ ၆၅ ပုဒ် ပါဝင်သည်။ ကဗျာအားလုံးသည် ကလေးများအတွက် ရည်ရွယ်စပ်ဆိုထားခြင်းဖြစ်၍ အသံထွက်ရွတ်ဆိုရန် ကဗျာစာသားများ၏ နောက်ကွယ်တွင် ငြိမ့်ညောင်းနှစ်လိုဖွယ်သော အသံကလေးများပါနေကြောင်း တွေ့ရသည်။

ဤစာအုပ်ကလေး၏ ဖန်တီးရှင် ဆရာ မင်းမင်းမျိုး၏ အာဘော်အရ ပြောရလျှင် (သုတ–ရသ)ကဗျာရေစီးကြောင်းကလေးမှသည် စာပေသမုဒ္ဒရာကြီးအတွင်း စီးဝင်ရန်ရည်ရွယ်ကြောင်း ဖြစ်ပေသည်။ စာပေပေါင်းကူးစာအုပ်တိုက်မှ ထုတ်ဝေ၍ ဦးညိုဝင်း(ဖွဲလုလင် – မအူပင်) မှ ဖြန့်ချီသည်။

---

## မောင်လှမျိုး (ချင်း ချောင်း ခြံ) ၏ ခပ် ညံ့ ညံ့ လူ တစ် ယောက်




မောင်လှမျိုး(ချင်းချောင်းခြံ)စာအုပ်မှာ တင်ပြပုံ တစ်မူဆန်းသစ်ထားသည်။ ဆရာမောင်လှမျိုး စာပေဟောပြောပွဲစင်မြင့်တွင် ပြောကြားခဲ့သည့် ဟောပြောချက်များကို စာအုပ်အဖြစ် ပြန်လည်စုစည်းတင်ဆက်ထားခြင်းဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့် အရေးအရာအားလုံး ဆရာအမြင်ဖြင့် ထင်ဟပ်ဟောပြောထားသော ခပ်ညံ့ညံ့လူတစ်ယောက်၏ ဟောပြောချက်များဖြစ်သည်ဟု ဆရာက ဆိုထားပါသည်။ အင်ပါယာစာပေမှ ဖြန့်ချီသည်။



www.burmeseclassic.com

သပြေ(ကိုရီးယား) စီစဉ်သော

## ရွက်နုဝေသပြေနှင့်
### သပြေစုစည်းမှု ဝတ္ထုတိုများ





ဤစာအုပ်တွင် နိုင်ငံသိ စာရေးဆရာများနှင့် ကလောင်သစ်များ၏ လက်ရာများကို ပန်းချီမင်းထက်နိုင်၏ သရုပ်ဖော်ပန်းချီပုံများဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ကလေးလူငယ် ဗဟိုပြုစာပေထွန်းကားရေးနှင့် ကလောင်သစ်များ စင်တင်ပေးရေးအတွက် ရောင်းချရသမျှငွေကို လှူဒါန်းသွားမည်ဟု ဆိုသည်။ သပြေ(ကိုရီးယား) စီစဉ်၍ ဉာဏ်မီးအိမ်စာပေမှ ဖြန့်ချိတော့မည်ဖြစ်သည်။

---

လူငယ်ရေနေများနှင့် အများပြည်သူအတွက် အသုံးချဥပဒေဆိုင်ရာ

## ဦးဝင်းလှိုင် (တရားမမှု)
(တရားရုံးချုပ်ရှေ့နေ)





ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ရေးသားသည့် စာအုပ်ထဲတွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့် မိဘက သားသမီးအား နှစ်လိုမှု၊ အမွေတောင်း ရမည့်အချိန်၊ အမွေပြတ်စွန့်လွှတ်ခြင်း၊ အတူနေတိုင်း လင်မယားဟုတ်သလား၊ အတူမနေသဖြင့် လင်မယားကွာရှင်းပြတ်စဲသလား၊ မငြင်းလျှင် ဝန်ခံရာရောက်သလား၊ ဒီမိုကရေစီရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးပွဲမှစသည့် လူတိုင်းနားလည်သဘောပေါက်ထား၊ သိထားသင့်သော တရားမမှုများကို ဆောင်းပါး(၃၈)ပုဒ်ဖြင့် တင်ပြထားသည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---

## ငြိမ်းချမ်းသူ

### မလေးငြိမ်သို့ ပို့ပေးပါ (သို့မဟုတ်) သောတပန်ဖြစ်ဖို့ဆိုတာက…




ငြိမ်းချမ်းသူ၏ မလေးငြိမ်သို့ ပို့ပေးပါ (သို့မဟုတ်)သောတပန်ဖြစ်ဖို့ဆိုတာစာအုပ်တွင် "လူဖြစ်လာခြင်းသည် ပါရမီရှိသောကြောင့်သာတည်း" ဟူသော စာပိုဒ်ဖြင့် အစပြုထားသည်။ ဆရာက ဗုဒ္ဓဘာသာဖြစ်လျက် ဝိပဿနာအားမထုတ်သူနှင့် နိုင်ငံခြားဘာသာဝင်တို့သည် ပါရမီရှိလျက် လက်တွေ့အသုံးမချသူများအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တင်ပြထားသည်။ ဤစာအုပ်သည် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝိပဿနာအားမထုတ်သူများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ မျိုးဆက်သစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းယဉ်

# နိုင်ငံတကာစုံထောက်

## ဂျပန်နိုင်ငံ တန်ဖိုးမြင့်ကားများ မတော်တဆတိုက်မိမှု

ဂျပန်နိုင်ငံအနောက်ပိုင်း၊ ရှိမိုနို
ဆတ်ကီမြို့တွင် အဆင့်မြင့် မာစီဒီး
ခပါအဝင် ကားကောင်းများ ဆယ်စီး
တော်တဆတိုက်မှု ဖြစ်ပွားခဲ့သည်။

စတင် ဖြစ်ပွားသည့် ကားမှာ
ာစီဒီးကားဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ
ဖြစ်ခဲ့သည်။ ကားအားလုံးမှာ လေအိတ်
များပါရှိပြီး ယာဉ်မောင်းများမှာ အသက် ၃၈ နှစ်မှ ၆၁ နှစ်အကြား အရွယ်များဖြစ်ကာ ခြောက်ဦးဒဏ်ရာရခဲ့သည်။

ကားမတော်တဆမှုကို ရဲကရှင်းလင်းပြီး စုပုံနေသောပျက်စီးမှု ကစဥ့်ကလျားဖြစ်မှုကို တွေ့ရသည်။ ယင်းဖြစ်စဥ်တွင် အမေရိကန်ဒေါ်လာ လေးသန်းဖိုးခန့် ဆုံးရှုံးခဲ့ရပေသည်။ ဖြစ်ပွားမှုက ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကဖြစ်ကြောင်း ရဲတပ်ဖွဲ့က စွဲဆိုပြီး တရားရုံးတွင် တင်ပြအရေးယူလျက်ရှိသည်။ ရှေ့ကားတစ်စီးမှ အစပြုပြီး နောက်ကားများဆက်တိုက် မတော်တဆအပြင် မျက်နှာချင်းဆိုင်ကားတစ်စီးကိုပါ ထိခိုက်စေခဲ့သည်ကို စိတ်မသက်မသာစရာ တွေ့ရသည်။

Ref: T.S.T 25-3-13





www.burmeseclassic.com

www.burmeseclassic.com








## ရမ်းကားသည့် အမေရိကန်သေနတ်သမား

အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်တွင် အသက် ၄၅ နှစ်အရွယ် သေနတ်သမား၏ ပစ်ခတ်မှုက ထိတ်လန့်ဖွယ်ဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီးတွင် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးကို ဓားစာခံပြုလုပ်ကာ အသက် ၄၉ နှစ်အရွယ် အမျိုးသမီးကို ပစ်ခတ်သည်။ လူစည်ကားသည့် လမ်းမကြီးတွင်ဖြစ်ရာ မြင်တွေ့ကြားသိရသူများက ထိတ်လန့်စွာ ပြောဆိုကြသည်။

လူသတ်သမားသည် ပစ်ခတ်ပြီးနောက် ထွက်ပြေးကာ အိမ်တစ်လုံး၌ ပုန်းအောင်းသည်။ ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးရာတွင် သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။ ရဲတပ်ဖွဲ့အနေဖြင့် အဆိုပါပစ်ခတ်ခံရသူနှင့် ပစ်ခတ်သူကို အခြားဆက်နွယ်မှုတို့ ရှင်းလင်းစွာမသိရသေးပေ။ ကလေးငယ်ကို ကယ်ဆယ်နိုင်ပြီး အမှုကို ဖော်ထုတ်လျက်ရှိသည်။

Ref: The New Paper 22-3-13



## ညဥ့်နက်သန်းခေါင် မော်တော်ကားသုံးစီးတိုက်

စင်ကာပူနိုင်ငံ၊ အင်မိုအီဒိုရိပ်သာ အမှတ်(၅)နှင့်(၈)လမ်းကြားတွင် မော်တော်ကားသုံးစီးတိုက်မိခြင်းဖြစ်သည်။ ညပိုင်းဖြစ်ပွားမှုဟု သိရပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိမှုက ကံကောင်းပေသည်။

မကြာမီကလည်း အဆိုပါဝန်းကျင်တွင် မော်တော်ဆိုင်ကယ်နှင့် လော်ရီကားတစ်စီးတိုက်မိခဲ့ရာ ဆိုင်ကယ်သမားသေဆုံးခဲ့သည်။ ယခုဖြစ်ရပ်တွင် ရဲတပ်ဖွဲ့က ဖြစ်ပွားမှုစတင်ပြီး မကြာမီရောက်ရှိကာ အရေးယူဆောင်ရွက်လျက်ရှိပေသည်။

Ref: T.S.T 26-3-13



www.burmeseclassic.com

www.burmeseclassic.com



## အငှားယာဉ်များခိုးယူကာ မှုခင်းမျိုးစုံကျူးလွန်နေသည့်ဂိုဏ်း




မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့နှင့် ဆီလင်ဂါမြို့အပါအဝင် ဒေသစုံ၌ အငှားယာဉ်များကို အဓမ္မခိုးယူကာ နံပါတ်တုများသုံးလျက် မှုခင်းမျိုးစုံကျူးလွန်နေသည့်ဂိုဏ်းကို မကြာမီက ဖမ်းဆီးခဲ့သည်။ မကြာမီကလည်း ဂိုဏ်းဝင်(၁၁)ဦး ဖမ်းဆီးနိုင်ခဲ့ပေသည်။ ယင်းတို့သည် လူသတ်မှု၊ အဓမ္မပြုကျင့်မှု၊ ပြန်ပေးမှု၊ မူးယစ်ဆေးဝါးမှုများစွာကို ကျူးလွန်ကြောင်း တွေ့ရသည်။

လူစည်ကားရာ ကုန်တိုက်များ၊ ဈေးများကို ပစ်မှတ်ထားကာ ကျူးလွန်လေ့ရှိရာတွင် အမေရိကန်ကမ္ဘာလှည့်ခရီးသည်များပါ ထိခိုက်ခဲ့ရသည်။ ရဲတပ်ဖွဲ့အနေဖြင့် ကြပ်မတ်စွာနှိမ်နင်းလျက်ရှိပြီး အငှားယာဉ်များသည် အမာခံကျူးလွန်မှုခံရသည်ဟု ဆို၏။ ဂိုဏ်းဝင်တို့၌ အမျိုးသမီးများလည်းပါဝင်ပေသည်။ လူဆိုးဂိုဏ်းဝင်များ၏ လှုပ်ရှားမှုကို ကင်းလှည့်ရဲတပ်ဖွဲ့က စောင့်ကြည့်လျက် ရှိပေသည်။

Ref: The New Paper 22-3-13



## ဝေဟင်မှာလေယာဉ်ချင်းတိုက် တစ်ဦးသေ ငါးဦးဒဏ်ရာရ

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ရဲတပ်ဖွဲ့က လေ့ကျင့်ရေး ဟယ်လီကော့ပတာနှစ်စီးသည် အမြင့်ပေအနည်းငယ်တွင် တိုက်မိခဲ့သည်။ ဆိုးရွားသော ရာသီဉတုထူထပ်သော ဆီးနှင်းကျဆင်းမှုကြောင့် မတော်တဆဖြစ်ပွားရသည်ဟု ရဲတပ်ဖွဲ့က ထုတ်ဖော်ရှင်းလင်းသည်။

သေဆုံးသူတစ်ဦးမှာ ဟယ်လီကော့ပတာတစ်စီးမှ လေယာဉ်မှူးဖြစ်သည်။ လေယာဉ်ပျက်အပိုင်းအစများစွာကို မီဒီယာများက ဖော်ပြကြသည်။ အဆိုပါ ပျက်ကျသည့် နေရာဝန်းကျင်တွင် အိမ်များ၊ ကျောင်းများ၊ အားကစားကွင်းနှင့် ရေကူးကန်များရှိကြသည်။ ကယ်ဆယ်ရေးသမားများ ရှင်းလင်းကြစဉ်ဖြစ်သည်။

Ref: The Star 24-3-13

မောင်ကောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com


ဖေါ့ဆိုတော့
ပေါ့တာပေါ့ဗျာ
ဖေါ့စာလုံးထွင်းသည်

www.burmeseclassic.com



## နိုင်ငံရေး



သူ့ရဲ့ပုံလည်း
မကြည့်ရဲဘူး
သူ့ရဲ့စကားလည်း
မကြားရဲဘူး
ခုများ ...
သူ့ရဲ့ ပုံ
သူ့ရဲ့ စကား
ပျား
သကာ
ဒိန်ခဲ
ပြောင်းလဲခြင်းမိုးတိမ်တွေ ..ဝေလို့။ ။

မောင်သန်းစိုး(ချောက်)



www.burmeseclassic.com

www.burmeseclassic.com



## မြင့်မိုရ်တောင်ထိပ်က သစ်တစ်ပင်

သစ်ပင်ကြီးလေ
မြင်သူတိုင်းက အံ့သြ
ချီးမွမ်းထောပနာပြုကြ ..။

ညှို့ငင်တစ်သောင်းရဲ့ မာယာထဲမှာ
နှစ်မျောသာယာရင်း
အသက်ရှူသံတွေပြင်း
မြင်ကွင်းတွေ မှိုးမဆုံး
သူ့အသည်းနှလုံးတွေနဲ့
ဖောက်ထုတ်ညှို့ခံခဲ့ ..။

အဲသည်သစ်ပင်ကြီးပေါ့
မာနတွေလျှော့ဖို့ပြောလည်းမရဘူး
ရေသောက်မြစ်က မွန်းလှပြီ ..။။

ရိုးမြင့်(လယ်ဝေး)






www.burmeseclassic.com

www.burmeseclassic.com



# အနုတ္တကမ္ဘာ

အမေ
ကမ္ဘာကြီး နှစ်ခြမ်းကွဲသွားပြီ
သားက အမေရှိတဲ့ဘက်မှာ
သားရင်ထဲမှာ ဆိုလာမီးတွေ ထိန်ထိန်ညီးလို့
အဖေက သားကို လက်ပြသွားတယ်
ကာလစက္ကန့်တွေ တစ်ချက်ချက်
အဖေမျက်ကွယ်ပြုထွက်အသွား
အဖေ့နှလုံးသားထဲမှာ
ကျောက်စရစ်အတုံးအခဲတွေ
အဖေနဲ့အတူနေချင်တဲ့အမေ
ပြက္ခဒိန်တစ်ခု မကုန်မီမှာ
အဖေ့နောက်ကို တစ်ကောက်ကောက်။



အမေ
အမေဆုံးတော့ သားနှလုံးသားအပေါ်
ဥက္ကာပျံအတုံးအခဲတွေ တဒုန်းဒုန်းကျ
ဂျပန်က ဟီရိုရှီးမားနဲ့ နာဂါဆကီ
အိပ်မက်ဆိုးည ရာစုနှစ်တွေဖြတ်ကျော်ခဲ့
အမှတ်တရနေ့တွေကျင်းပ
သားမျက်ရည်တွေ တိုကျိုကိုရောက်သွား
ရင်ဘတ်ကြီးထဲမှာ တိုက်တာတွေ ဘဝပျက်
နျူကလီးယားတွေ ပြန်လာပြီ။

အမေ
အမေက ဘဒ္ဒကမ္ဘာမှာ အနုတ္တနဲ့ကြုံ
ဆူနာမိနဲ့ တွေ့ဆုံရင်း လမ်းခွဲ
ရွှေမည်းမည်းတွေက လွှမ်းခြုံ
သား ဘယ်သူ့ကို ယုံပြီးနေရမှာလဲ အမေရယ် ။ ။

**ဝင်းယုမောင်**




www.burmeseclassic.com

www.burmeseclassic.com



## ဘဝဟာ ပြာလဲ့နေပါစေ

ပွင့်သစ်ပန်းတွေ ထုံအီမွှေးမြလို့
လွတ်လပ်ပွင့်လင်းမှု ဒီမိုကရေစီရဲ့ ရယ်သံက
လက်လက်ထလို့ လင်းရှနေ
နိုင်မာတဲ့ ကျောက်စိုင်ကျောက်သားလို စိတ်ဓာတ်ခွန်အား
အောင်မြင်တိုးတက်မှု သစ်ပင်ကို
အားဆေးထိုးပေးသလိုပါပဲ
အရေးကြီးတာက ဘယ်သူကြည့်ကြည့်
ဘဝဟာ ပြာလဲ့နေပါစေ။



နောင်တဆူးခက်တွေကြောင့်
နှလုံးသား အဆိပ်တက်နေတာလား
လွှင့်ပစ်လိုက်စမ်းပါ
ပစ္စုပ္ပန်မှာ ဘဝနန်းတော်ကြီးတည်ဆောက်ဖို့ကသာ အဓိက
အနာဂါတ်မှာ ဘယ်လိုတိုးတက်မှုသီချင်းကို **သီဆိုမလဲ**
အဲဒါကိုပဲ အိပ်မက်နေရမယ်
အရေးကြီးတာက ဘယ်**သူကြည့်ကြည့်**
ဘဝဟာ ပြာလဲ့နေပါစေ။

အမေ့ဒိုင်ယာရီထဲမှာ အောင်မြင်မှုမှတ်တမ်းတွေ တွေ့မိလား
တွေ့ရင် အမေ့ကို ပြေးနမ်းလိုက်ပါ
အဖေ့ဒိုင်ယာရီထဲမှာ တိုးတက်မှုစာကြောင်းတွေ တွေ့လား
တွေ့ရင် အဖေ့ကို လက်ခုပ်တီးအားပေးလိုက်ပါ
ထွေရာလေးပါးနဲ့ အိပ်မပျော်တဲ့ အတွေးတွေနဲ့
ဘဝကို သဲထဲရေသွန်မလုပ်နဲ့
သွေးသားထဲမှာ သစ္စာကတိရှိခြင်းနဲ့ ဝီရိယတရားတွေနဲ့
အဖြူရောင်မေတ္တာတရားတွေ လည်ပတ်နေမှ
အသက်ရှူလို့ဝ
အရေးကြီးတာက ဘယ်သူကြည့်ကြည့်
ဘဝဟာ ပြာလဲ့နေပါစေ။

ဘဝဟာ ပြာလဲ့နေပါစေဆိုလို့
ဖွတ်အတင်း ဘဝကို ဒရွတ်တိုက်မဆွဲနဲ့လေ
ဖြည်းဖြည်းချင်းနဲ့ **စနစ်တကျ**
လုပ်ဆောင်ချက်တွေ နူးညံ့ညင်သာမှ
ပြာလဲ့နေတဲ့ဘဝကို အပိုင်ရ ..။။

**မင်းထက်သားညီ(တောင်ငူ)**



www.burmeseclassic.com


www.burmeseclassic.com



## ပုံတူများကို စကားပြောခြင်း

ဇာတ်ကပွဲမှာ မင်းသားမဖြစ်လို့
ပတ်မကြီး ဓားနဲ့ထိုးချင်တာ
အနုပညာလား ..
ဝန်တိုစိတ်
သိက္ခာမဲ့
အပြစ်ဖွဲ့တဲ့စကား
မှားတာကို အမှန်လုပ်
လောကဓံရဲ့ ဇာတ်ထုပ်မှာ
ကကြိုးရှုပ်ပြီး ဟန်လုပ်နေမှာလား
မသတီစရာများ
ကတ္တီပါ ကားလိပ်ချပြီး
သည်ကာလဇာတ်သိမ်းလို့
လောဘ ဒေါသတွေ ငြိမ်းကြရအောင်။ ။

**လွမ်းသျှင်နောင်(မဟာသာရှာ)**






www.burmeseclassic.com

www.burmeseclassic.com





## အလွမ်းဖိုင်

အခွင့်သင့်လိုက်တာနဲ့
'တောက်'မခေါက်ဘဲ အဆွေးရိပ်က အညှောက်ထပေါက်တယ်။

အချိန်မဲ့အခါမဲ့မှာ
အကင်းမသေဘဲ တရစပ်မြည်တွန်တောက်တီးတတ်တဲ့ 'မိုး'
သူမို့ အားမနာပါးမနာ
ဆူလွယ်နပ်လွယ် အတိုင်အဖောက်ညီပြတယ်။

ခွန်းတုံ့ပြန်ရမယ်ဆိုရင်
အရောင်ဆိုးထားတဲ့စိတ်က
အားအားရှိတိုင်း လမ်းတစ်ဖက်ကို ဝေ့လည်ဝေ့လည်ကြွေလို့
တိမ်တွေကို ရင်ဘတ်နဲ့ ပုံအောပြခဲ့ပေါ့
ကိန်းသေကို အသက်သွင်းလို့တော့ မရနိုင်ဘူး။

အတောမသတ်သမျှ
အငွေ့မသေသေးလို့ သွေးဆူနေတုန်းပဲဆိုရင်တောင်
ဝေဝါးမှုနဲ့ ကြယ်အစုံအညီက မီးခိုးတိတ်ခဲ့ပြီ။

**ခိုင်လွင်ကောင်းငံ**



www.burmeseclassic.com

www.burmeseclassic.com



## မျက်ရည်ခေါ်သံ

အဖေက တစ်ယောက်စီသွား
အမေက တစ်ယောက်ကိုခေါ်
ငါတို့ဆောင်းဟာ ပိုလို့အေးသွား
အကာအရံမရှိ အနာခံစရာရှိ
ငါတို့သမိုင်းဟာ ချွေးမြေကျခဲ့
ရဲရဲတောက် ဆက်ဆံရေးတွေမှာ
ကိုယ့်ဝမ်းစာမက လျှောက်ရတဲ့ခြေလှမ်းတွေ
အရိပ်ဆိုလို့ ကြာရွက်တစ်ရွက်စာလောက်တောင်
မေတ္တာတရားက ကံခေလွန်းခဲ့
ဆယ့်နှစ်ရာသီ ခေါင်တဲ့မိုးနဲ့
ဆယ့်နှစ်ရာသီ ကျတဲ့နှင်းထဲ
ငါရယ် ညီမလေးရယ်
ကိုယ့်နွေကိုယ် စီးဆင်းခဲ့ရတာ
စုန်ရေပဲရှိတယ်ဆိုတဲ့ မြစ်ကြီးထဲမှာပေါ့
ဒါနဲ့တောင် အားရသေးပုံမပေါ်တဲ့ လောကဓံက
အလစ်အငိုက်မှာ
ငါတို့မောင်နှမနှစ်ယောက်ရဲ့ သံယောဇဉ်ကြိုးကို
နောက်ကျောကနေ ဖြတ်တောက်လိုက်ပုံများ
ဝေးကွာသွားတဲ့ အလင်းထုရေ
ငါ့ ညီမလေးကို ဘယ်သူခေါ်သွားတာလဲ ဟင် ?
ငါ့ညီမလေး ဘယ်ရောက်သွားပြီလဲ ဟင် ?
ငါတို့ရှေ့မှာ မြင်းမိုရ်တောင်က ပြိုနေမှတော့
အစွယ်ငေါငေါ ပြေးလမ်းတွေကြား
ရှိုက်သံနဲ့ ငါ့ခေါ်သံ(ညီမလေးကြားအောင်)
လေညင်းရယ် ဆောင်ကြဉ်းပေးပါ
ညီမလေးရေ ..
ညီ ..မ ..လေး ..ရေ ..။ ။



(စုံထောက်မဂ္ဂဇင်း၊ အမှတ်(၁၂၅)၊ ၂၀၁၃ မတ်လထုတ်
ဆရာမ သန္တာမြသောင်းရဲ့ နှံ့နှစ်ကြာလေးရှာပေးကြပါ ဝတ္ထုကို ခံစားရေးဖွဲ့ပါသည်)


ဒီလှူည



www.burmeseclassic.com

www.burmeseclassic.com





## နေရာမှန်

ငါ့နှလုံးသား ကွင်းထဲမှာ
သစ္စာတရားက ကွင်းလယ်ဒိုင်
မေတ္တာစကားက စည်းကြပ်ဒိုင်
'မယိုင်လဲ ခိုင်မြဲတဲ့ အချစ်အသင်း'နဲ့
'အနှစ်မပါတဲ့ အညစ်မာယာအသင်း'နှစ်သင်း
အင်အားချင်းပြိုင်တဲ့အခါ
နှစ်၊ လေး၊ လေး ဗျူဟာပဲသုံးသုံး
သုံး၊ သုံး၊ လေး ဗျူဟာပဲ ခင်းခင်း
မာယာအသင်းက
တစ်ဖက်စောင်းနင်းနဲ့ ခဏ ..ခဏလူကွဲ
အတ္တနဲ့ ဖုံးနေတဲ့
အမုန်းကတော့
အရံထိုင်ခုံမှာ နေလိုက်ပါဦးကွယ်။ ။

**ကိုကိုခန့်ချော(ကသာမြေ)**



www.burmeseclassic.com


www.burmeseclassic.com



# လှမိုး

(ပညာရေး)

# နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ



ထိုစဉ်ကာလက နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏လမ်းညွှန်ချက်အရ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စီးပွားရေးကမောက်ကမဖြစ်စေရန် ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးကို ဆင်နွှဲရန် စီမံနေသော အချိန်ဖြစ်၏။ ယင်းစစ်ဆင်ရေး၏ အမည်ကို "ဘားနပ်ဒ်" စစ်ဆင်ရေး ဟု အမည်ပေးထားသည်...

www.burmeseclassic.com

တောင်အမေရိကတိုက် ပီရူးနိုင်ငံ၊ လီမားမြို့မှ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ထုတ်ဝေသော ခေတ် (Time) သတင်းစာကြီး၏ မျက်နှာဖုံးတွင် သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ် အောက်ပါသတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသောကြောင့် သတင်းစာဖတ်ပရိသတ်မှာ တအံ့တသြဖြစ်သွားခဲ့ရသည်။

**''နာဇီဂျာမန် စစ်တရားခံ တစ်ဦး ဖမ်းဆီးရမိခြင်း''**

**လီမား**

**ဧပြီလ–၁၂ ရက်**

ယနေ့နံနက် ၁၁ နာရီ မိနစ် **၃၀ ခန့်တွင်** ပီရူးနိုင်ငံရဲအဖွဲ့မှ အထူးတပ်သား ၁၅၀ ခန့်သည် ထိပ်သီးရဲအရာရှိကြီးများခေါင်းဆောင်၍ လီမားမြို့တော် ဆင်ခြေဖုံး၊ ဆန်တာကလာရာရပ်ကွက်ရှိ **ဓာတ်ဆီဆိုင်ရှေ့ရှိ** ကြက်မွေးမြူရေးခြံတစ်ခြံဟု နာမည်ကျော်ကြား လူသိများနေသော ခြံတစ်ခြံအား သတင်းအရ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ **ယင်းခြံပိုင်ရှင်ဖြစ်သူ** အသက် ၆၆ နှစ်အရွယ်ရှိ ဖရက်ဒရစ်(ချ်)ရှဝန်ဆိုသူ ဂျာမန်အမျိုးသား တစ်ဦးအား အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ဖမ်းဆီးရမိသည်ဟု သတင်းရရှိကြောင်း၊ ထိုကြက်မွေးမြူရေးလုပ်ငန်းပြုလုပ်သည်ဟု သတင်းကြီးနေသော ခြံမှ တစ်စုံတစ်ရာ ခုခံကာကွယ်ခြင်း မပြုလုပ်သော်လည်း ထိုကြက်ငှက်မွေးမြူရေးခြံဟုဆိုသော အဆောက်အအုံကြီးမှာ ခံတပ်သဖွယ် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားသည်ဟု သိရ၏။

ပိုင်ရှင်ဖြစ်သူ ဖရက်ဒရစ်(ချ်)ရှဝန်ဆိုသူမှာ ရပ်ကွက်အတွင်းမှ လူများနှင့် ခပ်ကင်းကင်းနေသူဖြစ်သော်လည်း သူ့ခြံသို့ လီမာမြို့တွင်နေထိုင်သော ဂျာမန်လူမျိုးအသိုက်အဝန်းများ ဝင်ထွက်သွားလာမှုရှိခဲ့သည်ဟုသတင်းရကြောင်း။

ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ပြောပြချက်အရ ထိုသူမှာ ဒဏ္ဍာရီဆန်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အတည်မပြုနိုင်သေးသော သတင်းများအရ ဖရက်ဒရစ်(ချ်)ရှဝန်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီပါတီထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်သော ဟင်မလား၏ အက်(စ်)အက်(စ်)အထူးတပ်ဖွဲ့တွင် ဗိုလ်မှူးကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု သိရ၏။ အမေရိကန်ပြည်ထောင်ဟု အက်ဖ်ဘီအိုင် စုံထောက်ဌာနနှင့်အင်္ဂလန်နိုင်ငံ၊ အထူးထောက်လှမ်းရေးအဖွဲ့ အမှတ်(၅)၏ မှတ်တမ်းများအရ ရှဝန်သည် ဟင်မလားခေါင်းဆောင်၍ဆင်နွှဲခဲ့သော ဘန်နတ်(ဒ်)စစ်ဆင်ရေးတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ထိုစစ်ဆင်ရေးမှာ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စီးပွားရေးကမောက်ကမဖြစ်စေရန် အင်္ဂလန်နိုင်ငံသုံး ပေါင်စတာလင်ငွေစက္ကူများနှင့် အမေရိကန်ပြည်ထောင်စုသုံး ဒေါ်လာငွေအတုများ လျှို့ဝှက်စွာပြုလုပ်၍ ဖြန့်ဝေခြင်းဖြစ်သည်ဟု သိရ၏။

အထက်ဖော်ပြပါ သတင်းကိုပင် ဒေသခံ အခြားသတင်းစာများနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက်တိုင်းမ် သတင်းစာနှင့် နယူးယောက် ဆန်း(သူရိယ)သတင်းစာနှင့် ရုပ်သံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ပေးခဲ့သဖြင့် နိုင်ငံတွင်းသို့ ဂယက်ရိုက်ခတ်ခဲ့သည်။ ယင်းဗိုလ်မှူးကြီးဖရက်ဒရစ်(ချ်)ရှဝန်မှာ အထက်ဖော်ပြပါ ငွေအတုစစ်ဆင်ရေးတွင် အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်သာမက လူသတ်မှု၊ ဂျူးအမျိုးသားများပိုင်ပစ္စည်းများကို ယက်သိမ်းဆည်းမှုများကိုလည်း ကျူး

www.burmeseclassic.com

www.burmeseclassic.com




လွှန်ခဲ့သည်ဟု နိုင်ငံတကာစစ်ရာဇဝတ်မှုမှတ်တမ်းများ ပြုစုသည့်ဌာနနှင့် "မမေ့နိုင်သူများ"ဟု ဂျူးလူမျိုးများအသင်းမှ မှတ်တမ်းများတွင် မှတ်တမ်းတင်ထားခြင်းခံရသည်။

စစ်ကြီးအပြီးတွင်မူ ဖရက်ဒရစ်(ချ်)ရှဝန်သည် နာဇီဝါဒကို သံယောဇဉ်ရှိသူများ၏အကူအညီနှင့် တောင်အမေရိကတိုက်သို့ ထွက်ပြေးလွတ်မြောက်သွားသည်ဟု ဗြိတိသျှထောက်လှမ်းရေးအဖွဲ့အမှတ်(၅)၏ မှတ်တမ်းများနှင့် အစ္စရေးနိုင်ငံ မော့ဆက်အဖွဲ့မှ မှတ်တမ်းများအရ သိကြရ၏။

မှန်ပါသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ညနေပိုင်းတွင် ဘာလင်မြို့တော်ရှိ နာဇီခေါင်းဆောင်ကြီးဟင်မလာ၏ ဌာနချုပ်ကြီးအား ဘိုဇီယက်တပ်နီတော်(ယနေ့ရုရှား)ကြီးက သိမ်းပိုက်ခဲ့ပြီး နာဇီခေါင်းဆောင်ကြီးဟစ်တလာနှင့် ဇနီးဟစ်တလာ၏ ညာလက်ရုံး၊ ဒေါက်တာရိုးဘဲလ်နှင့် မိသားစု နာဇီပါတီထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်သော ဟင်မလာနှင့် နာဇီခေါင်းဆောင်အချို့သည် အဆိပ်သောက်၍ အဆုံးစီရင်ခြင်းအားဖြင့် လူသန်းပေါင်းများစွာ သေဆုံးခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရသည်။ ဤစစ်ပွဲကြီးကား စစ်ရှုံးသူလည်း ရှုံးခဲ့သလို စစ်

ဒုတိယကမ္ဘာစစ်ကြီး
စတင်ဖြစ်ပွားသည့်
အချိန်ကစ၍
တိုက်တိုင်းအောင်
တပ်မဟာကြီးဟု
နာမည်ကျော်ကြားခဲ့သော
ဂျာမန်နာဇီတပ်မတော်ကြီး
လက်နက်ချခဲ့ရသည့်
အချိန်ကစ၍
ဒုတိယကမ္ဘာစစ်ကြီးအား
အောင်မြင်စွာ
တိုက်ခဲ့နိုင်ပါမည်လောဟု
...





www.burmeseclassic.com


www.burmeseclassic.com



အောင်နိုင်သောနိုင်ငံများမှာလည်း အဖက်ဖက်က ဆုံးရှုံးခဲ့ရသည့်စစ်ကြီးဟု သမိုင်းသုတေသီများက တညီတညွတ်တည်း ဆိုခဲ့ကြသည်။

စစ်ရှုံးသူ ဂျာမန် နာဇီ စစ်တရားခံများသည် မိမိတို့အစီအစဉ်ဖြင့် ကိုယ်ယောင်ဖျောက်၍ နည်းလမ်းအမျိုးမျိုးနှင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထိုစစ်တရားခံအများစုမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အပြစ်မဲ့ပြည်သူအများအားလည်းကောင်း၊ စစ်သုံ့ပန်းများအားလည်းကောင်း၊ ဂျူးလူမျိုးများအားလည်းကောင်း လူသားမဆန်စွာ ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့သော ရာဇဝတ်သားများသာ ဖြစ်ကြ၏။ စစ်ကြီးပြီးဆုံးသွားသည်နှင့် စစ်နိုင်မဟာမိတ်နိုင်ငံများမှ တာဝန်ရှိသူများသည် အထက်ဖော်ပြပါ နာဇီစစ်တရားခံတို့အား ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအလိုက် နိုင်ငံတကာတရားဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရန် တိုင်းပြည်အသီးသီးရှိ စစ်ခုံရုံးများတွင် တရားစွဲဆိုခဲ့ကြသည်။

ဝရမ်းပြေးစစ်တရားခံအချို့မှာမူ အနောက်ဂျာမနီ(ထိုစဉ်က ဂျာမနီနိုင်ငံအား အရှေ့ဂျာမနီ၊ အနောက်ဂျာမနီနိုင်ငံဟု ခွဲခြားထားခဲ့သည်) အတွင်းမှာပင် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ လည်းကောင်း၊ နာမည်အမျိုးမျိုး ပြောင်း၍လည်းကောင်း အဆင်ပြေသလို နေထိုင် စားသောက်ခဲ့ကြသည်။ အချို့ထိပ်သီးခေါင်းဆောင်များမှာမူ ဂျာမနီနိုင်ငံတွင် ကိုယ်ရောင်မဖျောက်နိုင်ကြ




သဖြင့် တောင်အမေရိကတိုက်တွင် လက်တင်အမေရိကနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်၍ ယင်းဒေသတွင် အခြေစိုက် ခိုလှုံခဲ့ကြ၏။ အချို့ နာဇီစစ်တရားခံများမှာမူ ဂျာမနီနိုင်ငံ အစိုးရဌာနများတွင်ပင် အမှုထမ်းခဲ့ကြသည်ဟု သိရ၏။

မှန်ပါသည်။

စစ်ပြီး ဂျာမနီနိုင်ငံ၏ မှတ်တမ်းများအရ နာဇီထိပ်သီးခေါင်းဆောင်များသည် ၁၉၄၂ ခုနှစ် အတွင်း ဥရောပအရှေ့ စစ်မျက်နှာ (ရုရှား)စတာလင်ဂရက်တိုက်ပွဲတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည့် အချိန်ကစ၍ တိုက်တိုင်းအောင် တပ်မဟာကြီးဟု နာမည်ကျော်ကြားခဲ့သော ဂျာမန်နာဇီတပ်မတော်ကြီး လက်နက်ချခဲ့ရသည့်အချိန်ကစ၍ ဒုတိယကမ္ဘာစစ်ကြီးအား အောင်မြင်စွာ တိုက်ခဲ့နိုင်ပါမည်လောဟု သံသယရှိခဲ့ကြရကာ အကယ်၍ နာဇီဂျာမနီစစ်ရှုံးခဲ့လျှင် နာဇီဂျာမနီ၏ နာဇီဝါဒအပေါ် လေးစားသည့် တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် ခြေကုတ်ယူကာ ဒုတိယကမ္ဘာစစ်ကြီးကို ဆက်လက် ဆင်နွှဲကြမည်ဟု ဆုံးဖြတ်ထားကြသည်။ အကယ်၍ စစ်ရှုံးလျှင် ထိုနိုင်ငံများတွင် ခိုလှုံရန်ပြင်ဆင်ထားခဲ့ကြသည်။

ထိုနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရန် ကြိုတင်မှုများ ပြုလုပ်ထားခဲ့ကြ၏။ ဤကဲ့သို့ ကြိုတင်မျှော်လင့်ထားသည့်အတိုင်း နာဇီဂျာမန်တို့လက်နက်ချခဲ့ရသောအခါ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဥရောပတိုက်တွင် ခြေရာဖျောက်၍ မဖြစ်နိုင်ကြသော နာဇီဝရမ်းပြေးရာဇဝတ်သားကြီးများသည် မိမိတို့ ကြိုတင်စုဆောင်းထားသော ရတနာရွှေငွေများကို ယူဆောင်၍ လက်တင်အမေရိကတိုက်နိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး စတုတ္ထဂျာမနီနိုင်ငံတော်ကြီးကို တည်ထောင်ရန် စီမံဆောင်ရွက်ခဲ့သည်။ ထိုရာဇဝတ်သားများနောက် နိုင်ငံတကာမှ ထောက်လှမ်းရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းများ၊ ဂျူးအမျိုးသား၊ နာဇီမုဆိုးများ၊ အစ္စရေးထောက်လှမ်းရေးအဖွဲ့ဝင်များသည် တကောက်ကောက် အနံ့ခံ၍ လိုက်ကြပြီး အချို့ကို ဖမ်းဆီး၍ နိုင်ငံတကာ စစ်ခုံရုံးတင်၍ တရားဥပဒေအတိုင်း အရေးယူနိုင်ခဲ့ကြသည်။

စစ်ကြီးအပြီးတွင် ဖရက်ဒရစ်ရှဝန်သည် နာဇီဝါဒကို ထောက်ခံသူများ၏ အကူအညီနှင့် ပီရူးနိုင်ငံ၊ လီမာမြို့သို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ်က ပီရူးနိုင်ငံသည် နာဇီဝါဒကို လိုလားထောက်ခံသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ ပီရူး အာဏာပိုင်များမှာလည်း နာဇီဝါဒကို ပြောင်ပြောင်တင်းတင်း ထောက်ခံအားပေးခဲ့ကြရာ ရှဝန်အပါအဝင် နာဇီစစ်ရာဇဝတ်တရားခံများအဖို့ ခိုလှုံရာ ခြေရာဖျောက်ရာ အဓိကနိုင်ငံဖြစ်လာသည့်တောင်အမေရိကတိုက်တွင် နာဇီခေတ်သစ် ထူထောင်ရန် အခြေအနေပေးသော ပီရူးနိုင်ငံတွင် နာဇီစစ်တရားခံအများသည် စတုတ္ထ ဂျာမဏီနိုင်ငံတော်ကြီးကို လျှို့ဝှက်စွာ ထူထောင်ခဲ့ကြတော့သည်။ ထိုစဉ်က အတည်မပြုနိုင်သော သတင်းများအရ စတုတ္ထဂျာမနီနိုင်ငံတော်အဝေးရောက် အစိုးရအဖွဲ့တွင် ဖရစ်ဒရစ်(ချ်)ရှဝန်မှာဘဏ္ဍာရေးဝန်ကြီး၏တာဝန်ကို ယူထားရသူ ဖြစ်သည်။ ဤဆောင်းပါးအစတွင် ပါဝင်ခဲ့သည့်အတိုင်း ဖရစ်ဒရင်(ချ်)ရှဝန်၏ နေအိမ်အား ရှာဖွေရာတွင် တောင်အမေရိကတိုက်ရှိ နိုင်ငံအသီးသီးတွင် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်၍ ပုန်းခိုနေသော နာဇီထိပ်သီးစစ်ပြေးတရားခံများ၏ အမည်နှင့် နေရပ်လိပ်စာများကို အက္ခရာစဉ်အလိုက် မှတ်သားထားသည့် စာအုပ်တစ်အုပ်ကို အာဏာပိုင်များက တွေ့ရှိခဲ့ကြသည်။

ဖရစ်ဒရစ်(ချ်)ရှဝန်မှာ ခေသူမဟုတ်ပါ။ တတိယဂျာမနီနိုင်ငံတော်ကြီး ဟိုးဟိုးကျော်နေပြီး ဒုတိယကမ္ဘာစစ်ကြီး အောင်နိုင်မည့်အခြေအနေရှိစဉ်က နာဇီ အက်စ်အက်စ်တပ်ဖွဲ့ခေါင်းဆောင်နှင့် နာဇီပါတီ ထိပ်သီး ခေါင်းဆောင်ကြီး ဟစ်တလာ၏လက်ရုံးဖြစ်သော သေမင်းတမန်ခေတ်သစ် ယမမင်းဟု ကင်ပွန်းတပ်ခံရသော ဗိုလ်ချုပ်ကြီးဟင်မလာ၏ ယုံကြည်စိတ်ချရသော အက်စ်အက်စ်တပ်မှူးကြီး တစ်ဦးဖြစ်သည်။

ထိုစဉ်ကာလက နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏လမ်းညွှန်ချက်အရ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ စီးပွားရေးကမောက်ကမဖြစ်စေရန် ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးကို ဆင်နွှဲရန် စီမံနေသော အချိန်ဖြစ်၏။ ယင်းစစ်ဆင်ရေး၏အမည်ကို "ဘားနမ်ဒ်"စစ်ဆင်ရေးဟု အမည်ပေးထားသည်။

ထိုစစ်ဆင်ရေးတွင် အဓိကဇာတ်ဆောင်ဖြစ်သော ဖရက်ဒရစ်ချ်ရှဝန်သည် ဟင်မလာ၏ လမ်းညွှန်ချက်အရ ထိုစဉ်က ချွေးတပ်စခန်းများဟုနာမည်ကျော်နေသော အကျဉ်းစခန်းများမှ ဂျူးအမျိုးသားပုံနှိပ်အတတ်ပညာရှင်များ၊ ပုံဆွဲဆရာများ၊ ယခင်က ငွေစက္ကူပုံနှိပ်ပညာတတ်ကျွမ်းသူများကို တိတ်တဆိတ် ခေါ်ယူစုဆောင်းခဲ့ကြသည်။ မှတ်တမ်းများအရ ပညာရှင်ပေါင်း ၁၄၀ ခန့် စုဆောင်းနိုင်ခဲ့သည်ဟု သိရ၏။

ဗိုလ်မှူးကြီး ဖရက်ဒရစ်ချ်ရှဝန်သည် ထိုပညာရှင်များအား ဘာလင်မြို့တော်အနီးရှိ ဆပ်ဆင်ဟူဆင် အကျဉ်းစခန်းသို့ ခေါ်ဆောင်ခဲ့သည်။ ဂျာမန်အက်စ်အက်စ်တပ်ဖွဲ့နှင့် အခြားယုံကြည်စိတ်ချရသော ဂျာမန်အမျိုးသားများ၊ နာဇီဂျာမန်တပ်မတော်အတွင်းမှ ပုံနှိပ်ပညာတတ်မြောက်ကြသူများကိုလည်း လျှို့ဝှက်စွာ ခေါ်ထုတ်ခဲ့ကြပြီး အထက်ဖော်ပြပါ အကျဉ်းစခန်းရှိ လုံခြုံစိတ်ချရသော အဆောက်အအုံတစ်ခုတွင် ငွေစက္ကူအတုများ ရိုက်နှိပ်မည့် ပုံနှိပ်စက်များကိုလည်း ပြင်ဆင်ထားခဲ့သည်။

**မှတ်တမ်းများအရ ဤစစ်ဆင်ရေးကြီးတွင်ပါဝင်ခဲ့သူပေါင်း ၁၄၀ ရှိခဲ့သည်။ ထိုစဉ်က အထက်ဖော်ပြပါ ငွေစက္ကူအတုရိုက်နှိပ်သည့် အဆောက်အအုံအမှတ်မှာ ၁၉ ဖြစ်သည်ဟု သိရ၏။ အတုရိုက်နှိပ်ထုတ်ဝေသည့် ငွေစက္ကူများမှာ ဗြိတိသျှစတာလင်ပေါင် တစ်ပေါင်တန်ငွေစက္ကူများ ဖြစ်၏ . . .**




www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများအရ ဤစစ်ဆင်ရေးကြီးတွင်ပါဝင်ခဲ့သူပေါင်း ၁၄၀ ရှိခဲ့သည်။ ထိုစဥ်က အထက်ဖော်ပြပါ ငွေစက္ကူအတုရိုက်နှိပ်သည့် အဆောက်အအုံအမှတ်မှာ ၁၉ ဖြစ်သည်ဟု သိရ၏။ အတုရိုက်နှိပ်ထုတ်ဝေသည့် ငွေစက္ကူများမှာ ဗြိတိသျှစတာလင်ပေါင် တစ်ပေါင်တန်ငွေစက္ကူများ ဖြစ်၏။ မှတ်တမ်းသတင်းများအရ ယင်းငွေစက္ကူများမှာ ဗြိတိသျှငွေစက္ကူ စတာလင်တစ်ပေါင်တန်နှင့် ထပ်တူဖြစ်ရကာ နိုင်ငံတကာမှ ဘဏ်တိုက်ကြီးများပင် အတုအစစ် မခွဲနိုင်တော့။ ဤငွေစက္ကူအတုစစ်ဆင်ရေးဖြစ်သော ဘန့်နပ်ဒ်စစ်ဆင်ရေးမှ အုံ့ဖွယ်သူရဲဖြစ်ခဲ့သော်လည်း သတင်းတစ်စုံတစ်ရာ ပေါက်ကြားခြင်းမရှိခဲ့။ ဤစစ်ဆင်ရေးကြီးတွင် အဓိကဇာတ်ဆောင်မှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဟင်းမလာ၏လက်ရုံး အက်စ်အက်စ် အထူးထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးကြီးဖရက်ဒရစ်(ချ်)ရှုဝန် ဖြစ်သည်။ ဗြိတိသျှသုံးငွေ၊ စတာလင်တစ်ပေါင်တန်ငွေစက္ကူ သန်းနှစ်ရာဖိုး ရိုက်နှိပ်ခဲ့ပြီး နည်းလမ်းအမျိုးမျိုးဖြင့် အင်္ဂလန်နိုင်ငံအတွင်း ဖြန့်ဝေနိုင်ရန် ကြိုးစားခဲ့သည်။ အထက်ဖော်ပြပါ ငွေစက္ကူအတုပြုလုပ်သည့်စက်ရုံမှ တစ်လလျှင် ငွေစက္ကူပေါင်စတာလင်သုံးငွေ ၄၀,၀၀၀ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။



သို့သော် ဤအတုငွေစက္ကူအချို့အား အင်္ဂလန်နိုင်ငံ ဗဟိုဘဏ်ကြီးမှ ဖမ်းဆီးရမိခဲ့သဖြင့် ဗြိတိသျှအစိုးရသည် တစ်ပေါင်တန်ငွေစက္ကူအသစ်များ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ နာဇီတို့၏ ဗြိတိသျှငွေစက္ကူအတုများ ရိုက်နှိပ်သည့် စစ်ဆင်ရေးကို ခေတ္တရပ်နားခဲ့ရ၏။

သို့သော် ဤတွင် ဤစစ်ဆင်ရေး နိဂုံးချုပ်မသွားခဲ့။ ၁၉၄၃ ခုနှစ်နှင့် ၁၉၄၄ ခုနှစ်အတွင်း ထိုငွေစက္ကူအတုရိုက်နှိပ်မှုစစ်ဆင်ရေးလုပ်ငန်းကို ဘာလင်မြို့မှ ဂျာမဏီနိုင်ငံ တောတောင်ထူထပ်သော အယ်လ်(ပ) Alps တောင်တန်းဒေသို့ ပြောင်းရွှေ့၍ အမေရိကန်ပြည်ထောင်စုသုံး ဒေါ်လာငွေစက္ကူအတုများ သန်းနှင့်ချီ၍ထုတ်ခဲ့ပြီး စပိန်နိုင်ငံ၊ တူရကီနိုင်ငံနှင့် ဆွစ်ဇလန်နိုင်ငံများမှတစ်ဆင့် နိုင်ငံအသီးသီးသို့ **လျှို့ဝှက်စွာ ဖြန့်ဝေခဲ့သည်။**

**ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး**နောက် **ဗြိတိသျှနှင့် မဟာမိတ်တို့သည်** အမေရိကန်ဒေါ်လာ **ငွေစက္ကူအတု** သန်း ၁၅၀ နှင့် **ဗြိတိသျှ ပေါင်စတာ**လင်အတု **သန်း ၂၂ သန်း ဖမ်းဆီးခဲ့**သည်။ **ဤစစ်ဆင်ရေးကြီး၏ ဇာတ်**ဆောင် ဗိုလ်မှူး**ကြီးဖရက်ဒရစ်ချ်ရှုဝန်**မှာလည်း **လူသတ်မှု၊ ငွေစက္ကူအတု**လုပ်မှုများနှင့် ဖမ်းဆီးခဲ့ပြီး **စစ်ခုံရုံး**တော်က နိုင်ငံတကာ ဥပဒေနှင့်**အညီ** စစ်ဆေး၍ ပြစ်ဒဏ်ချမှတ်ခဲ့ပါ**ကြောင်း။**

လုမိုး(**ပညာရေး**)

**ကျမ်းကိုး**


1. Hunting Evil Bx-G-**walter**




www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်



ဦးအဂတာ

။ တရားလွှတ်တော်ရှေ့နေ ။

ဥပဒေကို
မရိုးမဖြောင့်သောသဘောနှင့်
ဗီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို
မိမိပစ္စည်းအဖြစ် သုံးစွဲလိုက်၏။
မောင်ဖြူသည်
ဖြစ်မှုမကင်းသော
ယုံကြည်အပ်နှံရေး
ဖောက်ဖျက်မှုကို ကျူးလွန်သည်

. . .



www.burmeseclassic.com

www.burmeseclassic.com

ဆရာခင်ဗျား

ချုပ်ရက်ကို ထောင်ဒဏ်အဖြစ် သတ်မှတ်ခွင့် ရှိ/မရှိ၊ ချုပ်ရက်ကို ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုနိုင်၊ မပြုနိုင်၊ ကျွန်တော်တို့ အလုပ်သင်ရှေ့နေအချင်းချင်း အငြင်းအခုံဖြစ်လေ့ရှိကြပါတယ်။ ဆရာက ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

အလုပ်သင်ရှေ့နေတစ်ဦး

ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။

---

## အလုပ်သင် ရှေ့နေတစ်ဦးသို့

တူမောင်တို့ အလုပ်သင်ရှေ့နေများအနေဖြင့် ရုံးခန်းမှာ ဥပဒေပြဿနာတို့၊ လုပ်ထုံးလုပ်နည်း ပြဿနာ စသည်တို့ကို ငြင်းခုံနေကြတယ်ဆိုတာ ကောင်းပါတယ်။ တရားခွင်ရှေ့ကို ရောက်ကြရင်လည်း ဒီလိုပဲ ငြင်းခုံကြရမှာဖြစ်ပါတယ်။

အရပ်ထဲမှာ ငြင်းခုံတာနဲ့ ရှေ့နေတွေ ငြင်းခုံတာတော့ မတူကြဘူးပေါ့။ ရှေ့နေတွေငြင်းခုံတာက တာဝန်အရ၊ ပညာအရ ငြင်းခုံကြတော့ လူကြီးလူကောင်းဆန်တာပေါ့။ ကောင်းတဲ့ ငြင်းခုံခြင်းဖြစ်ပါတယ်။

အချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုရန် ပြည်ထောင်စုမြန်မာနိုင်ငံနှင့်မောင်ထွန်းကြည်အမှု (၁၉၆၇၊ မ.တ.စ (တရားရုံးချုပ်)၊ စာ-၃၄၈) မှာ ဆုံးဖြတ်ချက်ချထားပါတယ်။ တရားရုံးချုပ်က "ပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ်သတ်မှတ်ရာတွင် အကယ်၍ တရားခံသည် ထိုပြစ်မှုနှင့်ပတ်သက်၍ အချုပ်နှင့်နေခဲ့ရလျှင် ထိုအချုပ်ကာလကို ထောင်ဒဏ်မှတ် ထုတ်နုတ်အပ်သည်ဟု ယူဆသည်။ ....အချုပ်ကာလကို သေချာစွာတွက်ချက်နိုင်ရန် သက်ဆိုင်ရာတို့အား မေးမြန်း၍ အမှုတွင် မှတ်တမ်းတင်ထားဖို့ လိုပေသည်။

အမှုနှင့်ပတ်သက်၍ စတင်အရေးယူသည်မှ စီရင်ချက်ချမှတ်သည်အထိ အချုပ်ကာလအသီးသီးရှိခဲ့လျှင် ထိုကာလများကို တွက်ချက်၍ စုပေါင်းကာ ပြစ်ဒဏ်မှထုတ်နုတ်ရန်ဖြစ်သည်။ .....အချုပ်ကာလက သတ်မှတ်သော ပြစ်ဒဏ်ထက်ပင် ပိုနေပြီဖြစ်လျှင် အကျဉ်းထောင်က ဝရမ်းကို လက်ခံမှတ်တမ်းတင်ပြီးနောက် တရားခံအား လွှတ်ရန်ဖြစ်သည်" လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ ဒါကြောင့်မို့ ချုပ်ရက်ကို ထောင်ဒဏ်မှ ခံစားခွင့်ပြုနိုင်ပါတယ်။ လက်တွေ့မှာလည်း ခံစားခွင့်ပြုနေကြပါတယ်။

ဒါပေမဲ့ စီရင်ချက် ချတဲ့အခါ "ကျခံပြီးသော ချုပ်ရက်များကို ထောင်ဒဏ်အဖြစ်သတ်မှတ်လိုက်သည်" ဆိုတဲ့ စကားမျိုးကတော့ မတိကျ မသေချာဘူးဖြစ်နေတယ်။ ချုပ်ရက်ဘယ်လောက်ရှိတယ်။ ထောင်ဒဏ်ဘယ်လောက်ချတယ်ဆိုတာ မသိနိုင်ဘူး ဖြစ်နေတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ချေ(ခ)ထွန်းဝင်းအမှု(၁၉၉၁-မ.တ.စ စာ-၄၄) မှာ တရားရုံးချုပ်က အောက်ပါအတိုင်းဆုံးဖြတ်ချက်ချထားပါတယ်။

"ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်သတ်မှတ်ရာတွင် ထောင်ဒဏ်ချမှတ်လိုပါက ထောင်ဒဏ်မည်ရွေ့မည်မျှ ကျခံရမည်ဟု တိတိကျကျ ဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ ယင်းသို့ ဖော်ပြခြင်းမရှိဘဲ တရားခံအချုပ်ခံခဲ့ရသည့်ကာလကို ထောင်ဒဏ်အဖြစ် သတ်မှတ်ခြင်းသည် လုပ်ထုံးလုပ်နည်းအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ"။

ဒါကြောင့်မို့ "ကျခံပြီးသော ချုပ်ရက်များကို ထောင်ဒဏ်အဖြစ်သတ်မှတ်လိုက်သည်" ဆိုပြီး ယေဘုယျဆန်ဆန် ချမှတ်မည်ဆိုလျှင် လုပ်ထုံးလုပ်နည်းအရ မှန်ကန်သည်လို့ မဆိုနိုင်ဘူးပေါ့။ ပြစ်ဒဏ်ကို တိတိကျကျဖော်ပြပြီး မည်သည့်ကာလမှ မည်သည့်ကာလအထိ ချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုသည်လို့ တိတိကျကျဖော်ပြဖို့လိုပါတယ်။ ချုပ်ရက်ဟာ ထောင်ဒဏ်နှင့် တိတိကျကျကိုက်ညီနေလျှင် ဒါမှမဟုတ် ချုပ်ရက်က ထောင်ဒဏ်ထက်ပိုနေလျှင် အမိန့်ချပြီးသည်နှင့် တရားခံအား လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်လိုက်မည်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်ဗျား


ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ မှာပါတဲ့ "ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု" ဆိုသည့် စကားရပ်မှာပါတဲ့ "ပစ္စည်း" ဆိုတဲ့ စကားရပ်မှာ "မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း" ပါ/မပါဆိုတာကို သိချင်ပါတယ်။ စုံထောက်မဂ္ဂဇင်းရဲ့ ဥပဒေစုံထောက်အခန်းကနေပြီး ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

လူငယ်ရှေ့နေတစ်ဦး
မဟာဗန္ဓုလ ပန်းခြံလမ်း၊ ရန်ကုန်။

## လူငယ်ရှေ့နေတစ်ဦးသို့

တူမောင်မေးတဲ့ ပြဿနာနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်ခန့်က အငြင်းအခုံတွေရှိခဲ့ပါတယ်။ နောက်ဆုံးမှာ တရားရုံးချုပ်က စီရင်ထုံးပြုခဲ့ရတဲ့အထိ ရှိခဲ့ပါတယ်။ စီရင်ထုံးကလည်း တရားရုံးချုပ် တရားသူကြီးချုပ်အပါအဝင် (၅)ဦးထိုင်တဲ့ စုံညီရုံးရဲ့ ပြစ်မှုဆိုင်ရာ အထူးအယူခံအမှုမှာ ချမှတ်ခဲ့တဲ့ စီရင်ထုံးဖြစ်ပါတယ်။ စီရင်ထုံးရဲ့အမည်ကတော့ ဦးအောင်တင်ပါ(၂)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂(၁၉၉၁၊ မ.တ.စ စာ-၁၅၅) ဖြစ်ပါတယ်။

အဲဒီစီရင်ထုံးမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ရဲ့ ဥပမာ(က)ကို အောက်ပါအတိုင်း ကိုးကားဖော်ပြထားပါတယ်။



"မောင်ဖြူသည် သေသူတစ်ဦး၏ အမွေပစ္စည်းကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်းခံရသည် ဖြစ်၏။ သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရ ခွဲဝေပေးရန် ညွှန်ကြားသည့် ဥပဒေကို မရိုးမဖြောင့် သောသဘောနှင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိပစ္စည်းအဖြစ် သုံးစွဲလိုက်၏။ မောင်ဖြူသည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်"

"ဤဥပမာအရဆိုလျှင် မောင်ဖြူအနေဖြင့် မိမိအဖြစ် သုံးစွဲလိုက်သော ပစ္စည်းတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း ပါဝင်နိုင်သည်"

အထက်ပါအတိုင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ထားပါတယ်။ ဥပဒေပြဋ္ဌာန်းချက် ပုဒ်မတွေနဲ့ တွဲဖက်ပါလာတဲ့ ဥပမာတွေဆိုတာဟာ ဥပဒေရဲ့ အစိတ်အပိုင်းလည်းဖြစ်ပါတယ်။ အဲဒီစီရင်ထုံးမှာ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး၏ သဘောသဘာဝအရလည်း ယင်းပြစ်မှုကို မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ကျူးလွန်နိုင်သည်လို့ သုံးသပ်ထားပါတယ်။

ဒါကြောင့်မို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ မှာပါတဲ့ ပစ္စည်း (Property) ဆိုတဲ့ စကားရပ်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်းပါဝင်တယ်လို့ ဖော်ပြပါစီရင်ထုံးကို အားကိုးအားထားပြုပြီး ဖြေဆိုလိုက်ပါတယ်။


ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com





# မောင်ညာလက်စိန်
## သစ်တောဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များကို ဖတ်ရှုလျှင် တရားမဝင်သစ်များအား လက်ဝယ်ထားရှိမှု၊ သယ်ယူပို့ဆောင်စဉ် ဖမ်းဆီးရရှိမှု၊ အရေးယူဆောင်ရွက်မှု အကြောင်းတို့ကို မကြာခဏဖတ်ရှုနေရပေသည်။

တစ်ခါတစ်ရံ မြန်မာပြည်အရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော တရားမဝင်သစ်များအား ဖမ်းဆီးရမိမှုသတင်း ပေါင်းချုပ်အနေဖြင့် စီကာစဉ်ကာဖော်ပြထားသည်ကိုလည်း တွေ့ရှိရတတ်ပေသည်။ နိုင်ငံတော်တွင် တရားဥပဒေ စိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်၌ ဥပဒေမဲ့ဆောင်ရွက်ချက်များ ပေါ်ပွားရာသောသတင်းများကို ဖတ်ရှုရသောအခါ များစွာစိတ်မချမ်းမသာဖြစ်ရပေသည်။ သစ်တောဥပဒေရှိသည်ဆိုတာမသိ၍လော၊ သိလျက်နှင့် "ဖြစ်ရင်ခံမယ် လွတ်ရင်စံမယ်" ဟူသောသဘောဖြင့် ကျူးလွန်နေကြခြင်းလောဟု တွေးတောနေမိတော့သည်။

မည်သို့ပင်ဖြစ်စေ သစ်တောဥပဒေအကြောင်းကို မသိရှိသေးသူများ အနေဖြင့် သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပေသည်။

သစ်တောဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ်(၈/၉၂)ဖြင့် ၃-၁၁-၉၂ နေ့တွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပေသည်။ ယင်းဥပဒေကို အခန်း(၁၃)ခန်းခွဲထား၍ ပုဒ်မပေါင်း ၅၈ ခုဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ ဤဆောင်းပါးတွင်မူ အရေးကြီးသောအခန်းတစ်ခုဖြစ်သည့် အခန်း(၁၂)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို အဓိကအားဖြင့် ရေးသားတင်ပြလိုပေသည်။

ပုဒ်မ ၄၀ တွင် မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားသည်။ ပြစ်မှု(၈)မျိုးကိုမူ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

(က) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ခ) ကြိုးဝိုင်းတောအတွင်း အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဂ) ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း (သို့မဟုတ်) မူလအနေအထားကို ယိုယွင်းစေခြင်း။

(ဃ) ကြိုးဝိုင်းတောအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း (သို့မဟုတ်) ပေါက်ကွဲစေတတ်သော အရာများအသုံးပြုခြင်း။

(င) ကြိုးဝိုင်းတောအတွင်း တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း (သို့မဟုတ်) ငါးဖမ်းခြင်း။

(စ) ကြိုးဝိုင်းတောအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သောမီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း (သို့မဟုတ်) မီးကြွင်းမီးကျန်များထားရှိခြင်း။

(ဆ) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း။

(ဇ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက် (သို့မဟုတ်)အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

ပုဒ်မ(၄)တွင်မူ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားပြီး ပြစ်မှုနှစ်ရပ်ကို အောက်ပါအတိုင်းဖော်ပြထားပေသည်။

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့်တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ၊ သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း (သို့မဟုတ်) တရားမဝင်လက်ဝယ်ထားရှိခြင်း။

(ခ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲရောင်းချခြင်း (သို့မဟုတ်) အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း။

ပုဒ်မ ၄၂ အရ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၂၀၀၀၀/ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားပေသည်။ ပြစ်မှု ၄ ရပ်ကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) ကြိုးဝိုင်းတောအတွင်းရှိ မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖျက်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး (သို့မဟုတ်) အခြားနည်းဖြင့် ပျက်စီးစေခြင်း။

(ခ) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်ကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း (သို့မဟုတ်) တရားမဝင်လက်ဝယ်ထားရှိခြင်း။

(ဂ) သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် (သို့မဟုတ်) သစ်အခြေခံအသုံးပြုသည့် စက်တည်ထောင်လုပ်ကိုင်ခြင်း။

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း (သို့မဟုတ်) မီးသွေးဖုတ်ခြင်း။

အထက်ဖော်ပြပါပုဒ်မမှာ အရေးကြီးသောပုဒ်မတစ်ခုဖြစ်သည့် သစ်တောအတွင်း၌ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက်တို့အား ခိုးဝှက်တည်ထောင်သူများအား အရေးယူသောပုဒ်မပင်ဖြစ်သည်။

ပုဒ်မ ၄၃ မှာမူ ကျွန်းပင်များနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်ဖြစ်၍ ပို၍အရေးကြီး၍ ပြစ်ဒဏ်လည်း ပို၍ ကြီးလေးပေသည်။

ပုဒ်မ ၄၃(က)တွင် မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကိုခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး (သို့မဟုတ်)အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ကျွန်းသစ်ကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း (သို့မဟုတ်) တရားမဝင်လက်ဝယ်ထားရှိခြင်းပြုလျှင် ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်။

ပုဒ်မ ၄၃(ခ)တွင်မူ ပုဒ်မခွဲ(က) အရ ပြစ်မှုကျူးလွန်ခြင်းသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင် (သို့မဟုတ်)ကျွန်းသစ်နှင့်စပ်လျဉ်း၍ ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ ထောင်ဒဏ် ၆ လအထိ ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားပေသည်။

ပုဒ်မ ၄၄/၄၅/၄၆ တို့မှာမူ သစ်တောဥပဒေအရ ပြစ်မှုကျူးလွန်သော သစ်တောဝန်ထမ်းများနှင့် စပ်လျဉ်း ပြီး အရေးယူရန် ပြဋ္ဌာန်းထားသော ပုဒ်မများ ဖြစ်ပေသည်။

ပုဒ်မ ၄၇ မှာမူ တရားစွဲဆိုတင်ပို့သောသစ်တောအမှုများနှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းများအား မည်ကဲ့သို့စီမံခန့်ခွဲခွင့်ရှိသည်ကို ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်သည်။

ပုဒ်မ ၄၇(က)အဖို့ ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၄၇(ခ)အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပေသည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက် (၂)ရပ်တွင် သတိထားရန် ရှိပေသည်။ ပုဒ်မ ၄၇ (က)အရ အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် သက်သေခံပစ္စည်း သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် မသိမ်းမနေရ သိမ်းရမည်ဖြစ်သည်။ ပုဒ်မ ၄၇ (ခ)တွင်မူ သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် သိမ်းလိုလျှင်လည်း သိမ်းခွင့်ရှိသည်။ ပြန်ပေးလိုလျှင်လည်း ပြန်ပေးခွင့်ရှိပေသည်။ ဤတွင် သက်ဆိုင်သူများ အနေဖြင့် သစ်များသယ်ယူသည့် မော်တော်ကားများ၊ လွှစင်၊ လွှစက်များကို ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းကြသည်ကို တွေ့ရှိဖူးပေသည်။

ပုဒ်မ ၄၇(ဂ)တွင်မူ ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာနအား ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်ဟုလည်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်။

ပြစ်ဒဏ်ပေးသည့် ပုဒ်မအားလုံးတွင် အနည်းဆုံး ပြစ်ဒဏ်သတ်မှတ်မထားသည်ကို တွေ့ရှိရပေသည်။ ဤသည်မှာ တရားရုံးများအနေဖြင့် မိမိတို့၏ ဆင်ခြင်တုံတရားအရ လုပ်ဆောင်နိုင်ရန် အမှုတစ်ခုချင်းစီအပေါ် လွတ်လပ်စွာ အဆုံးအဖြတ်ပေးနိုင်ရန် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်းဖြစ်သည်ဟု ယူဆရကြောင်း ရေးသား တင်ပြအပ်ပေသည်။

မောင်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

"ကျွန်တော် ..ဦးတင်အောင်ပါ၊ စမ်းချောင်းကျေးရွာ က ရာအိမ်မှူးပါ"

တစ်နေ့ မနက်စောစော ၇ နာရီခန့်တွင် ဖြစ်၏။ ကျွန်ုပ်တာဝန်ကျရာ မှော်ဘီရဲစခန်းသို့ အမျိုးသား တစ်ဦးရောက်ရှိလာ၏။ ထိုအမျိုးသားက သူသည် မည်သူမည်ဝါဖြစ်ကြောင်း စခန်းမှူးဖြစ်သူ ကျွန်ုပ် အား အထက်ပါစကားဖြင့် မိတ်ဆက်ပြောဆို ပါ၏။ ကျေးရွာတာဝန်ရှိသူတစ်ဦးမှ စောစော စီးစီး စခန်းသို့ရောက်ရှိလာခြင်းသည်ကောင်း သောလာခြင်းတော့မဖြစ်နိုင်။ ပြဿနာ တစ်စုံ တစ်ရာရှိချေပြီဟု ထင်တွေးကာ ကျွန်ုပ်မှ–

"ဟုတ်ကဲ့ ...ကျွန်တော် ဘာများ အကူ အညီပေးရပါ့မလဲ"

ကူညီပါရစေဆိုသော ဆောင်ပုဒ်က ကျွန်ုပ်တို့ရဲတပ်ဖွဲ့အတွက် နံရံကပ်စာသား မဟုတ်။ အတိဒုက္ခဖြစ်လာသူ၊ အကူ အညီလိုအပ်လာသူတို့ကို ကြိုဆိုခြင်း ပင်ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်၏ ကြိုဆိုစကားကို ဦးတင်အောင်က–

"ကျွန်တော်တို့ရွာ ... မူလ တန်းကျောင်းနားမှာ အသက် ၂၀ ကျော်လောက်ရှိတဲ့ အမျိုး သားတစ်ယောက် ဦးခေါင်းမှာ သွေးထွက်ပြီး သတိလစ်လဲကျနေ ပါတယ်၊ အဲဒါ ...စခန်းကို လာ အကြောင်းကြားတာပါ"



စုံထောက် မောင်ရေခ

# ကျွန်ုပ်နှင့် လူ့တိရစ္ဆာန်များ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

တာဝန်သိသူ ဦးတင်အောင်၏ ဖိတ်ခေါ်မှုကြောင့် ကျွန်ုပ်နှင့် နယ်ထိန်းအဖွဲ့လည်း စမ်းချောင်းကျေးရွာသို့ ထွက်ခဲ့ကြ၏။ စမ်းချောင်းရွာသွားသော လမ်းမှ လက်ဝဲဘက်သို့ ခွဲထွက်သော ခရစ်ယာန်ကျောင်းသို့ သွားသည့်အကျယ် ၆ ပေခန့်ရှိ မြေနီလမ်းပေါ်တွင် ဖြစ်သည်။ ထိုလမ်းပေါ်တွင် အသက် ၂၀ ကျော်ခန့်ရှိ အမျိုးသားတစ်ဦးမှာ ဂျင်းဂျာကင်အင်္ကျီအပြာရောင် ဘောင်းဘီရှည်မီးခိုးရောင်ကို ဝတ်ဆင်၍ ခါးပတ်အိတ်ကို စလွယ်သိုင်းကာ ဦးခေါင်းတွင်ပေါက်ပြဲပြီး သွေးထွက်ဒဏ်ရာဖြင့် လဲကျနေ၏။ သတိကင်းမဲ့နေသော ထိုအမျိုးသားကို သက်သာရာ သက်သာကြောင်းရှိစေရန် ဆေးရုံသို့ စောလျင်စွာ ပို့ဆောင်ပေး၏။

အခင်းဖြစ်နေရာကို အသေးစိပ်ကြည့်ရှုစစ်ဆေးကြည့်၏။ အရိုက်ခံရသူ လဲကျနေသောနေရာတွင် စိမ်းပြာရောင် ဆေးသုတ်ထားပြီး အဖျားတစ်ဖက်တွင် လေးခွသဏ္ဌာန်လှီးဖြတ်ထားသော အရှည် ၂ ပေခန့်ရှိ ၂ × ၁ လက်မတုတ် ၁ ချောင်းကိုတွေ့၏။ လဲကျနေသူ၏ အနီးအနားတွင် ဆိုင်ကယ်ဘီးရာများကလည်း ထင်ဟပ်ကျန်ရှိနေ၏။ ထို့အတူ အခင်းဖြစ် ပတ်ဝန်းကျင်မှာလည်း ဝါးရုံတောများ ထူထပ်စွာ တည်ရှိနေ၏။ အခင်းဖြစ်မြေနီလမ်းသည် လူနေအိမ်ခြေမရှိဘဲ ရွာနှင့်အလှမ်းဝေး၍ လူသူပြတ်လပ်သဖြင့် နေ့ဘက်တွင်သာ အသွားအလာရှိပြီး ညဘက်တွင် လူသွားလူလာ မရှိကြောင်း သိရ၏။

အခင်းဖြစ်အရပ်၏ပတ်ဝန်းကျင် အနေအထား၊ ထင်ဟပ်ကျန်ရှိခဲ့သော သဲလွန်စများနှင့် သက်သေခံပစ္စည်းတို့ကို ကျွန်ုပ် စဉ်းစားသုံးသပ်ကြည့်ပါ၏။ ပတ်ဝန်းကျင်ရှိ ဝါးရုံပင်များမှာ ထူထပ်စွာ တည်ရှိနေ၍ ပြစ်မှုကျူးလွန်သူ အနေဖြင့် ပုန်းခိုစောင့်ဆိုင်းနိုင်စရာရှိ၏။ အခင်းဖြစ်နေရာမှ တွေ့ရှိသော ဆေးသုတ်ထားသည့်သစ်သားတုတ်မှာလည်း ပြစ်မှုကျူးလွန်ရန်အတွက် အဆောက်အဦး အကာအရံတစ်ခုမှ ကြိုတင်ဖြုတ်ယူလာခြင်း ဖြစ်နိုင်ပါသည်။ လဲကျနေသူ၏အသွင်သဏ္ဌာန်နှင့် ပတ်ဝန်းကျင်အနေအထားမှာ ထိုသူ့ထံမှ ဆိုင်ကယ် သို့မဟုတ် လက်ဝတ်ပစ္စည်းတစ်ခုခုကို ချောင်းမြောင်းစောင့်ကြည့်၍ ရိုက်နှက်လုယူသွားဖွယ်ရာဖြစ်နိုင်ကြောင်း တွေးဆမိ၏။

"လဲကျနေတဲ့သူက ... ဦးတင်အောင်တို့ ... ရွာနီးပတ်ဝန်းကျင်မှာ မြင်တွေ့ဖူးလား"

"ကျွန်တော်တို့ .. အနီးပတ်ဝန်းကျင်မှာတော့ မမြင်ဖူးဘူးဗျ ဖြစ်နိုင်ချေရှိတာတော့ မော်ဘီက ဆိုင်ကယ်ကယ်ရီသမားလို့ ကျွန်တော်ထင်တယ်"

"ဘာဖြစ်လို့ ထင်တာလဲ"

"ဒီပတ်ဝန်းကျင်မှာက ... ဆိုင်ကယ် စက်ဘီး ကိုယ်ပိုင်မရှိရင် ဆိုင်ကယ်ကယ်ရီကိုပဲ အားထားကြရတာကိုး၊ ကိုယ်ပိုင်ဆိုင်ကယ်သမားမဟုတ်ရင် ဒီလူဟာ ... ကယ်ရီသမားပဲ ဖြစ်ဖို့များပါတယ်၊ ပြီးတော့ အဲဒီ .. လဲကျနေသူရဲ့အနီးမှာ ဆိုင်ကယ်ဘီးရာတွေ ရှိနေတာပဲ"

ရာအိမ်မှူး ဦးတင်အောင်ကလည်း ခေသူမဟုတ်၊ ကျွန်ုပ် ထင်တွေးမှန်းဆသကဲ့သို့ ဖြစ်နိုင်ခြေရှိသည်ကို မှန်းဆပြပါ၏။ အခင်းဖြစ်အရပ်၌ရှိနေစဉ် ခါးတွင်ချိတ်ဆွဲထားသော မိုဘိုင်းဖုန်းက အသံပြုလာ၏။ လက်ကိုင်ဖုန်းကိုထုတ်ယူ၍ ဖန်သားပြင်ကိုကြည့်၏။ ဖုန်းခေါ်ဆိုသူမှာ ဒဏ်ရာရသူကို ဆေးရုံသို့သွားပို့သော နယ်ထိန်းအရာရှိ ကျော်သန်းနိုင်ခေါ်ဆိုသော ဖုန်းဖြစ်၏။ အဖွင့်ခလုတ်ကိုနှိပ်၍ ဖုန်းကို နားတွင်ကပ်ပြီး ကျွန်ုပ်မှ–

"ကျော်သန်းနိုင်ရေ ... ဘာထူးလို့လဲ"

ဟု မေးမြန်းကြည့်၏။ ထိုအခါ ကျော်သန်းနိုင်မှ ဒဏ်ရာရရှိသူမှာ သေဆုံးသွားကြောင်း အကြောင်းပြန်ပေး၏။ သို့ကြောင့်–

"အကယ်၍ ... အလောင်းကို ချက်ချင်း ရင်ခွဲမယ်ဆိုရင် မင်း ... စောင့်ကြည့်ပြီး သေဆုံးရခြင်း အကြောင်းရင်းကို မေးခဲ့ကွာ၊ မနက်ဖန်မှ ခွဲမယ်ဆိုရင်လည်း ဆရာဝန်နဲ့အချိတ်အဆက် လုပ်ခဲ့ပေါ့"

◆◆◆

## အခန်း(၂)

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

အခင်းဖြစ်အရပ်တွင် လုပ်ကိုင်စရာရှိသော ရဲလုပ်ငန်းဆောင်တာများကို ကုန်စင်အောင် လုပ်ဆောင်ပြီးနောက် ရဲစခန်းသို့ ပြန်လာခဲ့၏။ အပြန်ခရီးတွင် တပည့်ဖြစ်သူ ရဲတပ်ကြပ်မောင်အေးမှ ဆိုင်ကယ်မောင်းနှင်၍ ကျွန်ုပ်က ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာ၏။ တပည့်ဖြစ်သူက ယာဉ်ကြောကိုကြည့်၍ မောင်းနှင်နေသော



www.burmeseclassic.com

www.burmeseclassic.com



**ရဲဆိုတာဟာ ကျိုးကန်းတောင်းမှောက်ကြည့်တာထက် သာလွန်အောင်ရှုကြည့်ရသလို အတွေးအခေါ်ကျတော့လည်း ငေးမျှော်နေလို့မရဘူးကွ၊ အမှုတစ်ခု မပြီးပြတ်မချင်း တွေးတောကြံဆနေရတာပေါ့ ...**

လည်း ကျွန်ုပ်ကမူ လမ်းဘေးဝဲယာသို့ မျက်စိကစားကာ လိုက်ပါလာ၏။ ရန်ကုန်-ပြည်လမ်းမပေါ်ရှိ ဇေယျာ လက်ဖက်ရည်ဆိုင်အလွန်တွင် ဆိုင်ကယ်ကို ရပ်ခိုင်းရာ ဆိုင်ကယ်မောင်းသူ မောင်အေးမှ အထက်ပါစကားဖြင့် အဖြေပေး၏။

လမ်းနံဘေးတွင် ဆိုင်ကယ်ရပ်ပြီးနောက် ကျွန်ုပ်က ဇေယျာလက်ဖက်ရည်ဆိုင်သို့နောက်ကြောင်းပြန်လျှောက်လာ၏။ တပည့်ဖြစ်သူ ရဲတပ်ကြပ်မောင်အေးကလည်း ကျွန်ုပ်နောက်မှ ထပ်ချပ်မကွာ လိုက်ပါလာ၏။ လက်ဖက်ရည်ဆိုင်အပြင်ဘက် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်ကြ၏။ အလိုက်သိသော စားပွဲထိုးက အနီးသို့ရောက်လာပြီး အမေးပွား၏။ ကျွန်ုပ်နှင့်တပည့်ဖြစ်သူတို့က စားသောက်လိုသောမနက်စာကို မှာကြားကြ၏။ စားပွဲထိုးထွက်သွားပြီးနောက် ကျွန်ုပ်က–

“မောင်အေး ... ဟောဟိုမှာ စိမ်းပြာရောင်သုတ်ထားတဲ့ မြောင်းကူးတံတားကို တွေ့လား”

လက်ဖက်ရည်ဆိုင် နံဘေးရှိ မြောင်းကူးတံတားကို ညွှန်ပြ၏။ ရဲတပ်ကြပ်မောင်အေးမှ ညွှန်ပြရာကိုကြည့်ပြီး တွေ့မြင်ကြောင်းပြော၏။ ကျွန်ုပ်လက်ထဲတွင်ရှိနေသော အခင်းဖြစ်အရပ်မှ ကောက်ယူခဲ့သည့် စိမ်းပြာရောင်သစ်သားတုတ်နှင့်အနီးရှိ မြောင်းကူးတံတား၏ဆေးရောင်တို့မှာ အရောင်အသွေးတူညီကြောင်း ဖွင့်ဆိုပြ၏။

“ရော့ ... မင်းဒီသစ်သားတုတ်ကို ယူသွား၊ အဲဒီတံတားမှာ .. သစ်သားချောင်းပြုတ်ဟာနေတာ တွေ့ရင် ဟောဒီတုတ်နဲ့ အစားထိုး တပ်ကြည့်လိုက်၊ အံဝင်ခွင်ကျဖြစ်နေရင်တော့ ဟောဒီတုတ်ဟာ ... အဲဒီတံတားက ဖြုတ်ယူလာတဲ့ တုတ်ပဲ”

ကျွန်ုပ်၏စကားကို အံ့သြခြင်းများဖြင့် နားထောင်နေသော မောင်အေးက တုတ်ကိုလှမ်းယူပြီးအနီးရှိ မြောင်းကူးတံတားသို့ ထွက်သွား၏။ စိမ်းပြာရောင်မြောင်းကူးတံတားပေါ်တွင် ရဲတပ်ကြပ်မောင်အေးတစ်ယောက် အလုပ်ရှုပ်နေ၏။ တံတား၏တစ်နေရာတွင် သစ်သားတုတ်ချောင်းတစ်ခုက ကွာဟနေ၏။ ကွာဟနေသော သစ်သား တံတားပေါ်တွင် သက်သေခံ ပစ္စည်းတုတ်ကို မောင်အေးက အစားထိုးတပ်ဆင်ကြည့်သည်။ ခဏအကြာ ကျွန်ုပ်ထံသို့ရောက်ရှိလာပြီး ရဲတပ်ကြပ်မောင်အေးက–

“ကွက်တိပဲ .. ဆရာရေ ... ကွက်တိပဲ၊ ဟောဒီတုတ်ဟာ .. ပြစ်မှုကျူးလွန်သူက အဲဒီတံတားက ဖြုတ်ယူလာတဲ့ တုတ်ပဲ”

တိကျသေချာဖို့အတွက် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးတင်အေးကို တွေ့ဆုံ၍ အကျိုးအကြောင်း ရှင်းပြသည်။ ဦးတင်အေးကလည်း သက်သေခံတုတ်ကိုယူ၍ တံတားပေါ်တွင် ဆက်စပ်ကြည့်၏။ သက်သေခံတုတ်မှာ မြောင်းကူးတံတားမှတုတ်ဖြစ်ကြောင်း ဦးတင်အေးက အတည်ပြုပေးနိုင်သော်လည်း ဖြုတ်ယူသွားသူကိုမူ မသိ၊ မမြင်ကြောင်း ပြောဆိုပြသည်။ တံတားအနီးပတ်ဝန်းကျင်ရှိ နေထိုင်သူများကိုလည်း ကိုယ်တိုင်တွေ့ဆုံ၍ မေးမြန်း စုံစမ်းကြည့်၏။ မည်သူတစ်ဦးတစ်ယောက်ကမျှ သစ်သားတုတ်ဖြုတ်ယူသွားသူကို မတွေ့မမြင်မိကြောင်းသာကြားသိခဲ့ရပါ၏။

သက်သေခံတုတ်ကို အတည်ပြုထုတ်ဖော်နိုင်ခဲ့သော်လည်း သေဆုံးသူ မည်သူမည်ဝါဆိုသည်ကို ဖော်ထုတ်ဖို့လိုပါသေး၏။ သို့မှသာ ဘာကြောင့် သတ်ရသည်။ ဘာပစ္စည်းတွေပါဆုံးသွားသည်ကို အဖြေရမှာ ဖြစ်ပါ၏။ ထိုအဖြေကို ထောက်ရှုပြီး တစ်ဆင့်တက်၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ရမည်ဖြစ်ပါ၏။ သို့ကြောင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက်လည်း ဖေယျာလက်ဖက်ရည်ဆိုင်မှ ပြန်ထွက်ခဲ့ကြ၏။

"ဆရာ့ရဲ့အတွေးအခေါ် ... အမြော်အမြင်က ဂုဏ်ယူစရာပဲနော်"

ဆိုင်ကယ်မောင်းနေရင်း တပည့်ဖြစ်သူ ရဲတပ်ကြပ်မောင်အေးက ပြော၏။ သို့ကြောင့် ကျွန်ုပ်က–

"ဘာကို ဂုဏ်ယူတာလဲကွ"

"ဩော် ... ကြည့်တတ် .. မြင်တတ် တွေးခေါ်တတ်တာကို ... ပြောတာပါ"

"ရဲဆိုတာဟာ ... ကျီးကန်းတောင်းမှောက်ကြည့်တာထက် သာလွန်အောင်ရှုကြည့်ရသလို .. အတွေးအခေါ်ကျတော့လည်း ငေးမျှော်နေလို့ မရဘူးကွ၊ အမှုတစ်ခု မပြီးပြတ်မချင်း တွေးတောကြံဆနေရတာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့်မို့လို့လည်း ... ကျွန်တော် ဆရာ့ဆီမှာ အနီးကပ်နေပြီး ဆရာ့ရဲ့စွမ်းရည်တွေကို လေ့လာသင်ယူနေတာပါ"

"မှန်တာပေါ့ကွာ ... ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတာလို .. ဆရာဖြစ်သူရဲ့ ကောင်းမွေကိုပဲ လက်ခံသင့်တယ်၊ ဆိုးမွေကိုတော့ ... မယူနဲ့ပေ့ ..."

◆◆◆

**အခန်း(၃)**

"ဟုတ်ကဲ့ .. မှန်ပါတယ်ဆရာ"

ကျွန်ုပ်နှင့် တပည့်မောင်အေးတို့မှာ ဆိုင်ကယ်ကယ်ရီများ ဂိတ်ထိုးရာ အရပ်ဒေသသို့ သွားရောက်ကြ၏။ ရိုက်ကူးထားသော သေဆုံးသူ၏ဓာတ်ပုံများကို ပြသ၍ မည်သူမည်ဝါဖြစ်ကြောင်း သတင်းထောက်ရပါ၏။ **သွားပါများ ခရီးရောက်၍ မေးပါများ စကားရခဲ့ပါ၏။** သေဆုံးသူမှာ ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးဖြစ်ကြောင်း စုံစမ်းသိရ၏။ တစ်ဆင့်တက်၍ သေဆုံးသူ၏ အမည်နှင့် ဆိုင်ကယ်ဂိတ်ထိုးရာအရပ်ကို သတင်း ထောက်ကြည့်၏။ ဒီတော့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံဂိတ်သို့ ညွှန်ပို့ကြ၏။ သို့ဖြင့် ထောက်ကြန့်လမ်းဆုံဂိတ်သို့ရောက်ရှိခဲ့ရာ သေဆုံးသူမှာ ထိုလမ်းဆုံအနီးရှိ ကုန်စိမ်းဈေးရှေ့တွင် ညလုံးပေါက်ဆိုင်ကယ်ကယ်ရီမောင်းသူ ကျော်ရဲလွင်ဆိုသူ ဖြစ်ကြောင်း သိရ၏။ မှားယွင်းမည်စိုး၍ သေချာသည်ထက်သေချာအောင် မေးမြန်းကြည့်ရာ သေဆုံးသူနှင့်ရင်းနှီးသူ ဆိုင်ကယ်ကယ်ရီတစ်ဦးက ဟုတ်မှန်ကြောင်း အထက်ပါစကားဖြင့် ဖြေကြားပါ၏။ ဒါတွင်မက အတည်ပြု ပြောဆိုသူ ကယ်ရီသမားမှ–

"အဲဒီနေ့ မနက် ... သုံးနာရီလောက်မှာ ဟောဒီကုန်စိမ်းဈေးထဲက ကုန်စိမ်းသည်လို့ထင်ရတဲ့ အမျိုးသမီးတစ်ယောက်က စမ်းချောင်းပေါက်ရွာဘက်ကို လိုက်ပို့ပေးဖို့ ငှားနေတာကြားလိုက်ရတယ်၊ အဲဒီနေ့မနက် ... အငှားလိုက်သွားပြီးကတည်းက ကျော်ရဲလွင် ဂိတ်လာထိုးတာ မတွေ့ရတော့ဘူးဗျ"

ဟု ဖြည့်စွက်၍ တိကျစွာ ပြောဆိုနေပါ၏။ ဒါကိုကြည့်လျှင် သေဆုံးသူ ကျော်ရဲလွင်အား အခင်းဖြစ်နေရာတွင် ရိုက်နှက်၍ ဆိုင်ကယ်အား ရယူသွားခြင်းပင်ဖြစ်ပါ၏။ သေဆုံးသူကို ရိုက်နှက်၍ ဆိုင်ကယ်ယူဆောင်သွားသူမှာ **ဆိုင်ကယ်ငှားစီးသူ အမျိုးသမီးတော့ မဖြစ်နိုင်။** ထိုအမျိုးသမီးနှင့်ဆက်နွယ်သော ဒါမှမဟုတ် နောက်ကွယ်မှကြိုးကိုင်သော အမျိုးသားတစ်ဦးတော့ ရှိနိုင်ပါ၏။ ဒါကို အသားထား၍ သေဆုံးသူနေထိုင်ရာအရပ်သို့ သွားကြည့်သည်။ မိသားစုနှင့်တွေ့၍ အထောက်အထားများပြသကာ မေးမြန်းကြည့်၏။ မိသားစုကလည်း သေဆုံးသူမှာ ကျော်ရဲလွင်ဖြစ်ကြောင်း အတည်ပြုပေး၏။ ထို့ပြင် ကျော်ရဲလွင်သည် မကြာသေးမီက ဝယ်ယူထားသော Feiling-110 အမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ်ဖြင့် ကယ်ရီလုပ်စားသူဖြစ်ကြောင်းကိုပါ ရှင်းပြသည်။

သေဆုံးသူမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် ပါဆုံးသွားသောပစ္စည်းမှာ မည်သည့်ပစ္စည်းဖြစ်သည်ကို တိကျစွာ အဖြေရှာ၍ ရရှိခဲ့ပြီးဖြစ်ပါ၏။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်နိုင်ဖို့အတွက် အထက်တွင် သတင်းစကားရှိထားသည့် ထောက်ကြန့်လမ်းဆုံအနီးရှိ ကုန်စိမ်းဈေးပတ်ဝန်းကျင်သို့ ကျွန်ုပ်ခြေချခဲ့သည်။ အဆိုပါကုန်စိမ်းဈေးတွင် မှော်ဘီမြို့နယ်အတွင်းရှိ စမ်းချောင်းပေါက်၊ ဘန့်ဘွေးကုန်းနှင့် ခဲဘော်ဈေးတို့မှ ကုန်စိမ်းသည်များ ရောင်းဝယ်ဖောက်ကားနေကြ၏။ ဆိုင်ကယ်ကယ်ရီများအနေဖြင့် ယခုအခင်းဖြစ်ပွားရာ စမ်းချောင်းပေါက်သို့ ကုန်စိမ်းသည်ပို့ဆောင်ပေးမှုနည်းပါးကြောင်း သိရ၏။

"အဲဒီနေ့မနက် ... အစောကြီး သုံးနာရီလောက်က ကျော်ရဲလွင်ဆိုင်ကယ်ကို ငှားစီးတဲ့ ... အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဍာန်ကို မှတ်မိသလောက် ပြောပြပါလား''

ဟု ကျွန်ုပ်မှမေး၏။ ထိုအမျိုးသမီး၏ပုံသဏ္ဍာန်မှာ အရပ်ပုပု၊ ခန္ဓာကိုယ်ခပ်ဝဝ၊ မျက်လုံးပြူး၊ မျက်နှာပြဲပြဲဖြစ်၍ ဆံပင်ကိုစုစည်းထားပြီး လျှာထိုးဦးထုပ်ဆောင်းလေ့ရှိကြောင်း ဖြေကြားသိရှိရ၏။ ကြားသိရသော ထို အမျိုးသမီး၏ကိုယ်ပုံသဏ္ဍာန်ကို မှတ်စုစာအုပ်တွင် မှတ်တမ်းတင်ထားသလို ကျွန်ုပ်၏အမြင်အာရုံတွင်လည်း စွဲမြဲစွာ ရိုက်ထည့်ထား၏။

အခင်းမဖြစ်မီ ၃ ရက်ခန့်က ညဘက်တွင် အဆိုပါအမျိုးသမီးသည် သေဆုံးသူကျော်ရဲလွင်၏ဆိုင်ကယ်အား စမ်းချောင်းပေါက်သို့ လိုက်ပို့ရန် ငှား၏။ အချိန်မတော်၍ ကျော်ရဲလွင်က အဖော်အဖြစ် သူငယ်ချင်းဖြစ်သူ ဖိုးပိန်ကို တင်ခေါ်လာရန် အဆိုပြု၏။ ဆိုင်ကယ်တစ်စီးတည်း သုံးယောက်စီးရမည်ကို ထိုအမျိုးသမီးက လက်မခံဘဲမငှားလိုကြောင်း ပြော၏။ ဒီတော့ ဖိုးပိန်လည်း စိတ်တွင် ကျန်ရစ်ခဲ့၏။

အခင်းမဖြစ်မီတစ်နေ့-

''မနက်အစောကြီး ... သုံးနာရီလောက်ရှိမယ် ထင်တယ်ဗျ။ အဲဒီအမျိုးသမီးကို ကျော်ရဲလွင် လဲကျတဲ့နေရာအထိ ကျွန်တော်လိုက်ပို့ဖူးတယ်၊ ကယ်ရီခ ဒင်္ဂါးငွေ တစ်ထောင်ကိုတောင် ပိုက်ဆံအနုတ်တွေပေးသွားလို့ အဲဒီအမျိုးသမီးကို ကောင်းကောင်းမှတ်မိလိုက်တယ်''

ဟု ကယ်ရီလုပ်စားသူ ဦးတင်ကြိုင်ကလည်း ဖွင့်ဟပြောဆိုပါ၏။ ဦးတင်ကြိုင်ပို့ဆောင်စဉ်က ဘာမျှမဖြစ်ဘဲ ကျော်ရဲလွင်အလုည့်ကျမှ အဖြစ်ဆိုးဖြင့် ကြုံဆုံရခြင်းမှာ တွေးတောစရာပင် ရှိနေပါ၏။

သင်္ကာမကင်းဖွယ်ရာ ထိုအမျိုးသမီးသည် သေဆုံးသူကျော်ရဲလွင်၏ သူငယ်ချင်း မောင်ဖိုးပိန်အတူလိုက်ပါမည်ကို ငြင်းဆိုခြင်း၊ ဦးတင်ကြိုင်ဆိုင်ကယ်ကို အန္တရာယ်မပြုခြင်းတို့အပြင် အခင်းမဖြစ်မီတစ်ရက်နှင့် အခင်းဖြစ်သည့်နေ့မနက် နှစ်ကြိမ်တိုင်တိုင် ကျော်ရဲလွင်ဆိုင်ကယ်ကိုသာ ရွေးချယ်၍ ငှားယမ်းခြင်းမှာ အကြောင်းရှိပါ၏။ ထိုအကြောင်းကို ဇာတ်ပေါင်းခန်းတွင် အသေးစိပ်၍ ဖွင့်ဆိုပြပါမည်။

အမှုမှ သင်္ကာမကင်းသူ အမျိုးသမီးနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သူ မောင်ဖိုးပိန်နှင့် ဦးတင်ကြိုင်တို့ထံမှ ထိုအမျိုးသမီး၏ ကိုယ်ပုံသဏ္ဍာန်နှင့် ထင်ရှားသော အမှတ်အသားတို့ကို ပြတ်သားသမျှ ပြတ်သားနိုင်အောင် အသေးစိပ်မေးစမ်းရပါ၏။ ဦးခေါင်းမှ ခြေဖျားအဆုံး မှတ်ယူရရှိခဲ့သော အသွင်သဏ္ဍာန်ကို အနီးစပ်ဆုံးအမြင်မှန်အောင် အဖြူပေါ်အမည်းတင်၍ ကျွမ်းကျင်သူဖြင့် ခဲခြစ်ပုံ ရေးထုတ်ရယူခဲ့လေသည်။

♦ ♦ ♦

## အခန်း(၄)

''ဒီပုံက ... ကျွန်တော်တို့ .. ရဲဘော်ဈေးမှာနေတဲ့ မသန္တာဝင်းနဲ့တော့ ဆင်တူသလိုပဲ''

မှော်ဘီမြို့နယ်ထဲတွင် ကျေးရွာအုပ်စုပေါင်း ၄၀ ခန့်ရှိပါ၏။ အခင်းဖြစ်ပွားရာနေရာသည် ဆတ်သွားတောကျေးရွာအုပ်စု စမ်းချောင်းပေါက်ကျေးရွာအနီးတွင်ဖြစ်၏။ ဆတ်သွားတောကျေးရွာအုပ်စုတွင် ဆတ်သွားတော၊ ငါးခုံးမစမ်း၊ စမ်းချောင်း၊ ဘန့်ဘွေးကုန်း၊ မီးသွေးဘုတ်၊ အညာစု၊ ရှမ်းကုန်း၊ ကရင်ရေသိုးနှင့် ရဲဘော်ဈေးဟူ၍ ကျေးရွာ ၉ ခုရှိပါ၏။ ထိုကျေးရွာများသို့ ရွာစဉ်အလိုက် ခဲခြစ်ပုံကိုကိုင်၍ နှံ့နှံ့စပ်စပ်ရှိသူတို့ထံ ချဉ်းကပ်ကာ လျှို့ဝှက်စွာ မေးမြန်းစုံစမ်းရပါ၏။ မသိဘူး။ မမြင်ဖူးဘူးဖြင့်သာ ကြုံဆုံရပါ၏။ ဤမျှလောက်ဖြင့် ကျွန်ုပ်၏ လုံ့လဝီရိယကို အလျှော့မပေးနိုင်ပါ။ သွားပါများ ခရီးရောက်၍ မေးပါများ စကားရဆိုသည့်အတိုင်း သင်္ကာမကင်းသူ အမျိုးသမီးမှာ အထက်တွင် ဖွင့်ဆိုခဲ့သည့်အတိုင်း ရဲဘော်ဈေးမှမိန်းကလေးတစ်ဦးနှင့်ဆင်တူကြောင်း ကြားသိရ၏။

သတင်းစကားရှိရာ ရဲဘော်ဈေးသို့သွား၍ မသန္တာဝင်းကို စုံစမ်းကြည့်၏။ ရဲဘော်ဈေးတွင် မသန္တာဝင်းအမည်ကား အလျဉ်းမရှိ။ သို့ကြောင့် သင်္ကာမကင်းသူအမျိုးသမီးကို ကိုယ်တိုင်ကြုံဆုံမြင်တွေ့ဖူးသော မောင်ဖိုးပိန်နှင့် ဦးတင်ကြိုင်ကို ရဲဘော်ဈေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူ၏။ ကိုယ်တိုင်မြင်တွေ့ဖူးသူနှစ်ဦး၏ အသွင်သဏ္ဍာန်ပြောဆိုမှုနှင့် ခဲခြစ်ရုပ်ပုံတို့ကို ချပြ၍ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ မေးမြန်းစုံစမ်းကြည့်၏။

''ခင်ဗျားတို့ပြောတဲ့ ... ပုံပန်းသဏ္ဍာန်အရဆိုရင် လွန်ခဲ့တဲ့ ၇/၈ လလောက်က ... ရဲဘော်ဈေးနားက ကြက်ဖြူကန်ရွာမှာ နေသွားတဲ့ ဝင်းသန္တာ များ ဖြစ်မလားမသိဘူး''

ဟု ရာအိမ်မှူးတစ်ဦးက အဆိုပြု၏။ ဒါကို ကျွန်ုပ်က-



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရွာမှာ ... သူ့ဆွေမျိုးသားချင်းတွေ မရှိဘူးလား"

"သူ့အဖေ .. ဦးဝင်းမောင်ရှိပါတယ်၊ တစ်ခါ တစ်ခါ သူ့အဖေဆီ အလည်လာတတ်ပါတယ်"

ဤမျှလောက် သတင်းရပါလျှင် ကျွန်ုပ်အတွက် ရှေ့ဆက်ဖို့ အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါ၏။ သို့ကြောင့် ကြက်ဖြူကန်ရွာသို့ ခြေဆန့်ရ၏။

ယခင်က ကြက်ဖြူကန်ရွာတွင် ဝင်းသန္တာ(ခ)သန္တာဝင်း နေထိုင်ခဲ့ဖူးကြောင်း သိရ၏။ သူမ၏အလုပ်အကိုင်မှာ ကုန်စိမ်းနှင့်ငါးရောင်းခြင်းဖြစ်၏။ ဝင်းသန္တာသည် အောင်မြင့်ထွန်းဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီးနှစ်ယောက်ရှိ၏။ အောင်မြင့်ထွန်းမှအလုပ်တာဝန်ဖြင့် နယ်သို့ပြောင်းရွှေ့စဉ် ဝင်းသန္တာမှ လိုက်ပါမသွား၍ လင်မယားချင်း ကွဲသွားသည်။ ထို့နောက် ဝင်းသန္တာသည် ပေါကြီး(ခ)သန်းထွန်းနှင့် နောက်အိမ်ထောင်ပြုခဲ့သည်။ ပေါကြီးနှင့် အိမ်ထောင်ကျပြီး ကြက်ဖြူကန်ရွာ၌ပင် အတူနေခဲ့သည်။ လွန်ခဲ့သော ၈ လခန့်မှစ၍ ပေါကြီးနှင့်ဝင်းသန္တာတို့မှာ ကြက်ဖြူကန်ရွာမှ ပျောက်ကွယ်သွားခဲ့ကြောင်း ဝင်းသန္တာနှင့် ပတ်သက်၍ စုံစမ်းသိရသည်။

"ဝင်းသန္တာရဲ့ ဒုတိယယောက်ျား ပေါကြီးက ဘာလုပ်သလဲဗျ"

"ဒီကောင်က အလုပ်အကိုင်မယ်မယ်ရရ မရှိပါဘူး၊ အလုပ်အကိုင်မရှိလို့ အကျင့်စရိုက်ကောင်းသလားဆိုတော့ အကျင့်စရိုက်ကလည်းမကောင်းဘူးဗျ"

"ပေါကြီးက ... ဘယ်လိုအကျင့်စရိုက်ရှိလို့လဲ"

**သဘာဝ
ဖြစ်ရိုးဖြစ်စဉ်
ဖြစ်မြဲသဘောဟုဆိုသော
နိယာမတရားနှင့်
ပတ်သက်၍
မြန်မာစကားပုံတွင်
"သမဏောန သမဏော၊
ဂေါဏောန ဂေါဏော" နှင့်
"သူတော်ချင်းချင်း
သီတင်းလွှေ့လွှေ့
ပေါင်းဖက်တွေ့" ဟု
ဆိုရိုးရှိပါ၏
...**

ပေါကြီး (ခ) သန်းထွန်းသည် သနေ့ပင်ကျေးရွာအုပ်စုအတွင်း နေထိုင်သူအချို့ထံမှ ဆိုင်ကယ်ကို ငှားယမ်းစီး၍ အလွဲသုံးစားပြုခြင်း၊ အခြားပစ္စည်းများအား လိမ်လည်ရယူခြင်း စသည့် မကောင်းသောအကျင့်စရိုက်ရှိသူဖြစ်ကြောင်း သိရ၏။

သဘာဝဖြစ်ရိုးဖြစ်စဉ် ဖြစ်မြဲသဘောဟုဆိုသော နိယာမတရားနှင့်ပတ်သက်၍ မြန်မာစကားပုံတွင် "သမဏောန သမဏော၊ ဂေါဏောန ဂေါဏော" နှင့် "သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့" ဟု ဆိုရိုးရှိပါ၏။ ဆိုရင်းအဓိပ္ပာယ်မှာ ရဟန်းတော်သည် ရဟန်းတော်အချင်းချင်းသာ ပေါင်းဖက်မိသလို နွားသည် နွားအချင်းချင်းသာ ပေါင်းဖက်ပါ၏။ ထို့အတူ ကောင်းသူသည် ကောင်းသူအချင်းချင်း၊ မကောင်းသူသည် မကောင်းသူအချင်းချင်းသာ ပေါင်းဖက်မိ၏။ ဤနိယာမအရဆိုရလျှင် ပေါကြီး(ခ)သန်းထွန်းနှင့် ပေါင်းဖက်မိနေသော ဝင်းသန္တာ(ခ)သန္တာဝင်းသည် မသူတော်တစ်ဦးသာ ဖြစ်ချေမည်။

ရရှိထားသော သတင်းစကားနှင့်အတူ ကျွန်ုပ်သည် အခင်းဖြစ်ပွားရာ စမ်းချောင်းပေါက်ကျေးရွာပတ်ဝန်းကျင်သို့ သွားရောက်ပါ၏။ ထိုပတ်ဝန်းကျင်ရှိ မြင်နိုင် တွေ့နိုင်သော ဈေးဆိုင်များတွင် ဝင်ရောက်မေးမြန်းစုံစမ်းကြည့်၏။ ဝင်းသန္တာကို အသိနည်းကြသော်လည်း လက်စလက်နရှိသူ ပေါကြီး(ခ)သန်းထွန်းကို သိရှိမြင်တွေ့သူတစ်ဦးက–

"အခင်းမဖြစ်မီ ... တစ်ပတ်လောက်က .. ပေါကြီးနဲ့ အမျိုးသမီးတစ်ယောက် စမ်းချောင်းပေါက်ဘက်ကို ဖြတ်သွားတာ တွေ့လိုက်ပါတယ်"

ဟု ဘန့်ဘွေးကုန်းရွာမှ ဈေးရောင်းသူတစ်ဦးမှ ပြောဆိုပြ၏။ အခင်းဖြစ်ပြီးနောက် ပေါကြီး(ခ)သန်းထွန်းကို အခင်းဖြစ်အနီး ပတ်ဝန်းကျင်တွင် ဖြတ်သွားဖြတ်လာ မတွေ့တော့ကြောင်း စုံစမ်းသိရ၏။ ထို့အတူ ဝင်းသန္တာ(ခ)သန္တာဝင်းသည်လည်း ပျောက်ကွယ်နေခဲ့ပါသည်။

"ကျွန်တော် ... သိရသလောက်

www.burmeseclassic.com



တော့ ပေါကြီးနဲ့လည်း အိမ်ထောင်ကွဲသွားပြီလို့ ကြားရပါတယ်''

ဟု ဝင်းသန္တာ၏သတင်းစကားကို ကြက်ဖြူကန်ရွာနေ ဖခင်ဖြစ်သူထံမှ အထက်ပါအဖြေစကားဖြင့် ကြားသိရပါ၏။ ပေါကြီးနှင့်လည်း အိမ်ထောင်ကွဲ၊ ဖခင်နေအိမ်ကိုလည်း ပြန်မလာ။ ဒီမသူတော်မ အဘယ်အသိုက်ကို ခိုအောင်းနေမည်နည်း။ ဒါကို အဖြေသိဖို့ ကျွန်ုပ်က–


''ဒါဆို ... ဦးသမီး မသန္တာဝင်းက ဘယ်ဆွေမျိုးသားချင်းအိမ်မှာ နေတတ်သလဲ''

''ကျုပ်တို့က ... ဒီအရပ် .. ဒီဒေသဇာတိဆိုတော့ ဒီရပ်ရွာမှာ မရှိရင် သူသွားစရာဆိုလို့ ... သူ့ရဲ့ပထမအိမ်ထောင် အောင်မြင့်ထွန်းဆီကိုများ သွားမလားပဲ''

''သူ့ ပထမအိမ်ထောင် အောင်မြင့်ထွန်းက ဘယ်မြို့ ဘယ်လုပ်ငန်းမှာလုပ်တာလဲ''

''ထားဝယ်မြို့က ... ရေနက်ဆိပ်ကမ်းဆောက်လုပ်ရေးမှာ အလုပ်ကြမ်းလုပ်တယ်လို့ ပြောပါတယ်''

ထားဝယ်မြို့ ရေနက်ဆိပ်ကမ်းဆောက်ဆောက်လုပ်ရေးလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်သောဆောက်လုပ်ရေးစီမံကိန်းကြီးဖြစ်ပါ၏။ ထိုလုပ်ငန်းကြီးတွင် ကာယဉာဏလုပ်သား ထောင်ပေါင်းများစွာ ရှိပါ၏။ ကာယလုပ်သားဖြစ်သော ဝင်းသန္တာ၏ယောက်ျား အောင်မြင့်ထွန်းသည်မည်သည့်ကုမ္ပဏီတွင်လုပ်၍ မည်သို့သော အလုပ်ကြမ်းလုပ်သည်ကို တိတိကျကျသိဖို့ လိုပါ၏။ သို့မှသာ စုံစမ်းရှာဖွေရသူအတွက် အဆင်ပြေချောမွေ့ဖွယ်ရှိမှာ ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်က–



''အောင်မြင့်ထွန်းက.. ဘယ်ဆောက်လုပ်ရေးလုပ်ငန်းမှာ ဘာအလုပ်ကြမ်းလုပ်နေတာလဲ''

◆◆◆

## အခန်း (၅)

''အဲဒီလို ... တိတိကျကျတော့ မသိရဘူးဗျ''

သင်္ကာမကင်းသူ မဝင်းသန္တာ(ခ) မသန္တာဝင်းသွားရောက်နိုင်သည့် ပထမအိမ်ထောင်ဖက် အောင်မြင့်ထွန်းရှိရာ ထားဝယ်ရေနက်ဆိပ်ကမ်းဆောက်လုပ်ရေးစီမံကိန်းဟု သတင်းရခဲ့ပါ၏။ ထို့ကြောင့် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ကူညီစုံစမ်းပေးရန်နှင့် ဝင်းသန္တာကို တွေ့ရှိပါက ခေတ္တထိန်းထားပြီး ချက်ချင်းအကြောင်းပြန်ကြားပေးရန် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုမေတ္တာရပ်ခံရပါ၏။ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှလည်း အထက်တွင် ဖွင့်ဆိုခဲ့သလို ရေနက်ဆိပ်ကမ်းစီမံကိန်း၏ကျယ်ပြန့်ပုံနှင့် သင်္ကာမကင်းသူ ဝင်းသန္တာ၏ခင်ပွန်း အောင်မြင့်ထွန်းနှင့်ပတ်သက်၍အသေးစိတ်မေးမြန်းပါ၏။ အောင်မြင့်ထွန်းလုပ်ကိုင်သည့်ဆောက်လုပ်ရေးကုမ္ပဏီ၊ လုပ်ကိုင်သည့်အလုပ်နှင့် နေရာဌာနတို့ကို ညွှန်းဆိုပေးရန် ပြော၏။ ကျွန်ုပ်ကလည်း အောင်မြင့်ထွန်းနှင့်ပတ်သက်၍ တိတိကျကျမရရှိကြောင်းကို အထက်ပါစကားဖြင့် အကြောင်းပြန်ကြားခဲ့သည်။

''အဲဒါဆိုလည်း ... အချိန်နည်းနည်းစောင့်ဗျာ၊ ရေနက်ဆိပ်ကမ်းက လုပ်ငန်းခွင်တွေမှာ ကျွန်တော်တို့ဝင်ပြီး စုံစမ်းပေးမယ်၊ ခင်ဗျားတို့လိုချင်တဲ့ ဝင်းသန္တာကိုတွေ့ရင် ... ချက်ချင်း အကြောင်းပြန်ပေးပါ့မယ်''

ဟု ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောဆိုပါ၏။ ယနေ့ ကမ္ဘာတဝှန်းတွင် ဆက်သွယ်ရေးနှင့် နည်းပညာပိုင်းတို့က လွန်စွာမှတိုးတက်လျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျွှေးအကျမြိမ်းနှင့် အနောက်မြောက်ရှိ ဆေးကြီးရုံများသင် တစ်ဦးနှင့်တစ်ဦး ရုပ်မြင်သကြားနိုင်များဖြင့် ပြောဆို ဆက်သွယ်နေကြပြီဖြစ်ပါ၏။ ထို့ကြောင့် သက်ာမကောင်းသူ ဝင်းသန္တာကိုတွေ့ရှိလျှင် သူမ၏ရုပ်ပုံနှင့် အချက်အလက်တို့ကို ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ အင်တာနက်မှ ကျွန်ုပ်တို့၏ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ အင်တာနက်မျက်နှာပြင်ပေါ်သို့ တင်လွှင့်ပေးရန် ပြောဆိုခဲ့သည်။

တစ်ဖက်တွင် ကူညီတောင်းခံမှုပြုထားသလို ကျွန်ုပ်ဖက်ကလည်း တာဝန်မပျက် စုံစမ်းလျက်ရှိသည်။ ထို့ပြင် အင်တာနက်မျက်နှာပြင်ပေါ် တက်လာမည့် ဝင်းသန္တာ(ခ)သန္တာဝင်း၏ ပုံရိပ်ဟုတ်/မဟုတ် ခွဲခြားပေးဖို့အတွက် ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးသော ဆိုင်ကယ်ကယ်ရီ ဖိုးပိန်နှင့် ဦးတင်ကြိုင်ကိုလည်း အသင့်ဆွဲကိုင်ထား၏ နှစ်ရက်လွန်၍ သုံးရက်မြောက်သောနေ့တွင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကျွန်ုပ်ထံသို့ ဖုန်းဆက်လာ၏။ ကျွန်ုပ်အလိုရှိနေသော ဝင်းသန္တာ(ခ)သန္တာဝင်းကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ခေါ်ယူရောက်ရှိထားပြီးဖြစ်ကြောင်း၊ အချက်အလက်များ စစ်မေးပြီးပါက အင်တာနက်မျက်နှာပြင်သို့ တင်ပို့ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးလာ၏။ ထို့ပြင် ဖမ်းယူဖွင့်ကြည့်ရမည့် ထုတ်လွှင့်သော အင်တာနက်၏ သင်္ကေတအမှတ်အသားများကိုလည်း ပြောဆိုပေး၏။ ထို့ကြောင့်လည်း ဖိုးပိန်နှင့်ဦးတင်ကြိုင်ကိုခေါ်ယူကာ အင်းစိန်ရှိမြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အင်တာနက်ခန်းဆီသို့။

ခဏအကြာ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကျွန်ုပ်ရှိရာ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းဆက်လာ၏။ မဝင်းသန္တာ(ခ)မသန္တာဝင်း၏ အချက်အလက်များနှင့် သူမ၏ရုပ်ပုံကိုပါ တင်လွှတ်လိုက်ပြီဖြစ်ကြောင်း ပြောဆို၏။ ကျွန်ုပ်တို့ တပ်ဖွဲ့မှ ကျွမ်းကျင်သူကလည်း ထုတ်လွှင့်လိုက်သော သင်္ကေတအမှတ်အသားဖြင့် ဖမ်းယူနေ၏။ မကြာမီတွင် အမျိုးသမီးတစ်ဦး၏ ရုပ်ပုံနှင့်အတူ မဝင်းသန္တာ(ခ)သန္တာဝင်း အသက် ၂၈ နှစ် ဈေးရောင်း၊ အောင်ဇမ္ဗူအေးလမ်း၊ ကြက်ဖြူကန်ကျေးရွာ၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့ဖြစ်ကြောင်း ၃၀. ၁၁. ၂၀၁၂ ရက်နေ့ နေ့လည်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ခင်ပွန်းသည် အောင်မြင့်ထွန်းရှိရာ ထားဝယ်မြို့သို့ရောက်ရှိခဲ့ပြီး ယနေ့ ၉. ၁၂. ၂၀၁၂ ရက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဖန်သားမျက်နှာပြင်ပေါ်မှ ထင်လင်းစွာရှိနေသော မဝင်းသန္တာ(ခ)မသန္တာဝင်း၏ပုံရိပ်ကို ဆူးစိုက်ကြည့်ရင်း၊ ကိုယ်တိုင်မြင်တွေ့ခဲ့သူ ဖိုးပိန်က–

''သိပ်ဟုတ်တာပေါ့ဗျာ ‥ ကျော်ရဲလွင်ဆိုင်ကယ်ကို နှစ်ကြိမ်သုံးကြိမ်လောက် ငှားစီးဖူးတာ ‥ ဒီအမျိုးသမီးပဲ၊ ကျော်ရဲလွင်လည်း သေရော ‥ ဒီအမျိုးသမီးလည်း မတွေ့တော့ဘူးဗျ''

ဟု နာကျည်းစွာဖြင့် ပြောဆိုပြ၏။ ဒါတွင်မက ဦးတင်ကြိုင်က–

''ကျော်ရဲလွင် … မသေခင်နှစ်ရက်လောက်က အဲဒီအမျိုးသမီးကို ‥ ကျွန်တော်ကိုယ်တိုင် ကယ်ရီပို့ပေးခဲ့လို့ ငွေအကြွေတွေထုတ်ပေးခဲ့တာ သူပဲဗျ''

ဟု ကိုယ်တိုင်ကြုံဆုံကြသူတို့က ဖွင့်ဆိုခဲ့ကြပါသည်။ အမှန်တရားကို ဖော်ထုတ်ဖို့အတွက် သင်္ကာမကင်းသူ မဝင်းသန္တာ(ခ)သန္တာဝင်းကို ခေါ်ယူဖို့ လိုအပ်လာပြီဖြစ်ပါ၏။ သို့ကြောင့် မဝင်းသန္တာကို ခေတ္တထိန်းထားပေးရန်နှင့် မီရာလေယာဉ်ဖြင့်လာခေါ်မည့်အကြောင်း ကျွန်ုပ်ကိုယ်တိုင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်သွယ်အကြောင်းကြားရပါတော့သည်။

◆◆◆

### အခန်း(၆)

''အဲဒီ …ဆိုင်ကယ် ကယ်ရီသမား သေဆုံးမှုနဲ့ပတ်သက်လို့ ကျွန်မဘာမှမသိပါဘူး၊ သူ့ဆိုင်ကယ်ကိုလည်း ကျွန်မ ငှားမစီးဖူးပါဘူး''

ထားဝယ်မြို့တွင်ရောက်ရှိနေသော သက်ာမကင်းသူ ဝင်းသန္တာ(ခ)သန္တာဝင်းကို အမြန်ဆုံးခေါ်ယူ၍ ကျွန်ုပ်ရှေ့သို့ ပို့ဆောင်ပေးပါ၏။ အမှုအကျိုးအကြောင်းနှင့် အခင်းဖြစ်အရပ်တွင် လဲကျနေသော သေဆုံးသူ ကျော်ရဲလွင်၏ ဓာတ်ပုံမှတ်တမ်းကိုပါပြ၍ စစ်မေး၏။ ဒါကို ဝင်းသန္တာက အထက်ပါစကားဖြင့် ငြင်းဆန်ပါ၏။

သို့ကြောင့် အခင်းမဖြစ်မီက ပေါကြီး(ခ)သန်းထွန်းနှင့် ဝင်းသန္တာတို့ အခင်းဖြစ်အရပ်အနီး လှုပ်ရှားသွားလာမှုကို မြင်တွေ့ကြသူများနှင့် ထိပ်တိုက်စုံပေးပါ၏။ မြင်တွေ့ကြသူများကလည်း အငြင်းမပွား၊ ကိုယ်တိုင်မြင်တွေ့ပုံကို ဖွင့်ဆိုပြ၏။ ထို့အတူ အခင်းမဖြစ်မီက ကျော်ရဲလွင်ဆိုင်ကယ်ကို ဝင်းသန္တာ ငှားစီးခဲ့ပုံ ကိုယ်တိုင်မြင်တွေ့သိရှိခဲ့ပုံကို



www.burmeseclassic.com

ဦးတင်ကြိုင်နှင့် ဖိုးပိန်တို့ကလည်း အကွက်ကျကျ ထွက်ဆိုပြ၏။ သက်သေမကင်းသူနှင့် မြင်တွေ့ကြသူတို့၏ ထိပ်တိုက်တွေ့ဆုံမှုအပြီးတွင် လက်မြှောက်အရှုံးပေးသွားသူ ဝင်းသန္တာက–

"ကျွန်မ ‥ သူ့ကို မသတ်ပါဘူး"

"မင်း ‥ မသတ်ပါဘူးဆိုတာ ယုံပါတယ်၊ ကျော်ရဲလွင်ကိုသတ်တာ ဘယ်သူလဲဆိုတာ မင်းအသိဆုံးပါ"

ဟု ကျွန်ုပ်၏အမေးကို ဝင်းသန္တာ (ခ)သန္တာဝင်းက–

"ဟုတ်ကဲ့ ‥‥ သိပါတယ်"

♦♦♦

ဝင်းသန္တာသည် မှော်ဘီမြို့နယ်ဇာတိဖြစ်၍ မွေးချင်း ၄ ယောက်အနက် အငယ်ဆုံးဖြစ်၏။ ၂၀၀၃ ခုနှစ်တွင် မှော်ဘီမြို့နယ်၊ ဆတ်သွားတောကျေးရွာနေ အောင်မြင့်ထွန်းနှင့် အိမ်ထောင်ပြုရာ သားသမီး ၂ ယောက်ရရှိခဲ့၏။ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် ခင်ပွန်းဖြစ်သူ အောင်မြင့်ထွန်းမှာ အလုပ်အကိုင်ဖြင့် ထားဝယ်မြို့ ရေနက်ဆိပ်ကမ်းလုပ်ငန်းခွင်သို့ လိုက်ပါသွား၏။ ဝင်းသန္တာက လိုက်ပါမသွားဘဲ ကလေး ၂ ယောက်နှင့်အတူ ကြက်ဖြူကန်ကျေးရွာရှိ မိဘများထံတွင်နေထိုင်ပြီး ငါးနှင့်ကုန်စိမ်းရောင်းဝယ်လုပ်ကိုင်နေ၏။ အောင်မြင့်ထွန်းနှင့်ဇနီးမယား ဝင်းသန္တာတို့မှာ အနေဝေး၍ စိမ်းသလိုဖြစ်သွားကြ၏။

မကြာလိုက်ပါ။ ၂၀၁၀ ခုနှစ် နှစ်မကုန်မီတွင် ဝင်းသန္တာသည် ကြက်ဖြူကန်ကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော ပေါကြီး(ခ)သန်းထွန်းနှင့် ပေါင်းသင်းနေထိုင်ခဲ့၏။ လင်ကြီးဖြစ်သူ အောင်မြင့်ထွန်းနှင့် ပြတ်ပြတ်သားသား မဟုတ်သေးဘဲ နောက်တလင် ကောက်ငင်လိုက်သည့်အတွက် ပတ်ဝန်းကျင်၏ အတင်းအဖျင်းစကားက အလျှံပယ်စွာ ထွက်လာခဲ့၏။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို ပေါကြီးနှင့် ဝင်းသန္တာတို့သည် သုံးခွမြို့ရှိ ပေါကြီး၏ တူမထံတွင် သွားရောက် ပြောင်းရွှေ့နေထိုင်ခဲ့၏။ နေစရာရသော်လည်း လင်မယားနှစ်ယောက် စားသောက်ရေးက ကြုံရာကျဘန်းအလုပ်။ တစ်နေ့–

"ဝင်းသန္တာရေ ‥‥ ဒီအတိုင်းနေလို့ကတော့ ‥ တို့လင်မယားရဲ့စားဝတ်နေရေးက မတွေးဝံ့စရာဘဲ"

ဟု ပေါကြီးမှ စကားစလာ၏။ ဒီတော့ ဝင်းသန္တာက–

"ရှင်က ‥‥ ဘာလုပ်ဖို့ စဉ်းစားထားလို့လဲ"

ဟု မေး၏။ ထိုအခါ ပေါကြီးက ထောက်ကြန့်လမ်းဆုံမှ မှော်ဘီသို့ပြေးဆွဲသော ဆိုင်ကယ် ကယ်ရီတစ်စီးကို လုယူဖို့ တိုင်ပင်၏။ ဇနီးမယား ဝင်းသန္တာကလည်း အငြင်းမပွား၊ လင်မယားစားဝတ်နေရေးအတွက် အဆင်ပြေမည်ဆိုလျှင် လင်ယောကျ်ားနိုင်းသမျှကိုသရုပ်ဆောင်ပြမည်ဖြစ်ကြောင်း လက်ညှိုးထောင် ခေါင်းညိတ်ခဲ့ပါကြောင်း ထွက်ဆိုပြခဲ့လေသည်။

♦♦♦

အခန်း(၇)

"မောင်လေး ‥‥ ဆိုင်ကယ်အားသလား"

တစ်နေ့ (၁၁. ၁၁. ၂၀၁၂) မနက်စောစောစီးစီး ၃ နာရီခန့်တွင်ဖြစ်၏။ မဝင်းသန္တာသည် ထောက်ကြန့်လမ်းရှိ ကုန်စိမ်းဈေးအနီး ဆိုင်ကယ်ကယ်ရီဂိတ်သို့ရောက်၏။ ထိုနေ့ ညဦးပိုင်းနှင့် ညဥ့်နက်ပိုင်းကတည်းကလင်ယောကျ်ားဖြစ်သူ ပေါကြီးမှ သေဆုံးသူ ကျော်ရဲလွင်နှင့် သူမောင်းနှင်သည့်ဆိုင်ကယ်ကို ကြိုတင် ပြသထား၏။ ဒါတွင်မက ကျော်ရဲလွင်နှင့်ဆိုင်ကယ်ကို အခင်းဖြစ်နေရာအထိ ငှားစီးခဲ့ရန်ကိုလည်း မှာကြားထား၏။ အခင်းဖြစ်နေရာ အရောက်တွင် ကယ်ရီသမားကို ကုန်စိမ်းသွားယူမည်ဖြစ်၍ ခေတ္တစောင့်ခိုင်းရန်နှင့် မိမိရှိနေမည့်နေရာ၊ လုပ်ဆောင်

**လောဘနှင့်ပတ်သက်သော အကုသိုလ်အမှုသည် ဆိတ်ငြိမ်သော၊ လူသူမရှိသော၊ လူသွားလူလာပြတ်လပ်သော၊ အချိန်အခါနှင့် နေရာဒေသတွင် ပြုမူတတ်ကြပါ၏ ‥‥**



www.burmeseclassic.com

www.burmeseclassic.com


မည့်အလုပ်ကိုပါ ပေါကြီးမှဝင်းသန္တာကို ပြောဆိုပြသထားပြီး ကြိုတင်ဇာတ်တိုက်ထားကြ၏။ သို့ကြောင့် ဝင်းသန္တာက သူတို့၏အမွေဇာတ်လမ်းကို စတင်ဖို့ ကျော်ရဲလွင်အား အထက်ပါစကားဖြင့် ဖွင့်ဆိုပါ၏။

"အစ်မက ... ဘယ်သွားမှာလဲ၊ အသွားပဲလား ... အပြန်ကောစောင့်ရဦးမှာလား"

ဟု ကယ်ရီတို့၏စကားကို ပုစ္ဆာထုတ်၏။ ဒီတော့ အကြံသမား ဝင်းသန္တာက–

"စမ်းချောင်းပေါက်ကို .. ကုန်စိမ်းသွားယူမှာ မောင်လေးရဲ့၊ ခဏတော့စောင့်ပေးလေ ... အပြန်ကို ငါ့မောင်နဲ့ပဲ ဒီကိုပြန်လာတာပေါ့"

ဤသို့ဖြင့် ကျော်ရဲလွင်သည် ဝင်းသန္တာအား ဆိုင်ကယ်နောက်ခုံတွင် တင်ဆောင်ကာ လိုရာခရီးသို့။ အခင်းဖြစ်ပွားရာ စမ်းချောင်းပေါက် အမကကျောင်းအနီးရှိ ပေါကြီးပုန်းခိုနေသောနေရာတွင် ဆိုင်ကယ်ကို ရပ်ခိုင်း၏။ ဆိုင်ကယ်ပေါ်မှ ဆင်းသက်ပြီး ဝင်းသန္တာက–

"ခဏစောင့်နော် .. အစ်မ ကုန်စိမ်းသွားယူလိုက်ဦးမယ်"

ကျော်ရဲလွင်လည်း ဆိုင်ကယ်ကို လာရာလမ်းသို့ပြန်လှည့်၍ အခင်းဖြစ်နေရာတွင် စောင့်ဆိုင်းနေ၏။ အချိန်အတန်ကြာသော်လည်း ပုန်းခိုနေသူ ပေါကြီး၏လှုပ်ရှားမှုက ဘာမျှမရှိ။ မစောင့်နိုင်သည့်အဆုံးတွင် ဆိုင်ကယ်မောင်းသူလည်း ထိုနေရာမှ မောင်းထွက်သွားသည်ကို ဝင်းသန္တာက ထွက်ဆိုပြသည်။

"အဲဒီနေ့က .. မင်းယောက်ျား ပေါကြီး ... သူပုန်းခိုနေတဲ့နေရာမှာ မရှိလို့လား"

ကျွန်ုပ်၏အမေးကိုဝင်းသန္တာက–

"ရှိပါတယ်ရှင့် ... ဆိုင်ကယ်သမားထွက်သွားပြီးနောက် .. ကျွန်မ သူရှိတဲ့နေရာကို ... သွားတွေ့ပြီး မေးကြည့်ပါတယ်၊ အဲဒီနေ့က လူအသွားအလာ မပြတ်ဖြစ်နေလို့ မလုပ်ဖြစ်ဘူးလို့ သူက ပြောပါတယ်၊ ဟုတ်လည်းဟုတ်ပါတယ်၊ အဲဒီနေ့က စမ်းချောင်းပေါက်က ကုန်စိမ်းသည်အချို့က အသွားအလာရှိနေပါတယ်"

လောဘနှင့်ပတ်သက်သော အကုသိုလ်အမှုသည် ဆိတ်ငြိမ်သော၊ လူသူမရှိသော၊ လူသွားလူလာ ပြတ်လပ်သော၊ အချိန်အခါနှင့် နေရာဒေသတွင် ပြုမူတတ်ကြပါ၏။ ကံကောင်းထောက်မ၍ ထိုနေ့၊ ထိုအချိန်က ကျော်ရဲလွင်တစ်ယောက် သေကံမရောက် သက်မပျောက်ဘဲ ရှိခဲ့ပါ၏။ ဤသည်မှာ အကုသိုလ်လင်မယား၏ ပထမအကြိမ် ဒုစရိုက်မှုပင်ဖြစ်ပါသည်။

နောက်တစ်နေ့ ၁၂.၁၁.၂၀၁၂ မနက်စောစီး ၃ နာရီခန့်တွင် ဖြစ်၏။ ဝင်းသန္တာတစ်ယောက် ကုန်စိမ်းဈေးအနီးရှိ ဆိုင်ကယ်ကယ်ရီဂိတ်သို့ ရောက်ရှိလာ၏။ ယမန်နေ့က ကယ်ရီသမား (ကျော်ရဲလွင်)ကိုရှာသည်။ ကျော်ရဲလွင်နှင့်ဆိုင်ကယ်က ဂိတ်တွင်မရှိ။ ဆိုင်ကယ်ငှားမည့်ခရီးသည်မှန်းသိ၍ ဂိတ်မှ ကယ်ရီမောင်းသူ ဦးတင်ကြိုင်က–

"ဆိုင်ကယ် ကယ်ရီငှားမလို့လား ... တူမကြီး"

"ဟုတ်ပါတယ်ရှင့်"

"ဘယ်ကို ပို့ပေးရမှာလဲ"

"စမ်းချောင်းပေါက်မှာ ကုန်စိမ်းသွားယူမှာပါ"

"သွားလေ .. ရပါတယ်"

ကုန်စိမ်းသည် ဝင်းသန္တာနှင့် ကယ်ရီယာဦးတင်ကြိုင်တို့ ဈေးစကားဆို၍ ခရီးသည်၏လိုရာခရီးသို့ သွားခဲ့ကြ၏။ ယမန်နေ့ကကဲ့သို့ပင် ဝင်းသန္တာက အခင်းဖြစ်နေရာတွင် ဆိုင်ကယ်ကို ရပ်ခိုင်း၏။ ဦးတင်ကြိုင်က ဆိုင်ကယ်ကို ရပ်ပေး၏။ ဝင်းသန္တာက ဆိုင်ကယ်ပေါ်မှဆင်းပြီး ကုန်စိမ်းသွားယူမည်ဖြစ်၍ ဆိုင်ကယ်ကို ခေတ္တစောင့်ခိုင်း၏။ မပေါ်လာအတော်ကြာ၍ ဦးတင်ကြိုင်လည်း မစောင့်နိုင်ဘဲ ဂိတ်သို့ ပြန်လာခဲ့၏။ ဆိုင်ကယ်သမားထွက်သွားပြီးနောက် ဝင်းသန္တာမှ ပေါကြီးပုန်းခိုနေသည့်နေရာသို့သွား၏။ ထိုအခါ ပေါကြီးသည် ပုန်းခိုနေရာ ဝါးရုံတောအတွင်းမှ ခါးတောင်းကျိုက်လျက် တစ်တောင်ခန့်အရှည်ရှိ သစ်သားတုတ်ကို ကိုင်ကာ ထွက်လာပြီး–

"နင် ... တော်တော် ပြဿနာရှာတာပဲ၊ အဲဒီလူက ငါနဲ့သိတယ်ဟ"

ဟုပြောဆိုပြီး လက်ထဲမှကိုင်ထားသော သစ်သားတုတ်ကို ပေါကြီးမှအနီးရှိ ဝါးရုံခြုံပုတ်ထဲတွင် သို့ဝှက်ထားခဲ့ကြောင်း ဝင်းသန္တာမှ ထွက်ဆိုပြသည်။

ဤနေရာတွင် ဆိုင်ကယ် ကယ်ရီယာသည် ဦးတင်ကြိုင်သာ မဟုတ်ခဲ့ပါလျှင် သေဆုံးသူကျော်ရဲလွင်အတွက် အစားထိုးခံရမည်မှာ မလွဲကေန်ဖြစ်ပါပေတော့သည်။

♦ ♦ ♦


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၈)

''မောင်လေး ... ဆိုင်ကယ် အားလား''

တတိယမြောက်နေ့ ၁၃. ၁၁. ၂၀၁၂ မနက်စောစော ၃ နာရီခန့်တွင် ဖြစ်ပါ၏။ ဝင်းသန္တာက ကုန်စိမ်းဂိတ်တွင် ကျော်ရဲလွင်နှင့် ဒုတိယမ္ပိဆုံတွေ့စဉ် အထက်ပါစကားဖြင့် မေးစမ်းပါ၏။ ဒီတော့ ကျော်ရဲလွင်က–

''အားပါတယ် .. အစ်မရဲ့၊ ဟိုတစ်နေ့ကလည်း အစ်မကို အပြန်အတွက် .. စောင့်နေသေးတယ်၊ ဒါပေမဲ့ ... အစ်မက ကြာနေတော့ ကျွန်တော်လည်း မစောင့်နိုင်တော့လို့ ဂိတ်ကို ပြန်လာလိုက်တယ်''

''ဟုတ်ပါတယ် ... မောင်လေးရယ်၊ အဲဒီနေ့က အစ်မလည်း စိုက်ခင်းရှင်နဲ့ ငွေရေးကြေးရေးအဆင်မပြေလို့ စကားပြောလိုက်တာ နည်းနည်းကြာသွားတယ်၊ အစ်မပြန်လာတော့ ... မောင်လေးကိုမတွေ့တော့လို့ ကြုံရာဆိုင်ကယ်နဲ့ပဲ လိုက်လာခဲ့ရတယ်''

''အခု ... အစ်မက အသွားအပြန်ပဲလား၊ ဟိုမှာ .. စောင့်ရဦးမှာလား၊ အကြာကြီးစောင့်ရဦးမယ်ဆိုရင်တော့ ကျွန်တော်မလိုက်နိုင်ဘူး''

''ဒီတစ်ခါတော့ စောင့်စရာမလို တော့ပါဘူး၊ အစ်မကို စမ်းချောင်းပေါက်ကို ပို့ရုံသာ ပို့ပေးပါ၊ အပြန်အတွက် အစ်မကြုံသလို ပြန်ပါ့မယ်''

အသွားခရီးတစ်ကြောင်းတည်းဖြစ်၍ ကျော်ရဲလွင်ကလည်း ဝင်းသန္တာကို ပို့ဆောင်ပေးဖို့ သဘောတူလိုက်၏။ သို့သော် အပြန်ခရီးတွင် တစ်ဦးတည်းဖြစ်နေ၍ သူငယ်ချင်းဖြစ်သူ ပိန်ပိန်ပါးပါး လူတစ်ယောက်(ဖိုးပိန်)ကို အဖော်လိုက်ခဲ့ဖို့ခေါ်၏။ ဖိုးပိန်ကလည်း အဖော်လိုက်ဖို့မငြင်း၊ သို့သော် ဝင်းသန္တာက ရှေ့နောက်ယောကျ်ားလေးနှစ်ယောက်ကြားတွင် သူမအတွက် အနေအထိုင်ကျဉ်း၍ အဖော်ဖြစ်သူ(ဖိုးပိန်)မလိုက်ရန် တားမြစ်၏။ ခရီးသည်၏စိတ်ချမ်းသာမှုကိုဖြည့်ဆည်းပေးရမှာက ယာဉ်မောင်းတို့၏ ဝတ္တရားဖြစ်ပါ၏။ သို့ကြောင့် ကျော်ရဲလွင်လည်း အဖော်ကိုတင်မခေါ်တော့ဘဲ ဝင်းသန္တာသွားလိုသော အခင်းဖြစ်ပွားရာနေရာသို့။

ထိုနေ့ကလည်း ပေါကြီး(ခ)သန်းထွန်းသည် ကျော်ရဲလွင်၏ဆိုင်ကယ်ကို လုယူရန်မကြိုးစားခဲ့ပေ။ အကြောင်းမှာ ဝင်းသန္တာဆိုင်ကယ်ရပ်ခိုင်းသော နေရာသည် ပေါကြီးပုန်းခိုနေသောနေရာနှင့် အနည်းငယ် ကျော်လွန်သွားပြီး၊ ထိုနေရာမှာ ကွင်းပြင်ဖြစ်၍ မီးအလင်းရောင်ရှိနေခြင်းတို့ကြောင့် ဒုစရိုက် လင်မယား၏ အကုသိုလ်စီမံချက်က ပျက်ပြယ်ခဲ့၏။ ဆိုင်ကယ်မောင်းသူ(ကျော်ရဲလွင်)ပြန်သွားပြီးနောက် ဝင်းသန္တာအနီးအပါးသို့ရောက်ရှိလာသူ ပေါကြီးက–

''အဲဒီ ကောင်လေး ... ဟုတ်တယ်၊ နောက်နေ့ကျရင်လည်း သူ့ကိုပဲ ငှားဖြစ်အောင်ငှားလာခဲ့၊ ငါလည်း .. အပင်ပန်းမခံနိုင်တော့ဘူး၊ ပိုက်ဆံလည်းကုန်လှပြီ''

''သူ့ကိုမတွေ့ရင် .. ဘယ့်နှယ့်လုပ်မလဲ၊ ကယ်ရီသမားဆိုတာက ကြိုးနဲ့ချည်ထားလို့ရတာမှမဟုတ်ဘဲ ကိုပေါကြီးရဲ့''

ဝင်းသန္တာ၏စကားကြောင့် ပေါကြီးမှာ တွေဝေစွာဖြင့် စဉ်းစားနေ၏။ ကယ်ရီယာဆိုတာကလည်း ခရီးအနီးအဝေး၊ အပြေးအလွှားပြုနေကြသူများ ဖြစ်ပါ၏။ သေဆုံးသူ(ကျော်ရဲလွင်)၏ ဆိုင်ကယ်ကို အချိန်ယူစောင့်ဆိုင်းနေပါက ပတ်ဝန်းကျင်၏ရိပ်စားမှုကို စိုးရိမ်ပူပန်ရပါ၍ အကုသိုလ်သမား ပေါကြီး၏ စကားက–




www.burmeseclassic.com

www.burmeseclassic.com



''အဲဒီကောင်လေးမရလည်း ‥ ရှိတဲ့၊ ရတဲ့သူသာခေါ်ခဲ့တော့ကွာ၊ ဒီတစ်ခါတော့မဖြစ်မနေလုပ်မှရတော့မယ်''

လူဆိုး လူမိုက် လူမိုက် လူမိုက်ကြီး လင်မယားကောင်းစားရေးအတွက် အပြစ်မဲ့သူတစ်ဦး ပျက်စီးဆုံးရှုံးရတော့မည်မှာ မလွဲကေန် ဖြစ်ပါပေတော့သည်။

◆◆◆

အခန်း (၉)

''အတော်ပဲကွယ်၊ ငါ့မောင်နဲ့တွေ့ရတာ၊ အစ်မ အခုဂိတ်ကိုသွားမလို့''

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် မနက် ၃ နာရီခန့်တွင်ဖြစ်၏။ ဝင်းသန္တာသည် အကုသိုလ်အမှုပြုဖို့အတွက် ကုန်စိမ်းဈေးအနီးရှိ ဆိုင်ကယ်ကယ်ရီဂိတ်သို့ လမ်းလျှောက်လာ၏။ ထောက်ကြံ့မြို့ တက်နေဝင်းလက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ် ကယ်ရီ ကျော်ရဲလွင်ကိုတွေ့၏။ သို့ကြောင့် ဝင်းသန္တာက ကျော်ရဲလွင်ကို အထက်ပါစကားဖြင့် ဖွင့်ဆိုပါ၏။ လူယုတ်မာဆိုတာကလည်း ဦးချိုပါသူမဟုတ်သည့်အတွက် ကျော်ရဲလွင်က–

''သွားစရာရှိလို့လား ‥ အစ်မ''

''ဟုတ်တယ် ‥ မောင်လေးရဲ့၊ စမ်းချောင်းပေါက်မှာ ကုန်စိမ်းသွားယူမှာ''

''ဟိုမှာ ‥ အကြာကြီးစောင့်ရဦးမှာလား''

''မကြာပါဘူး ‥ ‥ မောင်လေးရဲ့၊ ကုန်စိမ်းယူပြီး ချက်ချင်းပြန်မှာပါ''

အကြံသမားအတွက် အပြန်လမ်းရှိပါသော်လည်း ဆိုင်ကယ်မောင်းသူ ကျော်ရဲလွင်အတွက် အိမ်အပြန်လမ်းက မရှိနိုင်တော့ပါ။ ဒါကို ကျော်ရဲလွင်မသိသလို၊ သူနေရာတွင် ကျွန်ုပ်ဖြစ်ပါက ကိုယ်လည်းလေ ထိုနည်းလည်းကောင်းပဲ ဆိုချင်ပါသည်။

ထုံးစံအတိုင်း မသမာသူ လင်မယားနှစ်ဦး အကွက်ဆင်ထားသည့် အခင်းဖြစ်နေရာသို့ ကျော်ရဲလွင်ဆိုင်ကယ်ရောက်ရှိခဲ့၏။ ဝင်းသန္တာက ဆိုင်ကယ်ပေါ်မှဆင်း၍ ကုန်စိမ်းရှိရာအရပ်သို့အသွား၊ ပုန်းအောင်းနေသော ပေ... ကြီးမှ အလျင်အမြန်ထွက်လာပြီး အ... သင့်ဆောင်ထားသော သစ်သားတုတ်ဖြင့် ကျော်ရဲလွင်၏ဦးခေါင်းနောက်စေ့... ပြင်းထန်စွာရိုက်နှက်လိုက်၏။ ကျော်... လွင်လည်း သတိလစ်မေ့မြောကာ မြေ... ပြင်ပေါ်သို့ ပြုတ်ကျသွားခဲ့သည်။



တရားခံ မဝင်းသန္တာ(ခ)သန္တာဝင်းနှင့် သက်သေခံဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပေါကြီး(ခ)သန်းထွန်းသည် ကျော်ရဲလွင်၏ဆိုင်ကယ်ကို ရယူဆောင်းနှင်၍ ဝင်းသန္တာကိုတင်ဆောင်ကာ အခင်းဖြစ်နေရာမှ လာရာလမ်းအတိုင်း ပေါကြီးနေထိုင်ရာ သုံးခွမြို့သို့ ထွက်ခဲ့ကြ၏။ သုံးခွမြို့အရောက်တွင် ပေါကြီးသည် လုယူလာသော ဆိုင်ကယ်အား အိဿယျရပ်ကွက်နေ ကိုဇင်မင်းအောင်ထံသို့ ၂၄၀,၀၀၀/- (နှစ်သိန်းလေးသောင်း)ဖြင့် ရောင်းချခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဝင်းသန္တာ(ခ)သန္တာဝင်းမှ ထွက်ဆိုပြခဲ့ပါသည်။

"မင်းက ... ပေါကြီးနဲ့ ပေါင်းသင်းနေရာက ဘာဖြစ်လို့ ထားဝယ်ကို ရောက်သွားရတာလဲ"

ဟု ကျွန်ုပ်က မေး၏။

အခင်းဖြစ်ပြီးနောက် ဝေစု မတည့်၍ ပေါကြီးနှင့် ဝင်းသန္တာတို့ အခြင်းများကြ၏။ ဒီတော့ ဝင်းသန္တာက ထမလင်ကြီး အောင်မြင့်ထွန်းရှိရာ ထားဝယ်မြို့သို့ ဖုန်းဖြင့်ဆက်သွယ်၏။ လင်ကြီးဖြစ်သူကလည်း မယားကိုလာခဲ့ ဖိတ်ခေါ်၏။ ဒါကို သိသွားသူ လင်ငယ်ကလည်း လိုက်လိုကလိုက်သွားဖို့ နှင့်ပြု၏။ ဒါတွင်မက လေယာဉ်စရိတ် ၃၀,၀၀၀/-(ခုနှစ်သောင်း)ကိုပင် ပေါကြီးက ဝင်းသန္တာသို့ ထုတ်ပေး၏။ ထို့ကြောင့် ဝင်းသန္တာသည် ၃၀. ၁၁. ၂၀၁၂ ရက်နေ့တွင် လင်ကြီးရှိရာ ထားဝယ်မြို့သို့ ထွက်လာခဲ့ကြောင်း ထွက်ဆိုပြခဲ့သည်။

ထို့နောက် ပြစ်မှုကျူးလွန်သူဝင်းသန္တာ(ခ)သန္တာဝင်းကိုယ်တိုင် လိုက်လံပြသ၍ သေဆုံးသူ ကျော်ရဲလွင်ထံမှ လုယူခဲ့သော တရုတ်နိုင်ငံလုပ် FEI LING-110 အမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ်ကို ဝယ်ယူထားသူ ကိုဇင်မင်းအောင်ထံမှ သိမ်းယူရရှိခဲ့ပါတော့သည်။

ယခု အမှုဖြစ်စဉ်၏အကြောင်းတရားကို သုံးသပ်ဆင်ခြင်ကြည့်ပါမည်။ 'မနုဿတ္တ ဘာဝဒုလ္လဘ''လူအဖြစ်ကို အလွန်ရခဲဘိဟု ဆိုပါသည်။ ပျက်သုဉ်းသွားသောသူသည် လူဖြစ်သလို၊ ပြုကျင့်သောသူသည်လည်း လူပင်ဖြစ်ပါ၏။ သို့သော် လူချင်းမတူကြပါ။

လူဆိုသည်မှာ အသိဉာဏ်ရှိသော၊ ဆင်ခြင်တုံတရားရှိသော၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိသော၊ မေတ္တာဂရုဏာရှိသော ခြေနှစ်ချောင်းရှိသူကို ဆိုပါသည်။

တိရစ္ဆာန်ဆိုသည်မှာ အိပ်၊ စား၊ ကာမ ဤသုံးဝသာသိ၍ ဆင်ခြင်တုံတရားမရှိသော၊ ကြီးနိုင်ငယ်ညှင်းပြုတတ်သော၊ အကြင်နာမဲ့သော အခြေလေးချောင်း၊ အခြေနှစ်ချောင်း၊ အခြေများစွာနှင့် အခြေမရှိသော သတ္တဝါကို ဆိုပါသည်။

လူနှင့် တိရစ္ဆာန်သည် ဆန့်ကျင်ဘက်ဖြစ်ပါ၏။ သို့သော် တိရစ္ဆာန်ကဲ့သို့ ကျင့်ကြံအားထုတ် ပြုမူနေထိုင်ခဲ့သောသူကို လူဟုမခေါ်ပါ။ လူနှင့် အသွင်သဏ္ဍာန်တူညီသော်လည်း "မနုဿ" လူအစစ်မဟုတ်ပါ။ "အမနုဿ"ဟု ခေါ်သော လူအတုအယောင်များပင် ဖြစ်ပါ၏။ လူဟုခေါ်သော်လည်း တိရစ္ဆာန်နှင့် မခြားလှသည့်သူများကို ဆရာကြီးလူထုဦးစိန်ဝင်း၏ နန်းစကား၊ မန်းစကား၊ မြန်မာတို့ရဲ့ မြန်မာစကားစာအုပ်တွင် အောက်ပါအတိုင်း ညွှန်းဆိုရေးဖွဲ့ထားပါသည်။

အမေရိကန်တွေသုံးသော ဘန်းစကားများထဲတွင် manimal ဆိုသောစကားတစ်လုံးရှိသည်။ man(လူ)နှင့် animal(တိရစ္ဆာန်)ကို ပေါင်းစပ်၍ manimal (လူတိရစ္ဆာန်)ဟု ဆိုလိုရင်းရှိပုံကို ရေးသီထားပါသည်။

ယခုအမှုတွင် ပျက်သုဉ်းသွားသူက ပြုကျင့်သူများအပေါ် နစ်နာဆုံးရှုံးအောင် ကိုယ်ထိလက်ရောက် ပြုမူခဲ့ခြင်း အလျင်းမရှိခဲ့ပါ။ ပြုကျင့်သူများ၏ လူမဆန်စွာ ယုတ်မာမှုကြောင့် ရခဲဘိသောလူ့ဘဝကို ငယ်ငယ်ရွယ်ရွယ်ဖြင့် စွန့်ခွာသွားခဲ့ရသည်။ ပြုသူနှင့် ပျက်သူတို့၏ အမှုအခင်းကို ကျွန်ုပ်နှင့် ပတ်ဝန်းကျင်ရှိ လူသားစင်စစ်တို့၏ တာဝန်ကျေပွန်မှုကြောင့် အမှုမှန်ကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ပါ၏။ အမှုစစ်အရာရှိတစ်ယောက်၏ စွမ်းရည်နှင့် အမနုဿလင်မယား၏ပြုကျင့်မှု ဤဖြစ်စဉ်ကို "ကျွန်ုပ်နှင့် လူ့တိရစ္ဆာန်များ"ဟု မှတ်တမ်းပြု တင်ပြလိုက်ရပါတော့သည်။

**စုံထောက်မောင်ရေခဲ**

**ညွှန်းဖွဲ့**

ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၏ကိုယ်စား ကျွန်ုပ်ဟု အမည်တစ်ဦးတည်းဖြင့် ရေးသီသမှုပြုခဲ့ပါသည်။ ဤသို့ရေးသီနိုင်အောင် ကူညီပံ့ပိုးခဲ့သော မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းပြုအပ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# မိုးသဲအောင်

## အဇ္ဈတ္တ ကြေးတာမ်း



www.burmeseclassic.com

စာရေးသူမှာ ဆောင်းတွင်းအခါ ရောက်လေတိုင်း နံနက်စောစော လမ်းလျှောက်ထွက်လေ့ရှိသည်။ တစ်ရက်တွင် ထုံးစံအတိုင်း လမ်းလျှောက်ထွက်လာစဉ် မဆင်မခြင်မောင်းလာသည့် ဆလွန်းကားတစ်စီးကြောင့် လမ်းအောက်ဆင်း၍ ရှောင်ပေးလိုက်ရ၏။ ကားနံပါတ်ကိုလည်း အသေအချာပင် မှတ်မိလိုက်၏။

ဆက်၍ လျှောက်လာရာ လမ်းတစ်ကွေ့ကျော်လိုက်သည်နှင့်–

"လာကြပါဦးဗျ ... ကျွန်တော့် အဖေကြီး ကားတိုက်သွားလို့ ဟီး ဟီး"

အသက်ငါးဆယ်ခန့်ရှိမည့် အမျိုးသားတစ်ဦး။ နှာခေါင်းအတွင်းမှ သွေးများ ယိုစီးကျလျက် ပက်လက်အနေအထားဖြင့် ကတ္တရာလမ်းဘေး ရုပ်ပျက်ဆင်းပျက် လဲနေ၏။ ကလေးတစ်ယောက်က မနိုင်မနင်းပွေ့ပိုက်လျက်–

"အဖေကြီး ... အဖေကြီး"

ကလေးမှာ မနိုင်မနင်းဖြင့် .. အတင်းဆွဲ အတင်းလှုပ်၍ သတိပြန်ဝင်လာစေရန် အစွမ်းကုန်ကြိုးစားနေ၏။ ကလေးက ရှစ်နှစ်ကိုးနှစ်အရွယ်မို့ မနိုင်မနင်းဖြင့် ဆွဲထူလိုက် ပြန်လဲလိုက်ဖြင့် မြင်ကွင်းမှာ စိတ်မချမ်းမြေ့ဖွယ်။

အနီးရောက်သွားချိန်ဝယ် ကလေး၏ .. အော်ဟစ်အကူအညီတောင်းသံ၊ ငိုယိုသံများကြောင့် အနီးဝန်းကျင်ရှိနေသူများ၊ အပြေးအလွှားဝိုင်းအုံလာကြ၏။ ထိုလူအုပ်ကြားဝယ် ယူနီဖောင်းဝတ်ရဲဝန်ထမ်းတစ်ဦးလည်း ပါလာသည်ကို မိမိ သတိထားမိ၏။ တစ်ခဏအတွင်း ကင်မရာချိတ်ထားသော လူငယ်တစ်ယောက်လည်း စက်ဘီးလေး ရှိုဆိုထိုးရပ်ပြီး အခင်းဖြစ်စဉ်အား ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်နေ၏။

စိတ်ကြိုက်ဓာတ်ပုံများရသွားသည်နှင့် သူနှင့် ဘာမှမပတ်သက်သလိုပင် ထွက်ခွာသွားတော့၏။ မေးမြန်းကြည့်ရာ နယ်မြေခံသတင်းထောက်တစ်ဦးဖြစ်ကြောင်း သိရ၏။ မိမိ၏တာဝန်ပိုင်းသာ ဦးစားပေး၍ လူသားချင်းစာနာသည့် ဝတ္တရားစိတ်မဲ့လွန်းသော ထိုသူ့ကျောပြင်ကြည့်လိုက်ရင်း ရင်မောသွားမိ၏။ သတင်းထောက်လုပ်ငန်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဗြိတိန်တော်ဝင်မိသားစုနှင့် ပတ်သက်သည့် ဒိုင်ယာနာမင်းသမီးမှုခင်းသည် ကမ္ဘာကျော်၏။

မင်းသမီးမှာ သတင်းထောက်များ၏ ခရေစေ့တွင်းကျ မေးမြန်းမှုအားရင်မဆိုင်လို၍ ရှောင်ရင်း တိမ်းရင်း ကားအရှိန်လွန်၍ မရှုမလှ သေဆုံးခဲ့ရ၏။ စောင့်စည်းအပ်သော လူသားဝတ္တရားစည်းအား ကျော်နင်း၍ ဦးမှထူးမည်ဟု အလုပ်တာဝန်ကို ဖောင်းပေးလိုက်သောအခါ ဝတ္တရားစံနှုန်းပျောက်၍ မုဆိုးက သားကောင်လိုက်သကဲ့သို့ ဖြစ်သွား၏။ ထိုအခါတွင် ပုဂ္ဂလိက လူသားတစ်ယောက် အခွင့်အရေးနှင့် သတင်းထောက်လုပ်ငန်းခြင်းလုပ်ငန်းကြား ဝိရောဓိ အချင်းပွားစရာဖြစ်လာ၏။

တစ်ဖက်နှင့်တစ်ဖက် ဝေဖန်မှုများ၊ ရှုတ်ချမှုများရှိလာ၏။ ထိုအခါက ကမ္ဘာကျော်သတင်းစာကြီးတစ်စောင်က သတင်းသမားများဘက်မှ ကာကွယ်၍ မှုခင်းနှင့်ပတ်သက်သည့် ချေပမှုတစ်ခုဝယ် "သတင်းထောက်"ဟူသောခေါင်းစဉ်ဖြင့် ဤသို့ဆို၏။

သတင်းထောက် ဟူသည် သတင်းဓာတ်ပုံတစ်ပုံရရန် လျှပ်တစ်ပြက်ကြိုးစားနေချိန်တွင် ရေနစ်သူကို မကယ်နိုင်သလို ကင်မရာကိုဘေးချပြီး ကားထဲတွင်ညှပ်နေသော ဒိုင်ယာနာကိုလည်း ကားထဲက ဆွဲမထုတ်နိုင်ပါ။ ကားထဲတွင်ညှပ်နေသော ဒိုင်ယာနာသည် သတင်းထောက်အတွက် အလွန်ရတောင့်ရခဲ ဓာတ်ပုံ တစ်ပုံဖြစ်၏။ ကားထဲမှ ဆွဲထုတ်ပြီးမှရိုက်လိုက်သော ဓာတ်ပုံသည် သတင်းဓာတ်ပုံကောင်းတစ်ခုမဟုတ်တော့ပါ။ မိမိ အလုပ်ဘေးချထားပြီး သူများအလုပ်ကို မလုပ်နိုင်ပါ။ သတင်းထောက်သည် သတင်းထောက်အလုပ်ကိုသာ မိမိအသက်နှင့်လဲ၍ လုပ်ရပါလိမ့်မည် .. ဟူ၍

ဤအဆို မှန်ပေသည်။ သို့သော် သဘောတရားသက်သက်ဖြစ်သည်။ လူသားဟူသော စံချက်လွဲနေပေသည်။ တာဝန်ဟူသော အစိပ်အပိုင်းတို့သာ


www.burmeseclassic.com

www.burmeseclassic.com



ဒွင့်ဆိုထားသည်။ တာဝန်အရဆိုခဲ့သည့်အတိုင်း ဦးစွာဆောင်ရွက်မည်။ ပြီးသော် ကျောခိုင်းကာ ထွက်ခွာသွားသည့် ဝတ္တရားမဲ့ခြင်းမျိုး မဖြစ်သင့်။ နောက်ဆက်တွဲလူသားချင်းစာနာသည့် အသိမျိုးဖြင့် ကူညီရန် ဝတ္တရားဟူသော အစိပ်အပိုင်းအဓိပ္ပာယ်ထပ်ဖွင့်၍ ညွှန်းလျှင် ပိုမိုပြည့်စုံမည်ဖြစ်၏။

သတင်းသမားသည် ပရဟိတသမားမဟုတ်။ ရှေးဦးသူနာပြု ဆေးဝန်ထမ်းမဟုတ်ဟု စောဒကတက်သည်။ သတင်းသမားသည်လည်း မပေးဘဲရှိနေသည့် ဝတ္တရားနှင့် လူသားပင်မဟုတ်လောဟု တစ်ချက်တည်း မေးလိုက်လျှင် ထိုစောဒကပျက်၏။ ဝတ္တရား (ဝါ) ပရဟိတ (သို့) စေတနာမပါသော တာဝန်သက်သက် ဆောင်ရွက်ခြင်းမျိုးသည် အလုံးစုံအောင်မြင်မှုသို့ ဘယ်သောအခါမှမရောက်။ ဝတ္တရားဟူသော စေတနာပိုင်းပါ တွဲဖက်ဆောင်ရွက်တတ်သူသာလျှင် ထိပ်တန်းသို့ ရောက်မြဲဖြစ်လေ၏။

ခဏအကြာတွင် သတိလစ်နေသောပုဂ္ဂိုလ်မှာ 'အီး'ဟု သက်ပြင်းရှည်ကြီးတစ်ချက်စွဲကာ လှုပ်ရှားလာ၏။ သတိကကောင်းစွာမရသေး။ နှာခေါင်း၊ နားရွက်၊ ပါးစပ် ပွန်းပဲ့ဒဏ်ရာများမှ ထွက်နေသော သွေးများသည် မြင်မကောင်းအောင်ပင်ထွက်နေဆဲ။ ကတ္တရာလမ်းဘေးမြေပင်ဝယ် ချင်းချင်းရဲနေ၏။ ဝိုင်းကြည့်နေသူ လူအများထဲမှ ဆိုက်ကားနင်းသူလူငယ်တစ်ဦးမှ–

"ဟာ ...ဒါဆို ဆေးရုံအမြန်သွားရင် အသက်ရှင်နိုင်သေးတယ်၊ လာ .. လာ ...ဝိုင်းမပြီး ကျွန်တော့်ဆိုက်ကားပေါ်တင် .. ကျွန်တော် ... လိုက်ပို့ပေးမယ်"

နှုတ်ကဆိုလျက် အလျင်အမြန်ပင် ရပ်ထားသောဆိုက်ကား တွန်းထုတ်လာ၏။ ထိုအခါ အခင်းစဖြစ်ကတည်းက အနီးတွင်ရှိနေသော ရဲဝန်ထမ်းက ဆိုလာပြန်၏။

"ခဏ ... ခဏ .. နေကြပါဦး၊ နယ်မြေခံနယ်ထိန်းကို ဖုန်းဆက်ထားတယ်၊ သူလာအောင် ခဏစောင့်ပါဦး"

ထို တားမြစ်ချက်ကြောင့် လူတချို့ နောက်ရှဲသွား၏။

ထိုအခါ ကျွန်ုပ်မှာ မနေသာတော့–

"ဒီမှာ .. မောင်ရင် ... လုပ်ထုံးလုပ်နည်း မှားနေပြီထင်တယ်၊ ဆေးရုံအချိန်မီမရောက်ရင် သွေးထွက်လွန်ပြီး သေသွားနိုင်တယ်၊ ဆေးရုံကို အမြန်ပို့ရမယ်"

ပြောပြောဆိုဆို ပွေ့ချီ၍ ဆိုက်ကားပေါ်တင်ရန်လုပ်နေစဉ် ထိုပုဂ္ဂိုလ်မှ ရှေ့တစ်လှမ်းတိုးကာ စကားဆိုလာပြန်၏။

"ဒီမှာ ...ဦးလေး .. ဒီမှုခင်းက ကျွန်တော်တို့ရဲလုပ်ငန်းကိစ္စပါ၊ ဒီလို ဝင်ရှုပ်နေရင် ဝတ္တရားနှောက်ယှက်မှုနဲ့ အရေးယူရပါလိမ့်မယ်"

ထိုစကားကြောင့် မိမိ အတော်ကို အောင့်သက်သက် ဖြစ်သွားရ၏။ အနည်းငယ်လည်း အံ့ဩသွား၏။ ဝတ္တရားဟူသောစကား ပါးစပ်ကတော့ ထွက်လာပါသေးလားဟု–

"အေး .. မင်း .. ငါ့ကို ဝတ္တရားနှောက်ယှက်မှုနဲ့ အရေးယူချင်လည်း ယူပါ၊ ဒါပေမဲ့ ... မင်းလည်း ဝတ္တရားပျက်ကွက်မှုနဲ့ ရုံးတက်ဖို့ စဉ်းစားထားပါ"

နောက်မှ ပွေ့ပိုက်၍ ဆေးရုံအထိ လိုက်ပို့ပေါ်ရန် လူတစ်ယောက်လည်း အရံသင့် ထွက်လာ၏။ ကားတိုက်ခံထားရသည့် အရေးပေါ်လူနာမှာ ဤမညီညွတ်သော အကြောင်းတရားများကြားကပင် ဆိုက်ကားသမားလေးအကူအညီဖြင့် ဆေးရုံရောက်သွားလေပြီ။

တာဝန်ဟူသည် ရုပ်သဘောဆန်သည့် ကန့်သတ်ချက်တစ်ခုပင်ဖြစ်၏။ ဝတ္တရားဟူသည်ကား အနုသယဆန်၍ နူးညံ့သိမ်မွေ့သောသဘောဖြင့် ပိုမိုနက်ရှိုင်းသည့် အသွင်ဆောင်ပေ၏။ တာဝန်နှင့် ဝတ္တရားသည် သီးခြားသုံးရန် မဟုတ်။ တစ်ပေါင်းတည်းသုံးရန် ဖြစ်သည်။ တစ်နည်းဆိုရသော် မိမိထမ်းဆောင်ရသော တာဝန်အစိပ်အပိုင်းအား စေတနာထား လုပ်ကိုင်ခြင်းသည် တာဝန်နှင့် ဝတ္တရားအား တစ်သားတည်း ပုံဖော်ရာ ရောက်တော့၏။

တာဝန်ဟူသောကန့်သတ်မှုနောက်ဝယ် လစာ၊ ငွေကြေး၊ အမိန့် တစ်စုံတစ်ရာရှိနေနိုင်သည်။ ဝတ္တရားဆိုသည်ကား ထိုသဘောတရားမဟုတ်။ ပကတိ ရိုးသားဖြူစင်သော နှလုံးသားမှ ယိုစီးလာသော သဒ္ဒါတရားအခြေခံသည့် စိတ်ကောင်းစိတ်မြတ်ဖြစ်သည်။ နှစ်ပေါင်း တစ်ရာကျော် ရုပ်သေးရုပ်ကျွန်ပြုနေသော အင်္ဂလိပ်ကို တိုက်ထုတ်၍ မင်းလွတ်လပ်ရေးရအောင်လုပ်ဟု အောင်ဆန်းဟူသော တက္ကသိုလ်ကျောင်းသားလေးအား မည်သူကမျှ တာဝန်ပေး စေခိုင်းခဲ့သည်မဟုတ်

မြန်မာဆိုတာ ကမ္ဘာက အောင်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ကုလသမဂ္ဂမှာ မင်း အတွင်းရေး မှူးဖြစ်အောင်လုပ်ဟု ဦးသန့်အား လည်း မည်သူကမျှ တာဝန်ပေး စေ ညွှန်းချက်မထုတ်ခဲ့။ ဤဝတ္တရား သိသောစိတ်မှ အခြေတည်ကာ မိမိမျိုးနွယ်အား ကယ်တင်ချင်သော မျိုးဂုဏ်မြှင့်တင်လိုသောစိတ်ဓာတ်ကောင်းလေးများ၏ စေ့ဆော်မှုဖြင့် ကြီးမားသော တာဝန်ကြီးများ ထမ်းလျက် သမိုင်းမှတ်တိုင်စိုက်ထူခဲ့ကြပေသည်။

ထိုပုဂ္ဂိုလ်များ မြန်မာနှင့်ကမ္ဘာ ဝယ် အဘယ်ကြောင့် ဤမျှ ကြီးကျယ် ခမ်းနားခဲ့ပါသနည်း။ ခမ်းနားရခြင်း အကြောင်းတရား ရှိပေသည်။ ဤပုဂ္ဂိုလ်များ၏စွမ်းဆောင်မှုများမှာ သာမန်လူများနှင့်မတူ။ တာဝန်မှဝတ္တရားသို့ သွားသည်မဟုတ်။ ဝတ္တရားအသိမှ တာဝန်သို့ သွားသူများဖြစ်ချေ၏။

တာဝန်နှင့် ဝတ္တရားအား ကွဲကွဲပြားပြား မသိသည့်အခါ "ဝတ်ကျေတန်းကျေပေါ့ကွာ"၊ "ဝတ္တရားအရပေါ့ရှင်" အသုံးများလျက် တာဝန်ထက်စာလျှင် ဝတ္တရားမှာ အရေးမပါသလို ထင်မြင်ကျင့်သုံးနေကြပေ၏။ ဝတ္တရား၏ အရေးပါပုံကို မိမိတို့ ဗုဒ္ဓဘာသာတိုင်းပြည်ဝယ် ရှေးအခါကတည်းက ကျင့်သုံးပြဋ္ဌာန်းပြီးဖြစ်၏။

မိဘတာဝန်၊ သားသမီးတာဝန် ဟုမသုံး။ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ် စသည်ဖြင့် သုံးခဲ့ကြ သုံးနေမြဲဖြစ်၏။ ဝတ်ဟူသည် ဝတ္တရားမှ ဆင်းသက်လာသော အသုံးဖြစ်သည်။ ဝတ္တရားစိတ်ဟူသည် တစ်စုံတစ်ရာ တွန်းအားကြောင့် ဖြစ်ပေါ်လာသည်မဟုတ်။ သတ္တဝါများ ဖြစ်တည်လာကတည်းက တစ်သားတည်းပါလာသော အကျိုးပြုဗီဇစိတ်တစ်မျိုး ဖြစ်၏။ ခွေးသည် မိမိမှီခိုရာဝန်းအတွင်း ခြံအတွင်း သူခိုးသူဝှက် လူစိမ်းဝင်လာလျှင် သခင်အား ဟောင်၍ သတိပေး၏။ ကြောင်တို့သည် မှီခိုရာအိမ်အား ကြွက်အန္တရာယ်ကင်းအောင် စောင့်ရှောက်၏။ သတ္တလောကတွင် တာဝန်ဟူသည် ကန့်သတ်ချက်မရှိ။ သဘာဝ၏ဗီဇစိတ်အရ ဝတ္တရားအသိဖြင့် ကျေးဇူးပြုခြင်းဖြစ်တော့၏။

ကားတိုက်ခံရသူမှာ အခင်းဖြစ်ပွားသည့်ရပ်ကွက်အတွင်းမှ အတော်နွမ်းပါးသည့်အနိုပ်သည်တစ်ဦးဟု သိရပေ၏။ မျက်စိနှစ်လုံးစလုံး ရေတိမ်စွဲကာ အမြင်ဝေဝါးနေသောကြောင့် သားဖြစ်သူ ကလေးမှ ဖေးကူ၍ လမ်းဖြတ်ကူးကြရင်း ကားတိုက်ခံရခြင်း ဖြစ်၏။ တကယ့် တရားခံအစစ် ကားသမားကတော့ ခြေရာလည်းပျောက်၊ ရေလည်းနောက်၍ ကိုယ်ပျောက်ဖာတ်ခင်းကာ မောင်းပြေးလေပြီ။

ဆေးရုံတွင် စာရေးသူနှင့် ခင်မင်သည့် စာပေသူငယ်ချင်း ဆရာဝန်တစ်ဦး ရှိနေသည်မို့ ဖုန်းဆက်အကြောင်းကြားလိုက်ရာ အစစ အရာရာ အဆင်ပြေသွား၏။ ကားသည် တည့်တည့်ဝင်တိုးခြင်းမဟုတ်။ ဘေးတိုက် ပွတ်ချိတ်ဆွဲသွားခြင်းဖြစ်၏။ အတိုက်ခံရသူမှာ လွင့်စင်လဲကျသွားသည့်အရှိန်ကြောင့် ပွန်းပဲ့ဒဏ်ရာများနှင့် ညာဘက်ခြေထောက် ကျိုးသွား၏။

ကားနံပါတ်အား အတိအကျ မှတ်မိနေသည်မို့ အပြန်လမ်းဝယ် ရဲစခန်းဝင်ကာတိုင်ကြားခဲ့၏။ နောက်တစ်နေ့နံနက်တွင် စခန်းမှ သတင်းပို့၏။ ကားနှင့်အတူ တရားခံဖမ်းမိပြီဟု၊ တရားခံမှာ သားသတ်လုပ်ငန်းအာ... လိုင်စင်ဖြင့်လုပ်ကိုင်၍ အတော်ချမ်းသာ... သူတစ်ယောက်ဖြစ်ကြောင်း သိရ၏။

နေရင်းထိုင်ရင်းပင် အလုပ်ရ... ကာ ရုံးချိန်းပုံမှန် တက်နေရတော့၏... တစ်ကယ်ဆိုလျှင် ဤဖြစ်စဉ်ဝယ် ဆိုက်... ကားဆရာနှင့်အတူပါသွားသည့်လူငယ်... မှာ တာဝန်ရှိသူမဟုတ်။ စေစားထား... သော အမိန့်တစ်စုံတစ်ရာမရှိ၊ လစာ... မရှိ၊ ဥစ္စာမရှိ၊ ရာထူးပါဝါမရှိ။ သို့သော်... တာဝန်ကျေပွန်သော ဝတ္တရားစိတ်အ... ပြည့်ဖြင့် ဤမှုခင်းဝယ် စွမ်းဆောင်မှု... က ထိပ်ရောက်သွား၏။

ဟီးနေသော တိုက်ကြီးပေါ်နေပြ... ဇိမ်ခံကားစီးနေနိုင်သည့် တရားခံပုဂ္ဂိုလ်... မှာဖြင့် တာဝန်နှင့်ဝတ္တရား နှစ်ခုစလုံး... ပျက်ယွင်းနေသည့်လူ့ဗလာချာပင်။ မိမိ... လို သေချာလှသော မျက်မြင်သက်သေ... ရှိနေ၍သာ မလွတ်သာဘဲ အဖမ်းခံရ... ခြင်းဖြစ်၏။

နှစ်ဦးနှစ်ဖက် အပြန်အလှန် ည... နှိုင်းကြရင်းပင် အဆင်ပြေမလိုနှင့် ပြ... မှုက ထင်ရှားသဖြင့် ထောင်တစ်နှ... ကျသွား၏။ ဤစီရင်ချက်ချသည့်နေ့က... စာရေးသူ စိတ်မကောင်းသော်လည်း... ဘာမျှမတတ်နိုင်။ ငေးငေးငိုင်ငိုင်ဖြ... လာရင်း အတွေးတချို့ဝင်လာ၏။

ဆိုက်ကားပေါ်ကလူနှင့် ဇိမ်... ကားပေါ်ကလူ ဘယ်သူက တကယ့်... လဲဟု ဂုဏ်ဒြပ်ခဝါချ၍ အဖွဲ့ကြေ... တမ်းတိုက်ကြည့်နေမိရင်း ...။

မိုးသဲအောင်(ပန်း...


www.burmeseclassic.com

www.burmeseclassic.com





# မြသိန်း
## မိဘအတွက်
## ကလဲ့စား



www.burmeseclassic.com

ကျွန်ုပ် စုံထောက်မောင်စံပျော်သည် အင်းစိန် စီအိုင်ဒီစုံထောက်ဌာနမှ သက်ပြည့်ပင်စင်ရပြီးသောအခါ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ ဩဘာလမ်း၌နေထိုင်ရင်း ကျွန်ုပ်ဝါသနာပါသော စာရေးစာဖတ်အလုပ်ဖြင့် အချိန်များကို ကုန်လွယ်စေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ဧည့်ခန်း၌ထိုင်၍ စာဖတ်နေခိုက် အသက်ငါးဆယ်အရွယ်ရှိ ရဲဝတ်စုံနှင့် လူတစ်ယောက်ရောက်လာသည်။

''ဆရာ ... ကျွန်တော့်ကို မှတ်မိပါသလားခင်ဗျာ''ဟု ဧည့်ခန်းတံခါးဝတွင်ရပ်၍ မေးသည်။

ကျွန်ုပ်သည် ပြုံးလိုက်ပြီး–

''ခင်မောင်ဝင်းရာ ... ငါ့မှတ်ဉာဏ်ကောင်းနေဆဲပါ၊ မင်းရဲ့အသံ .. စကားသံကြားကတည်းက ငါသိပါတယ်၊ ဘာလဲ ... မင်းရာထူးတိုးပြီး စီအိုင်ဒီကို ပြောင်းလာရပြီ မဟုတ်လား'' ဟု ပြောလိုက်ရာ–

''ဆရာပြောတာ .. မှန်ပါတယ်၊ ဆရာ .. ဘယ်လိုလုပ်သိလဲ''ဟု ပြော၍ သူစီးထားသောဖိနပ်ကိုချွတ်၍ ဧည့်ခန်းထဲဝင်လာသည်။

''ထိုင်ကွာ .. ခင်မောင်ဝင်း .. မင်းဟာ ငါနဲ့အတူတူ အလုပ်လုပ်ကထဲက အလုပ်ကြိုးစားတယ်၊ အတွေးအခေါ်၊ အယူအဆ အားလုံးကောင်းတော့ မင်းရာထူးတိုးပြီး စီအိုင်ဒီကို ပြန်ရောက်မယ်ဆိုတာ .. ငါတွက်ဆပြီးသားပါ'' ဟု ပြောလိုက်သည်။

''ဆရာ့စာတွေကို .. မဂ္ဂဇင်းတွေထဲမှာ ဖတ်ရပါတယ်၊ ဆရာ့ကျေးဇူးကြီးပါတယ်၊ ဆရာ့ရဲ့သွန်သင်မှုကြောင့် .. ကျွန်တော်ဟာ ခက်ခဲတဲ့အမှုကြီးတွေကို ဖော်ထုတ်နိုင်တော့ အခုလို ရာထူးတိုးပြီး ရန်ကုန်ပြန်ရောက်လာတာပါ''ဟု ပြောပါသည်။

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို ထိုင်ပြောရင်း ကျွန်ုပ်စာရေးရန်အောက်ပါဇာတ်လမ်းကို ပြောပြရာ ကျွန်ုပ်က စာရှုသူများသို့ ထပ်ဆင့်တင်ဆက်လိုက်ပါသည်။

+++

ဒုရဲမှူးခင်မောင်ဝင်းသည် မြန်မာပြည်မြောက်ပိုင်း တောင်ပေါ်ဒေသမြို့နယ်တစ်နယ်တွင် တာဝန်ထမ်းဆောင်နေစဉ် တစ်နေ့နံနက်တွင် သူ့အပိုင်နယ်မြေမှ ကျေးရွာလူကြီး ဦးလူမော်သည် ရွာသားအဖော်တစ်ယောက်နှင့်အတူ ရောက်လာပြီး သူ့ရွာစွန်တွင် လွန်ခဲ့သောတစ်နှစ်က လာရောက်နေထိုင်သော အသက်ခြောက်ဆယ်အရွယ် လူကြီးတစ်ယောက် အသတ်ခံရသည့် အ

လွန်ခဲ့တဲ့
အနှစ်နှစ်ဆယ်
လောက်က
အနောက်အရပ်မှာ
လူဆိုးပိုလ်တစ်ယောက်
အလွန်
သောင်းကျန်းတယ်လို့
ကြားဖူးတယ်၊
သူ့နာမည်က
...



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို လာရောက်အကြောင်းကြား သည်။

''လူသေကောင်ကို ... ခင်ဗျားတို့ ဘယ်လိုလုပ်ထားသလဲ''ဟု ကျွန်ုပ်က မေးရာ–

''အစောင့်ချထားပါတယ် .. စိတ်ချရတဲ့ရွာသားတစ်ယောက်ကို အစောင့်ခေါ်ထားတယ်၊ အလောင်းနား ဘယ်သူမှ မလာစေနဲ့လို့ ကျွန်တော် .. မှာထားပါတယ်''ဟု သူကြီးကပြောသည်။

ထို့ကြောင့် ဒုရဲမှူးခင်မောင်ဝင်းသည် ရဲတပ်စိပ်တစ်စိပ်နှင့်အတူ အဆက်အရာရှိ၏တာဝန်ပေးချက်အရ ငါးမိုင်ခန့်ဝေးသော ''ဆတ်သေ''ရွာသို့ ထက်နက်အပြည့်အစုံ၊ ရိက္ခာ ၁၂ ရက်စာနှင့် ထွက်ခွာသွားသည်။

အသွားအလာ ခက်ခဲသော ထိုတောင်ပေါ်ဒေသတွင်ရိက္ခာဆောင်သွား



နှ် အတွေ့အကြုံက စကားပြော၏။ ဆတ်သေရွာသို့ နေ့လည်မွန်းတည့်ခါနီး ရောက်သည်။ ရောက်ရောက်ချင်း ခင်မောင်ဝင်းသည် အလောင်းကို စစ်ဆေးသည်။ အလောင်းပတ်ဝန်းကျင်တွင် သဲလွန်စများရှာသည်။ တွေ့ရှိချက်များကို အသေးစိပ်မှတ်ခြင်း၊ မြေပုံကြမ်းများရေးဆွဲခြင်းတို့ကို ပြုလုပ်ပြီး နောက် ရွာလူကြီးအား အလောင်းကို မြို့နယ်ဆေးရုံသို့ ပို့ရန် တာဝန်ပေးလိုက်သည်။

သူသည် အလောင်းကို စတင်တွေ့သူနှင့် အသတ်ခံရသူနေသော တဲအိမ်ပတ်ဝန်းကျင်၌နေသူတို့ကို မေးသည်။ အသတ်ခံရသူမှာ အနောက်အရပ်မှ လာနေသူဖြစ်သည်။ တစ်ကိုယ်တည်းလာကြောင်း၊ သူ့အမည်မှာ ဦးရွှေဘုဟု ပြောကြောင်း၊ သူသည် ငှက်ဖျားရောဂါ ခံစားနေရသူဖြစ်ကြောင်း၊ သူ့စကားသံမှာ တောင်ပေါ်သားစကားသံမဟုတ်ကြောင်း ခင်မောင်ဝင်း စုံစမ်း၍ရသည်။

ဦးရွှေဘုသည်လည်ပင်းတွင် ဓားဒဏ်ရာအချက်ပေါင်းများစွာဖြင့် ရက်ရက်စက်စက် အသတ်ခံထားရ၏။ သူ့ပလိုင်းတစ်လုံးသာရှိရာ ထိုပလိုင်းထဲမှ ငွေစက္ကူသုံးသောင်းနီးပါးနှင့် ဝါးဗူးလေးတစ်ခုထဲမှ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက်များကို တွေ့ရသည်။ အရေအတွက်မှာ သိပ်မများပါ။

သူ၏အိပ်ရာဖြစ်သော ဝါးဖျာအောက်မှ ဓားရှည်တစ်ချောင်းတွေ့ရသည်။ ဓားရှည်လက်ကိုင်တွင် ဗိုလ်ဝ ဟူသောစာသားကို ထွင်းထား၏။

အဖြေမှာ ရှင်းနေသည်။ ငွေနှင့်ပစ္စည်းများကို လိုချင်၍ သတ်ခြင်းမဟုတ်။ ရန်ငြိုးကြောင့် သတ်သည်မှာ သေချာသည်။ ဘယ်လိုရန်ငြိုးလည်း။

ခင်မောင်ဝင်းသည် ဗိုလ်ဝ စာသားပါသော ဓားရှည်ကို ပြ၍ ရွာသားများအား–

''ခင်ဗျားတို့ ... ဗိုလ်ဝ နာမည်ကို ကြားဖူးသလား''ဟု မေးသည်။

လူဦးရေ သုံးလေးဆယ်ခန့်သာရှိသော ထိုရွာသားများထဲမှ အသက်ခြောက်ဆယ်အရွယ် လူကြီး တစ်ယောက်က–

''ဟိုး .. လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က အနောက်အရပ်မှာ လူဆိုးဗိုလ်တစ်ယောက် အလွန်သောင်းကျန်းတယ်လို့ ကြားဖူးတယ်၊ သူ့နာမည်က ဗိုလ်ဝပါ''ဟု ပြောသည်။

ခင်မောင်ဝင်းအားတက်သွားသည်။

''ဗိုလ်ဝ ... ဒီဘက်ကို လာသေးလား'' ခင်မောင်ဝင်းက မေးရာ–

''ဒီဘက်ကို မလာပါဘူး။ အသွားအလာက ... ခက်တယ်၊ တစ်တောင်ကျော် ... တစ်တောင်တက်နဲ့ဆိုတော့'' ထိုရွာသားကြီးက ဖြေသည်။

လူတစ်ယောက် အသတ်ခံရလျှင် အသတ်ခံရသူသည်လူဆိုးတစ်ယော



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်စေကာမူ လူသတ်သမားကို ဖော် ထုတ်ရေးသည် ရဲတို့၏အလုပ်ဖြစ်၏။

ထို့ကြောင့် ခင်မောင်ဝင်းသည် လူသတ်သမားကို ခြေရာခံဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ခြေရာခံရန် အထောက်အထား တစ်ခုကို ခင်မောင်ဝင်းရရှိထားပြီးဖြစ်သည်။ ခြေဖဝါးရာသုံးခုကို တွေ့၏။ ခြေဖဝါးရာနှစ်ခုမှာ လူတစ်ယောက်၏ ခြေရာ၊ ခြေရာမှာ သိပ်မကြီးသော ကြောင့် လူကောင်မှာ ငါးပေကျော် ကျော်မျှသာ ရှိရမည်။ အခြားခြေရာ တစ်ခုမှာ ခပ်ငယ်ငယ်သာ။ ထိုခြေရာ တစ်ခုကိုသာတွေ့ ရပြီး ၎င်းခြေရာ လုမ်းရာတစ်ဖက် တွင် အချင်းတစ် လက်မ သာသာရှိ သော တွင်းငယ်လေး (အနက်မှာ မြေအပျော့ အမာကိုလိုက်၍ အတိမ် အနက်ရှိရာ တွင်းငယ် လေး)ကိုတွေ့ရာ ထိုခြေရာ ရှင်သည် ချိုင်းထောက်ကို အသုံးပြုသူဖြစ်ကြောင်း ခင်မောင်ဝင်း ကောက်ချက် ချလိုက်သည်။

ဤရွာတွင် ချိုင်းထောက် နှင့်သွားသူ တစ်ယောက်မျှမရှိ ကြောင်း ခင်မောင်ဝင်း စုံစမ်းသိရှိ ရသည်။

''ငါတို့ ‥ ခြေရာခံပြီးလိုက် မယ်၊ ညနေစာနဲ့ နောက်တစ်နေ့မနက် စာအတွက် ‥‥ အခု ‥ ချက်ကြ၊ နောက်တစ်နာရီကြာရင် ငါတို့ခရီးထွက် မယ်''

ခင်မောင်ဝင်းသည် သူ့တပည့် များအား ထိုသို့ပြောပြီးနောက် ရွာသား များထဲမှ လမ်းပြတစ်ယောက်ကိုရှာ၍ တွေ့သည်။

နောက်တစ်နာရီအကြာတွင် ခင် မောင်ဝင်းနှင့် လမ်းပြတို့က ရှေ့မှသွား ပြီး ခြေရာခံလိုက်ကြသည်။

''လူသတ်သမားတစ်ယောက်ဟာ ချိုင်းထောက်နဲ့ဆိုတော့ ‥‥ ခရီးသိပ် တွင်မှာမဟုတ်ဘူး။ ငါတို့ ‥ ခြေသံလုံလုံ နဲ့ စကားမပြောဘဲလိုက်မယ်''

ညနေ နေဝင်ချိန် အမှောင်ထု အားကောင်းစတွင် ခင်မောင်ဝင်းတို့ သည် တောင်ကျချောင်းတစ်ချောင်းသို့ ရောက်လာရာ ထိုညအတွက် ထိုနေရာ ၌ စခန်းချလိုက်ကြသည်။

နောက်တစ်နေ့တွင် သူ၏တပည့် များ မနက်စာ ညစာကိုချက်နေစဉ် သူ နှင့် လမ်းပြသည် လူသတ်သမားခြေရာ များကို ရှာဖွေရာ ချောင်းတစ်ဖက်တွင် တွေ့ရသည်။ ခြေရာများက တောင်ပေါ် တက်သွားကြောင်း ညွှန်ပြနေသည်။

အဘနဲ့အမက
ပစ္စည်းတွေ
ဝှက်ထားရမလားဆိုပြီး
ရက်ရက်စက်စက်
သတ်သွားတယ်၊
ကျုပ်ရဲ့ညီက
ဓားပြတစ်ယောက်ကို
ခြေနဲ့ကန်တော့
ဗိုလ်ဝက
ကျုပ်ညီရဲ့
ခြေထောက်တစ်ဖက်ကို
ခြေသလုံးအလယ်က
ခုတ်ဖြတ်လိုက်တယ်
...



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီတောင်ဟာ ‥ ဟိုဘက်မြို့နယ်နဲ့ ဒီဘက်မြို့နယ်အစပ်ပဲ''လမ်းပြက ပြောသည်။

''ရွာတွေရှိသလား''ခင်မောင်ဝင်းကမေးသည်။

''တောင်ပေါ်မှာတော့ ‥ မရှိဘူး၊ ဒီချောင်းတစ်လျှောက်မှာပဲ ရှိတယ်'' လမ်းပြက ဖြေသည်။

''တောင်ပေါ်တက်သွားတယ်ဆိုရင် ဒီကောင်တွေဟာ ‥ ဟိုဘက်မြို့နယ်ထဲကပဲ ဖြစ်ရမယ်''

ခင်မောင်ဝင်းသည် အားတင်းပြီး ဆက်လိုက်သည်။

''ခြေရာတွေကြည့်ရတာ … ခပ်မှန်မှန်သွားတဲ့ပုံပဲ၊ သွားလိုက် နားလိုက်နဲ့ … ဒင်းတို့ ခဏ ခဏ နားသွားတဲ့ အရာတွေ တွေ့ရတယ်'' ခင်မောင်ဝင်းက လမ်းပြကိုပြောရာ လမ်းပြက–

''ဆရာဟာ … တကယ် မျက်စိရှင်တာပဲ''ဟု ခင်မောင်ဝင်းကို ချီးကျူးသည်။

ပေနှစ်ထောင်ခန့်မြင့်သောတောင်ပေါ်သို့ ခင်မောင်ဝင်းတို့သည် ခြေရာခံရင်းတက်သွားရာ ခြေရာများမှာ လတ်လတ်ဆတ်ဆတ်ဖြစ်နေကြောင်း တွေ့ရသည်။ တောင်ပေါ်လမ်းရှိ မြက်ပင်များမှာခြေနင်းခံထားရသောကြောင့် ပြန်မမတ်။ ပြန်မထောင်ခြင်းက ၎င်းမြက်ပင်များပေါ်နင်းသွားသည်မှာ သိပ်မကြာသေးကြောင်း သက်သေခံများပင်ဖြစ်သည်။

နောက်တစ်နာရီကျော်ကျော်အကြာတွင် ခင်မောင်ဝင်းနှင့်လမ်းပြသည် သစ်ပင်ကြီးတစ်ပင်အောက်၌ လဲလျောင်းနေသူနှစ်ယောက်ကို တွေ့ရသည်။ ခင်မောင်ဝင်းသည် သူ့သေနတ်ကို မောင်းတင်ပြီး ထိုးသွားရင်း–

''ဟေ့ကောင်တွေ … မထနဲ့ ငြိမ်ငြိမ်နေကြ''ဟု ပြောလိုက်သည်။

ခင်မောင်ဝင်း၏တပည့်များကလည်း ထိုလူနှစ်ယောက်ကို ဝိုင်းထားလိုက်ကြသည်။

ခင်မောင်ဝင်းသည် သူ့တပည့်အချို့ကို ထိုသူများရှိ လက်နက်များဖြစ်သော ဓားရှည်တစ်ချောင်းနှင့် ဓားကောက်တစ်ချောင်းကို သိမ်းယူလိုက်စေသည်။

''ကဲ … မင်းတို့ ထထိုင်ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ ‥ ငါ့ကို … ပြောစမ်း'' ခင်မောင်ဝင်းက ပြောရာ–

အသက်သုံးဆယ်ကျော်အရွယ် ဗလတောင့်တောင့်နှင့်လူက ''ကျုပ်တို့ရဲ့ အဘနဲ့အမ (အဖေနဲ့အမေ)ကို သတ်သွားတဲ့ဓားပြဗိုလ် ဗိုလ်ဝကို ကျုပ်တို့ လိုက်ရှာပြီး လက်စားချေလိုက်တာပါ။ ဒီကောင်က ကျုပ်ရဲ့ညီကို အဲဒီဓားပြဗိုလ်က ဓားနဲ့ခုတ်လို့ ကျုပ်ညီ ခြေတစ်ဖက်ပြတ်သွားတယ်''ဟု ပြောပါသည်။

''ဗိုလ်ဝ … မင်းတို့ အဘနဲ့အမကိုသတ်သွားတာ … ဘယ်တုန်းကလဲ''

''လွန်ခဲ့တဲ့အနှစ် ၂၀ ကာလက အဲဒီတုန်းက ကျုပ်က ဆယ်နှစ်သားပဲရှိသေးတယ်၊ ကျုပ်ညီက ‥ ငါးနှစ်သား။ ဗိုလ်ဝနဲ့သူ့တပည့်ဆယ်ယောက်လောက်က ကျုပ်တို့ရဲ့ ကျောက်တစ်လုံးရွာထဲဝင်ပြီး ပစ္စည်းတွေယူပြီး ကျုပ်နဲ့ ‥ အဘနဲ့အမက ပစ္စည်းတွေ ဝှက်ထားရမလားဆိုပြီး ‥ ရက်ရက်စက်စက် သတ်သွားတယ်၊ ကျုပ်ရဲ့ညီက ဓားပြတစ်ယောက်ကို ခြေနဲ့ကန်တော့ ဗိုလ်ဝက ကျုပ်ညီရဲ့ခြေထောက်တစ်ဖက်ကို ခြေသလုံးအလယ်က ခုတ်ဖြတ်လိုက်တယ်၊ ကျုပ်ကတော့ … ငြိမ်နေလို့ ဘာမှမဖြစ်ဘူး။ ဒါနဲ့ … ဗိုလ်ဝဟာ တဖြည်းဖြည်း အသက်ကြီးလာပြီး သူ့လူတွေလည်း သေသူသေ၊ ထွက်ပြေးသူပြေးနဲ့ သူတစ်ယောက်တည်းကျန်၊ ငှက်ဖျားရောဂါရနေပြီဆိုတဲ့ သတင်းရတော့ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ဟာ ဆယ်နှစ်လုံးလုံး သူ့သတင်းစုံစမ်းပြီး သူ့ကို ခြေရာခံလိုက်နေတာ လွန်ခဲ့တဲ့ခြောက်လလောက်က ဗိုလ်ဝ 'ဆတ်သေ'ရွာမှာ ရောက်နေတယ်၊ နာမကျန်းဖြစ်နေတယ်ဆိုတာ သတင်းရတာနဲ့ အခုလို သူ့ကို ကျုပ်တို့ရဲ့မိဘတွေအတွက် ကလဲ့စားချေလိုက်ခြင်းပဲ''ဟု ညီကြီးအမည်ရှိ အကြီးကောင်က ပြောပြသည်။ (အငယ်ကောင်၏အမည်မှာ ညီလေးဖြစ်သည်)

သူတို့ ညီအစ်ကိုနှစ်ယောက်သည် အဖမ်းခံရသော်လည်း တုန်လှုပ်ချောက်ချားခြင်းမဖြစ်ပါ။

ကျွန်ုပ်သည် သူတို့ကို ကြိုးဖြင့်ချည်နှောင်ခြင်းမပြုလုပ်ဘဲ ခေါ်လာပါသည်။

မြို့သို့ရောက်သောအခါ တရားသူကြီးရှေ့တွင် ကျွန်ုပ်ကိုပြောခဲ့သည့်အတိုင်း မိဘအတွက်ကလဲ့စားချေခြင်းဖြစ်ကြောင်း ထွက်ချက်ပေးကြပါသည်။

(နောင်အခါ ဝယ်တရားသူကြီးက သူတို့ညီအစ်ကိုကို ထောင်ဒဏ်ဆယ်နှစ်စီ ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။)

မြသိန်း

www.burmeseclassic.com

ဘဝဆိုတာ ကျဉ်းမြောင်းသလို
ရယ်လည်းရယ်စရာ
ကောင်းလှပါတယ်၊
နောက်ပြီး မကောင်းတဲ့အလုပ်ဟာ
အသိတရားတစ်ခုရတာနဲ့
ကျွတ်သွားတတ်တာမျိုးပါ ...





www.burmeseclassic.com

www.burmeseclassic.com



□

ပြည်တွင်း ကုန်တင်ကုန်ချအလုပ်
မားဝတ်စုံ ဝတ်ထားသူတစ်ဦး ဆေး
ါ့လိပ်ကိုဖွာရင်း လျှောက်လာနေ
ည်။ အဝေးမှကြည့်လျှင် သိပ်မသဲ
ဲ့သော်လည်း အနီးရောက်လာသည်
် ဒုရဲအုပ် အိုင်အိုချစ်ကောင်းအဖို့
ချာသွားသည်။ "ဒီကောင် ‥ ဟုတ်
ုတ်ရဲ့လား ‥ ဘာတွေများဖြစ်နေ
ဲ"ဟု တွေးမိပြန်သည်။

"ဟကောင် …ကျော်မင်း"

ဤတွင် အလုပ်သမားက တိုင်
စ်တိုင်ကို မှီရပ်နေသည့် အိုင်အိုချစ်
ာင်းကို မြင်သွားသည်။

"ဟာ … ဆရာ၊ အခု ‥ ဒီကို
ာက်နေပြီလား"

"မဟုတ်ပါဘူးကွာ … အလုပ်
နဲ့လာတာပါ၊ မင်းကော ဘယ်လိုက
ယ်လို ဖြစ်နေတာလဲ"

"ဟဲ …ဟဲ ‥ဟဲ အကြွေး
်နေတာပါ ဆရာ"

"ဘာကွ …မင်းစကားက"

ကျော်မင်းက ဘေးဘီသို့ကြည့်သည်။ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ကို တွေ့သည်။

"ဆရာ ‥ အချိန်ရမလား"

"ရပါတယ်ကွ ‥ ဘာဖြစ်လို့လဲ"

"လာပါဆရာရယ် … ဟိုလက်ဖက်ရည်ဆိုင်ထဲသွားကြရအောင်၊ သန့်ရှင်းတဲ့ဝင်ငွေနဲ့ ဆရာ့ကို ကြိုတုန်း ပြုစုပြီး ခုနက ကြွေးဆပ်တဲ့အကြောင်း ပြောပြပါ့မယ်"

အိုင်အိုချစ်ကောင်းက ပြုံးရယ်ခေါင်းညိတ်သည်။ ကျော်မင်း၏ စကားကိုလည်း သူက အမှန်ပင်စိတ်ဝင်စားသွားသည်။ သူခိုးတစ်ယောက် ဖောက်ထွင်းရေးသမားတစ်ယောက်၏ ပြောင်းလဲသွားသောဘဝမှာ တစ်မျိုးတော့ ထူးခြားပေမည်ဟု တွေးမိလိုက်သောကြောင့်လည်း ဖြစ်သည်။

"လက်ဖက်ရည်နှစ်ခွက် … မုန့်ကော … စီးကရက်ပါချကွာ"

ကျော်မင်းက ဆိုင်ထဲရောက်၍ ထိုင်ပြီးသည်နှင့် မှာလိုက်သည်။ အိုင်အိုချစ်ကောင်းက စီးကရက်မီးညှိပြီး ကျော်မင်း၏စကားအလာကို စောင့်သည်။

"ဆရာရေ … ဘဝဆိုတာ ကျဉ်းမြောင်းသလို ရယ်လည်းရယ်စရာကောင်းလှပါတယ်၊ နောက်ပြီး … မကောင်းတဲ့အလုပ်ဟာ အသိတရားတစ်ခုရတာနဲ့ ကျွတ်သွားတတ်တာမျိုးပါ"

"အမှန်ပဲ … ကျော်မင်း"

"ကျွန်တော့်အဖြစ်ကလည်း ‥ အဲဒီအသိတရားရခဲ့လို့ ခုလို သန့်ရှင်းတဲ့ဘဝကို ရောက်လာရတာ၊ ဒါကလည်း ဝေလွင်ဆိုတဲ့ လူတစ်ယောက်ကြောင့်ပဲ"

"ဝေလွင်ဆိုတာက …"

"သူလည်း ‥ သူခိုးတစ်ယောက်ပဲ ‥ ဆရာ"

"ဟော့ … မင်းတို့ဟာက"

"ကဲပါဆရာရယ် … အဖြစ်ကို အစအဆုံး … ကျွန်တော် ‥ ပြောပြပါ့မယ်၊ ဒါမှ ‥ ဆရာရှင်းသွားမှာ ‥ အဖြစ်က ဒီလိုဆရာရေ့ ‥"

နေချို၍ လေကြိုတတ်သောအချိန်ဖြစ်သည်။ ဝေလွင်က သောက်နေကျ အရက်ဖြူဆိုင်ထဲသို့ပင် ဝင်လာသည်။

အရက်ဖြူတစ်ပိုင်းနှင့် ကြက်ဥကြော်တစ်ပွဲမှာကာ ဖိမ်ဆွဲ၍ သောက်နေလိုက်သည်။ အလုပ်မဖြစ်သည်မှာ တစ်လလောက်ရှိပြီဖြစ်၍ သူ့တွင်ငွေက ပြတ်သလောက်ဟု ဆိုရပေမည်။ သူချောင်းနေသည့်အိမ်ကလည်း လူပြတ်သည်ဟူ၍မရှိ။ ဘယ်အကွက်ကိုချောင်းရမည်မှန်းလည်း မသိ။ စိတ်အိုက်လှသည်။

"ရမ်တစ်ပိုင်း … ဘဲကင်တစ်စိတ်နဲ့ ဝက်အူချောင်းကြော်တစ်ပွဲကွာ"

မလှမ်းမကမ်းမှအသံကြောင့် ဝေလွင်၏အတွေးက ပြတ်သွားသည်။ သူက လှည့်၍ အကဲခတ်သည်။ လယ်သမားကြီးတစ်ဦး ဖြစ်ဟန်တူ၏။ ခပ်ဖောင်းဖောင်းလွယ်အိတ်တစ်လုံးကိုလည်း စားပွဲပေါ်တွင် တင်ထားသည်။

ဝေလွင်က အရက်ကို ဖိမ်ဆွဲသောက်ကာမသိမသာ အကဲခတ်နေသည်။ ဆိုင်ထဲတွင်လည်း အသောက်သမားများ တစ်စ တစ်စ များလာ

www.burmeseclassic.com



ကျွန်တော်
ပြန်ထွက်လာတော့
ခိုးဆိုးလုယက်တဲ့
လုပ်ငန်းကို တကယ်ပဲ
စိတ်ကုန်သွားတယ်၊
ကျွန်တော်က စံပြီး
တစ်ဖက်သားခံရတဲ့
အဖြစ်က
ကျွန်တော့်ကို
အသိတရား
ရလိုက်မိတယ်
...

သည်။ ရမ်ကို ရေလေးရောပြီး ခပ်သွက်သွက်ပင် သောက်နေ၏။

ဒိုင်သို့ စပါးချပြီးပြန်လာသလော ဟု ဝေလွင်တွေးမိနေသည်။ စားပွဲပေါ်ရှိ လွယ်အိတ်ပေါ်သို့လည်း ဖြောင်ပင်စိုက်ကြည့်နေမိသည်။

"ပိုက်ဆံလာယူကွာ"

လယ်သမားကြီးက စားပွဲထိုးအားခေါ်လိုက်သည်။ ပိုက်ဆံရှင်းသည်။ ထို့နောက် ထရပ်သည်။ လွယ်အိတ်ကို ဆွဲကာ ယူသည်။ ခပ်သွက်သွက်ချထားသည့် ရမ်တန်ခိုးပြပုံရသည်။ လူက ယိုင်သွားသလို လွယ်အိတ်ကလွတ်ကျသွားသည်။ အိတ်ထဲမှ ၂၀၀ ကျပ်တန် တစ်ထုပ်က လျှောခနဲ ထွက်ကျသည်။

ဝေလွင့်ခမြာ မျက်လုံးပြူးသွားမိသည်။ အသက်ရှူပင် ရပ်သွားလေသလားဟု ထင်ရ၏။ ဤမျှ ငွေကြေးကို သူမကိုင်ရသည်မှာကြာပြီဖြစ်သည်။ သူ့ခေါင်းထဲသို့ အကြံက ရုတ်ချည်းဝင်ရောက်လာသည်။

ဆိုင်ထဲမှ ခပ်ယိုင်ယိုင်ထွက်သွားသော လယ်သမားကြီးကိုလှမ်းကြည့်ပြီး ပတ်ဝန်းကျင်ကိုပါအကဲခတ်လိုက်သည်။ လယ်သမားကြီး၏အဖြစ်ကို မည်သူမျှ သတိပြုမိကြဟန်မတူ။ ကိုယ့်ဝိုင်းနှင့်ကိုယ် စကားကောင်းနေကြသည်။

ဝေလွင်က အချိန်မဆွဲတော့။ ငွေရှင်းပြီးနောက်မှ ခပ်ဖြည်းဖြည်းထွက်လာသည်။ ဆိုင်ပြင်ရောက်သည်နှင့် သူ့ခြေလှမ်းကို သွက်ပစ်လိုက်သည်။

ရှေ့မှ လယ်သမားကြီးမှာ ယိမ်းယိမ်းယိုင်ယိုင်နှင့် သွားနေသည်။ အတော်ပင်မှောင်စပျိုးပြီဖြစ်သည်။ မြို့ပြင်သို့ရောက်လာသည်။ ရှေ့မှ ရွာသာယာရွာကိုသွားမည်မှန်းဝေလွင်တွက်မိသည်။ သူက အချိန်မဖြုန်းရန် ဆုံးဖြတ်သည်။

လမ်းဘေးမှ အုတ်ခဲတစ်လုံးက သူ့လက်ထဲရောက်လာသည်။ ထို့နောက်

"ခွပ်"

လယ်သမားကြီးမှာ တစ်ချက်မှ မအော်နိုင်ဘဲ လမ်းဘေးမြောင်းဆီသို့ စိုက်ဆင်းသွားသည်။ ဝေလွင်က လွယ်အိတ်ကို အမိအရဆွဲ၍လှည့်ပင်မကြည့်တော့ဘဲ တစ်ချိုးတည်းပြေးတော့သည်။

"ဟေ့ ...ဟေ့ ...ဟိုရှေ့မှာ ဘာဖြစ်တာလဲ"

ဝေလွင်အတွက် ကံဆိုးပြီလောမသိ။ လမ်းကြားတစ်ခုမှ ထွက်လာသော လူတစ်စုက ဘွားခနဲပေါ်လာသည်။ ဝေလွင်က အပြေးကို အရှိန်မြှင့်လိုက်သည်။ အနောက်ကလူများကလည်း အပြေးလိုက်လာကြသည်။

ဝေလွင်က သစ်ပင်အုပ်ဆီသို့ ကွေ့ဝင်သည်။ တုတ်တစ်ချောင်းက သူ့နဖူးဆီသို့ ပြေးဝင်လာသည်။ ရှောင်တိမ်းရန်အချိန်မရတော့။ မျက်လုံးထဲ မီးပွင့်သွားပြီးနောက် မှောင်အတိကျသွားတော့သည်။

ဤဖြစ်မှုကြောင့် ဒုစရိုက်သမား ဝေလွင်မှာ ထောင်တစ်နှစ်ကျခဲ့ရသည်။ ထောင်ကျရကျိုးမနပ်ဟု သူထင်သည်။ သူ့လက်ထဲမှ ဖြတ်လုသွားသူအပေါ် တက်တစ်ခေါက်ခေါက် ဖြစ်နေရသည်။ သို့ဖြင့် ထောင်ကျပြီး ရှစ်လမျှအကြာတွင် မသကာ်မှုဖြင့် ရမန်ကြီးတစ်ပတ်ယူထားသော လူသစ်တစ်ယောက်နှင့် သူတို့ ဆုံမိကြသည်။ ထိုလူက ကျော်မင်း။

လူတို့၏ စိတ်ဆိုသည်မှာ ဆန်း



www.burmeseclassic.com



ကြယ်လှ၏။ မြင်မြင်ချင်း ချစ်ခင်တတ်ကြသလို ကြည့်မရသည်များလည်း ရှိကြ၏။ ဝေလွင်နှင့် ကျော်မင်းတို့ကမူ မြင်မြင်ချင်း ချစ်ခင်သွားကြသူများဖြစ်၏။ တစ်ယောက်အကြောင်း တစ်ယောက်ပြောပြကြသည်။ မည်သည့်အမှုဖြင့် ရောက်ရကြောင်း နတ်သံနှောကြသည်။

ဝေလွင်က သူ့ဇာတ်လမ်းကို ပြောပြချိန်မှာ ကျော်မင်း ထောင်ကမထွက်မီတစ်ရက်အလိုတွင် ဖြစ်သည်။ ကျော်မင်းက ဝေလွင့်ပြစ်မှုကို စိတ်ဝင်တစားနားထောင်သည်။ နေရာဒေသ အဖြစ်အပျက်တို့ကို တစ်ခုချင်း စေ့စေ့စပ်စပ်မေးကြည့်သည်။

ဝေလွင်၏ စကားအဆုံးတွင် ကျော်မင်းက သက်ပြင်းချလိုက်သည်။ မျက်ရည်များပင် ဝေ့နေ၏။

“သူငယ်ချင်းရယ် ... လောကကြီးဟာ တကယ်ကျဉ်းမြောင်းတာပဲကွနော်”

ကျော်မင်း၏စကားကို ဝေလွင် သဘောမပေါက်။ မဆီမဆိုင် ဘာစကားလာပြောပါလိမ့်ဟု ပြန်ကြည့်မိသည်။ ကျော်မင်း၏မျက်ရည်စကို တွေ့၍ အံ့ဩရသည်။ ကျော်မင်းက ဝေလွင်အား ဖက်လိုက်သည်။ မျက်ရည်များက ယခုမှ တတွေတွေကျလာသည်။

“သူငယ်ချင်း ... ငါ့ကို ခွင့် .. ခွင့်လွှတ်ပါကွာ”

“ဘာကို ခွင့်လွှတ်ရမှာလဲကွာ၊ မင်းကို ဘာမဆိုပါ ခွင့်လွှတ်ပါတယ်”

“ဟ ... တကယ်လား သူငယ်ချင်း”

“အေးပေါ့ကွာ”

“မင်းကိုရိုက်ပြီး .. ဖြတ်လုလိုက်တာ ... ငါပဲကွ”

“ဟေ”

§ § §

“အဲဒါပါပဲဆရာ ... ခု ဝေလွင်လွတ်ဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တယ်၊ သူ့ဆီကို ... အမြဲတမ်း ထောင်ဝင်စာ သွားတွေ့တယ်၊ စားစရာသောက်စရာတွေ ပို့တယ်”

အိုင်အိုချစ်ကောင်းက နားလည်စွာ ခေါင်းညိတ်မိသည်။

“နေပါဦး ... အခု မင်းအလုပ်က”

“ဟုတ်တယ်ဆရာ .. ကျွန်တော်ပြန်ထွက်လာတော့ ခိုးဆိုးလုယက်တဲ့ လုပ်ငန်းကို တကယ်ပဲ စိတ်ကုန်သွားတယ်၊ ကျွန်တော်က .. စံပြီး တစ်ဖက်သားခံရတဲ့အဖြစ်က ကျွန်တော့်ကို .. အသိတရားရလိုက်မိတယ်၊ ဒါနဲ့ .. ရှိစုမဲ့စုလေးတွေ ရှာကြံပြီး ဒီမှာဝင်အလုပ်လုပ်တာပဲ၊ ဝေလွင်ထွက်လာရင် ခု .. ဒီအလုပ်ကရတဲ့ငွေတွေ စုထားတာနဲ့ ပြုစုရမယ်၊ သူ့အတွက် အလုပ်ပေးရမယ် ..။ သူလည်း သမ္မာအာဇီဝနဲ့ အသက်မွေးပါမယ်လို့ ကျွန်တော့်ကို ကတိပေးပြီးပါပြီ”

အိုင်အိုချစ်ကောင်းက ကျော်မင်းအား ပီတိဖြာသော မျက်လုံးဖြင့်ကြည့်သည်။ ဥပဒေဘက်တော်သားအဖို့ ဤအသိတရားများကို အမှောင်ထဲမှ လူများ ရှိလာစေလိုသည်က အမှန်ပင်ဖြစ်သည်။

“ကျော်မင်းရေ ... ဒီလို အသိတရားမျိုး ... ဒီလို ... ကျေးဇူးသိတတ်ပုံမျိုးကတော့ ရှားပါတယ်၊ မင်းကို .. ငါ .. ချီးကျူးတယ်၊ မင်းဟာ လူတစ်ထောင်မှတစ်ယောက်လောက်သာရှိနိုင်တဲ့လူမျိုးပါ၊ မင်းဟာ တစ်ထောင်ထဲက တစ်ယောက်ပဲပေါ့”


ဘသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com





# မြမြိုင်

## လိုက်ခဲ့တော့

ပုလဲဖြူမကို နွားဝယ်သလို
ဝိုင်းကြည့်ကြမှာကို မြင်ယောင်မိတယ်။
ဒီလို လှတဲ့မိန်းကလေးကို ဘယ်ပုရိသတွေက မကြိုက်ဘဲ ရှိကြပါ့မလဲ...



www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီရွာတစ်ရွာလုံး ...ဒီသူငယ်မအလှဆုံးလို့ ..ထင်တယ် ..ကျေးတောရွာတစ်ရွာလုံး ...ဒီသူငယ်မပင် အလှဆုံးလို့ထင်တယ် ...လှပါတယ်ဆိုနေမှ ...ရှက်ပြုံးလေးနဲ့ကြည့်နေတာရယ် ...ယုံပါကွယ် ...မြှောက်ကာ ပင့်ကာလည်း ...မပြောတတ်တယ် ...အမေ့ကိုလည်းမတူအဖေနဲ့လည်းမတူ ...ဘယ်သူ့ကိုတူလို့ လှနေတာလဲကွယ်"

"ဟေ့ကောင် ...မင်း ..မင်းအလုပ်မလုပ်ဘဲနဲ့ ဘာတွေဆိုနေတာလဲ၊ အသံသေးအသံကြောင်နဲ့"

ကျုပ် သူ့ကိုတွေ့ရင် ပါးစပ်ကနေအလိုလိုကို သီချင်းဆိုမိတယ်။ တွေ့အောင်လည်း ကျုပ်မှာ အမြဲတမ်းစောင့်ပြီးချောင်းကြည့်ရတယ်။ တကယ်ကို တွေ့ရခက်ခဲလှတဲ့ မိန်းကလေး။ ခုတော့ ကျုပ် အစီအစဉ်ပျက်ရပြီ။ ကျုပ်နောက်ကနေ အသံပြဲကြီးနဲ့အော်ပြီး ကျုပ်ရဲ့ပုခုံးကို ပုတ်လိုက်တာ လန့်ပြီး ဆိုလက်စသီချင်းကို ရပ်လိုက်ရတယ်။

"မင်း ..ဒီခြံဝင်းရှေ့ ဘာလာလုပ်တာလဲ ..မင်းနဲ့ မသက်ဆိုင်တဲ့နေရာ ..မလာနဲ့လို့ ငါ ..ပြောထားတယ်မဟုတ်လား"

ကျုပ်ရဲ့အလုပ်ရှင် ဦးမြမင်း။ ရုပ်ကဆိုးသေး၊ အပြောကလည်းဆိုး။ ရှိုင်းတာကတော့ ရက်စက်တယ်။ အသားကလည်း မည်း။ ပါးစပ်ကပြဲနဲ့ ဘယ်လိုမှကြည့်လို့မရတဲ့ အနေအထား။ သူ့မိန်းမဒေါ်အိမ်သူဆိုတာကလည်း ဒေါ်အိမ်သူကနေ ဒေါ်အိမ်ဆူလို့ ပြောင်းမှလူနဲ့ နာမည်နဲ့လိုက်မယ်။ အိမ်မှာရှိသမျှအလုပ်သမားတွေကို တစ်ချိန်လုံး အော်ငေါက်ဆူနေတာ။ ဒါပေမဲ့ သူတို့ကကျုပ်တို့လို အလုပ်သမားတွေရဲ့ထမင်းရှင် အလုပ်ရှင်ဆိုပြီး ခေါင်းငုံ့ခံလိုက်ရတယ်။ ကျုပ် ဦးမြမင်းကို ဘာမှ ခွန်းတုံ့မပြန် သွားဆိုသွား၊ လာဆိုလာ၊ စေသည့်ကျွန်၊ ထွန်သည့်နွားလိုပေါ့။ ကျုပ်နေရတဲ့ နွားတင်းကုတ်ဘေးကအဖီဆွဲထားတဲ့အခန်းထဲက ကောက်ရိုးပုံပေါ်မှာ ဝမ်းလျားထိုးမှောက်ပြီး အဲဒီမိန်းကလေးအကြောင်းကိုပဲ ဆက်ပြီးစဉ်းစားနေလိုက်တယ်။

"အဲဒီ ...ကောင်မလေးရဲ့ မိဘတွေက ဒီဇရပ်ကွင်းရွာက မဟုတ်ဘူး။ မင်းမရောက်ခင် ...ဆယ်နှစ်လောက်စောပြီး တခြားနေရာက ပြောင်းလာကြတာ"

ကျုပ်ထက် ဆယ်နှစ်လောက်စောပြီး ရောက်လာတဲ့သူတွေဆိုတော့ ရွာမှာနေသားတော့ကျနေပြီ။ အရောင်းအဝယ်ကလည်းကောင်းတော့ စီးပွားဥစ္စာပြည့်စုံတာပေါ့။ သူတို့ရဲ့သမီး ပုလဲဖြူဆိုတာ တကယ့်ကိုလှတဲ့ ဆယ်ကျော်သက်ရွယ် မိန်းမငယ်လေးတစ်ဦးပေါ့။ ခေါင်းကအစ ခြေဖျားအဆုံး အပြစ်ပြောစရာမရှိအောင်ကို လှတဲ့အလှပါ။ အသားကစိုပြီး ဝင်းမွတ်တဲ့အရောင်။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ ဝိုင်းဝိုင်းစက်စက် မျက်လုံးအစုံနဲ့ နှင်းဆီရောင်အသွေးကြွနေတဲ့ နှုတ်ခမ်းနှစ်လွှာလေးရဲ့အလှပိုင်ရှင်ကို တစ်ခါမြင်ရုံနဲ့ စွဲမက်စေရမယ်။ ညို့မှောင်ရှည်လျားတဲ့ ဆံပင်ကို ပိုင်ဆိုင်ထားသလို ခန္ဓာကိုယ်အလှကလည်း အချိုးအစားကျပါဘိ။ ဒီလိုအလှမျိုးကို ငေးကြည့်မိတာ ကျုပ်ရဲ့အပြစ်လား။ ငေးကြည့်ရတဲ့ ဘဝကလည်း အိမ်အပြင်ဘက်ကနေသာ ငေးရတာပါ။

ဦးမြမင်းရဲ့စီးပွားရေးက တခြားတစ်မြို့တစ်ရွာမှာ ပိုပြီး အားကောင်းတယ်လို့ သိရတယ်။ ရွာခံလူကြီးတွေက ဦးမြမင်းအကြောင်းကို ပြောပြပါတယ်။ ဇရပ်ကွင်းရွာရဲ့ ဇာတိမဟုတ်ပေမယ့် ရွာရဲ့ သာရေး၊ နာရေးမှန်သမျှဆိုရင် ဦးမလေးဘူးတဲ့။ အစစအရာရာ သူကဦးဆောင်ပြီး ငွေအားကူတယ်။ ကျန်တဲ့အချိန်မှာတော့ မှန်တမ်းနေတယ်။ မနက်ခင်းဆို ရေနွေးကြမ်းနဲ့အကြော်အလှော်တစ်ခုခုစားပြီး တရားစာအုပ်ကို အသံထွက် ဖတ်နေတတ်တယ်။ ဒေါ်အိမ်သူကိုယ်တိုင်ထည့်ပေးတဲ့ရေနွေးကို ကြွေမတ်ခွက်လေးနဲ့ငှဲ့ပြီး တစိမ့်စိမ့်သောက်တယ်။ သူ့အနားကို ဘယ်သူမှ လာတာ မကြိုက်ဘူး။ အေးအေးဆေးဆေး တရားစာအုပ်ဖတ်မယ်။ ဒေါ်အိမ်သူကတော့ မီးဖိုချောင်ကိစ္စနဲ့ တခြားလုပ်ငန်းတွေရှိရင်လည်း သူပဲ စီမံခန့်ခွဲတယ်။ ပဲ၊ ပြောင်း၊ စပါးပေးကိုဆို



www.burmeseclassic.com

**ကျုပ်နာမည်က မိုက်ခေါင်တဲ့။ ရွာကမှည့်ပေးလိုက်တဲ့ နာမည်ပေါ့။ ကျုပ်လည်း လူနဲ့ နာမည်နဲ့လိုက်ပါတယ်။ ကျုပ်က ပညာလည်းမတတ်။ အသပြာကလည်းမရှိ။ မနအင်အားကလည်း နတ္ထိ။ ကိုယ့်ဘဝကိုယ် အားကိုးနေရတော့ သူများတွေ မစော်ကားရလေအောင် နေရာတကာမှာ စွာကျယ်လုပ်လွန်းလို့ ဒီမိုက်ခေါင်ဆိုတဲ့ဘွဲ့ကို ရတာ•••**

ရင်လည်း တခြားနယ်မှာရှိတဲ့ သူ့မိတ်ဆွေတွေနဲ့ အဆက်အသွယ်လုပ်ပြီး စာပေးစာယူနဲ့ လုပ်တယ်။

သူတို့လင်မယား၊ ဒီဇရပ်ကွင်းကို ရောက်စတုန်းက ပုလဲဖြူလေးက ငါးနှစ်ခြောက်နှစ်သမီးလောက်ပဲ ရှိသေးတယ်တဲ့။ အရင်သမီးအကြီး နှစ်ယောက်က နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ဒီအဖေနဲ့ အမေကို ထောက်ပံ့နေတာလို့လည်း သိရတယ်။ တစ်ခါ တစ်ခါ မြို့တက်ပြီး လူကြုံနဲ့သမီးတွေဆီက ပို့လိုက်တဲ့ ပိုက်ဆံကို သွားယူတယ်။ အဲဒီလိုပိုက်ဆံယူပြီးတာနဲ့ ရွာဦးကျောင်းဆရာတော်ကို အလှူဒါနပြုတဲ့အတွက် ဆရာတော်ကလည်း ဦးမြမင်းကို အမြဲတမ်း သာခုခေါ်လေ့ရှိတယ်။ ဒါပေမဲ့ တစ်ခုခက်တာက သူတို့ ဘယ်သွားသွား ပုလဲဖြူကို လုံးဝခေါ်မသွားဘူး။ ပုလဲဖြူကလည်း ပူဆာရမှန်းမသိတဲ့သူလို အနေက အရမ်းကိုအေးလွန်းတယ်။ ကျုပ် သူတို့ဆီမှာ အလုပ်လာလုပ်တဲ့ အချိန်က ပုလဲဖြူလေး အပျိုဖော်ဝင်စအရွယ်ပေါ့။ ဖူးစပန်းလေးတစ်ပွင့်က ယခုတော့ ဖူးငုံရာမှပွင့်စပြုလာတဲ့အလှဝေဖြာပန်းလေး ဖြစ်နေပြီ။ ကျုပ် ကမော်လမြိုင်က ဒိုးကော့ဒပ်ဇာတိ။ မိဘနှစ်ပါးစလုံးက ငယ်ငယ်ထဲက မရှိတဲ့အတွက် ဘုန်းကြီးကျောင်းသားဘဝကနေ တစ်ရွာလုံးရဲ့ခိုင်းဖတ်၊ ထမင်းရှင်တွေ ဖြစ်ကြတယ်။ စာဆိုတာ ပုပ်လောက်ကြီးရေးပြမှ သိတဲ့ကျုပ်က ဦးမြမင်းဆီမှာ အလုပ်လာလုပ်တဲ့အခါ တောက်တိုမယ်ရကနေ အဆင့်တက်ပြီး နွားလုည်းမောင်းခိုင်းတဲ့နေရာကို ပစ္စည်းပို့၊ စာပို့ပေါ့။ ကျုပ်ရဲ့ဘဝမှာ ရေကြည်ရာမြက်နုရာအရင်း ဒီဇရပ်ကွင်းကို ရောက်လာပြီး တစ်ဝမ်းတစ်ခါးအတွက် ဦးမြမင်းဆီမှာ အလုပ်ဝင်လုပ်ရတာ။

"မင်း •••တို့ဆီမှာ အလုပ်ဝင်လုပ်ရင် စည်းကမ်းတော့လိုက်နာရမယ်၊ ကိုယ်နဲ့မဆိုင်တာကို •••မစပ်စုနဲ့၊ ဝင်မပါနဲ့၊ အလုပ်လုပ်စရာရှိတာလုပ်၊ ထမင်းစားဖို့အတွက် အချိန်တန်ရင် မီးဖိုထဲမှာ ဝင်စား၊ မင်းအတွက် အသင့်ခူးထားပေးမယ်၊ ထမင်းစားတဲ့ မီးဖိုချောင်က အိမ်မနဲ့ သီးသန့်ပဲ၊ ဒီတော့ •••သမီးရှိတဲ့ အိမ်ပေါ်အထိ မင်း •••တက်စရာမလိုဘူး"

ကျုပ်ရဲ့ အေးရိပ်သာယာက နွားတင်းကုပ်ဘေးနားက အဖီစွဲပြီးထိုးထားတဲ့ ခပ်ယိုင်ယိုင်တဲလေးပေါ့။ ဒါပေမဲ့ ကျုပ်အဖို့ကတော့ နေပျော်၊ စားပျော်တဲ့ ဘဝပါ။ တခြားသူလိုပဲ ကျုပ်က အကြောင်းသိချင်တာ။ သမီးလို့လည်း ပြောတယ်။ ယုယကြင်နာမှုလည်း မတွေ့ရ။ မိသားစုသဖွယ် ရင်းရင်းနှီးနှီး လည်း မရှိကြသလို။ ပုလဲဖြူရဲ့အသွင်က အမြဲတမ်းကြောက်ရွံ့နေတဲ့အသွင်ကိုတွေ့ရတယ်။ တစ်ခါတလေ မျက်လုံးရွဲကြီးနဲ့ကြည့်ပြီး မချိပြုံးနဲ့ပြုံးပြတဲ့ သူ့အပြုံးလေးကို ခဏလေးတွေ့လိုက်ရတာနဲ့ ကျုပ်ရဲ့ရင်ထဲမှာ သာကူပြင် ပေါင်မုန့်၊ အုန်းနို့ကိုရေခဲတုံးအေးအေး နဲ့ သောက်လိုက်ရသလိုပဲ"

"ပုလဲဖြူရဲ့ •••အဖေနဲ့အမေက သူတို့သမီးကို ••အိမ်ပေါ်ကနေ ••အိမ် အောက်ကိုတောင် ဆင်းခိုင်းတာမဟုတ် ဘူး၊ အေးလေ •••ကောင်မလေးက လည်း အရွယ်လေးရောက်လာတော့ တော်တော်လေး လှလာတာကိုး၊ အဖိုး ကြီးကဆို •••သူ့သမီးကို ••အကြည့် တောင်မခံဘူး၊ ပုလဲဖြူဆိုတဲ့ ••နာ မည်နဲ့လည်း လိုက်အောင် လှတာကိုး"

ပုလဲဖြူတဲ့။ လူနဲ့နာမည်နဲ့လိုက် ပါတယ်။ ကျုပ်နာမည်က မိုက်ခေါင်တဲ့ ရွာကမှည့်ပေးလိုက်တဲ့နာမည်ပေါ့။ ကျုပ်လည်း လူနဲ့ နာမည်နဲ့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်က ပညာလည်းမတတ်။ အသပြာကလည်းမရှိ။ ဓနအင်အားကလည်း နတ္ထိ။ ကိုယ့်ဘဝကိုယ် အားကိုးနေရတော့ သူများတွေ မစော်ကားရလေအောင် နေရာတကာမှာ စွာကျယ်ဆုပ်လွန်းလို့ ဒီမိုက်ခေါင်ဆိုတဲ့ဘွဲ့ကို ရတာ။ ပုလဲဖြူရဲ့အပြုံးလေးတွေ တွေ့ရရင် ကျုပ်ရင်ထဲမှာ ကျေနပ်မိသလိုလို။

အဲဒီအပြုံးကလည်း ရတောင့်ရခဲအပြုံးပါ။ သူ့အမေဒေါ်အိမ်သူဆိုတာ သူ့အနားမှာ အမြဲရှိနေတယ်။ ဒေါ်အိမ်သူက အသားကညို၊ မျက်နှာပေါက်က လေ့ရတဲ့အထဲ။ သွားက ခေါ်သေး။ အရပ်ကပြတ်ပြတ်။ ပုလဲဖြူက ဒေါ်အိမ်သူထက် ဦးမြမင်းကို ပိုကြောက်နေသလိုပဲ။

“ကြားကြားသမျှ ... အမှုယှူကြပါ ဘေးအန္တရာယ်တွေ ကင်းဝေးပါစေ၊ အလုပ်အကိုင်များ .. အဆင်ချောပြီး အောင်မြင်ကြပါစေ၊ ပစ္စည်းသစ် ... ပစ္စည်းဟောင်းများလည်း သုံးနိုင်စွဲနိုင်ကြပါစေ”

ဒီစကားလုံးတွေက မနက်စောစောဘုရားရှိခိုးပြီးတာနဲ့ အမျှဝေရင်း အားလုံးကြားအောင်ရွတ်ဆိုတဲ့ မေတ္တာပို့သံပဲ။ တစ်ခါတလေနဲ့ မနက်မှာ မေတ္တာမပို့ဖြစ်ရင် ညနေမှာတစ်ခေါက်လောက်တော့ထပ်ပို့တယ်။ ဒါကြောင့်လည်း သူ့ကို တစ်ရွာလုံးက ကြည်ညိုလေးစားကြတာပေါ့။

ကျုပ် အလုပ်အားတဲ့အချိန် ညနေစောင်းနေညိုပြီဆို ကျုပ်ရင်ထဲက လေပြို့ကျလာပြီ။ တဂွေဂွေ၊ တအေ့အေ့နဲ့၊ ဒီတော့ သွားနေကြနေရာလေးကို လှမ်းပြီလေ။

“ထန်းပင်ကျရေ .. ထန်းပင်ကျရေ ... ချီတမြမြမွေးသလေလေ ..”

ကျုပ်ရဲ့သီချင်း ကျုပ်ရဲ့ပါးစပ်ဆိုင်းနဲ့ သံစဉ်နှောပြီး ထန်းတောကို လှမ်းလာခဲ့တယ်။ ဟိုမှာက ကျုပ်ရဲ့အတူသောက်ဖော်၊ သောက်ဖက်တွေက စောင့်နေကြတော့မယ်။ အားလုံးက နေစောင်းရင် လေက တောင်းလာကြပြီလေ။ တအေ့အေ့၊ တဂွေဂွေနဲ့ စည်းချက်ညီလို့။



“မိုက်ခေါင် .. မိုက်ခေါင် မတန်မရာကို မမုန်းနဲ့၊ မိုးနဲ့မြေကြီး .. နီးလာချင်နီးလာမယ်၊ မင်းနဲ့ ... ပုလဲဖြူကို ကွာလေလေ ကွာဝေး .. ဟိုးအဝေးက ..”

ထန်းရေဆိုင်က အပေါင်းအသင်းတွေက ကျုပ်ကို ဖျောင်းဖျအားပေး နှစ်သိမ့်ကြပါတယ်။ ကျုပ်ရောက်ပြီး မကြာခင် ရောက်လာတဲ့ ကြာပေါ်ဆိုတာကလည်း ပုလဲဖြူကို စိတ်ဝင်စားနေတာ။ သူလည်း ကျုပ်လို တစ်မြေတစ်ရွာကလာပြီး အလုပ်ရှာတဲ့သူ။ ကျုပ်က စာသိပ်မတတ်ပေမယ့် သူက ကျုပ်ထက်တော့ စာရေးတတ် ဖတ်တတ်တယ်။

ကျုပ်ကပဲ ဦးမြမင်းဆီမှာ အလုပ်တောင်းကြည့်ပါလားပြောလိုက်တော့ ကြာပေါ်လည်း အလုပ်ရသွားတယ်။ နယ်ကလာတဲ့ ကုန်ပစ္စည်းတွေမှတ်ရတယ်။ ပြန်ပြီး စာရင်းနဲ့တကွ အထုပ်အပိုးပြုလုပ်ပြီး ပို့ရတယ်။ ဦးမြမင်းသွားရာကို လှည်းမောင်းပို့ရတယ်။ သူလည်း ပုလဲဖြူလေးကို စိတ်ဝင်စားတယ်ဆိုတာ ကျုပ်ကို ဖွင့်ပြောတယ်။ အကြံတူရင် ရန်သူဆိုပေမဲ့ ကျုပ်က ကြာပေါ်ရဲ့အပေါ်မှာ ရန်သူလိုသဘော မထားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုလဲဖြူရဲ့အနားကို ကျုပ် မကပ်နိုင်သလို သူလည်း မကပ်နိုင်ဘူး။

“သူတို့က ... တခြားတစ်ရွာက ပြောင်းလာကြတာ ... အကြီးမ နှစ်ယောက်က နိုင်ငံခြားမှာ ..”

သူတို့အခြေအနေနဲ့ ကျုပ်ရဲ့အခြေအနေက သိပ်ပြီး ကွာဟလွန်းတော့ မမုန်းရဲဘူးပေါ့။ ဒါပေမဲ့ ပုလဲဖြူအပေ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သံယောဇဉ်က ရှိနေတယ်။

“သားအမိ ‥ သားအဖလို့သာ ပြောတယ်၊ မိသားစုတွေ အပြုံးအရယ် လည်း မရှိကြဘူး”

“ဟုတ်ပါ့ … အသွေးအရောင်ကအစ ကွာခြားလွန်းတယ်၊ အဘိုးကြီးကလည်း အလုပ်ကိစ္စနဲ့ ခဏ ခဏ ခရီးထွက်နေတာ၊ ကြာပေါ်က … ဘူတာရုံကို မကြာ မကြာ လိုက်ပို့ရတယ်”

သည်စကားတွေကို ကျုပ် စိတ် မဝင်စားဘူး။ ကျုပ် စိတ်ဝင်စားတာက ပုလဲဖြူနဲ့ ဆက်နွယ်နေတဲ့အကြောင်းပဲ။ မိစုံ၊ ဘစုံနဲ့ နေရတာလို့သာဆိုတယ်။ နွေးနွေးထွေးထွေးမရှိ။ သီးသီးသန့်သန့်နဲ့ အထီးကျန်ဆန်စွာနေရရှာတဲ့ ပုလဲဖြူလေး။

“မိုက်ခေါင် ‥ မိုက်ခေါင်ရှိလား”

တစ်နေ့ခင်းလုံး အလုပ်မပြတ်လုပ်လိုက်ရတဲ့အတွက် တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲနေလို့ ကျုပ်ရဲ့ ကောက်ရိုးကုတ်၊ နွားချေးနံ့ မွေ့ယာပေါ်မှာ ခြေပစ်လက်ပစ် လှဲအိပ်နေမိတယ်။ အပြင်ဘက်က ဦးမြမင်းရဲ့ခေါ်သံကြောင့် ကျုပ် လှဲနေရာမှ ထထိုင်လိုက်ပြီး လက်ထဲက ဟိုခြစ်ဒီခြစ်လုပ်ထားတဲ့ စာရွက်ကိုထားပြီး အပြင်ဘက်ကို ထွက်လာခဲ့တယ်။

“မိုက်ခေါင် … မိုက်ခေါင်”

“ပြော ‥ ဦးလေး၊ ကျုပ် ဘာလုပ်ပေးရမလဲ”

“ညနေမှာ ‥ ငါ့ဧည့်သည်တွေ လာကြမယ်၊ အဲဒါ … ရွာထဲက မအေးခတို့ဆီမှာ … အသားဟင်းစား သွားဝယ်ဦး”

ဦးမြမင်းရဲ့စကားကြောင့် ကျုပ်လည်း ရွာထဲဆီကို ထွက်လာခဲ့တယ်။ အိမ်ဝိုင်းထဲက မထွက်ခင် ကြာပေါ်နဲ့တောင် စကားပြောခဲ့ကြသေးတယ်။ ညနေစောင်းမှာ ဦးမြမင်းဆီကို ဧည့်သည် နှစ်ယောက် ရောက်လာတယ်။ ပုံစံက ဦးမြမင်းတို့ပုံစံပေါ့။

“ကျွန်တော်တို့ဗျာ … ပစ္စည်းကောင်းကောင်းလေးလိုချင်လို့ ခင်ဗျားရဲ့အဆက်အသွယ်တွေကို မေးပြီး ‥ လာခဲ့ရတာ၊ ခင်ဗျားနဲ့ ‥ မြို့မှာ အဆက်အသွယ်ရမှပဲ ရင်ထဲမှာ ဟင်းချမိတယ်”

“ကျုပ်ကလည်း ‥ ကျုပ်ပစ္စည်းကို တန်ဖိုးထားပြီး ဈေးကောင်းပေးတဲ့သူမှ ‥ ပေးချင်တာ၊ ကျုပ်က ‥ ဘာမဆို စိတ်တိုင်းကျမှရောင်းတာ”

“သိပါတယ်ဗျာ … ဦးမြမင်းက ပစ္စည်းကောင်းရအောင် စုဆောင်းတာတော်တယ်လို့ ‥ ကျုပ်တို့ ‥ သတင်းရထားပြီးသားပါ”

သုံးယောက်သား ဝိုင်းဖွဲ့ကာ အရင့်အရင်က ရင်းနှီးပြီးသားသူတွေပမာ စကားဖောင်ဖွဲ့နေကြသည်။

“ဟော … ငါးဒပ်ခြောက်ကြော်တောင် ကုန်ပြီ၊ ကဲ … ရော့ ‥ အခါးရေတကျိုက်လောက်”

“ဦးမြမင်းရဲ့ ‥ ရေနွေးကရားထဲကအရည်ကို ကျွန်တော်တို့က ‥ ရိုးရိုးရေနွေးကြမ်းမှတ်လို့ လက်စသတ်တော့ တကယ်ကိုကောင်းတဲ့ … ပင်ကျရေပါလား”

“ဟုတ်တယ်လေ … ကျုပ်က နေ့ခင်းနေ့လည်အားရင် အဲဒီလို စည်းစိမ်နဲ့နေတာ … မေတ္တာပို့တဲ့စကားက ကျုပ်နဲ့အဆက်အသွယ်လုပ်ထားတဲ့ သူတွေနဲ့ လျှို့ဝှက်စကားပြောလိုက်တာပဲ၊ ဒါကြောင့် … ကျုပ်ဆီမှာ ‥ ပစ္စည်းကောင်းရှိတယ်ဆိုတာ ‥ ခင်ဗျားတို့ သိရတာပေါ့”

“အကြံကလည်း ‥ ပိုင်ပါ့ ‥ ဦးမြမင်းရယ်”

“ဟား … ဟား ‥ ပိုင်ရမယ်လေ … မအိမ်သူရေ ‥ ပုလဲမကို အခါးရေကြမ်းနဲ့ မြည်းစရာလေး လုပ်ပေးပြီး ပို့ခိုင်းလိုက် … သေသေချာချာ ယူလာပါစေနော်”

“အင်း … အင်း ‥ ကျွန်မသိပါပြီ … လွှတ်လိုက်ပါ့မယ်”

ကျုပ် ဟင်းစားအသားတစ်တွဲရလာလို့ ဒေါ်အိမ်သူရှိတဲ့ မီးဖိုချောင်ကို သွားပေးတဲ့အချိန်မှာ အိမ်ပေါ်ထပ်က ဦးမြမင်းရဲ့အသံကို ကြားလိုက်ရတယ်။

ကျုပ်စိတ်ထဲ ဘဝင်မကျသလို ခံစားရတယ်။ အိမ်မှာ အလုပ်သမား သုံးလေးယောက်ရှိတာကို ခိုင်းလို့ရရဲ့သားနဲ့။ သမီးမိန်းကလေး အပျိုလေးကိုမှ ခေါ်ထုတ်ခိုင်းရတာ မကောင်းဘူးပေါ့။

“အကြီး … ပုလဲမကို မခိုင်းပါနဲ့၊ သူမအားရင် နေပါစေ၊ ကျုပ် … ယူသွားပေးလိုက်မယ် ‥ ကဲ ‥ ထည့်ပေးလိုက်”

“ဟဲ့ … ဟဲ့ ‥ နေနေ၊ အလုပ်ကိစ္စနဲ့ စကားပြောရင် ‥ အနားမှာ တခြားသူတွေရှိတာ မကြိုက်ဘူး”

“ဟ … ဒါဆို ပုလဲမကရော”

“နင်ကလည်းလေ ‥ ပုလဲမက သူ့သမီးလေ … သူ့သမီး လှကြောင်း ကြွားချင်လို့နဲ့တူတယ်”

အဲဒီစကား ကြားလိုက်ရတော့ ကျုပ်ရင်ထဲမှာ အောင့်သက်သက်နဲ့ မ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခိတမလေးကိုမှ
ပုခုံးနှစ်ဘက်ကို
ခပ်ဖိဖိကိုင်ပြီး
ယုတ်မာပက်စက်မှု
အပေါင်းကို
သရုပ်ဆောင်းဖို့
ကြည့်နေတဲ့
ဦးမြမင်းရဲ့
ဘီလူးသူရဲစီးနေတာကို
မြင်ရတော့
ကျုပ်ရင်ထဲက
ဒေါသမုန်တိုင်းက
လှိုင်းထန်လာပြီး . . .

က်မသာခံစားလိုက်ရတယ်။ လာတဲ့ ည့်သည်တွေရဲ့ပုံစံကို ရိုးတိုးရိပ်တိတ် ျုပ်ချောင်းကြည့်တဲ့ယ်။ မိုက်တိမိုက် န်းနဲ့ ဘယ်လိုပုံစံပေါက်နေမှန်းကို သိတဲ့လူနှစ်ယောက်။ ဒေါ်အိမ်သူက မြမင်းရဲ့စကားအတိုင်း စားစရာ၊ သောက်စရာနဲ့ ရေနွေးကြမ်းအိုး၊ ပန်း န်လုံးတို့ကို ဗန်းနဲ့ထည့်ပြီး ပုလဲဖြူကို ပို့ခိုင်းတာတွေ့ရတယ်။ အိမ်ရှေ့ခန်းမှာ ပုလဲဖြူမကို နွားဝယ်သလို ဝိုင်းကြည့်ကြမှာကို မြင်ယောင်မိတယ်။ ဒီလို လှတဲ့မိန်းကလေးကို ဘယ်ပုရိသတွေက မကြိုက်ဘဲ ရှိကြပါ့မလဲ။ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ အိမ်နောက်ဖေး ကောက်ရိုးပုံနားမှာပဲ ထိုင်နေလိုက်တယ်။ ကောက်ရိုးပုံစောင့်တဲ့ခွေးလိုပဲ ပြောချင်ပြောကြပေါ့။

"မအိမ်သူ . . . မအိမ်သူ"

"အင်း . . လာပြီ ကိုမြမင်း"

"မင်းမလာနဲ့ . . . ပုလဲမကိုပဲ လွှတ်လိုက်၊ ဒီမှာ ပန်းကန်တွေလာသိမ်းဦးလို့ . . . နည်းနည်းလေးမှ အလိုက်ကန်းဆိုးမသိဘူး"

"ဟုတ် . . ဟုတ်ကဲ့ . . ကိုမြမင်း လာပြီ . . . လာပါပြီ"

"အကြီး . . . ပန်းကန်တွေ ကျုပ်သွားသိမ်းလိုက်မယ်လေ"

"အမလေး . . . အေးအေးနေပါ မောင်မိုက်ခေါင်ရယ် . . . သူ့ဒေါသကို သွားမဆွလိုက်ပါနဲ့ . . သူက . . ဒီလူလာခဲ့ဆို ဒီလူလာမှကြိုက်တာ . . ပုလဲဖြူကိုပဲ လွှတ်လိုက်ရမယ် . . ပုလဲဖြူ . . . ပုလဲဖြူ"

အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေလို့ပဲ ကျုပ်မြင်မိတယ်။ စားသောက်ပြီးသား ပန်းကန်သိမ်းတာပဲ။ ဘယ်သူသိမ်းသိမ်းပေါ့။ နာရီဝက်လောက်ကြာတဲ့အခါမှာ အိမ်ပေါ်က ကိုရွှေညှော့သည်နှစ်ယောက် ဆင်းလာတာတွေ့တယ်။ ကြာပေါ်ကလည်း ရောက်လာပြီး ကျုပ်နဲ့အတူထိုင်နေတယ်။ ကျုပ်မျက်နှာက တလောကလုံးကို မကျေနပ်တဲ့အကြည့်နဲ့။ အဲဒီညှော့သည်နှစ်ယောက်ကို စေ့စေ့ကြည့်လိုက်တယ်။ ညှော့သည် နှစ်ယောက်ကလည်း ကျုပ်ကို ပြန်ပြီး ဘုကြည့်ကြည့်တယ်။

"တောက် . . . တကယ်ပဲကွာ"

"မိုက်ခေါင် . . . မင်းစိတ်ကို မင်းထိန်းပါ၊ ဒါ . . တို့ကိစ္စမှမဟုတ်တာ၊ သူတို့ဘာသာ အလုပ်ကိစ္စနဲ့လာကြတာ၊ မင်း . . အနေသာကြီးပဲလေ"

ကြာပေါ်က ကျုပ်ကို သေသေချာချာ သတိပေးလိုက်တယ်။ ကျုပ်စိတ်တိုတာ အလောကြီးသွားမှန်းသိတယ်။ ပုလဲဖြူနဲ့ ပတ်သက်လာရင် ဘာဆိုဘာမှ အရိပ်မမိုးစေချင်ဘူး . .။ ရင်ထဲက ဒေါသကို တဖြည်းဖြည်းလျှော့ချပြီး အိမ်မကြီးပေါ်ကို တက်လာလိုက်တယ်။

"ကိုမြမင်း"

"ဘာလဲ . . ဘာပြောမလို့လဲ"

"အခုလာတဲ့ ညှော့သည်က . . ညှော့စိမ်းတွေနော်"

"အဲဒီအတွက် . . မင်း . . ဘာမှ စိတ်မပူနဲ့၊ သူတို့က ငါ့ဆီကို အဆက်အသွယ်ကောင်းကောင်းနဲ့ ဆက်သွယ်ပြီးမှလာကြတာ၊ သူတို့အကြောင်းလည်း ငါ့ဆီ . . သတင်းပို့ပြီးပြီ"

"ရှင်ဖြတ်တဲ့ပစ္စည်းကိုရော ကြိုက်ရဲ့လား"

"ဟ . . မအိမ်သူ၊ အကောင်းမကြိုက်ရင် လူမိုက်ပေါ့ကွ၊ ပစ္စည်းက အမျိုးမှန်၊ တန်ဖိုးမှန်တယ်ဆိုတာ သူတို့က . . သိကြတယ်လေ၊ စရံတောင်ပေးသွားတယ်၊ သူတို့လာယူတဲ့နေ့မှ သေသေချာချာထုပ်ပိုးပြီး ပေးလိုက်ရမယ် တစ်ရက်နှစ်ရက်လောက်တော့ စောင့်ခိုင်းရမယ်"



www.burmeseclassic.com

"ဘာအတွက်ကြောင့်လဲ"

"ထုံးစံအတိုင်းလေ . . . ငါ့ပစ္စည်း ကောင်း မကောင်း ငါကိုယ်တိုင် သေ သေချာချာ စစ်ဆေးကြည့်ရဦးမယ်"

"ရှင်ကတော့လေ . . ပစ္စည်းမှန် သမျှ စစ်ဆေးတာပဲ"

"ဟာ . . . မအိမ်သူ၊ မင်း ဘာ စကားပြောတာလဲ၊ အရင်းအနှီးများ များနဲ့ လုပ်ထားရတာ . . . ဖြစ်သလို သည်အတိုင်းပေးလိုက်လို့ မဖြစ်ဘူး"

"ကဲ . . . ဒါဆိုလည်း . . . ရှင့် သဘော၊ ကျုပ်တော့ . . . မိုက်ခေါင်နဲ့ ကြာပေါ်ခေါ်ပြီး . . . အရှေ့ရွာဘက်ကို အကြွေးသွားတောင်းဦးမယ်၊ ရှင်တို့ သားအဖပဲ စာရင်းတွေလုပ်ပေါ့"

"ငါ့အလုပ်ကိစ္စ . . ငါသိပါတယ် မအိမ်သူရယ်"


"ဟဲ့ . . မိုက်ခေါင် . . မနက်စော စောထပြီး လှည်းထုတ်ထားနော်၊ ငါ သွားစရာရှိတယ်"

ကျုပ်က ဒေါ်အိမ်သူကို ခေါင်း ညိတ်ပြပြီး ကျုပ်နေရာကို ကျုပ်ပြန်လာ ခဲ့တယ်။ ကောက်ရိုးပေါ်လှဲအိပ်နေရင်း က စဉ်းစားမိတယ်။ ဘာပစ္စည်းတွေ များ အရောင်းအဝယ်လုပ်ပါလိမ့်ပေါ့။ အင်းလေ ဆက်ပြီး မစဉ်းစားတာဘဲ ကောင်းပါတယ်။ ကျုပ်အလုပ် ကျုပ် လုပ်ရမှာပေါ့။

+ + +

"မိုက်ခေါင် . . . မိုက်ခေါင် . . အမလေး . . မိုက်ခေါင်ရယ် . . နိုးလိုက် ရတာ၊ တကတည်း အိပ်နေလိုက်တာ၊ ကဲ ထ . . ထ . . . ငါ အရှေ့ဘက်ရွာ သွားမလို့ ကြာပေါ်ဆိုတဲ့အကောင်က လည်း . . . ဘယ်သွားလည်းမသိဘူး၊ ငါ . . သွားနိုးတော့ သူ့နေရာမှာ သူ မရှိဘူး၊ အဲဒါ . . . မင်းပဲ လိုက်ပို့တော့"

ဘယ်အချိန်ထိ အိပ်ပျော်နေသ လဲ မသိဘူး။ ဒေါ်အိမ်သူလာပြီးနှိုးမှ နိုးတော့တယ်။ အိပ်နေရာက အမြန်ထ



ပြီး ဒေါ်အိမ်သူကို လိုက်ပို့ဖို့လှည်းနဲ့ နွားကိုပြင်ပြီး မောင်းထွက်လာတယ်။ ရွာနဲ့ ခပ်လှမ်းလှမ်းရောက်အောင် မောင်းလာခဲ့တယ်။ ကျုပ်ခေါင်းထဲမှာ လည်း အတွေးတွေများနေတယ်။

"ဟဲ့ . . . ဟဲ့ ဖြည်းဖြည်းမောင်း စမ်းပါ . . မိုက်ခေါင်ရယ် . . ကြာပေါ် ဆိုတဲ့ကောင်ကလည်း ဘယ်သွားနေလဲ မသိဘူး။ ခိုင်းတော့မယ်ဆို မရှိဘူး။ အေးလေ . . . နင်ပဲ ငါ့ကို လိုက်ပို့ပြီး အဲဒီမှာပဲ . . အတူစောင့်နေပြီး ညနေ လောက်မှ . . . ပြန်ကြမယ်၊ ရွာမှာပဲ ထမင်းစားမယ်"

"ညှို့သည်တွေ လာဦးမှာလား"

"ညှို့သည်တွေက . . . ပစ္စည်း ယူဖို့ မနက်ဖြန်မှလာကြမှာ . . ."

အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေကို ခိုးယူခေါ်လာပြီး ပြန်မပြောနိုင်အောင် စကားပြောလို့မရအောင် လျှာတွေကို ခင်ပျားတို့နည်းနဲ့ ဖျက်ဆီးပြီး အရွယ်ရောက်လာတဲ့အခါမှာ . . . တစ်ဖက်နိုင်ငံမှာ ပြည့်တန်ဆာလုပ်ငန်းလုပ်ဖို့ လူမှောင်ခိုကုန်ကူးနေတဲ့သတင်း ကြားနေရတာကြာပြီ၊ သက်သေခိုင်လုံမှုရှိအောင် . . .



www.burmeseclassic.com

ကျုပ်ရင်ထဲမှာ ဘဝင်မကျဖြစ်လာတယ်။ ဦးမြတ်မင်းတို့လင်မယားရဲ့ အပြုအမူတွေက မရိုးသားဘူးလို့ တွေးမိလာတယ်။ ဒေါ်အိမ်သူက ကျုပ်ကို အိမ်မှာမရှိအောင် ပထုတ်လာတယ်ဆိုတာ သိလိုက်တယ်။ ဒါဆိုရင် သူတို့ မဟုတ်တာတစ်ခုခု လုပ်တော့မယ်။ ကျုပ်ရင်ထဲမှာ အတွေးတွေ၊ တွေးရတာ များလာတယ်။ ကျုပ် ဆုံးဖြတ်ချက်ချလိုက်ရင်း နွားလှည်းကိုနောက်ပြန်လှည့်လိုက်တယ်။

"ဟဲ့ ...ဟဲ့ ...မိုက်ခေါင်၊ လှည်း ..လှည်းကို ဘယ်ကိုမောင်းလိုက်တာလဲ၊ အမလေးတော် ..ဟဲ့ ..မိုက်ခေါင် ...မိုက်ခေါင် ..နင် ..နင် ...ဒါ ဘာလုပ်တာလဲ"

သူ ဘယ်လိုပဲအော်အော် ကျုပ်မကြားတော့ဘူး။ ဒေါ်အိမ်သူကို လှည်းပေါ်ကဆွဲချပြီး ရွာဘက်ဆီကို လှည်းပြန်လှည့်ပြီး ဒုန်းဆိုင်းကာ အပြေးမောင်းလာခဲ့တယ်။ ကျုပ်ရင်ထဲမှာ ပူလှပြီ။ ကျုပ်ရင်ပူတာက ပုလဲမအတွက် ပူရတာ။ သူ့အဖေဆိုတဲ့ ဦးမြမင်းကြီးက ပုလဲဖြူကိုခိုင်းလို့ စိတ်တိုင်းမကျရင် ဒုက္ခပေးတော့မယ်။

"အမြန်ဆုံး ..အသော့နှင်ကာ ပြေးလိုက်စမ်းပါ ဖွေသားကြီးတို့ရယ်"

"ရွာထဲကို ခရီးကြမ်းအတင်းနှင်ပြီးလာခဲ့တယ်။ ပတ်ဝန်းကျင်နဲ့ ကင်းကွာအောင် ထီးထီးမားမားရှိတဲ့ အိမ်ကြီး သရဲသဘက်လို ဆိုးရွားတဲ့ အမူအကျင့်၊ ဓလေ့စရိုက်တွေနဲ့ရှိနေတဲ့ အိမ်ကြီးဆီရောက်တာနဲ့ လှည်းပေါ်က အမြန်ခုန်ဆင်းလိုက်တယ်။ လှည်းနဲ့ နွားတော့ ဖြစ်သလိုရှိနေကြပါစေတော့။

"ဟင့် ..ဟင့် ..အင့် ..အင့် ..ဟင့်"

"ဟဲ့ ..ကောင်မ နင်ဘာဖြစ်လို့ ရုန်းနေတာလဲ"

ဒုက္ခိတမလေးကိုမှ ပုခုံးနှစ်ဘက်ကို ခပ်ဖိဖိကိုင်ပြီး ယုတ်မာပက်စက်မှုအပေါင်းကို သရုပ်ဆောင်းဖို့ ကြည့်နေတဲ့ ဦးမြမင်းရဲ့ ဘီလူးသူရဲစီးနေတာကို မြင်ရတော့ ..ကျုပ်ရင်ထဲက ဒေါသမုန်တိုင်းက လှိုင်းထန်လာပြီး ဦးမြမင်းကို ရင်ဘတ်ကနေ ဆောင့်ဆွဲပြီး လူယုတ်မာရဲ့မျက်နှာကို ဆင့်ကာဆင့်ကာ အားပါးတရ ကျုပ်ရဲ့လက်သီးနဲ့ ထိုးချလိုက်တော့တယ်။

"ဟောဒီမှာ ..လာကြပါဦးဗျို့၊ ကျုပ်သမီးကို စော်ကားဖို့ ကြံစည်တဲ့ မိုက်ခေါင် ...ကျုပ် ..မိတာနဲ့ ကျုပ်ကို ဆွဲထိုးနေပါတယ်"

သူ့ခိုးက လူပြန်ဟစ်နေသေးတယ်။ သူ့ရဲ့ယုတ်မာမှုကို အကာအကွယ်ပြုချင်တာနဲ့ အော်နေလိုက်တာ။

"ဦးမြမင်း"

"ဟင် ...မောင်ကြာပေါ် မင်းမင်း လာတာနဲ့အတော်ပဲ၊ ဟောဒီက လူယုတ်မာမိုက်ခေါင် ..ငါ့သမီး ...ဒုက္ခိတမလေးကို စော်ကားမလို့ ..ငါ တွေ့တာနဲ့ ငါ့ကိုထိုးတယ်"

"ကျွန်တော် အကုန်မြင်ပါတယ် ဦးမြမင်း"

ကြာပေါ် ကျုပ်အနားကို ရောက်လာတယ်။ အဝတ်အစားတွေ ဖရိုဖရဲဖြစ်နေတဲ့ပုလဲဖြူမကို အကျီတွေ၊ သေသေသပ်သပ် ပြန်ဝတ်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြလိုက်တယ်။ ခမျာမှာ စကားမပြောတတ်ရှာတဲ့ မိန်းကလေး။ သူ့ခမျာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်နေရှာတယ်။

"ကျွန်တော် ...မျက်မြင်သက်သေပါ ဦးမြမင်း၊ အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေကို ခိုးယူခေါ်လာပြီး ...ပြန်မပြောနိုင်အောင် စကားပြောလို့မရအောင် လျှာတွေကို ခင်ဗျားတို့နည်းနဲ့ ဖျက်ဆီးပြီး အရွယ်ရောက်လာတဲ့အခါမှာ ... တစ်ဖက်နိုင်ငံမှာ ပြည့်တန်ဆာလုပ်ငန်းလုပ်ဖို့ လူမှောင်ခိုကုန်ကူးနေတဲ့သတင်း ကြားနေရတာကြာပြီ၊ သက်သေခိုင်လုံမှုရှိအောင် ကျွန်တော့်မှာစီစဉ်ရတယ်။ အခု ခင်ဗျားက ဒီမိန်းကလေးကို စော်ကားဖျက်ဆီးဖို့ ကြံတာကတစ်မှု၊ လူမှောင်ခိုကုန်ကူးဖို့ကြံတာကတစ်မှု၊ နောက်ထပ်အမှုတွေ ထပ်မတိုးခင် ဝန်ခံပါ"

"ဟား ...ဟား ..ဟား ..ကြာပေါ် ...ကြာပေါ် ...ငါ ...ထမင်းကျွေးထားလို့ ထမင်းဝတဲ့ကောင်ကများ ...မင်းက ..ငါ့ကို ..ဘာသက်သေအထောက်အထားနဲ့ အပြစ်ရှာမှာလဲ၊ မင်းကရော ဘာကောင်လဲ"

"ဦးမြမင်း ...ကြာပေါ်တို့က မပိုင်ရင် အမိမကိုင်ပါဘူး။ သက်သေတွေက ဟောဒီမှာ ..."

မြမြလှိုင်

## မျှော်လင့်ခြင်းကောင်းကင်

ဝေဒနာနှင်းစက်တွေ
ရင်ကိုနှိပ်စက်တဲ့အခါ
ပြင်းရှရှခံစားချက်တွေက
ဝိုင်တစ်ခွက်ထက်
ချိုမြိန်နေသလား ထင်မိတယ်။

ရင်ထဲမှာ ဘာမှမရှိတော့အောင်
ခံစားရင်း
နောက်တစ်ယောက်မရှိတော့ဘူးလို့
ရေရွတ်ရင်း
အထီးကျန်အလွမ်းတွေအထပ်ထပ်
ရင်ကို မွန်းကြပ်စေတယ်။

ဒီဘဝအဆုံးသတ်သွားပါတော့လို့
အရှုံးတိုက်ပေတောမှုများထဲ
နာကျင်ခြင်းများ အဆုံးမရှိရွေ့လျားရင်း
ပြောင်းလဲခြင်းများ
ပေးသနားလှည့်ပါ။




ယယ်လေးတော်ဝင်

## အမှတ်စဉ်(၁၃၁) စက်တင်ဘာလအတွက်

ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | တိုးဝေ | – | အချစ်နဲ့ပတ်သက်မိသမျှ |
| ၂။ | မောင်လုလွန်း | – | အနာဂတ်မဲ့ ခတ်ပုံ |
| ၃။ | ငယ်လေးမောင်(သပြေရုံ) | – | ရှုဉာဏ် |
| ၄။ | ခက်လှိုင်းကျော် | – | ပုံပြင် |
| ၅။ | အောင်မျိုးသက် | – | နေ့သစ်တွေထဲ သွားကြမယ်အမေ |
| ၆။ | မောင်နွယ်အောင်(မြေပြန့်) | – | ကြယ်ပွင့်လေးများရဲ့ ဟီရိုသြတ္တပ္ပ |
| ၇။ | ကောင်းကင်မိုး | – | နက်တဲ့တော |
| ၈။ | မောင်နွေဝေး(သောင်ပြာကျွန်း) | – | အလင်းသစ် |
| ၉။ | ကျော်လွင်ဦး(ပျဉ်းမနား) | – | လောင်စာပျိုးသူ |
| ၁၀။ | မင်းထက်နိုင်(ကြို့ပင်ကောက်) | – | ကြေကွဲခြင်းမှတ်တမ်း |



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

□

၁၈၈၀ ခု၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဂျွန်ဂျိုးစ်လင်ဝင်ဒဲလ်ဂတ်စ်၏ဖခင်သည် ရက်တယ်လာဘိုရှန်တန်၏ ပစ်သတ်ခြင်းခံခဲ့ရ၏။ ထိုအချိန်တွင် သူ့အသက်မှာ (၁၇)နှစ်သာ ရှိသေး၏။ ဂျွန်၏ဖခင် ချက်စ်ဘာရီမြို့တော်ဝန်ဖြစ်ပြီး ထိုအဆင့်သို့ရောက်အောင် တစ်ထစ်ချင်း ကြိုးစားခဲ့ရသည်လည်း ဖြစ်၏။

၁၈၈၀ ခုနှစ်တွင် ချီရှုလွန်နယ်တွင် နွားကျောင်းသားလူဆိုးများ မင်းမူနေခဲ့၏။ ထိုအရပ်မှလူများသည် မြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင်ကြရသည်။

တစ်နေ့တွင် ဘွန်တန်သည် သူ့အဖော်များဖြစ်သော ဘက်ဝင်းဘာရိုဒိုင်း၊ တင်မ်သမက်စ်နှင့် ဒေါ့ဝစ်စတဲလ်တို့နှင့်အတူ ဝင်ဒဲဂတ်စ်၏နေအိမ်သို့ မြင်းကိုယ်စီဖြင့် ရောက်လာကြ၏။ သူတို့သည် မြို့တော်ဝန်ရှုရစ်အားရန်စပြီး သေနတ်ဖြင့် ပစ်သတ်လိုက်ကြ၏။ သေနတ်ဖြင့်ပစ်သူမှာ ဘွန်တန်ဖြစ်၏။ ဂျွန်ဂျိုးစ်လင်ဝင်ဒဲလ်ဂတ်စ်သည် သူ့ဖခင်၏အလောင်းအား မြစ်ကမ်းနံဘေးတွင် မြှုပ်နှံခဲ့၏။ ထိုနေရာတွင် မြက်ပင်များသည် အခြားနေရာများထက်ပို၍ စိမ်းလန်းစွာ ပေါက်နေ၏။ ဖခင်အတွက် ငိုထားသဖြင့် သူ့မျက်လုံးအစုံမှာ နီမြန်းနေသည်။ ထို့နောက် မိဘဆွေမျိုးများ၊ လူအများ၏ ပစ်ပယ်ခြင်းခံရသော သူ့မိတ်ဆွေများနှင့်အတူနေရန် ထွက်လာခဲ့၏။

နောက်တစ်နာရီခန့်အကြာတွင် တီရစ္စာန်မွေးမြူသော ဘရွတ်ကင်းအီးဂဲလ်မြို့ကလေးကို စီးမြင်နေရသည့် တောင်ကုန်းများအကြားရှိ အုတ်စိမ်းတဲကလေးရှေ့သို့ သူရောက်သွားပြီး စီးလာသောမြင်းပုကလေးအပေါ်မှ လျှောဆင်းလိုက်သည်။

"ဟေး"တံခါးဝတွင်ရပ်နေသူက လှမ်းနှုတ်ဆက်သည်။ ထိုလူမှာ အရပ်ပု၍ ခြေထောက်ခွင်၏။ မျက်နှာမှာ သစ်သီးခြောက်နှင့်တူပြီး မုတ်ဆိတ်မွေးရှိ၏။

"ကျွန်တော့်အဖေ ... အသတ်ခံရတယ်"

ဂျွန်ဂျိုးစ်လင်ဝင်ဒဲလ်ဂတ်စ်က အမောတကောပြောပြီး မြေပြင်ကို စိုက်ကြည့်နေ၏။

ထိုလူက ဆေးရွက်ကို ဖွဲ့လိုက်၏။

"ပစ်သတ်ခံရတာလား"

သူကမေးသည်။

"သိပ်သဘောကောင်းတဲ့ အဘိုးကြီးပဲကွာ ... ဘယ်သူသတ်တာလဲ"

ထိုလူခြေထောက်ဘေးသို့ သားရေအိတ်တစ်လုံး ချွင်ချွင်မြည်ပြီး ကျ သွား၏။

"ဒါကိုယူဗျာ"

သူက အသံတိုးတိုးဖြင့် ပြော၏။

"ကျွန်တော့်မှာရှိတာ အကုန်ပဲ"

"အဲဒါ .. ဘာလုပ်ဖို့လဲ"

"ကျွန်တော့်ကို .. လူသတ်နည်း သင်ပေးပါ"

"မင်းဟာ .. သတ္တဝါတစ်ကောင်ကိုတောင် မသတ်ခဲ့တဲ့လူရဲ့သားပါကွာ"

ပထမဆုံးအကြိမ်အဖြစ် လူငယ်သည် လူစိမ်း၏မျက်နှာကိုမော့ကြည့်၏။

"အခုဟာက ... တိရစ္ဆာန်ကို သတ်မှာမဟုတ်ဘူး"

လူငယ်ကပြောသည်။

"လူတွေကိုဗျ ... လူတွေကို"

ဤသို့ဖြင့် မြို့တော်ဝန်ဟောင်း ကြီး အသတ်ခံရပြီးနောက် ဆောင်းဦး ပေါက်မှ နွေရာသီတိုင်အောင် မြို့တော် ဝန်အသစ်ဖြစ်လာမည့် သားဖြစ်သူ ဂျွန်ဂျိုးစ်လင်သည် လူအများအကြား ပျောက်ကွယ်နေခဲ့၏။

အရုဏ်တက်ချိန် ဖြစ်သည်။ နွား အုပ်များသည် တောင်အရပ်သို့ ရွှေ့ ရွှေ့လျားနေ၏။ တောင်ထွတ်များပေါ် တွင် ရောင်နီလင်းစပြုနေ၏။ တော အောက်ချိုင့်ဝှမ်းတွင် မီးရောင်စုံများ ဟိုမှသည်မှ လင်းနေကြသည်။

တောင်ကမ်းပါးပေါ်တွင် လူနှ ယောက် ရပ်နေကြပြီး အောက်ဘက်သို့ ငုံ့ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ခြောက်လ''အသက်ကြီးသူက ရေရွတ်၏။

''ခြောက်လပဲကြာတယ် ‥ သေနတ်သမားကောင်းတစ်ယောက်ဖြစ်လာပြီ၊ ဒါဟာ ‥‥ သင်ပေးရုံနဲ့မရဘူး၊ မင်းကိုယ်တိုင်က သေနတ်သမားတစ်ယောက်ဖြစ်ဖို့ မွေးဖွားလာတာပဲဂျွန်နီ''

လူငယ်သည် ခေါင်းကို ဖြည်းလေးစွာ ရမ်းနေ၏။

''ခင်ဗျားဟာ ‥‥ ကျွန်တော့်ကို ယဇ်ဆရာတစ်ယောက်လို သင်ကြားပေးခဲ့တာပဲ ဒင်နီရယ် ‥‥ ဘာကြောင့် အောက်ကလူတွေ ခင်ဗျားကို ကြောက်ကြတယ်ဆိုတာ ‥‥ အခုသိပါပြီ''

လူငယ်က မီးရောင်လင်းနေသော အောက်အက်မှ ဘရွတ်ကင်းအီးဂဲလ်မြို့ကို ညွှန်ပြရင်းကပြောသည်။

''အလကားလူတွေပါကွာ ‥ သူတို့ထဲမှာ လူကြမ်းကြီး ဘီလ်ဟစ်ကော ကို ယှဉ်နိုင်သူမရှိပါဘူး၊ လူကြွားတွေ သက်သက်ပါ ‥‥ ဒါဟာ ‥ ငါ့အတွက် သမိုင်းတစ်ခုပါပဲ''

ထို့နောက် သူ့ဘေးတွင်ရပ်နေသော အသားညိုညိုလူငယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။ လူငယ်သည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ပြီး ခွာမြင့်ဘွတ်ဖိနပ်ကို စီးထား၏။ လူငယ်၏ခါးပတ်တွင်စည်းထားသော ကျည်ဆန်ထိပ်ဖူးများမှာ ကြေးနီရောင်လက်နေ၏။ ငါဟာ မှန်ကန်တဲ့ အလုပ်ကို လုပ်ခဲ့တာပဲ''

''မှန်တယ် ဟုတ်လား''

''ဟုတ်တယ် ‥‥ ချာတိတ် မင်းကို ‥ ဒီက ‥ ပြန်လွှတ်တာ မှန်ကန်တဲ့အလုပ်ပဲ၊ မင်းဟာ ‥‥ ငါသင်ပေးသမျှကို လျင်လျင်မြန်မြန် တတ်မြောက်ခဲ့တယ်၊ ခြောက်လတိတိမှန်ရှေ့မှာ ရပ်ပြီး တစ်နေ့ ခြောက်နာရီ လေ့ကျင့်ခဲ့တယ်၊ ငါတွေ့ဖူးတဲ့အထဲမှာ မင်းဟာ သေနတ်ထုတ်တာ အမြန်ဆုံးပဲ၊ အမြန်ဆုံး လူတွေကို ငါတွေ့ခဲ့ပြီးပြီ၊ မင်းရဲ့ ‥ ညာလက်တွေကို ငါ့ပေးစမ်းကွာ ‥‥ လက်ကို ချည်ပတ်အိုးထဲမှာ စိမ်ထားကွ ‥ ချာတိတ်ရ ‥‥ ငါ အများကြီးစမ်းသပ်ပြီးပြီ၊ အရိုးထဲစိမ့်ဝင်အောင် ချည်ပတ်အိုးထဲမှာ စိမ်ထား၊ ဒါဆိုရင် ‥‥ လက်အရေခွံကို မစုပ်မပြဲဘဲ သေနတ်ကို ကြာကြာ အသုံးပြုနိုင်လိမ့်မယ် ‥‥ မင်းသေနတ် ငါ့ပေးစမ်း၊ သေနတ်ကို မောင်းတင်မထားနဲ့၊ သေနတ်ကို အမြန်ဆုံး ဆွဲထုတ်နိုင်ဖို့ပဲလိုတယ်၊ ပြီးတော့ သေနတ်ခါးပတ်ကို အောက်လျှော့ပြီး ပတ်ထားရမယ်၊ သေနတ်ဒင်ကို သိပ်ပြီး ပြောင်ချောမနေစေနဲ့၊ ဒါမှ ‥‥ လက်မြဲပြီး ပစ်မှတ်ကိုထိအောင် ပစ်နိုင်လိမ့်မယ်၊ ဒါပဲ ‥‥ လူကလေး၊ အခုအချိန်ဟာ ‥‥ ငါတို့နှစ်ယောက် အရေးတက်တာကို နောက်ဆုံးအတူ ကြည့်ခွင့်ရတာပဲ၊ ငါ့ရဲ့ ‥‥ လင်းယုန်ငှက်ကလေးဖြစ်တဲ့ မင်းကို တောင်ခြေကလူတွေ ဘယ်လိုနာမည်ပေးကြမလဲ မသိဘူး''

''ကျွန်တော့်ရဲ့ ‥ အလုပ်အကိုင်အရ ခေါ်ကြလိမ့်မယ်ဗျာ''

လူငယ်က တိုးတိတိပြောသည်။

''အလုပ်အကိုင် ဟုတ်လား''

''သေခြင်းတရားပဲပေါ့''

လူကြီးသည် ခေါင်းငုံ့ပြီး ငြိမ်သက်စွာ ရပ်နေ၏။

''ဟုတ်ပြီ''

လူကြီးက နောက်ဆုံး ပြော၏။

''ဟုတ်ပြီ ‥‥ မရဏသခင်–ဂျွန်နီ၊ ဒီနာမည်ကောင်းတယ် ‥ တစ်ခုတော့မမေ့နဲ့ ငါ့သား၊ သေနတ်သမားတစ်ယောက်ရဲ့နောက်မှာ သေခြင်းတရား အမြဲကပ်ပါတယ်ဆိုတာကို သတိထားပါ၊ ငါဟာ ‥‥ သွေးစွန်းတဲ့လူတစ်ယောက်ဖြစ်ခဲ့တယ်၊ ဒီအတွက် ဘုရားသခင်က ဒဏ်ခတ်ပြီးပြီ၊ မေ့လည်းမေ့လိုက်ပြီ၊ ငါတို့ နောက်ထပ်တွေ့ကြမှာ မဟုတ်တော့ဘူး၊ ငါ ‥ မင်းကို ငါ့သားလိုပဲ ချစ်ပါတယ်၊ ငါ ‥ မင်းကို ပွေ့ဖက်ပါရစေဦး သားရယ်''

သူတို့နှစ်ယောက် ပွေ့ဖက် နှုတ်ဆက်ကြ၏။ လူငယ်သည် သူ့မြင်းဆီသို့ သွားနေရာမှ ရပ်လိုက်၏။

''သူတို့အတွက် ‥‥ ဆုတောင်းပေးပါဦး''

လူငယ်ကပြောရင်း သေနတ်နှစ်လက်ကို ဆွဲထုတ်လိုက်၏။

''အေး ‥ ငါ ဆုတောင်းပေးမယ်''

လူကြီးက ပြောသည်။

''ဒီမှာ လူကလေး ‥‥ ဒါဟာ သေနတ်သမားတွေကို ကံကောင်းစေလိမ့်မယ်''

ထို့နောက် လူကြီးသည် ရှေ့သို့ငုံ့၍ သေနတ်ပြောင်းများကို တံတွေးဖြင့် ထွေးလိုက်၏။

+ + +

ခရော့စ်ကီးစ်ကုမ္ပဏီပိုင်သော [illegible] ထောင်ခန့်ရှိသည့် နွားအုပ်ကြီးသည် ကာဆန်မြို့ဆီသို့ ဦးတည်၍ [illegible] လူအင်အားနည်းနေသဖြင့် [illegible] အုပ်ချုပ်လာသူသည် [illegible]



www.burmeseclassic.com

သော မြင်းစီးသမားများအား နွားမောင်းသမားအဖြစ်၊ အလုပ်သမားအဖြစ်၊ ထမင်းချက်သူအဖြစ်၊ ငှားရမ်းရန် အလိုရှိနေ၏။ ထိုလူအနေဖြင့် မြင်းစီးတတ်ဖို့သာ လို၏။

“ဟေး ... ခဏရပ်ဦး”

အလိပ်လိပ်တက်နေသော မြင်းစီးသမားအား သူလှမ်းခေါ်လိုက်၏။

“ခင်ဗျား ‥ အလုပ်ရှာနေတာလား၊ ဒီမှာ ... အလုပ်ရမယ်”

လူစိမ်းသည် မြင်းဝမ်းဗိုက်ကြိုးကို ခြေဖြင့်ချိတ်၍ လှမ်းကြည့်၏။

“ဘယ်ခြံကလဲ”

ထိုလူက မေးသည်။

“အဲဒါ ‥ အရေးကြီးလို့လား”

လူစိမ်းသည် ရှေ့သို့ငုံ့၍ အရှည်ကြီးဝင်းဒ်ဖောလ်စီးထားသော မြင်း၏ အမှတ်တံဆိပ်ကို ကြည့်နေ၏။

“သကရော့စ်ကီးစ်”

ထိုလူက အသံထွက်ဖတ်ပြီး မသိမသာပြုံးလိုက်၏။

“ခင်ဗျားတို့ ... ဒီနေ့ ... ကာဆန်ကိုရောက်အောင် သွားမယ်လို့ သိရတယ်၊ ဘတ်ဝင်းဘရှိဒိုင်းဆိုတဲ့ လူတစ်ယောက်ဟာ အခုထိ ... ခင်ဗျားဆီမှာ အလုပ်လုပ်နေသလား၊ ဒါကိုပြောရရင် ခင်ဗျားဆီမှာ ... ကျုပ် ... အလုပ်လုပ်မယ်”

“ဘတ်ဝင်း ‥ ဟုတ်တယ် ‥ သူ ဒီမှာ အလုပ်လုပ်နေတုန်းပဲ ... မိတ်ဆွေတွေလား”

“သေတဲ့အထိပဲ”

“ဒါဆို ... မိတ်ဆွေတွေပဲပေါ့၊ မင်းနာမည် ဘယ်သူလဲ”

“ကျုပ်ပြောပြီးပြီ”

လူစိမ်းက တိုတောင်းစွာပြောပြီး သူ့လက်ကိုင်ပုဝါအနက်ကို ထုတ်လိုက်၏။ နှာခေါင်းကိုဖုံးမဝင်အောင် ကာရန်ဖြစ်သည်။ ထို့နောက် မြင်းကို အသားကျစီး၍ နွားအုပ်နောက်သို့ လိုက်သွားတော့၏။

မှောင်စပျိုးလာချိန်တွင် နွားအုပ်ကြီးသည် တောင်ပူစာများ၏နံဘေးတွင် စခန်းချကြ၏။ လရောင်သည် လွင်ပြင်ပေါ်သို့ ဖြာဆင်းကျနေ၏။

“လာယူကြတော့”

ထမင်းချက်များသည် မြင်းစီးသမားများအကြားမှဖြတ်၍ လှည်းတန်း၏ နောက်ပိုင်းသို့သွားရင်း အော်ပြောသွား၏။

“ဝက်သားနဲ့ပဲသီး ‥ ကြော်ထားတယ် ‥ လာယူကြကွ ‥ သောက်သုံးမကျတဲ့ကောင်တွေ”

“စကားပြောတာရပ်ပြီး ‥ လာပေးပါ”

အသံတစ်သံက ပြော၏။ အခြားသူများသည် စောင်များကိုခြုံ၍ မီးဖိုဘေးတွင် ဝိုင်းထိုင်နေကြ၏။

“လူသစ်ပါလား”

ခေါင်းဆောင်ကပြောသည်။

“မင်း ‥ ဘာမှ မစားရသေးဘူးမဟုတ်လား”

“ဟုတ်တယ် ... ကျုပ် ‥ ဘာမှမစားရသေးဘူး”

လူသစ်က တိုတောင်းစွာဖြေ၏။

“မင်းရဲ့လုပ်အားခကို ... ငါတို့ယူမယ် ‥ မင်းကျေနပ်ရဲ့လား”

တစ်ယောက်ကပြော၏။

ကျန်လူများက ရယ်ကြ၏။ သူတို့သည် လူသစ်ကို စိုက်ကြည့်နေကြ၏။

“မည်းတာကတော့ ‥ ကျီးကန်း အတိုင်းပဲ”

အရပ်ရှည်ရှည် ပိန်ပိန်လူက ပြော၏။ သူ့ဘေးတွင် လူထွားကြီးနှစ် ယောက် ဝန်းရံထားသည်။

“သူဟာ ‥ ကျီးကန်းတစ်ကောင်ရဲ့အစာကို ပိုသဘောကျလိမ့်မယ်”

မီးအရှိန်ကြောင့် သူကိုင်ထား သော တံစို့တံမှာ တဖျစ်ဖျစ်မြည်သည်။

“စိတ်မဆိုးပါနဲ့ လူကလေးတို့”

ခေါင်းဆောင်က ပြောသည်။

“သူတို့ဟာ ... ဘဝင်မြင့်နေကြ တာပါ”

“အလကား ... အီတာလျံ အနွယ်တွေကွာ”

လူစိမ်းက မှတ်ချက်ချ၏။

“သူတို့ကို ... ဆားနယ်လုပ် ထားရမယ်”

မည်သူမှ မလှုပ်ရှားကြပေ။ အ မှောင်ရိပ်ကျနေသောတောင်ကုန်းဘက် ပုရစ်တစ်ကောင်၏ အော်သံစူးစူးရှ ထွက်ပေါ်လာ၏။ ထို့နောက် အပ်ကျသံ ပင် မကြားရလောက်အောင် တိတ် ဆိတ်သွား၏။

“ဘာကို ဆိုလိုတာလဲ”

တီးတိုးမေးသံ ပေါ်လာ၏။

“ဘတ်ဝင်းဘရှိဒိုင်း”

ပိန်ပိန်လူ ထရပ်လိုက်၏။ သူ လက်ကို သေနတ်ဒင်ပေါ် ဆုတ်ကို ထား၏။

“ငါ ... ဘယ်သူ့ကို သတ်တ ဆိုတာ ကြည့်ထားကြ”

သူက ကြိမ်းဝါးပြော၏။

“မင်း ... ဘယ်ကလဲ ... မစစ်တဲ့သား”


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ...သံတော်ဆင့်လို့ ခေါ်ပါ".

"ဘယ်ကလာတဲ့ ...သံတော် ဆင့်လဲ ...မှန်မှန်ပြောစမ်း"

"လင်းယုန်ချောင်းပေါ်မှာရှိတဲ့ ..တစ်လုံးက .."

ဘရိုဒိုင်းသည် မီးတောက်နေ သော ထင်းချောင်းတစ်ချောင်းကို ကောက်ယူပြီး လူစိမ်းအနားသို့ တိုး သွား၏။

"ဘုရားသခင်"

သူက အံ့သြစွာ ရေရွတ်လိုက်၏။

"ဘုရားသခင် ...သူဟာ သေ သွားတဲ့ မြို့တော်ဝန်ရဲ့သားပါလားကွ"

သူသည် မီးစကို လူငယ်၏ခေါင်း ..သို့ လွှဲပစ်ပြီး နောက်သို့ ခုန်ဆုတ် ..လိုက်ရင်း သူ့လက်ဖြင့် သေနတ်ကို ..မ်းနေ၏။

အရှည်ကြီးဝင်းဒ်ဖောလ်နှင့် သူ့ ..ခြင်းစီးသမားများသည် ထိုအကြောင်း ..ကို ရက်သတ္တပေါင်းများစွာ ငြင်းခုန်နေ ..ကြ၏။ အချက်တစ်ချက်ကို သူတို့ ..အားလုံးသဘောတူကြ၏။ သူတို့ထဲမှ ..တစ်ယောက်က လူငယ်သေနတ်ဆွဲ ..ထုတ်သည်ကို မမြင်စေရဟူသော အ ..ချက်ဖြစ်၏။ မှောင်ထဲမှသေနတ်သံတစ် ..ချက်သာပေါ်လာ၏။ လဲကျသွားသော ..ခန္ဓာကိုယ်တွင် ဝတ်ထားသောအဝတ် ..ထည် သွေးကွက်များ တဖြည်းဖြည်း ..ကျယ်လာသည်ကိုသာ တွေ့ကြ၏။

တိတ်ဆိတ်မှုဖောက်ထွင်း၍ လူ ..ငယ့်အသံပေါ်လာ၏။

"ကျုပ်အဖေရဲ့အုတ်ဂူက ... ..စောင့်ပေတော့ .. တစ်ယောက်တော့ ..သွားပြီ"

လူငယ်ကပြော၏။

"ကဲ ...ကျုပ်ကို စားစရာပေး တော့"

လူငယ်သည် စကားမပြောနိုင် အောင် အံ့အားသင့်နေသော ထမင်း ချက်ရှေ့သို့ ပန်းကန်ကို လှမ်းပေးလိုက် ၏။

+ + +

ဆူဇီ၏အလုပြင်ဆိုင်တွင် ကျွဲချို တစ်စုံ၏အောက်၌ ချိတ်ထားသော ဆံ ပင်ရွှေရောင်နှင့် ကိုယ်လုံးတီးအမျိုး သမီးပန်းချီကားတစ်ချပ် ရှိနေသည်။

ရွှေရူးထချိန် ပြီးဆုံးသွားပြီဖြစ်၏။ ဝင်လုဆဲနေရောင်အောက်တွင် လူမရှိ သောတဲများကိုမြင်ရသည်မှာ ငြီးငွေ့ ဖွယ်ကောင်းလှ၏။ ရက်ဒ်ဂူလ်ချ်သည် အပြင်သို့ထွက်ရန် ဟန်ပြင်နေ၏။



ဘယ်လ်ဒီစမစ်က သူ့မျက်နှာပေါ်သို့ တက်လာသော ပုရွက်ဆိတ်တစ်ကောင် ကို စောင့်ကြည့်ရင်း–

"တစ်နှစ်အတွင်း .. ငါ ဒီနေရာ က ထွက်သွားချင်ပေမယ့် ခရီးသွားဖို့ ပိုက်ဆံမရှိဘူး၊ ဝပ်ဆင်လည်း ဒီက ထွက်သွားဖို့ အကြောင်းမရှိဘူး ... ကြီးကြီးကျယ်ကျယ် စကားပြောတတ် တဲ့ .. အာကက်ရိုက်ကလည်း ဘုရား တရားကို သိပ်ပြီး ကြည်ညိုနေတယ်"

"ပိုက်ဆံမရှိဘူး"

ကိုယ်လုံးပြည့်ပြီး ဆံပင်နက်နက် နှင့်လူက ဝင်ပြောသည်။ ထိုလူသည် ကြက်သွေးရောင်ရှပ်အင်္ကျီကို သပ်သပ် ယပ်ယပ်ဝတ်ထား၏။ သူ၏ခွင်နေသော ပေါင်ပေါ်သို့ရောက်အောင် မက်ဆီကန် သေနတ်အိတ်ကို လျှောချထားသည်။ ထွေးခံထဲသို့ ငုံထားသောဆေးဖတ်များ ကို ပစ်ခနဲထွေးလိုက်ပြီး ထိုလူက–

"ခင်ဗျား ...မဟုတ်တာပြော နေတာပဲ၊ ဒီဆိုင်ဟာ ...ခင်ဗျားပိုင် တာမဟုတ်လား၊ ဒီနေရာကို နယ်စပ်နဲ့ မက်ဆီကန်လူမျိုး တစ်ထောင်လောက် ရောက်လာလိမ့်မယ် ကျုပ် ထပ်ပြောဦး မယ် ဘယ်ဒီလ်၊ ခင်ဗျားဟာ လူညာပဲ ခင်ဗျားရဲ့သမီး ဟီလ်ဒါက ခင်ဗျားကို ကျုပ်နဲ့ ...အလုပ်အတူမလုပ်ဖို့ တား ခဲ့တယ်"

အဘိုးကြီးသည် ရီဝေသောမျက် လုံးများဖြင့် လူရှင်းနေသော စား သောက်ခန်းကို စိတ်မချမ်းမြေ့စွာ ကြည့်နေ၏။

"ငါ ...ပိုက်ဆံချမ်းသာနေတဲ့ အချိန်က .. မင်းဟာ ... ငါ့ကို ဒီလို ပြောရဲမှာမဟုတ်ဘူး၊ ဘုရားသခင် အ



www.burmeseclassic.com

လိုအရပဲ ‥ မင်းကို ‥ ဒီအတွက် ‥ အပြစ်ပေးရမယ်''

ကြက်သွေးရောင်အင်္ကျီ ဝတ်ဆင်ထားသူက မခိုးမခန့် ပြုံးနေ၏။

''အပြစ်ပေးမယ့်သူက ‥ ကျုပ်ပါ … အဘိုးကြီး''

သူက ပြောပြန်၏။

''ဟယ်လို ဘယ်လိုဖြစ်ရတာလဲ''

နေရောင်ခြည်သည် အခန်းတွင်းသို့ စွေစောင်းစွာ ထိုးကျနေ၏။ ထိုအခိုက် အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ် မိန်းကလေးတစ်ယောက်သည် တံခါးကို တွန်းဖွင့်ဝင်လာ၏။ သူမနောက်မှ လူငယ်လေးတစ်ကောင်သည် လက်ဆွဲခြင်းကို ဆွဲလျက်လိုက်လာ၏။

''ပါပါ''

မိန်းကလေးက စတင်ခေါ်လိုက်သည်။ ထို့နောက် သူမဖခင်အနီးတွင် ထိုင်နေသူကိုမြင်သဖြင့် နှုတ်ခမ်းပေါ်မှ အပြုံးပျောက်သွား၏။

''မီးဖိုခန်းထဲ သွားကြမယ်''

မိန်းကလေးက လူငယ်ကို ပြောလိုက်သည်။

''ဒါဟာ … ရက်စက်တာပဲ ဟီလ်ဒါ၊ မင်း … ဖခင်ဆီကိုလာတဲ့ ဧည့်သည်ကို ရိုင်းရိုင်းပျပျ ဆက်ဆံတာပဲ''

အသားညိုမှောင်သူက ထရပ်ပြီး ပြောသည်။ သူမျက်နှာမှာ ပြုံးနေသော်လည်း အပြုံး၏နောက်ကွယ်တွင် မကျေနပ်မှုများ ရှိနေ၏။

''ဒီကို လာထိုင်ပါဦး''

သူက ဆက်ပြော၏။

''ကိုယ့်နာမည်ဟာ … တင်မ်ပါ ကိုယ်တို့နှစ်ယောက်ဟာ တက္ကသိုလ်ဆက် တစ်နယ်လုံးမှာ အလိုက်ဖက်ဆုံးစုံတွဲဖြစ်တဲ့အကြောင်း … မင်းအဖေကို ပြကြမယ်''

''ငါ့သမီး ‥ သူ့ဘာသာ နေပါစေကွာ''

ကတုံးနှင့် အဖိုးကြီး ကန့်ကွက်သည်။ အဘိုးကြီးသည် လူငယ်က ပါးစပ်ကို လက်ပြန်ရိုက်လိုက်သဖြင့် ယိုင်သွား၏။ ထို့နောက် လူငယ်က သူ့လည်ပင်းကို ဆွဲမော့၏။ အဘိုးကြီး၏ခေါင်းသည် ကိုယ်လုံးတီးပန်းချီကားအောက်သို့ ရောက်သွား၏။

''ဆူဇီကို မြင်တယ်မဟုတ်လား''

သူ့အသံကြားနေရ၏။

''ဒါမျိုးကို … ကျုပ် သဘောကျတယ်၊ အခန်းရဲ့တစ်ဖက်မှာရှိနေတဲ့ သူ့အဖော်ကိုလည်း သဘောကျတယ်၊ ဆံပင်နက်နက်နဲ့မိန်းကလေးပေါ့ ပါပါရယ် … ဟယ်လ်ဟာ ‥ တကယ့်ကို ဟန်ပြမယ်ကလေးပါ''

''မင်းဟာ ‥ အောက်တန်းကျတဲ့ ဝံပုလွေကောင်ပဲ''

ဖိနပ်ခွာသံ တစ်ဒေါက်ဒေါက် ကြားရသဖြင့် နွားကျောင်းသားသည် ရှေ့သို့ ခုန်ထွက်လိုက်၏။ သို့သော် သေနတ်သမားက သူ့ထက်ပို၍ လျင်မြန်ဖျတ်လတ်လေသည်။ သူ့ကိုယ်လုံး ချာချာလည်သွားပြီးနောက် ပြောင်းရှည်သေနတ်ဖြင့် ရိုက်နှက်ခြင်းခံရပြီး ကြမ်းပေါ်သို့ လဲကျသွားပြီး သတိမေ့သွားတော့၏။ ခေါင်းတွင် ဦးထုပ်ဆောင်းထားခြင်းကြောင့်သာ သူ့ခေါင်းကွဲမသွားခြင်းဖြစ်၏။

မိန်းကလေးမှာ နှုတ်ခမ်းဖြူဖတ်ဖြူရော် ဖြစ်သွားပြီး ဒူးထောက်ထိုင်ချလိုက်၏။ ထို့နောက် သူ့ဂါဝန်ကို ဆုတ်ဖြဲ၍ သတိမေ့နေသူ၏ခေါင်းမှ သွေးများကိုသုတ်နေ၏။

''ဘုရားသခင်က ‥ ရှင့်ကိုဒဏ်ခတ်တာပဲ''

သူမက လေသံဖြင့် ပြောနေ၏။ ထို့နောက် သေနတ်သမား၏ ပြောင်ချော်ချော်မျက်နှာကို ခပ်ရိုင်းရိုင်း စိုက်ကြည့်လိုက်၏။

''ရှင့်ကို … ဘုရားသခင်က အပြစ်ပေးလိမ့်မယ်၊ ရှင်ဟာ … မှုန့်သွပ်နေတဲ့ တိရစ္ဆာန်ပဲ''

ဘားထဲတွင် အရက်သောက်နေသော မြင်းစီးသမားသုံးယောက်သည် လှည့်ကြည့်နေရာမှ ကြောက်ရွံ့စွာ အရက်ဖန်ခွက်များဘက်သို့ ပြန်လှည့်သွားကြ၏။ တင်မ်က သူတို့ကို ကြည့်နေသောကြောင့်ဖြစ်၏။

''မင်းဟာ … ဘဝင်မြင့်နေတဲ့ မြည်းမလေးပဲ''

ထိုလူက ရယ်ကျဲကျဲလေသံဖြင့် ပြောသည်။

''ဒီတော့ … ယဉ်ကျေးအောင် ဆုံးမပေးရမယ်၊ ဒီမယ် … အဘိုးကြီး ကြမ်းပေါ်မှာ လဲကျနေတဲ့သတ္တဝါကို ရေလောင်းပြီး အပြင်ဆွဲထုတ်လိုက်ပါ''

''အရင်ဆုံး … ကျုပ်ကို ‥ ရေတစ်ခွက်ပေးပါ''

အသံတစ်သံထွက်လာ၏။

အခန်းတွင်းရှိ လူများအားလုံးသည် အသံကြားရာဘက်သို့ လှည့်ကြည့်ကြ၏။ အားလုံးမှာ တုန်လှုပ်ချောက်ချားနေကြ၏။ တံခါးဝမှ ထိုးကျနေသောအရိပ်ကိုသာ တွေ့ကြ၏။

တံခါး တဖြည်းဖြည်းပွင့်လာပြီး လူတစ်ယောက် ဝင်လာ၏။ ထိုလူမှာ



www.burmeseclassic.com

ကိုယ်လုံးသွယ်၍ ဘွတ်ဖိနပ်အနက် စီးထားသည်။ မျက်နှာတွင်ဖုံများသည် မျက်နှာဖုံးစွပ်ထားသကဲ့သို့ ပေကျံနေ၏။ နှုတ်ခမ်းမှာ ပါးလျသည်။

''ရေပေးပါ''

ထိုလူက ပြောရင်း အခန်းကို ဖြတ်လျှောက်သွားပြီး ရေချိုင့်ကို မော့သောက်နေ၏။

အားလုံးပင် လူစိမ်းအား တိတ်ဆိတ်စွာကြည့်နေ၏။ မိန်းကလေးက သူမချစ်သူကို ပွေ့ထားရင်း ရေရွတ်မြည်တမ်းနေ၏။

''မစိုးရိမ်ပါနဲ့ ... အမျိုးသမီး''

လူစိမ်းက ဝင်ပြောသည်။

''သူ ... ပြန်သတိရမှာပါ .. ဒါကို သူ့ပါးစပ်ထဲ အစက်ချပေးပါ''

စားသောက်ဆိုင်ပိုင်ရှင်အဖိုးကြီးသည် ရေဖန်ခွက်ကိုယူရန် အရှေ့တိုးလာ၏။ သို့သော် သူ့ပုခုံးအား ကြမ်းတမ်းစွာ ဖယ်ရှားခြင်းခံလိုက်ရ၏။

''မင်း ... ဘယ်သူလဲ''

ရှပ်အင်္ကျီဝတ်ထားသူက လေသံမာမာဖြင့်မေး၏။

''ဒီကိစ္စဟာ ... မင်းလို ကလေကချေမြင်းသူခိုးနဲ့ မပတ်သက်ဘူး''

''နွားသူခိုးလို့ပြောရင် ... ပိုပြီးသဘာဝကျလိမ့်မယ်''

''မင်း ... ကြိုက်သလိုခေါ်ပေါ့''

သေနတ်သမားသည်လက်ချောင်းများကို ဆုတ်လိုက် ဖြန့်လိုက်လုပ်နေ၏။

မက်ဆီကန်သည် စားသောက်ခန်းအလယ်သို့ရောက်လာအောင် ဟန်ပါပါလျှောက်လာ၏။ သူ့ခြေထောက်များကိုကားပြီး လက်မနှစ်ချောင်းကို သေနတ်ခါးပတ်တွင် ချိတ်ထား၏။

''သေနတ်ထုတ်လိုက်ပါ''

အင်္ကျီနီဝတ်ထားသော သူက ပြောသည်။

''ဒါဟာ ... စားသောက်ခန်းပါ''

လူစိမ်းက အေးဆေးစွာပြော၏။

''သေနတ်ထုတ်ပါ ... အရင်ဆုံး ရေကရားအတွက် တစ်ဒေါ်လာပေးပါ''

''တစ်ဆင့်တောင် မပေးဘူး''

''မင်း .. တယ်ခေါင်းမာပါလား''

သေနတ်သမားက လှောင်ပြောင်သံဖြင့်ပြောရင်း–

''ပေးမလား တိုက်ခိုက်မလား''

ဟု မေးတော့သည်။

''ကျုပ် ... မပေးနိုင်ဘူး၊ ကျုပ်ဟာ .. သတင်းပေးဖို့လာတာ''

''သတင်းပေး ဟုတ်လား၊ ဘယ်သူ့ကို သတင်းပေးမှာလဲ''

''တင်မ်ဆိုတဲ့ .. လူတစ်ယောက်ကိုပါ''

သေနတ်သံတစ်ချက် ကြားရပြီးနောက် လူစိမ်း၏ခေါင်းမှဦးထုပ် လွင့်ထွက်သွားသည်။

''ဒီနာမည်ကို ... နောက်ထပ်ခေါ်ရင် အသေပဲ''

သေနတ်သမားက ကိုတ်ပစ္စတိုကို အိတ်ထဲသို့ပြန်ထည့်ရင်း ပြောသည်။

''တင်မ်ဆိုတာ ... ငါပဲ .. မင်းနာမည် ဘယ်သူလဲ''

''သေမင်း''

သေနတ်သမားက ရယ်လိုက်၏။

''သေမင်း ... ဒါ .. မင်းနာမည်လား၊ ငါဟာ .. သေမင်းကိုပဲဖြစ်ဖြစ် သေရမှာကို မကြောက်ဘူး''

''ဒါဆို ကောင်းပါတယ်''

လူစိမ်းက ပြောပြန်သည်။

''ခင်ဗျားဟာ ... မကြာခင် သေရတော့မှာ ..''

သေနတ်သမားက သဘောကျဟန်ဖြင့် သူ့ပေါင်ကို ရိုက်လိုက်၏။

''လူကြားတစ်ယောက်နဲ့ တွေ့နေပြန်ပြီကော''

သူက အော်ပြောလိုက်၏။

''မင်းကို သတ်ရမှာ ... သနားတယ်၊ ဒါပေမဲ့ ... သတ်မှုဖြစ်မယ်၊ နို့မို့ရင် .. သူဟာ ... တင်မ်အနိုင်ယူခဲ့တယ်ဆိုပြီး ကြွားနေလိမ့်ဦးမယ်၊ နေပါဦး .. မင်း ဘယ်သူလဲ''

သူက စိုက်ကြည့်နေ၏။ လူစိမ်းသည် လက်ကိုင်ပုဝါဖြင့် မျက်နှာမှဖုန်များကို သုတ်နေ၏။

''အနားတိုးပြီး .. ကြည့်ပါလေ''

လူစိမ်းကပြော၏။

''မင်းကို ငါမသိဘူးကွ''

''မြစ်ကမ်းနံဘေးမှာ .. အိမ်တစ်လုံးရှိတယ်၊ ငွေရောင်မုတ်ဆိတ်နဲ့ လူကြီးလူကောင်းတစ်ယောက် .. မြင်းစီးသမားလေးယောက် ဒါဆိုစဉ်းစားလို့ရနိုင်မှာပါ''

သေနတ်သမား၏ တွဲကျနေသော မျက်ခွံအောက်မှမျက်လုံးများ အရောင်လက်လာ၏။

''အေး ... ငါသိပြီ''

သူကပြောရင်း သေနတ်ဆွဲထုတ်၏။

သူ မြန်ပါသည်၊ သို့သော် လူစိမ်းက ပိုမြန်သည်။ လူစိမ်းသည်ဒူးထောက်ထိုင်ချလိုက်၏။

သေနတ်သံသုံးချက်သည် တစ်ချက်တည်းပစ်သလို ပေါ်ထွက်လာ၏။ တင်မ်သည် အရက်ကောင်တာဆီသို့



www.burmeseclassic.com

ယိမ်းကျသွား၏။ အရက်ကောင်တာကို ဆုပ်ကိုင်ထားချိန်တွင် သူ့ကိုယ်ပေါ်မှ အနီကွက်သည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး နောက်ဆုံး သူ့ရှပ်အင်္ကျီတစ်ထည်လုံး နီရဲသွား၏။

''တရားဟောဆရာတစ်ယောက်လောက်'' သူက ဆို့နင့်သံဖြင့် ပြောနေ၏။ ကျေးဇူးပြုပြီး–

ထို့နောက် ကြမ်းပေါ်သို့ လဲကျသွားတော့၏။ သူ့ဖိနပ်တွင် တပ်ထားသော မက်ဆီကန်ဒေါ်လာပြားများသည် တချွမ်ချွမ်မြည်သွား၏။

လူစိမ်းသည် သူ့ဘွတ်ဖိနပ်ပေါ်မှ သွေးကွက်များကို သုတ်နေ၏။

''သေနတ်ကျည်ဆံမှန်ပြီး မှန်အိမ်ကွဲတဲ့အတွက် လျော်ကြေးယူပါ'' သူကပြော၍ ကောင်တာပေါ်သို့ ပိုက်ဆံတင်ပေးလိုက်သည်။

''ရှင့်ငွေကို ... ပြန်ယူပါ၊ အမျိုးသမီးက ဘုရားသခင်က စေလွှတ်တဲ့ လူဆီက လျော်ကြေးမယူပါဘူး''

လူငယ်သည် ကြမ်းပေါ်တွင်ထိုင်၍ သူမချစ်သူအား ပွေ့ထားသော မိန်းကလေးအား အတန်ကြာစိုက်ကြည့်နေ၏။

''နှစ်ယောက်တော့ ... ကျုပ်ဖခင်နောက် လိုက်သွားပြီ''

လူငယ်ကပြောပြီး ဆိုင်တွင်းမှ ထွက်သွား၏။

လူငယ်၏မြင်းခွာသံသည် ဆူဇီစားသောက်ဆိုင်အတွင်းမှ ပျောက်ကွယ် သွားတော့၏။

+ + +

ယခုအချိန်တွင် ဒေါ့ဂ်စစတဲလ်မှာ ဘာသာရေးကို အလွန်သက်ဝင်ယုံကြည်နေ၏။ သေနတ်ခါးပတ်ကို စွန့်ပယ်လိုက်ပြီဖြစ်၏။ သေနတ်ကိုင်ထားသူများနှင့် ငြင်းခုံပြောဆိုခြင်း မပြုတော့ပေ။ သို့သော် သူ့အိတ်ထဲတွင် ပြောင်းတိုသေနတ်တစ်လက်ကို အမြဲဆောင်ထားသေး၏။

ဘစ်လစ်တဲဟွန်းအရပ်တွင် အခြေစိုက်နေထိုင်ပြီး တနင်္ဂနွေနေ့တိုင်း တရားဟော၏။ သို့သော် လူစိမ်းများကို အမြဲသတိထားနေဆဲ ဖြစ်သည်။

''ကျွန်ုပ်ဟာ ... ခင်ဗျားတို့လို အပြစ်ရှိသူတွေကို ... ကယ်ဖို့အတွက် ရောက်လာတာပါ၊ ဒီအတွက် ဘယ်လိုအကျိုးရှိသလဲ၊ မာန်နတ်ဟာ ကျွန်ုပ်လိုပဲ မကောင်းသူဖြစ်တယ်၊ ခင်ဗျားတို့သိတဲ့အတိုင်း ဘက်ဝင်ရှိဒီနဲ့ တင်မ်သည် မက်ဖ်တို့ဟာ သေနတ်ပစ်ခံရပြီး သေခဲ့ကြတယ်၊ သူတို့ဟာ ... ရက်တယ်လာဘေ့ရှန်တနက ချက်စ်ဘာရီမြို့တော်ဝန်ကိုသတ်တဲ့ အချိန်က အတူရှိနေခဲ့ကြတယ်၊ ဒီစာအုပ်ထဲမှာ ... အင်အားကြီးမားသူဟာ နှိမ့်ချရမယ်လို့ ဆိုထားတယ်၊ တက်ဆပ်စ်နယ်ဟာ တကယ်တော့ ... အသူရကယ်ဘုံဖြစ်တယ်၊ အခုဆိုရင် .. အမည်မသိတဲ့ လူတစ်ယောက်ဟာ အဲဒီအချိန်ကပါတဲ့ လူတွေကို လိုက်သတ်နေတယ်၊ ခင်ဗျားတို့ဟာ .. ဒီလူရဲ့ .. အန္တရာယ်ကို အကာအကွယ် မပေးနိုင်ကြဘူးလား''

''အဲဒီလူက ဘယ်သူလဲ''

လူအုပ်ထဲမှ အသံတစ်သံက မေး၏။

''အသတ်ခံရတဲ့လူရဲ့ သားပဲ''

''ရမ်းကားတဲ့လူငယ်တစ်ယောက် သေနတ်နဲ့တွေ့ရာကို လိုက်ပစ်နေတယ်လို့ ... ခင်ဗျားဆိုလိုတာလား၊ ကျုပ်တို့ သူ့ကို ... အရေခွံဆွဲဆုတ်မယ်''

''သူ့ကို .. ဘယ်လိုသိမှာလဲ''

''သူ့မှာ .. ရွှေသရဖူရှိတယ်''

''ခင်ဗျား .. လူအပဲ''

တရားဟောဆရာကကြိမ်းမောင်း၏။

''သူဟာ ... အဲဒီတံဆိပ်ပေါ်က အပေါ်အင်္ကျီထပ်ဝတ်ထားတယ်၊ လူစိမ်းလာရင် ... ကျွန်ုပ်ကို သတိပေးပါ၊ ကျန်တာကို ကျွန်ုပ် .. ဆက်လုပ်မယ်၊ ခရစ်ယာန်ပီသပါစေ၊ စည်းမဲ့ကမ်းမဲ့ မနေကြပါနဲ့''

သူက ... စကားရပ်ပြီး ဦးထုပ်ကို ဝေ့ရမ်းပြ၏။

''ခင်ဗျားတို့အားလုံးဟာ .. သေခြင်းကြီးစိုးနေတဲ့အရပ်မှာ ခရီးသွားနေတယ်ဆိုတာကို အမြဲသတိရပါ၊ ကဲ .. ဆုတောင်းကြပါ''

မြို့တစ်နေရာတွင် အဝတ်နက်ဝတ်ထားသူတစ်ယောက်သည် မြင်းခြေနင်းကွင်းတွင် ခြေတစ်ဖက်တင်၍ စီးကရက်လိပ်နေ၏။

အသက်ထင်ရှားရှိနေသူများသည် ဘယ်လင်တဲလ်ဟွန်းမြို့တွင် ၁၈၈၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့က ဖြစ်ပျက်ခဲ့သောအကြောင်းများကို ယခုတိုင် မမေ့ကြသေးပေ။ ထိုညက လေမုန်တိုင်းပြင်းစွာတိုက်ခိုက်သဖြင့် တိရစ္ဆာန်အုပ်များ မြို့ထဲသို့ ပြေးလာကြ၏။

လေတိုက်ခတ်သံကို ကျော်ဖြတ်၍ ဆီးနှင်းများကျလာသံနှင့်တူသော အသံကို ပထမကြားရ၏။ လူများသည် အိပ်ရာမှထ၍ ပြတင်းပေါက်များကို ဖွင့်ကြည့်ကြ၏။ လျှပ်စီးလက်နေသော



www.burmeseclassic.com

www.burmeseclassic.com





အရောင်အောက်တွင် လူသူကင်းမဲ့သောလမ်းများသည်ခရမ်းရောင်တောက်နေသည်ကို မြင်ကြ၏။ ထို့နောက် လေကားများ၊ နံရံများ၊ ဘုရားရှိခိုးကျောင်း၊ လသာဆောင်များသည် ပြိုကျသွား၏။ ယောက်ျားများသည် အိမ်နောက်ပေါက်မှထွက်၍ ဖြစ်ပျက်နေသည်များ ကြည့်ကြ၏။ မြင်းကို အပြင်းဒုန်းစိုင်းသွားသော လူတစ်ယောက်၏သဏ္ဌာန်ကိုသာ မသဲမကွဲမြင်လိုက်ကြ၏။

တရားဟောဆရာသည် မှန်အိမ်ထွန်း၍ ပြတင်းပေါက်မှ လှမ်းကြည့်နေ၏။

"သူပဲ"

ရေရွတ်ပြောဆိုရင်း အခန်းတွင်းသို့ဝင်သွား၏။ ကုလားထိုင်ကို စားပွဲဆီသို့ယူလာပြီး စားပွဲတွင်ထိုင်၍ သမ္မာန်ကျမ်းစာကို ဖတ်နေ၏။

အချိန်အတော်ကြာသွား၏။ လေမုန်တိုင်းတိုက်သံနှင့် သစ်သားကျိုးသံကို ကြားရ၏။ ထို့နောက် တံခါးထုသံကြားရ၏။ မီးရောင်လှုပ်ရှားသဖြင့် တံခါးပွင့်လာကြောင်း သိရ၏။ ထိုအချိန်မှာ ဒေါ်ဝစ်စတဲလ်၏ တစ်သက်တာတွင် သတ္တိအကောင်းဆုံးဖြစ်တော့၏။

"ကျွန်ုပ်မှာ ... လက်နက်မရှိပါဘူး"

သူက ဒါပဲပြောသည်။ တံခါးဝတွင် လူတစ်ယောက်ရပ်နေ၏။

"ခင်ဗျား ... ဘယ်သူလဲဆိုတာကို ကျွန်ုပ်သိတယ်၊ လက်နက်မရှိသူတစ်ယောက်ကို .. ခင်ဗျား .. မသတ်သင့်ဘူး"

ဒေါ်ဝစ်စတဲလ်က ဆက်ပြော၏။

"ရက်တယ်လာ ဘေရွန်တန်က မင်းအဖေကိုသတ်တဲ့အတွက် ကျွန်ုပ်မှာ ... အပြစ်ရှိသလား"

အခန်းထဲတွင် တိတ်ဆိတ်နေ၏။

ဒေါ်ဝစ်စတဲလ်က စားပွဲမှထရပ်၏။

"မင်း .. စကားမပြောတတ်ဘူးလား"

"ဘက်တ်ဝင်းနဲ့ တင်းမ်ကို ... မင်း .. သတ်တာ ကျွန်ုပ်သိတယ်၊ ဒီအတွက် ... ကျွန်ုပ် .. ဘာမှမပြောလိုပါဘူး၊ ကိုယ့်လမ်းကို ကိုယ်သွားပါ .. သား၊ ကျွန်ုပ်ဟာ .. တရားဟောဆရာတစ်ဦးဖြစ်တယ်၊ ကျွန်ုပ်ကို မသတ်သင့်ပါဘူး"

မီးတောက်သည် လေတိုက်သဖြင့် ယိမ်းယိုင်နေ၏။ သူ့လက်များကို ကားလိုက်၏။ ထိုလူက စကားတစ်လုံးမှ မပြောပေ။

မိနစ်များ ကုန်လွန်သွား၏။ မီးရောင်သည် တံခါးဝတွင် ရပ်နေသူထံသို့ ထိုးကျနေ၏။

"ခင်ဗျား ဘာမှမလုပ်နိုင်ပါဘူး"

တရားဟောဆရာ၏နဖူးမှာ ချွေးပြန်လာပြီး ကျမ်းစာအုပ်ပေါ်သို့ ချွေးတစ်ပေါက်ကျသွား၏။

သူ့အတွေ့အကြုံအရ ရန်သူသည် လက်နက်မဲ့သူတစ်ယောက်အား တွေဝေသွားတတ်၏။ တကယ်တော့ သူ လှည့်ဖျားနေခြင်းဖြစ်၏။ သူ ရုတ်တရက် အင်္ကျီတွင်းမှ ပြောင်းတိုသေနတ်ကို ဆွဲထုတ်လိုက်၏။

ပြင်းထန်သော ပေါက်ကွဲသံပေါ်ထွက်လာပြီး အခန်းထဲတွင် မီးခိုးများ ယမ်းခိုးများ မှောင်သွား၏။ တရားဟောဆရာ၏ မျက်လုံးနှစ်လုံးအကြားတွင် မည်းနက်ဝိုင်းစက်သော အပေါက်တစ်ပေါက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေတိုက်သံသာ ကြားနေရ၏။

"ကျုပ် ‥ အဖေရဲ့အုတ်ဂူကို ‥ စောင့်မယ့်လူ သုံးယောက်ရှိသွားပြီ"

ထိုသို့ပြောကြားပြီးနောက် မည်းမည်းသဏ္ဍာန်သည် တံခါးမှ ပြန်ထွက်သွားတော့၏။

\+ + +

ထိုနေ့မှာ ဘရွတ်ကင်းအီးဂဲလ်မြို့အတွက် မမေ့နိုင်သော နေ့တစ်နေ့ဖြစ်၏။ လမ်းမကြီးများကိုဖြတ်၍ အလံများ၊ ကြက်လျှာများ ချိတ်ဆွဲထား၏။ စားသောက်ဆိုင်များ၏ လသာဆောင်များတွင်လည်း အရောင်တောက်ပသော ခြုံထည်များ လွှမ်းထား၏။ အဝတ်များပေါ်တွင် "ကြိုဆိုပါသည်"ဟု စာတန်းရေးထား၏။ ထိုသို့ရေးထားခြင်းသည် လှည့်လည်သွားလာသူများကိုသာမက အရေးကြီးသောပုဂ္ဂိုလ်ကြီးအား ကြိုဆိုရန်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ပြည်နယ်မြို့တော်မှ လာရောက်၍ ဘရွတ်ကင်းအီးဂဲလ်မြို့၏ ပထမဆုံးမြို့တော်ဝန်ဖြစ်သော ရက်တယ်လာဘေရွန်တန်အား လက်ဆွဲနှုတ်ဆက်မည်ဖြစ်၏။

အရဏ်တက်ချိန်မှစ၍ ဘက်ဒ်လင်းဒ်ကိုဖြတ်၍ ဖုန်လုံးကြီးများတက်လာသည်ကို မြင်ရ၏။ မြင်းစီးသမားများ လာနေခြင်းဖြစ်၏။ မကြာခင် ဘရွတ်ကင်းအီးဂဲလ်မြို့ထဲတွင် လူများ ပြည့်လျှံသွားတော့၏။

ယနေ့ နေ့လယ်ပိုင်းတွင် ရက်တယ်လာဘရွန်မှာ တည်ကြည်ခန့်ညားနေ၏။ ထိုအခိုက် စူးရှကျယ်လောင်သော အသံထွက်ပေါ်လာ၏။

"ဘာသံလဲ"

သူက ရဲမှူးကိုမေး၏။

"ပြည်နယ်ကလာတဲ့ ‥‥ မီးရထားခေါင်းတွဲ အသံပါ"

ဟု ရဲမှူးက ဖြေ၏။

ထို့နောက် သူ့အိတ်ထဲမှနာရီကို ထုတ်ကြည့်၏။

"အချိန် အတိအကျ ‥ ရောက်လာတာပဲ၊ အရင်က ‥‥ ဒီလိုအချိန်မမှန်ဘူး၊ အားလုံး ‥‥ လမ်းဘေးမှာ ရပ်နေကြပါ၊ အဲဒါ ‥ သူပဲ၊ ရက်တယ်လာ၊ သူ့ကိုပြုံးပြပါ ‥‥ သူဟာ ‥‥ ဆီနေတာဖြစ်တယ်"

မျက်နှာခပ်သေးသေးနှင့် ပါးရည်များရှုံ့တွနေသောလူတစ်ယောက်သည် ကွက်လပ်ကိုဖြတ်၍ သူတို့ဆီလျှောက်လာ၏။ ထိုလူသည် ကုတ်အင်္ကျီဖားဖား နှင့် ဘောင်းဘီပွပွဝတ်ထား၏။

"သူလမ်းလျှောက်ပုံက ‥‥ နွား ကျောင်းသားတွေပုံစံမျိုးပဲ"

ဘေရွန်တန်က မှတ်ချက်ချ၏။

"သူ့ဘေးက ‥ စောင်ခြုံလာတာ ဘယ်သူလဲ"

ရဲမှူးက သူ့ပြောသူကို စိုက်ကြည့်၏။

"သူ့အတွင်းရေးမှူး ‥‥ ဖြစ်လိမ့် မယ်၊ ကြေးနန်းထဲမှာ ဒီလိုပါတယ် နေ့ခင်းရထားနဲ့ အတွင်းရေးမှူးနဲ့အတူ လာတယ်၊ ဆီနေတာဂျက်ကဆင်လို့ ရေးထားတယ် ‥‥ ဟိုင်း ‥ ဆီနေတာ ဟိုင်း ‥ ခင်ဗျားလာတာ သိပ်ကောင်း တာပဲ၊ ဒီကလူတွေကို ‥ စကားနည်း နည်းပြောပါဦး၊ အရင်ဆုံး ‥‥ ဒီမြို့က မြို့တော်ဝန်နဲ့ တွေ့ပါ၊ ရက်တယ် လာဘေရွန်တန်ဟာ ‥‥ ဘရွန်ကင်း အီးဂဲလ်မြို့မှာ အကျော်ကြားဆုံးပါ"

"ငရဲပြည်လို ပူတယ်"

ဆီနေတာက ညည်းညူ၏။

"မလိုပါဘူး ‥‥ ဘယ်သူနဲ့ လက်ဆွဲနှုတ်မဆက်ချင်ဘူး၊ ကဲ ‥ ရေ သာ ပေးစမ်းပါ"

"မြို့တော်က ‥‥ လာခဲ့ရတာ ကြောင့် ‥‥ ခရီးပမ်းတယ်လို့ ‥ ထ ပါတယ်"

"ကဲ ‥‥ ကုလားထိုင် ပေး ကျုပ်ရဲ့အတွင်းရေးမှူးကိုလည်း တ လုံးချပေး"

"ဆီနေတာ ‥‥ ခင်ဗျား"

ရဲမှူးက ပြော၏။

"ခင်ဗျား ‥ လမ်းလျှောက်ပုံ

ခင်ဗျားတို့ဟာ သူ့အရက်မူးပြီး လူသတ်တာကို
ဝိုင်းပြီး လက်ခုပ်တီးပေးခဲ့ကြရတယ်။
ခင်ဗျားတို့ရဲ့ မြို့တော်ဝန်ဟာ
သတ်ပစ်ဖို့ပဲကောင်းတယ်၊
သူဟာ ဥပဒေဘက်တော်သားတွေကို
ငွေနဲ့ဝယ်ထားတဲ့အတွက်
ဘယ်တော့မှ အပြစ်မရဘူး ‥‥


www.burmeseclassic.com

www.burmeseclassic.com



ဘောင်ပေါ်သားတစ်ယောက်နဲ့ တူနေတယ်၊ ဒီအရပ်မှာ ဆွေမျိုးရှိပါသလား''

''ကျုပ်မှာ ... ဆွေမျိုးမရှိဘူးလို့ ဘယ်သူပြောသလဲ''

ဆီနေတာက ချက်ချင်းပြန်ပြောသည်။ ဦးထုပ်ဖြင့် သူ့ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်း ယပ်ခတ်နေ၏။

''ဟိုဘက်က ... တောင်တန်းပေါ်မှာနေတဲ့ လူတစ်ယောက်ဟာ ... ဆီနေတာနဲ့ အလွန်ရုပ်တူတယ်၊ သူ့မှာ မုတ်ဆိတ်မွေးရှိတယ်၊ ဆီနေတာမှာ .. မရှိဘူး''

''အဲဒီမှာ လူကြီးလူကောင်းတစ်ယောက်နေတယ်လို့ ကြားဖူးတယ်''

ဆီနေတာက အေးစက်စွာ ပြန်ပြောသည်။

''ကျုပ်ရဲ့အတွင်းရေးမှူး ... ပို့လိုက်တဲ့ကြေးနန်းရလား''

''ရပါတယ်''

''ကျုပ်တို့ ... ဘာကို .. စောင့်နေတာလဲ၊ လုပ်စရာကို ဆက်လုပ်ပါ''

ရဲမှူးသည် ဆီနေတာဘေးနားတွင် ထိုင်နေသူအား ကြည့်နေ၏။ ထိုလူသည် တစ်ကိုယ်လုံးစောင်ခြုံထား၏။ ထိုင်နေသည့်အချိန်မှစ၍ လှုပ်ရှားမှုမပြုသလို စကားလည်းမပြောပေ၊ ထိုလူသည် မြို့တော်ဝန်ဘေရှန်တန်ကို စိုက်ကြည့်နေ၏။

''နေ .. အတော်ပူတယ်၊ နေမပူခင် .. အသားကြော်နဲ့ ဝီစကီကို နံနက်စာအဖြစ် ... မှီဝဲသင့်တယ်''

ရဲမှူးက ပြောလေသည်။

''ပထမတော့ ... ဆီနေတာဟာ ဟိုတောင်ကုန်းပေါ်မှာ တစ်ယောက်ထဲနေတဲ့ .. သေနတ်သမားနဲ့တူတယ်လို့ ထင်မိတယ်၊ အခုတော့ ... သူ့အတွင်းရေးမှူးဟာ .. ငါသိတဲ့လူတစ်ယောက်နဲ့ တူနေပြန်ပြီ၊ ကဲ .. အမဲသွားစားကြရအောင်''

ထို့နောက် ညှိုသည်ဖြစ်သူ ဆီနေတာကို ပြောပြန်၏။

''ဆီနေတာရဲ့ .. အတွင်းရေးမှူးဟာ ... လူငယ်ကလေးပဲ၊ သူ .. လုပ်ငန်းကျွမ်းကျင်ပါ့မလား''

''ကျွမ်းကျင်တယ်''

ဆီနေတာက ခပ်တိုတိုဖြေ၏။

''ကဲ ... ခင်ဗျားအလုပ်ကို .. ဆက်လုပ်ပါ''

ထို့နောက် မြို့တော်ဝန်ရာထူးအပ်နှင်းသော အခမ်းအနားကို ထုံးတမ်းစဉ်လာအတိုင်း ကျင်းပကြသည်။ အင်္ကျီရှည်များ၊ လည်စည်းများ၊ ဝေ့စ်ကုတ်များဝတ်ထားသော ပရိသတ်မှာ ချွေးပြန်နေ၏။ သူတို့သည် ဘရွတ်ကင်းအီးဂဲလ်မြို့၏ မြို့တော်ဝန်အသစ်အကြောင်းကို ချီးကျူးပြောဆိုကြ၏။ တကယ်တော့ သူတို့သည် စိတ်ထဲက မပါဘဲ ပြောနေကြခြင်းသာ ဖြစ်၏။

ဘရှန်တန်မှာ စင်ကြယ်အောင် ရိတ်ထားသော မုတ်ဆိတ်ကိုပွတ်ရင်း ဟန်ဆောင်ပြုံးပြုံးရင်း နားထောင်နေရ၏။ စကားပြောနေသူများအား လက်သီးဖြင့် ထိုးချင်စိတ်ပေါ်နေသည်ကို ကြိုးစားထိန်းချုပ်ထားရ၏၊ လျှာရှည်တဲ့လူတွေ၊ လေအိုးတွေ၊ အူနေတဲ့ဝံပုလွေဟု စိတ်ထဲမှပြောနေ၏။ သူသည် အရက်သောက်ချင်နေသဖြင့် စားသောက်ဆိုင်များကို လှမ်းကြည့်နေ၏။ ထို့နောက် အံ့ဩလောက်သောစကားကို ပြောဖြစ်သွားသည်။

''ကျုပ်ကို ... စကားပြောစေချင်သလား''

ဩဇာရှိသောအသံ ထွက်ပေါ်လာ၏။

''ဒါဆိုရင် ... ဘရွတ်ကင်း အီးဂဲလ်က .. လူတွေသိအောင် .. အမှန်တရားကို ပြောပြမယ်၊ အရင်ဆုံး ... ကျုပ် ... လည်ချောင်းရှင်းဦးမယ်''

ဆီနေတာသည် ထသွားပြီး ပါးဖောင်တွင်ငုံထားသော ဆေးဖတ်ကို ထုတ်လိုက်၏။ ထို့နောက် သဲပေါ်သို့ တံတွေး ပစ်ကနဲ ထွေး၏။

''ဒီမြို့မှာ ... လူကောင်းတွေ ရှိပါတယ်''

သူက အသံကျယ်လောင်စွာပြောသည်။

''တချို့ဆိုရင် ... အလွန်ရိုးသားဖြောင့်မတ်တယ်၊ ဒီမြို့မှာ ... မြို့တော်ဝန်ခန့်ဖို့အတွက် .. ဘာလုပ်ကြမလဲ၊ သွေးစွန်းတဲ့လက်ပိုင်ရှင်လူသတ်သမား၊ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ဓာတ်ရှိတဲ့လူ၊ ကိုယ့်မိခင်ကို ပစ္စည်းအတွက် ... သတ်ပစ်တဲ့ အရက်သမားကို .. ရွေးချယ်ကြမှာလား''

ကွက်လပ်ဘေးတွင် ဝိုင်းအုံနေသောလူအုပ်အတွင်းမှ အာမေဋိတ်သံများပေါ်ထွက်လာပြီးနောက် တိတ်ဆိတ်သွား၏။

''ကျုပ်ကတော့ ... ခင်ဗျားတို့အကြောင်းသိထားတဲ့အတွက် .. နည်းနည်းမှ မအံ့ဩဘူး''

ဆီနေတာက ဆက်ပြော၏။

''ခင်ဗျားတို့ဟာ ... သူ့အရက်မူးပြီး လူသတ်တာကိုဝိုင်းပြီး ... လက်ခုပ်တီးပေးခဲ့ကြရတယ်။ သူဟာ ... မဲ

www.burmeseclassic.com


မှူးမန်ရိုရဲ့မိတ်ဆွေဖြစ်တဲ့အတွက် ‥ ထောင်မကျဘူး၊ ခင်ဗျားတို့ရဲ့ ‥ မြို့တော်ဝန်ဟာ … သတ်ပစ်ဖို့ပဲ ကောင်းတယ်၊ သူဟာ ‥ ဥပဒေဘက်တော်သားတွေကို ငွေနဲ့ဝယ်ထားတဲ့အတွက် ဘယ်တော့မှ အပြစ်မရဘူး၊ ဘရွတ်ကင်းအီးဂဲလ်ဟာ ဥပဒေမဲ့သူတွေကြီးနေတဲ့ ကြက်ခြံတစ်ခြံပဲ''

''ဘုရားသခင် … ကျွန်တော် သူ့ကို သိပြီ''

ရဲမှူးက ထိုင်ရာမှထရပ်ပြီး အံ့အားသင့်စွာ အော်ပြောသည်။

''သူဟာ … တောင်ပေါ်မှာနေတဲ့ ဝရမ်းပြေးပဲ''

''ငြိမ်ငြိမ်နေပါ ရဲမှူး၊ ဒီသေနတ်ပြောင်းထဲက ‥ ကျည်ဆံတစ်တောင့်ဟာ ‥ ဝမ်းဗိုက်ကနေပြီး ကျောရိုးထိအောင် ဖောက်သွားလိမ့်မယ်၊ ငြိမ်ငြိမ်ရပ်နေပါ''

''လူသတ်သမား … ခင်ဗျားဘာကြောင့် ဒီလို … ရပ်ဖျက်ပြီး လာတာလဲ''

လူအုပ်တွင်းမှ အသံတစ်သံက မေး၏။

''ဘုန်းကြီးကို အလုပ်ပေးဖို့ပါ''

ဆီနေတာက ဖြေ၏။

''ခင်ဗျားဆီကို … ဖို့တ်ကနေ ကြေးနန်းပို့တာဟာ ဂျွန်နီရဲ့အကြံအစည်ပဲ၊ သူဟာ … ကျုပ်ကို ‥ ဆီနေတာအဖြစ် ဒီကိုခေါ်လာခဲ့တယ်၊ ဆီနေတာဟစ်ယောက်ဟာ ဘာအကြောင်းရှိလို့ ဒီကိုလာရမှာလဲ၊ ခင်ဗျားတို့ဟာ … ရာဘူးရိုလူတွေကို အထင်ကြီးတာ ကျုပ်တို့သိတယ်''

ရက်တယ်လာသည် ရဲမှူးကို အကာအကွယ်ယူပြီး သေနတ်အိတ်ကို လက်ဖြင့်စမ်းနေ၏။

''မလိုသေးပါဘူး ဘေရွန်တန်''

သူ့လက်ကောက်ဝတ်ကို ဆွဲယူခြင်းခံရသဖြင့် နောက်ပြန်လှည့်ကြည့်လိုက်၏။ သူ့ကို စိုက်ကြည့်နေသောမျက်လုံးအစုံကို တွေ့ရ၏။

''မလိုအပ်သေးဘူး''

BURMESE CLASSIC .com

စောင်ကြားကို ခြုံထားသူက ပြော၏။ မာကျောသောအရာတစ်ခုက သူ့နံကြားကို ထောက်ထား၏။

''ခင်ဗျားတို့ကို … ကျုပ် … နောက်ဆုံးပြောစရာရှိသေးတယ်''

ဆီနေတာက ဆက်ပြော၏။ မကြာခင် သတ်ဖြတ်မှုတစ်ခု ပေါ်ပေါက်လိမ့်မယ်၊ ဒီတရားမျှတတဲ့ သတ်ဖြတ်ပွဲကို ကျုပ် ‥ မကြည့်လိုဘူး၊ ကျုပ်တစ်ခုပဲမှာခဲ့မယ်၊ ကျုပ် ‥ လူကလေးနဲ့ သူ့ရန်သူ ‥ မျက်နှာချင်းမဆိုင်ခင်မှာ ခင်ဗျားတို့ ‥ သူ့ကို … လုံးဝမပစ်ခတ်ပါနဲ့၊ ခရစ်တော်ကိုတိုင်တည်ပြီး ကျိန်ပြောမယ်၊ ကျုပ် … ပြန်လာပြီး ပစ်တဲ့လူကို ပစ်သတ်မယ်၊ အဲဒါကို ‥ သေသေချာချာ မှတ်ထားကြပါ''

ထို့နောက် သူသည် အောက်သို့ တဖြည်းဖြည်းဆင်းသွား၏။ အောက်သို့ အရောက်တွင် တိတ်ဆိတ်နေသော အပေါ်မှလူအုပ်ကို ပြန်လှည့်ကြည့်သည်။

''ဂျွန်နီ လူကလေး''

ခပ်တိုးတိုး နှုတ်ဆက်လိုက်ပြီး အဝေးသို့ ထွက်သွားတော့၏။

မြင်းဟီသံ တစ်ချက်ပေါ်လာပြီး ဘက်ဒ်လောင်းဘက်သို့ ဒုန်းစိုင်းသွားသော မြင်းခွာသံများကြားရ၏။

နေပူရှိန်သည် မြေကွက်လပ်ပေါ်သို့ တည့်တည့်ကျနေ၏။ ရာပေါင်းများစွာသောလူများသည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေ၏။ လူအားလုံးပင် တစ်နေရာကို စူးစိုက်ကြည့်နေကြ၏။

လူငယ်သည် ခေါင်းကိုခွာချပြီး ထရပ်လိုက်၏။ သွယ်ဖြောင့်တည့်မတ်သော ကိုယ်လုံးပိုင်ရှင်ဖြစ်၏။ သူ့ခါးတွင် သေနတ်ခါးပတ် ပတ်ထား၏။

''လမ်းပေါ်ကို သွားကြမယ် ဘေရွန်တန်''

လူငယ်က တည်ငြိမ်စွာ ပြော၏။

''ခင်ဗျားကို … ဒီနေရာမှာပဲ ပစ်သတ်မိလိမ့်မယ်''

သေနတ်သမားက ဘာမှမပြောပေ။ သူ့မျက်လုံးက အရောင်တောက်နေ၏။

''သွားကြစို့လို့ … ကျွန်တော် ပြောနေတယ်နော်''

ရဲမှူးက ရှေ့တိုးလာ၏။

''ဒီအတွက် … မင်းကို ‥ ကြိုး ပေးရလိမ့်မယ်''

''ဒါကို ‥ ကျွန်တော် ‥ လက်ခံ ပါတယ်''

လူငယ်ကပြောပြီး ရဲမှူးကို ဘေး သို့ တွန်းလိုက်၏။

''ခွင့်ပြုလိုက်ပါ''

ဘေရွန်က ပြောသည်။

''သူဟာ … ကျုပ်အတွက် အ သေးအဖွဲ့ပါ''

သူက နှုတ်ခမ်းကို လျှာဖြင့်လျက် နေ၏။

ဘေရွန်တန်မှာ သေနတ်သမား တစ်ယောက်ဖြစ်သည်။ ယနေ့တွင် တည်ကြည်လေးနက်နေ၏။ သူသည် အလွန်အန္တရာယ်ပေးနိုင်သူဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ငါနဲ့ သေနတ်ယှဉ်ပစ်ချင်လို့လား"

သူက တည်ငြိမ်စွာမေးသည်။

"ဘယ်လိုပစ်ချင်တာလဲ"

"ကွက်လပ်အလယ်ကနေပြီး .. ခြေလှမ်းနှစ်ဆယ် လျှောက်သွားပြီးမှ ပစ်မယ်"

"ငါ .. သဘောတူတယ်၊ မင်း နာမည် ဘယ်လိုခေါ်လဲ"

"သေမင်း"

သေနတ်သမား၏ မျက်လုံးများ ထူးဆန်းစွာ အရောင်လက်သွားပြန်၏။

"ဒီနာမည် ငါကြားဖူးသလိုပဲ"

သူကပြောရင်း ကွက်လပ်ဆီသို့ ရဲရဲဝံ့ဝံ့ လျှောက်သွား၏။ လူငယ်က နောက်မှလိုက်သွားသည်။

နေသည် မြေကွက်လပ်ပေါ်သို့ ထိုးကျနေ၏။ ရက်တယ်လာဘေရွန်တန်က ခပ်မြန်မြန်လျှောက်သွား၏။ တစ်ဆယ့်ရှစ် တစ်ဆယ့်ကိုးအထိ သူ လှမ်းလျှောက်သွားသည်။ ထို့နောက် ရုတ်တရက်လှည့်၍ ရပ်နေရာမှပစ် လိုက်၏။

သေနတ်သံတစ်ချက်မှာ တစ်ချက်တည်းလို ထင်ရသည်။ နေရောင်ခြည်ထဲတွင် ယမ်းခိုးများဝေသွားသည်။

နှစ်ယောက်လုံး လဲကျသွား၏။ မြို့တော်ဝန်၏ ညာလက်မောင်းတွင် ကျည်ဆံထိသွား၏။ လူငယ်၏သေနတ်မှ လွင့်စင်သွားသည်။

"ရက်တေလာ ရှုံးပြီ"

လူအုပ်ထဲမှ အသံတစ်သံက အော်ပြောသည်။

"သူ့ညာလက် သုံးမရတော့ဘူး"

မြေကြီးပေါ်တွင် လဲနေသူနှစ်ယောက်သည် အဆိပ်ပြင်းသော မြွေနှစ်ကောင်ကဲ့သို့ တစ်ယောက်ကို တစ်ယောက် တိတ်ဆိတ်စွာ ကြည့်နေ၏။

"ဘေရွန်တန် ... ခင်ဗျား .. ကျွန်တော့်ကို သိရဲ့လား"

လူငယ်က မေးသည်။

"သေနတ်သမားတစ်ယောက်ပဲ ဖြစ်မှာပေါ့"

"သံတော်ဆင့်လို့ ... ပြောပါ၊ နောက်ဆုံးတာဝန် ထမ်းဆောင်လို့မပြီးခင်မှာ ပြောစရာရှိတဲ့သတင်းကို ... ပြောပြပါ့မယ်"

"ဘယ်သူက ... ပြောခိုင်းတဲ့ သတင်းလဲ"

"အီးဂဲလ်ချောင်းနံဘေးမှာရှိနေတဲ့ ... သချိုင်းဂူက ..."

ရက်တယ်လာသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

"ဟုတ်ပြီ လူကလေး"

နောက်ဆုံး သူသတိရသွား၏။

"မင်း ... တာဝန်ပြီးဆုံးပြီ၊ မင်း အဖေနောက်ကို လိုက်သွားပေတော့"

သူ့ဘယ်လက်ဖြင့် သေနတ်အိတ်မှ သေနတ်ကိုထုတ်လိုက်၏။

ဘေရွန်တန်၏လှုပ်ရှားမှုမှာ လျင်မြန်လွန်းသဖြင့် ကြည့်နေသူများသည် သူ့ပစ်လိုက်သည်ဟုပင် ထင်ကြ၏။

သူ့ရင်ဘတ်တွင် အနီရောင်များ စို့တက်လာ၏။ ထို့နောက် သူလဲကျသွားလေတော့၏။

သူသည် မြင်းပေါ်တွင်ထိုင်လျက်ရှိ၏။ လက်နှစ်ဘက်ကို ကျောနောက်တွင် ပူးချည်ထားသည်။ ကြိုးကွင်းကို လည်ပင်းတွင်စွပ်ထားပြီး ကြိုးစကို သစ်ပင်ကိုင်းတွင် တန်းလန်းဆွဲချည်ထား၏။

"ခေါင်းကိုင်ပြီး ... အသက်ရှည်သူဟာ ခေါင်းနဲ့ပဲ သေဆုံးရတယ်"

ဘုန်းကြီးက တရားဟောနေ၏။

"ဒီလိုမဟုတ်ဘူး"

ရဲမှူးက ဝင်ပြောသည်။

"သူ့အကြွေးဆပ်နေတာ"

ထို့နောက် စီးကရက်ကိုထုတ်ရင်း မြင်းပေါ်မှလူငယ်ကို မော့ကြည့်၏။

"ဘာပြောစရာရှိသလဲ"

"ပြောစရာရှိတယ်"

လူငယ်က တန်းစီကြည့်နေသော လူစုကို တည်ကြည်ခန့်ညားစွာ စိုက်ကြည့်၍ ပြောသည်။

"ချောင်းနံဘေးမှာ ... ချက်စ်ဘာရီရဲ့ နောက်ဆုံးမြို့စားရဲ့ အလောင်းကိုမြှုပ်ပါ၊ အဲဒီနေရာမှာ ... ပေါက်တဲ့ မြက်တွေဟာ ... ပိုပြီး စိမ်းလန်းနေလိမ့်မယ်၊ ဒါကို ... ခင်ဗျားတို့က ကတိပေးပါ"

ထို့နောက် အသံကျယ်လောင်စွာဖြင့် ပြောလိုက်၏။

"ကျွန်တော့်ကို ... အိမ်ပြန်ပို့ပါတော့ ရဲမှူး၊ မြင်းကို မောင်းထုတ်လိုက်တော့ ... ကျွန်တော့်ဖခင်ရဲ့အုတ်ဂူကို သွားစောင့်ရှောက်မယ်၊ အားလုံး .. ငါးယောက် ..."

ဘနင်း

**Jhonny Death By**

**ADRIAN CONAN DOYLE**

ကို မြန်မာပြန်သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

စုံထောက်အခန်းဆက်ဝတ္ထုရှည်

# ချစ်သောပန်ထွာ

ယခင်လမှအဆက်



## အခန်း(၂၅)

### အသေခံဝံ့သူများ

တောက နက်သည်ထက် နက်လာ၏။ တစ်တောဝင် တစ်တောင်ဟက်ပြင့် ခရီးဆက်ခဲ့ကြသည်။

သတ္တုမမြောက်နေ့ ...

အရှင်မက ခရီးပန်းသည့်ဒဏ်ဖြင့် မကျန်းမာရှာ။ အထိန်းတော်ကြီးရှင်မိအူ ပါမလာသည့်အတွက် မိန်းမပေါ်ဖြစ်သော စိတ်ချာက ပြုစုပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖျက်ထားသည့် စိတ္ပါကို ဘုရင်မကြီးနှင့် ရုပ်ချင်းခွဲမရအောင်တူသည့်အကြောင်း အရှင်မှအစ မည်သူမျှပင် မရိပ်မိကြ။ ရန်သူက နောက်မှ သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြောင်း အဖွဲ့သားအထောက်တော်များကသတင်းပြန်ပို့သည်။ အတန်အသင့်လုံခြုံသည်ဟု ထင်ရသော လှိုဏ်ကြီးတစ်ခုတွင် စခန်းချထားရ၏။ အရှင့်ကျန်းမာရေး အခြေအနေအရ အနားပေးရမည်မို့ ခရီးမဆက်နိုင်။

တပ်မှူးပါလ၊ သူရနှင့် ဥက္ကာတို့က တပ်ဖွဲ့ကို ကွပ်ညှပ်ထား၏။ တပ်ဖွဲ့ဝင်များသည် အရှင်၏ အနီးကပ်လက်ရွေးစင် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များဖြစ်သဖြင့် အရှင့်အတွက်အချိန်မရွေး အသက်ပေး၍ အသေခံတိုက်ပွဲဝင်ရန် ဝန်လေးသူများမဟုတ်ပေ။ စည်းကမ်းသေဝပ်သည်၊ အမိန့်နာခံသည်။ တစ်သွေးတစ်သံ တစ်မိန့်။

တပ်မှူးပါလ၊ သူရနှင့် ဥက္ကာ အသီးသီးတာဝန်ခွဲထား၏။ ဥက္ကာက အထောက်တော်တာဝန်၊ ပါလက အရေးရှိလျှင် တိုက်ခိုက်ရေးနှင့် သူရက အနီးကပ်လုံခြုံရေး ..။

အဋ္ဌမမြောက် နံနက်ခင်း ..။

နေထွက်စပြုအချိန်ပင်ရှိသေးသည်။

ဥက္ကာနှင့် အထောက်တော်တာဝန်ယူထားသည့် တပ်ဖွဲ့ဝင်များ စခန်းသို့ အပြေးရောက်လာ၏။

ဥက္ကာက တပ်မှူးပါလနှင့် သူရကို ဘုရင်မကြီးမကြားလောက်သောနေရာခေါ်လျက် တီးတိုးပြောသည်။

"ရန်သူက ကျုပ်တို့ကို ခြေရာခံမိသွားပြီ တပ်မှူး၊ ဘယ်လိုလုပ်ကြမလဲ"

တပ်မှူးပါလက ချက်ချင်း အစီအစဉ်ဆွဲ၍ တာဝန်ခွဲသည်။

"ဥက္ကာ .. မင်းနဲ့ မင်းရဲမက်တွေက နောက်ချန်အဖွဲ့အဖြစ်နေခဲ့ပြီး ရန်သူ့တပ်မလာနိုင်အောင် ဟန့်တား။ ငါက မင်းဆီက ကွဲထွက်လာတဲ့ ရန်သူကို ခြေမှုန်းမယ်။ သူရက အရှင့်ရဲ့ ဘေးကင်းလုံခြုံရေးကို တာဝန်ယူပြီး တိမ်းရှောင်"

"ဟာ .. တပ်မှူး၊ ခင်ဗျား အစီအစဉ်မှာ ကျုပ်တိုက်ဖို့လည်း မပါပါလား"

"ဟေ့ .. သူရ၊ အရှင့်ရဲ့ လုံခြုံရေးအတွက် အမှုတော်ထမ်းရတဲ့မင်းက ပိုပြီး တာဝန်ကြီးတယ်နော်။ တာဝန်မလစ်ဟင်းစေနဲ့။ ကဲ .. အရှင့်ကို ခေါ်ပြီး စခန်းကထွက်တော့"

"ကျွန်ုပ် .. ဘယ်မှ မသွားတော့ဘူး။ ဒီနေရာကပဲ သင်တို့နဲ့အတူ ရန်သူကို ခုခံတော့မယ်"

ဘယ်အချိန်က အနီးရောက်လာမှန်းမသိရသော ဘုရင်မကြီးက ပြောလိုက်ခြင်းဖြစ်၏။ အားလုံး မှင်တက်မိသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးက ဆက်ပြောသည်။

"မထူးတော့ပါဘူးကွယ်။ ရိုင်းစိုင်းယုတ်မာတဲ့ သစ္စာဖောက်တွေနဲ့ နယ်ချဲ့သမားတွေရဲ့ရန်က ပြေးလို့လွတ်တော့မှာမှမဟုတ်ဘဲ ဒီနေရာက မောင်မင်းတို့နဲ့အတူ ငါလည်း တိုက်ပွဲဝင်ပါရစေ"

"သေရင်လည်း ပန်ထွာဘုရင်မဟာ သူ့နိုင်ငံနဲ့ သူ့လူမျိုးအတွက် အသက်စွန့်ပြီး တိုက်ပွဲဝင်သွားတယ် ဆိုတဲ့ ကမ္ဘည်းမော်ကွန်း ထိုးခဲ့နိုင်တာပေါ့ကွယ်"

အားလုံးသက်မောကိုယ်စီ ရှိုက်မိကြ၏။

အရှင့်ဆန္ဒကို မည်သူမျှ မငြင်းဆန်ကြ။

ဓားကိုယ်စီကိုင်လျက် ရင်ဘောင်တန်း၍ တိုက်ပွဲဝင်ရန် အသင့်ပြင်ကြသည်။

"ဝေါ ‥ ဝေါ"

တစ်တောလုံးပဲ့တင်အောင်ပင် ရန်သူ့ဆင်မြင်းများ လှုပ်ရှားသံကသည်းအူပြတ်ကြွေမတတ် ခံစားရ၏။ ဘရှေ့ရှေ့ ချီတက်လာနေသည့် ရန်သူ့ရှေ့တန်းတပ်မ၏ အောင်လံ တဖျတ်ဖျတ်လွင့်ထူသံ၊ ဒိုင်းကို ဓားနှင့် ရိုက်၍ ချောက်လှန့်သံ။

ချွမ်း ‥ ချွမ်း

ဖြောင်း ‥ ဖြောင်း

ဟေး ‥ ဟေး ‥ ဟေး

ရန်သူ၏ အားနှင့်မာန်နှင့် ဟစ်ကြွေးသံတွေကိုဂရုမစိုက်ဘဲ အကြောက်အလန့်ကင်းစွာ ဓားကို လက်က ကျစ်ကျစ်ဆုပ်လျက် အံကြိတ်ပြီးလျှင် စိမ်းစိမ်းကြည့်နေကြ၏။ တစ်လှမ်းချင်း ရှေ့တက်၏။

နှစ်ဖက်စစ်မျက်နှာမှာ မြားတစ်ကမ်းအကွာသို့ပင် ရောက်လာခဲ့၏။

အသေခံ ဗိုလ်ဿနိုးတပ်၏ ရှေ့ဆုံးမှ မြင်းပေါ်တွင် ဉက္ကာ၊ တပ်မှူးပါလ၊ ဘုရင်မကြီးနှင့် သူရ။

သူရတို့နောက်မှ ခြေလျင်တပ်သားများက ဓားများ၊ ဒိုင်းများ၊ လှံများဖြင့်အသင့်။

ဘုရင်မကြီးက ရန်သူ့တပ်ကို မီးထွက်မတတ် မျက်လုံးတွေနှင့် ကြည့်သည်။ ရှေ့ဆုံးက မြင်းပေါ်တွင် သစ္စာဖောက် ဒဿနကို အတိုင်းသားမြင်ရ၏။ ငယ်စဉ်ကပင် အရှင့်ဖခင် ရသေ့မြတ်က ကျွေးမွေးစောင့်ရှောက်ခဲ့သည့် ကျေးဇူးကမ်းသူ ဒဿနကို ရွံရှာစက်ဆုပ်စွာကြည့်လျက် ‥‥

"ထွီ ‥"

"သင်းကို ငါကိုယ်တိုင်သတ်မယ်ဟေ့"

ဘုရင်မကြီးက ဓားကိုမြှောက်၍ တိုက်မိန့်ပေးတော့မည့် ဆဲဆဲ။

ဝူး ‥ ဝူး

ဝေါ ‥ ဝေါ

ဦးတည့်ရာ ပြေးလာသည့် တောဆင်ရိုင်းအုပ်ကြီးက လေအောက်ကျသည့် ရန်သူ့ဆင်မြင်းတပ်များကို မြင်သွား၏။ မြင်မြင်ရာ သဲသဲမဲမဲ နင်းခြေ၏။ ရန်သူ့တပ်သားတွေ ခြေဦးတည့်ရာ ပြေးကြသည်။ တောဆင်ရိုင်းများ အနင်းအခြေခံရသဖြင့် သေသူသေသည်။ ကျသူကျသည်။ ရန်သူ့တပ်ကြီး ဝါးအစည်းပြေသကဲ့သို့ တပ်ပျက်သွား၏။

အခြေအနေမှန်ကိုသုံးသပ်မိသည့် တပ်မှူးပါလက ဟစ်အော်အမိန့်ပေး၏။

"အားလုံး ဆုတ်ဟေ့၊ ဒါ အခွင့်အရေးပဲ။ နတ်မြတ်နတ်ကောင်းတွေက တို့ကို ကယ်တင်တာပဲ"

ဆင်ရိုင်းအုပ်ကြီး၏ အငြိုးတကြီးနင်းခြေသတ်ဖြတ်နေချိန်ကို အခွင့်ကောင်းယူလျက် ကစင့်ကလျားဖြစ်နေသော ရန်သူက သူတို့ကို ဂရုမစိုက်နိုင်ချိန်မှာပင် ရှောင်တိမ်းချိန်ရလိုက်လေသည်တကား။

* * *

ကံအားလျော်စွာပင် မြင်းမဏိတောင်တန်းကြီးအလယ် ကုက္ကိုပင်များဖြင့် တောလုံးစိမ်းနေသော နေရာသို့ ရောက်ခဲ့သည်။ ကျောက်တောင်ပေါ်မှ အရှိန်နှင့် တဝေါဝေါကျဆင်းနေသည့် ရေတံခွန်ကြီးအောက်တွင်လိုဏ်ဂူကြီးတစ်ခုတွေ့သည်။ ပတ်ဝန်းကျင်အနေအထားအရ လုံခြုံမှုရှိနေသဖြင့် စခန်းအဖြစ် သတ်မှတ်လိုက်သည်။

အားလုံး ဂူကြီးအတွင်း ရောက်သွားချိန်တွင် ဘုရင်မကြီးက ရဲမက်အားလုံးကို အမိန့်တစ်ခုချမှတ်လိုက်၏။

"ငါတို့အသက်ကို ကယ်ခဲ့တာ တောဆင်ရိုင်းတွေပဲ။ ဆင်ဆိုတာ သတ္တဝါအားလုံးထဲမှာ အားအကြီးဆုံး၊ စည်းလုံးညီညွတ်မှုအရှိဆုံး သတ္တဝါဖြစ်တယ်။ ဒါကြောင့် ငါ့ကျွန်ုပ်ယုံတွေဟာ ဒီနေ့ကစပြီး တောဆင်ရိုင်းတွေလို အားကြီးအောင် စိတ်ဓာတ်မြှင့်ထားရမယ်။ သေတဲ့အထိလည်း စည်းလုံးညီညွတ်စွာနဲ့ တိုက်ပွဲဝင်ကြစေ"

"အမိန့်တော်မြတ်အတိုင်းပါ အရှင်"

* * *

www.burmeseclassic.com





အခန်း(၂၆)
နောက်ဆုံးညီလာခံတော်

ဂူကြီးထဲမှာ ပုန်းအောင်းနေရစဉ်အတွင်း ဘုရင်မကြီးခင်မျှာ သနားစဖွယ် အထီးကျန်နေရှာ၏။ အစားအသောက်ကိုလည်း စားသည်ဆိုရုံမျှ စားသည်။ ပြည့်ဖြိုးလှပသည့် အရှင့်ခန္ဓာကိုယ်မှာ ပိန်သွယ်လာ၏။ စိတ်ထောင်းကိုယ်ကျေဖြစ်နေရှာသည်ပင်။

အရှင်သည် အချိန်ပြည့်တွေးနေငေးနေ၏။

လက်ရှိကြုံတွေ့နေရသည့်ဘဝအတွက် ယူကျုံးမရဖြစ်နေဟန်လည်း ရှိသည်။ အရှင် စိတ်ချမ်းသာသလို နေပါစေဟု အားလုံးကအနှောင့်အယှက်မပေး၊ အရှင့်အရိပ်ကိုကြည့်၍ လိုသည်ကို ဖြည့်ဆည်းပေးနေကြရုံသာပင်။

အရှင်က တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေမှန်း သိသာနေ၏။ ဗိဿနိုးရဲမက်များအနေဖြင့် အဓိပ္ပာယ်အဖော်ရခက်အောင်ပင် အရှင်က အံကြိတ်လိုက်၊ တက်ခေါက်လိုက်၊ မျက်မှောင်ကြုတ်လိုက်ဖြင့် ...

အရှင်က ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်ရင်း အနီးမှာရှိနေသည့် စိတ္တာကိုကြည့်လျက် ...

"စိတ္တာလေး သူရယ်ကို ခေါ်ပေးပါကွယ်"

"ကောင်းပါပြီ အရှင်"

စိတ္တာက လိုဏ်ဂူကြီးထဲမှာ သူရကို လိုက်ရှာ၏။ သူရနှင့် တပ်မှူးပါလက လိုဏ်ဂူကြီးအနီး ရန်သူ့တပ်မလာနိုင်စေရန် ကျောက်တုံးကြီးများကို ထောင်ချောက်ဆင်နေသည့် နေရာရောက်နေသည်။

စိတ္တာက အရှင်ခေါ်သည်ဆိုသဖြင့် သူရအပြေးအခစားရောက်ရ၏။ သူရကိုကြည့်လျက် အရှင်က စိတ်မကောင်းဟန်ဖြင့် ...

"အရှင့်အတွက် မင်းလည်း ပင်ပန်းလှပြီနော် သူရယ်"

အရှင့်အသံက မသိမသာတုန်ယင်လျက်ရှိ၏။ သူရက ..

"အရှင့်အတွက် အသက်ပင်နှင်းအပ်ပြီးပြီမို့ ဤမျှပင်ပန်းခြင်းဟာ မပြောပလောက်တော့ပါပြီ အရှင်"

"အင်း .. ရှင်တုရှင်ယောင်ကို ယုံမိတဲ့ ကျွန်ုပ်ရဲ့ အမှားကြောင့် ပန်ထွာနိုင်ငံတော်ကြီး ပျက်သုဉ်းရပြီး ဗိဿနိုးမြို့သားတွေ အသက်ဆုံးရှုံးရတာကို တွေးမိတိုင်း ဝမ်းနည်းရလွန်းလို့ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင်ဖြစ်ရတယ် သူရယ်"

ကြေကွဲမှုကြောင့် အရှင့်မျက်ဝန်းမှ မျက်ရည်တွေဝိုင်းနေ၏။ သူရ မည်သို့ အရှင့်ကို နှစ်သိမ့်ပေးရမည်ကိုပင် မတွေးတတ်ပါတော့။

ထိုအချိန်မှာပင် အရှင့်ရှေ့တော်သို့ ဥက္ကာအခစားဝင်လာ၏။ ဥက္ကာက အရှင့်ကို လျှောက်ထားရမည်ကို ဝန်လေးဟန်ဖြင့် ခေါင်းကြီးငုံ့၍ ငြိမ်သက်နေ၏။ အရှင်က ...

"ဘာများသတင်းထူးပါလို့လဲ ဥက္ကာယ်"

"ကျွန်တော်မျိုးကြီး ရန်သူ့အခြေအနေကို လိုက်လံစုံစမ်းထောက်လှမ်းကြည့်တဲ့အခါမှာ ရန်သူဟာ တောနင်းပြီး ဆက်ရှာနေဆဲပါ အရှင်။ တစ်ချိန်ချိန်မှာ ဒီနေရာကိုလည်း ရောက်လာတော့မှာပါ။ ဒါကြောင့် ရန်သူလက်လှမ်းမမီတဲ့ သက်လူမျိုးတွေဆီ ရှောင်တိမ်းဖို့ သင့်၊ မသင့် အရှင် ချင့်ချိန်တော်မူပါ။ ကျွန်တော်မျိုးတို့မှာ ရွှေငွေအလုံအလောက်ပါခဲ့ပါတယ်။ 'သက်'တွေနဲ့ပေါင်းပြီးတော့ လက်နက်နိုင်ငံထူထောင်လိုက်ရင်း ...

"ကျွန်တော်မျိုးတို့ ဗိဿနိုးကို မြေလှန်မီးရှို့ခဲ့တဲ့ ဒွတ္တဘောင်၊ ပန်ထွာနိုင်ငံတော်သူ နိုင်ငံတော်သား၊ ကလေး၊ လူကြီးနဲ့ မိန်းမပါမကျန် သွေးချောင်းစီးအောင် ရက်စက်စွာသတ်ဖြတ်ခဲ့တဲ့ ဒွတ္တဘောင်ကို ကလဲ့စားချေနိုင်မှာပါ"

ဘုရင်မကြီးက ခေါင်းကို သွက်သွက်ခါရမ်းသည်။

ညှိုးငယ်နွမ်းလျနေသည့် မျက်နှာတော်ကို ချက်ချင်းပြင်၏။ အံကိုတင်းတင်းကြိတ်လျက် ...

"သူရယ်"

"အမိန့်ရှိတော်မူပါ အရှင်"

"ညီလာခံတော် ကျင်းပလိုတယ်၊ ရဲမက်တွေအားလုံးစုရုံးကြပါစေ"

"အမိန့်တော်အတိုင်းပါ အရှင်"

* * *

ညီလာခံတော် စတင်ချိန် ...

ဘုရင်မကြီးသည် ရာဇပလ္လင်ထက်မှာ မထိုင်ရ။ ထီးဖြူကနက် မဆောင်းရ။ အရှင့်လက်တော်မှာ ရတနာကိုးသွယ် စီချယ်ထားသည့် သံလျက်တော်မရှိ။

အရှင့်ကို တုပ်ပျဉ်ဝပ်တွားခစားနေကြသူများထဲတွင်လည်း သက်တော်ရှည်ဝန်မပါ။ ဖြတိုက်တော်ဝန်မရှိ။ အတွင်းဝန် အပြင်ဝန်များလည်း မခစား။ မှူးကြီးမတ်ရာ သေနာပတိလည်း လစ်လပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြေးဘုရင်တစ်ပါး၏ ညီလာခံက ထီးမဆန်၊ နန်းဟန်မရှိ ပကတိ ကြေကွဲစရာအတိဖြစ်ပေသည်။

ကျောက်တုံးတစ်တုံးပေါ်တွင် တပ်မှူးပါလက သူ၏ကတ္တီပါဝတ်ရုံ အနီကို ခင်းပေးထားလျက် အရှင့်ကို ထိုင်တော်မူစေသည်။ ရဲမက်အားလုံးက ကျောက်သားကြမ်းပြင်တွင် ဒူးထောက်ခစားကြ၏။ ဘုရင်မကြီးက သူ၏ တိုင်းသူပြည်သားများကို ကြည့်တော်မူရင်း–

"ဤညီလာခံတော်၌ ကျွန်ုပ်မြွက်ကြားတော်မူသော မင်းအာဏာကို ကျွန်ုပ်၏ တိုင်းသူပြည်သားများဖြစ်ကြသော သင်တို့သည် ချွင်းချက်မရှိ လိုက်နာကြရမည်ဟု ကျွန်ုပ်တစ်ချက်လွှတ် အမိန့်တော်ချမှတ်လိုက်သည်"

ဘုရင်မကြီးအသံက အေးအေးချည့်ချည့်စွာ ထွက်ပေါ်လာခဲ့၏။

"သရေခေတ္တရာနှင့် ပန်သွာနိုင်ငံတော်၏ စစ်ပွဲသည် အလိုရမ္မက်ကြီးသော ဘုရင်ဒွတ္တဘောင်နှင့် လူ့ကျွန်မခံလိုသော ကျွန်ုပ် ပန်ထွာဘုရင်မကြီး၏ ပုဂ္ဂလိက စစ်ပွဲဖြစ်သင့်ပါလျက် လူ့အသက်ပေါင်းများစွာ စတေး၍ သွေးချောင်းစီးခဲ့ရခြင်းမှာ ကျွန်ုပ်တွင် တာဝန်အရှိဆုံးဟု ယူဆအပ်ပေသည်။ ထို့ကြောင့် မလိုလားအပ်သူများ ထပ်မံ၍ သေကြေပျက်စီးခြင်းငှာ မသင့်တော့။ ကျွန်ုပ်ကို အလိုရှိသော ရန်သူဒွတ္တဘောင်အား ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ပေးအပ်လိုက်လျှင် ..."

"လူ့အသက်ပေါင်းများစွာကို ကယ်တင်ရာရောက်မည်ဖြစ်ကြောင်း ဆင်ခြင်မိသည်နှင့်အညီ ကျွန်ုပ်၏ သူရဲကောင်းရဲမက်များနှင့် ကျွန်ုပ်၏ ကျွန်ရင်းများသည် ကျွန်ုပ်အား ထားခဲ့လျက် ဆုတ်ခွာသွားကြစေဟု ကျွန်ုပ် အမိန့်တော်မြွက် ချမှတ်တော်မူလိုက်သည်"

ဘုရင်မကြီး၏ အသံက တိုးရာမှ တိမ်၍ဝင်သွားခဲ့၏။ ညီလာခံတော်ဟစ်ခုလုံးမှာ အံကြိတ်သံများ၊ တောက်ခေါက်သံများ၊ ငိုရှိုက်သံများဖြင့် ပရိဒေဝ၏ နိဒါန်းကို ကျူးရင့်လျက်ရှိပါ၏။



"အရှင်"

သူရ အသံက ငိုသံပါနေ၏။

ဒူးထောက်ခစားနေရာမှဆတ်ခနဲ ထရပ်သည်။ အမိန့်တော်ကို ပြင်ဆင်ပေးရန် လျှောက်ထားတော့မည့်ဆဲဆဲ အရှင်က ..

"ကျွန်ုပ်ချမှတ်သည့် အမိန့်တော်ကို သွေဖီသူဟာ ကျွန်ုပ်ကို မထီမဲ့မြင်ပြုသူပေပဲ။ အို .. အမောင်သူရယ်၊ သင်သည် ကျွန်ုပ် နန်းကျဘုရင်မကြီး၏ အမိန့်တော်ကို ဖီဆန်၍ ကျွန်ုပ်၏ သန္ဒအား ဆန့်ကျင်ဖီလာပြုလျက် စိမ်းကားစွာ စော်ကားတော့မည်ရှိသလော"

"အို .. အရှင်ရယ်"

သူရတစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာလျက် ဒူးတွေညွတ်ကွေးကျပြီးလျှင် မျက်ဝန်းမှာ တားဆီးမဲ့ကင်းစွာ မျက်ရည်တွေ စီးကျလာခဲ့၏။ သူရထံမှ အသံထွက်၍ ငိုကြွေးသံက အနီးမှာ ခစားနေသူအားလုံး၏ နှလုံးသားကို ဆုပ်ကိုက်ဖျစ်ညှစ်ခံလိုက်ရသကဲ့သို့ မည်သူမျှ မျက်ရည်မဆယ်နိုင်တော့။

ဥက္ကာက ဒူးတုပ်ခစားနေရာမှ ထရပ်လိုက်ဖြစ်သည်။ အားလုံး၏ မျက်ရည်ပြည့်လျှမ်းနေသည့် မျက်လုံးတွေက ဥက္ကာကို စူးစိုက်ကြည့်ရှုကြ၏။ ဥက္ကာက ..

"အရှင့်အမိန့်တော်မြတ်ကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မျိုး လေးမြတ်စွာဦးထိပ်ပန်ဆင်အပ်ပါတယ် အရှင်''

''အင်း ‥ သည်လိုမှပေါ့ကွယ်''

အရှင်က ဥက္ကာကို ယဲ့ယဲ့မျှသော အပြုံးဖြင့် ကြည့်သည့်တိုင် အားလုံး၏ မျက်ဝန်းများကတော့မူ ဥက္ကာကို တစ်ကိုယ်ကောင်းဆန်သူ သူရဲဘောကြောင်သူအဖြစ် အထင်သေးသည့်အကြည့်ဖြင့် ရှုံ့ရှာစက်ဆုပ်စွာ ‥။

''ဒါပေမဲ့ ‥''

ဥက္ကာက ဖြတ်ထားခဲ့သော သူ့စကားကို ပြန်ဆက်သည်။ ကျောမှာ သိုင်းလွယ်ထားသည့် အအိမ်အတွင်းမှ ဓားကို ရှမ်းခနဲ ဆွဲထုတ်လျက် ‥။

''ကျွန်တော်မျိုး အရှင်မဲ့သောဘဝဖြင့် အသက်ရှင်ရတာထက် သေရတာမြတ်တယ်လို့ ယူဆမိတဲ့အတွက် အရှင့်ရှေ့တော်မှောက်မှာ သူရဲကောင်းပီသစွာ မိမိကိုယ်မိမိ အဆုံးစီရင်ခွင့်ပြုတော်မူပါအရှင်''

ဥက္ကာက ဓားရိုးကို လက်နှစ်ဖက်နှင့် စုံကိုင်၍ ဗိုက်ကို ဓားဦးနှင့်ထောက်လိုက်၏။ အားလုံး ဥက္ကာ၏ ရည်ရွယ်ချက်ကို သဘောပေါက်သွားကြ၏။ ဥက္ကာ၏အပြုအမူကို တားဆီးဟန့်တားခြင်းမပြုကြ။ အထင်သေးသော အကြည့်[illegible] ချက်ချင်းပင် လေး[illegible] စ်လိုဖွယ်အကြည့်များအဖြစ် [illegible] သွားလျက် [illegible] တို့ အလှည့်[illegible] ဘောကျ[illegible] ဓားလုံး [illegible] အလိုလို တင်မိလိုက်ကြ၏။

သည်အဖြစ်ကို သတိမူမိလိုက်သည့် ဘုရင်မကြီးက ‥‥

''ဂါဂါ ဘဝ ဝဋ်ကြွေးသည် ကြီးလေစွတကား''

ကြေကွဲစွာ ရေရွတ်ရင်း မျက်နှာလွှဲတော်မူ၏။ ဥက္ကာက ဓားရိုးကို ဆုပ်ကိုင်ထားသည့် လက်အစုံကို အရှိန်နှင့် မြှောက်တင်လိုက်၏။

''အစ်ကို''

စိတ္တာ အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သလိုပင်။ စိတ္တာက နောက်ဆုံးမှာ ခစားနေရာမှ ဒူးထောက်လိုက်သည်။ ဥက္ကာက အချစ်ဆုံးနှမလေးကို စောင်းငဲ့ကြည့်လျက် ‥

''နင့်အလုပ်ကို နင်လုပ်ပါ စိတ္တာ ငယ်၊ ငါ့ အလုပ်ကို ဝင်မရှုပ်ပါနဲ့''

''ဟုတ်တယ်၊ အကျွန့်အလုပ်ကို အကျွန်လုပ်မလို့၊ ခေတ္တဆိုင်းငံ့ဖို့ အစ်ကို့ကို တားတာပါ''

စိတ္တာက တည်ငြိမ်ကျခြေရစွာ တားဆီးလိုက်ခြင်းဖြစ်၏။

ဥက္ကာက ရွယ်ထားသည့်ဓားကို ပြန်ချလျက် နှမကိုစောင်းငဲ့ကြည့်သည်။ စိတ္တာက အားလုံး၏ရှေ့မှာ ပေါရောက် ရပ်တန့်လျက် ‥‥

''အရှင် ‥ ကျွန်တော်မျိုးမကို သေချာစွာ ရှုစားတော်မူပါ''

စိတ္တာက ဆံပင်များကြားမှာ ရောညှပ်ထားသည့် ကြောင်ကြောင်ပြောင်းဖူးမွှေးတွက် ဖယ်ရှားလျက် နက်မှောင်သွဲ့ပြောင်း၍ ဖြောင့်စင်းရှည်လျားသော ပိတုန်းရောင် ဆံနွယ်များကို ဖြန့်ချလိုက်သည်။

ထို့နောက် မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့အပြားတွင် သုတ်လိမ်းထားသော အိုးမည်းနှင့် ထုံးဖြူရောထားသည့် ဆေးများကို ဖျက်လိုက်သည်။ ခြုံလွှမ်းထားသည့် ညစ်ပေနေသော လျှော်ခြည်ဝတ်ရုံကြီးကို ဖယ်ရှားပြလိုက်သော အခါ ‥

တဒင်္ဂအတွင်းမှာပင် ဖြူဝင်းနုစိုသည့် ဘုရင်မ၏ ကိုယ်ပွားတစ်ခုပေါ် လာလေသည်။

ဟာ ‥ ဟင်

''ဘုရား ‥ ဘုရား ‥ တူလှချည်လား''

**သရေခေတ္တရာဘုရင်ဒွတ္တဘောင်ဟာ သူ သိမ်းပိုက်ရရှိလိုက်ပြီး မိဖုရားကြီးအဖြစ် ချစ်ခင်မြတ်နိုးစွာ တင်မြှောက်မိသူဟာ မဟာဆီမဟာသွေးဘို့နဲ့ လားလားမျှမထိုက်တန်အောင် ယုတ်ညံ့တဲ့ ဒွန်းစဏ္ဍားမတစ်ယောက်မှန်းသာသိခဲ့ရင် ‥‥**



www.burmeseclassic.com

အားလုံး၏နှုတ်မှ အာမေဋိတ်သံတွေ ကိုယ်စီနှင့် ...

စိတ္တာက ဘုရင်မကြီးနှင့် ယှဉ်၍ ရပ်လိုက်သည်။

"အရှင်နှင့် ကျွန်တော်မျိုးမ၏ ကွာခြားမှုကို ပြတော်မူပါ"

"အံ့ဩဖွယ် တိုက်ဆိုင်မှုက ယုံနိုင်စရာမရှိပါလားကွယ်တို့"

ဘုရင်မကြီးက စိတ္တာလေး၏ ပခုံးကို ကြင်နာစွာဆုပ်ကိုင်လိုက်၏။

စိတ္တာက ပြောသည်။

"အရှင်နဲ့ကျွန်တော်မျိုးမဟာ ရုပ်ဆင်းအင်္ဂါချင်းခွဲခြားမရအောင် တူညီပေမယ့် ဘဝအကျိုးပေးခြင်းက မနှိုင်းယှဉ်အပ်ပါဘူး။ အရှင်ဟာ ပန်ထွာနိုင်ငံတော်ကြီးရဲ့ အရှင်သခင် ဘုရင်မကြီးဖြစ်ပေမယ့် ကျွန်တော်မျိုးမကတော့ တန်ဖိုးမဲ့တဲ့ လူ့အောက်တန်းစား ဒွန်းစဏ္ဍားမပါအရှင်"

"အဆင့်အတန်းခွဲခြားတဲ့ စကားတွေ မပြောပါနဲ့ကွယ်"

ဘုရင်မကြီးက ကြေကွဲစွာဟန့်တားတော်မူသည်။ စိတ္တာက ...

"ပြောခွင့်ပြုပါ အရှင်၊ သည်းခံပြီး သောတဆင်ပေးတော်မူပါ။ အရှင့်ရဲ့အလှ၊ အရှင့်ရဲ့ဘဝနဲ့ အရှင့်ရဲ့ ဘုန်းသမ္ဘာကို တပ်မက်လွန်းလို့ ပိုင်ဆိုင်လိုမှုကြောင့် ဗိဿနိုးမြို့တော်ကြီးကို မြေလှန်မီးရှို့ပြီး သွေးချောင်းစီးစေခဲ့တဲ့"

"သရေခေတ္တရာဘုရင်ဒွတ္တဘောင်ဟာ သူ သိမ်းပိုက်ရရှိလိုက်ပြီး မိဖုရားကြီးအဖြစ် ချစ်ခင်မြတ်နိုးစွာ တင်မြှောက်မိသူဟာ မဟာဆီမဟာသွေးတို့နဲ့ လားလားမျှမထိုက်တန်အောင် ယုတ်ညံ့တဲ့ ဒွန်းစဏ္ဍားမတစ်ယောက်မှန်း သာသိခဲ့ရင် .."

"သူ့ရဲ့အောင်နိုင်မှုကို စက်ဆုပ်ရွံရှာလာပါလိမ့်မယ်။ ပြီးတော့ ဒွတ္တဘောင်နဲ့ ပန်ထွာမင်းသမီးဟာ စစ်မှန်တဲ့အောင်နိုင်မှုကို ဘယ်သူရရှိလိုက်တယ်ဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါလိမ့်မယ် အရှင်"

ဘုရင်မကြီးက အထိတ်တလန့်ဖြင့် ..

"စိတ္တာ .. မင်း .. မင်း .. ငါ့ .. ငါ့ကိုယ်စား သူ့ရင်ခွင်ကြားမှာ ဘဝကို အဆုံးရှုံးခံမလို့ပေါ့ ဟုတ်လား"

"မှန်ပါတယ် အရှင်၊ ဒါဟာ ကောက်ကျစ်စဉ်းလဲစွာ ဗိဿနိုးရဲ့ အတုလစည်တော်ကြီးကို ဖျက်ဆီးတဲ့ ဘုရင်ဒွတ္တဘောင်အတွက် ဗိဿနိုးမြို့သူတစ်ဦးရဲ့ တုံ့ပြန်ကလဲ့စားချေမှုပါပဲ အရှင်ရယ်"

အများအတွက် စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းများဖြင့် စိတ်ထားမြင့်မြတ်လှသည့် စိတ္တာကို ငေးကြည့်ရင်း သူရ နှလုံးသားတွေ ပေါက်ကွဲထွက်မတတ် နာကျင်ခဲ့ရ၏။ သူ့ရင်ထဲမှာလည်း .. စကားသံတွေ မြည်ဟိန်းနေ၏။

"ဒီအစီအစဉ်ကို ငါကိုယ်တိုင်အကောင်အထည်ဖော်ဖို့ စိတ်ကူးခဲ့ပေမယ့် နှင့်အတွက် အရမ်းနစ်နာမယ်တွေးမိလို့ ငါ မပြောရက်ခဲ့ဘူး။ ခုလိုနှင့်ဆန္ဒနဲ့နှင် တင်ပြလာတဲ့အတွက် နှင်ဟာ တကယ် ရှာမှရှားအောင် မြင့်မြတ်တဲ့ မိန်းကလေးမှန်းသိရလို့ နှင့်ကိုယ်စား ဂုဏ်ယူလို့မဆုံးအောင်ဖြစ်ရပါပြီ စိတ္တာရယ်"

အားလုံး၏ မျက်ဝန်းများမှာ မျက်ရည်တွေ ခမ်းခြောက်သွားခဲ့သော်လည်း သူရ ယူကျုံးမရစွာ ကြေကွဲနေမိဆဲ ဘုရင်မကြီးက ..

"ကောင်းပြီ စိတ္တာငယ်၊ သင်း၏ မျက်လုံးနှစ်ခုကြားတွင်ရှိသော သဒ္ဒိဝင်နတ်မျက်ရှင်မှဲ့အား ကွယ်ပအောင် မာယာဖြင့် ဆောင်ရွက်ချေလော့"

"ပေးအပ်တဲ့ တာဝန်ကို အသက်နှင့်ရင်း၍ ကျေပွန်အောင် ကျွန်တော်မျိုး ထမ်းဆောင်ပါ့မယ်အရှင်"

စိတ္တာက အရှင့်ခြေအစုံကို နဖူးနှင့်ကပ်၍ ရိုကျိုးစွာဦးခိုက်ရှိခိုး၏။ စိတ္တာကိုကြည့်ရင်း ဘုရင်မကြီးရင်၌ ဖြေဆည်မရဖြစ်ရတော့၏။ စိတ္တာ၏ ခေါင်းကို တယုတယကိုင်၍ ဆံနွယ်များကို ပွတ်သပ်လျက် ...

"မချစ်မနှစ်သက်သောသူ၏ ရင်ခွင်ကြား၌ ဘဝကို အနစ်မွန်းခံ၍ ငါ့အမှုတော်ကို ဦးဆွေးဆံမြွေ ထမ်းရွက်မည်ဖြစ်သော အို .. စိတ္တာငယ် .."

သင်သည် ဘဝဆက်တိုင်း၌ ချစ်တဲ့သူနဲ့ အတူတကွပေါင်းဖက်ရသည့်ကိုယ် ဖြစ်ပါစေသားဟု ငါ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ကွယ်"

§ § §

## အခန်း(၂၇)

## ပေးဆပ်သူများ၏ ဗိညာဉ်

စိတ္တာကို ... ဘုရင်မကြီး၏ အဆောင်အယောင်အားလုံး ဝတ်စားဆင်ယင်စေလျက် သူရ၊ ဥက္ကာနှင့် တပ်မှူးပါလ အပါအဝင် ရဲမက်များခြံရံလျက် ရန်သူ့လှုပ်ရှားမှု နယ်မြေအတွင်းမှ အယောင်ပြချီတက်ခဲ့ကြ၏။


မျှော်လင့်ထားသည့်အတိုင်း ရန်သူက သူတို့ကို တွေ့သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com





ထောင်ချောက်အတွင်း ဝင်လာလေသည်။

ရန်သူက အလုံးအရင်းဖြင့် ဝိုင်းခံသည်။ ရန်သူ့တပ် ရှေ့ဆုံးတွင် မြင်းစီးထားသည့် သစ္စာဖောက်ဒဿနနှင့်အတူ မောက်တိုဆောင်းထားသူက သရေခေတ္တရာတပ်ကို ဦးဆောင်သည်။ ဒဿနက အော်ပြောသည်။

''ဟေ့ ‥ပန်ထွာမင်းသမီး တို့လက်ထဲအပ်ခဲ့ရင် သင်တို့အားလုံးရဲ့အသက်ကို ချမ်းသာပေးမယ်''

သူရမြင်းနှင့် ဥက္ကာမြင်း ညှပ်ထားသည့် မြင်းပေါ်မှ စိတ္ျာက တီးတိုးအသံဖြင့် ‥

''ထားခဲ့တော့ ‥ အစ်ကိုတို့ သွားကြပေတော့''

စိတ္ျာက သူရနှင့်ဥက္ကာကို ဘေးမသီရန်မခအသက်ဘေးမှလွတ်မြောက်သွားစေလိုသည်။ သူရက ‥

''နင့်ကို ကြက်ကလေး ငှက်ကလေးလိုထားခဲ့ပြီး တို့ထွက်သွားမယ်ဆိုရင် ရန်သူက ဘယ်ယုံကြည်ပါ့မလဲ။ သံသယရှိလာမှာပေါ့။ တို့ ‥ တိုက်ရင်း ဆုတ်ခွာမယ်''

စိတ္ျာက သူရကို ညင်းသွဲ့စွာခေါ်သည်။

''အစ်ကို သူရ''

''ပြော စိတ္ျာ၊ ဘာပြောမလို့လဲဟင်''

စိတ္ျာက ရင်စီးပဝါဖြင့်ဖုံး၍သယ်ဆောင်လာသည့် ရွှေစင်ရုပ်ကလေးကို ထုတ်ယူလျက် ...

''အစ်ကို ကိုယ်တိုင်သွန်းလုပ်ပေးထားတဲ့ စိတ္ျာရဲ့ ရွှေစင်ရုပ်ကလေးလေ။ အစ်ကို အသက်နဲ့ခန္ဓာမြဲနေသရွေ့ စိတ္ျာရဲ့ကိုယ်စား သိမ်းထားပေးပါနော်''

သူရ ကြေကွဲစွာ ရွှေစင်ရုပ်ကလေးကို လှမ်းယူလိုက်၏။ သူငယ်ချင်းနှင့် အချစ်ဆုံးညီမလေး၏ သံယောဇဉ်ပုံရိပ်ကို ကြည့်ရင်း ဥက္ကာမျက်ဝန်းမှာ မျက်ရည်ဝဲပြန်၏။

စိတ္ျာက ...

''ဖြစ်လေရာဘဝမှာ အစ်ကိုနဲ့ဆုံတွေ့ရပါစေသားလို့ ဆုတောင်းနေမယ်ဆိုတာ ယုံပါအစ်ကို။ ကဲ ‥ သွားကြတော့ အစ်ကို ‥ တို့ရယ်''

မကြည့်ရက်တော့သဖြင့် ဥက္ကာနှင့် သူရစိတ္ျာကို ကျောခိုင်းလိုက်သည်။ ထိုစဉ် ရန်သူရှေ့တန်းတပ်မှ မောက်တိုဆောင်းထားသူက ...

''အသို့နည်း ‥ ဗိဿနိုးမြို့သားများ သင်တို့အရှင်ကို အပ်မည်လော၊ ခုခံတိုက်ခိုက်မည်လော''

''ဟေ့ ‥ တို့မသေသေးသမျှတို့အရှင်ကို သင်းတို့ မရစေရဘူးဟေ့။ ကဲ ‥ ဆင်ရိုင်းတွေလို အားမာန်ကြီးတဲ့ရဲမက်များ ဆင်တွေလို စည်းရုံးညီညွတ်စွာနဲ့ ရန်သူကို ခြေမှုန်းကြဟေ့''

''ဆင်ရိုင်းတွေလာပြီဟေ့ ‥ ရန်သူကိုတိုက်ကြ''

စိတ္ျာ၏မြင်းကို ညှပ်ခေါ်သွားလျက် ပြေးဟန်ဆောင်သည်။ ရန်သံက အတင်းဖိလိုက်၏။ ရန်သူနှင့် ထိပ်တိုက်တွေ့ချိန်တွင် သဲမဲပြင်းထန်သည့် တိုက်ပွဲကြီးဖြစ်သည်။

ဓားကို ဓားနှင့်ထိခတ်ရာမှ ထွက်ပေါ်လာသံ၊ ဒဏ်ရာအနာတရဖြစ်ရာမှ နာကျင်စွာ အော်ဟစ်သံ၊ မာန်သွင်းအော်ဟစ်သံ၊ ဆင်သံ၊ မြင်းသံ တို့ဖြင့် တိုက်ပွဲကြီးက အသဲမဲဆုံး အသက်လုသည့် တိုက်ပွဲကြီး။ နှစ်ဖက်ရဲမက်များ



www.burmeseclassic.com

www.burmeseclassic.com



အထွေးထွေးအရောရောတိုက်ကြ၏။ လေအသင့်တွင် သွေးညှီနံ့တွေ တလှိုင်လှိုင်။

နှစ်ဖက်တပ်သားများ အတုံးအရုံး မရှုမလှအလောင်းချင်းထပ်နေ၏။ သူရက ဒဿနနှင့် ရင်ဆိုင်တွေ့သည်။

''သစ္စာဖောက်ပုဆိန်ရိုး ဒဿနသေပေတော့ဟေ့''

မြင်းချင်းယှဉ်၍ သူရက ဒဿနကို ဓားနှင့်ပိုင်းသည်။ ဒဿနက သူ့ဓားနှင့် တိမ်းဖယ်၍ ရှောင်ထွက်၏။ ဓားနှစ်စင်းယိတွေ့ရာမှ မီးပွင့်တွေ ဖွားဖွားလွင့်သွား၏။ ဒဿနက ရှောင်ထွက်ရန် မြင်းကို ဆွဲလှည့်သည်။ သူရက သူ၏ တိုက်ပွဲဝင်မြင်းညိုကြီးကို ဖနောင့်နှင့်ဆတ်၍ ဒဿနမြင်းရှေ့မှ ပိတ်လျက် စလွယ်သိုင်းဓားချက်သွင်းသည်။

''ချွင် ..''

ဒဿနကသူ့ဓားနှင့်ပယ်လိုက်၏။

ဒဿနခန္ဓာကိုယ်က နောက်သို့ ယိမ်းယိုင်သွားသည်။ ရင်ဘတ်ကြီးက အကာအကွယ်မဲ့သွား၏။ သူရက ဒဿနရင်ဘတ်ကြီးတည့်တည့်သို့ ဓားဦးချွန်ဖြင့် ထိုးသွင်းလိုက်၏။

အား ..အ ..အ ..

ဒဿနအသံနက်ကြီးနှင့် အော်ဟစ်လိုက်ရင်း မြင်းပေါ်မှလန်ကျသွားသည်။ အသက်ပြင်းသည့် ဒဿနက မြေပေါ်မှာ တဆတ်ဆတ်တုန်လျက်မှ ကုန်းထ၏။ အမျိုးသားသစ္စာဖောက် ဒဿနကို နားကျည်းခံပြင်းလွန်းသော သူရက ခေါင်းကို ဓားနှင့် ခုတ်ဖြတ်လိုက်၏။ ဒဿန ခေါင်းတခြား ကိုယ်တခြားဖြစ်သွားသည်။ ဒဿနထံမှ ထွက်လာသည့် သွေးဆိုးတွေက မြင်းမဏိတောင်မြေကို စွန်းထင်းသွားခဲ့ပါပြီတည်း။

''ချွင် ..ချွင်''

ဥက္ကာနှင့် မောက်တိုဆောင်းထားသည့် သရေခေတ္တရာတပ်မှူး၏ တိုက်ပွဲက ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေ၏။

သူရက ဥက္ကာကို စစ်ကူပေးရန် ဒဿနသွေးတွေ စွန်းပေနေသည့် ဓားကို ဆုပ်ကိုင်လျက် မောက်တိုဆောင်းရန်သူ့အနီး ကပ်သွားပြီးလျှင် ဓားနှင့် ဝိုက်ပိုင်းလိုက်သည်။

ရှေ့လဇာတ်သိမ်း

မင်းမဟာကျော်ခေါင်

# စုံထောက်ပွင့်သစ်

## စိတ်ဝပ်ကျင်း

မြေကိုကျောခင်းထားတဲ့
သစ်တုံးကို ဗဟိုပြု
ချွေးစို့နေတဲ့ အပြုံးရိပ်ပေါ်
နှစ်ဦးနှစ်ဖက်
လွှတစ်ကြောင်းရဲ့အလျား
အမှန်အမှားအဖြစ် ဓားစာခံ
အနေးအမြန် အပိုင်းအခြား
အကွေ့အကောက်ကင်းရှင်း
ဖြောင့်ဖြောင့်တန်းတန်း
စံချိန်မှီ အမှတ်အသားပေါ်မှာ
လက်အနေအထား အဖွအမိ
ကြာညောင်းတဲ့အချိန် ဝဲဂယက်ထ
ဘယ်လောက်နာကျင်ပေမယ့် လက်ဖျားတစ်စုံ
သွေးခြေဥလည်း မပျော့သောစိတ်နဲ့
သမ္မာအာဇီဝဝပ်ကျင်းထဲမှာ ပုန်းအောင်းနေမယ်။ ။



လင်းထူးဇော်(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com


မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ





- ရဲစုံထောက်တွေအလုပ်ရှုပ်ခဲ့တဲ့ ကမ္ဘာကျော်လင်မယားကွာမှု
- ကျောင်းဆရာတွေဆန္ဒပြတာ ကားနဲ့တိုက်မှု
- ကြောင်ကို သူလျှိုကိစ္စ


www.burmeseclassic.com

(၁)

ပြောရဦးမယ်အချစ်ရယ် ..

ထူးခြားတဲ့ သူလျှိုဆိုပြီး ဗြိတိန်ရဲ့စုံထောက်တွေက ဗြိတိန်ပါလီမန် ဂျော့ချ်အော့စွန်ရဲ့ကြောင်ကို ဖမ်းလိုက်ပြီး စစ်ဆေးချက်တွေလုပ်နေတဲ့အကြောင်းပဲ။

ဒီလိုအချစ်ရဲ့ သိလား ...

ပါလီမန်အမတ်ရဲ့ ဖရီယာအမည်ရှိတဲ့ကြောင် အိမ်ကနေပျောက်သွားတာ (၂)နှစ်ခန့်ရှိသွားပြီးမှ အိမ်ကိုပြန်ရောက်လာတဲ့အချိန်မှာ အဖမ်းခံလိုက်ရတာပဲ။

ဘာကြောင့် ဖမ်းလိုက်ကြသလဲဆိုတော့ တိရစ္ဆာန်ဖြစ်နေပေမယ့် သူ့ကို သူလျှိုလို့ ထင်နေကြလို့တဲ့။

ထင်လည်းထင်စရာပဲလေ။

ပျောက်နေပြီး ပါလီမန်အိမ်က နေဆင်းသွားတဲ့ကာလမှာ အဲဒီကြောင်က နိုင်ငံခြားသံရုံးတွေမှာ ဗြိတိန်ဝန်ကြီးတွေရဲ့ ရုံးခန်းတွေမှာ တွေ့ရသလို တစ်ခါတစ်ခါ ဘဏ္ဍာရေးဝန်ကြီးဌာန ဧရိယာထဲမှာလည်း တွေ့ကြတယ်ဆိုပဲ။

သူကလည်း ဒီဌာနတွေ ရုံးခန်းတွေမှာ လျှောက်သွားလျှောက်နေ လုပ်နေတာတွေ့ကြရတော့ ဒီကြောင်ဟာ ရိုးရိုးကြောင်မဖြစ်နိုင်ဘူး။ တရုတ်နိုင်ငံဆိုင်ရာ အဖွဲ့အစည်းတစ်ခုက စနစ်တကျလေ့ကျင့်ပေးထားပြီးမှ သူလျှိုအဖြစ်အသုံးချခြင်းခံရတာလို့ ဗြိတိန်အစိုးရအဖွဲ့က ယုံကြည်သွားကြတာတဲ့။

ကြောင်ဆိုတာက နေရာမရွေးဝင်ထွက်သွားလာပြီး သတင်းရယူနိုင်တာလေ။ အဲဒီထဲမှာ စစ်ရေး၊ နိုင်ငံရေးတွေ အများကြီးပါသွားနိုင်တယ်။ ကြောင်လည်း တိရစ္ဆာန်ပဲဆိုပြီး လျှော့တွက်လို့မရဘူးတဲ့။ ဟိုဝင်ဒီထွက် လုပ်ပြီး နိုင်ငံရဲ့ လျှို့ဝှက်ချက်တွေယူသွားနိုင်တယ်ဆိုပြီး စစ်ဆေးနေကြတယ်ပေါ့။ အဲဒီကြောင်ကိုလည်း ဗြိတိန်ပါလီမန်အမတ် ဂျော့ချ်အော့စွန်ရဲ့ဇနီးကို ၂၀၀၉ ခုနှစ်က လူစိမ်းတစ်ယောက်က ဖုန်းနဲ့ဆက်သွယ်ပြီး ရောင်းချသွားတာဆိုတော့ ပိုသံသယရှိစရာပေါ့။

လူကိုစစ်တာတော့ မြင်ဖူးတယ်။ ကြောင်ကို ဘယ်လိုစစ်လဲဆိုတာ သိချင် ကြည့်ချင်လိုက်ပါဘိ။

(၂)

ဒီအဖြစ်က စစ်နေတုန်းပါ ..

အချစ်ကိုဗဟိုပြုပြီး ဘောလိဝုဒ်ရဲ့မင်းသမီး ကျီရာခန်းနဲ့ SURAJ PANCHOLI တို့ဟာ သိပ်ချစ်ကြတဲ့ သမီးရည်းစားတွေဆိုတာ သူတို့ ရုပ်ရှင်လောကသားတိုင်း သိကြပါတယ်။ ဒီလို သမီးရည်းစားဖြစ်နေကြတဲ့ ချစ်နေကြတဲ့ ကာလထဲမှာပဲ မမျှော်လင့်ဘဲ မင်းသမီးကျီရာခန်းဟာ သူ့ကိုယ်သူ သတ်သေသွားတာနဲ့ပတ်သက်ပြီး သူ့ချစ်သူ SURAJ PANCHOLI ကို သံသယရှိမှုနဲ့ ချစ်သူကို သူ့ကိုယ်သူ သတ်သေချင်လောက်အောင် တိုက်တွန်းခဲ့တယ်လို့ ဆွဲချက်မှာဆိုပါတယ်။



သူ့ကိုဖမ်းပြီး ၁၁-၆-၂၀၁၃ ရက်နေ့က ရမန်ပေးလိုက်တယ်တဲ့။ အမှန်က ရဲတွေသံသယရှိတယ်ဆိုတာ လွယ်လွယ်နဲ့ရှိတာမဟုတ်ဘူး။ အကြောင်းရှိလို့ သူ့ကို ဖမ်းလိုက်ကြတာပါ။

ကျီရာခန်း(၂၂)နှစ်နဲ့ပတ်သက်ပြီး စုံစမ်းကြ သက်သေခံ သဲလွန်စရှာကြတဲ့အခါ မွန်ဘိုင်းမှာရှိတဲ့ ခန်းရဲ့အခန်းထဲမှာတွေ့ရတဲ့ သေကြောင်းကြိုတင်



www.burmeseclassic.com

www.burmeseclassic.com





မှတ်စုနဲ့ သူ့မိခင်ရဲ့ ထွက်ဆိုချက်တို့ကို အခြေခံသုံးသပ်ပြီး သံသယဝင်လိုက်ကြတာဖြစ်ကြောင်း ရဲဘက်ဆိုင်ရာ တာဝန်ရှိသူတွေက ရှင်းပြကြပါတယ်။

ကျီရာခန်း(၂၅)နှစ်က ၃-၆-၂၀၁၃ ရက်နေ့က သူ့အခန်းထဲမှာ သူ့ကိုယ်သူ သတ်သေသွားတာပါ။ သူ့ကိုယ်သူ သတ်သေသွားတဲ့ မင်းသမီးလေးရဲ့ ပိုက်ဆံအိတ်ထဲမှာ တွေ့ရတဲ့ ဒိုင်ယာရီမှတ်စုတစ်ခုက သူတို့နှစ်ယောက် အဆင်မပြေခဲ့ကြတာတွေ၊ အသေးစိတ်အချက်အလက်လေးတွေ ရေးထားတာပါနေတော့ သံသယဖြစ်စရာ တွေးစရာ မေးစရာတွေ ဖြစ်လာရတာပေါ့။

နယူးယောက်မှာ မွေးခဲ့တဲ့ ခန်းက ၂၀၀၇ ခုနှစ်ကစပြီး ရုပ်ရှင်လောကထဲရောက်ခဲ့ပြီး သူ့ရဲ့အမည်ရင်းကို နာဖီဆာခန်းကနေ ကျီရာခန်းလို့ အမည်ပြောင်းပြီး ရုပ်ရှင်တွေရိုက်ခဲ့တာပါ။

(၃)

ခုတစ်လော ကမ္ဘာ့နိုင်ငံတကာ ရဲစုံထောက်တွေ အလုပ်ရှုပ်တဲ့အထဲက ခုလို ဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုကိစ္စမျိုးတွေလည်း ပါလာတာတွေ့ရတယ်။ ကမ္ဘာ့ကျောင်းဆရာ လောက ,က ဒေါပွပြီး လက်မခံတဲ့ မက္ကဆီကိုမှာ ဆန္ဒပြနေတဲ့ ကျောင်းဆရာတွေကို ကုန်တင်ကားဝင်တိုက်လို့ ဒဏ်ရာအများကြီး ရသွားပြီး ၇ ယောက်သေဆုံးသွားတဲ့ကိစ္စပဲ။

ဒီလိုပါ ..



မက္ကဆီကိုနိုင်ငံ၊ မီချီအိုကန်ပြည်နယ် အနောက်ပိုင်းမှာ အဝေးပြေးလမ်း ဖြတ်သန်းခကောက်ခံတဲ့ ရုံးနားမှာ သူတို့နိုင်ငံက ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒပြနေတဲ့ ကျောင်း ဆရာ/ဆရာမတွေကို ကုန်တင်ကား တစ်စီးက ဝင်တိုက်လိုက်တာ မတော်တဆမဖြစ်နိုင်ကြောင်း၊ သက်သက်လုပ်တာဖြစ်ကြောင်း၊ အငြင်းပွားနေရာက ဆန္ဒပြခေါင်းဆောင်က အာဏာပိုင်များကို စုံစမ်းဖော်ထုတ်ပေးဖို့ ရဲစုံထောက်တွေကို အပူတပြင်းအကူအညီ တောင်းလိုက်တဲ့ကိစ္စက အားလုံးစိတ်ဝင်စားတဲ့ သတင်းဖြစ်နေသလို ကမ္ဘာ့သူကြွယ်ကြီး စူပါမတ်ဒေါ့ခ်ရဲ့ တတိယဇနီးက ၁၄ နှစ်တာ ပေါင်းခဲ့ပြီးမှ ခု ဘာဖြစ်လို့ လမ်းခွဲချင်တာလဲ။ အချစ်ကိုမလိုတော့ဘဲ ငွေတွေကိုပဲ လိုလားလို့လားလို့ သူကြွယ်ကြီးက ရဲစုံထောက်တွေကိုငှားပြီး စုံစမ်းခိုင်းထားတဲ့ ကိစ္စလည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ဒီလိုပါ သူကြွယ်ကြီးရဲ့ တတိယ ဇနီး တရုတ်နွယ်ဖွား ဝင်ဒီတိန့်က အံ့သြစရာပါ။ ဘာကြောင့်လဲဆိုတဲ့ အကြောင်းရင်းကိုတော့ မဖော်ပြခဲ့ချေ။ အမေရိကန် ယေးလ်တက္ကသိုလ်ဘွဲ့ရ ဝင်ဒီတိန့်သည် အိမ်ထောင်သက်ကာလ အတွင်း လူရှေ့ကို ထွက်လှသူမဟုတ်ခဲ့ပေမယ့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ သတင်းစာအရှုပ်တော်ပုံကိစ္စကြောင့် လန်ဒန်လွှတ်တော်ထဲမှာ ခင်ပွန်းဖြစ်သူအား ကာကွယ်မှုပေးရာမှ "ကျားဇနီးသည်" ဘွဲ့ ကိုရခဲ့တယ်။ အဲဒီကြားနာပွဲတွင် လူရွှင်တော် ဂျော်နီမာဘယ်လ်က သူကြွယ်ကြီးကို မုတ်ဆိတ်ရိတ်ဆပ်ပြာမြှုပ်ဖြင့် အရှက်ခွဲဖို့ ချဉ်းကပ်လာတာကို ဝင်ဒီက ပုတ်ချကာကွယ်လိုက်ရာက ကမ္ဘာ့သတင်းလောက၌



ဂယက်ထသွားပြီး တရုတ်နွယ်ဖွားတွေရဲ့ ဂုဏ်ပြုခြင်းကို ခံရသူပါ။

သူက စက်ရုံအင်ဂျင်နီယာတစ်ဦးရဲ့ သမီးဖြစ်ပြီး အလွန်ဆင်းရဲခဲ့တယ်။ သူ့ကို အမေရိကန် 'ကတ်စိမ်း' (Green Card) ရဖို့ ဆောင်ရွက်ပေးခဲ့လို့ လက်ထပ်ခဲ့ပြီး အမေရိကန်၌ တက္ကသိုလ်ပညာဆည်းပူးခွင့် ရခဲ့တယ်။ ပထမအိမ်ထောင်လည်း ပျက်ခဲ့ပြီး ယေးလ်တက္ကသိုလ်မှ ဘွဲ့ရပြီးကာစတွင် ဟောင်ကောင် ကောက်တေးလ်ပါတီတစ်ခုမှာ သူကြွယ်ကြီးနှင့် ဆုံမိရာက အသံလွှင့်စက်ရုံမှာ အလုပ်ရတယ် ၁၉၉၉ ထဲမှာ တရုတ်နိုင်ငံခရီးစဉ်မှာ သူကြွယ်ကြီးရဲ့ စကားပြန်တာဝန် ထမ်းဆောင်ရင်း အိမ်ထောင်ဘက်ကမ်းလှမ်းခံခဲ့ရသည်။ အပြင်းအထန်ငြင်းခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ သူကြွယ်ကြီး ဒုတိယဇနီးသည်အား ကွာရှင်းခွင့်လျှောက်ထားပြီးနောက် မကြာမီမှာပင် ၁၉၉၉ ထဲ၌ လက်ထပ်ဖြစ်ကြသည်။ သူကြွယ်ကြီးနှင့် သမီးနှစ်ဦးမှာ ဂရေ့စ်နှင့် ခလိုလမ်းခွဲရေးပေါ်လာကာ ဖန်တီးလိုက်တော့ သူကြွယ်ကြီးပိုင်တဲ့ ဘဏ္ဍာဒေါ်လာကုဋေ ၁၁၂၀ ထဲကနေ သူတို့သားအမိ ဘယ်လောက်ရကြမယ်ဆိုတာ အားလုံးစိတ်ဝင်စားနေကြပါတယ်လို့။

ဝင်ဒီတိန့်သည်
အိမ်ထောင်သက်
ကာလအတွင်း
လူရှေ့ကို
ထွက်လှသူမဟုတ်ခဲ့ပေမယ့်
၂၀၁၁ ခုနှစ်၊ ဇူလိုင်လ
သတင်းစာ
အရှုပ်တော်ပုံကိစ္စကြောင့်
လန်ဒန်လွှတ်တော်ထဲမှာ
ခင်ပွန်းဖြစ်သူအား
ကာကွယ်မှုပေးရာမှ
"ကျားဇနီးသည်"ဘွဲ့ကို
ရခဲ့တယ်...



ဒီလတော့ ဒီမျှနဲ့ နားပါဦးမယ်။

မောင်ယဉ်ကျော်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



တောတွင်းကျင်လည်နေကြသည့် သားကောင်ဆိုသည်က မည်သည့်အကောင်မျိုးမဆို အမှုမဲ့ အမှတ်မဲ့ နေလေ့မရှိ။ အထူးသဖြင့် စားပင်အောက်ကို ဝင်ကတတ်ကြသော ''ချေ၊ ဒရယ်၊ သမင်၊ ဆတ်''စသည့်အကောင်များက ပိုသတိထားကြပြီး ကမူးရှူးထိုး အမှုမဲ့ အမှတ်မဲ့ဝင်ရောက်ပြီး စားသောက်လေ့မရှိ။ အဘယ့်ကြောင့်ဆိုသော် သူတို့ ဝင်ရောက်စားသောက်ကြမည့် အပင်အောက်တွင် အန္တရာယ်အမျိုးမျိုး ရောက်ရှိနေတတ်ကြပြီး သူတို့အသက်ကို အန္တရာယ်ပေးတတ်ကြလေ့ရှိသည့်အတွက်ကြောင့်ပင် မဟုတ်ပါလား။

ယခုလည်း ကျွန်တော်က သေနတ်ကို အသင့်ကိုင်ကာ သားကောင်ဝင်ရောက်လာမည့် ''လင်းယော''ပင်ကြီးအထက် ခွဆုံပိုင်းတွင် ထိုင်ရင်း သားကောင်အဝင်ကို စောင့်စားနေမိသည်။

ခပ်လှမ်းလှမ်းဝါးရုံတောအောက်ဆီမှ အစာကောက်နေသည့် တောကြက်ဖငယ်တစ်ကောင်၏ တွန်ကျူးသံကို ကြည်နူးဖွယ်ကြားလိုက်ရသည်နှင့်အတူ–

''ရှပ် ‥ ရှပ် … ဝုတ် ‥ ဝုတ်''

ခပ်လှမ်းလှမ်းအရှုပ်တောအတွင်းဆီမှ ခွာရှပ်သံ၊ ခွာခုပ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ စားပင်အောက်သို့ ချည်းကပ်လျက် ဝင်ရောက်စားသောက်သင့်/မသင့်ကို ချင့်ချိန်ကာ ရန်သူရှိ/မရှိကို အသံပေး ကြည့်နေဟန်ထင့်။ အမှန်တော့ စားပင်အောက်ဆီသို့ဝင်ပြီး စားကြမည့် သားကောင်တို့၏ထုံးစံအတိုင်း အပင်အောက်ကိုဝင်ကြတော့မည့်အခါ တိတ်တဆိတ် အဝေးမှ သူ့အတွက် အန္တရာယ်ရှိ/မရှိကို တိတ်တဆိတ်လှည့်ပတ်ချောင်းမြောင်းကြည့်ရှုသည်။ ဘက်ပေါင်းစုံ နည်းမျိုးစုံ စမ်းသပ်စစ်ဆေးကြည့်လို့ အားရကျေနပ်တော့မှ ဖြေးညှင်းစွာအပင်အောက်ကို ဝင်လာပြီး ကြွေကျသောအသီးတို့ကို ကောက်ယူစားကြသည့်အကောင်မျိုး။

ထိုကဲ့သို့ သားကောင်တို့၏စရိုက်သဘာဝ၊ အလေ့အကျင့်ကို နောကြေပြီးသား ကျွန်တော်က လှုပ်ရှားမှုကို လုံးဝမပြုဘဲ နေရာတွင် အသက်ပင်ပြင်းပြင်းမရှူဘဲ ငြိမ်သက်စွာဖြင့် သားကောင်အဝင်ကို ငံ့လင့်စောင့်စားနေလိုက်သည်။ သိပ်မကြာလိုက်။ နီညိုရောင်အသွေးနှင့် ခြောက်တောင်စဦးချိုပိုင်ရှင်ဆတ်ဖားကြီးတစ်ကောင်က ဖြူလွလွအမြီးတိုကလေးကို လှုပ်ယမ်းကာ သူ့တွင် ဘယ်အန္တရာယ်မှမရှိဟူသောအတွေးနှင့်ဝင်လာပြီး ကြွေကျထားသောအသီးတွေကို ကိုက်ခွဲစားသောက်နေသည်။

အပေါ်စီးမှ မြင်နေရသည့် ကျွန်တော်က ရှေ့လက်ပျဉ်နှစ်ဖက်ဆုံရာလည်တိုင်ရင်း နောက်ကျောကုန်းဆီသို့ ချိန်၍ ပြောင်းအတွင်းမှ ကျည်ခဲလုံးတို့ကို ပစ်သွင်းလိုက်ပေသည်။

''ဒိုင်း''

အောင်မြင်စွာပေါက်ကွဲထွက်ပေါ်လာသည့် သေနတ်သံကြီးနှင့်အတူ ဆတ်ကြီးမှာ ရှေ့မြေပြင်ကို ဒူးညွတ်ခွေကျကာ ရုန်းကန်လှုပ်ရှားရင်း မြေပြင်ပေါ် ဘေးတိုက်လဲကျပြီး ငြိမ်သက်သွားပေတော့သည်။

\+ + +

ပိဿာချိန် ၆၀ ကျော်သည့် ဆတ်ဖားကြီးမို့ ဘယ်လိုမှ မသယ်ဆောင်နိုင်။ ရွာတွင် ကျန်နေသည့် သူငယ်ချင်းများ အကူအညီယူကာ လှည်းဖြင့်သယ်ပြီး အိမ်ကိုရောက်တော့

www.burmeseclassic.com



အရည်ချ၊ ဝမ်းတွင်းသားတွေကိုထုတ်။ အရိုးနှင့်အသားတွေကို ခုတ်ထစ်ပိုင်းဖြတ်လို့အပြီး နေမွန်းတိမ်းကာအမှောင်ဘက်ကို လုနေပြီမို့ ရွာထိပ်တွင် ဖွင့်ထားသည့် စားသောက်ဆိုင်ဘက်ကို သွားကာ အပန်းဖြေရန် ဦးတည်လိုက်ကြပေသည်။

ကျွန်တော်သည် လယ်စတုန်းကျေးရွာနေ ဘခင်ရှိုးမုဆိုးကြီးဦးပဲပင်ပေါက်နှင့် မိခင်ဖြစ်သူ ဒေါ်ကုလားမတို့မှ မွေးဖွားသည့် တစ်ဦးတည်းသောသားဖြစ်သည်။ ဘခင်လုပ်ငန်းမှာ မုဆိုးလုပ်ငန်းဖြစ်သည်မို့ ရိုးမကြီးအတွင်းပိုင်းနှင့်နီးစပ်သည် လယ်စတုန်းကျေးရွာတွင် အခြေချနေထိုင်ကာ မိသားစုဘဝ ရပ်တည်နေကြရသူများဖြစ်သည်။

လယ်စတုန်းကျေးရွာဆိုသည်က ရိုးမကြီးအစဖြစ်သည့် စံပြုရွာမှအတွင်းပိုင်းသို့ တိုးဝင်လိုက်လျှင် မင်းကုန်းရွာ၊ ဥတိုရွာ၊ မရမ်းချောင်းရွာ၊ ရေနက်ကြီးရွာ၊ သုံးဆယ်ရွာ၊ အုန်းနဲ့ပင်ရွာကိုကျော်ပြီးမှ လယ်စတုန်းသို့ရောက်သည်။ ရိုးမကြီးအတွင်းပိုင်းကျသည့် ရွာဖြစ်သည်မို့ ထိုရွာသို့ လူသူအရောက်အပေါက်နည်းသည်။ သစ်ဝါးခုတ်သူများလောက်သာ တစ်ခါတစ်ရံ ရောက်လာတတ်သည်။ အမဲလိုက်မုဆိုးများလည်း လာတတ်သည်။ ထိုရွာကလေးကို တောင်ကျရေတို့စီးဆင်းရာ ''ဝါးချောင်း''ဆိုသည့် တောင်ကျချောင်းကြီးက ရစ်ခွေထားသည်။ အိမ်ခြေအားဖြင့် ၂၀ ခန့်မျှပင်။ လုပ်ငန်းက တောထွက်ပစ္စည်းများကို ရှာဖွေလုပ်ကိုင်ကြပြီး သစ်၊ ဝါးများကို ဖောင်ဖွဲ့ကာ လှည်းကူးဘက်ကို ပို့ပြီး လုပ်ကိုင် စားသောက်ကြသည်။ အမဲလိုက်လုပ်ငန်းကို ဖောက်ချလုပ်သူက ကျွန်တော်တို့မိသားစုရယ်သာပင်။

ကျွန်တော့်ကိုမွေးပြီး သိတတ်စအရွယ်မှစကာ ဘခင်မုဆိုးကြီးက သူတတ်သိထားသော တောတွင်းမုဆိုးပညာရပ်တို့ကို သင်ကြားပေးသည့်အတွက် ကျွမ်းကျင်တတ်မြောက်ထားသူတစ်ဦးပင်။ အပေါင်းအသင်းကလည်း နည်းသလို မိခင်ဖြစ်သူကလည်း ရရှိသည့် သားကောင်များကို ရွာစဉ်လှည့်လည်ရောင်းချနေသူဖြစ်ပြီး တစ်ဦးတည်းနေရသူဖြစ်သည့်အတွက် ကြာသောအခါ အလိုလို စိတ်အားငယ်ရသူတစ်ဦး ဖြစ်လာသည်။

ကျွန်တော့်မှာ အခြေအနေ အလေ့အထကြောင့် တစ်ယောက်တည်းနေတတ်ထိုင်တတ်သလို ဖြစ်လာသည်။ တစ်ဦးတည်း တောတောင်ထဲတွင် တွေးတွေးငေးငေးနှင့် နေတတ်လာသည်။ ရွာကို ပြန်ရောက်လျှင်လည်း သူငယ်ချင်းမိတ်ဆွေများနှင့် မေးထူးခေါ်ပြောလောက်သာရှိ၏။ အတတ်နိုင်ဆုံး ဘယ်သူနှင့်မှ မတွေ့အောင် တစ်နေရာရာမှာသွားပြီး နားခိုနေတတ်သည်။

ထိုသို့ နေလာ[illegible]ရာမှ ၁၈ နှစ်သားအရွယ် ဖခင်ကြီး [illegible]ာထဲအမဲလိုက်ရင်း ဟင်းမျိုး[illegible]ကောင်နှင့်တိုးကာ သူနိုင်ကိုယ်နိုင်အားပြိုင်ကြရာမှ ဟင်းကောင်ကြီးလည်း သေဆုံးသလို ဖခင်ကြီးလည်း ထိုအကောင်တုံ့ပြန်မှုကြောင့် ၁၀ ရက်လောက်အကြာ အသက်ပေးလိုက်ရသည်။

ဖခင်ကြီး ဈာပနပြီးသည့်အခါ အိမ်တွင် ကျွန်တော်နှင့်မိခင်ကြီးနှစ်ဦးသာကျန်ခဲ့ပေသည်။ အတတ်ပညာကလည်း ဖခင်သင်ကြားပေးခဲ့သည့် မုဆိုးပညာရပ်ကိုသာ တတ်မြောက်ခဲ့သည်မို့ မိသားစုစားဝတ်နေရေးအတွက် တာဝန်ယူခဲ့ရသည်။ သို့အတွက် တောထဲလည်၍ အမဲသားကောင်တို့ကို ထောင်ချောက်ဆင်ဖမ်းခြင်း၊ ဖခင်အမွေအဖြစ်ထားခဲ့သည့် တူမီးသေနတ်အပြင် ဒူးလေးတို့ဖြင့် ပစ်ခတ်ဖမ်းဆီးခြင်း၊ ရရှိသည့် သားကောင်တို့ကို မိခင်ကြီးက ရွာစဉ်လှည့်လည်ရောင်းချနေစဉ် သူငယ်ချင်းများနှင့် ရွာလယ်တွင်ဖွင့်ထားသည့် အရက်ဆိုင်ထိုင်ကာ သောက်ကြစားကြရင်း အချိန်ဖြုန်းသလို တစ်ခါတစ်ရံ ရွာကို ကွေ့ပတ်စီး

ငါ ဒီနေရာမှာထိုင်လာခဲ့တာ
ကာလကြာညောင်းခဲ့ပြီပဲ၊ ဒီစေတီတော်ကို
တစ်ခါမှ မဖူးတွေ့ခဲ့ရဘဲ ခုမှ ထူးထူးခြားခြား
ချုံတောကြီးအတွင်းက ရွှေရောင်တဝင်းဝင်းနဲ့
ဘယ်လိုပေါ်လာတဲ့စေတီလေးပါလိမ့်၊
အံ့ဩစရာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ဆင်းနေသည့်"ဝါးချောင်း" ကမ်းနားဘေး ညောင်ညိုရိပ်တွင် ထိုင်ကာ ချောင်းရေအကျတွင် ဖောင်ဖွဲ့မျှောဆင်းလာကြသည့် တောနေလူတန်းစားတို့၏ ဘဝသရုပ်ကို ငေးမောကြည့်ရှုအပန်းဖြေရင်း အချိန်ကို ကုန်ဆုံးလေ့ရှိသည်။

အမှန်တော့ ထိုချောင်းကြီးသည် မိုးကာလတွင် ရိုးမကြီးအတွင်း ရွာချလိုက်သော မိုးရေတို့ စုပေါင်းကာ အောက်ဘက်ကို ပြန်လည်စီးဆင်းသည့်တစ်လမ်းသွားအထက်မှ အောက်ကိုဆင်းသည့်ချောင်းဖြစ်သည့်အတွက် အထက်မှ သစ်၊ ဝါးတို့ကို ဖောင်ဖွဲ့ကာ စီးမျှောလာတတ်ကြသည်။ တစ်ခါတစ်ရံ "မီးသွေး၊ တောင်ထန်း၊ သက်ငယ်၊ ကြိမ်၊ ထမဖိုင်း(တံပြက်စည်း)စသည့် ပစ္စည်းများကို လှေငယ်ဖြင့် အထက်မှအောက်(လှည်းကူး)ထိ သက်ကာ ဆင်းလာကြသည့်ကိုလည်း တွေ့ရ၏။ သားကောင်သတင်းကိုလည်း ထိုမှာ မေးလို့ရ၏။ ညနေစောင်းလျှင် ထိုတောင်ကျချောင်းရေကို ချိုးကာ အိမ်သို့ပြန်၏။ မိခင်ကြီးနှင့်အတူ ညစာကိုစား၊ တစ်ညအိပ်၊ မိုးလင်းပါက တောလယ်ပြီး ပြန်ရောက်လို့ အမေဈေးရောင်းထွက်လျှင် ထိုချောင်းရိုး ညောင်ညိုရိပ်သို့ သွားကာ ငေးမောနေတတ်သည်။

တစ်ခါတစ်ရံ အထက်မှဆင်းလာသည့် ဝါးဖောင် သစ်ဖောင်တို့သည် မိုးပြတ်သွားသည့်အတွက် စီးဆင်းရန်ရေနည်းသွားသည့်အခါ ထိုနေရာတွင် သောင်တင်နေတတ်ကြသည်။ ထိုအချိန်မျိုးတွင် ဖောင်သမားများနှင့် တောတောင်အကြောင်း၊ သားကောင်အကြောင်းကို ပြောဆိုသတင်းရယူလို့လည်းရသည်မို့ ထိုနေရာတွင် သွားရောက်နေရသည်ကို ကျွန်တော် ကြည်နူးနေမိသည်က အမှန်ဖြစ်သည်။

တစ်နေ့သောညနေ၊ နေဝင်ရီတရောအချိန် ထုံးစံအတိုင်း ညောင်ညိုပင်ကြီးအောက် ဝါးဖောင်တွင်ထိုင်ရင်း ဟိုသည်လှမ်းကြည့်လျက် လုပ်နေစဉ် အချိန် မည်မျှကြာသွားသည်တော့ဖြင့် မသိ။ သတိပြန်ဝင်သည့်အချိန်သည် အမှောင်က ကြီးစိုးနေခဲ့ပေပြီ။ ထိုစဉ် ကျွန်တော့်အကြည့်တို့က တောင်ကျချောင်း ဟိုမှာဘက်ကမ်းဘက်ဆီသို့ ရောက်သွားသည်။

သုံးရက်လ၊ ခုံးမျက်စ လခြမ်းကလေး အောက်ရိုးမရင်ခွင်အောက် ချောင်းရိုး ဟိုမှာဘက်ကမ်းဆီတွင် သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည့်အောက် ချုံနွယ်တောတို့အကြား ရွှေရောင်အဆင်းနှင့် လင်းနေသည့်စေတီငယ်ကလေးတစ်ဆူကို မြင်တွေ့ဖူးမျှော်လိုက်ရသည်။

"အလို ...
မြတ်စွာဘုရား၊ ငါ
ဒီနေရာမှာ ထိုင်
လာခဲ့တာ ကာလ
ကြာ ညောင်းခဲ့ပြီ
ပဲ၊ ဒီစေတီတော်ကို
တစ်ခါမှ မဖူးတွေ့ခဲ့ရဘဲ
ခုမှ ထူးထူးခြားခြား ချုံ
တောကြီးအတွင်းက ရွှေ
ရောင်တဝင်းဝင်းနဲ့ ဘယ်
လိုပေါ်လာတဲ့ စေတီလေးပါ
လိမ့်၊ အံ့ဩစရာပဲ"

သစ်ပင်အုပ်အုပ်ကြီးတို့ကို နောက်ခံထားပြီး ချုံနွယ်တောကြီးအကြား ရွှေရောင်တဝင်းဝင်းနှင့် ရွှေဆင်းအတိနှင့်ပြီးသော ရွှေစေတီတော်ကလေးတစ်ဆူကို မြင်တွေ့လိုက်ရသဖြင့် တအံ့တဩနှင့် လက်အုပ်မိုးကာ ရှိခိုးလိုက်ရင်း စိတ်တွင်းကလည်း မည်သည့်အချိန်ကမှ ဒီနေရာတွင် စေတီတော်ကလေးရှိကြောင်း မမြင်တွေ့မိ၊ ဘယ်သူပြောသည့်အသံကိုမှလည်း မကြားဘဲ ထူးထူးဆန်းဆန်း အဖြစ်မျိုးမို့ သွားရောက်ကြည့်ရှုဖူးမျှော်လိုစိတ်က နိုးဆော်တိုက် တွန်းလာပြန်သည်။



တောင်ကျချောင်းကြီး၏အကျယ်အဝန်းကား ပေ ၂၀၀ ခန့်ရှိပေမည်။ မိုးတွင်းကာလ ရိုးမကြီးအတွင်း ရွာချလိုက်သော မိုးရေတို့ စုပေါင်းကာ အင်အားပြင်းပြင်းဖြင့် အရာအားလုံးကို ဝါးမျိုတိုက်စားကာ စီးဆင်းသည့်ချောင်းကြီးဖြစ်သည့်အတွက် အလွန်အမင်း ရေစီးကြမ်းသည့်ချောင်းကြီးဖြစ်သော်လည်း ယခုအချိန်တွင် စီးဆင်းရန် တောင်ကျရေတို့မရှိဘဲ မြေမျက်စိမြုတ်ရုံသာ သဲသောင်ပြင်ထက်ကျန်ရှိသော ချောင်းရေကြည်ကြည်ကလေးတို့ထက်တွင် သဲပြင်ထက် နစ်မြုပ်နေသော ကျောက်တုံး ကျောက်ခဲထိုးထိုးထောင်ထောင်၊ သစ်ခြောက်ကိုင်းများတို့အကြား သစ်ဖောင်ဝါးဖောင်တို့မှာ သောင်တင်နေသည့်အနေအထား။ သို့အတွက် သဲသောင်ပြင်ထက်ဆင်းကာ ဖောင်များထက်မှတစ်ဆင့် ရွှေစေတီလေးရှိရာ တောချုံပင်တို့ကို ဖြတ်သန်းသွားလိုက်ပေတော့သည်။

ချောင်းရိုးကို ကျော်ဖြတ်ပြီး အမှောင်ထုမင်းမူနေသည့်အကြားမှ ရွှေရောင်အဆင်းဖြင့် ဖူးတွေ့နေရသော စေတီတော်လေးရှိရာကို သွားလိုက်ပေသည်။ အနီးကိုရောက်တော့ စေတီတော်ရင်ပြင်အတွင်း ဝင်ကာ ဖူးမျှော်ကြည်ညိုလျက် အသေအချာကြည့်လိုက်မိသည်။

စေတီတော်ကလေးမှာအတောင် ၂၀ ပင်မပြည့်တတ်။ အောက်ခြေပလ္လင်မှစပြီး ပန်းခုံ၊ ဖောင်းရစ်၊ အထက်ကြာလှန်ကြာမှောက်မှ ငှက်ပျောဖူး၊ ငှက်မြတ်နားထိ ရွှေသားနှင့်အတိဖြစ်သလို ငှက်ပျောဖူးမှာ တန်ဖိုးကြီးမားသည့် စိန်ကြီးနှင့် တန်ခိုးကြီးမားမည့်အပြင် ရွှေရောင် စိန်ရောင်တို့က တဖိတ်ဖိတ် တလဲ့လဲ့။

ရိုးမတောကြီးထဲ ဘယ်တုန်းအခါများမှ မတွေ့မြင်ခဲ့သော ကြားလည်းမကြားဖူးသော ထိုစေတီတော်ကလေးကို အားရကျေနပ်အောင် ဖူးမျှော်ပြီး စေတီတော်ဝန်းကျင်ကို လိုက်လံကြည့်ရှုလိုက်မိပြန်သည်။ စေတီတော် ပုရဝုဏ်ကား ယခင်သည်နေရာဆီကို ရောက်ရှိခဲ့တိုင်း တွေ့မြင်နေရသည့်မြင်ကွင်းတို့နှင့်မတူ တခြားစီ ဖြစ်သွားပြန်သည်။

ယခင် မြင်တွေ့နေရသည့် ထိုနေရာသည် သစ်ပင်ချုံနွယ်တောကြီးတို့ ထူထူထပ်ထပ်ပိန်းပိတ်ရှုပ်ထွေးနေသည့်နေရာ၊ ယခု ထိုနေရာသည် ယခင် မြင်တွေ့နေကြ ပုံစံမျိုးမဟုတ်တော့။ ထူးထူးခြားခြား ပြောင်းလဲနေပြန်သည်။

စေတီတော်ကလေး၏အနောက်ဘက် (တောင်ကျချောင်းရိုး)နှင့် ယှဉ်လျက် ခပ်လှမ်းလှမ်း ဘုရားပုရဝုဏ်တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကျောင်းရှေ့တွင် အတန်ကျယ်ဝန်းသည့် ကြာမျိုးငါးပါးနှင့်ပြည့်စုံသည့် ကြည်လင်စိမ်းလဲ့သောရေများအတွင်း လှပသည့်ငါးမျိုးစုံ ကူးခတ်ပျော်မြူးနေသည့် ရေကန်ကြီးတစ်ကန် ဖူးပွင့်နေကြသည့် ကြာပန်းတို့မှ ဝတ်ရည်ကို သောက်သုံးနေကြသည့် လိပ်ပြာရောင်စုံ၊ ပုဇဉ်းရောင်စုံတို့နှင့်အတိ။

မထင်မှတ်သောနေရာတွင် ထူးထူးဆန်းဆန်းမြင်ကွင်းကို မြင်တွေ့လိုက်ရသည်မို့ တအံ့တဩဖြစ်ကာ တွေဝေနေစဉ် ထပ်မံထူးခြားသည့်မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရပြန်သည်။

ကန်ရေပြင် ဟိုမှာဘက်၊ ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်း၊ ကန်ဘောင်ရိုးတွင် ပေါက်နေသည့်သစ်ပင်ကြီးများအတွင်းရှိ ''မယ်ဇယ်ပင် (မဉ္ဇူသကနတ်ပန်းပင်)၏ ပင်စည်လုံးဘေးမှ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်ဖြိုးဖြိုး၊ မျက်နှာဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်း၊ အသားကဖြူဖြူ၊ ဝတ်ဆင်ထားသည်က ပန်းနုရောင်ပိုးထည်အစိမ်း၊ ထဘီကလည်း အစိမ်းရောင်ခပ်ဖျော့ဖျော့။ ပန်းနွယ်ပန်းခက်တို့နှင့်အတိရှိသော ဇာပုဝါကိုခြုံပြီး လက်ရှည်အင်္ကျီဝတ်ဆင်ထားသည့်အမျိုးသမီးတစ်ဦးကို လှမ်းမြင်တွေ့လိုက်ရပြီး ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည့် မြင်ကွင်းပင်။

အတန်ကြာ စိုက်ကြည့်လိုက်ပြီး ကျွန်တော့်ကို လက်ယပ်လှမ်းခေါ်နေသည်။ ရွှေရောင်တောက်နေသည့် အလင်းရောင်အောက်တွင် အစိမ်းရောင်ဝတ်ဆင်ထားသောအမျိုးသမီးမှာ အဝေးကလှမ်းမြင်နေရသည်ကပင် လှပချောမွေ့သူဖြစ်ကြောင်း သိသာထင်ရှားပြီး ကျွန်တော့်ကို ခုလို သူမထံလာရောက်ရန်ခေါ်နေခြင်းကလည်း ထူးခြားလွန်းနေသည်။ ကျွန်တော်က အတန်ကြာကြာ နေရာတွင် ရပ်နေရင်း သွားသင့် မသွားသင့်ကို စဉ်းစား နေမိသည်။ စိတ်ထဲကတော့ သွားချင်စိတ်အပြည့်။ သို့အတွက် သွားမည်ဟူသောအတွေးဖြင့် ကန်ဘောင်ရိုးအတိုင်း လျှောက်လှမ်းလိုက်စဉ်၊ အားရဝမ်းသာဖြစ်နေသော သူမက တစ်နေရာကို လက်ယက် လှမ်းခေါ်နေပြန်သည်။ မကြာမီအတွင်း သူမဆီသို့အပြေးရောက်



www.burmeseclassic.com

ရှိလာသည့်အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရပြန်သည်။ ထိုအမျိုးသမီးကလည်း ဝတ်စားဆင်ယင်ပုံက ထထေရာတည်းပင်။ သို့သော် အရပ်ကမြင့်ပြီး အသက်လည်း အနည်းငယ်ပိုကြီးပုံရသည်။ နောက်ထပ်ရောက်လာ**သည့်** အမျိုးသမီးက တအံ့တသြနှင့် **အမျိုး**သမီးငယ်ကို ပုခုံးဖက်လျက် **ကျွန်**တော့်ကို ကြည့်နေသည်။



ထိုအချိန်ကန့်ဘောင်ရိုးမှလျှောက်လှမ်းရင်း သူမဆီကို သွားနေသည့် ကျွန်တော် ဘယ်လိုဖြစ်သည်မှန်း မသိ။ ကြက်သီး တဖျန်းဖျန်းထကာ ခေါင်းမှဆံပင်မွှေးတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်သွား၏။ စိုးရွံ့စိတ်နှင့် ကြောက်စိတ်တို့က ဘယ်ကဘယ်လို ရောက်လာသည်မှန်းမသိသလို အိမ်တွင်စောင့်စားနေမည့်အမေ့ကိုလည်း သတိရလိုက်သည်။ သို့အတွက် သူမတို့ဆီကို မသွားတော့ဘဲနောက်ကြောင်းလှည့်ကာ အမေရှိရာ အိမ်ဘက်ဆီသို့ ပြေးထွက်ခဲ့ပေသည်။

အိမ်ကိုရောက်တော့ အမေကျွေးသောထမင်းကိုစားပြီး အိပ်ရာထက်ဝင်ကာ အိမ်ပြန်တော့လည်း သူမတို့နှစ်ဦး မျက်နှာကိုမြင်နေသည့်အတွက် တစ်ညလုံး အိပ်လို့မပျော်။ အမေ့ကိုလည်း ပြောမပြရဲ။ မိုးလင်းကာနီး ကြက်ဖငယ်တို့တွန်သံကို ကြားတော့မှ မှေးကနဲအိပ်ပျော်သွားသည်။ အိပ်ပျော်နေစဉ် အိမ်ရှေ့မှ ခေါ်သံကြားလိုက်သဖြင့် ကြည့်လိုက်တော့ မနေ့ကတွေ့ခဲ့သည့် အစိမ်းရောင်ဝတ်အမျိုးသမီးနှစ်ဦးကို တွေ့လိုက်ရပြန်သည်။ အိမ်ထဲကိုတော့မဝင်။ အိမ်ပြင်မှာရပ်ပြီး ကျွန်တော့်ကို လှမ်းခေါ်နေ၏။ ကျွန်တော်က ဖျာခင်းပေးပြီး အိမ်တွင်းဝင်ထိုင်ကြရန် ခေါ်သော်လည်း သူမတို့နှစ်ဦးက အိမ်ထဲမဝင်။ အပြင်ကို ထွက်လာခဲ့ရန် တောင်းပန်တိုးလျှိုး နေကြပြန်သည်။ ကျွန်တော်က သူမတို့ရှိရာ အိမ်ပြင်ကို မထွက်ရဲသဖြင့် နေရာတွင် ငူငူငိုင်ငိုင်တွေဝေနေစဉ် အငယ်မဖြစ်သူက စိတ်ဆိုး၍ မျက်စောင်းထိုးကာ အံတကြိတ်ကြိတ်လုပ်ရင်း ဒေါပွနေပြန်သည်။ ထိုစဉ်–

"မောင်ကြီး .. ညီမကို မမှတ်မိတော့ဘူးလားဟင်၊ ဟိုဘဝက အစ်ကို့ရဲ့ချစ်ဇနီး ခင်အုန်းမြင့်ပါ၊ အပြင်ကို ထွက်လာခဲ့ပါဦး .. မောင်ကြီးရယ်"

ထိုသို့ သူမပြောနေစဉ် အကြီးမဖြစ်သူက လက်ပိုက်ကာ ကျွန်တော့် အခြေအနေကို စူးစိုက်ကြည့်နေသည်။ ကျွန်တော်ကလည်း သူမခေါ်ထုတ်နေပေမဲ့ အောက်ကိုမဆင်းသည့်အတွက် သက်ပြင်းမောကို အကြိမ်ကြိမ် ရှိုက်ထုတ်နေသည်ကိုလည်း တွေ့လိုက်ရသည်။ ထိုစဉ် ခင်အုန်းမြင့်ဆိုသူ အငယ်မက–

"မောင်ကြီး ... အိမ်ပြင်ကိုထွက်ခဲ့ပါဦးဆို ... နောက်ပြီး .. ကျွန်မနဲ့ စကားပြောပြီးရင် လိုက်ခဲ့ပါလားဟင်"

ထိုသို့ တောင်းပန်ပြောဆိုရင်း အိမ်အပြင်ကို ခေါ်ထုတ်နေပြန်သည်။ ကျွန်တော်ကလည်း အိမ်ပြင်ကိုမထွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်ကြည့်ရင်း သက်ပြင်းမောကို ရှိုက်ထုတ်နေသည့်အကြီးမက–

"ခေါ်မနေပါနဲ့တော့ ... ညီမရယ်၊ သူ့မှာလည်း ... မိခင်ကြီး သံယောဇဉ်က ..."

ထိုသို့ဝင်ရောက် တားမြစ်လိုက်သည့်စကားပင်အဆုံး မပြောလိုက်ရ။ အငယ်မ ခင်အုန်းမြင့်ဆိုသည့် အမျိုးသမီးက–

"မောင်ကြီး ... ကျွန်မဆီမှာ ခွင့်တောင်းတုန်းက .. လှူပြည်ကို ခဏသွားချင်တယ်ဆိုပြီး ပြောခဲ့လို့ .. ညီမခွင့်ပြုခဲ့တာလေ၊ ခု ... ပြန်ချိန်ရောက်ပြီမို့ လိုက်မှာလား ... မလိုက်ဘူးလား ဒါပဲပြော"

ထိုသို့ ပြောလိုက်သည့်စကားကြောင့် အတူပါလာသူအမျိုးသမီးက–

"နေပါစေ ညီမလေးရာ ... သူ့အချိန်ကြရင် သူပြန်လာမှာပေါ့၊ မိခင်ကြီးသံယောဇဉ်ရှိနေသေးတယ်မို့လား၊ ဒီအတိုင်း ထားခဲ့လိုက်ပါနော်"

အကြီးမက အငယ်မကို ဖျောင်းဖျနေသည်။ ကျွန်တော်က သူတို့ပြောနေသည့်စကားကိုမသိ။ ဘယ်လိုမှနားမလည်။ အိမ်တွင်းမှာထိုင်နေရင်း သူတို့ပြောနေသည့်စကားကို ငေးစိုက်၍ အဓိပ္ပာယ်ရှာနေစဉ် ခင်အုန်းမြင့်ဆိုသူက–

"မောင်ကြီးထားခဲ့တဲ့ ... ကတိအတိုင်း အချိန်စေ့လို့ လာခေါ်နေတာ၊ ညီမနဲ့ပြန်လိုက်မှာလား ... မလိုက်ဘူးလား ဒါပဲပြော၊ ကျွန်မ ... ရှင့်ကို အေးအေးသက်သာ လာခေါ်နေတာနော်၊ ခေါင်းမာနေရင်တော့ ကျွန်မကို အဆိုးမဆိုနဲ့ ... ဒါပဲ၊ ကဲ ... ဘယ်လိုလဲ ပြော"

ခင်အုန်းမြင့် ပြောလိုက်သည့်စကားကြောင့် ကျွန်တော်က–

"မလိုက်ဘူး ... မလိုက်နိုင်ဘူး။ ငါ့ကို လာမခေါ်နေကြနဲ့ ... သွားကြ သွားကြပါ၊ ကယ်ကြပါဦးဗျို့"

"ယောက်ျားမပါရင်
မပြန်ဘူး၊ ရတဲ့နည်းနဲ့
ခေါ်သွားရမယ်၊
လာပါ...မောင်ကြီးရယ်
ညီမကို ချစ်လှပါတယ်ဆိုတဲ့
ယောက်ျားက
ခုတော့...ကျွန်မကို
မေ့ပြီလား၊ ဒီလောက်ကြီး
ကြာအောင်ခွဲသွားတာ
ကျေနပ်ဖို့ကောင်းပါပြီ၊
ပြန်လိုက်ခဲ့ပါနော်"

ကြုံးအော်ဟစ်လျက် အကူအညီတောင်းလိုက်သည့်အတွက် ဘုရားစင်ရှေ့ဆွမ်းတော်ကပ်နေသည့် အမေက ကျွန်တော့်ဆီ ပြေးလာဖက်လိုက်ရင်း လှုပ်နှိုးလိုက်သည်။ သတိရကာ မောပန်းနေသည့်ကျွန်တော့်အား ဘုရားသောက်တော်ရေကိုတိုက်ပြီး စိုးရိမ်တကြီးမေးလိုက်သည့်အတွက် ပြောပြလိုက်တော့ အိပ်မက်မက်နေမှန်း သိလိုက်ရသည့်အတွက် စိတ်သက်သာရာရသော်လည်း တစ်ခုခုကို စိုးရိမ်ပူပန်နေသည့်အသွင်မို့ ကျွန်တော့်ကို ဖွင့်ဟမပြောသော်လည်း သောကရောက်နေသည့်အသွင်မျိုး။

+ + +

နောက်ရက်များတွင် အမေက ကျွန်တော့်ကို တောထဲအဝင်မခိုင်းတော့သလို ညနေတိုင်းသွားနေကျ ချောင်းရိုးဆီသို့လည်း မလွှတ်တော့။ သို့သော်လည်း ၂၀ ရက်ခန့်အကြာ တောလည်ချင်စိတ်က မပြင်းထန်သော်လည်း ချောင်းရိုးကို သွားချင်စိတ်က စိုးမိုးလာပြန်သည်။ သို့အတွက် အမေ့အလစ်အငိုက်ကို ချောင်းနေရာ မှိုကျင်းသွားတူးနေသည့်အချိန် ချောင်းရိုးဘက်ဆီသို့ သွားကာ ညောင်ညိုရိပ်တွင်ထိုင်ရင်း ဟိုမှာဘက်ကမ်းချုံနွယ်တောကြီးအတွင်း ဖူးမျှော်လိုက်ရသော စေတီတော်လေးအား တွေ့လိုတွေ့ငြား ငေးမျှော်ကြည့်ရှုနေလိုက်မိပေသည်။

ထိုသို့ ငေးမျှော်ကြည့်နေစဉ် ဖူးတွေ့ရမည်ဟုထင်ထားသော ရွှေစေတီကိုလည်း မတွေ့ရ။ ဘုန်းတော်ကြီးကျောင်းကိုလည်းမမြင်ရ။ ကြာမျိုးငါးပါးနှင့်ပြည့်စုံပြီး လိပ်ပြာနှင့်ပုဇဉ်းရောင်



www.burmeseclassic.com

www.burmeseclassic.com


စုံတို့ ပျော်မြူးရာရေကန်ကိုလည်း မတွေ့ရ။ မိန်းကလေး ခင်အုန်းမြင့်ကို တွေ့လိုက်ရပြီး သူမရပ်တည်နေသည့် မယ်ဇယ်ပင်(မဥ္ဇူသကနတ်ပန်းပင်)ကြီးလည်းမရှိ။ တွေ့နိုး တွေ့နိုး မျှော်ကိုးစောင့်စား ကြည့်ရှုနေသည့် ထိုနေရာသည် သစ်ရိုင်းပင်များနှင့် ချုံနွယ်တောကြီးအသွင်မှပြောင်းလဲမလာ။ အမှောင်က မင်းမူလာပြီမို့ နေရာမှထကာ အိမ်သို့ပြန်လာခဲ့ပေသည်။ ကျွန်တော့်အဖြစ်ကို အမေကတော့ မသိရှာ။

ကျွန်တော် အမဲပစ်၊ ထောင်ချောက်ဆင်ဖမ်းသည့်အလုပ်ကို မလုပ်နိုင်သဖြင့် အမေက တောတိုးလျက် ပင်ပင်ပန်းပန်း ရှာဖွေကျွေးနေပေမယ့် ကြာတော့ အကျပ်အတည်းနဲ့ တိုးလာသည်။ သို့အတွက် အမဲပစ်ရန်ဆုံးဖြတ်ချက်ချလိုက်ပြီး လင့်ထိုင်စောင့်မည့် နေရာဆီသို့ တူမီးသေနတ်ကို ကိုင်လျက် ထွက်လာခဲ့ပေသည်။

လင့်မှာ ကျစ်တွင်း(ဆားငံတွင်း)ကို ဝင်စားသောသားကောင်ကို ပစ်ခတ်ရန် ထိုးထားခဲ့သည့်လင့်ဟောင်းဖြစ်သည်မို့ ထွေထွေထူးထူး လုပ်စရာမရှိ။ လင့်ပေါ်တက်ပြီး ကျစ်တွင်းဆီကိုလာရောက်ပြီး မြေငံကို စားကြသည့် သားကောင်ကို စောင့်ပစ်ရုံပင်။ သို့အတွက် တူမီးသေနတ်ကိုကျည်ဖြည့်ပြီး လက်နှိပ်ဓာတ်မီးနှင့်အတူ ဘေးတွင်ချပြီး ထိုင်ကာ စောင့်စားနေရုံပင်။

ပထမဦးဆုံး သေနတ်ပြောင်းအတွင်းသို့ (ပယ်နယ်စလင်ပုလင်း)ကလေးအတွင်းတည့်ထားသော ယမ်းမှုန့်တို့ကို လောင်းထည့်လိုက်ပြီး ထောင်းတံနှင့် ဆောင့်ကာ ယမ်းကို သိပ်သည်း ကျစ်လစ်လိုက်သည်။ ထိုကဲ့သို့ ထောင်းသိပ်လိုက်ပြီး အုန်းဆံဖတ်အနည်းငယ်ထည့်ကာ ထောင်းသိပ်လိုက်ပြီး စက္ကူထူအပိုင်းပြား(ကာဗိုက်ပြား)နှင့်ဆို့ကာ ထောင်းပြီးသိပ်လိုက်ပြီးနောက်ခဲတောင့်ကို အရွယ်ညီဖြတ်ထားသည့် ကျည်ခဲလုံးတို့ကို ထည့်လိုက်ပြီး အပေါ်ဆုံးမှ စက္ကူအပိုင်းပြားကို တို့၍ ထောင်းတံနှင့် ထောင်းကာပိတ်လိုက်ပြီး ပေါက်ယမ်းအဆင့် သေချာသောအဆင့်ကို ရောက်တော့မှ အကူပေါက်ယမ်းအဆင့်ကို ပြုလုပ်ရပြန်သည်။ အထက်က တင်ပြခဲ့သည့် ပေါက်ယမ်းဘက်ဆီ မီးကူးပေါက်ကွဲဖို့အတွက် ပစ်ခလုတ်ဘေးတွင် အကူငုတ်ကလေးတစ်ငုတ်ရှိသည်။

အကူငုတ်ထိပ်ဝ အပေါက်ထဲသို့ ယမ်းမှုန့်များ ထပ်မံထည့်ကာ (တူဆံ) ခေါ်ဓာတ်ခဲထိပ်မှ ကြေးဝါဆန်ဆန်ခွက်ကလေးထဲသို့ ပေါက်ယမ်းကိုထည့်လိုက်ပြီး အကူငုတ်ကို ဖုံးအုပ်လိုက်ပြီး ထိုငုတ်နှင့် နှစ်လက်မအကွာ စပရိန်ဖြင့် ချိတ်ဆွဲထားသည့် ရိုက်တံကို မ,တင်လိုက်ပြီး မောင်းခလုတ်ကို ဆွဲတင်လိုက်သည်နှင့် မောင်းပြုတ်ကာ ရိုက်တံနှင့် ငုတ်တို့ထိရိုက်ပြီး အကူပေါက်ယမ်းမီးတောက်၍ ယမ်းမကြီးရှိရာဘက် မီးကူးပေါက်ကွဲရသော သေနတ်မျိုးပင်ဖြစ်သည်။

ထိုသေနတ်သည် ဖခင်ကြီး၏ လက်စွဲတော်သေနတ်ဖြစ်သည့်အတွက် အသက်ထင်ရှားရှိခဲ့စဉ်ကပင် နားလည်တတ်ကျွမ်းအောင် သင်ပြထားသလို ပစ်ခတ်ပုံကိုလည်း ပြသထားသည်မို့ ထိုသေနတ်ကို ကျွန်တော်ကျွမ်းကျင်ပိုင်နိုင်သည်။ တစ်ခုတော့ရှိသည်က ထိုသေနတ်နှင့် ပစ်ခတ်မည်ဆိုပါက သားကောင်ကို တစ်ချက်ထဲနှင့် သေကွင်းကို အပိုင်ပစ်ခတ်ရသည့် သေနတ်မျိုးဖြစ်သည်။ မသေချာ မပိုင်နိုင်ဘဲ ပစ်ခတ်မိပါက လူကို အန္တရာယ်ပေးနိုင်သည့် သားကောင်မျိုးဖြစ်ခဲ့ပါမူ အရေးပေါ် နောက်တစ်ချက် ပစ်ခတ်ဖို့အရေး လုပ်ဆောင်နေရသည့် ကြားကာလမှာ ၇ မိနစ် မှ ၁၀ မိနစ်ခန့်ထိ ကြာတတ်သည့် သေနတ်မျိုး၊ နောက်တစ်ချက်ကလည်း ထိုသေနတ်ကို ပစ်ခတ်ပြီးပါက ပစ်မှတ်ထားရာဆီတွင် မီးခိုးလုံးကြီး အမှောင်ဖုံးသွားသည်။ မီးခိုးကြွက်လျှောက် အန္တရာယ်ပေးသည့် သားကောင်နှင့်တိုးလျှင် မလွယ်ကူသောသေနတ်ဖြစ်သည်။ သို့သော် ယခု ကျွန်တော် ပစ်ခတ်မည်က လင့်ထက်မှမို့ စိုးရိမ်စရာတော့ သိပ်မရှိ။

သည်နေရာတွင် ကျစ်တွင်း(ဆားငံတွင်း)ဆိုသည့်အကြောင်းကို အနည်းငယ်တင်ပြလိုပေသည်။ ယခုလို နွေကာလမျိုးတွင် တောတွင်းရှိ ရေကန်၊ ရေအိုင်များ နေပူရှိန်ကြောင့် ရေများခမ်းခြောက်သွားကြရာ တောတွင်းရှိ သားကောင်များ ရေငတ်သည့်ဒဏ်ကို ခံစားကြရသည်။ သို့အတွက် သဘာဝအလျောက် ဖြစ်ပေါ်သည့် မြေငန်ရှိရာကို ရောက်လာပြီး ထိုမြေကိုစားကာ ဝမ်းတွင်းကစီရေနှင့် ရောလျက် ရေငတ်ပြေကြရသည့် နေရာဖြစ်သည်။ သို့အတွက် ရေငတ်ပြေလိုကြသည့် သားကောင်များ လာရောက်ပြီး ထိုမြေငံကိုစားကာ ရေငတ်ပြေလိမ့်ရှိသည့် နေရာပင်။ သို့အတွက် ပြောင်၊ နိုင်


www.burmeseclassic.com

www.burmeseclassic.com



သမင်၊ ဆတ်၊ ဒရယ်၊ ချေနှင့် တောဝက်တို့အပြင် အခြားသော ရေငတ်ဖြေလိုသော သားကောင်ငယ်များ လာရောက်ကာ စားကြသည်။ သို့အတွက် သားစားတိရိစ္ဆာန် မုဆိုးတို့အပြင် လူမုဆိုးများကလည်း သိရှိနေကြသည့်အတွက် ချောင်းမြောင်း အန္တရာယ်ပေးတတ်ကြသလို ထိုနေရာတွင် အခြားသောကိုယ်မသိသည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များလည်း ရှိတတ်သည်ကို ဖခင်မုဆိုးကြီးပြောပြထားသဖြင့် အထိုက်အလျောက် ကျွန်တော် သိရှိနေသည်။

လင့်ထက်တွင် ဆားငံတွင်းဆီသို့ သားကောင်အဝင်ကို အချိန်အတော်ကြာ စောင့်စားခဲ့သော်လည်း ယခုချိန်ထိတိုင် ဘာတစ်ကောင်မှ မဝင်လာသေးသည့်အပြင် ဝင်လာမည့်အရိပ်အယောင်ကိုလည်း မတွေ့ရ။ ကျေးငှက်သံတစာစာကိုပင် မကြားရ။ တဖြည်းဖြည်းနှင့် အမှောင်ဘက်ကို လုလာသည်။ ယခုအချိန်မှ ဘယ်လိုဖြစ်သည့်တောဖြင့်မသိ။ လင့်ကိုဆက်မစောင့်တော့ဘဲ အိမ်ကိုပြန်မည်စိတ်ကူးသော်လည်း အိပ်ချင်စိတ်က မင်းမူလာသည်။ အလိုလိုနေရင်း မျက်လုံးများမှေးစင်း၍ အနားယူချင်စိတ်က မင်းမူလာသည်။ သို့အတွက် ခေတ္တမှေးစက်မည်အတွေးနှင့် လင့်ထက်တွင် ကျောခင်းကာ သေနတ်ကို ရင်ဘတ်ပေါ်ကန့်လန့်ဖြတ်တင်၍ လက်နှင့်ဆုပ်ကိုင်ကာ မျက်လုံးအစုံကို မှိတ်လိုက်သည်နှင့် ဘယ်လိုအိပ်ပျော်သွားလိုက်မှန်းပင်မသိလိုက်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။ ထိုအချိန် ကျွန်တော့်ဆီသို့ အမျိုးသမီးနှစ်ဦး ရောက်ရှိလာပြန်သည်။ လင့်ထက်တွင် ကျောချကာ သေနတ်ကို ရင်ဘတ်ကပ်ဆုပ်ကိုင်အိပ်နေသည့်တစ်ဖက်တစ်ချက်စီတွင် ကျုံ့ကျုံ့ကလေးတွေနှင့် ထိုင်လျက်အငယ်မ ခင်အုန်းမြင့်က ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်းနေသည်။ ကျွန်တော်က သူမတို့နှစ်ဦးကို တအံ့တသြ မျက်လုံးဖွင့်ကြည့်လိုက်စဉ်–

''ဒီတစ်ခါ ...နင့်ကိုငါ ...နောက်ဆုံးမေးမယ်၊ ငါနဲ့ လိုက်ခဲ့မှာလား ...မလိုက်ဘူးလားဆိုတာကို တစ်ခါတည်း အဖြေပေး''

ခင်အုန်းမြင့်ဆိုသည့် ယခင်ဘဝက ဇနီးသည်ဆိုသူက ဒေါသဖြင့် အမိန့်ပေးသလို မေးလိုက်စဉ် ကျွန်တော်က သေနတ်ကို ကျစ်လျစ်ပါအောင် ဆုပ်ကိုင်ရင်းခေါင်းခါငြင်းဆိုလိုက်သည်။

''မလိုက်ဘူး ..မလိုက်နိုင်ဘူး၊ ငါ့အမေကိုထားခဲ့ပြီး ...ငါ ..ဘယ်သူနဲ့မှ မလိုက်ဘူး၊ သွားကြ''

ကျွန်တော် ထိုကဲ့သို့ အော်ပြောရင်း ငြင်းဆန်ကာ နှင်လွှတ်နေစဉ် ညာဘက်တွင်ထိုင်နေသူ အစ်မဖြစ်သူက–

''ညီမလေး ...သူ့မိခင်သံယောဇဉ်ကို မဖြတ်နိုင်ဘူးနဲ့တူပါတယ်ကွယ်၊ ထားခဲ့ပါ ...ပြန်လိုက်ကြအောင်နော်''

ထိုသို့ ပြောနေစဉ် ခင်အုန်းမြင့်ဆိုသည့်အမျိုးသမီးက–

''အို ...မထားခဲ့နိုင်ဘူး၊ ကျွန်မယောက်ျားမပါရင် မပြန်ဘူး၊ ရတဲ့နည်းနဲ့ ခေါ်သွားရမယ်၊ လာပါ ...မောင်ကြီးရယ် ..ညီမကို ချစ်လှပါတယ်ဆိုတဲ့ ယောက်ျားက ခုတော့ ...ကျွန်မကို မေ့ပြီလား၊ ဒီလောက်ကြီး ကြာအောင်ခွဲသွားတာ ကျေနပ်ဖို့ကောင်းပါပြီ၊ ပြန်လိုက်ခဲ့ပါနော် ..နော်လို့''

ကန္ဒဲ့ကလျနှင့် မရအရ ခေါ်နေသည်မို့ ကျွန်တော်ကလည်း–

''မလိုက်ဘူး ..ခင်အုန်းမြင့်၊ အမေ့ကိုထားပြီး ..ဘယ်နည်းနဲ့မှမလိုက်နိုင်ဘူး၊ သွားကြ နင်တို့သွားကြတော့''

ကျွန်တော်က ရင်ဘတ်ပေါ်ရှိ သေနတ်ကိုဆုပ်ကိုင်လိုက်သလို ပစ်ခတ်ရန် နေရာမှ ရုန်းထလိုက်စဉ် ရင်ဘတ်ပေါ်မှစီးကာ ဖိထားသည့် ခင်အုန်းမြင့်က–

''မောင်ကြီးရယ် ...လိုက်ခဲ့ပါတော့နော်၊ ခွဲရတာကြာလွန်းလို့ ညီမဘက်ကလည်း စဉ်းစားပြီး ..ငဲ့ညှာပေးပါဦး''

သူမပြောလိုက်သည့်စကားကြောင့် ကျွန်တော် တွေဝေသွားကာ ငြိမ်နေလိုက်စဉ်–

''ဘာလဲ ...မောင်ကြီးနဲ့ညီမက ဘဝခြားလို့ မေ့သွားတာလား၊ ဒါမှမဟုတ် ...မေ့ချင်ယောင် ဆောင်နေတာလားဟင်''

ထိုသို့ ဖျောင်းဖျပြောဆိုနေစဉ် အကြီးဖြစ်သူက–

''ကဲပါ ...ညီမလေးရယ် ..သူ့မိခင်ကြီးကို စိတ်မချဖြစ်နေတာပါ၊ အသက်လည်းကြီးနေပြီဆိုတော့ ခဏပဲစောင့်လိုက်ပါ၊ အဲဒီအချိန် ...ညီမဆီ ...သူ ...လာကိုလာရမှာပါ''

အစ်မဖြစ်သူက ဖျောင်းဖျနားချလိုက်သော်လည်း သူမက–

''အိုး ...မလိုချင်ဘူး၊ မေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခုတောင် ...ဒီလောက်ဖြစ်နေရင် နောင်ဆို ပိုပြီး အခေါ်ရခက်မှာပေါ့၊ နောက်ဆို ...ကျွန်မကို သူဘယ်လိုမှသတိရတော့မှာ မဟုတ်ဘူး၊ ခုလည်း ...ဒီဘဝကို ခဏသွားမယ်လို့ ခွင့်တောင်းတာ ချစ်လွန်းလို့ ယုံကြည်ပြီး ခွင့်ပြုခဲ့တာ၊ အချိန်စေ့လို့ လိုက်ခေါ်တာကိုတောင် ...သူက ..ငြင်းနေသေးတယ်၊ အစ်မဖယ်ပါ ...ကျွန်မ ကြည့်ရှင်းမယ်''

ခင်အုန်းမြင့်ဆိုသည့် အမျိုးသမီးက ဒေါသသံဖြင့် အစ်မဖြစ်သူကို ပြောကာ ကျွန်တော့်အား စိမ်းစိမ်းကားကားကြည့်ကာ အံကြိတ်ပြောလိုက်သည်မို့ ကျွန်တော် ကြောက်စိတ်များပိုဝင်ကာ သေနတ်နှင့်ပစ်ခတ်ရန် နေရာမှကျုံးထလှမ်းချိန်လိုက်စဉ်အတွင်း သူမကလည်း နေရာမှထပြီး သေနတ်အဖျားကို ဆုပ်ကိုင်လျက် နောက်ကိုတွန်းထုတ်လိုက်ရာ ဘယ်လိုဖြစ်သွားသည်တော့ဖြင့်မသိ။ သေနတ်ရောလူပါ လွင့်စင်သွားပြီး လင့်ထက်မှမြေပြင်ထက်ကို ပြုတ်ကျပြီး မြေပြင်နှင့်ပြင်းထန်စွာ ဆောင့်လိုက်ရင်း အရာအားလုံး သတိလက်လွတ် ဖြစ်သွားပေတော့သည်။

\+ + +

သတိရလို့ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ဘေးတွင် တရှုံ့ရှုံ့ငိုရင်းရင်ထုမနာဖြစ်နေသည့် အမေအပြင် ရွာသားအချို့ ဝိုင်းဝန်းပြုစုနေကြသည်ကို တွေ့လိုက်ရသည်။ လင့်ထက်မှပြုတ်ကျပြီး မြေပြင်နှင့်ပြင်းထန်စွာ ထိခိုက်လိုက်သည့်ဒဏ်ကြောင့် ခြေထောက်နှင့် နံရိုးကျိုးသွားသည့်အတွက် ပုခက်လင့်ဖြင့် ဆေးရုံတင်ပို့ရန် ပြောဆိုနေသည်ကို နားထဲတွင် ကြားနေရသည်။ အချို့ကလည်း ပယောဂကပ်သည့်အတွက် ရေနက်ကြီးကျေးရွာမှ ဗိန္ဒောဆရာကြီး ဦးနက်ကျော်ကို ပြသဆေးကုသမှုခံယူရန်ကိုလည်း ပြောသံကြားနေရသည်။ ရွာနှင့် ဆေးရုံ(လှည်းကူးဆေးရုံ)သည် အတန်ဝေးသည့်ခရီးဖြစ်သည့်အတွက် ပုခက်တွင်း သတိရတစ်ချက် မရတစ်ချက်ဖြင့် သူတို့ပြောနေသည့်စကားတွေကို နားထောင်ရင်း လိုက်ပါခဲ့ပေသည်။ သူတို့ပြောစကားအရ အချိန်တန်၍ အိမ်ပြန်မရောက်သည့်တွက် အမေက ရွာသားများကို အကူအညီတောင်းပြီး လိုက်ရှာရာမှ ကျစ်တွင်းရှေ့ လင့်စင်မှ ပြုတ်ကျသတိမေ့နေသည့် ကျွန်တော့်ကို တွေ့ပြီး ယခုကဲ့သို့ ဆေးရုံကို ပို့ရခြင်းဖြစ်သည်ဆိုသည့်အချက်ပင်။

ပုခက်အတွင်း ဒဏ်ရာကို ကျိတ်မှိတ်ခံစားရင်း ကျွန်တော့်အဖြစ်ကို ပြန်စဉ်းစားလိုက်မိသည်က အမေ့ကို ဖွင့်ပြောပြထားသည့်အတွက် အထိုက်အလျောက် သိနေသည်မှလွဲပြီး ရွာသူရွာသားများကတော့ အဖြစ်မှန်ကိုသိကြမည်မဟုတ်။ ကျွန်တော် ကိုယ်တိုင်လည်း ''ခင်အုန်းမြင့်''ဆိုသည့် အစိမ်းရောင်ဝတ်အမျိုးသမီးနှစ်ဦးသည် အမှန်ကော ဟုတ်ရဲ့လား။ အဖော်မရှာ တစ်ယောက်တည်း နေထိုင်တတ်သည့် ကျွန်တော့်အားငယ်စိတ်၏ ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာအားနည်းချက်ကြောင့် အမှောင့်ပယောဂ ကပ်တွယ်ခံလိုက်ရသည်လားဆိုသည်ကိုဖြင့် မသိနိုင်လောက်အောင်ပင် ဖြစ်ပေတော့သည်။

လေးမောင်





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



(၁)

"ကဲ . . . ပန်းတောပိုင်းအုပ်စုက ဇာတ်တိုက် ခုတ်မယ်၊ အလယ်ပိုင်းအုပ်စုက ဇာတ်စင်မှာ လိုအပ်တဲ့ဝါးတွေ စီစဉ်ရမယ်၊ ရွာဟောင်းပိုင်းအုပ်စုက ဇာတ်စင်ကို အပြီးဆောက်ကြရမယ်၊ ကြားကြတယ်နော်"

ရပ်ရွာ အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်က ရွာသားများအား အစည်းအဝေးခေါ်ပြီး ကဇာတ်ရုံဖြစ်မြောက်ရေးအတွက် စီစဉ်ပေးလိုက်၏။

ရွာသားများမှာ ဇာတ်အဖွဲ့ ရွာသို့ ရောက်လာသည့်အတွက် အရမ်းပျော်နေကြ၏။ သရက်တောင်ရွာသားများမှာ စပါးပေါ်ချိန် ငွေပေါ်ချိန်ဆိုလျှင် ရှေးဟောင်းသမိုင်းဝင် စည်ပင်သာယာဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပကြမြဲဖြစ်သည်။ လယ်ယာလုပ်ငန်းဖြင့် တစ်နှစ်တာပင်ပန်းနွမ်းနယ်ခဲ့သမျှကို ဘုရားပွဲတော်ကျင်းပကာ ရွာစရိုက်နဲ့အကြိုက် ကနေကြခြင်းပင်ဖြစ်သည်။

ရပ်ရွာလူကြီးက အပိုင်းအလိုက် တာဝန်ပေးလိုက်သည်ဆိုရင်ပဲ ကိုယ့်တာဝန်နဲ့ကိုယ် လုပ်ကိုင်ကြတော့သည်။ တိုင်ခုတ်မည့်သူများက ဓားသွေးတတ်ရှာ ထမင်းထုပ်ကိုယ်စီဆွဲပြီး ချောင်းထဲဆင်းကြသည်။ ကျွန်းစဉ်ဒေသမှာ ဒီရေရောက်တောများ ထူထပ်စွာ ပေါက်ရောက်သောဒေသဖြစ်၍ ကဇာတ်ရုံတိုင်က မရှား။ အလွယ်တကူရသော လမုနဲ့လင်းပိုက်သစ်ကိုခုတ်ပြီး ဖောင်မျှောယူလာခြင်းဖြင့် ရရှိကြသည်။ ဖောင်မျှောရာတွင်လည်း သိပ်ခက်ခဲမှုမရှိပေ။ ဓနိပေါင်များကိုခုတ်ပြီး နွယ်ကြိုးဖြင့်သီကာ တိုင်လုံးများတွင် ဖက်ချည်လိုက်ခြင်းဖြင့် တိုင်လုံးများမှာ ရေပေါ် ပေါ်နေတော့သည်။ ဒီရေ အတက်အကျ ချိန်ဆပြီး မျှောလိုက်ရုံဖြင့် ရွာသို့ရောက်သည်။

ကြမ်းခင်းနဲ့ တန်းများအတွက် ဝါးကိုတော့ ရခိုင်ရိုးမတောင်စွယ် ရေထိုးတောင်တွင် သွားခုတ်ခြင်းဖြင့် အဆင်ပြေသည်။ ဝါးခုတ်ပြီးလျှင် အစည်းလိုက်စည်းပြီး တောင်ကျရေနဲ့ မျှောဆင်းလာခြင်းဖြင့် ရွာသို့ရောက်သည်။ ရွာဆိပ်ကမ်းသို့ရောက်လျှင် အပိုင်းအလိုက် တာဝန်ယူထားရသော ရွာသားများက သစ်ကို ကဇာတ်ရုံဆောက်မည့်နေရာသို့ရောက်အောင် သယ်ပေးကြရသည်။ ဝါးတာဝန်ကျသော အပိုင်းသားများမှာလည်း ဝါးကို အရောက်သယ်ပေးကြရသည်။

ဆောက်လုပ်ရေးတာဝန်ကို ယူထားရသော အပိုင်းသားများကတော့ တူရွင်း၊ ဓား၊ တူ၊ လွှများယူဆောင်ပြီး နေ့ချင်းအပြီး ဆောက်ရသည်။ သံရိုက်၊

**ဇာတ်စင်ပေါ်တက်ပြီး ပိုက်ဆံကို ပါးစပ်နဲ့ကိုက်ပေးပြီး မင်းသမီးကို ပါးစပ်နဲ့ ကိုက်ယူခိုင်းတာ။ ပွဲခင်းထိန်းသိမ်းရေး ကော်မတီက ဘီလူးကြမ်းကြမ်းပြီး အတင်းဆွဲချတော့မှသာ သားသတ်ရုံသွင်းသည့် နွားကြီးကို ဆွဲသလို တုန့်ဆိုင်း တုန့်ဆိုင်း ပါသွားတော့သည် . . .**



www.burmeseclassic.com

www.burmeseclassic.com



နီးချည် အကုန်လုံး သူတို့ တာဝန်ယူရသည်။ ကျွန်းစည်သားတိုင်းလိုလို အခြေခံလက်သမားအလုပ်ကို လူတိုင်းလုပ်နိုင်ကြသည်။ ရပ်ရွာထဲတွင် မိသားစုတစ်စု အိမ်ဆောက်လျှင်လည်း ရင်းနီးရာ ဆွေမျိုးမိတ်ဆွေများကိုခေါ်ပြီး ဝိုင်းဝန်းဆောက်လုပ်ပေးကြသည်။ အိမ်ရှင်က အသားငါးများရှာဖွေပြီး ထမင်းကျွေးရသည်။ ဆောက်လုပ်ခဟူ၍ ပေးစရာမလိုပေ။ တစ်စိတ် လက် တစ်ဝမ်းညီ ရှာသစ်တည်ကြခြင်းပင် ဖြစ်သည်။

''ဟော့ . . . လယ်သမား တာဝန်ယူထားကြတဲ့ ကိုယ့်လူတွေ ကဇာတ်ရုံ တစ်နေ့ထဲနဲ့ အပြီးဆောက်ရမှာနော်''

''ဟုတ်တယ် . . . ဟုတ်တယ်၊ တို့တွေက သစ်တို့ ဝါးတို့ တစ်နေ့ထဲနဲ့ အပြီး ရှာပေးထားတာနော်''

''ဟုတ်တယ်ဟ . . . ဇာတ်သမားတွေက ဒီနေ့ပြီးရင် . . . ဒီနေ့ ကပြမယ်တဲ့ . . ဇာတ်ပွဲကြည့်ချင်လှပြီနော်''

''အေးပါဟ . . ခင်ဗျားတို့တောင် တစ်နေ့ထဲနဲ့ သစ်ဝါးတွေရတတ်သေးတာပဲ၊ တို့လည်း . . . တစ်နေ့ထဲနဲ့ အပြီးဆောက်မယ်ကွာ''

ရွာသားများမှာ ဇာတ်စင်ဖြစ်မြောက်ရေးအတွက် တာဝန်ကိုယ်စီယူပြီး လုပ်ကိုင်နေကြသည်မှာ ရွာကလေး၏ စည်းရုံးမှုကို ပြဆိုနေသယောင်။

\+ + + + +

(၂)

*လစန္ဒာငွေရောင်ဖြန်း . . . ရှန်းလက်ညအချိန်မှာ . . သဘင်ပွဲကို ဆင်နွှဲကြလို့ အစဉ်အမြဲရှင်လန်းကြစရာ . . . မြပုလဲသွယ်က တင်ဆက်အသုံးတော်ခံမှာ . . . ဝါသနာကို အရင်းခံနည်းမှန်ပြ၊ ကာ . . အဖေ အမေ အားပေးခဲ့လို့ . . သင်ယူခဲ့တဲ့ သဘင်ပညာပါ . .*

ညရင့်ရင့်၏ တိတ်ဆိတ်ခြင်းကို မင်းသမီး မြပုလဲသွယ်၏သီချင်းသံက ဖြိုခွင်းလိုက်သည်။ သီချင်းသံဆုံးလျှင် မြပုလဲသွယ်က ခပ်မြူးမြူး ကခုန်လိုက်သည်။ တင်ကလေးကိုကော့ပြီး ငွေယမ်းကပြ၏။ ရင်ကလေးကိုချီပြီး လှုပ်ခါကပြ၏။

*နက်နဲသိမ်မွေ့လှတဲ့ သုခမပညာ . . . မြန်မာ့ဂီတ အက တစ်ပင်တိုင် . . . မြိုင်ဆိုင်လှပ မြူးကြွလို့သာ . . . ကကွက် ကလက်တွေက ဝေဝေဆာဆာ . . .*

မြပုလဲသွယ်မှာ အဝိုင်းအဝန်းညီပြီး အချိုးအစားကျလှသော ခန္ဓာဗေဒဆိုင်ရာတို့ကြောင့် ပုရိသတို့အသည်းစွဲ။ ဇာတ်တစ်ဇာတ်လုံးတွင် မြပုလဲသွယ်ကကွက်ကိုမှ ရွေးကြည့်ကြသော ကိုကိုမောင်မောင်တို့တောင် ရှိသေးဆိုကိုး။

မြပုလဲသွယ်ကလျှင် လူရွှင်တော်များလည်း အငြိမ်မနေရတော့ချေ။ ဟိုက လာပါဦး၊ သည်က လာပါဦးနဲ့ ခေါ်သူများက ခေါ်ကြ၊ ကိုယ်တိုင် ဇာတ်စင်ပေါ်တက်ပြီး မင်းသမီးလက်ထဲထည့်သူ ထည့်ကြနဲ့ ဆုငွေတွေ ဆုငွေတွေ။ ရွှေပွဲလာများ၏မေတ္တာတော် အနုန္တတွေပေါ့။ လူရွှင်တော်များက စာရွက်ကလေးကို ဖြန့်ပြီး စာရွက်ထဲကအတိုင်း မင်းသမီးကို မေတ္တာရှိပါသဖြင့် ဆုတော်ငွေ ဘယ်လောက်ဆိုပြီး ကြေညာလိုက်ရင်ပဲ မေတ္တာရှင် ကိုလူချောက ဆုချသူသည် သူဖြစ်ကြောင်း မင်းသမီးမြင်အောင် ပွဲခင်းထဲက ဆတ်ခနဲထရပ်ကာ ရင်ဘတ်ကိုပုတ်ပြသည့် ခပ်ကြောင်ကြောင် လူလည်းရှိရဲ့။ အချို့ ခပ်ကဲကဲကောင်တွေဆို ဇာတ်စင်ပေါ်တက်ပြီး ပိုက်ဆံကို ပါးစပ်နဲ့ကိုက်ပေးပြီး မင်းသမီးကို ပါးစပ်နဲ့ကိုက်ယူခိုင်းတာတောင်ရှိသေး။ လူရွှင်တော်တွေက အမြင်မတော်တော့လို့ ချော့မော့ပြီး ပြန်ဆင်းခိုင်းသော်လည်းမရ။ ပွဲခင်းထိန်းသိမ်းရေးကော်မတီက ဘီလူးကြမ်းကြမ်းပြီး အတင်းဆွဲချတော့မှသာ သားသတ်ရုံသွင်းသည့် နွားကြီးကို ဆွဲသလို တုန့်ဆိုင်း တုန့်ဆိုင်း ပါသွားတော့သည်။ သည်အခြေအနေမျိုးမှာတောင် သည်ကောင်တွေက မင်းသမီးကို အငန်းမျက်ဝန်းနဲ့ ပြန်ကြည့်ဖြစ်လိုက်သေးသည်။

*ပွဲကြည့်သူတွေ မာစေဖို့ရာ . . ဆုပတ္ထနာခြွေကာ မြပုလဲသွယ်ရဲ့ မေတ္တာတေးလွှာ . . . ကြိုးစားမှုတွေ နီးကြားမှုတွေ ရင်မှလာ . . . ထာဝရ ရှင်သန်ရာ . . . မြန်မာ့ဂီတ ဘဝင်ချမ်းမြ သုခုမပညာ။*

သီချင်းသံဆုံးလျှင် မင်းသမီး မြပုလဲသွယ် တီးကွက်နဲ့စည်းချက်ဝင်ပြီး ကကြိုးပြောင်းပြီး ကလိုက်ပြန်သည်။ ခုန်၏။ ပုံ၏။ ခါယမ်း၏။ မြပုလဲသွယ်မှာ အပျိုရွယ်လူငယ်ပိုင်းမို့ သွက်သည်။ ခန္ဓာကိုယ်လေးမှာ ကတိုင်း ခုန်တိုင်း လှုပ်ခါနေပေရာ ဓာတ်မီးရောင်အောက်တွင် အချိုးကျလှသော ခန္ဓာဗေဒဆိုင်ရာတို့အထင်းသားပေါ်နေပေတော့သည်။

''အဘ . . အရိတွေ . . . သိမ်းဦးစီးကျနေပြီ . . . မင်းသမီးကတာ . . . ကြိုက်တယ်. . ဟုတ်လား . . ဆုလည်းချဦးလေ''



www.burmeseclassic.com

ဦးဖိုးတုတ်မှာ သန်းမောင်စကားကြောင့် ရှက်သွား၏။ လူမိသည့် သူခိုးလိုဖြစ်ကာ နှုတ်ခမ်းလျှော့တွဲတွဲမှ စီးကျနေသော အရိတန်းကို ဖျတ်ခနဲ သုတ်ပစ်လိုက်၏။ ဦးဖိုးတုတ်မှာ အသက် ၆၀ ကျော်နေပေပြီ။ တစ်ကိုယ်တည်းသမားဖြစ်၏။ ဇာတ်ကို ဝါသနာပါ၍ ပွဲခင်းအစပ်လေးတွင် ဝါးကုလားထိုင်လေးဖြင့် ထိုင်ကြည့်နေခြင်းဖြစ်သည်။ မြပုလဲသွယ်၏ အခုန် အပျံ အခါအယမ်းတို့ကြောင့် ပတ်ဝန်းကျင်ကို မေ့ပြီး ဈာန်ဝင်စားနေခိုက် ပွဲထိန်းသိမ်းရေးကော်မတီဝင်တို့ အနားသို့ ရောက်လာခြင်းကို မသိလိုက်ခြင်းပင်။ ဤတွင် စကားသွက်ပြီး စတတ် နောက်တတ်သော သန်းမောင်က အဘိုးကြီးကို အငိုက်တွင် ထိုးလိုက်ခြင်းပင် ဖြစ်ပေသည်။

မြပုလဲသွယ်မှာ သီချင်းတစ်ကြော့ ကကွက်တစ်ကြော့ဖြင့် ဆိုင်းသံကို နားထောင်ပြီး ကကြိုးမှန်အောင်ကနေ၏။ ပွဲခင်းကြီးတစ်ခုလုံးမှာ စီညံနေသဖြင့် ည၏တန်ဆာလို ဖြစ်နေ၏။ သရက်တောင်ရွာသားတို့မှာ ဘဝအမောတွေ ပြေနေကြလေ သယောင်တကား။

***ဇာတ်သဘင်စင်ပေါ်မှာ လူတိုင်းကြိုက်တဲ့ အငြိမ့်သဘင်ပါ .. အစဉ်လန်း အသွင်ဆန်း ဘဝင်လန်းတဲ့ အနုပညာ ...မြန်မာ့ဂီတရဲ့ အနှစ်အရသာ။***

"ဒိုင်း ..ဒိုင်း ..ဒိုင်း"

စည်းချက်ဆုံးပြီး ကကြိုးကလေး အရပ်တွင် သေနတ်သံများက ည၏ အလှကို ဖြိုခွင်းလိုက်သည်။ ချက်ချင်း ဇာတ်စင်ပေါ်သို့ လက်နက်ကိုင်များ ရောက်ရှိသွားပြီး မင်းသမီး မြပုလဲသွယ်လေးကို အတင်းလက်ဆွဲပြီး ဆင်းသွားကြသည်။

"ဇာတ်ဆရာရယ် .. ကယ်ပါဦး"

"ရွာလူကြီးတွေရယ် ...ကယ်ကြပါဦး"



မြပုလဲသွယ်၏ အကူအညီတောင်းသံမှာ ရှတ်ရှတ်သဲသဲဖြစ်နေကြသော လူအုပ်ကြီးကြားမှ ခပ်စူးစူး ထွက်ပေါ်နေ၏။ မြပုလဲသွယ်မှာ ရွာအရှေ့ဘက် တောင်ခြေအစပ်သို့ ရုန်းရင်းကန်ရင်း ပါသွားခဲ့ချေလေပြီ။ ရွှေပွဲလာများလည်း အန္တရာယ်ကြုံလာခဲ့ပြီမို့ အိမ်ပြန်ပြေးကြတော့သည်။ သရက်တောင်ရွာသားတို့ အတွက် အရေးကောင်း ဒိန်းဒေါင်းဖျက်ခဲ့လေပြီကော။

သရက်တောင်ရွာသားတို့ကား ကံကြမ္မာမကောင်းရှာကြ။ ၁၉၅၅ ခုနှစ် ကာလဝန်းကျင်ကလည်း သည်လိုပဲ စပါးပေါ်ချိန် ငွေပေါ်ချိန်မှာ ဇာတ်အငြိမ့်ပွဲ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲနေကြချိန် ဖြစ်သည်။ သောင်းကျန်းသူတို့ ရွာသို့ လာရောက်ကြပြီး ရွာသားနှစ်ဦးကို အစိုးရနဲ့ အဆက်အသွယ်လုပ်သည်ဆိုပြီး ပွဲခင်းထဲက ဆွဲခေါ် ထုတ်သွားကြသည်။ ရွာအပြင်သို့အရောက်တွင် ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြသည်။ ရွာကိုလည်း ချက်ချင်းပဲ ရိုးမတောင်ခြေသို့ ရွှေ့စေပြီး နယ်နှင်ဒဏ်ပေးခဲ့ကြသည်။

ခုတစ်ခါ ဖြစ်ပြန်ပြီကော။ သည်တစ်ချီတွင်တော့ သရက်တောင်သားတို့ စည်းရုံးမှု သရုပ်ကိုပြပြီး ဇာတ်မာန်ထကြပေတော့သည်။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ပြီး အပိုင်လူကြီးများနဲ့ တက်တက်ကြွကြွ လူငယ်များ စည်းရုံးလိုက်ကြသည်။

ရွာလုံခြုံရေးအတွက် အပိုင်းအလိုက်လုပ်ထားသော ယမ်းထောင်းသေနတ်များကို ထုတ်ယူလာကြ၏။ ယမ်းထောင်းသေနတ်များမှာ သစ်သားဘောင်တွင် သံပြောင်းတပ်ပြီး လုပ်ထားသော သေနတ်ဖြစ်သည်။ ယမ်းမှုန့်များကို သံပြောင်းသို့ ဆောင့်ထေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထည့်ရ၏။ သို့ဖြစ်မှ၍ ယမ်းထောင်းသေနတ်ဟုခေါ်သည်။ ယမ်းမှုန့်နဲ့ရောပြီး ခဲလုံးသေးသေးလေးများကိုပါ သံပြောင်းထဲ ရောထည့်ရသည်။ ပစ်မည်ဆိုလျှင် သေနတ်ပေါ်ရှိ ယမ်းခွက်တွင် ယမ်းအပြင်းစားကို ထည့်ရသည်။ ခလုတ်ကို ဆွဲညှစ်လိုက်ချိန်တွင် မောင်းစုးကလေးပြုတ်ပြီး ယမ်းခွက်ကို သွားခိုက်သည်။ ဤအချိန်တွင် ယမ်းပွင့်ပြီး မီးကူးကာ သေနတ်ပေါက်တော့သည်။ ထောင်းထည့်ထားသော ယမ်းနဲ့ ခဲလုံးလေးများ ဖြာထွက်ပြီး ထိလျှင်သေနိုင်သည်ထိ အန္တရာယ်ရှိသည်။ အုပ်ချုပ်ရေးပျက်နေသော ကာလဖြစ်၍ ရပ်ရွာလုံခြုံရေးအတွက် ရွာသားများ စုပေါင်းလုပ်ဆောင်ထားကြခြင်းပင် ဖြစ်သည်။ သေနတ်ဖြစ်မြောက်ရေးအတွက် ပန်းတိမ်ဆရာကိုဖိုးဝင်းက ဦးဆောင်သည်။

ယမ်းထောင်းသေနတ်သမားများအပြင် မှုတ်ပစ်ကျွမ်းသော ကျော်ဇံဦးလို လူမျိုးများကိုပါ ခေါ်လိုက်သည်။ မှုတ်လုပ်ရန်အတွက် နှုတ်ခမ်းနှစ်ခုကြားတွင် ဖိညှပ်၍ အလွယ်တကူ ရနိုင်သော ဝါးလုံးအရင်းသေးသေးလေးကို ရှာရသည်။ ဝါးလုံးအရှည်ကို ၆ ပေမှ ၁၀ ပေထိ ထားတတ်ကြသည်။ ဝါးလုံးတွင်းရှိ ဝါးဆစ်များကို သံလုံးရှည်ရှည်ကို မီးဖုတ်ပြီး ထိုးဖောက်ပစ်ရသည်။ ဝါးလုံးခေါင်းတွင် အဆစ်များ အထစ်အငေါ့မဖြစ်စေရန် ကြိုးစားပြီး ဖောက်ထွင်းရသည်။ မှုတ်ခေါင်းရပြီးလျှင် မှုတ်စူးလုပ်ရသည်။ မှုတ်စူးကို ၁ တောင်အရှည် ဝါးခြမ်းကို လုံးလုံးလေးဖြစ်အောင် ဓားဖြင့် အချောကိုင်ရသည်။ တစ်ဖက်တွင် ကြက်မွေးများကို တိတိဖြတ်ပြီး ချည်ရသည်။ အခြားတစ်ဖက်တွင် သံစူးချွန်ချွန်တပ်ပြီး ချည်ရသည်။ သံစူးတပ်ထားသော ဖက်ကို အရှေ့ဘက်ထားပြီး မှုတ်ခေါင်းထဲ သွင်းရသည်။ ကြက်မွေးများတပ်ထားသောဘက်ကို နောက်ဘက်ထားရသည်။ ဤအချိန်တွင် မှုတ်ဝကို နှုတ်ခမ်းဝမှာတပ်ပြီး လေအားသွင်းကာ မှုတ်လိုက်ခြင်းအားဖြင့် မှုတ်စူးမှာ မြားမှလွှတ်သည့်မြားစူးနှယ် တန်းခနဲ ထွက်သွားတော့သည်။ လူကိုထိလျှင် သေနိုင်သည်ထိ စွမ်းရည်ရှိသည်။ အဓိကအားဖြင့် တောကြက်ပစ်ရာတွင် အသုံးပြုကြ၏။ အလွန်အားပြင်းပြီး လက်ဖြောင့်သူလည်း ဖြစ်သည်။ သစ်ပင်ပေါ်မှာ နားနေသောငှက်ကို သစ်ပင်အောက်ကနေ ခဲလုံးဖြင့် လက်လွှဲပစ်ပြီး ငှက်သားစားသူ ဖြစ်သည်။

"မတရားတဲ့ကောင်တွေကို တို့လည်း ချမယ်ကွာ"

"ဟုတ်တယ် ...ဒီမှာ ...ခဲလောက်စလုံးတွေ ပါလာတယ်၊ နားထင်ကို မြုပ်ဝင်သွားအောင် ပစ်ထည့်မယ်"

လေးခွတကိုင်ကိုင်နဲ့ မောင်မဲနဲ့ ကျော်ခဲတို့ကလည်း တိုက်ပွဲခေါ်သံ

**သရက်တောင်ရွာနဲ့ ဇာတ်မင်းသမီး**
**မြပုလဲသွယ်တို့၏ ဇာတ်ဝင်ခန်းသည်**
**ခေတ်တစ်ခေတ်၏ သမိုင်းစာမျက်နှာပေါ်က**
**မီးတောက်ငယ် တစ်ကွက်ဟု**
**မှတ်ချက်ချလိုက်ပါက မှားအံ့မထင်မိပေ...**

"ဘကြီး ..ကျွန်တော်ပါလိုက်မယ်၊ ဒီကောင်တွေကို တောင်ပေါ်က ခဲလုံးနဲ့ ရိုက်ထည့်မယ်၊ မင်းသမီးခမြာ သနားစရာဗျာ"

ကျော်ဖြူကပါ အပိုင်လူကြီးများနဲ့ လာရောသည်။ မတရားစော်ကားသူအတွက် မခံချင်သောမျိုးချစ်စိတ်သည် ရေတံငါကျော်ဖြူနှလုံးသားကို ကိုင်လှုပ်နေပေပြီ။ ကျော်ဖြူမှာ ခဲလုံးပစ်ရာတွင် ပေးလာကြသည်။ အရေးကြီးတော့ သွေးနီးဖို့ လိုအပ်လာပြီလေ။

\+ + + + +

(၃)

"ဒိုင်း ...ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဖလူး ..ဝိုး ..ဒုတ်"

"ဒိုင်း ...ဒိုင်း ..ဒိုင်း ..ဝိုး ..ဒုတ် ..ဒိုင်း ..ဒုတ် ..ဝိုး"

ညဥ့်ရုံလွှာထဲတွင် တိုက်ပွဲကား



www.burmeseclassic.com

www.burmeseclassic.com





ပြင်းထန်နေလေပြီ။ သေနတ်သံ၊ မှုတ်ပစ်သံ၊ ခဲလုံးပစ်သံ၊ လေးခွပစ်သံတို့မှာ သံစုံမြည်ကာ ဆူညံနေပေသည်။

"မိစ္ဆာကောင်တွေ ချကြဟေ့"

"ဒိုင်း ...ဒိုင်း ..ဒိုင်း"

"လူမဆန်တဲ့ မုဒိမ်းကောင်တွေ ချကြ"

"ဒိုင်း ..ဒိုင်း ..ဒိုင်း ...ဖလူး ..ဗိုး ..ဒုတ်"

"မင်းတို့ ..ကပ်ရဲရင် ကပ်ကြည့် မသာ ပေါ်သွားမယ်"

"ဒိုင်း ..ဒိုင်း ..ဒိုင်း"

အစမ္ပသမားများဘက်မှလည်း အပေါ်စီးက ရနေသူမို့ ကြုံးဝါးသည်။ ပြန်ချသည်။

"ဗိုး ..ဒုတ် ..ထိသွားပြီ ..ထိသွားပြီ"

ကျော်ဖြူ၏ခဲလုံးက မိစ္ဆာကောင် တစ်ကောင်ကို ထိသွားပုံရသည်။ ကျော်ဖြူ့ထံမှ အားရဝမ်းသာအော်လိုက်သံ ကြားရသည်။

"ရွာသားတို့ရယ် ...ကျွန်မကို ကယ်ကြပါဦး"

တိုက်ပွဲသံများကြားမှ မင်းသမီး မြပုလဲသွယ်၏ အော်ဟစ် အကူအညီ တောင်းသံက ထွက်ပေါ်လာပြန်သည်။

'မင်းသမီးရေ ...မကြောက်နဲ့ တို့ရွာသားတွေ ..ဝိုင်းလိုက်လာကြပြီ"

"မင်းတို့တွေ မကပ်ကြနဲ့နော်"

"ဒိုင်း ...ဒိုင်း ..ဒိုင်း"

လူမိစ္ဆာကောင်များထံမှ အသံဆိုးကြီးများ ထွက်လာပြန်သည်။

ရွာသားများမှာကား ခေတ်ကာလအခြေအနေ၏ တောင်းဆိုချက်အရ အိမ်တိုင်းလိုလို ပုန်းခိုကျင်းရှိကြ၏။ ခုလို တိုက်ပွဲဖြစ်ပလားဆို မိသားစုတိုင်း ပုန်းခိုကျင်းထဲ ရောက်နေကြပေပြီ။

မနက်လင်းအရုဏ်အရောက်တွင်တော့ မိစ္ဆာကောင်များ တပ်ဆုတ်သွားကြတော့သည်။ သူတို့ တပ်ဆုတ်သွားရခြင်း၏အဓိကအကြောင်းရင်းမှာ ကျေးရွာလူထု၏ စည်းလုံးညီညွတ်သော အင်အားကြောင့် ဖြစ်သည်။ တိုက်ပွဲမှာ ပြင်းထန်လွန်းသဖြင့် မိစ္ဆာကောင်များ ခွေးပြေး ဝက်ပြေး ဆုတ်ပြေးကြသည်။

လင်းရောင်ခြည်များ သန်းလာချိန်တွင် တိုက်ပွဲဖြစ်ရာ ရွာအရှေ့ဘက်ခြမ်း တောင်ခြေကွင်းစပ်တွင် ရွှေမင်းသမီး မြပုလဲသွယ်မှာ ညောင်ပင်ကြီး ခြေရင်းတွင် မှီထိုင်ရင်း မျက်ရည်စမ်းစမ်းဖြင့် ငိုကြွေးနေသည်ကို စိတ်မကောင်းစွာ တွေ့လိုက်ကြရသည်။

ဩော် ခေတ်စနစ်ဆိုး၏ အနိဋ္ဌာရုံများပေတကား။

+ + + + +

(၄)

သရက်တောင်ရွာနဲ့ ဇာတ်မင်းသမီး မြပုလဲသွယ်တို့၏ ဇာတ်ဝင်ခန်းသည် ခေတ်တစ်ခေတ်၏ သမိုင်းစာမျက်နှာပေါ်က မီးတောက်ယပ်တစ်ကွက်ဟု မှတ်ချက်ချလိုက်ပါက မှားအံ့မထင်မိပေ။

ကျွန်းစဉ်မြေဇော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု



**မောင်နွေဝေး** (သောင်ပြာကျွန်း)

# ကီးလွဲသွားတဲ့ စေတနာ

နွေနှောင်းချိန်ကာလ။

မကြာမီ ကျောင်းတွေဖွင့်တော့မည်။ ပိုက်ဆံတတ်နိုင်တဲ့ မိဘတွေကတော့ ဒုတိယနှစ်ဝက်ဆုံး(အတန်းတင်) စာမေးပွဲကြီးပြီးဘယ်ဆိုရင်ပဲ လာမည့်အတန်းအတွက် ကျူရှင်တွေ ဘော်ဒါတွေမှာ အပ်နှံကြတော့သည်။ သားသမီးတွေ ပညာလိုလားတာလည်း ပါတာပေါ့လေ။ အချိန်ကို အလဟဿမဖြစ်အောင် စာကျေညက်အောင်ဆိုပြီး အကောင်းဘက်က တွေးရင်တော့ ကောင်းတာပါပဲ။ ခုခေတ်ကလည်း မြန်နိုင်မှတော်ကာကျတယ်မဟုတ်လား။ မြန်နိုင်မှ ချွန်နိုင်မှ ကြီးပွားတဲ့ခေတ်။

ကိုလူလှဆိုတာ ကိုယ်တိုင်ကလေးတန်းလောက်သာ စာသင်ဖူးပေမယ့် ခေတ်အထာကိုတော့ သဘောပေါက်နားလည်တယ်။ စီးပွားရေးကလည်း အဆင်ပြေတယ်ဆိုတော့ ဒီသားလေးတစ်ယောက်ကို ထွန်းထွန်းပေါက်ပေါက်ဖြစ်စေချင်တယ်။ သားလေးက နဝမတန်းဖြေထားတယ်ဆိုတော့ သူများတွေလို သားကို ကျူရှင်တက်စေချင်ပြီ။ တချို့ကလေးတွေဆိုရင် ဂိမ်းဆိုင်မှာ အချိန်ဖြုန်းပြီး ပညာရေးဘက်စိတ်ပေါ့သွားတာမျိုး ကိုလူလှတွေ့ဖူး မြင်ဖူး ကြားဖူးခဲ့တယ် ..။ ဒါကြောင့် သားကို ခေါ်ပြီး ...

"ကဲ .. သားကို အဖေပြောစရာရှိတယ်။ သား သူငယ်ချင်းတွေ စာသင်နေကြပြီဆိုတော့ သားကို အဖေ ဘော်ဒါထားပေးမယ်။ တက္ကသိုလ်ဝင်တန်းဆိုတာ တော်ရုံနဲ့ အောင်နိုင်တာမဟုတ်ဘူး။ အောင်ရင်တောင်မှ အမှတ်ကောင်းကောင်းရမှ၊ လိုင်းကောင်းကောင်းရမှာနော်"

ဟု ပြောလိုက်တော့ သားက ဖခင်ကို ခပ်ငေးငေးကြည့်နေတယ်။ ပြီးတော့မှ မတ်တပ်ရပ်လိုက်ပြီး အဖေကို ပြန်ပြောလိုက်တယ်။

"ဖေဖေရယ် ..၊ အဲဒီဘော်ဒါတွေမှာ စာသင်ရတာ နားရတယ်လို့ကို မရှိဘူး။ အကျဉ်းထောင်လိုပဲ။ သားကတော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထောင်ကျမခံနိုင်ဘူး။ ကျောင်းဖွင့်မှပဲ သားတို့ကျောင်းမှာ တက်တော့မယ်"

ဖခင်ရှေ့ကထွက်သွားတဲ့ သားကိုကြည့်ပြီး ကိုလူလှ နှုတ်ဆိတ်သွားရပေါ့။ ပြုံးရမလား၊ မဲ့ရမလား၊ ဒေါသပဲထွက်ရမလား။ လားပေါင်းများစွာနဲ့ ငေါင်စင်းစင်းကျန်ခဲ့တော့တယ်။

မောင်နွေဝေး(သောင်ပြာကျွန်း)



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ဖိုးတုတ်

လမ်းမတော်ဖိုးတုတ်လောက် နာမည်မကြီးပေမယ့် သူ့ရပ်ကွက်ထဲမှာတော့ ဖိုးတုတ်ဟော့ဆို လူမိုက်တွေက အစ ကြောက်ကြတယ်။ သူက ခြေမြန်လက်မြန် မဟုတ်မခံ။ လင်မယားချင်းရန်ဖြစ်ရင်တောင် အားနည်းတဲ့ မိန်းမဘက်ကနေ ဝင်ပါတတ်တဲ့ လူစားမျိုး။

သူ့ရှေ့မှာတော့ မတရားတာမလုပ်မိစေနဲ့။ သူနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ပါတတ်တာက ဖိုးတုတ်ရဲ့အကျင့်။ တဖွတ်ထိုး တဖောက်ကန်း ဘာကိုမှ သိပ်စဉ်းစားတတ်တဲ့လူမျိုးမဟုတ်ဘူး။ ဒါကြောင့် ရပ်ကွက်ရုံးတို့၊ ရဲစခန်းတို့ဆိုတာ သူနဲ့ အမြဲလိုလို ရွှေလမ်းငွေလမ်း ဖောက်ပြီးသားဖြစ်နေတာ။

အခန်း(၂)

မဟာစင်ဝင်းထွဋ်

သူ့မှာ ညီတစ်ယောက်ရှိတယ်။ သူ့နာမည်က ဝင်းထွဋ်။ သူကတော့ သူ့အစ်ကိုနဲ့ ဆန့်ကျင်ဘက် ဘာကိုပဲဖြစ်ဖြစ် စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်လုပ်တတ်တယ်။ ရန်ဖြစ်ရင်တောင် ကိုယ့်ဘက်က နိုင်လောက်မယ်ထင်မှ ဖြစ်တတ်တဲ့လူစားမျိုး။ စကားပြောရင်လည်း ကြီးကြီးကျယ်ကျယ်တွေပြောတတ်လွန်းလို့ သူ့ကိုချစ်တဲ့ သူ့ဆရာတွေက လေတစ်လုံး မိုးတစ်လုံး ပြောတတ်လွန်းလို့ သူ့အမည်ကိုတောင် မဟာစင်ဝင်းထွဋ်လို့ နာမည်ပေးထားတယ်။

အခန်း(၃)

ဦးငွေခင်

သူ့အလုပ်က တရားသူကြီး။ တရားတာ၊ မတရားတာတွေကို သူ့ကို လာမပြောနဲ့ ဂရုမစိုက်ဘူး။ သူ

# လူထွင် ဥပဒေဆိုတာ...



သိတာတစ်ခုပဲရှိတယ်။ စာရေးနဲ့ဝါးရေးပဲ။ သူ့အတွက်အဆင်ပြေမယ်ဆိုရင် မတရားအမိန့်ချဖို့ကိုလည်း ဝန်မလေးဘူး။ သူ အမိန့်ချရမယ့်အမှု နိုင်ချင်ရင် ငွေထုပ်ပိုက်ပြီးသာသွားလိုက် အားလုံး အိုကေမှာစိုပြေသွားစေရမယ်။ သူ့နာမည်ကိုက ဦးငွေခင်တဲ့။

※ ※ ※

ဖိုးတုတ်တစ်ယောက် ရဲစခန်းရောက်နေပြန်ပါပြီ။ ဒီတစ်ခေါက်ကတော့ အမှုက နည်းနည်းကြီးသွားတယ်။ သူ့ရှေ့မှာ မိန်းကလေးတစ်ယောက်ကို ကာအိခြွေပျက်လောက်အောင် လိုက်နှောက်ယှက်နေကြတဲ့ ပိုက်ဆံရှိ မိမဆုံးမ၊ ဖမဆုံးမသား သုံးယောက်ကို ရိုက်ပစ်လိုက်တာ။ သုံးယောက်စလုံး ဆေးရုံမှာ။

အမှန်က သူတို့ကို ဖိုးတုတ်က စကားနဲ့လိုက်မနှောင့်ယှက်ဖို့ပြောတာကို သူတို့က အရင်ဆောင်ဓားကိုယ်စီနဲ့ ထိုးဖို့ကြံလို့ ဖိုးတုတ်က လက်ဦးမှုယူလိုက်ရတာ။

※ ※ ※

ဖိုးတုတ်အမှုကို အဆုံးအဖြတ်ပေးမယ့် တရားသူကြီးက ဦးငွေခင်တဲ့။ သေပြီပေါ့ ... ဖိုးတုတ်တစ်ယောက်။

သည်တစ်ခါ နံရံလေးဘက်ကာထားတဲ့ အမှောင်လောကထဲ ရောက်မှာသေချာတယ်လို့ အများက ထင်ကြတယ်။ တို့သကောင့်သားသုံးယောက်ရဲ့ မိဘတွေကလည်း သူတို့သားတွေရဲ့ အပြစ်ကိုမမြင်ဘဲ ဖိုးတုတ်ကို အပြစ်ကြီးကြီးပေးနိုင်ဖို့ကို ကြိုးစားနေကြတာကိုး။

မဟာစင်ဝင်းထွဋ်တစ်ယောက် မနေသာတော့ပါ။ သူ့အစ်ကိုအတွက် ဦးငွေခင်ကို သွားတွေ့တယ်။ ညှိတယ် နှိုင်းတယ်။ ဦးငွေခင်ကတော့ ထုံး အတိုင်း တစ်ခွန်းတည်းပဲ ပြောလိုက် တယ်။ ပြတ်ပြတ်ပဲ။

www.burmeseclassic.com



ဖိုးတုတ်ညီ မဟာစင်ဝင်းထွဋ်တစ်ယောက် စာအိတ်တစ်အိတ်ကိုင်ကာ တရားရုံးထဲ သုတ်သုတ်ပြာပြာဝင်လာပြီး ဦးငွေခင် မြင်အောင်ပြလိုက်တယ်။ ချက်ဆို နားခွက်က မီးတောက်အောင် ပါးနပ်တဲ့ ဦးငွေခင်လည်း ပြုံးပြုံးပြုံးပြုံးနဲ့ အမှုကို လျှော့လျှော့ပေါ့ပေါ့ ပြစ်ဒဏ်ချလိုက်ပါတယ်။

§ § §

ဦးငွေခင်တစ်ယောက် ဖိုးတုတ်ညီမဟာစင်ဝင်းထွဋ်ကို သူ့ရုံးခန်းကို ခေါ်ပြီး စာအိတ်ကို ဖောက်ကြည့်လိုက်တော့ သာရေကွင်းတစ်ကွင်း ထွက်လာတယ်။

မှန်းချက်နဲ့ နှမ်းထွက်လွဲသွားတဲ့ ဦးငွေခင်က ဒေါသတကြီးနဲ့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး မေးလိုက်တယ်။ ဘာသဘောလဲပေါ့။

ဖိုးတုတ်ညီ မဟာစင်ဝင်းထွဋ်က လေအေးအေးနဲ့ ပြန်ပြောလိုက်တယ်။

"တရားဥပဒေဆိုတာ အဲဒီ သာရေကွင်းလို ကိုယ်လိုသလို ဆွဲလို့ဆန့်လို့ မရဘူးဗျ"

လူထွင့်

§ § §

အခန်း(၄)

ဖိုးတုတ်၊ ဦးငွေခင်၊ မဟာစင်ဝင်းထွဋ်

အမိန့်ချမယ့်နေ့ ...

ဦးငွေခင်က တစ်ရပ်ကွက်တည်းသားချင်းဆိုတော့ ဦးစားပေးမယ်ဆိုတဲ့သဘောနဲ့ စောင့်နေပေမယ့် ဖိုးတုတ်ညီတစ်ယောက် ပေါ်မလာတော့ ထုံးစံအတိုင်း သူ့ကိုပေးနိုင်မယ့် တရားလိုဘက်က စိတ်တိုင်းကျအောင် အမိန့်ချပေးမယ်လို့ ဆုံးဖြတ်ပြီး တရားခွင်မှာထိုင်လိုက်တဲ့အချိန်။

---

# ညှို့မတင်ဖြစ်တဲ့ မြား

## အေးချမ်းမောင်

၊မြန်မာစာ၊



"ဘယ်လိုလဲ ကိုဘမြင့်၊ သဘောကျရဲ့လား"

မမြသန်း အိမ်မှအပြန်လမ်းတွင် မတင်ရွှေက အဖြေတောင်းလိုက်သည်။

"အင်း ..ကျွန်တော့်ဘက်ကတော့ ကျေနပ်လက်ခံစရာရှိပါတယ်ဗျာ။ ရုပ်ရည်ကလည်း အခြားယောကျ်ားသားတွေ သိပ်စိတ်ဝင်စားစရာမရှိလှဘူး။ အနေအထိုင်လည်း ရိုးပုံရပါတယ်။ တစ်ဦးတည်းသောသမီးဆိုတော့ ပြောစရာမရှိပါဘူး"

"ဒါကြောင့် ကျွန်မတို့က တိုက်တွန်းတာပါ။ အမေတစ်ခု သမီးတစ်ခု၊ အမေအိုကြီးကို လုပ်ကျွေးနေတာ။ ကြာရင် အပျိုကြီးဖြစ်ဖို့ သေချာတယ်"

"အေးပါဗျာ ..မတင်ရွှေကိုပဲ အားကိုးပါတယ်"

"စိတ်ချပါ ကိုဘမြင့်ရာ၊ ကျွန်မကြိုးစားပေးပါ့မယ်"

§ § §

ကိုဘမြင့်မှာ အသက်(၃၅)နှစ်ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့် ယောကျ်ားပီသသူဖြစ်သည်။ သပ်ယပ်စွာ ဝတ်စားဆင်ယင်တတ်သည်။

ကိုဘမြင့်တွင် လှပချောမွေ့၍ ခန္ဓာကိုယ်အချိုးအစားကျပြီး အပြောချိုချိုနှင့် လူချစ်လူခင်ပေါသော ဇနီးသည် မလေးနွယ်ရှိခဲ့သည်။ လက်ထပ်ပေါင်းသင်းခဲ့ပြီး သုံးနှစ်ခန့်အကြာတွင် အပြောချို အပေါင်းအသင်းဆန့်လှသည့်မလေးနွယ်တစ်ယောက် ကိုဘမြင့်ရင်ကို စုံကန်လျက် ခြံခုန်ထွက်သွားလေသည်။

ကိုဘမြင့် ရင်နှင့်အမျှ ခံစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ လုတာမက်၍ ညစာခက်ရသည့်ကိန်း ဆိုက်ခဲ့သည်။ မိန်းမတွေအပေါ်တွင်လည်း အမြင်စောင်းသွားခဲ့ပြီး ခပ်ကင်းကင်းနေခဲ့သည်။

သို့သော် ‥ တစ်ဦးတည်းဘဝကို ရပ်တည်ရသည်က မလွယ်။ စားဝတ်နေရေးဒုက္ခ။ အိမ်ထောင့်တာဝန်၊ လူမှုရေးကိစ္စအဝဝကို ခက်ခဲစွာရုန်းကန်ဖြေရှင်းရသည်မှာ ငြီးငွေ့လာသည်။

အချိန်တွေကုန်လွန်ပြီး စိတ်တည်ငြိမ်မှုရလာတော့ ကိုဘမြင့်အိမ်ထောင် ရေးအကြောင်း ပြန်စဉ်းစားလာမိပြန် သည်။

အိမ်ထောင်ရေး စဉ်းစားသည့်အခါ မလေးနွယ်ပေးခဲ့သည့် ခါးသီးသောအတွေ့အကြုံက သင်ခန်းစာဖြစ်ခဲ့သည်။ သို့ဖြင့် ရွေးချယ်မည့် အိမ်ထောင်ဖက်၏ အရည်အချင်းကို ကန့်သတ်လိုက်သည်။ ရုပ်ရည်က သာမန်ရှက်ကြမ်းရေကျို၊ ခန္ဓာကိုယ်အချိုးအဆက်က ယောကျ်ားသားတို့ စိတ်ဝင်စားမှုနည်းရမည့် အသွင်အပြင်။ ရိုးသားအေးဆေးရမည်။ အသိုက်အဝန်း၊ အဆွယ်အပွားနည်းရမည်။

သူ့အတွေး သူ့အကြံကို အရင်းနှီးဆုံး မိတ်ဆွေ ကိုချစ်ခင်၊ မတင်ရွှေတို့ လင်မယားနှင့်တိုင်ပင်ကြည့်ရာ သူတို့ကလည်း လက်ခံသည်။ မတင်ရွှေက သူ့အပေါင်းအသင်းထဲ၌ ရှိသည်ဟု တာဝန်ယူသည်။

များမကြာမီ မတင်ရွှေက စကားပြန်လာသည်။ ကိုဘမြင့်လိုချင်သည့် အချက်များနှင့် နီးစပ်ကြောင်း၊ ကိုဘမြင့်အဖြစ်ကို အသိပေးထားကြောင်း၊ ကိုဘမြင့်အပေါ် စာနာနေပြီး၊ မမြသန်းဟုခေါ်ကြောင်း၊ လာမည့်အပတ်တွင် တွေ့ဆုံပေးမည်ဖြစ်ကြောင်းများ သိရသည်။

သို့ဖြင့် မတင်ရွှေနှင့်အတူ မမြသန်းအား ကိုဘမြင့်သွားရောက်တွေ့ဆုံခဲ့လေသည်။ မမြသန်းကား မလေးနွယ်နှင့် ရုပ်ရည်ချင်း တခြားစီ။ ရုပ်က သာမန်ရှက်ကြမ်းရေကျိုအောက် တစ်မှတ်လောက် လျော့ချင်ချင်။ ခန္ဓာကိုယ်အချိုးအဆက်ကလည်း မိန်းမတစ်ဦးဟူ၍ သတ်မှတ်နိုင်ရုံသာ။ နှစ်ခါပြန်ကြည့်စရာမရှိ။ ကိုဘမြင့် မသိမသာ ပင့်သက်ရှိုက်လိုက်မိသည်။

အပြန်လမ်းတွင် မတင်ရွှေက တစ်ပတ်ခန့်စောင့်ရန် ရက်သတ်မှတ်ပေးခဲ့လေသည်။


တစ်ပတ်အကြာတွင် ကိုဘမြင့် ဝီရိယကြီးစွာဖြင့် မတင်ရွှေထံသွားခဲ့သည်။ မတင်ရွှေနှင့်တွေ့ပြီးသည့်အခါတွင်တော့ ကိုဘမြင့် စိတ်လှုပ်ရှားရုံမက ရင်ပါခုန်ခဲ့ရလေသည်။

မတင်ရွှေထံမှ ကြားရသည်မှာ ‥

"မမြသန်းပြောတာက ကိုဘမြင့်ဟာ သူထင်ထားတာထက် ရုပ်ရည်ကသားနားပြီး သိမ်မွေ့ပါတယ်တဲ့။ သူနဲ့တောင်မလိုက်ပါဘူးတဲ့။ ငြင်းစရာမရှိပေမယ့် စဉ်းစားမိတဲ့အချက်က တကယ်လို့ ပေါင်းသင်းနေထိုင်ပြီးမှ ကိုဘမြင့်ကပါ သူ့အရင်မိန်းမ မလေးနွယ်လုပ်သလိုမျိုး သူ့ကိုပစ်ထားခဲ့ရင် ဘယ့်နှယ်လုပ်မလဲဆိုတာ တွေးပြီးကြောက်နေလို့ရှေ့မဆက်ရဲတော့ဘူးတဲ့ ကိုဘမြင့်ရေ"

အေးချမ်းမောင်မောင်(မြန်မာစာ)

§ § §



# ဘုန်းမြင့်ချို (သာယာဝတီ)

# ကြာပန်းလေးဖြူဖြူ

"ဆရာကြီး နေကောင်းလား"

"ကောင်းပါတယ်ကွယ်"

အိမ်ရှေ့တွင် ဖွင့်ထားသော ကွန်ပျူတာဆိုင်အတွင်း ‑ ကျွန်တော် စာစီပြီးသား ရုံးစာများကို ပြန်စစ်နေ... ဆိုင်အတွင်းသို့ စာအပ်ရန်ဝင်လာသော... အသက်လေးဆယ်ခန့် အမျိုးသမီး... ဦး ဆိုင်ရှိ စာစီသူမိန်းကလေးအ...

www.burmeseclassic.com



အလုပ်အပ်နေသည်ကယဉ်ကျေးလှသည်။ ပြီးမှ ကျွန်တော့်ဘက်လှည့်ကာ ။ ။

"ဆရာကြီး ကျွန်မကို မမှတ်မိဘူးမဟုတ်လား"

"အေးကွယ်"

"သမီးကတော့ ဆရာကြီးကို တစ်သက်မမေ့ဘူး"

"ကျွန်မ ။ ။ ။ ရွာက အလယ်တန်းကျောင်းအုပ်ဆရာမ ထူးထက်ပါ" တဲ့။

တပည့်မရှား တပြားမရှိ ဆိုသလို ကျွန်တော် အငြိမ်းစားပညာရေးမှူးတစ်ဦး ယခုလို ပင်စင်လစာငွေမတိုးခင်ရတဲ့ ပင်စင်လစာနဲ့ မလုံလောက်၍ အိမ်မှာ ကွန်ပျူတာဆိုင်လေးဖွင့်ကာ မီးဖိုချောင်စရိတ်ရှာနေရသူလေ။ တပည့်မရှား များပြားလှတဲ့ တပည့်တွေကြား ထူးထက်ကို ဘယ်မှတ်မိပါ့မလဲ။

"ဆရာ စဉ်းစားမရဘူးကွာ"

သည်တော့မှ လွန်ခဲ့သော (၁၅) နှစ်က မြို့နယ်အတွင်း ကျောင်းဆရာ/ဆရာမများ အသစ်ခန့်ထားရာတွင် ဦးဆောင်ပြီး အင်တာဗျူးလုပ်သူက ဆရာကြီးဖြစ်ပြီး ရေးဖြေအမှတ်စဉ်(၅) ရတဲ့ကျွန်မ အင်တာဗျူးလာဖြေတာ ဘောင်းဘီဝတ်လာခဲ့မိလို့ မဖြေခင် အဝတ်ပြန်လဲခိုင်းတာ ဆရာကြီးမဟုတ်လား ပြောမှ အမှတ်ရခဲ့မိပါ၏။

"မှတ်မိပါပြီ ဆရာမရယ်"

"ဆရာကြီးကျေးဇူးတွေကြောင့် ကျွန်မလေ အစစအရာရာပြောင်းလဲခဲ့ပါတယ်။ ဆရာကြီးကြောင့် ဘဝလှခဲ့ပါတယ်။ ဒါကြောင့် ဆရာကြီးကို မမေ့ဘူးလို့ ပြောတာပါ"

နောက်နေ့ကျမှ ဆရာကြီးနှင့် တွေ့ပါဦးမည်ပြောကာ ပြန်သွားခဲ့ပါသည်။ စစ်နေသော စာရွက်များကို ဘေးသို့ချထားကာ စဉ်းစားမိ၏။

ထူးထက်ဟူသော ကလေးမကို မျက်ဝန်းမှာ မြင်ယောင်လာ၏။ အရင်က ထောင့်မကျိုး၊ ဘောင်းဘီက အကျပ်၊ အင်္ကျီက တီရှပ်၊ လက်တွင်လည်း လက်စွပ်တွေက လက်ဆယ်ချောင်းအပြည့် ဆံပင်နီနီဝါဝါတွေက ဖွာလန်ကျဲ၊ နားတွင် တစ်ဖက်အပေါက်နှစ်ပေါက်ဖြင့် နားကပ်နှစ်ရံ၊ လက်မှာက ရောင်စုံလက်ကောက်(ဂေါ်ကွင်း) တွေအပြည့်၊ လေဒီရှူးကလည်း ချွတ်သည်မရှိ။ တစ်မြို့နယ်လုံးတွင် ဟော့ရှော့အဖြစ်ဆုံး ထူးထက်။ လူတစ်ကာ ပါးစပ်ဖျားအပြောခံ၊ မေးငေါ့ခံကလေး။ ဆက်ဆံရေးမကောင်း၊ ဆတ်ဆတ်ကြဲ။ မိဘက မြို့နယ်ရုံးတစ်ခုက အရာရှိဆိုတော့ အစစပြည့်စုံသူ၊ ဖခင်က နောက်မိန်းမယူ၊ မိခင်က စိတ်ညစ်၊ သားသမီးတွေကို အလိုလိုက်တော့ ထင်တိုင်းကြဲ ထူးထက်တစ်ယောက် ကံကောင်းစွာ ကျောင်းဆရာမလာလျှောက်ပေလို့။ သည်ကလေးကိုမှ ကျွန်တော်ကောင်းကောင်း ပညာပေးခဲ့မိလေပြီလေ။

ကျွန်တော် အတွေးထဲမှရုန်းထွက်ရင်း ပြုံးမိ၏။ ဘာပဲဖြစ်ဖြစ် ပြောင်းလဲခြင်းတစ်ခုတော့ ကျွန်တော်ပီတိဖြစ်ခဲ့ရ၏။ နှစ်ရက်အကြာ ။ ။ ။

အလူယူမီနီယံ တုတ်ကောက်တစ်ချောင်း၊ မုန့်ပုံးတစ်ပုံးနှင့် စားပွဲပေါ်တွင်ဖိရသည့် ဖန်တုံးလေးတစ်တုံးပေးကာ ဦးချကန်တော့၏။ ဆရာမ အလုပ်ရကတည်းက ရိုးရိုးယဉ်ယဉ်ဝတ်စားကာ ကျောင်းသားတွေရဲ့ ဆရာမမို့ အစစအရာရာ ထိန်းထိန်းသိမ်းသိမ်းနေခဲ့ရပြီး သူ့ကျောင်းပင်လျှင် စံပြကျောင်းရရှိကြောင်း ပြောပြ၏။ ခုတော့ သမီးလိမ္မာပါပြီတဲ့။ ပြီးတော့မှ ။ ။

"ဆရာကြီး ။ ။ သမီးပေးတဲ့ စာရွက်ဖိ ဖန်တုံးကလေးကို ကြည့်ပါဦး"

"ဖန်တုံးအထဲမှာ ကြာပန်းဖြူဖြူကလေးတစ်ပွင့် ပွင့်နေတယ်လေ ။ ။။ ဒါပေမဲ့ သူ့အောက်ကရေက နောက်နောက်ကြီးနော်။ သမီးဘဝက သည်လိုပါပဲ။ ဝန်းကျင်အသိုင်းအဝန်းမကောင်းမှုကြောင့် အနေမလှခဲ့ပေမယ့် လှလှပပပွင့်နိုင်အောင်တော့ ဆရာကြီးက လုပ်ပေးခဲ့တယ်လေ။ ရေနောက်မှာပွင့်ရတဲ့ ကြာပန်းကလေးပါ" တဲ့။

"ထူးထက်အတွက် ဆရာ ဘာမှ ထူးထွေစွာ ဆုတောင်းမပေးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ။ ။"

စည်းကမ်းဆိုတဲ့ ဖန်သားတုံးကြီးက ပွင့်နေတဲ့ ကြာပန်းဖြူဖြူကလေးကို အခိုင်အမာ ဖုံးအုပ်ထားပါပကော။

ဘုန်းမြင့်ချို(သာယာဝတီ)



www.burmeseclassic.com

www.burmeseclassic.com



# ဘဝမြီး

လှိုင်းမွန်ဦး



"ပျားရည် ‥ ပျားရည်တွေရမယ်"

ပျားရည်ရောင်းသူ အမျိုးသမီးကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားသည်။ ကိုယ်ဝန်အရင့်အမာကြီးနှင့် ပျားရည်ပုလင်းတွေထည့်ထားသော တောင်းကလေးကိုရွက်လျက် နေပူကျဲကျဲအောက် တရွေ့ရွေ့လျှောက်ရင်း အသံစာစာနှင့်အော်နေသည်။

"ပျားရည်သည် ‥ လာပါဦး"

သူ လှမ်းခေါ်လိုက်သည်။

သူ့အသံကြောင့် ပျားရည်ရောင်းသူ အမျိုးသမီးမျက်နှာ ဝင်းပသွားသည်။ သူ ပျားရည်ပုလင်းထည့်ထားသော တောင်းကလေးကိုမပြီး အောက်ချပေးလိုက်သည်။

"ပျားရည်က တစ်ပုလင်းဘယ်လောက်လဲ"

"တစ်ပုလင်း ၅၀၀၀ ပါ အစ်ကိုကြီး၊ ပျားရည်က အစစ်နော်။ ကြုံတုန်းဝယ်ထားလိုက်နော်"

ရွှင်ရွှင်ပျပျ ပြောနေသော ပျားရည်သည်၏ စကားသံကြောင့် သူ ပြုံးလိုက်မိသည်။

"ဒါနဲ့ ‥ ပျားရည်က တကယ်စစ်တယ်နော် ‥ ဟုတ်လား။ ဈေးကြီးတာက ကိစ္စမရှိဘူး။ ပျားရည်တကယ်စစ်ရင် ကျွန်တော် နှစ်ပုလင်းယူမယ်"

သူ့အပြောကြောင့် ပျားရည်သည် ဝမ်းသာအားရဖြစ်သွားပြီး ‥

"နှစ်ပုလင်းယူရင် ၈၀၀၀ ပဲပေးတော့ အစ်ကိုကြီး။ ကျွန်မက ကလေးမွေးကာနီး မီးဖွားစရိတ်လေးရအောင် ရှာနေရတာပါ"

ပျားရည်သည်စကားကြောင့် သူ့ရင်ထဲ မျက်ခနဲဖြစ်သွားသည်။

"ကျွန်တော် မတရားမယူချင်ပါဘူးဗျာ။ အစ်မပျားရည် တကယ်စစ်တယ်ဆို ပြီးတာပါပဲ။ ဒီပျားရည်က ကျွန်တော့်အတွက်မဟုတ်ဘူး။ ကျွန်တော့် အမေရောဂါအတွက် ဝယ်မလို့ပါ။ ကျွန်တော့်အမေက ပန်းနာရင်ကျပ်ရောဂါရှိတယ်။ ပျားရည်ထဲမှာ သကြားသကာရည်၊ ထန်းလျက်တို့ ပါသွားရင် အမေ့ကို ကျွန်တော် ဒုက္ခပေးသလိုဖြစ်သွားမယ်။ ပျားရည်အစစ်ဆိုရင်တော့ ကျွန်တော် အမေ့အိမ်ကိုပြန်ရင် ယူသွားဖို့ ကြိုဝယ်ထားမလို့ပါ"

သူ့အပြောကြောင့် ရွှင်ပျဝင်းလက်နေသော ပျားရည်သည်လေး မျက်နှာ ချက်ချင်းညှိုးကျသွားသည်။ ချီတုံချတုံ စဉ်းစားရခက်ဟန်ဖြင့် တွေဝေငေးနေ၏။ ပြီးတော့ ဖျတ်ခနဲ သူ့ကိုယ်ဝန်လေးကို ငုံ့ကြည့်လိုက်ရင်း ‥

"ကျွန်မလည်း တဆင့်ခံယူရောင်းရတာပါရှင်။ အစ်ကိုကြီးအမေ ရော အတွက်ဆိုရင် ဝယ်မနေပါနဲ့တော့ ကျွန်မ ပျားရည်တောင်းလေး ခေါ် ပေါ်တင်ပေးပါဦး" ဟု အသံတိမ်တိမ် လေးနှင့် ပြောဆိုရင်း အဝေးဆီတရွေ့ ရွေ့ထွက်ခွာသွားရှာသည်။ သူ ပျားရည် ရောင်းသူ အမျိုးသမီးလေးကို စိတ် ကောင်းစွာ ငေးကြည့်ရင်း ‥‥

"ဩော် ‥ ရိုးရိုးကျင့်ပေမယ် မြင့်မြင့်မကြံနိုင်တဲ့ ဘဝလေးပါလား"

ဟု အတွေးတစ်စလွင့်မျောရင် သက်ပြင်းချလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီပွဲကိုမလုပ်ဖို့ စံဦး အတန်တန် ငြင်းပေမယ့် မရတဲ့အဆုံးမှာတော့ ‥

"ကဲ ‥နေမျိုး၊ မင်းတို့စိတ်ကြိုက်အုန်းသီးကို ဘကြီးဖြိုးဆီမှာ အင်းချပြီးယူခဲ့ကြ။ ငါ ဓားပြန်ယူပြီး ရွာသယ် ဖိုးကျော်တို့ဝိုင်းကစောင့်နေမယ်"

ဒါနဲ့ပဲ အုန်းသီးခုတ်ပွဲကတကယ် ဖြစ်ခဲ့ပြီ။ တစ်ရွာလုံး ယုံကြည်အားကိုးကြတဲ့ ဘကြီးဖြိုးရဲ့အင်းကို အဖေ့ကိုးသင်္ချိုင်းဓား တိုးမှတိုးပါ့မလား ‥။

စိုးရိမ်စိတ်နဲ့ အုန်းသီးကို ငြိမ်အောင်တည်ပြီး အင်းကွက်ပေါ်မှာ ဓားသွားချလို့ အဖေ့ကို ရည်မှန်းကန်တော့လိုက်ချိန်မှာ 'ရဲရဲခုတ်ချလိုက်' ဆိုတဲ့ အဖေ့အသံလိုလို ကြားလိုက်မိတော့ စံဦး အင်းကွက်ပေါ်တည့်တည့် ဓားနဲ့ ခုတ်ချလိုက်တယ်။

"ဟာ ‥ဟင်"

တစ်ကွင်းလုံး ဆူညံသွားပါရော။ စံဦးရဲ့မျက်လုံးများကတော့ လွင့်စင်သွားတဲ့ အုန်းသီးချမ်းဆီမှာ။

"လူကလေးရဲ့ဓားကတော့ ကိုးသင်္ချိုင်းဓားအစစ်ပါပဲကွယ်။ နောက်ဘက်က ကြားလိုက်ရတဲ့အသံကြောင့် စံဦး လှည့်ကြည့်လိုက်တော့ ဘကြီးကံကောင်း။ စံဦးက အုန်းသီးကို ကိုင်ဆရင်း ‥‥

"ဘကြီးဖြိုးရဲ့ ဟောဒီအင်းကလည်း တကယ်ပြီးတာအမှန်ပဲနော် ဘဘ"

"စွမ်းပြီလား လူကလေးရယ်။ မင်းအဖေ ကိုဟန်စိန်နဲ့ ဘဘတို့ ကာလသားတွေ ရွာကို ဓားပြဝင်တုန်းက ကိုဝေဖြိုးအင်းချပေးတဲ့ ကွမ်းယာတွေငုံပြီး ထွက်တိုက်ခဲ့တာ။ ဆူးခြစ်ရာလောက်တောင် မပွန်းမရှခဲ့ဘူးကွဲ့"

"ဒါဆို ‥"

စံဦး စကားမဆုံးခင် ဘကြီးကံကောင်းက ‥

"ဒါဆို ဘာလို့ ဒီအုန်းသီးပြတ်သလဲ မေးမှာမဟုတ်လား။ ဘဘပြောပြပ့ါမယ်။ ဒီနေ့ ကိုဝေဖြိုး ရွာမှာမရှိဘူးကွဲ့။ ဆေးကုသွားဖို့ ဝေလီဝေလင်းကတည်းက ဘဘကိုယ်တိုင် လှေဆိပ်လိုက်ပို့ခဲ့ရတယ်။ အုန်းသီးပေါ်ကအင်းက နေမျိုးတို့တွေ ကူးရေးလာတာပါကွယ်။ ဂါထာမန္တန်ရွတ်ဆိုပြီး အင်းဆံသွင်းခဲ့တာမှမဟုတ်ဘဲ ဘယ်မှာသိဒ္ဓိပြည့်ပါ့မလဲ။ ဒါကြောင့် ရဲရဲခုတ်ချလိုက်လို့ ဘဘ အော်ပြောခဲ့တာပေါ့"

စကားစကိုဖြတ်ပြီး ဝဲယာဘေးဘီအကဲခတ်ကြည့်ရင်း လေသံတိုးတိုးဖြင့် ‥

"ဒီဓား အုန်းသီးပြတ်မယ်ဆိုတာ ဘဘသိတယ်။ ဒီဓားမျိုး ဘဘမှာလည်းရှိတယ်။ လူလေးအဖေ ကိုဟန်စိန်နဲ့ ဘဘတို့နှစ်ယောက် ထောက်ကြန့်သွားပြီး ၉ လိုင်းကားပျက်တွေ စုပုံထားတဲ့ ကားသင်္ချိုင်းမှာ ဂျပန်လေးသံတစ်ချောင်းစီရှာယူခဲ့ပြီး ပန်းပဲမှာ စိတ်ကြိုက်လုပ်ခဲ့ကြတဲ့ ဓားပဲ။ ဘာခုတ်ခုတ် တိခနဲပြတ်တယ်။ သံက ကောင်းတာကိုး။ ဘဘတို့နှစ်ယောက်ပဲသိတဲ့ အထာနဲ့ ကိုးသင်္ချိုင်းဓားလို့ ပြောခဲ့ကြတာပေါ့ကွယ်။ သိဒ္ဓိဝင်ကိုးသင်္ချိုင်း ဓားမဟုတ်ပါဘူး။ စင်စစ်တော့ ဒီဓားဟာ ကားသင်္ချိုင်းသံဓားပါ။ နောက်ဆို သိဒ္ဓိအရာမှာမယုံနဲ့နော် လူလေး"

"ဘကြီးဖြိုးပြန်ရာက်လို့ အင်းချဖေးပြီး ယှဉ်ခိုင်းရင်ရော ဘဘ"

"မစိုးရိမ်ပါနဲ့ လူကလေးရယ်။ ကိုဝေဖြိုးက ဒါမျိုးကို ဘယ်တုန်းကမှ ခွင့်မပြုခဲ့ဘူး။ သိဒ္ဓိအရာဆိုတာ ယှဉ်ပြိုင်အပ်တဲ့ ပညာမှမဟုတ်ဘဲ။ အရေးကြုံမှထုတ်သုံးရတဲ့ ကိုယ်လုံပညာပါကွယ်"

စံဦးကတော့ အဖေထားရစ်ခဲ့တဲ့ဓား လက်ထဲမှာ တင်းတင်းဆုပ်ထားလို့။

ခက်လှိုင်းကျော်

# ခက်လှိုင်းကျော်
## ကိုးသင်္ချိုင်းဓား





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးအတွင်းရှိ အသုဘအိမ်တစ်အိမ်တွင် ဖြစ်သည်။ ထုံးစံအတိုင်း ရွာထဲမှာ နေထိုင်ကြသော ကာလသားများသာမက ရွာနီးချုပ်စပ်မှာနေထိုင်ကြသော ကာလသားများပါ တရုန်းရုန်းဖြင့် စည်ကားနေသည်။

၎င်းတို့အားလုံးသည် အသုဘအိမ်ကို အကြောင်းပြု၍ ဖဲရိုက်လောင်းကစားနေကြခြင်းဖြစ်သည်။ ကစားသည်က ကိုးမီး။ ထိုဖဲဝိုင်းလေးအတွင်းဝယ် လူစည်ကားနေသောကြောင့် ခရီးသွားဟန်လွှဲ ဝင်ရောက်စားနေသူနှစ်ဦးမှာ မြင့်အောင်နှင့် တိုးမောင်တို့နှစ်ဦးဖြစ်သည်။

၎င်းတို့နှစ်ဦးကား မြို့ပေါ်တက်စပါးရောင်းပြီး ပြန်လာစဉ် ဖဲဝိုင်းပွဲကြီးပွဲကောင်းတွေ့နေ၍ ဝါသနာခတ်ခံရှိနေသူများပီပီ ဝင်ရောက်ကစားနေကြခြင်းဖြစ်ပါသည်။

မြင့်အောင်ဆိုသူမှာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားလေးတစ်ဦးရှိနေသည်။ တိုးမောင်ကတော့ လူပျိုလူလွတ်တစ်ဦးဖြစ်ပြီး မိခင်အိုကြီးကို လုပ်ကိုင်ကျွေးမွေးနေသော အမေတစ်ခုသားတစ်ခုဘဝမျိုး။

သို့သော်လည်း မြို့ပေါ်မှာ စပါးရောင်းပြီး ပြန်လာခဲ့ကြစဉ် ဝမ်းဟာလာသဖြင့် မြို့ပေါ်ရှိ တရုတ်ခေါက်ဆွဲဆိုင်မှာ အရက်တစ်လုံးနှင့် ခေါက်ဆွဲကြော်မှာစားလျက် အပန်းဖြေနေခဲ့ကြသည်။

ယင်းနောက် ညနေရီတရောအချိန်လောက် အရက်ခိုးဝေနေသော စိတ်ထွေထွေဖြင့် ရွာဆီသို့ ခြေလျင်လျှောက်ပြန်လာခဲ့ကြသည်။ ရွာများမှာ တစ်ရွာနှင့်တစ်ရွာကြား တစ်မိုင်နှစ်မိုင်ခန့် ကွာဝေးနေခဲ့ပြီး လယ်ကန်သင်းရိုးများကလည်း ခြားနေခဲ့သည်။

ထိုသို့ မြို့ပေါ်မှစပါးရောင်းပြီး ပြန်လာနေကြစဉ် ရောင်းရသောအမြတ်ငွေများကို ဟန်းဘက်အိတ်လေးထဲ ကိုယ်စီထည့်ကာ နှစ်ဦးသားလမ်းလျှောက်ပြန်လာနေကြသည်။ ရွာဆီသို့ ဦးတည်လျှောက်လာနေစဉ် ရွာသို့ မရောက်မီစပ်ကြား လမ်းမှာ ဖြတ်သန်းလာခဲ့ရသော ရွာမှာ အလောင်းစင်ကြီးပြင်ထားသလို ဖဲဝိုင်းကလည်း ခြိမ့်ခြိမ့်သဲ စည်ကားနေလေသည်။

"ဟေ့ကောင် ... မြင့်အောင် ငါတို့ ... ဖဲဝင်ကစားရအောင်၊ ဝိုင်းသိပ်ကောင်းတယ်ထင်တယ်၊ လူလည်းအများကြီးပဲကွ"

"ဟာ ... မကစားစမ်းပါနဲ့ သူငယ်ချင်းရယ်၊ ဒီငွေတွေက .. ငါစပါးရောင်းပြီး သားလေးကိုရှင်ပြုမလို့ စုဆောင်းထားတာကွ"

"ဟ ... မင်းကလည်း တွေးပူမနေစမ်းပါနဲ့၊ ငါကစားမှာပါ .. မင်းသာဘေးက .. ခဏအဖော်အဖြစ်စောင့်ပေး ဟုတ်ပြီလား"

ဤသို့ တိုးမောင်၏ဆွယ်စကားကြောင့် မြင့်အောင်တစ်ယောက် စိတ်ထဲကမပါသော်လည်း အတူသွားအတူလာ သူငယ်ချင်းဖြစ်နေခဲ့တာကြောင့် ငြင်းဆန်ရခက်နေသည်။

နောက်ဆုံး .. ဖဲဝိုင်းထဲဝင်ကာ ကစားနေခဲ့ကြလေတော့သည်။ တိုးမောင်က တဖွတ်ထိုးသမားပီပီ မိမိစိတ်ထင်ရာကို လုပ်ရမှကျေနပ်သူ ဖြစ်သည်။ မြင့်အောင်ကတော့ ခပ်အေးအေးသမား အိမ်ထောင်နှင့်ဖြစ်နေ၍ ဟော့ဟော့ရမ်းရမ်း မလုပ်ရဲဘဲနေသည်။

သို့သော်လည်း သူငယ်ချင်းဆိုသော သံယောဇဉ်က ရှိနေတော့ လိုက်မပါ၍မရသဖြင့် လိုက်ပါနေရသည်။ နှစ်ဦးသား ဖဲဝိုင်းဘေးမှ ရပ်ကြည့်နေပြီး ဝိုင်းအခြေအနေကို အကဲခတ်နေသည်။

ညအမှောင်ရိပ်သန်းလာနေပြီမို့ အသုဘအိမ်ကြီးပေါ်မှာ အောက်လင်းမီးများ ထွန်းထားလေသည်။ အသုဘအိမ်၏ဧည့်ခန်းနေရာဝယ် လူတစ်စုမှာ ကိုးမီးဖဲကို သဲသဲမဲမဲကစားနေကြသည်။ ဘေးမှနေရာမရသူများကလည်း ဘေးထိုးဝင်ထိုးနှင့် စည်ကားနေသည်။

အရှေ့ဘက်ထိပ်နေရာမှအလောင်းစင်ကြီးမှာ ခေါင်းတလားတစ်လုံးကို ဝါးတိုင်ပေါ်မှာ စင်ခံပြီး တင်ထားသည်။ ဖဲဝိုင်းထဲမှလူအားလုံးသည် ဝိုင်းထဲမှာချခင်းနေသော ဖဲသုံးချပ်ကို အလုအယက်စိတ်ဝင်စားနေသည်။

"ကဲ .. လက်ရှောင် .. အလျော်အစားပြီးပြီဆို ... ဖဲလှန်ပြမယ်"

ဒိုင်လုပ်သူက မိမိရှေ့မှငွေပုံကြီးကို ထိုင်နေသည့်နေရာရှေ့ စုပုံလာ

www.burmeseclassic.com



သိမ်းဆည်းထားရင်း ထိုးသားများကို သတိပေးပြောဆိုနေသည်။

''ကဲ ...လပ်လောက်ရှိရင်တောင် ဖဲထုပ်ပေါ်တင်လိုက်ပါ''

ဒိုင်လုပ်သူက မိမိဖဲကို အပိုင်ကြည့်ထားပြီး ဟန်ဖြင့်ထိုးသားများ၏ဖဲများကို တင်ခိုင်းနေခြင်းဖြစ်သည်။ ထိုးသားအများစုကတော့ အနည်းဆုံးလပ်ဖြစ်နေသည့်တိုင် မိမိတို့ဖဲကို အစားခံရတော့မည်မို့ မချင့်မရဲဖြစ်နေသည်။ ကိုးကျနေသော တိုးမောင်ကတော့ အေးအေးဆေးဆေး အလျော်အစားရတော့မည်ဟု စိတ်မှာထင်မှတ်နေသည်။

ထိုစဉ် ဒိုင်ဖြစ်သူက ကြမ်းပြင်ပေါ်မှ ဖဲသုံးချပ်ကို ကောက်ယူကာ နှာခေါင်းဖြင့် မှောက်လျက် နမ်းလိုက်ပြီး ထပ်ထားသောဖဲချပ်များကို တစ်ချပ်ခြင်းစီဆွဲဖြဲကာ အသာအယာကြည့်နေသည်။

အားလုံးပြည့်စုံသွားသောအခါမှ ဖဲသုံးချပ်စလုံးကို ကြမ်းပြင်ပေါ် ဖြန်းခနဲ ပစ်ချလိုက်သောအခါ ကုလားသုံးကောင် ဖြစ်နေသည်။

''ဟာ''

''ဟိုက်''

''သွားပါပြီဗျာ''

ဆိုသော အာမေဋိတ်သံများ အဆုံးဝယ် ဒိုင်လုပ်နေသူက ကုလားဖဲသုံးကောင်ဖြင့် တစ်ဝိုင်းလုံးစားသွားခဲ့လေတော့သည်။ ထိုးသားများမှာ ချွေးပြန်သူပြန် ဆက်ကစားစရာငွေမရှိတော့သဖြင့် နေရာမှထသူကထ ဖြစ်ကုန်သည်။ ဒိုင်ကတော့ ဖဲကောင်းနေသဖြင့် တစ်ဝိုင်းချည်းစားနေသည်။

ထိုအထဲမှာတိုးမောင်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ မိမိမှာပါလာသောငွေများ ကုန်သွားသဖြင့် မြင့်အောင်ဆီမှငွေများပါ ထပ်ချေးယူပြီး ရိုက်နေခဲ့ရာမှ ခုတော့ နှစ်ဦးစလုံးပါလာသောငွေများပါ ကုန်သွားခဲ့သည်။

မြင့်အောင်မှာတော့ သားကလေးဖိုးအောင်၏မျက်နှာလေးကိုသာ တရစ်ဝဲဝဲ မြင်နေသည်။ ယခုတော့ သားကလေး ရှင်ပြုမည်ဟုရည်ရွယ်ထားသောငွေကြေးအားလုံးကို ဖဲဝိုင်းထဲမှာ ရေစုန်မျှောပါသွား၍ နှမြောနေမိသည်။ သူငယ်ချင်းတိုးမောင်၏ တဇွတ်ထိုးစိတ်ဖြင့် ကစားခဲ့၍ မိမိငွေများပါ ကုန်ဆုံးသွားခဲ့လေသည်။

ထို့နောက် နှစ်ဦးသား ဖဲဝိုင်းမှာပါလာသောငွေများ ကုန်ဆုံးသွားသဖြင့် စိတ်ပျက်လက်ပျက်ထွက်လာခဲ့ကြတော့သည်။ ဖဲဝိုင်းမှာ ဖွဲကောင်းကောင်းနှင့်ကစားနေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိသော်လည်း ဖဲဝိုင်းထဲမှ ထွက်လာချိန် မိုးပင်လင်းလုလု ဖြစ်နေသည်။ နှစ်ဦးသား ရွာဆီသို့ဦးတည်ပြီး လျှောက်လှမ်းပြန်လာနေစဉ် ရွာနှစ်ရွာကြား လမ်းခုလတ်ရှိ ဇရပ်အိုကြီးနားဆီရောက်ရှိလာခဲ့ကြသည်။ ဇရပ်ပေါ်မှာ ထိုင်လျက် ပါလာသောအရက်ကို သောက်နေသည်။

§ § §

ထိုသို့ အရက်ထိုင်သောက်နေခဲ့ကြစဉ် နံနက်စောစော ဝေလီဝေလင်းအချိန်မျိုး ကြားနေကြအသံလေးတစ်သံက နားစည်ထဲကို စူးစူးဝါးဝါး ဝင်ရောက်လာသည်။

''ပဲပြုတ် ..ဟောဒီက ပဲပြုတ်''

ယင်းအသံလေးကို ကြားလိုက်ရသော တိုးမောင်တစ်ယောက် သောက်နေလက်စအရက်ပုလင်းကို ငွပ်ခနဲအောက်ပစ်ချလိုက်ပြီး အသံလာရာဆီငဲ့စောင်းကြည့်လိုက်သည်။ မြကန်သာရွာလေးမှ ပဲပြုတ်သည်ဒေါ်ဖွားလူဆိုသည်မှာ နံနက်စောစော အိပ်ရာမှထကာ တစ်ဖက်ရွာဆီ ပဲပြုတ်ရောင်းထွက်နေကျဖြစ်သည်။

သူမမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး သမီးကလေးနှင့်အတူနေထိုင်ပြီး ပဲပြုတ်ရောင်းလျက် အသက်မွေးဝမ်းကျောင်းပြုနေသည်။

ဒါကြောင့်လည်း တစ်ရွာနှင့်တစ်ရွာ ကြားရှိ ရွာကလေးများဆီ အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာရောင်းဝယ်လှုပ်ရှားနေသူ ဖြစ်ပါသည်။ နံနက်ဝေလီဝေလင်းအချိန်ကတည်းမှ အိပ်ရာကထကာ ပဲပြုတ်ရောင်းထွက်တတ်သည်။ တစ်ဖက်ရွာဆီ မိုးမလင်းမီ စောစော သွားရောက်ရောင်းချနိုင်မှ မွန်းတည့်ချိန်ခန့် မိမိရွာဆီ ပြန်ရောက်လာနိုင်သည်။

ယခုလည်း ခါတိုင်းလို ပဲပြုတ်ရောင်းရန် ဈေးတောင်းကို ခေါင်းပေါ်ရွက်ပြီး သမီးကလေး မြသက်ကို အိမ်စောင့်ထားခဲ့ကာ ပဲပြုတ်ရောင်းရန်ထွက်လာနေသည်။ ဟိုးရှေ့ ခပ်လှမ်းလှမ်းရှိ ဇရပ်အိုကြီးနားဆီ တရွေ့ရွေ့အော်ဟစ်ရောင်းချရင်း လျှောက်လာနေသည်။

''ပဲပြုတ် ...ဟောဒီကပဲပြုတ်''

ဒေါ်ဖွားလူ၏ အသံစူးစူးလေးကတစ်ဖက်ရွာဆီသို့ ဖြတ်သန်းသွားရသော ရွာလမ်းကလေးတစ်လျှောက်မှာ ဆူဆူညံညံ ကြားနေရသည်။ ယခုလို



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီးအချိန် လူသူပြတ်လပ်နေပေမယ့် မိမိလိုအိုကြီးအိုမတစ်ယောက်အဖို့ အန္တရာယ်မရှိတန်ကောင်းဟု ယုံကြည်ကာ ပဲပြုတ်ကို နေ့စဉ် အရောင်းထွက်လာခြင်းဖြစ်သည်။

"ဗျို့ .. ပဲပြုတ်သည် ... လာပါဦးဗျို့"

ဇရပ်တဲကလေးနားရောက်သောအခါ တဲပေါ်မှလှမ်းအော်ခေါ်နေသံကို ကြားလိုက်ရသဖြင့် မျက်စိမှုန်ဝါးဝါးဖြင့် တဲပေါ် ဟိုဒီကြည့်ရှာနေသည်။ တဲလေးပေါ်မှ တိုးမောင်က အရက်သောက်နေရင်း ဗိုက်ဆာလာနေ၍ ဘာရယ်မဟုတ် ဗိုက်ဖြည့်ရန် လှမ်းခေါ်ခြင်းဖြစ်သည်။ ဇရပ်ထိပ်နားရှိ လှေကားထစ်တွင် ထိုင်ကာ ပဲပြုတ်တောင်းလေးချလိုက်သည်။

"ပဲပြုတ် ... တစ်ဆယ်သား ဘယ်လောက်လဲ"

"လေးဆယ်ပါ"

"ဒါဆို .. တစ်ဆယ်သားပေးပါ"

ယင်းသို့ ပဲပြုတ်ဝယ်နေရင်း တိုးမောင်က မီးသေနေသော ဆေးလိပ်တိုကို မီးခြစ်ခြစ်၍ မီးတို့နေစဉ် မီးရောင်ဖြင့် တဖျတ်ဖျတ်ဖြစ်သွားသော နားမှ နားကပ်လေးတစ်စုံကို သတိထားမိလိုက်သည်။

ထိုအခါ မြင့်အောင်ကို ပဲပြုတ်ယူထားလိုက်ရန်မှာပြီး ဗိုက်နာလာ၍ အိမ်သာသွားသလို ဇရပ်တဲနောက်ဆင်းသွားသည်။ ဒေါ်ဖွားလူက ပဲပြုတ်တောင်းထဲမှ ပဲပြုတ်များကို ချိန်ခွင်ထဲထည့်ကာ ချိန်တွယ်နေသည်။

ဒေါ်ဖွားလူက လှေကားထစ်နေရာမှ ပဲပြုတ်ချိန်ပြီးသွား၍ တောင်းလေးခေါင်းပေါ်တင်လျက် ဇရပ်နေရာမှ လှမ်းထွက်လိုက်စဉ် တိုးမောင်က လက်ထဲမှ ဝါးဆစ်ပိုင်းတုတ်ဖြင့် ဖြတ်ရိုက်လိုက်သဖြင့်–

"ခွပ်"

"အမလေး"

ဆိုသော အသံနှစ်သံသည် နံနက်မိုးမသောက်မီကာလဝယ် ရုတ်တရက်ပေါ်ထွက်သွားလေသည်။ ဒေါ်ဖွားလူမှာ ပဲပြုတ်တောင်းရောလူပါ မြေကြီးပေါ်လဲကျသွားလေသည်။ ဦးခေါင်းနေရာမှ သွေးများ ဖြာခနဲစီးဆင်းလျက် မြေပြင်ပေါ်ဝယ် ပဲပြုတ်တောင်းတခြား လူတခြား လဲလျက်နေလေသည်။

ထို့နောက် လဲကျသေဆုံးနေသော ဒေါ်ဖွားလူ၏နားနှစ်ဖက်မှ နားကပ်တစ်စုံကို ချွတ်ယူလိုက်သည်။ ပြီးမှ တစ်ဖက်ရွာက ဖဲဝိုင်းဆီသို့ ပြန်သွားကာ ဖဲဆက်ကစားနေကြသည်။

မိမိတို့ပါလာသော အရင်းအနှီးကုန်ဆုံးသွား၍ ပဲပြုတ်သည်ဒေါ်ဖွားလူ၏နားကပ်တစ်စုံကိုပါ ယူဆောင်ပြီး ဖဲဝိုင်းမှာဆက်ကစားနေသော်လည်း ကံတရားက မိမိဘက်မှာမရှိတော့ ပါလာသည့်နားကပ်ပါ ဆုံးရှုံးသွားသည်။

မည်သို့မျှမဟန်နိုင်တော့သဖြင့် ရှုံးကြွေးကို ရင်မှာပိုက်ကာ မိမိတို့ရွာဆီ ခြေကုန်လက်ပမ်းကျလျက် ပြန်လာနေကြသည်။ ရွာဆီသို့ မရောက်ခင်စပ်ကြား လမ်းခုလတ် ဇရပ်တဲရှေ့ဝယ် ခရီးသွားလူများ စုအုံတိုးဝှေ့ကြည့်နေသော နေရာရောက်လာသည်။

"တောက် .. လူယုတ်မာတွေ မရှိလို့ပဲ .. ပြုတ်ရောင်းစားတယ်၊ ဒါလေးကိုတောင် လုယူပြီး လူပါသတ်သွားကြတယ်"

"သမီးကလေးနဲ့ .. သားအမိနှစ်ယောက် ... ဆင်းဆင်းရဲရဲနေရပြီး အိုကြီးအိုမနဲ့ရှာကျွေးနေတာ ... ခုတော့ သေရှာပြီ"

စသည်ဖြင့် ဝိုင်းအုံကြည့်ရှုနေသူများမှာ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည်။ တိုးမောင်နှင့် မြင့်အောင်တို့နှစ်ဦးလည်း ထိုနေရာလေးမှ အလျင်အမြန်ထွက်ပြီးရွာဆီပြန်လာနေကြသည်။

သို့သော်လည်း မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသောစကားနှင့်အညီ မည်သို့ပင် လူသတ်မှုကို မျက်မြင်သက်သေမရှိဘဲ ကျူးလွန်သွားခဲ့ကြသော်လည်း သက်ဆိုင်ရာက ခြေရာခံလိုက်စုံစမ်းသောအခါ နားကပ်လေးတစ်စုံ ဖဲဝိုင်းမှာ လာပေါင်ကစားသွားသူနှစ်ယောက်နောက် ခြေရာကောက်လိုက်လာခဲ့ကြသည်။

ဖဲဝိုင်းထဲမှာ ပေါင်ရိုက်ခဲ့ကြသော ဖဲသမားနှစ်ဦးအား ဖဲဝိုင်းထဲမှသတင်းအစအနရလာခဲ့ရာမှ တိုးမောင်နှင့်မြင့်အောင်တို့နှစ်ဦးအား သက်ဆိုင်ရာမှ ခေါ်ယူစစ်ဆေးခဲ့ရာမှ အမှုမှန်ပေါ်ပေါက်သွားသည်။

ယင်းသို့ အမှုမှန်ဖော်ထုတ်နိုင်ခဲ့သောကြောင့် ၎င်းတို့နှစ်ဦးအား မြို့နယ်တရားရုံးမှ တရားစွဲဆိုခဲ့ရာ နောက်ဆုံးအမှုမှာပေါ်လွင်နေသောကြောင့် တရားရုံးမှ သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်လေသည်။

မိမိတို့ သူငယ်ချင်းနှစ်ဦးစလုံး စပါးရောင်းရငွေများကို ပိုက်ပြီး ရွာဆီ ဖြောင့်ဖြောင့်တန်းတန်း မပြန်လာနိုင်ဘဲ ဖဲဝိုင်းတွေ့၍ ဝင်ကစားခဲ့မိရာမှ ဘဝပျက်ရသည့်အဖြစ်ဆိုက်ရောက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုတော့ မြို့နယ်တရားရုံးမှ သေဒဏ်စီရင်ချက်ချမှတ်ခဲ့သောကြောင့် အကျဉ်းထောင်မှ ကြိုးသမားအဖြစ် လက်ခံခဲ့ရလေသည်။

၄ ၄ ၄

ကြိုးတိုက်ခန်းလေးထဲဝယ် ကြိုးသမားဘဝဖြင့် ကာလရှည်ကြာနေထိုင်ခွင့်ရနေခဲ့သော်လည်း အယူခံအဆင့်ဆင့်ကို ထောင်ကျရုံးမှ တာဝန်ယူဆောင်ရွက်ပေးနေရသည်။

ကြိုးတိုက်ခန်းတာဝန်ခံကျွန်ုပ်မှာ ကြိုးသမားကို လက်ခံရပြီဆိုကတည်းက ကြိုးသမားနှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အလုပ်ရှုပ်နေခဲ့သည်။

ကြိုးသမားများအား ကြိုးတိုက်ခန်းထဲဝယ် နေရာချထားပေးခြင်း လုံခြုံရေးအတွက် အထူးကြပ်မတ်စောင့်ရှောက်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နေရသည်။

ကြိုးတိုက်ခန်းထဲ ရောက်ရှိနေကြသော ကြိုးသမားအများစုမှာတစ်ဖက်လူကို နစ်နာအောင် ရက်ရက်စက်စက်သတ်ဖြတ်လာခဲ့ကြသူများ ဖြစ်သော်လည်း မိမိတို့ သေရမည့်အလှည့်သို့ ရောက်လာသောအခါ အသည်းငယ်တတ်၊ ကြောက်ရွံ့တတ်ကြသည်။

အကျဉ်းထောင်ထဲရှိ ကြိုးတိုက်ခန်းထဲမှာ စိတ်ဓာတ်မကြံ့ခိုင်ဘဲ ကိုယ့်ကိုယ်ကို သတ်သေမှုမျိုးမဖြစ်ပွားစေရန် တိုက်တာဝန်ခံထောင်မှူးကြီးမှ အထူးကြပ်မတ်စောင့်ကြည့်နေခဲ့ရသည်။

ယခုတော့ သေမင်းနိုင်ငံကိုအတူတူသွားကြရမည့် သူငယ်ချင်းနှစ်ဦးမှာ စားအတူတူ၊ လုပ်အတူတူ နှစ်ကိုယ့်တစ်စိတ် ဘဝလိုနေထိုင်သွားလာခဲ့ကြရာမှ နောက်ဆုံး ပဲပြုတ်သည် အဖွားကြီးကို လောဘစိတ်ဖြင့် လုပ်ကြံသတ်ဖြတ်ကာ နားမှ တစ်မတ်သားခန့် နားကပ်လေးတစ်စုံကြောင့် သေမင်းနိုင်ငံသို့ သွားရောက်ရန် ကြိုးဒဏ်ဖိတ်ကြားခံနေရပြီဖြစ်သည်။

ဤကဲ့သို့ ကြိုးသမားများကို စောင့်ကြပ်ကြည့်ရှုနေစဉ်မှာပဲ ကျွန်ုပ်အတွက် စိတ်မချမ်းမြေ့စရာ သတင်းတစ်ရပ် ကြုံလာခဲ့ရလေတော့သည်။ ထောင်တာဝန်ခံအရာရှိဖြစ်သူ ထောင်ပိုင်ကြီးမှ ကျွန်ုပ်အား ရုံးခန်းထဲသို့ အမြန်ဆုံးလာရောက်ရန် ထောင်ပိုင်ရဲ့ အော်ဒလီဗာရာမန်းနီးဆိုသူမှ လာပြီး အကြောင်းကြားနေသည်။

ထောင်ဘူးဝရှိ ရုံးခန်းထဲဆီ အလျင်အမြန်သွားရောက်ခဲ့သည်။ ထောင်ပိုင်ကြီးဖြစ်သူသည် ရုံးခန်းထဲရှိကုလားထိုင်မှာထိုင်နေရင်း ကျွန်ုပ်က အလေးပြုဝင်လာနေစဉ် စားပွဲပေါ်မှ စာအိတ်ဆီ လက်ညှိုးထိုးပြနေသည်။

ယင်းမှ ကြိုးသမားများအတွက် သေဒဏ်စီရင်ရမည့် အမိန့်စာဖြစ်ပါသည်။ ယင်းစာပေါ်မှာပါသော ကြိုးသမား၏အမည်မှာ သေဒဏ်စီရင်ခိုင်းခြင်းဖြစ်သည်။ ယင်းစာအိတ်နီအကျဉ်းထောင်သို့ရောက်ရှိလာခဲ့ပါက ကြိုးတိုက်ခန်းထဲမှကံဆိုးသူမောင်ရှင်တစ်ယောက်တော့ ဘဝဇာတ်သိမ်းမကောင်းတော့မည်မှန်း ကြိုတင်ခန့်မှန်းမိ၍ ဖြစ်ပါသည်။ ယင်းစာအိတ်နီကို ထောင်လောကသားများအားလုံးက သေမင်းတမန်တော်စာအိတ်နီဟူ၍ ကင်ပွန်းတပ်ထားသည်။ သေမင်းတမန်တော်စာအိတ်နီမှာ တရားရုံးမှ ပေးပို့လာသော အမိန့်ချဝါရမ်းမျိုးဖြစ်ပါသည်။

တကယ်တော့ ကြိုးတိုက်ခန်းထဲမှ ကြိုးသမားအများစုသည် မျှော်လင့်ချက်ရောင်ခြည်ဖြင့် အသက်ဆက်လက် ရှင်သန်နေကြရသူများဖြစ်သည်။ မိမိတို့ဘဝကို ကြိုးဒဏ်မှကင်းလွတ်လို ကင်းလွတ်ငြား အယူခံအဆင့်ဆင့် ဝင်ရောက်နေရင်း မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြရသည်။

ယခုတော့ အယူခံအဆင့်ဆင့်ကို ရှုံး၍ နောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတကြီးထံမှ အသနားခံစာကို အယူခံပယ်ချလိုက်ခြင်းကြောင့်သာ အမိန့်စာအိတ်နီသည် အကျဉ်းထောင်သို့ ရောက်ရှိလာခဲ့သည်။

ဒါကြောင့်လည်း ကျွန်ုပ်သည် စိတ်မချမ်းမြေ့စွာဖြင့်ပင် စားပွဲပေါ်မှစာအိတ်နီကို ကောက်ယူလိုက်သည်။

"အဲဒီအထဲမှာပါတဲ့ . . . ကြိုးသမားနဲ့ပတ်သက်ပြီး . . . နက်ဖြန်နံနက် အလျင်မီအောင် . . . စီစဉ်စရာရှိတာ စီစဉ်ထားပါ"

"ဟုတ်ကဲ့ . . . ထောင်ပိုင်ကြီး စိတ်ချပါ . . . နက်ဖြန်နံနက် အဆင်သင့်ဖြစ်အောင် . . ဒီညထဲကပဲ အပြီး စီစဉ်ထားပါ့မယ်"

"ကောင်းပြီ . . ဗိုလ်စိုး လုပ်စရာ ရှိတာအားလုံး . . ပြီးပြည့်စုံအောင် သွား . . စီစဉ်လိုက်တော့"

"ဟုတ်ကဲ့ . . ထောင်ပိုင်ကြီး"

ကျွန်ုပ်သည် ထောင်ပိုင်ကြီး အလေးပြုလိုက်ပြီး ရုံးခန်းထဲကထွက် လာခဲ့သည်။ ယခုကိစ္စမှာ ထိတ်လန့် လျှို့ဝှက်ချက်လုပ်ငန်းဖြစ်၍ အများ

www.burmeseclassic.com



ကာ မသိရှိအောင် သိုသိုသိပ်သိပ်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သည်။ မိမိတို့ဘဝကား အကျဉ်းထောင်ဝန်ထမ်းပီပီ အထကမှပေးအပ်လာသောအမိန့်ကို တသဝေမတိမ်း လိုက်နာဆောင်ရွက်ရမည့်တာဝန်ရှိနေသည်။

မိမိနှင့်မည်သို့မျှ ရန်ငြိုးရန်စမရှိသူတစ်ယောက်ကို တာဝန်အရ ကြိုးစင်ပေါ်တွင် ကြိုးပေးကွပ်မျက်ရမည်ဆိုသည်မှာ သူ့အသက်ကို တရားဝင်သတ်ခွင့်ရှိသော်လည်း တရားသဘောနှင့်ဆိုလျှင် ပါဏာတိပါတကံကို တနည်းအားဖြင့် ကျူးလွန်ခဲ့ရခြင်းဖြစ်ပါသည်။ ယင်းသို့ပြုခဲ့သော ကံတရားက နောင်တမလွန် ဘဝဝယ် တူသောအကျိုးပေးခံရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။

သို့သော်လည်း မိမိတို့လိုအကျဉ်းထောင်ဝန်ထမ်းများအဖို့ ကံကြမ္မာကစီရင်သည့်အတိုင်း လည်စင်းခံရရုံကလွဲလို့ မည်သို့မျှ မတတ်နိုင်ပေ။ တကယ်တော့ ဘယ်သူမပြု မိမိမှုဆိုသလို မိမိအလုပ်ရွေး မှားခဲ့ခြင်းကြောင့်လည်း သည်အလုပ်ကိုဝင်လုပ်မိမှတော့ သည်လိုပဲ တစ်နေ့မဟုတ်တစ်နေ့ ကြုံရမည်။

ထို့ကြောင့်လည်း စာအိတ်နီလေးကို အိတ်ကပ်ထဲလုံခြုံစွာ သိမ်းပြီး မည်သူတစ်စုံတစ်ယောက်မှ မပေါက်ကြားစေရန် မိမိတာဝန်ကျနေသော ကြိုးတိုက်ခန်းဆီ ပြန်လာခဲ့ရသည်။ ရုံးခန်းထဲရောက်မှပဲ သေချာစွာ ဖောက်ဖတ်ရန် စာအိတ်နီကို ကတ်ကြေးဖြင့် ထိပ်ဖြတ်ဖွင့်ဖတ်လိုက်တော့–

မြင့်အောင် (အဘ) ဦးလှအောင်
တိုးမောင် (အဘ) ဦးလွင်
ဟူသော ကြိုးသမားနှစ်ယောက်

**လူ့ဘဝကြီးက**
**ကံစီမံရာအတိုင်းပဲ**
**ဖြစ်ပျက်ကြရတာပါ။**
**မင်းဘဝရဲ့**
**နောက်ဆုံးဆန္ဒလေးကို**
**အချိန်မီ**
**မဖြည့်ဆည်းပေးနိုင်တာကို**
**စိတ်မကောင်းပါဘူးကွာ၊**
**မင်းရဲ့ နောက်ဆုံးဆန္ဒကိုသာ**
**ပြောပြပါ။**
**အစွမ်းကုန်**
**ဖြည့်ဆည်းပေးပါ့မယ်**
**. . .**



တွဲကို ကြိုးပေးစီရင်ရမည့်အခြေအနေဖြစ်ပေါ်လာသည်။ မိမိအတွက် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာသလို သူများတကာ ကြိုးပေးရသည့်အခါ တစ်ယောက်တည်း ကြိုးပေးရပြီး မိမိမှာနှစ်ယောက်တွဲတစ်ပြိုင်နက် ကြိုးပေးရတော့မည့်ကိန်း ဆိုက်နေသည်။ ဘာပဲဖြစ်ဖြစ်လက်ရှိအခြေအနေမှာ ကြိုးသမားနှစ်ယောက်စလုံး ယင်း ကိစ္စသိရှိထားနိုင်အောင် ကြိုးတိုက်ခန်းဆီအပြေးအလွှားသွားရောက်ခဲ့လေတော့သည်။

"ဆရာကြီး . . . မျက်နှာလည်း မကောင်းပါလား . . ကျွန်တော်တို့ထဲက ဘယ်ကောင်တော့ . . . မဲပေါက်ပြီလဲ မသိဘူး"

ကြိုးသမား အောင်ဒင်ဆိုသူမှ ကြိုးတိုက်ခန်းထဲသို့ ဝင်လာနေသော ကျွန်ုပ်အား ထိပ်ဆုံးခန်းနေရာမှ မျက်နှာချင်းဆိုင်အခန်းဘက်ဆီ လှမ်းပြောနေခြင်းဖြစ်သည်။ ကျွန်ုပ်ကတော့ မည်သူ့ကိုမျှ နှုတ်မဆက် စကားတစ်ခွန်းဆိုကာပြောဆိုမနေဘဲ ကြိုးတိုက်ခန်းအမှတ်(၁၃)ရှိ တိုးမောင်နှင့် ကြိုးတိုက်ခန်း(၅)ရှိ မြင့်အောင်တို့နှစ်ဦးထံ ဦးတည်သွားနေသည်။

ကြိုးတိုက်ခန်း(၁၃)ထဲရှိ ကြိုးသမားတိုးမောင်တစ်ယောက် နံနက်စာစားရန် ပြင်ဆင်နေဟန်တူသည်။ ဒါကြောင့် ပြောရမည့်စကားကို ဖွင့်ဟပြောဆိုရန် ခက်နေသဖြင့် ခေတ္တစောင့်ဆိုင်းကြည့်နေသည်။ နောက် ကြိုးတိုက်ခန်း(၅)ဘက်ဆီ ဆက်လျှောက်သွားသောအခါ ကြိုးတိုက်ခန်းထဲဝယ် ကြိုးသမားဖြစ်သူ မြင့်အောင်တစ်ယောက် အိပ်ရာနေရာလေးပေါ်မှာ တင်ပလ္လင်



www.burmeseclassic.com

ခွေထိုင်ကာ တရားထိုင်နေသည်ကို လှမ်းမြင်နေရသည်။

ယင်း ကြိုးသမားနှစ်ဦးစလုံးမှာ ယခင်အခါနေ့များလိုပဲ မှတ်ထင်ကာ ပြုနေကျကိစ္စရပ်များကို ပြုလုပ်နေကြသဖြင့် ချက်ချင်းဖွင့်မပြောသေးဘဲ စောင့်ဆိုင်းနေရသည်။

နောက်တစ်ခေါက် ကြိုးတိုက်ခန်းအဆုံးမှ အပြင်ဘက် လှည့်လည်စစ်ဆေးပြီး တစ်ပတ်ပြန်ဝင်လာသောအခါ ကြိုးသမားတိုးမောင်သည် ထမင်းစားပြီးသွား၍ ထမင်းလုံးစီရင်း ဆေးပေါ့လိပ်ကို ဖွာရှိုက်နေသည်။ ကျွန်ုပ် အနီးသို့ချဉ်းကပ်သွားပြီး သံတိုင်ပေါက်မှရပ်ကြည့်နေသည်ကို နားလည်သဘောပေါက်သွားဟန်ဖြင့်–

'ဆရာ ‥ ဘာဖြစ်လို့လဲ တစ်ခုခုထူးခြားမှုရှိနေလို့လား။ ဆရာ ‥ ပထမတစ်ခေါက်ဖြတ်သွားပြီး ခုထပ်လာနေလို့လေ''

''အေး ‥‥ ငါတပည့် ဆရာပြောမည့်စကားကို ‥‥ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါကွာ''

''ဗျာ ‥‥ ကျွန် ‥ ကျွန်တော် အယူခံရှုံးပြီလား ဆရာ''

''ဟုတ်တယ် ‥‥ တိုးမောင် ‥ မင်းလည်းအသိပဲ၊ ငါတို့ ‥ မင်းအယူခံကို နိုင်ငံတော်တရားရုံး အဆင့်ဆင့် တင်ပြပြီးအယူခံဝင်လာခဲ့တာ ‥ အမြဲတမ်းပလပ်ခံခဲ့တယ်၊ ဟော ‥‥ ခုနောက်ဆုံးအဆင့်ဖြစ်တဲ့ နိုင်ငံတော်သမ္မတဆီကို အသနားခံစာတင်ပြပြန်တော့လည်း ‥‥ အယူခံပလပ်လိုက်ပြန်တယ်ကွာ''

''ဟင် ‥‥ ဒါဆို ‥ ဘယ်တော့ ကြိုးဒဏ်စီရင်မှာလဲ ဆရာ''

''နက်ဖြန်နံနက် ‥ အရုဏ်တက်ချိန်မတိုင်မီဘဲ''

''ဗျာ ‥‥ မြန်လှချည်လား ဆရာရယ်''

''ဟုတ်ပါတယ် ‥‥ တိုးမောင်၊ တို့ထောင်က အယူခံရှုံးတဲ့ကြိုးသမားကို ချက်ချင်းစီရင်ရမယ်လို့ ‥ အမိန့်စာမှာ တပါတည်းပါလာပြီးသားမို့ပါ''

''ဆရာ ‥‥ ဒါဆို ‥ ကျွန်တော် ဒီတစ်ညတာပဲ အသက်ရှင်ရတော့မှာပေါ့''

''ဟုတ်တယ် ‥‥ တိုးမောင်၊ မင်းကို ကြိုးဒဏ်မစီရင်ခင်မှာ ‥ မင်းဘဝကူးကောင်းအောင် လုပ်သင့်လုပ်ထိုက်တာလုပ်နေပါကွာ''

''ဆရာ ‥‥ သေသွားတဲ့လူတစ်ယောက် နောင်ဘဝဘယ်ဆီကိုရောက်မယ်မှန်း ဘယ်သူမှ အတတ်မပြောနိုင်တာ ‥‥ ဘာလို့များ ကောင်းမှုကုသိုလ်လုပ်နေတော့မှာလဲ''

''ဘယ်ဟုတ်မလဲ ‥ တပည့်ရာ နောင်သံသရာမှာ ‥‥ မင်းဘဝကို ဒီလိုအထုံရေစက်မပါအောင် ‥ ကြိုးစားကျင့်ကြံရမှာပေါ့''

''အို ‥ လုပ်ရဲရင်ခံရဲပါတယ်ဗျာ၊ ကိုယ်လုပ်ခဲ့တဲ့ကိစ္စတွက် ကိုယ်တာဝန်ယူရဲပါတယ်၊ အဲ ‥‥ ကျွန်တော် စိတ်မကောင်းတာက ကျွန်တော့်ကြောင့် ‥ ကျွန်တော့်သူငယ်ချင်းမြင့်အောင် ဒီလိုခံရတာ တွေးမိတိုင်း စိတ်မကောင်းဘူး၊ သူနဲ့ကျွန်တော် တစ်ရက်စီလုပ်မှာလား''

'''ဟင့်အင်း ‥‥ တပြိုင်နက်ပဲ တစ်ရက်ထဲလုပ်မှာပါ''

''ဟား ‥‥ ဟား ‥ ကောင်းတာပေါ့ဆရာရယ် ‥ ဒုစရိုက်မှုကို ကျူးလွန်ခဲ့တုန်းကလည်းအတူတူ သေရတော့လည်း အတူတူဆိုတော့ ‥ ကျွန်တော်တို့နှစ်ယောက်က ‥ နှစ်ကိုယ့်တစ်စိတ်ဘဝပဲပေါ့''

''မင်းအတွက် ‥‥ မသေခင်မှာ ပြုချင်ခဲ့တဲ့ဆန္ဒများရှိရင် ပြောပါကွာ''

''ဟဲ ‥ ဟဲ ‥ ဆရာရယ် ဖြစ်နိုင်မယ်ဆိုရင်လေ ‥‥ ရမ်ပုလင်းလေးကို တစ်ညလုံးထိုင်သောက်ပြီး ခေါက်ဆွဲကြော်လေးနဲ့ မြည်းလိုက်ချင်တယ်''

''စိတ်ချပါတပည့်ရာ ‥‥ ဆရာဖြစ်အောင် စီစဉ်ပေးပါ့မယ်''

ကျွန်ုပ်သည် တဖွတ်ထိုးသမားတိုးမောင်၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် ထောင်ပိုင်ကြီးထံ ခွင့်တောင်းပေးမည်ဟု ကတိပေးခဲ့သည်။ တိုးမောင်တစ်ယောက်ကတော့ ဘဝကိုသတ္တိရှိရှိရင်ဆိုင်နိုင်သူတစ်ယောက်ပီပီ သေမထူး နေမထူး စိတ်ဓာတ်မွေးမြူထားဟန်တူသည်။

ကျွန်ုပ်လည်း ကြိုးသမားတိုးမောင်အား အသိပေးပြီးနောက် ကြိုးတိုက်ခန်းအမှတ်(၅)ဆီ ဆက်လက်လျှောက်လာခဲ့သည်။ ကြိုးသမားမြင့်အောင်တစ်ယောက် တရားထိုင်ပြီးသွားဟန်ဖြင့် ဆေးလိပ်ဖွာနေသည်ကို တွေ့မြင်ရသည်။

''အဟမ်း ‥‥ အဟမ်း''

ကျွန်ုပ်က ကြိုးတိုက်ခန်းအပြင်ဘက်မှရပ်ကာ ချောင်းဟန့်ပြီးအသံပြုလိုက်စဉ် သံတိုင်ထဲမှ ကြိုးသမားမြင့်အောင်သည် ကျွန်ုပ်ထံသို့ ထိုင်ရာမှထလာနေသည်။

''ဘာကိစ္စလဲဆရာ ‥ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



အိမ်က ထောင်ဝင်စာလာတွေ့လို့ လာခေါ်တာလားဆရာ . . ဒီအပတ်ထောင်ဝင်စာ ညှော်တွေ့ရက်ရောက်နေပြီ''

''အေး . . . ဟုတ်တယ် မြင့်အောင် မင်းအိမ်ကို . . . ဒီနေ့ပဲထောင်ဝင်စာလာတွေ့ဖို့ . . . ငါ . . အကြောင်းကြားပြီးပြီ''

''ဟင် . . . ဘာဖြစ်လို့ ထောင်ဝင်စာလာတွေ့ဖို့ . . အကြောင်းကြားရတာလဲ၊ ခါတိုင်းလည်း . . . နှစ်ပတ်တစ်ခါ တွေ့နေကြပဲ၊ သူတို့မအားလို့ မလာတာလား ၊ ဘာဖြစ်လို့ . . ဆရာက အကြောင်းကြားပေးရတာလဲ''

''အင်း . . . ပြောမဖြစ်လို့ပြောရဦးမယ်မြင့်အောင် . . . မင်းအိမ်ကို အံမြန်ဆုံး ထောင်ဝင်စာလာတွေ့ခိုင်းရတာက မင်းတို့သူငယ်ချင်းနှစ်ယောက်စလုံးပဲ . . အာယူခံရှုံးသွားပြီကွာ''

''ဗျာ . . ဒါဆို . . . မျှော်လင့်ချက်ဝေးပြီပေါ့''

''ဟုတ်ပါတယ် . . . တပည့်ရာ စိတ်ကိုခိုင်ခိုင်ထားပါ . . . မင်းတို့နှစ်ယောက်စလုံး နက်ဖြန် အရုဏ်မတက်မီ ကြိုးပေးကွပ်မျက်ခံရတော့မယ်''

''ဗျာ . . . မြန်လှချည်လား . . ဆရာရယ်''

ကျွန်ုပ်၏ စကားအဆုံးဝယ် မြင့်အောင်တစ်ယောက် သတိလက်လွတ်ဖြစ်ကာ ဒူးညွတ်ကွေးကျသွားပြီး သံတိုင်ကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ထားသည်။ နောက် ကြုံကြုံပါအောင် ချုံးပွဲချ ငိုကြွေးလို့နေရှာသည်။

''ဆရာရယ် . . ဟီး ဟီး . . ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား . . ကယ်လို့ရရင် ကယ်ပေးပါဦးဗျာ . . ကျွန်တော့်သားလေးကို သက်န်းဝတ်နဲ့မြင်တွေ့သွားချင်လွန်းလို့ပါ ဆရာရယ် ဟီး . . ဟီး''

''တရားနဲ့သာဖြေပါတော့ . . မြင့်အောင်ရာ . . လူ့ဘဝကြီးက ကံစီမံရာအတိုင်းပဲ ဖြစ်ပျက်ကြရတာပါ၊ မင်းဘဝရဲ့နောက်ဆုံးဆန္ဒလေးကို အချိန်မီ မဖြည့်ဆည်းပေးနိုင်တာကို . . . စိတ်မကောင်းပါဘူးကွာ၊ မင်းရဲ့ နောက်ဆုံးဆန္ဒကိုသာပြောပြပါ . . . အစွမ်းကုန်ဖြည့်ဆည်းပေးပါ့မယ်''

ကြိုးသမားမြင့်အောင်တစ်ယောက် မိမိကျူးလွန်လာခဲ့သောမိုက်ပြစ်အတွက် နောင်တရနေဟန်တူသည်။ မိမိသားလေးကို ရှင်ပြုပေးနိုင်ဖို့ တစ်ခွေလုံးကုန်းရုန်းရှာဖွေလာခဲ့သောငွေများမှာ အပေါင်းအသင်းကြောင့် ဖဲဝိုင်းမှာရှုံးသွားခဲ့ရသည့်အပြင် လုယက်လူသတ်မှုကိုပါ ဆက်ကျူးလွန်မိတော့ နောက်ဆုံးသေဒဏ်ကျခံရခြင်းသာ အဖတ်တင်ကျန်ခဲ့သည်။

ထိုစဉ် ထောင်ဝင်စာရုံးတာဝန်ခံဝန်ထမ်းတစ်ယောက် ရောက်လာပြီး ကျွန်ုပ်အနားနားကပ်ကာ သတင်းပို့နေသည်။ ကျွန်ုပ်လည်း လုပ်ဆောင်ရမည့်အစီအစဉ်အတိုင်း ခေါ်ဆောင်လာရန် မှာကြားလိုက်သည်။

''ကဲ . . . မြင့်အောင် မင်းအိမ်က မိန်းမနဲ့သားလေး . . ထောင်ဝင်စာတွေ့ဖို့လာနေပြီကွ . . မင်းမှာချင်တာရှိမှာကြားခဲ့နော် . . . စိတ်ကိုတော့ ငြိမ်ငြိမ်ထိန်းထားပါကွာ . . . မင်းလည်း တရားသမားတစ်ယောက်ပဲ''

''သေရမယ့်အချိန်ကို . . . ရင်တဖိုဖိုနဲ့ စောင့်မျှော်နေရမှာ စိတ်ပင်ပန်းလှပါတယ်ဆရာ . . . ကျွန်တော် မနက်မိုးလင်းထိ တစ်ညလုံး ပုတီးထိုင်စိပ်နိုင်အောင် ပုတီးတစ်ကုံးလောက်ရှာပေးပါဆရာ''

''အေး . . . အေး ငါစီစဉ်ပေးပါ့မယ်ကွာ''

မကြာမီ ထောင်ဝင်စာညှော်တွေ့ခန်းမှ ဝန်ထမ်းက ဦးဆောင်လာကာ မြင့်အောင်၏ဇနီးနှင့်သားလေးကို ခေါ်ဆောင်လာနေသည်။ ကျွန်ုပ်ကိုယ်တိုင်ဆက်သွားလွှတ်ပြီး အရေးပေါ်မှာကြားပေးခဲ့သဖြင့်အချိန်မီရောက်ရှိလာသည်။

''ကဲ . . . မြင့်အောင် ဟောဒီမှာ မင်းသိပ်တွေ့ချင်နေတဲ့ . . သားလေးနဲ့ မင်းဇနီးလေ . . အေးအေးဆေးဆေး စကားပြောနေကြဦးကွာ''

ကျွန်ုပ်က ကြိုးသမားမြင့်အောင်ကို ပြောဆိုမှာကြားနေခဲ့သည်။ မြင့်အောင်၏သားလေး ဖိုးအောင်ဆိုသူမှာ အချိန်မီသက်န်းစီးလာခဲ့သဖြင့် သက်န်းဝတ်နှင့်ဖြစ်နေသည်။ ဇနီးဖြစ်သူမှာ ကိုရင်လေးလက်ကိုဆွဲလျက် ကြိုးတိုက်ခန်းရှေ့သံတိုင်ခြားလျက် တွေ့ဆုံနေခဲ့ကြသည်။

''မငွေး . . . သားလေးကို ရှင်ပြုပေးခဲ့ပြီလား . . . ဝမ်းသာလိုက်တာဟယ် . . ငါသိပ်မြင်ချင်တွေ့ချင်လွန်းတဲ့ သားလေးကို . . ခုလို . . ကိုရင်ဝတ်ပြီး သက်န်းလေးနဲ့မြင်လိုက်ရတာ သေပျော်ပါပြီဟာ''

''ဟုတ်တယ် . . . ကိုမြင့်အောင် ရွာဦးကျောင်းဆရာတော်ကို အကျိုးအကြောင်းလျှောက်လို့ . . . ဆရာတော်ကိုယ်တိုင် သက်န်းစီးပေးလိုက်တာပဲ''

''မငွေး . . . နင်လည်း . . ငါ့ကို

www.burmeseclassic.com



ဒေါ်သ ဖြစ်ချင်ဖြစ်နေမှာပဲ၊ ငါမှားခဲ့တဲ့ အမှားအတွက် တူသောအကျိုးပေးကို ငါခံနေရပြီ ‥ ငါ့ကို ခွင့်လွှတ်ကြပါဟာ၊ ငါ့ကို နက်ဖြန်အရုဏ်တက်ရင် ကြိုးပေးသတ်ကြတော့မှာ ‥ ငါ့ကို စောင့်နေပါ နင့်ဆီကို အရောက်လာခဲ့မယ်နော်''

''အို … ကိုမြင့်အောင်ကလည်း ရှင့်ကို ‥ ကြိုးပေးသတ်လိုက်မှတော့ အိမ်ကို … ဘယ်လိုလုပ် ‥ ရောက်အောင်လာနိုင်တော့မှာလဲ''

''မပူပါနဲ့ မဒွေးရာ ‥ ငါ့နည်းငါ့ဟန်နဲ့ အိမ်ကို ပြန်လာခဲ့ပါ့မယ်၊ နင်ငါ့ကို … မိုးမသောက်မီ ထိုင်စောင့်နေနော်''

ထိုကဲ့သို့ ကြိုးသမားမြင့်အောင်နှင့် မိသားစုများ ထောင်ဝင်စာတွေ့ဆုံနေခဲ့ခြင်းကို ကျွန်ုပ်နှင့် တာဝန်ကျ ဝန်ထမ်းနှစ်ဦးမှာ စိတ်မချမ်းမြေ့စရာကြားသိမြင်တွေ့နေရသည်။ မကြာမီမှာ ကြိုးသမားနှစ်ဦးအနက် တိုးမောင်မှာ မိခင်အိုကြီးမှာ နေထိုင်မကောင်းသဖြင့် လာမတွေ့နိုင်ဘဲ မြင့်အောင်မိသားစုသာ လာတွေ့ပြီး ပြန်သွားခဲ့ကြလေသည်။

\+ + +

ကြိုးသမားနှစ်ဦး၏ ကိုယ်အလေးချိန်ပေါင်ချိန်ခြင်း၊ အရပ်အမြင့်တိုင်းခြင်းလုပ်ငန်းများ ကြိုးတိုက်စောင့်ဝန်ထမ်းနှစ်ဦးနှင့် ပြုလုပ်ခဲ့ကြသည်။ ထို့နောက်မှ အလုပ်ကြီးဘက်ဆီ ထွက်ခွာလာခဲ့ပြီး။ လက်သမားမန်နေဂျာ ဦးမြင့်စိုးအား လိုအပ်သည်များကို မှာကြားပြောဆိုနေသည်။

ထို့အတူ ကြိုးတိုက်ဝင်းအတွင်း ကြိုးကျစ်နေသော ဘုတ်မှာ မနီလာကြိုးနှစ်ချောင်းကို အရှည်အတိုင်းအထွာပြောပြီး ကျစ်ခိုင်းထားသည်။ ယင်းကဲ့သို့ ကြိုးသမားများအား ကြိုးပေးကွပ်မျက်ခါနီးအချိန်တွင် သက်ဆိုင်ရာလုပ်ငန်းခွင်များမှာ အချိန်မီပြီးစီးရန် အလျင်အမြန်စီစဉ်ဆောင်ရွက်နေရသည်။

ညနေစောင်းမှ အားလုံးပြီးပြည့်စုံသွားသည်။ လက်သမားရုံထဲဝယ် ခေါင်းတလားနှစ်လုံး အဆင်သင့်ရိုက်ပြီးသွားသလို ကြိုးကျစ်ဘုတ်မှာလည်း ကြိုးနှစ်ချောင်းကျစ်ပြီးသွား၍ ထုတ်တန်းမှာဆန့်နေအောင် သံတုံးအလေးဖြင့်ဆွဲလျက် လုပ်ဆောင်ထားသည်။ လက်သမားရုံထဲမှ အသင့်စပ်ထားပြီးသော ခေါင်းတလားနှစ်လုံးမှာ ပန်းချီစလုံးရေးသူအား တစ်လုံးစီနာမည်ရေးခိုင်းရသည်။

တိုးမောင်

အသက်(၃၂)နှစ်

မြင့်အောင်

အသက်(၃၃)နှစ်

ဟူသောစာတမ်းပါအမည်များကို ခေါင်းတလားတစ်လုံးစီမှာ ရေးခိုင်းခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စဝိစ္စများ ပြီးစီးသွားသောအခါမှ ကြိုးတိုက်ခန်းဆီ ပြန်လာခဲ့ရသည်။

ထိုစဉ် ဂိတ်တံခါးတာဝန်ကျဝန်ထမ်းတစ်ဦးမှ ထောင်ကျောင်း၏ဆရာတော်ဦးကုမာရ ကြွချီလာသဖြင့် ပင့်ဆောင်လာသည်။ ကြိုးတိုက်ခန်းလေးရှေ့မှာ နှစ်ဦးသားအတူတူထိုင်စေလျက် အရှင်လတ်လတ် သရဏဂုံဆောက်တည်ပေးနေသည်။

ထို့နောက် ဆရာတော်ပြန်လည်ကြွချီရန်ပြင်ဆင်၍ ကြိုးတိုက်ဝင်းထိပ်ထိလိုက်လံပို့ပေးခဲ့သည်။ ယင်းကဲ့သို့



ဆရာတော်မှာ သရဏဂုံကို ဆောက်တည်ပေးပြီးနောက်ပိုင်း ကြိုးသမားနှစ်ဦးစလုံး ကြောက်ရွံ့ထိတ်လန့်စိတ်များ ပိုမိုကြီးထွားလာနေသည်။ ညဘက် ထ… ခြုံရေးကင်းများကို တိုးချဲ့ထားပေးခဲ့ရသည်။

သည်ကြားထဲကြိုးသမားတိုးမောင်၏တောင်းဆိုချက်အရ ရမ်ပုလင်းတစ်လုံးနှင့် ခေါက်ဆွဲကြော်ကို ဝန်ထမ်းတစ်ဦးအား မြမန်းမေခေါက်ဆွဲဆိုင်မှ ဝယ်ခိုင်းပြီး ပို့ပေးရသည်။ ညဥ့်နက်လာသည့်တိုင် ကြိုးသမားတိုးမောင်ကတော့ အရက်သောက်လိုက်၊ ခေါက်ဆွဲစားလိုက် လုပ်နေပြီး ဝန်ထမ်းတစ်ဦးနှင့်အတူ ကျားထိုင်ထိုးလျက်ရှိနေသည်။

မြင့်အောင်ကတော့ သရဏဂုံ

www.burmeseclassic.com



တည်ပြီးကတည်းမှ မိမိအိပ်သော ကွပ်ပျစ်အနိမ့်လေးပေါ်မှာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည့် ကုသိုလ်ကောင်းမှုများကိုသာ ကျင့်ကြံပွားများနေသည်။

ညဉ့်နက်သည့်တိုင်အကျဉ်းထောင်ကြီးတစ်ထောင်လုံးမှာ ညဘက်ခေါက်သောကင်းသံချောင်းခေါက်သံများမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။ ယင်း နာရီသံချောင်းခေါက်နေသံများကို ကြားနေရသော ကြိုးသမားနှစ်ဦး၏ရင်မှာ သေခြင်းတရားက တဖြည်းဖြည်း နီးကပ်လာနေသည်ကို ရင်ဖိုမောစွာ စောင့်စားနေကြရသည်။

"နောင် ... ဒူဝေ .. ဒူဝေ"

နံနက်ခင်းမိုးသောက်ရောင်နီမပေါ်မီ မှောင်မှောင်မည်းမည်းအချိန်မှာပဲ ကြိုးတိုက်ခန်းရှေ့ မြေနီလမ်းလေးပေါ်မှာ ဝန်ထမ်းတစ်စုကတော့ စိတ်မချမ်းမြေ့စရာ ကိစ္စတစ်ခု ဆောင်ရွက်ရန် နိဗ္ဗာန်ဆော်၏ ကြေးစည်တီးသံ လွင်လွင်သာသာ ကြားနေရသည်။

ကြိုးတိုက်ခန်းထဲမှ ကြိုးသမားနှစ်ဦးကို ဝတ်ရုံဖြူအင်္ကျီကြီး နောက်ပြန်ဝတ်စေလျက် လက်နှစ်ဘက်ကို လက်ထိပ်ခတ်ထားခြင်း ခံနေရသည်။ ရှေ့မှဝန်ထမ်းတစ်ဦးက ဦးဆောင်လျက် ကြေးစည်သေးသေးလေးကို လက်ကိုင်ဘုဖြင့်ထုလျက် ဦးဆောင်သွားနေသည်။

နောက်မှ ဝန်ထမ်းတစ်ဦးသည် ကြေးဆင်းတုတော်လေးတစ်ဆူကို ခေါင်းပေါ်တင်ရွက်လျက် နောက်မှကပ်လျက် လျှောက်လာနေသည်။ ယင်းတို့နောက်မှ ကြိုးသမားနှစ်ဦးကို ဝန်ထမ်းနှစ်ဦးစီ တစ်ဘက်တစ်ချက်မှာ ချုပ်ကိုင်လျက် ခေါ်ဆောင်လာနေသည်။

ထုံးစံအတိုင်း ကြိုးသမားများမှာတော့ တုန်တုန်ယင်ယင်နှင့် ချောက်ချောက်ချားချား ဖြစ်ပေါ်ခံစားလျက် လိုက်ပါလာနေကြသည်။ ဝန်ထမ်းများမှ တွန်းထိုးရုန်းကန်ရင်း ဆွဲခေါ်လာနေရသည်။ ကြိုးသမားတို့၏လျှောက်လှမ်းနေသော ခြေထောက်များမှာ အားအင်ချည့်နဲ့နေသလို ခြေမခိုင်ဘဲ ရုန်းကန်လျက် လိုက်ပါလာနေကြသည်။

နံနက်ခင်း ဝေလီဝေလင်းအချိန် အလင်းရောင်မပို့တပီ ဝိုးတဝါးအောက်မှာ ကြေးစည်သံလေးသာ ကြိုးစင်သို့သွားရာ မြေနီလမ်းကလေးတစ်လျှောက်မှာ စီစီညံညံကြားနေရသည်။ ရှေ့ကိုက်နှစ်ဆယ်လောက် ရောက်သောအခါ ကြိုးစင်ကြီးကို ညအမှောင်အောက်မှာ လရောင်အလင်းဖျော့ဖျော့ဖြင့် ဝိုးတိုးဝါးတား မြင်နေရသည်။

ကြိုးစင်အောက်ခြေသို့ရောက်ရှိလာသောအခါ ကြိုးစင်ဘေးမြေကွက်လပ်ဝယ် ထောင်တာဝန်ခံအရာရှိဖြစ်သူ ထောင်ပိုင်ကြီးနှင့်အတူ ထောင်ဆရာဝန်ကြီး၊ တရားသူကြီးမင်းနှင့် ရဲအုပ်ကြီးတို့ အတူတကွ စောင့်ကြည့်နေသည်။

ကြိုးစင်ပေါ်ရှိ သံယက်မတန်းမှာ စောစောကတည်းမှ ချိတ်ဆွဲ တပ်ဆင်ထားသော မနီလာကြိုးနှစ်ချောင်းမှာ နံနက်ခင်း လေပြေလေညှင်းတိုက်စဉ်ကလေးပုခက်လွှဲသလို ယိမ်းနွဲ့လှုပ်ရှားနေသည်။ ယင်းကြိုးစနှစ်ချောင်းကို မြင်နေရသူ ကြိုးသမားနှစ်ဦးမှာ ဆောက်တည်ရာမရအောင် တုန်လှုပ်ယိမ်းထိုးနေသည်။

ကြိုးသမားတစ်ဦးချင်းစီကို လှေကားမှခေါ်တင်လာခဲ့ပြီး အံဖုံးတံခါးပေါ်မှ ရပ်စေသည်။ နှစ်ယောက်အတူတူဆုံရပ်မိတော့မှ မနီလာကြိုးကို လည်ပင်းမှာ ကွင်းလျှောလုပ် တပ်ဆင်လိုက်သည်။ ပြီးမှ မျက်နှာကို အဝတ်ဖြူခေါင်းစွပ်စွပ်ထားပေးလိုက်သည်။

ယင်းသို့ . ဆောင်ရွက်ပြီးစီးသွားသောအခါ ကြိုးစင်ဘေးနေရာမှ ငှစောင့်

မီးဖိုထဲမှာ ထမင်းအိုးတည်နေတုန်း . . . ပန်းကန်စင်ပေါ်မှာထောင်ပြီး
တင်ထားတဲ့ ဒန်အိုးတစ်လုံးဟာ ပန်းကန်စင်ကနေ ရုတ်တရက်လိမ့်ကျသွားတယ်၊
နောက် ကြမ်းပြင်ပေါ်လည်းမကျဘဲ ဒေါင်လိုက်ထောင်လျက်ရှိနေတာကို မြင်လိုက်ရတော့
သူ့ စိတ်စွဲလန်းလွန်းတဲ့ ကျွန်မတို့အိမ်ဆီကို
တစ်စုံတစ်ရာအသိပေးသလို ပြုမူခဲ့ဟန်တူပါတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသော ထောင်ပိုင်ကြီးနှင့် ညွှန်ကြားသည်တော်များသည် မိမိမျက်စိရှေ့မှောက်မှာ လူနှစ်ယောက်အား အရှင်လတ်လတ် ကြိုးပေးသတ်ခြင်းကို ရင်ဖိုမောစွာ စောင့်မျှော်ကြည့်နေကြသည်။

ကြိုးစင်ထောင့်နေရာဝယ် ကြိုးသမားအများစုကို ကိုယ်တိုင်ဒေါက်ဖြုတ်လေ့ရှိသော မောင်မောင်ဆိုသူဝန်ထမ်းက စောင့်ကြည့်နေလေသည်။ ယင်းဝန်ထမ်းမှာ အကျဉ်းထောင်လောကဝယ် ဒေါက်မောင်မောင်ဟူ၍ နာမည်ကြီးနေသူဖြစ်သည်။ ဒေါက်ဖြုတ်ချမည့် မောင်းတံကို လက်ဖြင့်ဆုပ်ကိုင်ထားကာ ထောင်ပိုင်ကြီးထံမှ အချက်ပေးချက်ကို စောင့်မျှော်နေသည်။

မကြာမီ ထောင်ပိုင်ကြီးသည် ကျွန်ုပ်အား မျက်နှာရိပ်မျက်နှာကဲလှမ်းကြည့်လိုက်ပြီး အားလုံးအဆင့်သင့်ဖြစ်အိုကေသည်ဟု ခေါင်းညိတ်ပြလိုက်စဉ် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပုဝါအဖြူကိုထုတ်၍ လေမှာ ဝှေ့ယမ်းပြလိုက်သည်။

"ဂျိုင်း"

"ဝုန်း"

လူခန္ဓာကိုယ်နှစ်ဦး၏ အလေးချိန်ကြောင့် ကြိုးစင်အံဖုံးပြားကြီးနှစ်ချပ်သည် အရှိန်နှင့် ဝုန်းခနဲပွင့်ကျသွားလေသည်။ ကြိုးစင်ယက်မတန်းပေါ် ချိတ်ဆွဲတပ်ဆင်ထားသော မနီလာကြိုးနှစ်ချောင်းမှာ လှုပ်ခါယမ်းလျက်ရှိနေသည်။

ထိုအချိန်တွင် ကြိုးစင်ဘေးရှိ ညောင်ညိုပင်ကြီးပေါ်မှာ အိပ်တန်းပာက်နေသော ကျီးတစ်သိုက်မှာ တိတ်ဆိတ်နေအံ့ဩ ပုန်းသုံသောမြည်ဟီးသံကြောင့် လန့်ဖြတ်ကာ ကောင်းကင်ယံမှာ ထပျံဝဲလျက်ရှိနေသည်။

ဿ ဿ ဿ

နောက်တစ်နေ့—

"ဆရာ ... ကျွန်မယောက်ျားကိုမြင့်အောင်ကို ကြိုးပေးလိုက်ပြီလား"

ထောင်တံခါးဝမှာ လာရောက်စုံစမ်းမေးမြန်းနေခဲ့သော မြင့်အောင်၏ဇနီးကို တွေ့မြင်လိုက်ရသည်။

"ဟုတ်တယ် သမီး ကြိုးသမားနှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း ကြိုးပေးကွပ်မျက်လိုက်ပြီးပြီ"

"အင်း ... ဟုတ်မှာပါ၊ သူက မနေ့ညနေမသေမီမှာ .. ထောင်ဝင်စာလာတွေ့တုန်း ကျွန်မဆီကို အရောက်ပြန်ခဲ့မယ်လို့ ပြောကြားလာခဲ့တယ်၊ အဲဒါ .. တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်ကြည့်နေတာ မနက်မိုးလင်းခါနီးအချိန်မှာ ... ရွာထဲကြွလာတဲ့ သံဃာတော်တွေကို တန်းဆွမ်းလောင်းမယ်လို့ မီးဖိုထဲမှာ ထမင်းအိုးတည်နေတုန်း .. ပန်းကန်စင်ပေါ်မှာထောင်ပြီး တင်ထားတဲ့ ဒန်အိုးတစ်လုံးဟာ .. ပန်းကန်စင်ကနေ ရုတ်တရက်လိမ့်ကျသွားတယ်၊ နောက် ... ကြမ်းပြင်ပေါ်လည်းမကျဘဲ ဒေါင်လိုက်ထောင်လျက်ရှိနေတာကို မြင်လိုက်ရတော့ .. သူ စိတ်စွဲလန်းလွန်းတဲ့ ကျွန်မတို့အိမ်ဆီကို တစ်စုံတစ်ရာအသိပေးသလို .. ပြုမူခဲ့ဟန်တူပါတယ်၊ ဒါကြောင့် ... ကျွန်မ သူ့ကို ကြိုးပေးပြီးမပြီး လာစုံစမ်းတာ ပါ ဆရာရယ်"

"ဟုတ်မှာပေါ့သမီးရယ် ... သူ့စိတ်ဝိညာဉ်က သူစွဲလန်းတပ်မက်တဲ့နေရာကို စိတ်စွဲပြီး ရောက်လာတာနေမှာပေါ့ .. သူ့ရဲ့ဝိညာဉ်က .. မကျွတ်မလွတ်နိုင်ဘဲ ရှိနေလို့ဖြစ်မှာပါ"

"ဩော် .. ကိုမြင့်အောင်ရေ .. ရှင်ကတော့ ကျွန်မတို့သားအမိကို ထာဝရ ထားသွားခဲ့ပြီနော် အီး ဟီး"

ကျွန်ုပ်လည်း ဝမ်းနည်းစိတ်ဖြင့် ရုတ်တရက် ထငိုကြွေးနေသော ကြိုးသမားမြင့်အောင်၏ဇနီး မငွေးကို နှစ်သိမ့်ချော့မော့ပေးနေခဲ့သည်။

"ကဲ .. သမီးရယ် ... ခုမှတော့ ဘာမှ မတတ်နိုင်တော့ပါဘူးကွယ်၊ သတ္တဝါတစ်ခု .. ကံတစ်ခုလို့သဘောထားလိုက်ပါ .. သမီးယောက်ျားရဲ့ အတိတ်က ဝဋ်ကြွေးတွေရှိနေခဲ့ရင် ပြေလည်အောင်ပေးဆပ်ပြီးလို့ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်းဝေပေးလိုက်ပါတော့"

ကျွန်ုပ်သည် မြင့်အောင်၏ဇနီးသည်အား လိုအပ်သည်များကို မှာကြားပြောဆိုကာ လေးလံသောခြေလှမ်းများဖြင့် မိမိအိမ်ဆီသို့ ပြန်လာခဲ့လေတော့သည်။

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com





## မအေးလိုတဲ့ Coffee

ခုံတစ်လုံးကို နှစ်လုံးလုပ်ထိုင်
ကော်ဖီတစ်ခွက်ဟာ တို့နှစ်ယောက်တွက်ပါ
တစ်ယောက်က ခွက်ကိုင်လို့
တစ်ယောက်က ကော်ဖီထုပ်ဖောက်လို့
ရေနွေးပူ အတူထည့်
မျက်စတွေပစ်ပြီး မွှေခဲ့တယ်
အကြင်နာပန်းတွေ ဖူးပွင့်ခဲ့တယ်
သံယောဇဉ်ကြိုးတွေ ခိုင်မြဲခဲ့တယ်
မပြေဖျော်ဘဲ ပျော်မြူးခဲ့တယ်
အနန်းလေးတွေ ပျံဝဲခဲ့တယ်
အချစ်ကြောင်းလည်း ခဏခဏပြောခဲ့တယ်
အတူရှိစဉ်က
လေညင်းလေးဟာ မှိတ်ထားဘဲ့ ကာရံတစ်ခု
ခုံတန်းလေးကတော့ သာယာသောခိုနားရာ
ကော်ဖီလေးကတော့ ပူနွေးခဲ့ပါတယ်
အတူနေစဉ်က အချစ်တွေ ကွန့်မြူးခဲ့ပါလျက်
ခုကျတော့ ..
အရာအားလုံးက မသာယာနိုင်ခဲ့
ကော်ဖီ (coffee)ဟာလည်း အေးသွားပြီပဲ။ ။

ချစ်လူ(တက္ကသိုလ်)

## ချစ်သောအညာသို့

လွမ်းရပါသည်
ဌာနီရယ်ဝေး
ထိုရွာလေးမှာ
ငယ်သူချင်း
ရောင်းရင်းတစ်တွေ
အပေါင်းအသင်းတွေနဲ့
ဖြူဖြူသွယ်လျ
ချစ်နှမငယ်
အဘယ်ဆီမှန်း
ယောင်ယမ်းတမ်းမျှော် ..
သြော် .. ဒီဘဝ
ကြုံရာဒေသ
ဝမ်းကတစ်ထွာ
မအားနိုင်ရှာဘူး
လောကဓံပလီ
အနုအကြမ်းမညီလို့
အလှမ်းဝေးသီ
ချမ်းအေးကြည်တဲ့
တို့တော တို့ရွာ
တို့အညာကိုလျှင်
အသိရင်မှာထား
သတိရပါသော်ငြား
ကံမဆိုင် မပြန်နိုင်ဖြစ်ရလို့
အမှန်ပိုင် တိုင်တည်မိသည်က
အို .. လွမ်းရ ရက်များ ..။ ။

ကိုစွာ(ဖန်ခါးမြေ)





www.burmeseclassic.com

www.burmeseclassic.com






(က)

လမိုက်ည ဖြစ်သည်။

လရောင်မဲ့ညမို့ တဖျတ်ဖျတ် လက်ပနေသည့် မှိန်ပျော့ပျော့ ကြယ်ရောင်သာ ရှိသည်။

မြစ်မခတစ်ရွာလုံး အိပ်မောကျစ၊ ရွယ်လယ်မီးကင်းတဲမှ ည(၁၁)နာရီသံချောင်းခေါက်သံက အလင်းမှိန်ည၏ ရင်ခွင်ထဲသို့ စီးမျောတိုးဝင်လာချိန် ...

ရွာလယ်ပိုင်းဆီမှ ဆူဆူညံညံအသံများ ထွက်လာသည်။ လူသံနှင့် စူးစူးဝါးဝါး ခွေးဟောင်သံများ။ အထိတ်တလန့်ဖြင့် တစ်ရွာလုံးလိုလို လန့်နိုးသည်။ ဆူသံညံသံများကို နားစွင့်ကြသည်။

သည်တော့မှ ...

အကြောင်းအရင်းကို သိကြသည်။ တခြား ဟုတ်ပါရိုးလား။ တွတ်နီ၏ ငှက်ဆိုးထိုးသံ။ တွတ်နီတစ်ယောက် ထုံးစံအတိုင်း မူးမူးရူးရူးဖြင့် ရွာရိုးလျှောက်၍ အော်ဟစ်ဆဲဆိုနေသံကြောင့် ခွေးတစီစီဖြစ်နေ၏။

အကြောင်းသိသွားပြီဖြစ်၍ မည်သူမျှ အသက်ကိုပင် ရဲရဲမရှူဝံ့ကြတော့။ တစ်အိမ်စ၊ နှစ်အိမ်စ မီးလင်းနေသေးသော အိမ်များပင်လျှင် မီးခွက်များကို ကပျာကယာ မှုတ်၍ ငြိမ်နေလိုက်ကြသည်။ ပြီးနောက် ...

နားကို ခေါင်းအုံးနှင့် ပိတ်ပြီးလျှင် မပျော်ပျော်အောင် အိပ်ရုံသာ ... သည်ရွာတွင် တွတ်နီနှင့်ဖက်၍ ရန်ဖြစ်ချင်သူမရှိ၊ တွတ်နီနှင့် ထိပ်တိုက်ရင်ဆိုင် မတွေ့မိစေရန် ရှောင်ကြသည်။

သည်မို့လည်း ...

တွတ်နီ သည်မျှ ရောင့်တက်နေခြင်းပါ။ တွတ်နီကို ယှဉ်၍ ခိုက်ရန်မဖြစ်ပွားရအောင် ရှောင်ခြင်းမှာ တွတ်နီကို ကြောက်၍မဟုတ်၊ သူရဲဘောနည်း၍လည်း မဟုတ်၊ တွတ်နီနောက်မှာ ငွဲ့ညှာထောက်ထားစရာ တစ်နွယ်ငင်တစ်စင်ပါများကြောင့် ဖြစ်၏။

ဤသည်ကို အဟုတ်ကြီးမှတ်ပြီ လျှင် ထင်တိုင်းကြဲနေသော တွတ်နီမှ ... ဟိုး ... လွန်ခဲ့သည့် နှစ်(၃၀)က လွန်စွာလူချစ်လူခင်ပေါများခဲ့သည် တွတ်နီလေးနှင့် ယခုလူဆိုးလူမိုက်ဖြ ဖြစ်နေသော တွတ်နီမှာ မိုးမြေမျှ ကွာ ခြားသွားခဲ့ပြီ။ ဟိုတုန်းဆီကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



(ခ)

မြစ်မခရွာမှာ အိမ်ခြေ(၂၀၀)ခန့် ရှိသည့် ရွာကြီးဖြစ်သည်။ ရိုးမတောင်တန်းကြီးကို မြစ်ဖျားခံ၍ စီးဆင်းလာသော မြစ်မခမြစ်ကြီးကို အစွဲပြု၍ မြစ်မခရွာဟု အမည်တွင်ခြင်း ဖြစ်၏။

မြစ်မခရွာသားများဖြစ်သော ဦးမောင်မောင်နှင့် ဒေါ်မြရှင်မှာ ရွာ့မျက်နှာဖုံး ကြေးရတတ်များ ဖြစ်သည်။ မျိုးနှင့်ရိုးနှင့်ချီ၍ ကြွယ်ဝချမ်းသာလာသူများ ဖြစ်၏။ သူတို့တွင် ဆန်စက်ရှိသည်။ ဆီစက်ရှိသည်။ သစ်ခွဲစက်လည်း ရှိသည်။ မြစ်ထဲတွင် ပြေးဆွဲနေသော ကူးတို့မော်တော်ကိုလည်း ထောင်ထားလိုက်သေး၏။ မြစ်မခရွာပတ်ဝန်းကျင်ရှိ လယ်ယာမြေများတွင် ဦးမောင်မောင်၏ လယ်မြေများမှာ လက်ညှိုးထိုး၍ မလွဲ၊ ကေတော်တော်များများကို ပိုင်သည့် လယ်ပိုင်ရှင်စက်သူဌေးကြီး။

သည်ရွာတွင် ဦးမောင်မောင်၏ ဩဇာကို လွန်ဆန်ဝံ့သူ မရှိ။ ဝါးလုံးဆိုလျှင် ဝါးခြမ်းပါဟု စောဒကမတက်။ ဦးမောင်မောင်က ဟော့ဆိုလျှင် မီးကို ရေနှင့် သတ်လျှင်ပင် ရှဲခနဲ မြည်ဦးမည်။ သည်ရွာမှာက တုပ်တုပ်မျှပင် မလှုပ်တော့။

ဤသို့ဦးမောင်မောင်၏ ဩဇာအရှိန်အဝါကြီးမားရခြင်းနှင့် ဦးမောင်မောင်ကို ချစ်ကြောက်ရိုသေကြခြင်းမှာ မြစ်မခတစ်ရွာလုံး ဦးမောင်မောင်နှင့် မကင်းနိုင်ကြ၍ ဖြစ်သည်။ တချို့မှာ ဦးမောင်မောင်ပိုင် လယ်ယာမြေများတွင် သီးစားချပေးထားသဖြင့် လယ်ငှားများအဖြစ် လုပ်ပိုင်ခွင့်ရနေသူများဖြစ်သကဲ့သို့ တချို့မှာ သစ်စက်၊ ဆီစက်၊ ဆန်စက်နှင့် ကူးတို့မော်တော် အလုပ်သမားများအဖြစ် ဦးမောင်မောင်၏ စီးပွားရေးယန္တရားများတွင် အခကြေးငွေစား၍ လုပ်ကိုင်ခွင့် ရကြသူများ ဖြစ်သည်။

ကုန်ကုန်ပြောရလျှင် သည်တစ်ရွာလုံး ဦးမောင်မောင်နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသူများချည်း ဖြစ်သည်ဟူ၍ပင် ဆို၍ရသည်။ တစ်ဖန် ဆွေရိပ်မျိုးရိပ်လည်း မကင်းကြ။ အနည်းစုဖြစ်သော ဆွေမတော် မျိုးမတော်သူများမှာလည်း ဦးမောင်မောင်နှင့် ဒေါ်မြရှင်တို့၏ ကျေးဇူးနှင့် မကင်းကြပြန်။ မည်သူမဆို သာရေး၊ နာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ အကူအညီလိုလျှင် အချိန်မရွေးသွားတောင်း ...၊ စိမ်းသည်ကျက်သည် သဘောမထား၊ ခေါင်းခါလွှတ်သည်ဟူ၍မရှိ။ မည်သူ့ကိုမဆို တန်သလောက်တော့ ကူညီလိုက်သည်ချည်းပင်။

ထို့ကြောင့်ပင်လျှင် ...

တစ်ရွာလုံးက ဦးမောင်မောင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ လေးစားကြည်ညိုကြသည်။ ဤသို့ ဦးမောင်မောင်ဆိုလျှင် လက်ညှိုးညွှန်ရာ ရေဖြစ်သကဲ့သို့ ပြောလျှင်ပြောသလို ငြိမ်းသော်လည်း ဦးမောင်မောင်ဆိုသူမှာ စိတ်ကောင်းနှလုံးကောင်းရှိသူပီပီ လူအကြည်ညိုပျက်အောင် ဘယ်တော့မှ မနေ။ စကားကို ဘယ်တော့မှ အလွယ်မပြော။ ဆိုခဲ့သည့် မြွသည်ဆိုသည့် လူစားမျိုး။ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍လည်း ဆိုဖွယ်မရှိ။ ကြာတော့ ဦးမောင်မောင်ကို တစ်နယ်လုံးကပင် လေးစားကြည်ညိုကြတော့သည်။ စီးပွားရေး၊ လူမှုရေးဂုဏ်သိက္ခာနှင့် အောင်မြင်ကျော်ကြားခြင်း စသည်ဖြင့် အဖက်ဖက်က ပြည့်စုံသော ဦးမောင်မောင်တွင် မပြည့်စုံသည်က အသက်လေးဆယ်ကျော်သည်အထိ သားသမီး မရခြင်း ...။

သည်အချက်ကြောင့်ပင် ဇနီးမောင်နှံ နှစ်ယောက်စလုံး ရှူးမတတ်ခံစားနေရစဉ် တစ်နေ့သ၌ ...

ဇနီးသည် ဒေါ်မြရှင်က သူ့တွင် ပဋိသန္ဓေ လွယ်ထားရပြီဟု ဦးမောင်မောင်ကို ဖွင့်ပြောလာသောအခါ ...

◆ ◆ ◆

(ဂ)

အသက်လေးဆယ်ကျော်မှ ကံပေါ်လာသော သားကလေးကို တွတ်နီဟုအမည်မှည့်လိုက်သည်။ တွတ်နီလေးမှာ ဖြူဖြူစင်စင် ချောချောလှလှလေးဖြစ်၏။ ချစ်စရာအလွန်ကောင်းသည်။ စကားကလည်း အရွယ်နှင့်မလိုက်အောင် တတ်သည်။ မည်သူမျှ မချစ်ဘဲ မနေနိုင်အောင် ချစ်မွေးပါလာသည်။ မြစ်မခတစ်ရွာလုံး၏ အသည်းနှလုံးဟူ၍ ပြောလျှင်ပင်ရသည်။ အားလုံး၏ အချစ်တော် တွတ်နီ ...

ဦးမောင်မောင်နှင့် ဒေါ်မြရှင်မှာ တစ်ဦးတည်းသောသားကလေးကို ငုံမထားရုံတမည်။ ဦးမောင်မောင်ဆိုလျှင် သားကလေးကို ကမ်းကုန်အောင် အလိုလိုက်သည်။ သားလိုချင်၍ ပူဆာလျှင် တပည့်နောက်လိုက်များကို မရရအောင် ရှာပေးခိုင်းသည်။ တပည့်များကလည်း ရအောင်ရှာပေးခဲ့သည် ချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် တွတ်နီလေးက ရွှေလင်ပန်းနှင့် အချင်းဆေး၍ မွေးခဲ့သူ ပီပီ လိုတရာဘဝဖြင့် ကြီးပြင်းခဲ့သည်။ ဦးမောင်မောင်မှာ သားကလေးကို မည်မျှချစ်၍ မည်မျှအလိုလိုက်သနည်း ဆိုလျှင် ...

တစ်ခါက ...

တွတ်နီ၏ ခေါင်းတွင် အနာစိမ်း ပေါက်သည်။ ပြည်တရွှဲရွှဲ ယင်တ လောင်းလောင်းနှင့်။ ကလေးခမျာ နာလွန်းသဖြင့် တငိုငိုတရယ်ရယ် ဖြစ်နေရှာ၏။ ဆေးဆရာခေါ်ပြရာတွင် ဆရာက ဆံပင်များ ရှိနေခြင်းကြောင့် ဆေးထည့်ဖို့ ခက်သည်။ ခေါင်းတုံး တုံးရမည်ဟု ဆို၏။ ဦးမောင်မောင်က ဆံညှပ်ဆရာကို ခေါ်၍ သူ့သား အနာ သက်သာအောင် ညှာညှာတာတာ ခေါင်းတုံး တုံးခိုင်းသည်။ ဆံပင်ညှပ် ဆရာက ဦးမောင်မောင် ခိုင်းသည့် အတိုင်း လုပ်ပေး မည်ဆို၏။ပြဿနာ မရှိ။ ပြဿနာရှိ သည်က တွတ်နီ။

တွတ်နီက လုံးဝခေါင်းတုံး တုံး မခံ။ ဆံပင်ညှပ် ဆရာ ခေါင်းကို ကိုင် လိုက်သည်နှင့် တက်မတတ်၊ ချက် မတတ် သည်းသည် ထန်ထန် ငိုသည်။ အဖေ ချော့လည်း မရ၊ အမေ ချော့ လည်းမရ။ တခြားမည်သူချော့၍မှ လည်းမရ၊ ဘာလုပ်ဘာကိုင်ရမှန်း မသိ ဖြစ်နေစဉ် ...

တွတ်နီက သူ့ကို ခေါင်းတုံး တုံး စေချင်လျှင် အဖေပါ တုံးရမယ်ဟု ရာဇသံပေးတော့သည်။ မိခင်ဖြစ်သူ ဒေါ်မြရှင်က ကြောက်အောင်လန့်အောင် ရိုက်မောင်းပုတ်မောင်းလုပ်၍ အတင်း ချုပ်ပြီး တုံးခိုင်း၏။ တွတ်နီကလည်း မရမက အသည်းအသန် ငိုသည်။ မတတ်သာသည်အဆုံး သားဖြစ်သူ၏ အလိုအရ ဦးမောင်မောင် သူ့ခေါင်းကို အရင် ခေါင်းတုံးတုံးစေ၏။ သည်တော့ မှပင် တွတ်နီကလည်း အသာတကြည် သူ့ခေါင်းကို အတုံးခံသည်။ ဦးမောင် မောင်တို့ သားချစ်ပုံက သည်နှယ် သျှောင်တစ်လုံး အဆုံးခံသည်အထိပင်။ အရှက်ပြေ သူပြောပုံကလည်း ကြည့် ဦး–

'ခေါင်းတုံး တုံးလိုက်တော့မှ ခေါင်းကို အေးသွားတာပဲကွာ၊ စိတ် လည်း ရှင်းသွားတယ်ကွာ၊ သားကို တောင် ကျေးဇူးတင်ရမယ်ကွ'ဟူ၏။

တွတ်နီ ခုနစ်နှစ်သားအရွယ် ရှင်ပြုစဉ်တုန်းကလည်း သင်္ကန်းဝတ် ပေးမည့်ဆဲဆဲတွင် မဝတ်ဘူးဟူ၍ အကြောက်အကန် ငြင်းသည်။ အဖေ ပါ ဝတ်မှ ဝတ်မည်ဟူ၍လည်း ကပ်ဖဲ့ လုပ်သည်။ သားအကြောင်းကို အစဉ်း သိဖြစ်သော ဦးမောင်မောင်ခမျာ အရေးပေါ်ခေါင်းတုံးတုံး၍ ကျောင်းနေ သံဃာတော်တစ်ပါးထံမှ သင်္ကန်းတစ်စုံ ဝတ္တုကပ်၍ အလှူခံပြီး သားရှင်ပြုတွင် သူပါ ကိုရင်ကြီး ဝတ်ရတော့၏။ မတတ်သာ၍ ဘုန်းကြီးဝတ်လိုက်ရ သော်လည်း ဦးမောင်မာင်က သူ့သား ကို အပြစ်မမြင်။

'ငါ့သားကို ကျေးဇူးတင်ရမယ်ကွ၊ ငါ ဘုန်းကြီးဝတ်မယ်၊ ဝတ်မယ်နဲ့ ရည်ရွယ်နေတာ ကြာပြီ၊ သား တိုက် တွန်းလို့ ခုမှပဲ ဝတ်ဖြစ်တော့တယ် ဝမ်း သာတယ်ကွာ ...'

ဤသို့လျှင် အလှူလာသူများကို သူက ပြောသေးသဖြင့် ကြိတ်၍ ရယ်ကြရသည်။ မည်သို့ပင်ဖြစ်စေ ကလေးဘဝ၊ ကလေးအတွေး၊ ကလေး ဆန်ဆန် နွဲ့ဆိုးဆိုးခြင်းမို့ တစ်ရွာလုံး က ရယ်စရာမောစရာအဖြစ် သတ်မှတ် ၍ အပြစ်မမြင်ကြ ခွင့်လွှတ်ကြသည် သာ။

သို့သော် ...

တွတ်နီ တစစ ကြီးပြင်းလာ မိဘများ၏ လုပ်စာကို အမြိုင့်သာ ထိုင်စား၍ သုံးချင်တိုင်းသုံး၊ ဖြုန်းချ တိုင်း ဖြုန်းနေ၏။ အဖက်ဖက်က ပြည့်စုံသည့် မိဘများ၏ တစ်ဦးတည်း သောသားမို့ စားဝတ်နေရေးအတွက် စီးပွားရှာစရာမလိုသည်မှာ မှန်၏။ လူပီသ အောင်လည်း လူ့ဘောင်လောကတွင် လူတစ်ယောက်လုပ်သင့်သည့် အလု များကိုလည်း လက်ကြောတင်းအောင် မလုပ်ချင်။

ဘုန်းတော်ကြီးကျောင်းတွ သေစာရှင်စာ တတ်အောင် သင်သ ကပင် လွန်လှပြီ။ ကျောင်းနှင့်အိမ်ကြ တွင် အပေါင်းအသင်း စုံလာသည် လူပျိုပေါက်ဘဝ ရောက်သည်မှ တွတ်နီတွင် အထိန်းအကွပ်မရှိတော တွတ်နီ မလုပ်ဖူးသည့်အလုပ် မ သလောက်ပင်။ ထင်တိုင်းကြဲ၏။ ခုတေ တွတ်နီဆိုသူမှာ သည်မြစ်မခရွာ တွင် အဖဆုံးမ၊ အမိဆုံးမသော်လည မ...တော့သည့် မိမနိုင်ဖမနိုင် ရာဇ လူဆိုးစာရင်းဝင် ဖြစ်နေ၏။

ငယ်စဉ်က တွတ်နီ ကလေး ဆိုးခဲ့သဖြင့် မြစ်မခရွာသားများ နှုတ် မှ ချစ်စရာကလေး၏ ကပ်တီးက နိုင်မှုများကို အပြစ်မမြင်ဘဲ ရယ်မောခဲ့ကြသော်လည်း သည်အ



www.burmeseclassic.com

www.burmeseclassic.com


ရောက်လာသောအခါ အားလုံး အော့ကြောလန်ကြရတော့၏။ တွတ်နီသည်မျှ ဆိုးသွားရခြင်းမှာ အပေါင်းအသင်းမှား၍ ဖြစ်သည်ဟု ဆိုရမည်။ သူ့အပေါင်းအသင်းများမှာ အရက်သမား၊ ဖဲသမား၊ ကြက်သမားများနှင့် ကောင်းတာမှန်လျှင် အကုန်လုပ်သူများ ဖြစ်၏။ ထိုကဲ့သို့သော လူပေလူတေ၊ လူဆိုးလူမိုက်များ၏ မြှောက်ထိုး ပင့်လုံးများကို နားယောင်မိရာမှစ၍ ဒုစရိုက်နွံထဲတွင် နစ်မွန်းမသိနစ်၍ အဖတ်ဆယ်မရတော့ခြင်း ဖြစ်လေသည်။

◆ ◆ ◆

(ဃ)

ပြောဆိုဆုံးမ၍ မရအောင် ပို၍ပို၍ ဆိုးသွမ်းလာသော သားဖြစ်သူ နောင်ကြဉ်စေရန် ဦးမောင်မောင်က ရဲစခန်းကို ဖမ်းပို့နိုင်းသဖြင့် တွတ်နီ မကြာခဏ ရဲစခန်းရောက်သည်။ အချုပ်အနှောင် ခံရသည်။ ရဲက ရီမန်ယူ၍ ထောင်ကြီးချုပ်ပို့သည်ထိ။ ထိုသို့ ဦးမောင်မောင်က ရှေ့မှ အမှုဖွင့်သည်နှင့် နောက်မှ မိခင်ဖြစ်သူ ဒေါ်မြရှင်က ငွေကို လမ်းခင်း၍ အမှုလိုက်ပိတ်သည်။ တောင်းပန်သင့်သူများကို မျက်နှာအောက်ချ၍ အနူးအညွတ်လိုက်၍ တောင်းပန်သည်။

သည်တော့လည်း သည်နယ်တစ်ဝိုက်တွင် မျက်နှာကြီးလည်းဖြစ် အရှိန်အဝါကြီးသူလည်းဖြစ်၊ ကျေးဇူးမကင်းကြသူများလည်းဖြစ်သော ဦးမောင်မောင်၊ ဒေါ်မြရှင်၏သားမို့ ကာယကံရှင်များက လျှော့တန်သည်ကို လျှော့ပေါ့ပေးကြသည်။ ဦးမောင်မောင်ခမျာ ကြိတ်မနိုင်ခဲမရ ဖြစ်ရှာမှလွဲ၍ ...

'ဒီကောင့်ကို သတ်မယ့်လူ မရှိကြဘူးလား၊ သတ်လိုက်ကြစမ်းပါကွာ၊ သေသွားရင် တစ်ခါပဲ လွမ်းရမယ်'

သည်သို့ ဒေါသအလျှောက် ပြောသည့်အခါ ပြော၍ ...

'အားလုံးကို တောင်းပန်ပါတယ်၊ ကျုပ်မှာလည်း ဒီသားဆိုးသားမိုက်ကြောင့် တစ်နေ့မှ စိတ်ချမ်းသာရတဲ့နေ့ရယ်လို့ မရှိဘူး၊ နားလည်ပေးကြပါ၊ ပြီးတော့ ခွင့်လွှတ်ပေးကြပါ'ဟူ၍လည်း အားလျှော့သည့်လေသံဖြင့် သားဆိုးအဖ ပီပီ ကြုံလို့ခဏခဏစကားစပ်မိတိုင်း တောင်းပန်ရသည်မှာလည်း အမော၊ အကြိမ်ပေါင်းလည်း ရေတွက်မရနိုင်တော့အောင်ပင်။ သည်ကြားထဲ ထစ်ခနဲဆို တွတ်နီက ရိုက်လုက်ပြီ၊ ထိုးလိုက်ပြီ။ လက်ကလည်းယဉ်မှယဉ်၊ တွတ်နီလက်ချက်ကြောင့် ဒဏ်ရာအနာတရဖြစ်သူများအတွက် ခြေသလုံးဖက်၍ ဆေးဖိုးဝါးခ လျော်ရသည်မှာလည်း မနည်းမနော။

'တွတ်နီကို လိမ္မာအောင် ဘယ်လို လုပ်ရမလဲ မသိဘူး၊ သူ့ကိုသာ လိမ္မာအောင် ပြုပြင်ပေးမယ့်သူရှိရင် ကျုပ်စည်းစိမ်အားလုံး ပုံပြီးပေးရမယ်ဆိုရင်တောင် ပေးပါတယ်ဗျာ'.

အားကိုးရှာသည့် စကား ဦးမောင်မောင် ပြောတတ်လာသည်။ တချို့က အိမ်ထောင်ချပေးလိုက်ရင် စိတ်ငြိမ်သွားမယ်၊ ခြေငြိမ်သွားမယ်၊ သူ့သား၊ သူ့မယားနဲ့ ဖြစ်သွားရင် သူ့အလိုလို အသိစိတ်ဝင်ပြီး လူကောင်းဖြစ်သွားမှာပါဟု အကြံပေးကြသဖြင့် ရွာနီးချင်းမှ ရုပ်ချော၊ သဘောကောင်းသည့် မုဆိုးမသမီးလေး မသီတာဆိုသည့် မိန်းကလေးကို ရွှေငွေပစ္စည်းဥစ္စာ ရက်ရက်ရောရောတင်တောင်း၍ မင်္ဂလာအကြီးအကျယ်ဆောင်ပေးလိုက်သည်။

ခဏတော့ ခြေငြိမ်သွားသည် အမှန်။ သို့သော် သိပ်မကြာလိုက်၊ ခွေးမြီးကောက်ကျည်တောက်စွပ်သည်သာ။ ကြာတော့ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုသကဲ့သို့ ချွေးမနှင့် မြေးအတွက်ပါ သားမိုက်ကြောင့် သောကပိုနေရပြီလေ။

ခုတော့ ဦးမောင်မောင် မီးစာကုန်၍ ဆီခန်းဘ၀ ရောက်နေပြီ၊ အသက်(၇၀)ကျော်သည်ထိ သောကနှင့် ဗျာပါဒတွေဖြင့် ထွေးလုံးရစ်ပတ်နေရသဖြင့်ခမျာ အိပ်ရာထဲမှာ ဗုန်းဗုန်းလဲ၍ နေ့လားညလား ဖြစ်နေရှာပြီ။ ရွာသူရွာသားများမှာ ဦးမောင်မောင်အိမ်မှငိုသံကို နားစွင့်နေကြရသည့် အခြေအနေ ...

◆ ◆ ◆

(င)

ဤသို့ ဖခင်ကြီး၏ နောက်ဆုံးအချိန်တွင် ...

တစ်ဦးတည်းသောသားဖြစ်သူ တွတ်နီအနေဖြင့် အနီးမှာနေ၍ ဘ၀ကူးကောင်းအောင် အားပေးနှစ်သိမ့်နေရမည့်အစား ... အသိတရားမရှိသည့် တွတ်နီကတော့ အစားမပျက်၊ အသောက်မပျက်၊ မျက်နှာတစ်စက်မညိုးဘဲ ထင်တိုင်းကြဲနေဆဲ၊ သည်ညလည်း အချိန်မတော်၊ အကြောင်းမရှိအကြောင်းရှာ၍ နောက်တော်ပါ တပည့်လက်သား အစုံအလင်နှင့် အော်ဟစ်ဆဲဆိုရင်း လျှောက်လာခဲ့သည်မှာ ရွာလယ်ပိုင်းသို့ပင် ကျော်လာခဲ့ပြီ။


www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံး ငြိမ်နေလေလေ တွတ်နီက ပိုကဲလေ ...။

'ဟေ့ အားလုံး ...ပဲကွ၊ ငါ... မသားတွေ၊ မိုက်တဲ့ကောင်ထွက်စမ်း၊ တွတ်နီတဲ့ကွ၊ ဘယ်သူ့ကိုမှ ... ဂရုမစိုက်ဘူး၊ ဒီရွာမှာ တွတ်နီ ဂရု စိုက်ရမယ့်သူလည်း မမွေးသေးဘူး၊ တွတ်နီဆိုတဲ့ကောင်က ထောင်ကို ခြင်ထောင်လို သဘောထားတဲ့ကောင်၊ ထောင့်အပြင် တန်းမရှိတဲ့ကောင်၊ အားလုံးကို ငါ–မသားချည်း ထင်တယ်၊ သတ္တိ ရှိရင် ထွက် ...အေ့ ...'

တွတ်နီက အယုတ္တ၊ အနတ္တ ဖရုသဝါစာ စကားလုံးများဖြင့် မကြားဝံ့ မနာသာအောင် အော်ဟစ်ဆဲဆိုရင်းမှ အော့ခနဲ ကြို့တစ်ချက်ထိုးသည်။ နောက်တော်ပါ တပည့်တစ်ယောက်က အရက်တစ်ခွက်ငှဲ့၍ တွတ်နီကို ပေးသည်။ တွတ်နီကလည်း ဆတ်ခနဲယူ၍ ဂွပ်ခနဲ သောက်ချလိုက်၏။

ထိုအချိန်မှာပင် လက်နှိပ်ဓာတ်မီးရောင်တစ်ချက် ဝင်းခနဲပေါ်လာ၏။ ဓာတ်မီးရောင်က တွတ်နီမျက်နှာကို မိမိရရ ထိုးမိသွားသဖြင့် မျက်လုံးအစုံ ပြာဝေသွားသည်။ သည်ဓာတ်မီးရောင်က တွတ်နီ၏ ဒေါသအိုးကို တုတ်နှင့်ထိုးလိုက်သလိုပင် ...

'ဟာ ...ငါ့ကို ဓာတ်မီးနဲ့ထိုးတာ ဘယ်မအေ–ကောင်လဲကွ၊ ပေးစမ်း၊ ငါ့ဓား'

'ဒီမှာ အာစရိ၊ ရော့ ...ဒါဟာ အာစရိကို သွေးတိုးစမ်းတာဗျ၊ လူပါးဝတဲ့ကောင်ကို ဆုံးမလိုက်စမ်းပါဗျာ'

'နောက်တော်ပါ တစ်ယောက်က တွတ်နီလက်ထဲသို့ အရှိုးအသွား(၁၀) လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်း ထည့်ပေးရင်း မြှောက်ထိုးပင့်ကော်လုပ်၏။ ဓားမြှောင်က မှုန်ပျပျ ကြယ်ရောင်ဖြင့် ဖျတ်ခနဲ တစ်ချက်လက်သွား၏။

လက်နှိပ်ဓာတ်မီးနှင့်လူက တွတ်နီနှင့် တစစနီးလာ၏။ တွတ်နီ အံကိုတင်းတင်းကြိတ်သည်။ ဆုပ်ကိုင်ထားသည့် ဓားကို အသင့်ပြင်၏။ တွတ်နီဘေးမှာ ရံထားသည့် သူ၏သေဖော်ရှင်ဖက်၊ ဆိုးဖော်တေဖက်၊ မြှောက်စားပင့်စားသမားတွေမှာလည်း အုပ်စုဖွဲ့၍ ရမ်းကားရန်အသင့်၊ တဒင်္ဂတိတ်ဆိတ်သွားသည့်ညကို တွတ်နီ၏ အောက်ဂလိအာသံကြီးက ထွင်းဖောက်လာပြန်၏။

'ဟေ့ကောင် ရှေ့မတိုးနဲ့ ရပ်လိုက်၊ မင်းဘယ်သူလဲ ပြောစမ်း'

သည်ရွာတွင် သူ့ကို မည်သူမျှ ယှဉ်ဝံ့သူ ခွာရာချင်း တိုင်းဝံ့သူ မရှိမှန်းသူ အသိဆုံး ...။ အခု ဒီကောင်က ဘာကောင်မို့ တွတ်နီကို စိန်ခေါ်ဖို့ လာသည်ကို သူကိုယ်တိုင်လည်း သိချင်ပုံရသည်။

'ဟေ့ ...မေးနေတယ်လေ၊ မင်း ဘယ်သူလဲ'

'ငါ ဘယ်သူလဲဆိုတာ မသိသေးရင် သိအောင် သေချာကြည့်လိုက်စမ်းပါဦး ...တွတ်နီ'

တစ်လုံးချင်း တုံ့ပြန်လိုက် သံက အေးချမ်းသည်။ ဒေါသ၊ မာန်မာနသံ လုံးဝမပါ။ အမူးလွန် နေသဖြင့် မျက်လုံးတွေ ဝါးမှုန် နေသောကြောင့် လူလုံးမကွဲသော် လည်း အသံကို ကျွမ်းဝင်သွားသဖြင့် တွတ်နီ ဆတ်ခနဲ ငုန့်သွားသည်။ နှုတ်မှလည်း အထစ်ထစ်အငေါ့ငေါ့ စကားများ အလျင်စလို ထွက်လာ၏။

'ဦး ...ဦးပဍ္ဍင်းက ဘာ ... ဘာဖြစ်လို့ ထွက်လာတာလဲ၊ တပည့်တော် ဆဲတဲ့အထဲမှာ ဦးပဍ္ဍင်းမပါဘူးလေ၊ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ချင်ပါနဲ့ ကျောင်းကိုပြန်ပါ ...ဦးပဍ္ဍင်းရာ'

'ငါ မပါလို့မရဘူး တွတ်နီ၊ မင်းက တစ်ရွာလုံးကို စော်ကားနေတာလေ၊ ငါဟာ ဒီရွာသားတွေ လှူတဲ့ ဆွမ်းကိုစားပြီး ဒီရွာသူရွာသားတွေ ဆောက်ပေးထားတဲ့ ကျောင်းမှာ သီတင်းသုံးနေတဲ့ ဘုန်းကြီးကွ၊ ဒီရွာနဲ့ ပတ်သက်သမျှဟာ ငါနဲ့ဆိုင်တာချည်းပဲ'

တွတ်နီတစ်ချက် တွေသွားသည်။ ငြိမ်လည်း ငြိမ်ကျသွား၏။ ဦးပဍ္ဍင်းလေး ဦးဂန္ဓာမာက ဆက်ပြောသည်။

'မင်းက ထောင်ကို ခြင်ထောင်လို့ သဘောထားတဲ့အပြင်၊ ထောင့်အပြင် တန်းမရှိတဲ့ကောင် ဟုတ်လားကွ၊ ဟင်'

တွတ်နီဆီမှ တုံ့ပြန်သံမကြားရ။

'ဒီမှာ တွတ်နီ၊ ငါဆိုတာကလည်း အမေက မွေး၊ ထောင်က ကျွေးလို့ ကြီးလာတဲ့လူလေ၊ ငါ့အမေ လူသတ်မှုနဲ့ ထောင်ခုနစ်နှစ်ကျတော့ ငါ့ကို ကိုယ်ဝန်ဆောင်လျက်ကြီးနဲ့မို့ အမေ့ဗိုက်ထဲပါသွားခဲ့ရပြီး ငါ့ကို ထောင်ထဲမှာ မွေးတယ်'

'အပြင်မှာ ဆွေမျိုးရင်းချာလည်း မရှိလို့ အမေနဲ့အတူ နေရတဲ့အချိန်မှာ ထောင်က မူလတန်းပညာသင်ပေးခဲ့တယ်၊ အမေ လွတ်မြောက်ချိန် ထောင်က လွတ်မှ အမေနဲ့အတူ ထောင်က



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ရတဲ့လူပါ၊ ဒါတွေ မင်းသိပြီး သားပါ၊ ငါ ပြောချင်တာက တစ်ဆိတ် နဲ့ ထောင်ကို ခြင်ထောင်လို သဘော ထားတဲ့ကောင်၊ ထောင့်အပြင်တန်းမရှိ တဲ့ ကောင်ပါလို့ လူမိုက်လုပ်ပြီး လျှောက်ပြောမနေနဲ့ကွ၊ မင်းလိုကောင် ရဲ့ ပါးစပ်က အဲဒီစကားမျိုးပြောတော့ ထောင်သိက္ခာကျတယ်၊ ထောင်ဆိုတာ က ငါ့ရဲ့ ဇာတိချက်ကြွေမွေးရပ်မြေ လည်း ဖြစ်၊ ဘူမိနက်သန်လည်းဖြစ်တဲ့ အတွက် ထောင်ကို မစော်ကားပါနဲ့ကွာ၊ ထောင်မှာ အပြင်လောကထက်ပိုပြီး ကောင်းတာတွေလည်း ရှိပါတယ်'

ဦးပဋ္ဌင်းလေးက မေ့ဖျောက်ထား သည့် အတိတ်ကို ပြန်လည်တူးဆွ၍ တွတ်နီ သတိသံဝေဂ ရစေချင်သည့် စေတနာဖြင့် ပြောခြင်း ဖြစ်၏။ တွတ်နီ က မျက်မှောင်ကြုတ်၍ နားထောင် သည်။ စောဒကတက်ခြင်း၊ ဟန့်တား ခြင်းလည်းမပြု။

ဦးပဋ္ဌင်းလေးက ပြောအားရှိလာ သည်။ ဆက်ပြော၏။

'ငါ့အမေ ထောင်ကလွတ်တော့ သူမယ် ငါ့ကိုလက်ကဆွဲပြီး ဆွေမျိုး မီးစပ်တွေရှိတဲ့ ဒီရွာကို ရောက်လာခဲ့ တယ်၊ ရွာဦးကျောင်းဆရာတော်ကြီး ဆီမှာ ငါ့ကိုအပ်ပြီး ပညာဆက်သင် စေခဲ့တယ်၊ ငါဟာ ထောင်အရိပ်က လွတ်တဲ့အချိန်မှာပဲ သာသနာ့အရိပ်မှာ ခိုလှုံခွင့်ရခဲ့တယ်'

ဦးပဋ္ဌင်းလေးက ပြောလက်စ စကားကို ရပ်၍ သက်မောရှည်ကြီးကို လေးပင့်စွာ ရှိုက်လိုက်ရင်း ဆက်ပြော ပြန်သည်။

'အမေကတော့ ဆုံးရှာပြီ၊ အမေ့ ကျေးဇူးကို မဆပ်လိုက်ရတဲ့အတွက် ငါ ဝမ်းနည်းမိတယ်၊ ငါဟာ ဘုန်းကြီး ကျောင်းသားဘဝကနေ ကိုရင်လေး၊ ကိုရင်လေးဘဝကနေ ရဟန်းပြုလို့ရတဲ့ အချိန်မှာ မင်းမိဘများဖြစ်တဲ့ ဒါယကာ ကြီး ဦးမောင်မောင်နဲ့ ဒါယိကာမကြီး ဒေါ်မြရှင်တို့ရဲ့ ပစ္စရာနုဂ္ဂဟနဲ့ ရဟန်း ဘောင် တက်ခွင့်ရပြီး သာသနာရေး အတွက် ပဋ္ဌိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓ ဆိုတဲ့ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွေ သင်ယူခွင့်ရခဲ့တယ်၊ အဲဒီအချိန်မှာပဲ ကျောင်းထိုင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားတဲ့အတွက် ရွာက ငါ့ကိုပဲ ယုံယုံကြည်ကြည်နဲ့ ဒီကျောင်း ကြီးကို အပ်ခဲ့တယ်'

'အခု ငါ စာဝါလိုက်ခဲ့တာဆိုရင် ဓမ္မာစရိယအောင်မြင်ခဲ့ပြီ။ ပိဋကတ် သုံးပုံကို အာဂုံဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်အောင် ဆက်ပြီး ဖြေ ဆိုအောင်မြင်ဖို့အထိ အစစအရာရာ ပြင်ဆင်နေပြီ၊ ငါလို ထောင်ထဲမှာမွေး၊ ထောင်ကကျွေးလို့ ကြီးပြင်းခဲ့ရတဲ့ လူက ရဟန်းဘဝနဲ့ ဒီရွာနဲ့ ရဟန်း ဒါယကာဒါယိကာမကြီးတွေရဲ့ ကျေးဇူး တရားကို အစဉ်အောက်မေ့ပြီး တစ် ချိန်ချိန်မှာ ပြန်ဆပ်နိုင်ဖို့ ကြိုးစားနေ ချိန်မှာ ...'

'ငါနဲ့ ဒီဘုန်းတော်ကြီးကျောင်းမှာ ညီအစ်ကိုအရင်းလို အတူကြီးပြင်းခဲ့တဲ့ ငါ့ကျေးဇူးရှင်ရဟန်းဒကာတွေရဲ့သားက လူဆိုးလူမိုက်ကြီးလုပ်ပြီး အမိအဘ၊ ဆရာသမားနဲ့ ကိုယ့်ရပ်ကိုယ့်မြေကို ကျေးဇူးကန်းပြီး စော်ကားနေတာကို မြင်နေကြားနေရတဲ့အတွက် ပုထုဇဉ် သာ ... ... အနေနဲ့ အရင်းထိနိုက် ကြေကွဲမိပါတယ်'

ဦးပဋ္ဌင်းလေးက တုန်ယင်စပြု လာသည့်အသံကို အသိနှင့်ထိန်းသည်။ ပြောလက်စနှင့် ပြောစရာရှိသည်ကို ရင်ဖွင့်လိုက်တော့မည်ဟူ၍လည်း ဆုံး ဖြတ်လိုက်သည်။

'အခု ငါ့ဒါယကာကြီး ဦးမောင် မောင်ကို တရားပေးပြီး ကျောင်းအပြန် မင်းနဲ့ ခုလိုဆုံမိတာပဲ၊ ဒါယကာကြီးကို ကြည့်ပြီး ငါ အရမ်းနာကျင်မိတယ် တွတ်နီ၊ သူခမျာ မင်း နှိပ်စက်တဲ့ဒဏ် ကို အလူးလူးအလဲလဲ ခံစားခဲ့ရလို့ သေမင်းခံတွင်းဝကို ရောက်နေရရှာပြီ၊ ဒီအချိန်ထိလည်း မင်း နောင်တမရ သေးဘူးလား'

'မင်းစိတ်နဲ့ အသေမဖြောင့်နိုင် အောင် နောက်ဆံတင်းနေတဲ့ မင်း အဖေကြီး ခုနေသာ သေရင် ကောင်း ရာမွန်ရာဘဝကို ရောက်ဖို့ ခဲယဉ်းလိမ့် မယ်၊ အေးလေ၊ ဒါတွေကို ငါ ပြောနေ လည်း အပိုပါပဲ၊ သံဝေဂတရားဆိုတာ မင်းမှ နားမလည်ဘဲ၊ ကျွဲပါးစောင်းတီး သလို နေမှာပဲပေါ့'

ဦးပဋ္ဌင်းလေးက ရင်ထဲမှာ ဆို့နင့် လာခဲ့သဖြင့် စကားကို ဆက်မပြော နိုင်တော့ဘဲ ရပ်လိုက်သည်။ ည ကောင်းကင်မှာ မှေးမှိန်ဖျော့တော့စွာ လင်းလက်နေသည့် ကြယ်တာရာတစ်စု ကို တိမ်ညိုမည်းမည်းက ဖုံးအုပ်လိုက် သဖြင့် ညက ရုတ်တရက် မှိုင်းညို့ နက်မှောင်သွား၏။

စောစောက အရက်ကိုးမောင်း သောက်ထားသဖြင့် ... ပျောက်၍ ထင်ရာစိုင်းနေသော ... ခေါင်းငိုက်စိုက်ကြီး ... ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ မည်သို့တုံ့ပြန်ရမည်မသိ၊ အာစေးထည့်ခံထားရသကဲ့သို့ပင် နှုတ်ကို ဖွင့်ဟ၍မရ။ ဦးပဍ္ဍင်းလေး၏ အရှိန်ပြင်းသည့် စကားလုံးတွေ ထိမှန်ခံရသည့် ရင်အစုံ ဆတ်ဆတ်ခါအောင် နာကျင်သွားခဲ့သည်တော့ အမှန် ...။

'အဟမ်း'

ဦးပဍ္ဍင်းလေးက ငြိမ်သက်နေမှုကို သည်းမခံနိုင်တော့ဘဲ ချောင်းဟန့်၍ လည်ချောင်းရှင်းပြီးလျှင် ပြောစရာရှိသည့်စကားကို အကုန်ပြောရန် အားယူလျက်–

'ဒီမှာ တွတ်နီ၊ မိဘကျေးဇူးကို နားမလည်ဘဲ အကြိမ်ကြိမ် စော်ကားနေတဲ့ မင်းဘဝကြီးကို ကြည့်ပြီး ငါ ရင်လေးမိတယ်၊ အချိန်မီ မပြင်ဘဲ ဒီအတိုင်း ဆက်မိုက်နေဦးမယ်ဆိုရင်တော့ မင်း ...အပါယ်ကျလိမ့်မယ်၊ မင်းကို ငါ သနားတယ် တွတ်နီ၊ ကြည့်လည်း မကြည့်ရက်တော့ဘူး၊ ငါ ဖြေမယ့် တိပိဋကစာမေးပွဲကလည်း ဖြေဖို့ရက်နီးနေပြီ၊ ဒီအတိုင်း ဝမ်းနည်းကြေကွဲစရာတွေနဲ့ နှောင်ဖွဲ့နေတဲ့ နေရာမှာ ငါ ဆက်နေရင် ငါ့ရည်ရွယ်ချက်တွေ ပျက်တော့မယ်၊ ဒါကြောင့် မနက်ဖြန် ငါ ဒီက ထွက်သွားတော့မယ်'

ဦးပဍ္ဍင်းလေး ဦးဂန္ဓာမာက သိမ်မွေ့ညင်သာစွာ လှမ်းထွက်သွားသည်။ အေးမြသည့် ညဥ့်လေပြည်လေးတိုးဝှေ့သွား၏။ ရွာဦးကျောင်းဝင်းအတွင်းမှ ကိုးတောင်ပြည့်စေတီတော်၏ ဆည်းလည်းသံလွင်လွင်က ဓမ္မသံစဉ်ကို ကျူးရင့်၍ ညရင်ခွင်ထဲသို့ စီးမျောဝင်ရောက်လာ၏။

တွတ်နီတစ်ယောက်မှာမူ ငေးရင်းငိုင်ရင်း ခေါင်းငိုက်စိုက်ကြီးကျလျက်တွေတွေကြီး ရပ်နေမိဆဲ။

◆ ◆ ◆

(၈)

နှောင် ...ဒူ ...ဝေ ...ဝေ ...

အရှေ့ဆီမှ ရောင်နီပျို့လာပြီ ...

အရုဏ်တက်လာပြီမို့ ကျောင်းထိုင် ဆရာတော်ဖြစ်သော ဦးပဍ္ဍင်းလေး ဦးဂန္ဓာမာ၏ ဘုရားဝတ်တက်သံ၊ မေတ္တာပို့၊ အမျှအတန်းပေးဝေသံနှင့် ကြေးစည်တီးခတ်သံများအဆုံးတွင် ဦးပဍ္ဍင်းလေးက ဘုရားဝတ်ပြုခန်းမှ ထွက်ခဲ့သည်။

အသင့်ပြင်ထားသည့် သက်န်း အပိုတစ်စုံနှင့် သပိတ်ကို ယူ၍ ငြိမ်သက်အေးချမ်းစွာဖြင့် ခြေကို ဖော့နင်းပြီးလျှင် တိုက်ကျောင်းထက်ဆီမှ အုတ်လှေကားအတိုင်း ဆင်းသက်လာခဲ့သည်။

တွေဝေခြင်းအလျဉ်းမရှိ တပ်မက်ခြင်း ကင်း၍၊ အနှောင်အဖွဲ့ကို ခွဲဖြတ်ထားပြီးသူပီပီ ကျောင်းတံခါးမကြီးဆီတည်ငြိမ်ဣန္ဒြေရသော ခြေလှမ်းဖြင့် လှမ်းကြွလာခဲ့၏။ မည်သို့မျှ တားမရသောကြောင့် မျက်ရည်လည်ရွဲဖြင့် တံခါးဖွင့်ပေးရှာသော ကပ္ပိယကြီးဦးပြုံးကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ရာမှ မျက်နှာလွှဲ၍ ကျောင်းပြင် လှမ်းထွက်လိုက်သည်။

ထိုစဉ် ...

သူသွားမည့် လမ်းတည့်တည့်တွင် ကျုံ့ကျုံ့ထိုင်၍ လက်အုပ်ချီထားသော တွတ်နီကို အရုဏ်ဦးအလင်းရောင်ဖြင့် ပြတ်ပြတ်ထင်ထင် တွေ့လိုက်ရသည်။ ဦးပဍ္ဍင်းလေး တအံ့တဩဖြစ်လျက်–

'တွတ်နီ၊ မင်း ဒါ ဘာလုပ်နေတာလဲ'

'မှန် ...မှန်ပါဘုရား၊ တ ...တပည့်တော် ညက တစ်ညလုံး အိပ်မပျော်ဘူး၊ ဦးပဍ္ဍင်းပြောတာတွေကို တွေးပြီး ဆိုးခဲ့မိုက်ခဲ့မိတာတွေကို နောင်တရပါပြီ၊ ဒီနေ့ကစပြီး အရက်ကိုလည်း ဖြတ်ပါမယ်၊ အဖေနဲ့အမေရယ်၊ ဦးပဍ္ဍင်းရယ်၊ မြစ်မခတစ်ရွာလုံးပါ တပည့်တော်ကြောင့် ဘယ်တော့မှ ထပ်ပြီး စိတ်မဆင်းရဲစေရတော့ပါဘူးလို့ ကတိပေးပါတယ် ဘုရား၊ ဦးပဍ္ဍင်း ဘယ်မှ ကြွတော်မမူပါနဲ့၊ ကျောင်းမှာပဲ နေပြီး စာပေကျမ်းဂန်တွေကို ရည်ရွယ်ချက်ပြီးမြောက်အောင် လေ့လာဆည်းပူးတော်မူပါ ဘုရား၊ တပည့်တော် ရှိခိုးတောင်းပန်ပါတယ်'

တွတ်နီက ရှိုက်ကြီးတငင်ငိုလျက် ဦးပဍ္ဍင်းလေး၏ ခြေအစုံကို ဖက်ထားသည်။ တွတ်နီ၏ မျက်ဝန်းမှတစ်ဆင့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည့် မျက်ရည်တွေက ဦးပဍ္ဍင်းလေး၏ ခြေအစုံပေါ် ပိုးပိုးပေါက်ပေါက်ကျလာ၏။

အရှေ့ဆီမှာ နေဝန်းနီကြီး ထွက်ပေါ်လာခဲ့ပြီ ...

အမှောင်ပြယ်လွင့်သွားခဲ့ပါပကောလေ ...။

မောင်သစ်နွယ်



www.burmeseclassic.com

www.burmeseclassic.com





# မင်းကိုရှု

## ကျွန်ုပ်နှင့် တောကြီးမာယာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလေးဆိုသည်မှာ ကျွန်ုပ်တို့ ညီအစ်ကိုများခေါ်သော အမည်ဖြစ်သည်။ အမည်ရင်းမှာ ဦးသာမောင်ဖြစ်၏။ ဘိုးလေးသည် မုံရွာမြို့နှင့် (၂၈)မိုင်ကွာဝေးသော ကားလမ်းဆုံရှိ ကျွန်ုပ်တို့ ယခင်နေထိုင်ခဲ့သော 'ရင်ပေါင်တိုင်'ရွာနှင့် (၂၁)မိုင်ကွာဝေးသည့် တောင်ခြေအနီး 'ကဗြူ'ရွာမှဖြစ်သည်။ ဘိုးလေးသည် လိုင်စင်ရ တောလိုက်မုဆိုးကြီးဖြစ်၏။ ကျွန်ုပ်တို့ ဖခင်နှင့် အလွန်ရင်းနှီးသူဖြစ်ပြီး ယခုလက်ရှိ ကျွန်ုပ်တို့ နေထိုင်သော မြေနီတောင်အရပ်ဒေသမှာ ဘိုးလေးအမြဲတမ်းလိုလိုတိုက်တွန်းချက်အရ ကျွန်ုပ်ကလေးအရွယ်မှပင် ပြောင်းရွှေ့လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကျွန်ုပ်တို့ နေထိုင်သော မြေနီတောင်အရပ်ဒေသသည် ပင်တောင်လေးတောင်ခြေနားတွင် တည်ရှိပြီး မြေနုလွင်ပြင်ဖြစ်၍ ရေချောင်းများပေါသည်။ တောခုတ်ပြီး တောင်ယာလုပ်ငန်းဖြင့် အဆင်ပြေလှသည်။ မြေနီတောင်၏ မြေနုလွင်ပြင်အဆုံးတွင် တောထူထပ်ပြီး သားကောင်များပေါများလှသည်။ ဘိုးလေးအတွက်မှာမူ ကျွန်ုပ်တို့ တောင်ယာတောမှာ တောပစ်ထွက်ရန် စခန်းထောက်တစ်ခုပင်ဖြစ်နေတော့သည်။ ကျွန်ုပ်မှာလည်း တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသကဲ့သို့ ဘိုးလေးတောပစ်ထွက်လျှင် ပါလေရာအဖော်လိုက်ရသော လက်ဆွဲတောင်းကဲ့သို့ပင်ဖြစ်နေရာ မုဆိုးအလုပ်ကို တစ်စတစ်စနှင့် ဝါသနာပါသွားပြီး ဘိုးလေးနှင့် တောပစ်လိုက်ရသည်မှာ မုဆိုးအတွေ့အကြုံနှင့် တောတွင်းအတွေ့အကြုံများကြောင့် ကျွန်ုပ်အတွက် ပျော်မွေ့စရာဖြစ်နေသည်။

ကာလကြာသော် ကျွန်ုပ်အား ဘိုးလေးမှ သေနတ်ပစ်သင်ပေးခဲ့သည်။ နောက်ပိုင်းတွင် ဘိုးလေးသည် ကျွန်ုပ်နာမည် ဖိုးတင့်ဟု ခေါ်နေရာမှ 'လက်သစ်' ဟုပြောင်း၍ ခေါ်တော့သည်။ လက်သစ်ဆိုသည်မှာ မုဆိုးကြီးနောက်မှလိုက်၍ မုဆိုးပညာသင်ယူနေသော ပညာသင် မုဆိုးပေါက်စကလေးကို ခေါ်ဆိုခြင်းဖြစ်သည်။ လက်သစ်ဆိုသည့်အတိုင်း ဘိုးလေးသည် ကျွန်ုပ်အား ပန်းနုမ်း၊ မတ်ပဲစသော အပင်ငယ်များစိုက်ပျိုးသည့် အချိ[န်] ကာလတွင် ဂျီ၊ သမင် စသော သတ္တ[ဝါ] ငယ်များ လာရောက်စားသောက်သည့် အခါ အုံထိုး၍ စောင့်ပစ်ခိုင်းလေသည်။ (အုံထိုးဆိုသည်မှာ သားကောင်မမြ[င်] အောင် လင့်စင်ဆောက်လုပ်ခြင်း သဘောမျိုးဖြစ်၏)

ထို့အပြင် အရွက်များမရှိ[ဘဲ] အသီးများသာရှိသော ကာလဖြစ်သည့် ကျွန်ုပ်တို့ဒေသအခေါ် 'သီးစားအုံပစ်' အချိန်များတွင်လည်း ကျွန်ုပ်တစ်ဦး တည်း မနက်ပိုင်းနှင့်ညနေပိုင်းတွင် လာရောက်စားသောက်ကြသော တော[]ကောင်ငယ်များအား ဘိုးလေးမှ ပ[စ်] ခတ်ခိုင်းစေခဲ့သည်။ ကျွန်ုပ် တော[] ကောင်ငယ်များ ရလာသောအခါ ဘိုးလေးမှ ..

''မင်း သိပ်တော်တာပဲ၊ ကြီးလာ[] ရင် ငါ့လက်ရာမီမယ့် မုဆိုးလက်သ[စ်] ပေါ့'' ဟု ချီးကျူးလေ့ရှိပါသည်။

ဤသည်ကား ဘိုးလေးနှင့်ကျွန်[ုပ်] တို့ ပတ်သက်မှုရင်းနှီးမှုများရှိသည်ကို အနည်းအကျဉ်းမျှ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

---

လွန်စွာမှ အိပ်ရာထနောက်ကျလေ့ရှိသော ကျွန်ုပ်မှာ ယနေ့နံနက်တွင် အိပ်ရာမှစောစောထ၍ ရှောဘူး၊ ဆေးလိပ်၊ မီးခြစ်၊ အပိုဝတ်စုံတစ်စုံနှင့် မိုးကာ စသည့် တောတွင်းအသုံးအဆောင်များအား လွယ်အိတ်ထဲတွင် ထည့်ထားပြီး တောလိုက်ဓားချွန်တစ်ချောင်းကိုလည်း ဓားအိမ်ထဲသို့ ထည့်လျက် ခါးပတ်တွင် သေချာစွာချိတ်၍ ထမင်းကြော်နှင့် ရေနွေးကြမ်းစားသောက်နေရင်း ဘိုးလေးအလာကိုမျှော်နေမိသည်။ မျှော်နေရခြင်းအကြောင်းကား ဘိုးလေးနှင့်အတူ မဟူရီးမတောင်ခြေသို့ အမဲကြီးပစ်ရန်ပင်ဖြစ်လေသည်။

''ဟေး ..လက်သစ်၊ ပြင်ဆင်ပြီးပြီလား။ ရိက္ခာတော့ မယူခဲ့နဲ့ပေါ့ ..လူတောင် အနိုင်နိုင်သွားရမှာ''

ဟု ပြောလျက် ရိုင်ဖယ်သေနတ်ကိုထမ်းပြီး ခြံအတွင်းဝင်လာသော ဘိုးလေးအား ကျွန်ုပ်မှ ..

''အမဲကြီးပစ် လိုက်ချင်တာ[] ညက ကျွန်တော် ကောင်းကောင်းအိ[ပ်] မပျော်ဘူးဗျ။ အခု အသင့်ပြင်ပြီး ဘိုး[] လေးကို စောင့်နေတာ'

''အေးပါ ..လမ်းကျမှ ခြေချ[] လိမ်ပြီး မောတယ် မလုပ်နဲ့''

''ဟာ ..ဘိုးလေးကလည်း[] လက်သစ်ဆိုပြီး အထင်မသေး[] နဲ့ဗျ''



www.burmeseclassic.com

www.burmeseclassic.com



“ကဲ ‥ ကဲ မင်းအဆင်သင့်ဖြစ်ရင် သွားကြစို့”

ကျွန်ုပ်မှာ စိတ်အားတက်ကြွစွာဖြင့် ခါးပတ်အား မြဲအောင်ပတ်၍ အသုံးအဆောင်များထည့်ထားသော လွယ်အိတ်နှင့်အတူ ဘိုးလေးထံမှ သေနတ်ယူပြီးထမ်းလျက် ဘိုးလေးနှင့်အတူ ကျွန်ုပ်တို့သည် မြေနီတောင်မှ ပင်တောင်လေးတောင်ထိပ်သို့ (၂)နာရီခန့်မျှ တက်လာရာ မနက်ပိုင်း စောစွာအချိန်၌ပင် ကျွန်ုပ်မှာ ချွေးဒီးဒီးကျလျက်ရှိနေ၏။

“ဟင်း ‥‥ လက်သစ်တော့ တောင်တစ်တောင် မကျော်ရသေးဘူး၊ ဟိုက်နေပြီဟေ့။ နောက်ထပ် ပင်တောင်ကြီးက တစ်နာရီ၊ မဟူတောင်ခြေ ကျောက်တလုံးချောင်းဖျားစခန်းထိအောင်က တစ်နာရီလောက် တက်ရဆင်းရမှာဆိုတော့ လက်သစ် လေးဘက်ထောက်သွားရလိမ့်မယ်နော”

“ရပါတယ် ဘိုးလေးရ၊ မုဆိုးပါဆို အပင်ပန်းခံနိုင်ရမှာပေါ့”

“အေးပါ ‥ စောင့်ကြည့်ရသေးတာပေါ့၊ ကဲ သွက်သွက်ကလေးဟေ့”

ပင်တောင်လေးတောင်ထိပ်ကား လေပြည်လေအေးများ တိုက်ခတ်လျက် အေးစိမ့်လှသည်။ လမ်းမှာလည်း မြေဆွဲလမ်း (မထင်မရှား လူသွားလမ်းကလေး)သာဖြစ်ပြီး ချုံနွယ်များ ဝန်းရံလျက် လူတစ်ယောက်ပင် အနိုင်နိုင်လျှောက်ရလေသည်။ သို့နှင့် ပင်တောင်လေးထိပ်မှ တစ်နာရီမျှဆင်းလာရာမှ ပင်တောင်ကြီးတောင်ပေါ်သို့ တဖြည်းဖြည်း တက်မှန်းမသိ တက်လာလေသည်။

ပင်တောင်ကြီးမှာ တချို့နေရာများတွင် ကျောက်စိုင်ကျောက်ခဲများ ပြိုကျလျက်ရှိသောကြောင့် ခက်ခက်ခဲခဲ ရှောင်ကွင်း၍ သွားရလေသည်။ ပင်တောင်ကြီးတောင်ခါးပန်း တစ်နေရာသို့ရောက်လျှင် ကျွန်ုပ်တို့ ခေတ္တမျှ အနားယူကြသည်။

“ဘယ့်နှယ့် ‥ လက်သစ် ‥ တော်တော်အီနေပြီလား”

“ရပါတယ် ‥‥ ဘိုးလေးရ”

“ကောင်းပါပြီဗျာ ‥ အဲဒီမှာ လမ်းကလေးတွေ့လား၊ အဲဒီလမ်းအတိုင်း ဝါးနှစ်ရိုက်လောက်သွားရင် စမ်းပေါက်တစ်ခုရှိတယ်။ ရေသွားဖြည့်ကွာ”

“ဟာ ‥‥ ဘိုးလေးကလည်း တောင်ခါးပန်းရေထွက်ရမယ်လို့”

“သွားမှာသာ သွားစမ်းပါကွာ”

ကျွန်ုပ်လည်း ရေဘူး(၂)လုံးဆွဲ၍ လမ်းသွယ်လေးအတိုင်း သွားခဲ့ရာ တောင်ခါးပန်း ပက်ကြားအက်ထဲမှ တသွင်သွင်စီးကျနေသော စမ်းပေါက်တစ်ခုကို အံ့သြဖွယ်ရာ တွေ့ရှိပြီး ရေဘူးများ ရေဖြည့်လျက် ဘိုးလေးရှိရာသို့ ပြန်လာခဲ့လေသည်။ ကျွန်ုပ်တို့ ခေတ္တမျှ အနားယူပြီးနောက် ဆက်လက်၍ တက်ခဲ့လေရာ ပင်တောင်ကြီးတောင်ထိပ်ကို ဖြတ်ကျော်လျက် တောင်အောက်သို့ တဖြည်းဖြည်းဆင်းလာခဲ့ကြသည်။ အဆင်းလမ်းသည် လမ်းဟူ၍ မရှိတော့ဘဲ တောတိုး၍ တဖြည်းဖြည်းဆင်းခဲ့ရသည်။ ထိုသို့ဖြင့် မဟူရိုးမတောင်ခြေ ကျောက်တစ်လုံးချောင်းသို့ နေမွန်းတည့်ချိန်တွင် ရောက်ရှိလေတော့၏။

ကျောက်တစ်လုံးချောင်းရေများမှာ ကြည်လဲ့နေပြီး ကျောက်တုံးကျောက်ဆောင်များ အလွန်ပေါများ၏။ ချောင်းနံဘေးတွင် ဘိုးလေးချိန်းဆိုထားသော အထမ်းသမားများမှာ စခန်းသစ်တစ်ခုပင် တည်ဆောက်ပြီးနှင့် လေသည်၊ အထမ်းသမားများမှာ စုစုပေါင်းခြောက်ယောက်ဖြစ်ပြီး ထမင်းချက်သူချက်၊ ချောင်းအတွင်း ငါးရံ့တွင်း နှိုက်သူ နှိုက်၊ ကျောက်တောင်စောင်းတွင် ပေါက်ရောက်သော ပိန်းပင်အသေးစားနှင့် တူသည့် ကျောက်ချင်ရိုးကို ချိုးသူချိုးနှင့် အလုပ်ရှုပ်နေကြလေသည်။ ကျွန်ုပ်မှာကား မဟန်နိုင်တော့ဘဲ ဝါးအခင်းပေါ်တွင် ပက်လက်လန်၍ အနားယူရတော့၏။

“ဗျို့ ‥ ဦးလေးမောင်၊ ဒီချောင်းအောက်နားကနေ ဟိုတောင်ခြေ ဝါးပိုးကျင်းဝါးတောဘက်ကို ပြောင်စီးကွဲတစ်ကောင် ဖြတ်သွားတဲ့ ခြေရာတွေ့ခဲ့တယ်။ မနက်စောစောက ဖြတ်သွားပုံရတယ်”

ငါးနှိုက်ပြန်လာသော အထမ်းသမား ကိုပြည့်ဆိုသူမှပြောလိုက်ရာ ‥

“ကဲ ‥ ငါးရံ့နဲ့ ကျောက်ချဉ်ရိုး အမြန်ချက်ဟေ့၊ ထမင်းစားပြီးရင် အဲဒီကောင်နောက်ကို လိုက်သွားရအောင်”

ဘိုးလေး၏ စကားအဆုံး၌ ထမင်းဟင်းချက်သူများသည် အလျင်အမြန်ချက်ပြုတ်ပြီးနောက် ကျွန်တော်တို့အားလုံး ဝိုင်းဖွဲ့၍ စားကြသည်မှာ ကျွန်ုပ်တစ်သက်တာတွင် အမြိန်ဆုံး ထမင်းစားရခြင်းပင်ဖြစ်တော့၏။

“ကိုင်း ‥‥ လက်သစ်ရေ မီအောင်လိုက်ကြစို့၊ ဒီကောင် ဟိုတော



www.burmeseclassic.com

www.burmeseclassic.com



ဝါးပိုးကျင်းမှာ မျှစ်ချိုးစားပြီးရင် အိပ်မှာပဲ''

(သားကောင်တို့သည် မနက်စောစောတွင် အစာစားပြီးနေ့လယ်တွင် အိပ်လေ့ရှိ၏)

ကျွန်ုပ်လည်း ခါးပတ်ကိုသေချာပတ်၍ တောလိုက်ဓားကို ချိတ်လိုက်သည်။ ထို့နောက် ရေဘူးချိတ်ရန် ရေဘူးယူလိုက်ချိန်တွင် ဘိုးလေးမှ ..

''ရေဘူးယူမနေနဲ့၊ ဒီတောင်ခြေမှာ ရေပေါတယ်။ တော်ကြာ ရေဘူးနဲ့ ခါးပတ်ပွတ်တဲ့ အသံကြောင့် သားကောင်သိသွားမယ်။ တောကောင်တွေက ငါတို့ထက်နားပါးတယ်''

ဘိုးလေသည် ကျွန်ုပ်အားပြောရင်း သေနတ်မှ ကျည်ကပ်ကိုဖြုတ်၍ ကျည်ဆန်ငါးတောင့်ကိုထည့်လေသည်။ (တောပစ်ထွက်လျှင် ကျည်ဆန်ကို 'မ' ဂဏန်းထည့်ရ၏)

''ကဲ .. အဖွဲ့သားတွေရေ၊ မင်းတို့ ညစာချက်ရင်း စောင့်နေကြ။ နီးလို့ သေနတ်သံကြားရရင်လည်း 'အူ'(ဝူး) ထူးပြီး လိုက်ခဲ့ကြတော့။ ငါတို့သွားတော့မယ်''

(တောထဲတွင် နာမည်အား ခေါ်ဆိုအော်ဟစ်၍ မရပေ၊ ''ဝူး'' ဆိုသောအသံပေးပြီး ဆက်သွယ်ရလေသည်။)

ဘိုးလေးသည် ပြောပြောဆိုဆို ငုံနေကြ ဆေးရွက်ကြီးအချို့အား ပါးစပ်ထဲ ပစ်ထည့်ပြီး အထမ်းသမားကိုပြည့် ညွှန်လိုက်သောဘက်သို့ ကျွန်ုပ်နှင့်အတူ ထွက်ခဲ့ကြလေသည်။

ကိုပြည့်ပြောသော ရေချောင်းအောက်ဘက်ဆီသို့ ရောက်ရှိသွားရာ ချောင်းတွင်းမှဖြတ်လျက် တောင်ကွေ့



ဝါးပိုးအိုက်လေးဘက်သို့သွားသော ပြောင်ခြေရာများကို တွေ့ရလေသည်။

''လက်သစ်ရေ ... ခြေရာကတော့ မနက်မလင်းခင်လောက်ကပဲကွ။ တို့လိုက်ရင် မှီနိုင်တယ်။ ဟိုမှာ ချေးပုံတွေ့လား''

ဘိုးလေးပြရာသို့ ကြည့်လိုက်ရာ ပြောင်ချေးပုံမှာ အရောင်မပြောင်းသေးချေ။ ဖြုတ်များပင် အုံလျက်တွေ့ရ၏။ ခြေရာကိုခံ၍ တရွေ့ရွေ့လိုက်ခဲ့ကြရာ ပြောင်သွားသည့်လမ်းတစ်လျှောက်တွင် ဝါးပိုးမျှစ်များကိုချိုး၍ စားသွားသည်ကို လတ်လတ်ဆတ်ဆတ် တွေ့ရှိရ၏။ တစ်နေရာအရောက် ပြောင်ချေးပုံအသစ်တစ်ခု ထပ်မံတွေ့ရှိရာ ဘိုးလေးမှ ခြေဖြင့်နင်းကြည့်ပြီး–

''ဒီကောင် သိပ်မဝေးတော့ဘူး လက်သစ်ရေ၊ ငါ့နောက်က ခြေသံလုံလုံနဲ့လိုက်ခဲ့နော်''

ဘိုးလေးသည် ရှေ့မှနေ၍ချောင်းမြောင်းကြည့်ရှုရင်း တဖြည်းဖြည်းလာခဲ့ရာ ခင်ရိုးတန်းတစ်ခုကျော်အပြီးနောက် ပြောင်ကြီးဖြတ်ဆင်းသွားကြောင်း ချောင်းနံဘေးမှ ပြောင်ခြေရာများကို တွေ့ရခြင်းဖြင့် သိသာလေသည်။ ဆက်လက်၍ ပြောင်ကြီးနောက်သို့ လိုက်ခဲ့ရာ တဖြည်းဖြည်းနှင့် တင်းဝါးတောလေးထဲသို့ ရောက်ခဲ့ကြလေသည်။ တစ်နေရာအရောက်တွင် ဘိုးလေးမှ ကျွန်ုပ်အား နီးလာပြီဖြစ်ကြောင်း လက်ဟန်ပြသည်။ ခဏကြာသွားအပြီးတွင် ပြောင်ခြေရာများ ရှုပ်ယှက်ခတ်လျက်ရှိသောကြောင့် ထိုနေရာတွင် ဘိုးလေးသည် ခေတ္တ ထိုင်ပြီး လေသံတိုးစွာဖြင့် ...

www.burmeseclassic.com



''ဒီကောင် ခြေရာဖျောက်နေပြီ။ ဟိုဘက် တံစိတ်ရိုး(ခင်ရိုး)က ပြန့်နားမှာ ရှိလိမ့်မယ်။ ဒီခြေရာအတိုင်း လိုက်လို့ကတော့ တို့ကို အရင်မြင်သွားနိုင်တယ်။ ဒီလိုသားကောင်ကြီးဆိုတာ ခြေရာဘက်ကို မျက်နှာမူပြီး ဝပ်လေ့ရှိတယ်ကွ။ ဘေးကပန်းပြီးလိုက်ရအောင်''

ဘိုးလေးသည် နောက်သို့ဆုတ်ပြီး တင်းဝါးတောလေးအပြင်ဘက် ထွက်လိုက်သည်။ ထို့နောက် တင်းဝါးတောလေးနှင့် ဆက်နေသော တံစိတ်ရိုးပေါ်မှ ကျော်၍ကြည့်လိုက်ရာ မြေပြန့်အလယ်တွင် ဝါးပိုးပင်များယှက်နေသော ကမူလေးပေါ်၌ ကျွန်ုပ်တို့ကို ကျောပေး၍ ချပ်နေသော ပြောင်းစီးကွဲကြီးအား မြင်ရလေသည်။

ပြောင်ကြီးမှာ ဆင်ပေါက်ကလေး အရွယ်မျှ ကြီးမားပြီး အမြီးတခတ်ခတ်လည်တရမ်းရမ်းဖြင့် ခြင်၊ မှက်များကို ခြောက်လျက်ရှိ၏။ ဘိုးလေးသည် ခါးပိုက်အတွင်းမှ ဆေးတစ်ငုံယူ၍ ဝါးပြီးနောက် သေနတ်ဒင်အား မြေမှာထောက်လျက် မောင်းကို ကျိတ်တင်လိုက်သည်။ ပြီးလျှင် ဖင်ထိုင်လျက် ပုံစံအနေအထားဖြင့် ပြောင်ကြီးအနီးသို့ ဝါးသေးပင်နှင့် သစ်ပင်ကြီးများကို အကာအကွယ်ယူ၍သွားနေရာ ကျွန်ုပ်မှာလည်း လေးဘက်ထောက်၍ လိုက်ပါသွားရ၏။ အမှန်အတိုင်းဝန်ခံရသော် ကျွန်ုပ်မှာ အလွန်ကြီးမားလှသော တောကောင်ကြီးအား မြင်ရကတည်းကပင် အသားများ ဆတ်ဆတ်တုန်လျက် အသက်ရှူမဝသကဲ့သို့ခံစားနေရသည်။

ဘိုးလေးသည် ပြောင်ကြီးနှင့် ကိုက်သုံးဆယ်ခန့်အထိ ရဲဝံ့စွာကပ်လိုက်ပြီးနောက် ပြောင်ကြီး၏ လက်ဖျံနေရာသို့ သေနတ်ပြောင်းကိုချိန်၍ ဒိုင်းခနဲ ပစ်ထည့်လိုက်ရာ တစ်တောလုံး ပွဲတင်ထပ်သွားပြီး သစ်ပင်ပေါ်မှ ရှဉ့်ငှပေါ်များ၏ အသံများမှာ ဆူညံသွားတော့သည်။ ပြောင်ကြီးကား ရှေ့သို့ ဝုန်းခနဲ ဟပ်ထိုးလဲကျသွားပြီးနောက် လူးလဲထရင်း ဝါးသေးပင်များအကြားသို့ တိုးသွား၏။ ထို့နောက် မြေကမူအောက်သို့ ဝုန်းခနဲ လိမ့်ကျသွားတော့သည်။ ကျွန်ုပ်လည်း ဘိုးလေးအနားကပ်၍ လေသံတိုးစွာဖြင့် ..

''ဘယ်လိုလဲ'' ဟု မေးရာ ဘိုးလေးမှ ..

''အသာနေဦး .. လက်သစ်၊ ဒီအချိန်မှာ သွေးရူးသွေးတန်းနဲ့ ထပြီး တိုက်တတ်တယ်''

ဘိုးလေးသည် ကျည်အိမ်အတွင်းမှ ကျည်ခွံအဟောင်းကို ထုတ်၍ ကျည်သစ်ထိုးပြီး အခြေအနေအား အကဲခတ်လျက် ရှိနေသည်။ ကျွန်ုပ်လက်မှ နာရီကို ကြည့်လိုက်ရာ ၄ နာရီပင် မထိုးသေးချေ။ သို့သော် တောအရိပ် တောင်အရိပ်ကြောင့် အနည်းငယ် လင်းအားသျော့နေပေပြီ။ ထိုအခိုက် တောင်ဘက်အရပ်ဆီမှ တရှဲရှဲအော် မြည်သံကြားရပြီးနောက် မိုးရိပ်မိုးသား မဆင်ပါဘဲလျက် မိုးပေါက်ကြီးများ တဖြောက်ဖြောက် ကျလာပါတော့သည်။ ကျွန်ုပ်နှင့်ဘိုးလေးမှာ အနီးရှိ ညောင်ကျပ်ပင်အောက်သို့ဝင်၍ မိုးခိုရလေသည်။ ခဏကြာသော် စောစောက မိုးလည်း ဘယ်ရောက်သွားသည် မသိ။ လုံးဝမိုးတိတ်သွား၏။ ထိုအခါ ဘိုးလေးမှ ...

''ဒီလိုပဲ လက်သစ်ရ ..၊ သားကောင်ကြီးလဲရင် အဲဒီလို မိုးအသေးအဖွဲရွာတတ်တယ်။ ဒီကောင် ငြိမ်သွားပြီ။ ငါတို့ သွားကြည့်ရအောင်''

ကျွန်ုပ်တို့ နှစ်ယောက်သား ပြောင်ကြီး လဲကျနေသည့်နေရာသို့ သွားကြရာ ပြောင်ကြီးမှာ ဝပ်လျက်အနေအထားဖြင့် အဝေးမှနေ၍ မြင်ရ

---

**ပင်လယ်မှာလည်း ပင်လယ်မာယာ၊ မြစ်မှာလည်း မြစ်မာယာ၊ တောမှာလည်း တောမာယာဆိုတာ ရှိတယ်။ ဒီနေရာမှာ အတွေ့အကြုံမရှိတဲ့ မုဆိုးဆိုရင် လန့်ပြီး အော်ချင်အော်မယ်။ သွေးပျက်ပြီး ကတုန်ကရင်နဲ့ ရူးသွားနိုင်တယ်။ ဒါမျိုးဆိုတာက အဲဒီလို အယောင်ဆောင်ပြီးခေါ်သွားရင် နောက်ကနေ အသံမပေးဘဲလိုက်ကြည့်ရတယ် ...**



www.burmeseclassic.com

လေသည်။ ပြောင်ကြီးနှင့် ကိုက်နှစ်ဆယ်မျှအရောက်တွင် ဘိုးလေးမှ ကျွန်ုပ်လက်အား ရုတ်တရက်ဆွဲ၍ မေးငေါ့ပြလိုက်ရာ မြင်ရသူ ကျွန်ုပ်အဖို့ ခေါင်းနပန်းကြီးလျက် အသားများပင် တဆတ်ဆတ်တုန်ကာ ဘိုးလေး၏ လက်မောင်းအား ယောင်ယမ်း၍ ဆွဲထားမိလေသည်။ ဘိုးလေးကား ဣန္ဒြေမပျက် ဆေးတစ်ငုံပင် ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သေး၏။

ကျွန်ုပ်တို့ မြင်ကွင်းမှာကား ပြောင်ကြီး လဲကျနေသော နေရာအနီးရှိ တစ်ခြမ်းခြောက်နေသည့် သစ်ပင်ကြီးအနီးမှ တစ်ကိုယ်လုံး အစိမ်းကြား အထက်အောက်ဝတ်လျက် မိန်းကလေး တစ်ယောက်ထွက်လာပြီး ပြောင်ကြီးအား လှည့်ပတ်နေ၏။ သုံးပတ်မျှပတ်မိလျှင် ပြောင်ကြီးမှ ''ဝုန်း'' ခနဲ ထလာရာ ကျွန်ုပ်မှာ ကြက်သေသေသွားတော့၏။ ထို့နောက် မိန်းကလေးသည် ပြောင်ကြီးအား ရှေ့မှသွားစေလျက် ပြောင်ကြီးလာရာလမ်းအတိုင်း မောင်းနှင်သွားလေသည်။ ဘိုးလေးကား လေးနက်စွာ တစ်ချက်ပြုံး၍ ဦးခေါင်းကို တညိတ်ညိတ်လုပ်လျက် ကျွန်ုပ်အား မျက်ရိပ်ပြပြီး မလှမ်းမကမ်းမှခွာလျက် မိန်းကလေးနှင့် ပြောင်ကြီးနောက်သို့ လိုက်သွားလေသည်။ ကျွန်ုပ်လည်း ဘိုးလေးအနား အသာကပ်လျက် လိုက်ရပါတော့သည်။

မိန်းကလေးသည် ပြောင်ကြီးအား တင်းဝါးကျင်းအတွင်းမှ ခင်တန်းပေါ်သို့ တအိအိ မောင်းနှင်နေပြီး တဖန် ခင်တန်းပေါ်မှ အောက်ဘက်ဝါးပိုးတောအတွင်း တဖြည်းဖြည်း မောင်းနှင်သွားရာ ကျွန်ုပ်တို့ ဖြတ်ကျော်ခဲ့သော တောင်ကျချောင်းကလေး နားရောက်သော် ဘိုးလေးသည် ဝါးထားသော ဆေးအား ပစ်ခနဲထွေးပြီး မိန်းကလေး၏ ကျောပြင်အား သေနတ်နှင့် ထိုးချိန်လိုက်ကာ ဒိန်းခနဲ ပစ်ထည့်လိုက်သည်။ ကျွန်ုပ်မှာကား မျက်လုံးအပြူးသား ငေးမောနေမိ၏။ မိန်းကလေးသည် ဝါးပိုးတောအတွင်းသို့ လေးငါးဆယ်လှမ်းမျှ ပြေးပြီး ဘိုင်းခနဲ လဲကျသေဆုံးသွားတော့သည်။ ပြောင်ကြီးမှာလည်း ရေစပ်တွင် စင်းစင်းကြီး လဲနေလေသည်။



''ဘိုး ‥ ဘိုး ‥ ဘိုးလေးတော့ လူသတ်မှုဖြစ်ပြီ၊ ဘယ်လိုလုပ်ကြမှာတုန်း''

ဘိုးလေးသည် ကျွန်ုပ်ပြောစကားကို အလေးမထားဘဲ ...

''ကဲ လက်သစ်၊ အဲဒီကောင်မကို သွားထမ်းကွာ။ လေးငါးခြောက်ပိဿာတော့ မနည်းရှိမှာဘဲ။ ငါ ပြောင်ကြီးရဲ့ နားရွက်ဖျား၊ လျှာဖျား၊ အမြီးဖျားတွေဖျက်ပြီး လမိုင်းတင်လိုက်ဦးမယ်''

''ဗျာ ‥ ဘိုးလေး ‥ ဖြစ် ‥ ဖြစ်ပါ့မလား၊ ကျွန်တော် ကြောက်တယ်''

ကျွန်ုပ်မှာစကားပင်ဖြောင့်အောင် မပြောနိုင်ချေ။ ဘိုးလေးပစ်လိုက်ကတည်းက မျက်လုံးများပြာလျက် တောင်တောင်အီအီတွေးတောလျက် ရှိခဲ့၏။ ဘိုးလေးကား ဣန္ဒြေမပျက်ပေ။

''ဟိတ်ကောင် လက်သစ်၊ သွားမှာသာ သွားကောက်စမ်းပါကွာ။ မှဆိုး



www.burmeseclassic.com

လုပ်ပြီး သွေးကြောင်မနေစမ်းပါနဲ့"

"ဟုတ်.. ဟုတ်ကဲ့ .. ဘိုးလေး"

ကျွန်ုပ်လည်း ကြောက်ကြောက်ဖြင့် သွားကြည့်လေရာ ဒဏ်ရာကြီးများဖြင့် ကြည့်မကောင်း ရှုမကောင်းဖြစ်နေမည့် မိန်းကလေးအစား ခြောက်ပိဿာ၊ ခုနစ်ပိဿာလောက်ရှိမည့် ဖွတ်ကျဲ(ဖွတ်ကြား)ကြီးတစ်ကောင် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိလေသည်။

"ဟာ .. ဘိုးလေး၊ ဖွတ်ကြားကြီးဗျ၊ နည်းတဲ့ဟာကြီးမဟုတ်ဘူး။ ကျောလည်က ကျည်ဖောက်ဝင်ထားတာ"

"အေး .. ငါ ထင်သားပဲ၊ ဆွဲခဲ့ဟေ့၊ ငါတို့အဖွဲ့ ညစာရတာပေါ့။ ဒီပြောင်ကြီးတော့ မနက်မှ လာဖျက်ပြီး ဒီနားမှာပဲ ကြပ်တိုက်ကြတာပေါ့"

"ဘိုးလေး .. ဘယ်လိုတွေလည်းဗျာ၊ ကျွန်တော့်ကို ရှင်းပြပါဦး"

"ဟင်း .. ဟင်း .. ဟင်း .. တောရဲ့ မာယာတွေပေါ့ကွာ။ ဒီလိုပဲကွ လက်သစ်ရ၊ ပင်လယ်မှာလည်း ပင်လယ်မာယာ၊ မြစ်မှာလည်း မြစ်မာယာ၊ တောမှာလည်း တောမာယာဆိုတာ ရှိတယ်။ ဒီနေရာမှာ အတွေ့အကြုံမရှိတဲ့ မုဆိုးဆိုရင် လန့်ပြီး အော်ချင်အော်မယ်။ သွေးပျက်ပြီး ကတုန်ကရင်နဲ့ ရူးသွားနိုင်တယ်။ ဒါမျိုးဆိုတာက အဲဒီလို အယောင်ဆောင်ပြီး ခေါ်သွားရင် နောက်ကနေ အသံမပေးဘဲ လိုက်ကြည့်ရတယ်။ ဒီကောင်တွေဟာ ရေနဲ့နီးရာ သွေးဆောင်ပြီး ခေါ်သွားမှာပဲ။ ရေစပ်ရောက်လို့ကတော့ အဲဒီသွေးဆောင်ခေါ်သွားတဲ့ကောင်ကို ပစ်သာပစ်၊ လက်နှေးလို့ကတော့ ဒုက္ခတွေရောက်ပြီသာမှတ်ပေတော့"

"ဘာဖြစ်လို့ .. ရေစပ်ရောက်မှ ပစ်ရတာလဲဗျ"

"ဒီလိုရှိတယ် လက်သစ်ရ၊ ဒီလိုတောထူပြီဆိုရင် အယောင်ဆောင်မယ့်အကောင်က ကိုယ်ပစ်ထားတဲ့ သားကောင်နဲ့အနီးဆုံးမှာရှိတဲ့ အကောင်တစ်ကောင်ကို ပူးကပ်ပြီးမှ ထူလေ့ရှိတယ်။ အခုကြည့် ဖွတ်ကျဲကြီးဟာ ဟိုသစ်ပင်ခြောက်အခေါင်းထဲမှာ ရှိနေလိမ့်မယ်။ အဲဒီအကောင်ကို ကူးကပ်ပြီး ထူတော့ ဖွတ်ကျဲကြီး အရောင်အတိုင်း ခန္ဓာကိုယ်က စိမ်းဖန့်ဖန့် မွဲခြောက်ခြောက်နဲ့ တစ်ကိုယ်လုံး အစိမ်းကြားအထက်အောက် ဝတ်ထားသလိုဖြစ်နေတာပေါ့"

"ဒီလိုဆို တခြားတစ်ကောင်ကောင်ကို စီးပြီးပူးကပ်လို့ ဘိုးလေးပြောသလို ထူခဲ့ရင်ရောဗျာ"

"အေး .. ဥပမာဝက်တစ်ကောင်ဖြစ်နေရင် သူ့တစ်ကိုယ်လုံးက အနက်ရောင်ပေါ့။ ပုံသဏ္ဌာန်ကလည်း မည်းမည်းပုပုနဲ့ ကြောက်စရာကြီးဖြစ်နေမှာပဲ။ တကယ်လို့ ချေတစ်ကောင်ဖြစ်နေရင်တော့ တစ်ကိုယ်လုံး အဝါရောင်ပေါ့။ ရဟန်းလိုလို ဘာလိုလို ထင်ယောင်ထင်မှား ဖြစ်အောင်လုပ်မှာပေါ့"

"ရေရှိရာကို သွားတာကရော"

"ရေရှိရာကို သွားတာက သူတို့ထူတဲ့သားကောင်က ရေထဲဆင်းလိုက်တာနဲ့ စောစောက သူတို့ပူးကပ်တဲ့အကောင်ဟာ သူ့သဘာဝအကောင်အတိုင်းဖြစ်ပြီး သူမောင်းခဲ့တဲ့အကောင်ထဲမှာ ဝင်ပူးကပ်လို့ သူတို့လိုရာကို သွားတော့တာပဲ။ အဲဒါကို မသိလို့ ဆက်လိုက်ရင်တော့ လိုက်တဲ့မုဆိုးကို ရန်မူတော့တာပဲ။ သေနတ်နဲ့ဘယ်လောက်ပစ်ပစ် မသေတော့ဘူး။ ဒုက္ခရောက်ပြီသာ မှတ်ပေတော့။ ဒါကြောင့် ရေထဲမဆင်းခင် ရေစပ်နားအရောက်မှာ ပစ်ရတာပေါ့။ ကဲ .. ကဲ နေလည်းအတော်ရှိပြီ၊ ဒီဖွတ်ကြီးကို တုပ်ပြီးထမ်းရအောင်၊ အကောင်က ကြီးတော့ အဖွဲ့တွေနဲ့မှ ဖြစ်မှာ"


ကျွန်ုပ်တို့မှာ ဖွတ်ကြီးအား လက်နှင့်ခြေများကိုတုတ်၍ ထမ်းပိုးလုပ်ရန် ဝါးလုံးခုတ်နေစဉ် တစ်ဖက်ခင်တန်းဆီမှ "ဝူး" ခနဲအသံကြားရသဖြင့် ဘိုးလေးမှ ပြန်၍ "ဝူး" ခနဲထူးလိုက်သည်။

"သေနတ်သံကြားလို့ အဖွဲ့တွေလိုက်လာပြီတဲ့။ ဒီည ဒီနေရာမှာ စခန်းချ ဖွတ်သားချက်ပြီး ဒီပြောင်ကြီးကို ဖြတ်ရတော့မှာပေါ့။ ကဲ .. လက်သစ် စိတ်ချလက်ချ နားပေတော့ကွာ"

ကျွန်ုပ်မှာကား အမဲကြီးတစ်ခေါက်ဆို ဆိုသလောက် ဖြစ်ပျက်ခဲ့သော ထူးဆန်းအံ့သြဆန်းကျယ်လှသည့် တောကြီးမာယာကို တွေးရင်း တစိမ့်စိမ့်တုန်လှုပ်လျက် ရှိနေပါတော့သတည်း။

မင်းသိုက်လှ

www.burmeseclassic.com



“ကိုအုတ်”

“ဟင် ‥ ဘာလဲချစ်”

“တကယ်လို့ ချစ်မရှိတော့ရင်လည်း ကိုအုတ် ချစ်ကို ဆက်ချစ်နေရမယ်နော်။ နောက်မိန်းမ မယူရဘူးနော်”

“ဟာ ‥ ချစ်၊ နိမိတ်မရှိ ‥ နမာမရှိ ဘာတွေ လျှောက်ပြောနေတာလဲ”

“မဟုတ်ပါဘူး။ ချစ်ပြောတာသာ ကတိပေးပါ”

“ကတိပေးပါတယ်ကွာ။ ချစ်ရယ် ‥ ကိုရယ်၊ သမီးလေး နှင်းဥက္ကာလွင်ရယ် တစ်သက်လုံး အတူနေကြမယ်။ မခွဲမခွာပေါ့။ နောင်ဘဝရှိရင်လည်း ချစ်နဲ့ ကိုအုတ်၊ သမီးလေးနဲ့ မိသားစုအဖြစ် ပြန်ဆုံကြဖို့ ဆုတောင်းမယ်”

“ချစ်ကတော့ ချစ်အရင်သေသွားရင်လည်း လူဝင်စား အဖြစ်နဲ့ပြန်လာပြီး ကိုအုတ်ကိုယူမှာပဲ”

“ဟော ‥ ပြောပြန်ပြီ ပေါက်ကရတွေ။ တော်ပြီကွာ ‥။ မဟုတ်တာတွေ လျှောက်မပြောနဲ့”

“ချစ်က ရင်ထဲရှိတာပြောတာပါ။ ချစ်သေသွားရင် ‥”

“တော်ပြီဆို”

ကိုဥက္ကာက မြသက်နှင်း၏ နှုတ်ခမ်းများကို ပိတ်လိုက်သည်။ သူ့နှုတ်ခမ်းများနှင့်ဖြစ်သည်။ ပြောခွင့်မပေးနိုင်၍ ဖြစ်သည်။

စင်စစ် ကိုဥက္ကာနှင့်မြသက်နှင်းတို့ အိမ်ထောင်သက်တမ်းက မကြာလှသေးပါ။ သုံးနှစ်ကျော်လေးနှစ်ထဲမှာပင် ရှိပါသေးသည်။

နှစ်ဦးသားချစ်သူဖြစ်၊ ချစ်သူသက်တမ်း သုံးနှစ်ကြာပြီးမှ မိဘများ သဘောတူလက်ထပ်ခဲ့ကြခြင်းဖြစ်၏။

ကိုဥက္ကာကလည်း မြသက်နှင်းကို ချစ်၊ မြသက်နှင်းကလည်း ကိုဥက္ကာကိုချစ်။ အချစ်တွေ ကဲလွန်းသည်၊ ပိုလွန်းသည်ဟု အပေါင်းအသင်းတွေက ပြောခဲ့ကြသလို ကိုဥက္ကာမိဘများကပင် “မင်းတို့က လွန်လွန်းပါတယ်” ဟု ထုတ်ပြောရသည်ထိ။



www.burmeseclassic.com

www.burmeseclassic.com



နေစိုးသော်

# ဂမ္ဘီရရေစက်



www.burmeseclassic.com

"ဒါကတော့ ရေးဘဝအဆက်ဆက်က ပတ်သက်ဖူးခဲ့တဲ့ သစ္စာတရားကြောင့် ဒီဘဝမှာ ဒီလိုချစ်သူဖြစ်ခဲ့ကြတာပေါ့"

ကိုဥက္ကာဖြေတတ်သလို ..

"နောက်ဘဝလည်း ဆက်ချစ်ကြဦးမှာ"

ဟု မြသက်နှင်းက ရယ်၍ ပြောတတ်သည်။

သမီးကလေးနှင်းဥက္ကာလွင်ကို မွေးဖွားလာတော့လည်း လင်မယားနှစ်ဦးစလုံး အသည်းတုန်အူတုန် ဖြစ်ခဲ့ကြ၊ ချစ်ခဲ့ကြရပြန်၏။

"အားကျတယ်ကွာ"

ကိုဥက္ကာ၏ သူငယ်ချင်းဖြစ်သူ ကိုသီဟကပြောတော့ ...

အားကျရင် ငါတို့လိုဖြစ်အောင် ကြိုးစား။ လူပျိုကြီးဘဝနဲ့ ကိုယ့်အားကိုယ်ကိုးမနေနဲ့၊ အချိန်တန်လို့မှ မသီးမပွင့်တဲ့ မျိုးစေ့မှုန် ပင်မသန်လို့ပဲ"

ကိုဥက္ကာက ပြန်နောက်တတ်၏။

"ဟ .. အပင်ကတော့ သန်တယ်ကွ။ စိုက်စရာမြေမရှိသေးတာ"

ကိုသီဟကလည်း အားကျမခံ။

"နှင်းတို့ ရှာပေးရမလား"

မြသက်နှင်းက အပြုံးဖြင့်စ၏။

"နေပါကွာ .. မြသက်နှင်းလို မိန်းမမျိုးတော့ ငါ ဘယ်လိုမှ မရနိုင်ပါဘူး"

"မှန်တယ် .. သူငယ်ချင်း။ ငှက်ဖြစ်ရင် တစ်ကိုင်းတည်းနားမှာ၊ အိပ်ရာဝင်ရင် တစ်ခြင်ထောင်တည်း အိပ်မှာ။ ဟား .. ဟား .. ဟား"

"အို .. ကိုအုတ်ကလဲ"

ကိုဥက္ကာ၏ အနောက်အပြောင်ကြောင့် မြသက်နှင်းမျက်နှာ နီသွားသည်။ ကိုဥက္ကာကတော့ သဘောကျစွာ တဟားဟား။

(၂)

ဇမ္ဗူဒိပ် နိမိတ်ထွန်း၏။

မြသက်နှင်းပြောသော စကားတို့သည် မြသက်နှင်းကို နိမိတ်ဖတ်ခဲ့သလို ဖြစ်ခဲ့သည်ဟု ကိုဥက္ကာထင်သည်။

ကြည့်ပါ ..။

မြသက်နှင်းတစ်ယောက် နယ်မှ အဒေါ်တစ်ဦး၏ နာရေးကိစ္စအသွားတွင် သူမစီးသွားသောကား တိမ်းမှောက်သွားရာ ကံဆိုးသောမြသက်နှင်းတစ်ယောက် နေရာတွင်ပင် ပွဲချင်းပြီးဆုံးပါးသွားခဲ့ရ၏။

ကိုဥက္ကာတစ်ယောက် အရူးမီးဝိုင်းခံစားလိုက်ရသည်။

သမီးလေးနှင်းဥက္ကာလွင်ကိုဖက်ကာ ကိုဥက္ကာဖြေမဆည်နိုင်ဖြစ်ရ၏။ မိဘများနှင့် မိတ်ဆွေသင်္ဂဟများမှာ မြသက်နှင်း၏ နာရေးကိစ္စကိုဆောင်ရွက်ရင်း ကိုဥက္ကာအား နှစ်သိမ့်ဖျောင်းဖျရ၏။ သို့တိုင် ကိုဥက္ကာခမျာ အရူးကြီးပမာ။

"ညက မြသက်နှင်း ကျွန်တော့်ဆီလာတယ်။ သူ ကျွန်တော့်ကို ခွဲမသွားဘူးလို့ ပြောတယ်"

ကိုဥက္ကာစကားကြောင့် ကိုသီဟ စိတ်မကောင်း။

"တရားနဲ့ဖြေပါ ကိုဥက္ကာ၊ မြသက်နှင်းက သူ့ခရီးသူဆက်သွားပါပြီ"

"မဟုတ်ဘူးဗျ၊ မြသက်နှင်းဘယ်မှမသွားဘူး။ သမီးလေးနဲ့ ကျွန်တော့်အနားမှာပဲ နေတယ်"

"အစွဲအလမ်းမကြီးပါနဲ့ဗျာ ..။ အရာရာကို စိတ်အလိုလိုက်နေရင် ကိုယ်ပဲဒုက္ခများရမှာ"

"စွဲလမ်းတာမဟုတ်ဘူး။ ကျွန်တော့်မျက်စိနဲ့ကို မြင်ရတာ။ ညဆိုရင် ကျွန်တော်နဲ့လာအိပ်တယ်"

"မဖြစ်နိုင်တာဗျာ။ ခင်ဗျားစိတ်က လှည့်စားနေတာ ဖြစ်မှာပါ"

"ဘာလဲ ခင်ဗျားက ကျွန်တော့်ကို ရူးနေတယ် ထင်လို့လား"

ကိုသီဟ သက်ပြင်းချရ၏။

မိဘများကလည်း ဖျောင်းဖျမနိုင်တော့၍ လက်လျှော့ထားလိုက်သည်။ ကြာလျှင် အချိန်က ကုစားသွားလိမ့်မည်။ လောလောဆယ်မှာတော့ သံယောဇဉ်ကြိုးက အပူမီးကို မွေးနေသည်ပဲ။ တရားရေပင် ဖျန်းပက်၍ မရနိုင်သော တဏှာမီး။

သို့ဖြင့် ..

ရက်မှသည်လ ..

လမှသည် နှစ် ..

ပြောင်းလဲရွေ့လျားလာခဲ့သည်။

(၃)

သို့သော် ..

ကိုဥက္ကာတစ်ယောက်သည်ကား အနည်မထိုင်နိုင်။

သမီးလေး နှင်းဥက္ကာလွင်ပင်လျှင် တဖြည်းဖြည်းကြီးလာခဲ့ရာ ကျောင်းနေရွယ်ရောက်လာသည်။

ထိုအချိန်ထိ ကိုဥက္ကာက၊မြသက်နှင်းက ကျွန်တော့်ကိုလာပြောတယ်။ သူ့ကို ပေးထားတဲ့ ကတိမဖျက်ပါနဲ့တဲ့"

ကိုဥက္ကာ၏အပြောကြောင့် ကိုသီဟ ရင်မောရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘‘ဘာကတိလဲ’’

‘‘နောက်မိန်းမ မယူဘူးဆိုတဲ့ ကတိလေ’’

‘‘မြသက်နှင်းဆုံးတာ ကြာပြီလေဗျာ’’

‘‘မဟုတ်ဘူး။ ကတိဟာကတိပဲ။ ကျွန်တော် မြသက်နှင်းကို ချစ်တယ်။ အခုလည်း ချစ်နေဆဲပဲ’’

‘‘အဲဒါဆို ပြီးတာပဲဗျာ။ ခင်ဗျား ရင်ထဲက ချစ်နေတာ ပြဿနာမရှိပါဘူး’’

‘‘ကျွန်တော့်မိဘတွေက ကျွန်တော့်ကို မိန်းမ ပေးစားချင်နေလို့ဗျ’’

မြသက်နှင်း ဆုံးခဲ့သည်မှာလည်း ကြာ၊ သမီးကလေးတစ်ယောက်နှင့် ဗျာလည်းများနေခဲ့ပြီး အရွယ်ကလည်း ရှိနေသောကြောင့် ကိုဥက္ကာ၏ စိတ်အနာဒဏ်ရာများ ပြေစေချင်သည်ကတစ်ကြောင်းမို့ မိဘများက စီစဉ်ခြင်းဖြစ်၏။

မိဘများက သူတို့၏ စီစဉ်မှုကို ကိုသီဟကိုပါ ဖွင့်ဟတိုင်ပင်ခဲ့သည်မို့ ကိုသီဟ သိနေခြင်းဖြစ်သည်။

‘‘ဒါကတော့ဗျာ .. ခင်ဗျားအနေနဲ့ စဉ်းစားသင့်တဲ့ အချက်ပဲ။ စိတ်ကူးယဉ်မနေဘဲ လက်တွေ့ကျကျ အဖြေရှာဖို့သင့်တယ် ကိုဥက္ကာ’’

ကိုဥက္ကာ လက်မခံ။

‘‘သစ္စာတရားဆိုတာ နှစ်ကာလကြာလည်း မပျက်ရဘူးဗျ။ ကျွန်တော် နောက်မိန်းမယူရင် မြသက်နှင်းအပေါ် သစ္စာဖောက်ရာရောက်သွားမှာပေါ့။ ပြီးတော့ ပေးထားခဲ့တဲ့ ကတိကလည်း ရှိတယ်လေ’’

‘‘သမီးလေး နှင်းဥက္ကာလွင်ကို ထိန်းကျောင်းဖို့ မိခင်တစ်ယောက်လိုတာ အမှန်ပဲ ကိုဥက္ကာ။ သမီးဆိုတာ မိခင်အုပ်ထိန်းရတာဗျ’’

‘‘ကျွန်တော့် အဖေရော၊ အမေရော ရှိနေတာပဲဗျာ။ သူ့အဘိုးအဘွား ရှိနေမှတော့ ဘာပူစရာလိုလဲ။ တော်ကြာ မိထွေးလက်ရောက်မှ သမီးလေး စိတ်ဆင်းရဲရမှာ’’

မိဘများက မည်သို့နားချနားချ၊ မိတ်ဆွေများက မည်သို့တိုက်တွန်းတိုက်တွန်း ကိုဥက္ကာလက်မခံ။

‘‘သမီးလေးကို မိထွေးလက်လုံးဝမအပ်နိုင်ဘူး။ ကျွန်တော့်ရင်ထဲက မြသက်နှင်းနေရာမှာလည်း ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး။ ကျွန်တော်ရယ် မြသက်နှင်းရယ်၊ သမီးကလေး နှင်းဥက္ကာလွင်ရယ် ဒီမိသားစုလေးကို မဖြိုခွဲကြပါနဲ့။ ခင်ဗျားတို့ မသိပေမယ့် ကျွန်တော် သိနေတယ်။ ကျွန်တော်တို့ မိသားစုထဲမှာ မြသက်နှင်းရှိနေတယ်’’

ကိုသီဟ လက်လျှော့လိုက်သည်။

နေပါစေဦး ..

အနာတက် ဆေးချက်မရှိဖြစ်နေဆဲပဲဟု သဘောပိုက်လိုက်သည်။ တစ်နေ့နေ့တော့ ကိုဥက္ကာ၏ စိတ်ဒဏ်ရာများ ပြေသွားမှာပါဟု တွေးလိုက်၏။

သို့ဖြင့်ပင် ကိုဥက္ကာ၏မိဘများ ရွှေဆင့်နောက်ဆင့် ဆုံးပါးသွားကြသည်။ ယခုတော့ ကိုဥက္ကာနှင့်သမီးကလေး နှင်းဥက္ကာလွင် နှစ်ဦးတည်း ကျန်ရစ်သည်။ အဖေတစ်ခု သမီးတစ်ခုဘဝ။

ကိုဥက္ကာကတော့ မြသက်နှင်းရှိနေဆဲပါဟု အခိုင်အမာပြောနေဆဲ။

(၄)

အချိန်ဆိုသည်က ရပ်တန့်မနေ။ နွေမိုးဆောင်း အလီလီပြောင်းသွားသလို နှင်းဥက္ကာလွင်ကလေးပင် အပျိုဖားဖားဖြစ်လာပြီး တက္ကသိုလ်ကျောင်းသူဖြစ်လာခဲ့ပြီ။

သို့တိုင် ကိုဥက္ကာလွင်နောက်အိမ်ထောင်မပြုဘဲ နေနိုင်သည်ကို ကိုသီဟတို့အပေါင်းအသင်းတွေ အားကျဖွယ်၊ လေးစားဖွယ် တွေ့ရှိလာရ၏။ ချီးကျူး၍လည်းမဆုံးနိုင်။

ကိုဥက္ကာသာမက နှင်းဥက္ကာလွင်ကပါ ကိုဥက္ကာ့ဘက်က ရှိလာ၏။

‘‘သမီးရဲ့ဖေကြီးကို မိန်းမ မပေးစားတော့ဘူးလား’’

တစ်ခါတစ်ရံ ကိုသီဟက နှင်းဥက္ကာလွင်ကို စတတ်သည်။

ထိုအခါ ...

‘‘ဟင့်အင်း .. ဖေကြီးကလည်း ဘယ်မိန်းမမှ ထပ်ယူမှာမဟုတ်ဘူး။ ဖေကြီးထပ်ယူမယ်ဆိုရင်လည်း သမီးက သဘောမတူဘူး။ ခွင့်မပြုနိုင်ဘူး’’

နှင်းဥက္ကာလွင်က မျက်နှာအပျက်ပျက်နှင့် ပြန်ပြောသည်။

‘‘သူ့ကို ပြုစုဖို့ လိုသေးတယ်လေကွယ်။ သမီးရဲ့ဖေကြီးက အသက်ကြီးလာပြီလေ’’

‘‘သမီးပြုစုမှာပေါ့။ အခုလည်း သမီးပြုစုနေတာပဲဟာ’’

‘‘သမီးပြုစုတာ ဦးတို့သိသားပဲ။ သမီး အရမ်းလိမ္မာပြီး အလွန်သိတတ်တဲ့ မိန်းကလေးဆိုတာ ဦးထောက်ခံပါတယ်။ ဒါပေမဲ့ တစ်နေ့ကျရင် သမီးက ချစ်သူတွေ့ပြီး ..’’

‘‘ဟင့်အင်း .. ဟင့်အင်း ..



www.burmeseclassic.com

www.burmeseclassic.com


သမီး ဖေကြီးကို ဘယ်တော့မှခွဲမသွား ဘူး။ ချစ်သူလည်း မရှာဘူး''

ကိုသီဟ ပြုံးနေမိသည်။

သူတို့သားအဖမှာ တကယ်ပင် ထူးခြားလှပါသည်။ ကိုဥက္ကာကို ပတ်ဝန်းကျင်က ဆွေမျိုးများက မိန်းမယူရန် လာရောက်စပ်ဟပ်ဆွေးနွေးသည့်အခါတိုင်း ကိုဥက္ကာကရော၊ နှင်းဥက္ကာလွင်ကပါ ခါးခါးသီးသီး ငြင်းဆန်ကြသလို ..

နှင်းဥက္ကာလွင်ကို ချစ်သည်ဟု ချဉ်းကပ်လာသည့် လူငယ်တိုင်းလည်း အဆုံးတွင် အလံဖြူထောင်ကာ အရှုံးပေးသွားကြရသည်။

သူတို့သားအဖ၏ နောင်ဖွဲ့မှုထဲသို့ မည်သူမျှ ကြားမဝင်နိုင်။ ထိုသို့ကြားမဝင်နိုင်သည်မှာ မြသက်နှင်းက ရစ်ပတ်ထားသောကြောင့်ဟု ကိုသီဟတို့ လက်ခံထားခဲ့ကြ၏။

''မြသက်နှင်းရဲ့နေရာမှာ ကျွန်တော် ဘယ်မိန်းမမှ အစားမထိုးနိုင်ဘူး''

ကိုဥက္ကာရဲရဲတွံ့တွံ့ ကြေညာသလို ..

''မေမေ့နေရာမှာ ဘယ်သူ့ကိုမျှ အစားမထိုးနိုင်ဘူး''

နှင်းဥက္ကာလွင်ကလည်း ပြတ်ပြတ်သားသား ထုတ်ဖော်ပြောခဲ့၏။

ကိုသီဟတို့ ခေါင်းတညိတ်ညိတ်။

''ရှာမှရှား တကယ့်မေတ္တာသမားတွေပဲ''

သည်သို့ မှတ်ချက်ပြုခဲ့ကြရ၏။

(၅)

ယခုတော့ အနောက်က နေထွက်ခဲ့ပြီ။ ကောင်းကင်က မြေလွှာဖြစ်ခဲ့ပြီ။ ဝသုန်က ကောင်းကင်နေရာရောက်သွားပြီ။

ကြည့်ပါဦး ..။

''ကျွန်တော် မိန်းကလေးတစ်ယောက်ကို စွဲလမ်းနေမိပြီဗျာ'' တဲ့။

ကိုဥက္ကာ၏ စကားကြောင့် ကိုသီဟ ကြက်သေသေကာ မယုံနိုင်သလို ပြန်ကြည့်နေမိ၏။ အံ့သြလွန်း၍ ရုတ်တရက်စကားပင်မပြန်နိုင်။

''ကျွန်တော် တကယ်ပြောတာဗျ။ ခင်ဗျား မယုံဘူးလား''

''နားရှိလို့သာ ကြားရတာဗျာ။ မယုံတာ အမှန်ပဲ''

''အမှန်ပါ ကိုသီဟရာ၊ ကျွန်တော် နောက်နေတာ မဟုတ်ဘူး''

''ခင်ဗျားပဲ ကြေညာခဲ့တာလေ။ မြသက်နှင်းနေရာမှာ ဘယ်မိန်းမမှ အစားမထိုးနိုင်ဘူးလို့''

''ဟုတ်ပါတယ်''

''အခု ဘယ်လိုဖြစ်တာလဲ''

''ကံကြမ္မာက မျက်လှည့်ပြတယ်ပဲ ပြောရမလား။ နှလုံးသားက ဆန်းကြယ်တယ် ပြောရမလား။ တစ်ခုခုပါပဲ။ အဲဒီမိန်းကလေးကို တွေ့ပြီး ကျွန်တော် သိပ်ကို လှုပ်ရှားခံစားသွားရတယ်''

ကိုသီဟ ပြုံးလိုက်သည်။

''ဒါဆို ခင်ဗျား မြသက်နှင်းကို မေ့လိုက်ပြီလား''

''အဲဒီလိုတော့ မဟုတ်ဘူး''

''ခင်ဗျား .. မြသက်နှင်းနေရာမှာ အစားထိုးတော့မယ်ပေါ့''

''အဲဒီလိုလည်း မဟုတ်ဘူး''

''ခင်ဗျား မြသက်နှင်းကို ပေးထားတဲ့ကတိ ဖျက်တော့မယ်ပေါ့''

''အဲဒီလို ဖြစ်နေပြီ''

''ခင်ဗျား မြသက်နှင်းကို သစ္စာဖောက်တာပဲ''

''အဲဒီလိုတော့ မပြောပါနဲ့ဗျာ''

ကိုဥက္ကာ မျက်နှာငယ်လေးနှင့် ဖြစ်သွားသည်။ တောင်းပန်ကြည့်ကြည့်သည်။ ကိုသီဟ တဟားဟား အော်ရယ်လိုက်၏။

''ကျွန်တော်က အတည်နဲ့နောက်နေတာပါ ကိုဥက္ကာ။ ကျွန်တော် ခင်ဗျားကို ကိုယ်ချင်းစာပါတယ်။ အမျိုးသမီးက ဘယ်ကလဲ။ ခင်ဗျားတို့ ရုံးကလား။ ခင်ဗျားတို့ ရပ်ကွက်ထဲကပဲလား''

ကိုဥက္ကာ ခေါင်းခါသည်။

''မဟုတ်ဘူး .. မန္တလေးက ..''

''ဟာ .. နဖူးစာရွာလည်ပဲ။ ဘယ်လိုလုပ်ပြီး မန္တလေးသူကို တွေ့ပြီး ကြိုက်လာတာလဲ''

ကိုဥက္ကာ ရှက်မျက်နှာဖြင့် ..

''တစ်လောက ရုံးကိစ္စနဲ့မန္တလေးသွားရင်း တွေ့လာတာ''

ခပ်တိုးတိုးပြောသည်။

''တော်တော်လှလို့လား''

ကိုသီဟ အမေးကို မဖြေဘဲ ..

''ဘယ်သူလဲဆိုတာသိရင် ခင်ဗျားသိပ်အံ့သြသွားမယ်''

ကိုဥက္ကာက သူ့စကားသူဆက်သည်။

''ပြောပါဦး''

''ခင်ဗျားတို့ ကျွန်တော်တို့ရဲ့မိတ်ဆွေ ကိုစိန်တင်ရဲ့ သမီးလေးပဲ''

''ဗျာ''

''ဟိုဗျာ .. ကျွန်တော်တို့ရုံးကနေ မန္တလေးကို ပြောင်းသွားတဲ့ ကိုစိန်တင်လေဗျာ။ ခင်ဗျားမှတ်မိတယ် မဟုတ်

www.burmeseclassic.com



လား။ မြသက်နှင်းဆုံးပြီး မကြာခင်မှာပဲ ပြောင်းသွားတာလေ"

"ကိုစိန်တင်ကို မှတ်မိပါတယ်ဗျာ။ ကျွန်တော် အံ့ဩတာက ခင်ဗျား သဘောကျတာ ကိုစိန်တင့်သမီးဆိုလို့ပါ။ ကလေးမလေးက အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်အထင် ဆယ့်ရှစ် ဆယ့်ကိုးပေါ့ဗျာ"

"ဟာဗျာ"

ကိုသီဟ ဘာပြောရမှန်း မသိတော့ပါ။ ကိုဥက္ကာကိုသာ ငေးကြည့်ပြီး ကြောင်နေမိသည်။

"အင်း ... ကျွန်တော့်သမီး နှင်းဥက္ကာလွင်ထက်တောင် ငယ်မှာပေါ့ဗျာ"

"ခင်ဗျားသမီး နှင်းဥက္ကာလွင်က ဘယ်လိုမှ သဘောတူမှာမဟုတ်ဘူး"

"ကျွန်တော် သိပါတယ်"

"ကိုစိန်တင်တို့ကရော လက်ခံမတဲ့လားဗျာ"

"အဲဒါလည်းသိပါတယ်"

"ဒါနဲ့များဗျာ ..."

"ဒါပေမဲ့ ခင်ဗျားမသိဘူး ကိုသီဟရာ။ ကျွန်တော်ပဲသိတယ်။ သူ့ကို တွေ့တွေ့ချင်း ကျွန်တော်စွဲလမ်းသွားတာ"

ကိုသီဟက ရုတ်တရက် တစ်စုံတစ်ရာကို သတိရလိုက်သဖြင့် ...

"ဘာလဲ အဲဒီကလေးမလေးက မြသက်နှင်းနဲ့တူလို့လား"

မေးလိုက်သည်။

ကိုဥက္ကာ ပိုငေးသွားသည်။

အတန်ကြာမှ ...

"အင်း ... မြသက်နှင်းနဲ့ တူတော့ မတူပါဘူး။ ဆင်တောင်မဆင်ပါဘူးဗျာ။ ဒါပေမဲ့ အဲဒီရုပ်ရည်ကြောင့်လည်း မဟုတ်ဘူးဗျ။ တစ်မျိုးပဲ စိတ်ကဖြစ်သွားတာ"

"ခင်ဗျားတို့ တွေ့ခဲ့ပုံလေးပြောပါဦး"

"ကျွန်တော် ... အလုပ်ကိစ္စနဲ့ မန္တလေးသွားတယ်ဗျာ။ အလုပ်ကိစ္စပြီးလို့ မပြန်ခင်မှာ ကိုစိန်တင်နဲ့တွေ့လို့ အိမ်ကိုအလည်ခေါ်လို့ လိုက်သွားတာ။ အိမ်ရောက်လို့ သူတို့လင်မယားနဲ့ စကားပြောနေတုန်း သူတို့သမီးလေးက ကော်ဖီလာချပေးတယ်။ အဲဒီကောင်မလေးပဲ။ ကော်ဖီချပြီး "သောက်ပါဦး" လို့ မော့အပြောမှာ သူ့မျက်လုံးတွေနဲ့ ကျွန်တော် ဆုံတယ်။ ဆုံဆုံချင်း ရင်တွေခုန်ပြီး ထူးထူးဆန်းဆန်း ခံစားလိုက်ရတယ်။ သူ့ကို ရင်းနှီးပြီးသားလို့ စိတ်က ထင်နေတယ်။ ကျွန်တော့်ကို သူကလည်း မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ကြည့်နေခဲ့တယ်။ အဲဒီမျက်လုံးအကြည့်တွေကတော့ မြသက်နှင်းမျက်လုံး။ မြသက်နှင်းအကြည့်မျိုးပဲ"

"အဲဒါ ခင်ဗျားရောဂါဟောင်းထလာတာပဲ"

"မြသက်နှင်း ဆုံးစဉ်က ခံစားချက်နဲ့မတူဘူး မြသက်နှင်းနဲ့စတင်ပြီး ဆုံတွေ့စဉ်က ဖြစ်ခဲ့သလိုမျိုးပဲဗျ"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"ပန်းယွန်းတဲ့"

"သူ့ကို မန္တလေးမှာ မွေးတာလား"

"ဟုတ်တယ်၊ ရန်ကုန်မှာတုန်းက သူတို့မှာ သားတစ်ယောက်ပဲရှိတယ်လေ။ အဲဒီကောင်ကြီးက အခုစစ်ဗိုလ်ဖြစ်နေပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာ တာဝန်ကျနေတယ်။ ပန်းယွန်းက ရန်ကုန်မှာ ကိုယ်ဝန်စရှိပြီး မန္တလေးကျမှ မွေးတာတဲ့"

"ခင်ဗျား ... ပန်းယွန်းနဲ့ စကားပြောခဲ့ရလား"

"တစ်ခွန်းမှ မပြောဖြစ်ခဲ့ဘူး"

ကိုသီဟ သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ခင်ဗျား ဘာဆက်လုပ်မယ် စိတ်ကူးလဲ ကိုဥက္ကာ"

ကိုဥက္ကာ၏ အဖြေက အဆင်သင့်ရှိပုံရ၏။ မဆိုင်းမတွ ထွက်လာသည်။

"ပန်းယွန်းကိုလက်ထပ်ချင်တယ်"

"ဒုက္ခ"

(၆)

ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုသီဟထံသို့ ထပ်ရောက်လာသူမှာ နှင်းဥက္ကာလွင်ဖြစ်သည်။ မျက်နှာအပျက်ပျက်၊ မျက်ရည်တလည်လည်ဖြင့်။

"ဦး ... ဖေကြီးကို ကြည့်ပြောပါဦး"

ပန်းယွန်းကိစ္စဖြစ်မှာပဲဟု ကိုသီဟတွေးလိုက်မိသော်လည်း မသိဟန်ဖြင့် ...

"ဘာများလဲ သမီးရဲ့"

"ဖေကြီး ဖောက်ပြန်နေပြီ"

"ဟေ"

"ဖေကြီးလေ ... မန္တလေးက ပန်းယွန်းဆိုတဲ့ ကောင်မလေးကို လက်ထပ်ယူမယ်တဲ့"

"နောက်တာနေမှာပါ သမီးရာ"

"မဟုတ်ဘူး ဦးရဲ့၊ အတည်ပြောတာ။ သမီး သဘောတူလားတဲ့ သမီးကို မေးတယ်"

နှင်းဥက္ကာလွင် မျက်ရည်စများ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်မှ စီးကျလာသည်။ သူမကို ကြည့်၍ သီဟ စိတ်မကောင်း။ ကိုဥက္ကာ၏ ခံစားမှုသည် ယခင်က ပျော်ရွှင်ချမ်းမြေ့နေသော မိသားစုလေးကို အပူသောကများ သယ်ဆောင်လာခဲ့ပေပြီ။

"သမီးကတော့ သဘောမတူဘူးလို့ ပြောလိုက်တယ်။ ဦး ‥ စဉ်းစားကြည့်လေ။ အဲဒီ ပန်းယွန်းက သမီးထက်တောင် ငယ်သေးတာ"

"အင်း ‥ ဟုတ်တာပေါ့"

"မေမေ့နေရာမှာ သမီးက ဘယ်သူ့ကိုမှ နေရာမပေးနိုင်ဘူး"

"သမီး မပူပါနဲ့၊ မဖြစ်နိုင်ပါဘူး။ သူလက်ထပ်ချင်ပေမယ့် ပန်းယွန်းက လက်ခံမှာမဟုတ်ပါဘူး။ ပန်းယွန်းမိဘတွေကလည်း သဘောတူမှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ဖေကြီးက အသည်းအသန်ဖြစ်နေပုံပဲ။ နောက်တစ်ပတ်တောင် မန္တလေးတက်မလို့တဲ့"

"သမီးက မလွှတ်နဲ့ပေါ့"

"ရမှာမဟုတ်ဘူး ဦးရဲ့။ မရတဲ့အတူတူ သမီးပါလိုက်သွားမယ်လို့ စိတ်ကူးတယ်။ သမီးကျောင်းလည်း ပိတ်ထားတာပဲလေ။ သမီးလိုက်သွားပြီး ပန်းယွန်းနဲ့ပါ တွေ့မယ်။ မဖြစ်နိုင်ကြောင်း ပြောလိုက်မယ်"



"သမီးဖေကြီးကစိတ်ဆိုးမှာပေါ့"

"ဆိုးပေ့စေ။ မေမေ့နေရာမှာ အစားထိုးရအောင် ပန်းယွန်းက ဘာမို့လို့လဲ။ အို ‥ ဘယ်သူဖြစ်ဖြစ်ပါ။ မေမေ့နေရာကို လုံးဝမပေးနိုင်ဘူး။ သမီးကတော့ အပြတ်ပဲ"

"တကယ်လို့ ဦးမေးမယ်နော်။ ပန်းယွန်းနဲ့ သမီးဖေကြီး အဆင်ပြေသွားတယ်ဆိုရင် သမီးဘယ်လိုလုပ်မလဲ"

နှင်းဥက္ကာလွင်မျက်ရည်များနှင့် ပြုံး၏။ နာကျင်ပြုံး။

"သမီး ဖေကြီးနဲ့အပြတ်ပဲ"

(၇)

ကိုသီဟတစ်ယောက် ကြားမှ ရင်ပူနေရလေပြီ။

ကိုဥက္ကာက ပန်းယွန်းနှင့်ပတ်သက်ပြီး မလျှော့တော့မည့်သဘော။ နှင်းဥက္ကာလွင်ကလည်း ပန်းယွန်းနဲ့ ပတ်သက်ပြီး လျှော့မပေးမည့်သဘော။ သူတို့သားအဖ လွန်ဆွဲနေကြလေပြီ။

ကိုဥက္ကာက မလျှော့လျှင် နှင်းဥက္ကာလွင်နှင့် ပြဿနာအကြီးအကျယ် တက်ကြတော့မည်။ သူတို့သားအဖကို သူစိမ်းတစ်ဦးကြောင့် စိမ်းစိမ်းကားကားမဖြစ်စေလိုပါ။

ကိုသီဟက ကိုဥက္ကာကို နားချ ကြည့်ပါသေးသည်။

"နှင်းဥက္ကာလွင်က ပန်းယွန်းကိစ္စကို လုံးဝသဘောမတူဘူးလို့ ပြောသွားတယ် ကိုဥက္ကာ"

www.burmeseclassic.com



ကျွန်တော်တို့ ရန်ကုန်ကနေ မန္တလေးကိုပြောင်းတော့ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိနေတယ်။ အဲဒီကိုယ်ဝန်ကို မန္တလေးမှာ မွေးတယ်။ အဲဒီကလေးဟာ ပန်းယွန်းပဲ။ ပန်းယွန်း နှစ်နှစ်ကျော် သုံးနှစ် စကားပြောတဲ့အခါ တစ်ခါတစ်ခါ ထူးဆန်းတာတွေကို ပြောတယ် ...

"ကျွန်တော့်ကိုလည်း ဒီလိုပဲ ပြောတယ်"

"ခင်ဗျား ‥ နောက်မဆုတ်ရင် ခင်ဗျားသမီးက ခင်ဗျားကို အပြတ်ပဲလို့ သူ့သဘောကို ပြောသွားတယ်"

"ကျွန်တော့်ကိုလည်းပြောတာပဲ"

"ခင်ဗျား ဘယ်လိုစဉ်းစားထားလဲ။ စိတ်အလိုသိပ်မလိုက်ပါနဲ့ဗျာ။ သမီးအတွက်လည်း ထည့်စဉ်းစားပါ"

"ကျွန်တော် ပန်းယွန်းကိုမမေ့နိုင်ဘူးဗျ"

"ခင်ဗျား နောက်မဆုတ်ဘူးလို့ ဆိုလိုတာလား"

ကိုဥက္ကာမဖြေ။ သူ့မျက်နှာမှာ သူ့ဆုံးဖြတ်ချက်က အထင်းသားပေါ်နေသည်။

"ခင်ဗျားတို့ သားအဖရဲ့ ချစ်ခင်မှုကို မပျက်ပြားစေချင်ဘူးဗျာ။ ဘယ်လိုပဲဖြစ်ဖြစ် မိုက်မိုက်မဲမဲတော့ မဆုံးဖြတ်ပါနဲ့"

ပြောသာပြောရသည်။ ကိုဥက္ကာ နားဝင်ပုံမပေါ်။ ထင်သည့်အတိုင်းပင် ကိုဥက္ကာ မန္တလေးတက်သွားသည်။ ပန်းယွန်းနဲ့တွေ့ရင် လက်ထပ်ဖို့အတွက် ကြိုးစားရန်။

နှင်းဥက္ကာလွင်လည်း လိုက်သွားသည်။ ပန်းယွန်းနှင့်တွေ့ရန် ဖခင်နှင့်မဖြစ်နိုင်ကြောင်း။ ကိုဥက္ကာနှင့်ပန်းယွန်းလက်ထပ်ရေးကို ဖျက်ရန်။

ဘာတွေဖြစ်လာမလဲ။

အဖြေဘယ်လိုဖြစ်လာမလဲ။

ကိုသီဟ ရင်မောစွာ ကျန်ရစ်၏။

(၈)

မန္တလေးမှ ပြန်ရောက်ရောက်ချင်း ကိုသီဟထံသို့ ကိုဥက္ကာအပြေးရောက်လာသည်။ သူ့မျက်နှာ မှိုရသလို ရွှင်ပျမြူးတူးစွာ။

"မင်္ဂလာသတင်းဗျို့ ‥ ကိုသီဟရေ"

စစချင်း ကိုဥက္ကာပြောသည့်စကား။

"ဆိုပါဦး ‥ ကိုဥက္ကာ၊ ဘယ်လိုမင်္ဂလာသတင်းလဲ"

"ပန်းယွန်းပေါ့ဗျာ"

"ပန်းယွန်းဘာဖြစ်လဲ၊ တခြားတစ်ယောက်နဲ့ ပန်းယွန်းမင်္ဂလာဆောင်တော့မှာတဲ့လား"

ကိုသီဟက ‥ အရွှန်းအပြက်သဘောပြောလိုက်သည်ကိုပင် ကိုဥက္ကာ မျက်နှာပျက်သွားသည်။

"ခင်ဗျားကလည်းဗျာ ပေါက်ကရတွေ မပြောစမ်းပါနဲ့။ ကျွန်တော်က စကားအကောင်းပြောမှာ"

"ဟုတ်ပါပြီဗျာ။ ပြောပါ ‥ ပြောပါ"

"ပန်းယွန်းနဲ့ကျွန်တော် လူကြီးတွေကွယ်ရာမှာ တွေ့ခဲ့ရတယ်။ တွေ့တာနဲ့ ကျွန်တော်လည်း တားမရ ဆီးမရတဲ့ စိတ်ကိုလွှတ်ပေးလိုက်တယ်။ ပန်းယွန်းကို လက်ထပ်ပါရစေပေါ့"

"ပန်းယွန်းက ဘာပြောလဲ"

"သူ့ကို လက်ထပ်ချင်ရင် သူ့မိဘတွေကို ပြောပါတဲ့"

"သူ့သဘောကိုရော ခင်ဗျား မမေးဘူးလား"

"မေးတာပေါ့ဗျာ၊ သူက ကျွန်တော့်ကို မငြင်းပါဘူး"

"တကယ် ‥"

"တကယ်ပေါ့ဗျာ"

"နှင်းဥက္ကာလွင်ကရော ဘာပြောလဲ"

"သမီးနဲ့ပန်းယွန်းကို တွေ့ပေးလိုက်တယ်။ ကျွန်တော် ရင်တထိတ်ထိတ်နဲ့ပေါ့ဗျာ။ သမီးက ကျွန်တော့်ကို ဘယ်မိန်းမနဲ့မှ သဘောမတူတာ ခင်ဗျား သိသားပဲ"



www.burmeseclassic.com

"ဟုတ်တယ်လေ၊ အခု မန္တလေး ကိုလိုက်လာတာတောင် ခင်ဗျားနဲ့ ပန်းယွန်းကိစ္စဖျက်ရအောင်လိုက်တာပဲဟာ"

"ဟာ ‥ ခင်ဗျားကို သမီးက အဲဒီလို ပြောသွားတာလား"

"ဟုတ်တယ်"

"အင်း ‥ ဟုတ်မှာပေါ့၊ ဒါပေမဲ့ ပြောရရင် ခင်ဗျား သိပ်အံ့သြသွားမယ် ကိုသီဟ။ သမီးက ပန်းယွန်းနဲ့တွေ့ပြီး ကျွန်တော့်ကို ပြောတယ်။ ဖေကြီး ပန်းယွန်းကို လက်ထပ်ချင်လက်ထပ်ပါတဲ့။ သမီးလည်း ပန်းယွန်းကိုချစ်တယ်တဲ့"

"ဗျာ ‥"

ကိုသီဟ အံ့သြမှုက အထွတ်အထိပ်သို့ ရောက်သွားသည်။ ဘယ်လိုဖြစ်ကုန်တာလဲ။ ဘာကြောင့်လဲ။

ကိုသီဟရင်မှာ သိချင်စိတ်တွေ ပြင်းထန်သွားခဲ့၏။

(၉)

"သမီးက ကိုဥက္ကာကို ပန်းယွန်းနဲ့သဘောတူလိုက်ပြီဆို"

သိချင်စိတ်၏ စေ့ဆော်မှုကြောင့် ကိုသီဟ နှင်းဥက္ကာလွင်နှင့် သွားတွေ့ပြီး မေးလိုက်သည်။

"ဟုတ်တယ် ‥ ဦး"

နှင်းဥက္ကာလွင်၏မျက်နှာ ကြည်လင်သန့်စင်စွာ။

"ဘာဖြစ်လို့လဲ။ သမီးပဲ သမီးမေမေရဲ့နေရာကို ဘယ်သူ့မှ အစားမထိုးနိုင်ဘူးဆို"

"ဟုတ်တယ်လေ"

"ဒါဖြင့် အခု ဘာကြောင့်"

နှင်းဥက္ကာလွင် ‥‥ မဝံ့မရဲ မော့ကြည့်၏။

"သမီးက ပန်းယွန်းကို မေမေ့နေရာမှာ ထားနိုင်လို့ပေါ့"

ကိုသီဟ ခေါင်းကုတ်လိုက်သည်။

"ဘယ်လိုပြောရမလဲ၊ သမီးနားလည်သလို ပြောရရင် သမီးပန်းယွန်းကိုတွေ့တော့ ချစ်သွားတယ်။ သမီးချစ်သွားတာက သူငယ်ချင်းလို ညီအစ်မလိုမဟုတ်ဘူး။ အမေတစ်ယောက်လို ချစ်သွားတာ ဦးရဲ့။ အဲဒါကြောင့် ‥"

"ဦးတော့ ခေါင်းရှုပ်နေဆဲပဲ"

"ပန်းယွန်းကလည်း သမီးကိုချစ်တယ်တဲ့"

ကိုသီဟခမျာ ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်မရသူကဲ့သို့ပင်။ အဖြေရှာလေ ‥ ရှာမရလေ။

နှင်းဥက္ကာလွင်မျက်နှာမှာတော့ ကိုဥက္ကာလိုပင် ကြည်လင်ရွှင်ပျနေ၏။ တကယ်ပင် သူမ ကျေနပ်ကြည်နူးပြုံးပျော်နေသည့်ဟန်။

"ကောင်းပါတယ် သမီးရယ်။ ဒါ လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်ပါပဲ"

ပြောသာ ပြောလိုက်ရ၏။ သူတို့တစ်တွေအတွက် ဝမ်းသာရသည်က တစ်ဖက်၊ သူတို့တစ်တွေ၏ ရေစက်ဆန်းကြယ်မှုကို ဉာဏ်မမီသည်ကတစ်ဖက်၊ ကိုသီဟခေါင်းထဲမှာ လွန်ဆွဲနေဆဲ။

(၁၀)

မကြာမီမှာပင် မန္တလေးမှဆင်းလာသော ကိုစိန်တင်နှင့် ကိုသီဟတွေ့ဆုံရသည်။ ကိုစိန်တင်ဆင်းလာသည်က ကိုဥက္ကာနှင့် ပန်းယွန်း မင်္ဂလာကိစ္စဖြစ်သည်။

"ဘယ်လိုမှတော့ မထင်နဲ့ဗျာ ကိုစိန်တင်။ ခင်ဗျားက ခင်ဗျားသမီး ပန်းယွန်းကို ကိုဥက္ကာနဲ့ သဘောတူတာပဲလား"

မေးခွန်းက မသင့်လျော်မှန်းကို ကိုသီဟ သိပါ၏။ သို့သော် ရင်းနှီးသောသူများမို့ အားမနာပါးမနာ မေးလိုက်မိခြင်းဖြစ်သည်။

ကိုစိန်တင် လေအေးအေးဖြင့် ရှင်းပြ၏။

"ခင်ဗျား မေးမယ်ဆိုလည်း မေးသင့်ပါတယ်။ ရိုးရိုးသားသားပြောရရင် ကျွန်တော့်သမီး နုနုထွတ်ထွတ်လေးကို ကလေးတစ်ယောက်အဖေ၊ မုဆိုးဖိုအသက်ကြီးကြီး လူကြီးတစ်ယောက်နဲ့ ဘယ်ပေးစားချင်ပါ့မလဲ။ ဒါပေမဲ့ သမီးကိုယ်တိုင်က ကိုဥက္ကာဘက်က ပါနေပြီဆိုတော့ ‥"

"ကိုဥက္ကာဘက်က ပါတယ်ဟုတ်လား"

"ဟုတ်တယ် ကိုသီဟ၊ ကိုဥက္ကာက အိမ်ထောင်ရှိဖူးတဲ့သူမို့ စည်းရုံးကောင်းသွားလို့ မဟုတ်ဘူး။ သမီးကိုယ်နှိုက်က ကိုဥက္ကာကို မေတ္တာရှိနေတာကိုးဗျ"

"ကျွန်တော် အဲဒါကိုသိပ်သဘောမပေါက်တာ"

"ဆန်းကြယ်တဲ့ ဖူးစာလို့ပဲ မှတ်ပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားနားလည်အောင် ပြောရရင်တော့ ဒီလိုဗျ ‥။ ကျွန်တော်တို့ ရန်ကုန်ကနေ မန္တလေးကိုပြောင်းတော့ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိနေတယ်။ အဲဒီကိုယ်ဝန်ကို မန္တလေးမှာ မွေးတယ်။ အဲဒီကလေးဟာ ပန်းယွန်းပဲ။ ပန်းယွန်း နှစ်နှစ်ခွဲ ကျော်သုံးနှစ် စကားပြောတဲ့အချိန်တစ်ခါ


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ထူးဆန်းတာတွေကိုပြောတယ်''

''ဘာတွေပြောလဲ''

''သူ့အိမ်က ဒီအိမ်မဟုတ်ဘူး။ သူ့မှာ ယောကျ်ားရှိတယ်တဲ့။ သူ့မှာ သမီးရှိတယ်တဲ့ပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်တို့က ပန်းယွန်းဟာ တစ်ယောက်ယောက်ဝင်စားတာပဲလို့ အကြမ်းဖျင်းတွေးမိခဲ့ကြတယ်။ ဘယ်သူဘယ်ဝါတော့ မခန့်မှန်းမိခဲ့ကြဘူး။ ပန်းယွန်းကြီးလာတော့လည်း အဲဒါတွေ ထပ်မပြောတော့ပါဘူး။ ဒီတော့ ကျွန်တော်တို့လည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားတယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်ဗျ။ ပန်းယွန်းကိုချစ်လို့ လာရောက်တောင်းရမ်းကြသူတွေရှိတယ်။ ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်တွေပါပဲ။ ပန်းယွန်းက လက်မခံဘူးဗျ။ လုံးဝကို ခါးခါးသီးသီးငြင်းခဲ့တာချည်းပဲ''

''ဟုတ်လား''

''ခုကျမှဗျာ ..၊ ကိုဥက္ကာက သူ့ကို လက်ထပ်ချင်တယ်ဆိုတော့ လိုလိုလားလား လက်ခံတယ်။ အဲဒါ မဆိုးဘူးလား။ ဒါနဲ့ပဲ ကျွန်တော်တို့လင်မယားက သဘောတူလိုက်ရတာ။ ပန်းယွန်းဟာ တစ်ချိန်က ကိုဥက္ကာရဲ့ဇနီး မြသက်နှင်းဝင်စားတာလားတော့ မပြောတတ်ပါဘူးဗျာ''

ကိုသီဟစိတ်ထဲမှာ နည်းနည်းတော့ ရှင်းသွားသည်ဟု ဆိုရမည်။

''ကိုဥက္ကာက သူ့ဇနီးမြသက်နှင်းရဲ့ ပခုံးမှာ အမှတ်ကြီးတစ်ခုရှိတယ်လို့ ပြောတယ်ဗျ။ အဲဒါ သမီးမှာလည်း ပခုံးမှာ အမှတ်ကြီးတစ်ခုရှိတယ်လေ''

ကိုစိန်တင်ရဲ့ နောက်ဆက်တွဲစကား ..။

(၁၁)

ကိုဥက္ကာနှင့် ပန်းယွန်းတို့ မင်္ဂလာပွဲ အောင်မြင်ပျော်ရွှင်စွာ ပြီးမြောက်သွားခဲ့သည်။ ယခုတော့ ကိုဥက္ကာတို့ မိသားစုလေးမှာ သုံးယောက်ပြန်ဖြစ်သွားခဲ့လေပြီ။ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ သီချင်းလေးပါ။

ကိုဥက္ကာကလည်း ပန်းယွန်းကို ချစ်၊ ပန်းယွန်းကလည်း ကိုဥက္ကာကို ချစ်၊ ပန်းယွန်းကို နှင်းဥက္ကာလွင်က



လည်းချစ်၊ နှင်းဥက္ကာလွင်ကို ပန်းယွန်းကလည်းချစ်။ အချစ်အိမ်လေး ဖြစ်နေလေသည်။

ကြည့်ပါဦး ...။

ကိုသီဟ အလည်ရောက်သွားတော့ ကိုသီဟကို အပြုံးဖြင့် ကြိုဆိုရင်း ...

''ကိုအုတ်ရေ .. ဒီမှာ ဧည့်သည်လာတယ်။ ဘယ်သူလဲ ထွက်ကြည့်စမ်းပါဦး။ ပေါ်တော်မူကြီး''

ပန်းယွန်းက အိမ်ထဲကို လှမ်းပြောသည်။

ဟိုတုန်းက မြသက်နှင်းက ကိုဥက္ကာကိုခေါ်သလို 'ကိုအုတ်'တဲ့။ ဟိုတုန်းက မြသက်နှင်းက ကိုသီဟ အလည်သွားတိုင်း(အလာကျဲတတ်သော ကိုသီဟ)ကို နောက်ပြောင်လေ့ရှိသည့်အတိုင်း 'ပေါ်တော်မူကြီး' တဲ့။

''ကိုသီဟမဟုတ်လား ချစ်ရဲ့။ လာပြီ .. လာပြီ''

ကိုဥက္ကာအပြင်ကို ထွက်လာသည်။ ဟိုတုန်းက မြသက်နှင်းကို ခေါ်သလို ယခု ပန်းယွန်းကို 'ချစ်'တဲ့။

''သမီးလေးရေ .. ဦးသီဟဖို့ ကော်ဖီဖျော်ခဲ့ပါဟော့''

ကြည့် ..။

ပန်းယွန်းက သူ့ထက်အသက်တစ်နှစ်ကြီးသော နှင်းဥက္ကာလွင်ကို လှမ်းပြောပုံ။ 'သမီး'တဲ့လား

''ဟုတ်ကဲ့ မေမေ၊ သမီးဖျော်ပြီးယူခဲ့မယ်''

ဟော .. နှင်းဥက္ကာလွင်ကလည်း သူ့ထက်ငယ်သော ပန်းယွန်းကို 'မေမေ'တဲ့။ သူ့ကိုယ်သူ သမီးတဲ့။

ကိုသီဟ ပြုံးလိုက်မိ၏။ ပီတိပြုံးပါ။ ရင်ထဲမှာ စမ်းချောင်းလေးစီးသလို ချမ်းမြေ့မှုကလည်း အပြည့်။

မည်သို့ပြောရပါ့။ သင်ကော ညီသို့ ခံစားရပါသနည်း။

''ဂမ္ဘီရရေစက်'' ဟုပဲ အညွှန်း တပ်ကြမလား ..။

''ဂမ္ဘီရမိသားစု'' ဟုပဲ သတ်မှတ်ရလေမလား။

ပြီးပါပြီ



www.burmeseclassic.com

www.burmeseclassic.com




"ဒူ ..ဝေ ..ဝေ ..ဝေ"

ကြေးစည်သံလေးက လေထဲတွင် ပျံ့လွင့်လာ၏။ တစ်ချက်ချက် ဝေ့ဝဲလာသော လေပွေလှိုင်းနှင့်အတူ ခင်တန်းတောစပ်ဆီသို့ ကြေးစည်သံလေး ပြေးလွှားနိမ့်ဆင်းသွားသည်။ သည်အခါ လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးတို့က အထွေးလိုက် အတွဲလိုက် ဝန်းရံလိုက်ပါလာကြ၏။ နွေမကုန် မိုးမပီသေးသည့် ကာလ၊ မိုးသားတိမ်ရိပ်တို့ နေခြည်ကို ဖုံးကွယ်ထားသည်မို့ ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းရီဝေလျက်ရှိ၏။ ရွာအရှေ့ဘက်အဝေးဆီက ရိုးမ တောင်တန်းကြီးကို မှုန်ဝါးဝါးသာ မြင်နေရသည်။

ကြေးစည်သံနှင့်အတူပါလာသည့် လူစုစုလေးမှာ ရွာအနောက်ပိုင်းသချိုင်းမြေဆီသို့ တရွေ့ရွေ့ ..။ ကျည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် ကန်းသင်းလမ်းလေးကျော ကုန်းပေါ်တွင် ဤရွာသားတို့ ခြေရာ ထပ်မျှ ဖြတ်ကျော်ခဲ့ကြဖူးပြီ။ သုသာန် ကုန်းမို့မို့လေးကား ခံစားမှုကင်းမဲ့ပါဘိ။ လာပါလည်းမဆို ..၊ သွားပါလည်း မပြော ..၊ ပကတိငြိမ်သက်လျက်သာ။

ရှေ့ပိုင်းဆီမှ သံဃာတော်သုံးပါး ဦးဆောင်သွားနေသည်။ သစ်သား ခေါင်းတစ်လုံးကို ကြိုးသိုင်းချည်ပတ် တုပ်ပြီး လူနှစ်ယောက်ဝါးလုံးလျှိုထမ်း လာ၏။ ဘေးနှစ်ဖက်မှ လူနှစ်ယောက် စီက ခေါင်းကို ထိန်းကျောင်းလိုက်ပါ လာသည်။ လိုက်ပါပို့ဆောင်သူအားလုံး တိတ်ဆိတ်နေသည်။ ကြေကွဲဝမ်းနည်း ဖွယ်ရာ နာရေးမြင်ကွင်းတစ်ခု။ ခေါင်း ထမ်းလာသူတွေနောက်မှ ရင်ဘတ် အဝတ်စည်း၊ ခေါင်းငိုက်စိုက်ချလာ သော အမျိုးသမီးတစ်ဦး။ သူမကို မိန်းမဖော်နှစ်ဦးက တွဲဖက်ထား၏။ အမျိုးသမီးဆီမှ အသံကျယ်ကျယ် လောင်လောင်ထွက်မလာ။ လည်ချောင်း ဝတွင် တစ်ဆို့နေသည့် တီးတိုးရှိုက်သံ များ၊ မျက်ဝန်းဆီမှ တစ်ပေါက်ချင်းစီ ကျလာသည့် မျက်ရည်ဥကြီးများက အတောမသတ်။

"မယ်ရီ ကြိတ်ငိုမနေနဲ့၊ အသံ ထွက်ငိုချလိုက်စမ်း"

ဘေးအဖော်များက အမျိုးသမီး ကို လှုပ်ခါသတိပေး၏။ တင်းကြပ်ချုပ် နှောင်ထားသည့် သောကပရိဒေဝမီးတို့ က ရင်တစ်ခုလုံး ပူလောင်နေသည်။ အသည်းနှလုံးတို့ တစ်စစီကြေကျနေပြီ ထင့်။ မယ်ရီတစ်ယောက် အသံထွက် မငိုနိုင်ရှာတော့ပါ။ တဖြည်းဖြည်းနှင့် သုသာန်ကုန်းနားနီးလာပြီ။ မြေကျင်း တူးသူတို့ဆီမှ အသံပေးရင်း မြေစာခဲ လေးများ လူအုပ်ဆီဝဲပျံလာ၏။

"မလာနဲ့ ..မလာနဲ့"

သူ့အရပ် သူ့ဓလေ့ ဖြစ်နေသည် မို့ သေသူကို မလာဖို့ အော်ဟစ်တား မြစ်နေခြင်းသာ။ ခေါင်းကို မြေမြှုပ်ရန် တွင်းနှုတ်ခမ်းပေါ်သို့ တင်လိုက်သည်။ သံဃာတော်များ သရဏဂုံတင်ပြီးပြီ။ သေသူကို ရည်မှန်း၍ ရေစက်ချတရား ပေးနေသည်။ အမျှဝေရန်သာ ရှိတော့ သည်။ ရုတ်တရက် အသံတစ်ခု စူးစူး ဝါးဝါး ပေါ်ထွက်လာသည်။

"မယ်ရီ .. လဲကျသွားပြီ .. လုပ် ကြပါဦး"

❦ ❦ ❦

"သားရေ .. ထတော့၊ မိုးလင်း နေပြီ။ မေကြီး အလုပ်သွားတော့မယ်"

အမေက အသံပြု၍ လှုပ်နှိုးနေ သဖြင့် ကောင်းမြတ် အိပ်ရာမှ နိုးလာ သည်။ အိမ်ထရံပေါက်မှ အလင်းရောင် ဝိုးတဝါးမြင်နေရပြီး ဆောင်းနှောင်း ရာသီ နှင်းကြွင်းလေးများ သိုင်းဖွဲ့နေ ကြသည်။ ချမ်းချမ်းနှင့် ကွေးနေ၍မရ တော့။ ကောင်းမြတ် မျက်နှာကိုပွတ် သပ်ရင်း လူးလဲထသည်။

"မေကြီး အလုပ်သွားတော့မှာ လား၊ သား .. ထမင်းလာပို့မယ်လေ"

"မပို့ပါနဲ့တော်၊ မေကြီး ထမင်း ချိုင့် တစ်ခါတည်း ယူသွားမှာပါ သား ရဲ့။ မင်းတို့သားအဖစားဖို့ ထမင်းကြမ်း ငပိဖုတ်လေး လုပ်ထားခဲ့တယ်။ နေ့ လယ်စာတော့ မှိုနဲ့ကန်စွန်းရွက် ရေလုံ ပြုတ်ကျော်ပေါ့ကွယ်။ တော်ကြာနေ မင်း အဖေကို နှိုးလိုက်တော့"

မယ်ရီက သားကောင်းမြတ်ကို တတွတ်တွတ်မှာနေ၏။ မိုးမလင်းခင် ရွာဦးကျောင်းက တုံးမောင်းခေါက်သံ နှင့်အတူ မယ်ရီအိပ်ရာက နိုးသည်။ မျက်နှာသစ်ပြီးသည်နှင့် မီးဖိုချောင်ထဲ တန်းဝင်ရ၏။ မနက်စာ ထမင်းအိုးကျ တော့ ရေနွေးအိုးတည်ထားလိုက်သည်။ နံနက် အရုဏ်ဆွမ်းပူပူလေးနှင့် ဘုရား ဆွမ်းတော်ကပ်လှူသည်။ ကောင်းမြတ် တို့သားအဖအတွက် နံနက် အဆာပြေ စားဖို့ ပြင်ဆင်ရသည်။ အားလုံးပြီးစီး တော့ အလင်းရောင်ပြူစပြုနေပြီ။ ထမင်းချိုင့်ထည့် အလုပ်သွားဖို့ ပြင်ရ သည်။ မယ်ရီ၏ နေ့စဉ်သံသရာစက် ဝန်းလေးတစ်ခု။

ခုလည်း သား ကောင်းမြတ်ကို နှိုး၍မှာကြားရ၏။ မယ်ရီ့အလုပ်က ရော်ဘာစေးခြစ်သည့်အလုပ်။ အမြဲ တမ်းတော့ လုပ်ခွင့်မရ။ အလုပ်သမား လိုအပ်ချက်အရ ခေါ်လျှင် လုပ်ခွင့်ရ သည်။ တစ်နေကုန် တကုပ်ကုပ်ခြစ်၍ ရလာသည့်ရော်ဘာစေးအချင်အတွယ် အတိုင်း ငွေရှင်းပေးသည်။ ရော်ဘာ စေးခြစ်သည့် အလုပ်က နားပြန်တော့ အကြော်ဗန်းကလေး ခေါင်းပေါ်တင်ရ ၏။ မိုးတွင်းဘက် ပျိုးနှုတ်ကောက်စိုက် ရသေးသည်။

ခင်ပွန်းဖြစ်သူ ကိုကျော်မောင်က ဂွမ်ဒေါင်းကား အငှားမောင်းချ[illegible] ထိုးလူပို့ရသည့် ကားမောင်း[illegible] ဟုတ်။ သဲကျောက်တင်ပို့ရသည့်အလုပ် နေ့ရက်များတွင် အလုပ်[illegible] တွင်းဆို ကိုကျော်မောင် [illegible] မယ်ရီနှင့်အတူ [illegible] သားဖြစ်သူ [illegible] ကျောင်းထား[illegible]



www.burmeseclassic.com

www.burmeseclassic.com

မူလွန်ကျောင်းမှာ ကောင်းမြတ်ခြောက်တန်းရောက်နေပြီ။ လင်မယားနှစ်ယောက်စလုံး ရရာအလုပ်ကလေးများလုပ်ကိုင်ပြီး ရုန်းကန်နေရသည့်ဘဝ။ သား ကောင်းမြတ် ကျောင်းစရိတ်ကလည်း ရှိနေသေးသည်လေ။

မိခင်ဖြစ်သူ မယ်ရီ အလုပ်သွားသည်နှင့် ကောင်းမြတ် အဖေ့ကို နှိုးရသည်။ သူတို့သားအဖ နံနက်အဆာပြေစားဖို့ ခူးခပ်ပြင်ဆင်သည်။ နှစ်ဦးသား အိမ်ရှေ့ကုန်းဆင်းတွင် ထမင်းကြမ်းစားကြရင်း ...

"ဖေကြီး ... ဒီနေ့ သဲကျောက်ပို့ရဦးမှာလား"

"ပို့ရမှာပေါ့ သားရယ်၊ အခုမှ လုပ်ငန်းက စတာလေ။ ရတုန်းရှာထားမှ ဖေကြီးတို့မိသားစုအဆင်ပြေမှာပေါ့"

"အင်းနော် ... ဖေကြီး၊ သားလေ ဖေကြီးနဲ့မေကြီးကို သနားတယ်"

အရွယ်နှင့်မလိုက်အောင် သိတတ်နေသည့်သား။ ကျောင်းမှာလည်း စာတော်၊ အိမ်မှာလည်း မိဘကိုကူညီနေသည့်သား။ ကိုကျော်မောင် ရင်ထဲအေးချမ်းသွား၏။ သားမျက်နှာလေးကို မြတ်မြတ်နိုးနိုး လှမ်းကြည့်လိုက်မိသည်။

"သားက လိမ္မာလိုက်တာကွာ။ ကဲ ... ဖေကြီး အလုပ်သွားတော့မယ်။ ဖေကြီးအတွက် ထမင်းချိုင့်ထည့်ပေးဦး"

"ဟုတ်ကဲ့ ဖေကြီး"

ခဏအကြာ ထမင်းချိုင့်လေးဆွဲပြီး ကိုကျော်မောင်ထွက်လာသည်။ ခြံဝရောက်မှ သားကိုမှာခဲ့ရမှာသတိရမိ၏။

"သား ကောင်းမြတ်ရေ၊ သား ကျောင်းသွားရင် အိမ်တံခါးကို သံကြိုးသေချာချည်ခဲ့နော်"

သားကို အော်ဟစ်မှာကြားပြီး ဂွမ်ဒေါင်းကားထားရာ ဘုန်းကြီးကျောင်းဆီသို့ ခြေကုန်သုတ်ရတော့၏။

"ငါ့သားလေးက စာတော်တယ်။ သားလေးပညာတတ်ကြီးဖြစ်အောင် ဖေကြီးတို့ ကြိုးစားမယ်ကွာ"

ကိုကျော်မောင် အတွေးတို့နှင့်အတူ ခြေလှမ်းတို့က မြူးကြွသွက်လက်လျက်။

※ ※ ※

"ဟဲ့ ... မယ်ရီ၊ အဝတ်အစားလဲတော့လေ။ ဆုပေးပွဲချိန် နီးနေပြီကွ"

"လဲမှာပေါ့တော် ... သားလေးကို လှလှပပပြင်ပေးနေရသေးတယ်။ တကတည်းမှပဲ"

ကိုကျော်မောင် သတိပေးသံကို မယ်ရီက တုံ့ပြန်သည်။ သားကောင်းမြတ်ကို ကျောင်းဝတ်စုံအသစ်လေး ဝတ်ပေးပြီး ခေါင်းဖီးပေးနေသည်။ သည်နေ့ ညောင်ပင်သာ ရွာကျောင်း ဆုပေးပွဲနေ့။ တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေ၏။ ကျောင်းသားကျောင်းသူတို့၏ ကပြသီဆိုဖျော်ဖြေမှုလေးတွေပါနေသည်မို့ တက်ရောက်ရန် အားခဲထားကြသည်။ ကိုကျော်မောင်တို့ မိသားစုအတွက် ဂုဏ်ယူမဆုံးဖြစ်ရသည့်နေ့ဆိုလျှင် မမှားပါ။

"မယ်ရီရယ် ...၊ ညည်းသားကောင်းမြတ်က တော်ပြီးသားပါအေ။ ဆုရမှာ သေချာပါတယ်"

"ကိုကျော်မောင်တို့များ မျက်နှာပွင့်နေပြီပေါ့ဗျာ။ သားက ဆုရမှာမို့လား"

ဆုပေးပွဲမတိုင်မီကပင် သားအတွက် ဂုဏ်တက်စရာအသံများ ကြားနေရသည်။ မောင်ကောင်းမြတ်လေး လိမ္မာကြောင်း၊ စာတော်ကြောင်း တစ်ရွာလုံး သိထားကြ၏။

ဆင်းရဲချို့တဲ့သော်လည်း ဆရာ/ဆရာမတို့ နှုတ်ဖျားမှာ ရှေ့တန်းတင်ခံရသည့် ကလေးတစ်ဦးလည်းဖြစ်သည်။ ကောင်းမြတ်တို့ မိသားစု ကျောင်းရောက်တော့ အခမ်းအနား စတင်ချိန်နီးနေပါပြီ။ ကျောင်းခန်းမတစ်ခုလုံး လူအပြည့်၊ မကြာမီဆုပေးပွဲစတင်သည်။ ထူးချွန်ဆုရ ကလေးများအားဆုချီးမြှင့်သည်။ ကောင်းမြတ်ဆုယူမည့်အလှည့်တွင် ဆရာကြီးက အစီအစဉ်သစ်တစ်ခု တင်ပြသည်။

"ဒီနှစ် ကျောင်းဆုပေးပွဲမှာ စာရိတ္တမောင်မယ်ဆု ချီးမြှင့်ဖို့ စီစဉ်ထားပါတယ်။ ကျောင်းသားလူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ကိုယ်ကျင့်သိက္ခာတန်ဖိုးထားတတ်စေရေးကို ရည်ရွယ်ပြီး စီစဉ်လိုက်တာဖြစ်ပါတယ်။ ဒီနှစ် စာရိတ္တမောင်မယ်ဆုကို ဆွတ်ခူးရရှိသူကတော့ ဆဋ္ဌမတန်းကျောင်းသားလေး မောင်ကောင်းမြတ်ဖြစ်ပါတယ်"

ခန်းမတစ်ခုလုံး လက်ခုပ်သံများ ဆူညံသွားသည်။ ကိုကျော်မောင်တို့ မိသားစု အံ့အားသင့်နေကြ၏။ မယ်ရီက သားဖြစ်သူကို ကြိုတင်မပြောရကောင်းလားဟု အပြစ်တင်သည်။ ကောင်းမြတ်ကိုယ်တိုင်က ဇဝေဇဝါဖြစ်နေပုံရ၏။ လက်ခုပ်သံများ ငြိမ်သွားတော့မှ ဆရာကြီး စကားဆက်သည်။

"မောင်ကောင်းမြတ်ဟာ ကျောင်းစာမှာ ထူးချွန်သလို စာရိတ္တကိုယ်ကျင့်


www.burmeseclassic.com

www.burmeseclassic.com



သိက္ခာမှာ စံနမူနာပြနိုင်ခဲ့ပါတယ်။ တစ်နေ့ ညနေပိုင်း ကျောင်းဆင်းသွားချိန် မောင်ကောင်းမြတ် ရုံးခန်းထဲရောက်လာပြီး ပိုက်ဆံအိတ်တစ်လုံးကောက်ရလို့ ကျွန်တော့်ဆီ လာအပ်ပါတယ်။ အဲဒီပိုက်ဆံအိတ်ကို စစ်ကြည့်တော့ ငွေသားငါးသောင်းနဲ့ ရွှေဆံထိုးတစ်ခု တွေ့ရပါတယ်။ ပိုင်ရှင်ကို စုံစမ်းကြည့်တော့ အဲဒီနေ့က ကျောင်းစစ်ဆေးရေးလာတဲ့ ဆရာမကြီးရဲ့ ပိုက်ဆံအိတ်ဖြစ်နေပါတယ်။ ဒီအတွက် ရိုးသားကြိုးစားတဲ့ မောင်ကောင်းမြတ်ကို ပညာရည်ချွန်ဆုနှင့်အတူ စာရိတ္တမောင်ဆုကို ချီးမြှင့်မှာ ဖြစ်ပါတယ်။ မောင်ကောင်းမြတ် ဆုလက်ခံပေးပါရန် ဖိတ်ခေါ်ပါတယ်''

ဆရာကြီးစကားအဆုံး 'ဟေး'ခနဲ ဟစ်အော် အားပေးသံများ၊ လက်ခုပ်သံများ သိမ့်သိမ့်တုန်သွားသည်။ စစ်ဆေးရေးဆရာမကြီးကိုယ်တိုင် ဆုချီးမြှင့်သည်။ ဆုပေးပွဲက အပြန်မှာတော့ ကိုကျော်မောင်တို့ မိသားစု မြေကြီးပေါ် ခြေမကျတော့ပါ။

''ဒါမှ ဖေကြီးသားကွ''

''အံမယ် ... ကျုပ်ကိုယ်တိုင် မွေးထုတ်ထားတဲ့ ကျုပ်သားပါတော်''

ကိုကျော်မောင်တို့ လင်မယား စကားနိုင်လုရင်း သားအတွက် ဂုဏ်ပြိုင်ကြသည်။ ကောင်းမြတ်ကတော့ ကတိတစ်ခုပေးသည်။

''သား ... အကောင်းဆုံး ကြိုးစားသွားပါ့မယ်''

၍ ၍ ၍

''ကိုကျော်မောင်ရေ၊ ဒီနေ့တော့ အလုပ်သမားတစ်ယောက်ပဲ လိုက်နိုင်မယ်။ ခါတိုင်း လိုက်နေကျတစ်ယောက်က ဖျားနေလို့ဗျာ။ သဲကျောက်ချဖို့ ခင်ဗျားကူနိုင်မလား''

''ကူချပေးရမှာပေါ့ ဆရာရယ်၊ အဲဒီအတွက် ကျွန်တော့်ကို ကြည့်လုပ်ပေးပါဦးနော်''

''ရပါတယ်ဗျာ ...၊ ကိုယ့်လူပဲ အဆင်ပြေအောင် ကြည့်ပေးပါ့မယ်''

လုပ်ငန်းကြီးကြပ်သူက အာမခံသည်။

ကိုကျော်မောင်ပျော်သွား၏။ ပုံမှန်အားဖြင့် ကားမောင်းသယ်ပို့ပေးရုံသာ ဖြစ်သည်။ အတင်အချတာဝန်မရှိပါ။ တစ်ခါတစ်ရံ လူလိုလျှင်တော့ ကိုကျော်မောင် ဝင်ကူချရသည်။ သူ့အတွက် အလုပ်သမားခလည်းရသည်။ တစ်ခါက အဘဦးသာမောင် ပြောစကား သတိရလိုက်၏။

''လာမယ့်နှစ် ...တို့ရွာမှာ စုပေါင်းရှင်ပြုပွဲလုပ်ကြဖို့ ညှိနှိုင်းနေကြတယ်ကွ။ မင်းသားလေးကို ထည့်ပြီး သင်္ကန်းချည်ပေါ့။ အလှူငွေလည်း တတ်နိုင်သလောက်လှူပေါ့ကွာ''

သားကောင်းမြတ်ကို ခုချိန်ထိ ရှင်မပြုရသေး။ သည်အတွက်လည်း အားခဲစုဆောင်းရ၏။ ခုလို အပိုဝင်ငွေလေးများရသည့် အလုပ်မှန်သမျှ ကိုကျော်မောင်တို့ ကျုံးလုပ်တော့သည်။ ကိုကျော်မောင့်အလုပ်ရှင်က တစ်နိုင်တစ်ပိုင်သာလုပ်ကိုင်နိုင်သူဖြစ်၏။ အရှေ့ရိုးမဆီက စီးဆင်းလာကြသည့် ချောင်းကြီးချောင်းငယ် အထက်ပိုင်း ချိုင့်ဝှမ်းလွင်ပြင်တို့တွင် သဲကျောက် တူးဖော်ရ၏။ လုပ်ငန်းရှင်တစ်ဦးအဖို့ တူးဖော်ခွင့် မြေကွက်လိုင်စင်ယူ၊ အလုပ်သမားငှားရမ်းတူးဖော်ရသည်။ ဆောက်လုပ်ရေးနှင့် လမ်းခင်းကုန်ကြမ်းဖြစ်၍ ဝယ်အားလိုက်သလောက် အဆင်ပြေသည်။

သည်နေ့အဖို့ ကိုကျော်မောင် တွက်ခြေကိုက်သည်။ သဲကျောက်တူးရာ ချောင်းဖျားရှိ လမ်းကြမ်းကြီးမှတဆင့် ပုံမှန်လမ်းပေါ်တက်ရ၏။ လမ်းခရီးက မြေပြန့်နည်းသည်။ ကုန်းမြင့်ချိုင့်ဝှမ်းလေးများ ဖြတ်ကျော်ရသဖြင့် သတိထားမောင်းရသည်မို့ ကိုယ်ရောစိတ်ပါ ပင်ပန်းသည်။ သဲကျောက်ချပြီး ညနေပိုင်း အိမ်ပြန်ရောက်တော့ ကိုကျော်မောင်မောနေပြီ။

''သားရေ ... ရေတစ်ခွက်လောက်ကွာ''

သား ကောင်းမြတ်ခပ်ပေးသည့် မတ်ခွက်အပြည့် ရေကို တကျိုက်ကျိုက်မော့သောက်သည်။ ရင်အုံကြီးက ဖားဖိုလိုဖြစ်နေ၏။

''ဖေကြီး ... ဒီနေ့ အရမ်းမောလာတယ်နော်''

သားပြောစကားကြောင့် ကိုကျော်မောင် အမောပြေသွားသည်။ အလိုက်သိလိမ္မာသည့်သားမို့ အဖေရောအမေပါတုန်နေအောင်ချစ်ကြသည်။

''အေးကွ ... သားရဲ့၊ ဒီနေ့ သဲကျောက်ကူချရတော့ ပိုမောတာပေါ့။ ပိုက်ဆံပိုရတယ်လေကွာ။ ဟဲ ...ဟဲ၊ အဲ ...သား စာကြိုးစားရမယ် [illegible]ပြီလား''

''သား ကြိုးစားနေပါတယ် ... ဖေကြီးရယ်၊ ဖေကြီးမောနေရင် သားလည်းလိုက်ပြီး ကူချပေးမယ်လေ''

''အောင်မယ်လေး သားရယ် မလုပ်ချင်စမ်းပါနဲ့ အလုပ်က ပင်ပန်း

တယ်။ ကြမ်းတမ်းတယ်။ သား ပညာတတ်ကြီးဖြစ်အောင်သာ ကြိုးစားကွာ။ ဒါထက် မင်း မေကြီးကော အလုပ်က ပြန်လာပြီလား''

''ပြန်ရောက်ပြီ ဖေကြီး၊ ရွာပြင်ရိုးဘေးနားမှာ ကန်စွန်းရွက်သွားခူးနေတယ်''

''ဟေ ‥ တို့သားအဖ ဒီညနေစာက ကန်စွန်းရွက်ကြော်ပေါ့ ‥ ဟုတ်လား ‥ ဟား ‥ ဟား ‥ ဟား''

သားခေါင်းလေးကို လက်နှင့်ပွတ်လိုက်ပြီး ကိုရင်မောင် ပေါ့ပေါ့ပါးပါး ရယ်မောနေမိတော့သည်။

ဒ ဒ ဒ

သကြန်မိုးလေး တစ်ပြိုက်နှစ်ပြိုက် ရွာခဲ့ပြီးလေပြီ။ နွေနှောင်းကာလ လေရူးလေးများ မရဲတရဲ ဝေ့ယမ်းနေဆဲ။ တောင်ဘက်ဆီမှ အုံ့မှိုင်းလာတက်သော မိုးသားတိမ်မျှင်တန်းတို့ နေရာယူစပြုနေသည်။ တစ်နွေလုံး အိပ်ပျော်နေကြသည့် ပုရစ်နုလေးများ ပင်ယံထက်တွင်တောင်ပံခတ်နေကြပြီ။ လင်းတစ်ခါ အုံ့တစ်လှည့်ရာသီမို့ အရှေ့ရိုးမတောင်တစ်ကြောလုံး မှိုင်းဝေမှုန်ပျပျသာမြင်ရ၏။

''သားရေ ‥ ထိုင်ရတာ အဆင်ပြေလားဟေ့''

ရှေ့ပိုင်း ဂွမ်ဒေါင်းမောင်းရင်းနောက်တွဲပေါ်တွင်ပါလာသည့် သားကောင်းမြတ်ကို ‥ ကိုကျော်မောင်စိုးရိမ်စိတ်နှင့် မေးလိုက်သည်။ ကားက သဲကျောက်အပြည့်တင်လာသည်။

''ပြေပါတယ် ဖေကြီးရ ‥။ သဲကျောက်ပေါ်မှာထိုင်ရတာ ပိုတောင်ဇိမ်ကျသေး''

''အေးပါကွာ၊ အတက်အဆင်းတွေမှာ ဘေးက ဘောင်တိုင်ကို ကိုင်ထားနော်။ မတော်တဆ လိမ့်ကျသွားတတ်တယ်''



သားအဖနှစ်ယောက် သဲကျောက်တင်ပြီး ပြန်လာတော့ နေစောင်းလုနေပါပြီ။ သည်နေ့ အလုပ်လုပ်ရသည်ကို စိတ်မပါလှချေ။ နွေရာသီ ကျောင်းပိတ် လိုက်ပြီမို့ သဲကျောက်လုပ်ငန်း ကြည့်ချင်ပါသည် ပူဆာ၍သာ သားကိုခေါ်ခဲ့ရ၏။ ခရီးကြမ်းမှာ သားလေးပင်ပန်းမှာ စိုးရိမ်နေသည်။ ရော်ဘာစေးခြစ်လုပ်ငန်း ခဏနားနေရပြီဆိုတော့ မယ်ရီ အကြော်ရောင်းသည်။ သည်အခါ သားကောင်းမြတ်က အိမ်စောင့်။ တစ်ခါတလေသာ ကောင်းမြတ်လေးကို ရောင်းခိုင်းသည်။ ရွာစဉ် လှည့်ရောင်းရသဖြင့်စိတ်မချ။ မယ်ရီသာ အကြော်ရောင်းထွက်သည်က များ၏။

''ဖေကြီး ‥ သားကို တစ်ခါလောက် ခေါ်သွားပါလားဟင်၊ သဲကျောက်တူးတာ မြင်ဖူးချင်လို့ပါ။ ပြီးတော့ ဖေကြီးကို သဲကျောက်ကူချပေးမယ်လေ''

သားက မကြာခဏပူဆာတတ်သည်။ အဖေရောအမေပါ မလိုက်စေချင်ကြ။

''သား ပင်ပန်းနေပါ့မယ်ကွာ။ မေကြီးနဲ့ နေခဲ့နော်''

''ဟုတ်သားပဲ သားရဲ့ မေကြီးနဲ့အတူ အကြော်ကူရောင်းပေးပေါ့''

သည်အခါ သားကောင်းမြတ် ဘာမျှမပြောတော့ပါ။ မျက်နှာငယ်လေးနှင့် အိမ်ပြင်ဘက် ထွက်ထိုင်နေတတ်သည်။ မိဘနှစ်ပါး စိတ်မကောင်းဖြစ်နေရပြန်၏။ မယ်ရီမနေသာတော့။ ကိုကျော်မောင်ကို ပြောသည်။

''အဆင်ပြေရင်တစ်ရက်လောက်တော့ ခေါ်သွားလိုက်ပါ ဖေကြီးရယ်''

မယ်ရီက သား စိတ်ချမ်းသာအောင် တိုက်တွန်းနေ၍သာ ခေါ်လာခဲ့ရ၏။ အလုပ်လုပ်ရာမှာ စိတ်မပြောင့်တော့ပါ။ လုပ်ငန်းခွင်ကအပြန် ခါတိုင်း

www.burmeseclassic.com



လို သဲကျောက်အလုပ်သမားများ ပါမလာ။ ကြီးကြပ်သူက သဲကျောက်ချမည့်နေရာတွင် လုပ်သားအသင့်ရှိနေမည်ဆိုသဖြင့် သားအဖနှစ်ယောက်တည်းသာ ပြန်မောင်းခဲ့ရသည်။ အလုပ်သမားများပါလာလျှင် လမ်းခရီးမှာ လိုအပ်သလို ကူညီနိုင်၏။ တစ်ခါတလေ သည်လိုမျိုး ကြုံရတတ်ပါသည်။ ကိုကျော်မောင် ကားမောင်းသက်တမ်းတစ်လျှောက် အထစ်အငေါ့မရှိခဲ့ပါ။ ခုတစ်ခေါက် ကောင်းမြတ်လေးပါလာသည်မို့ ထင်ရဲ့။ ပူပင်သောကလေးများ ရှိနေသည်။

"ငါ ဘာတွေ စိုးရိမ်နေတာလဲ"

ခေါင်းကို ခါယမ်းလိုက်ပြီး ရှေ့နားဆီက ကုန်းမော့မော့လေးကို ကားအရှိန်မြှင့်၍ မောင်းတက်သည်။

"သားရေ .. ဘေးဘောင်တိုင်တွေကို ကိုင်ထားပေ့။ နောက်ပြန်လန်ကျဦးမယ်"

ကုန်းတက်လမ်းဖြစ်၍ ကားကို ထိန်းမောင်းနေရင်း အော်ပြောနေရသည်။ နောက်ပြန်လှည့်မကြည့်အား။ ကြမ်းတမ်းလှသည့် ကားစက်သံကြားမှ သားအသံကို နားစွင့်သည်။

"ကိုင်ထားတယ် ဖေကြီး၊ သား .. ရပါတယ်"

ကားက တရွေ့ရွေ့ အော်ဟစ်တက်နေသည်။ ကုန်းမော့လေးအဆုံး လမ်းပြေပြေကွေ့အနီး ရောက်နေပြီ။ ကိုကျော်မောင် ဂီယာပြောင်းထိုးပြီး ကားခေါင်းလှည့်လိုက်သည်။ သဲကျောက်ဝိတ်နှင့် ကားနောက်ဘီးတစ်ဖက် လမ်းချိုင့်ထဲ ကျသွား၏။ မောင်းနေသည့်အရှိန် တုံ့ခနဲရပ်သွားသည်။

**အချိန်တိုတိုလေးအတွင်း**
**ဖြစ်လိုက်သည့်**
**ကြမ္မာရိုင်းတစ်ခု။**
**သူ့ခေါင်းတစ်ခုလုံး**
**မီးတောက်နေချေပြီ။**
**ဘာလုပ်ရမှန်းမသိတော့။**
**ရင်ထဲက**
**မခံမရပ်နိုင်သည့်အဆုံး**
**အရူးတစ်ယောက်လို**
**အော်လိုက်မိချေပြီ**
**...**

စက်အားက ချိုင့်ထဲမှ ကားဘီးကို ဆွဲမတင်နိုင်တော့။ ကားစက်သံက ဆူညံနေဆဲ။ ရုတ်တရက်ကောင်းမြတ်တစ်ယောက် ကားနောက်ပိုင်း ခုန်ချလိုက်ပြီး ဖခင်ဖြစ်သူကို အော်ပြောသည်။

"ဖေကြီးရေ .. စက်ရှိန်မြှင့်ပြီး ဆွဲတင်၊ သား နောက်က တွန်းတင်ပေးမယ်"

ကိုကျော်မောင်မကြားပါ။ ကားက နောက်ဘက်သို့ တဖြည်းဖြည်းအိဆင်းလာသည်။ ကောင်းမြတ်လေး ရှိသမျှအားနှင့် တွန်းတင်နေသည်။ သားဖြစ်သူ ခုန်ဆင်းပြီး တွန်းနေသည်ကို ကိုကျော်မောင်မသိလိုက်။ ကားနောက်ပြန်ဆုတ်ပြီး အရှိန်နှင့် ပြန်တက်ရန်သာ အာရုံစိုက်နေမိ၏။ ကားနောက်ပြန်ဆုတ်သည့်အရှိန်နှင့် ကောင်းမြတ်လေး ပက်လက်လန် လဲကျသွားသည်။ စက်သံ ဆူညံနေသည့်ကြားက ကောင်းမြတ်အလန့်တကြား အော်လိုက်၏။

"ဖေကြီးရေ .. အား"

ကောင်းမြတ်စကားမဆုံးလိုက်။ မချိမဆန့် အော်ဟစ်သံနှင့်အတူ ကားဘီးက သူ့အပေါ် ကြိတ်နင်းလိုက်ချေပြီ။ ကားက နောက်ဘက်ဆီကတောင်ပို့နှင့် ဝင်ဆောင့်ပြီး အရှိန်သတ်သွားသည်။ သည်တော့ ကိုကျော်မောင် စက်ရပ်ပြီး နောက်ပြန်လှည့်ကြည့်ဖြစ်သည်။ သားကို မတွေ့ရ။

"သား .. ကောင်းမြတ်ရော၊ သားလေးရေ .."

တကြော်ကြော်အော်ခေါ်ရင်း စိုးရိမ်တကြီး ကားနောက်ဖက် ပြေးဆင်းကြည့်လိုက်သည်။ ကိုကျော်မောင် မျက်လုံးတွေ ပြာဝေသွား၏။ မြင်ကွင်း

www.burmeseclassic.com

ကား အကျည်းတန်လှ၏။ မြင်ရက်စရာမရှိ။ မချိတင်ကဲ ခံစားသွားရရှာသောသားလေး။ သဲကျောက်အပြည့်တင်ထားသည့် ကားဘီးအောက်မှာ မလှုပ်မယှက်။ ကယောင်ကတန်းနှင့် သားကို ဆွဲထုတ်သည်။ ခန္ဓာကိုယ်တစ်ခြမ်းကို ကားဘီးက ပိနေသဖြင့် ဆွဲမရတော့။ ခဏမှခဏလေးသာ။ အချိန်တိုတိုလေးအတွင်းဖြစ်လိုက်သည့် ကြမ္မာရိုင်းတစ်ခု။ သူ့ခေါင်းတစ်ခုလုံး မီးတောက်နေချေပြီ။ ဘာလုပ်ရမှန်းမသိတော့။ ရင်ထဲက မခံမရပ်နိုင်သည့် အဆုံး အရူးတစ်ယောက်လို အော်လိုက်မိချေပြီ။

"သားလေးကို ကယ်ကြပါဦး"

§ § §

စခန်းမှူး ဒုရဲအုပ်မိုးဝေဦးနှင့် ရဲစာရေးကြီးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိသည်။ ခေါင်းတခါခါလုပ်ရင်း မျက်နှာချင်းဆိုင်မှ ကိုကျော်မောင့်ကို စစ်ချက်ယူနေရ၏။ သူတို့မေးနေသည်ကို ကြားဟန်မတူ။ နှုတ်ကတိုးတိုးနှင့် ဘာတွေပြောနေမှန်းမကြားရပါ။

"ကိုကျော်မောင် ဖြစ်စဉ်လေးကို မှတ်မိသမျှ ပြောပြပါ"

စခန်းမှူးက ညင်ညင်သာသာလေသံနှင့် မေးသည်။ တော်တော်နှင့် အသံထွက်မလာ။ ခဏကြာတော့မှ–

"သားလေး သေပြီ၊ ကျွန်တော့် သားလေး မရှိတော့ဘူး"

ကိုကျော်မောင် စိတ်နှင့်ကိုယ် ကပ်ပုံမရ။ မေးတာကိုပင် မဖြေနိုင်ရှာတော့ပါ။ အဖြစ်ဆိုးကြီးက သူ့အသိစိတ်ကို သတ်ပစ်လိုက်ပြီထင့်။ အသိစိတ်ဝင်လာလျှင် သားလေးသေပြီဟူ၍သာ ပြောနေသည်။ ကာယကံရှင်ဖွင့်ဟဝန်ခံချက်ကို ရယူရန် စခန်းမှူးတို့အဖွဲ့ ကြိုးစားနေရ၏။ ညက ညောင်ပင်သာအုပ်ချုပ်ရေးမှူးနှင့် ရွာသားအချို့ ရောက်ရှိသတင်းပို့သဖြင့် အခင်းဖြစ်ပွားရာသို့ စခန်းမှူးတို့ ရောက်ခဲ့ကြသည်။ ကိုကျော်မောင်တစ်ယောက်ကားနားတွင် ထိုင်နေဆဲ။ အမေလုပ်သူမယ်ရီကတော့ မပဋ္ဌာမြေလူးဖြစ်နေပြီ။

"သားရေ ‥ ကံဆိုးလှချည်လား။ အဖေမောင်းတဲ့ ကားနဲ့မှ နင်းမိရတယ်တဲ့တော်"

ဖနီးသည်ကိုလည်း ဘာမျှမပြောနိုင်။ ခေါင်းငိုက်စိုက်ကျပြီး မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျနေ၏။ ကျေးရွာအုပ်ချုပ်ရေးမှူးက မယ်ရီရောက်လာပြီး ယောကျ်ားနှင့်သားကို ရှာခိုင်းကြောင်း။ သူနှင့် ရွာသားများလိုက်ရှာရာ၊ တောကြမ်းလမ်းပေါ်တွင် ကိုကျော်မောင် သဲကျောက်ကားဘေးထိုင်လျက် မောင်ကောင်းမြတ်သေဆုံးနေသည်ကိုတွေ့ရကြောင်းရှင်းပြသည်။ သေမှုသေခင်း မှတ်တမ်းဓာတ်ပုံရိုက်၍ လိုအပ်သော စစ်ဆေးချက်များ ရယူသည်။ ကောင်းမြတ်အလောင်းကို ဆေးရုံပို့သည်။ ကိုကျော်မောင်ကိုတော့ ဝတ္တရားအတိုင်း ရဲစခန်းသို့ ခေါ်လာခဲ့ရ၏။

"ဥပဒေကြောင်းအရ ဒါဟာယာဉ်မတော်တဆမှုပါပဲ။ မတတ်နိုင်ဘူးပေါ့ဗျာ။ မိသားစုအတွက် ဆုံးရှုံးမှုကြီးတစ်ခုပါ။ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ ဥပဒေကိုတော့ ရှောင်လွှဲလို့ မရဘူးပေါ့"

စခန်းမှူးက မှတ်ချက်ချသည်။

ကိုကျော်မောင် ကြားပါမည်လား။ ကြည့်ရသည်မှာ စိတ်မှန်ပုံမရတော့။ ငူငူငိုင်ငိုင်ကြီးဖြစ်နေသည်။ သူ့မျက်လုံးထဲတွင် သားလေးအဖြစ်ဆိုးပုံကို မြင်ယောင်နေ၏။ အဖြစ်ဆိုးနောက်ကွယ်မှ ကပ်ပါလာသည့် အနိဋ္ဌာရုံများ၊ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ရုံရှိတော့သည်။

"ကိုကျော်မောင် ‥ စိတ်ကိုထိန်းပါဗျာ။ မယ်ရီ ဆေးရုံမှာပါ။ ရွာကလူတွေလည်း ရှိပါတယ်။ မယ်ရီ့အတွက်လည်းမပူပါနဲ့။ သားလေးဈာပနကို ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်"

အုပ်ချုပ်ရေးမှူးအသံကို မကြားတစ်ချက် ကြားတစ်ချက်သာ။ သူဘာမျှမပြောလိုတော့။ သေသူနှင့်မခြားတော့ပါ။

"သားလေး ‥ ဈာပနကို ကျွန်တော် မြင်ခွင့်မရတော့ဘူးလားဗျာ"

ငိုသံပါကြီးနှင့် မပီဝိုးတဝါး ပြောနေရာမှ ရုတ်တရက်စိတ်ရူးပေါက်သလို အော်ဟစ်လိုက်သည်။

"ကယ်ကြပါဦးဗျို့"

ရဲစခန်းအတွင်းရှိ လူအားလုံး ဆို့နင့်ကြေကွဲနေကြသည်။ ကိုကျော်မောင်တစ်ယောက် ရူးသွားလေပြီလား။

သူတို့မိသားစုလေး ဝဋ်ကြွေးတုံ့တင်ရှိခဲ့လျှင်လည်း သည်ဘဝ သည်မျှနှင့် ကျေပါစေတော့ ဟု ဆုတောင်းပေးရုံမှတစ်ပါး အခြားမရှိတော့ပါပြီ။

ရဲနွယ်မောင်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# မောင်မြင့်မား

ဝ (ဘိုကလေး)

# စွန့်ကြဲလေသော ဟင်းစားများ





www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"ဖောင်း"ခနဲအသံက တစ်တောလုံးကို ဟိန်းထွက်သွားသည်။ ယေဘုယျအားဖြင့် သေနတ်သံကို "ဒိုင်း"ခနဲမြည်သည်ဟု ထင်ရသော်လည်း အုံ့ဆိုင်းညို့မှိုင်းနေသော တောရိပ်တောင်ရိပ်ကြောင့် ပဲ့တင်ထပ်သံနှင့်အတူ "ဖောင်း"ခနဲမြည်ကာ ထွက်သွားခြင်းဖြစ်သည်။ သေနတ်သံကြောင့် ကျေးငှက်သာရကာများ အထိတ်တလန့် ထွက်ပြေးသံနှင့်အတူ တောကောင်များ၏ တောတိုးသံကြောင့် ပို၍ဆူညံသွားတော့သည်။

ချေ(ဂျီ)က တောင်ကြောတစ်လျှောက် တဗျောဗျောမြည်အောင် ဆင်းပြေးသွားတော့သည်။ ကျော်စိုးက စိတ်ပျက်လက်ပျက်နှင့် သေနတ်ကို အောက်သို့ချလိုက်သည်။ စောဂျိမ်းက–

"တို့ . . ကံမကောင်းဘူးကွ"

"အေးဗျာ . . . နီးနီးကလေးကို လွဲဖြစ်အောင် လွဲလိုက်သေးတယ်၊ ကံဆိုးတာပဲလို့ ထားလိုက်ပါတော့"

"မင်း . . ပစ်လိုက်လို့ လွဲသွားတာကို ကံမကောင်းဘူးလို့ ပြောတာမဟုတ်ဘူးကွ၊ တောကောင်ဆိုတာ . . တို့မုဆိုးတွေရဲ့ ဟင်းစားကောင်ပဲ၊ ဒါကြောင့်မို့ တောကောင်က အနားကပ်တာမဟုတ်ဘူး၊ ဒါကြောင့် . . . တောကောင်ကို တို့မုဆိုးတွေက ရှာဖွေပြီး ပစ်ရတာ၊ အခုတော့ တို့ စခန်းချတဲ့နေရာကိုဖြတ်ပြီးပြေးတဲ့ တောကောင်ဆိုတော့ . . . တို့မုဆိုးအယူအဆအရ လာဘ်မကောင်းဘူးလို့ ပြောတာ၊ အဲဒီကောင်ကို အမိအရပစ်နိုင်မှ တို့ . . . အသက်ရှူချောင်မှာ . . . နို့မဟုတ်ရင် ဒီနေ့တစ်နေ့လုံး . . တောကောင်တစ်ကောင်မှ ရမယ်မထင်ဘူး"

"အေးဗျာ . . . ဒီကောင်ကလည်း ပေါက်ပေါက်ရှာရှာ . . ရိုးရိုးဖြတ်ပြေးတာတောင်မဟုတ်ဘူး၊ လုံချည်ခြုံကွေးနေတဲ့ ငထော်ကိုတောင် . . ခုန်ကျော်သွားသေးတယ်"

"နောက်က . . ရန်သူတစ်ကောင်ကောင်ကြောင့် ကြောက်လန့်ပြီး ပြေးလာတာဆိုရင် . . တို့တောင် အန္တရာယ်တွေ့နိုင်သေးတယ်၊ ဒါပေမဲ့ . . နောက်ကပါလာရင်တောင် မင်းပစ်လိုက်တဲ့ သေနတ်သံကြောင့် ပြေးလောက်ပါပြီ"

နေပွင့်နေပြီ ဖြစ်သော်လည်း တောထဲတောင်ထဲမို့ နေရောင်က ချက်ချင်းရောက်မလာသောကြောင့် နှင်းက တဖျောက်ဖျောက်၊ စောဂျိမ်းနှင့်ကျော်စိုးက ရှာခံငထော်အားကိုးနှင့် တောပစ်ထွက်လာကြသော်လည်း ငထော်ကိုယ်တိုင်က ရိုးမထဲကို မရောက်တာကြာ၍ မျက်စိလည်သွားသောကြောင့် စောဂျိမ်းတို့ ရိုးမထဲတွင် တစ်ညအိပ်လိုက်ရသည်။

တစ်ညလုံးမီးဖိုထားသောကြောင့် တောကောင်အန္တရာယ်ကင်းဝေးစွာနှင့် မိုးစင်စင်လင်းလာသော်လည်း နံနက်စောစော စောဂျိမ်းနှင့်ကျော်စိုးက ရေနွေးကြမ်းထိုင်သောက်နေချိန်တွင် ပြဿနာက ဝင်လာခြင်းဖြစ်သည်။

မိုးလင်းနေသော်လည်း တောရိပ်ကြောင့် လင်းလင်းချင်းချင်းမရှိသေး စွန်လက်သည်းချုံနှင့် ခေါင်းပွဲချုံမျာ ရှုပ်ယှက်ခတ်နေသော ချုံတောကြီးထဲ "ဖြော"ခနဲ တောတိုးသံနှင့်အတူ ချေ (ဂျီ)တစ်ကောင်က လှစ်ခနဲ ထွက်လာ သည်။ စောဂျိမ်းတို့ ရေနွေးကြမ်း သောက်နေချိန်တွင် လွှားခနဲ ခုန်ကျေ ကာ ပြေးသွားခြင်းဖြစ်သည်။

ကျော်စိုးက လက်သွက်စွာဖြ (၃၀. ၀၆)ရိုင်ဖယ်ကိုဆွဲကာ ပစ်ချလိုက် ခြင်းဖြစ်သည်။ လုံချည်ခြုံကာ ကွေးနေ သော ငထော်က သေနတ်သံကြော လူးလဲကာ ထလိုက်ရင်း–

"ဆရာတို့ ဘာဖြစ်ကြတာလဲ"

"အေး . . . မင်းကတော့ အိ ကောင်းနေတော့ . . . ဘယ်သိမှာတုန် မင်းကိုယ်ပေါ်က ခြေလေးချောင်းတစ် ကောင် ခွကျော်သွားတာတောင် မ မသိလိုက်ဘူး မဟုတ်လား"

ကျော်စိုးက အခြေအနေကို ရှ ပြလိုက်မှ ငထော်က ပြုံးပြုံးပျာ ဖြင့်–

"ဒါဆိုရင် . . ချေ(ဂျီ)ကို ရလိုက် သေးလား"

"ဘယ်လိုလုပ်ရမှာတုန်း . . ဖြ ခနဲဆိုတော့ သေသေချာချာ မချိန်လို ရဘူး"

"ဒါဆိုရင် . . . လာဘ်မကော ဘူး ဆရာတို့ရဲ့"

စောဂျိမ်းက–

"အဲဒီအကြောင်းကို . . ပြော တာ၊ ငထော်တောင် အမဲလိုက်ဖူးတေ သိနေတယ်"

"သိတာပေါ့ . . ဆရာရယ် ခဲ့တဲ့ ၄၊ ၅ ရက်လောက်က တော



www.burmeseclassic.com

www.burmeseclassic.com



ခရိုင်ထဲက သစ်တောကြိုးဝိုင်းထဲမှာ ကျွန်တော်ရယ် ‥ သစ်တောက ‥ လူ ၃ ယောက်ရယ် … တောပစ်ထွက်လာကြတာ၊ အခုလိုပဲ စခန်းချနေတဲ့ တဲထဲကို ဆတ်ပေါက်ကလေးတစ်ကောင် ဝင်တိုးတာ၊ အပြန်ကြတော့ ‥ တောဝက်ပက်လို့ သစ်တောကလူတစ်ယောက်ကို ဆေးရုံတင်လိုက်ရတယ်၊ တိုက်ဆိုင်လို့ပဲဖြစ်ဖြစ် တောရဲ့အလေ့အထကို ကြုံဖူးနေတော့ ယုံတယ်ဆရာရေ''

''အဲဒီတော့ … တို့ နောက်ကြောင်းပြန်လှည့်ကြမှာလား''

''မလုပ်ပါနဲ့ဆရာရယ် … တောထဲရောက်လာမှတော့ မထူးတော့ပါဘူး၊ သစ်ပုတ်စခန်းနဲ့လည်း နီးနေပါပြီ၊ သွားရင်းလာရင်း ဟင်းစားလေးရအောင် ပစ်ဖို့ခတ်ဖို့လည်းရအောင် ကျွန်တော်ကြံပါ့မယ်၊ သစ်ပုတ်စခန်းမှာ … ကျွန်တော့်ငယ်ချစ်ကလေး ရှိတယ်ဆရာရဲ့၊ ဟင်းစားပါသွားတော့ အဆင်ပြေတာပေါ့ဆရာရယ်''

''ဟေ … ငထော်ကလည်း အလာကြီးပါလား၊ အဲဒီအကြောင်းကို ရွာက မင်းမိန်းမ မသိဘူးလား''

''ဘယ်သိလို့ဖြစ်မလဲဆရာရဲ့ ‥ ဒါကြောင့် ဆရာတို့ ကလိန်ချောင်ကို သွားကြမယ်ဆိုကတည်းက သစ်ပုတ်စခန်းကို ရောက်မယ်ဆိုတာ တွေးမိပြီးသား၊ ဒါကြောင့်မို့ ‥ ဆရာတို့နဲ့ လမ်းပြရအောင်ဆိုပြီး မဖြစ်မနေလိုက်လာတာ''

''ကောင်းပါလေ့ကွာ ‥ ကဲ ‥ ကဲ ဒါဆိုရင် ‥ ဟင်းစားရအောင် ကြံဦးကွာ''

''ဟုတ်ကဲ့ပါဆရာ … ဆရာတို့ဆီမှာ တင်မြှောက်ပသစရာ စားဦးစားဖျား ဘာတွေများရှိသလဲဆရာ''

''ဆတ်သားခြောက်နဲ့ တောဝက်သားချဉ်ရှိတယ်လေ၊ နောက်ပြီး … မဖွင့်ရသေးတဲ့ ရမ်တစ်လုံးလည်း ရှိသေးတယ်''

''ကောင်းတယ်ဆရာ''

ငထော်က ဆတ်သားခြောက်နည်းနည်းကို မီးဖုတ်လိုက်ကာ ဆတ်သားခြောက်နှင့် တောဝက်သားချဉ်ကို ဟန်းကောချိုင့်ထဲတွင် ထည့်၍ ရမ်အရက်အနည်းငယ်ကို ဝါးဆစ်ခွက်တစ်ခုတွင် ထည့်လိုက်သည်။ ထို့နောက် သစ်ပင်ကြီးတစ်ပင်အောက်တွင်ချကာ ထိုင်ကန်တော့၍ ပါးစပ်က တတွတ်တွတ်ရွတ်နေတော့သည်။ ပြီးနောက် ဆတ်သားခြောက်နှင့် တောဝက်သားချဉ်အနည်းငယ်ကိုယူ၍ ပစ်လိုက်ပြီး ရမ်အနည်းငယ်ကိုလည်း ပက်လိုက်သည်။

''ဒါလောက်ဆိုရင် … ကျေနပ်လောက်ပါပြီ ဆရာစောဂျိမ်း''

''ငထော် … မင်းပါးစပ်က စောစောက ဘာတွေရွတ်နေတာလဲ''

''ဩော် ‥ ဆရာစောဂျိမ်း ဒီလိုပါ၊ ကျွန်တော်တို့ မုဆိုးအမိုက်အမဲလေးများကို အမှားအယွင်းရှိရင် ခွင့်လွှတ်ပါ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များကို စားဦးစားဖျားများ တင်မြှောက်ပသပါတယ်၊ ကျွန်တော်တို့အတွက်လည်း ချိုကျိုးနားရွက်ပဲ့လေးများ စွန့်ကြပါလို့ တောင်းတာပါ''

''ဩော် … အေးအေး၊ ချိုကျိုးနားရွက်ပဲ့ရလည်း ဟင်းစားအတွက် မဆိုးပါဘူး''

ကျော်စိုးက–

''စောဂျိမ်း ‥ ထွက်ကြရအောင်၊ အလင်းရောင်တော်တော်လာနေပြီ''

''နေဦးလေကွာ … မီးဖိုလက်စရှိတုန်း ဆတ်သားခြောက်ဖုတ်နဲ့ ရေနွေးကြမ်းကို ဝမ်းဖြည့်ပြီးမှသွားကြတာပေါ့''

''စောဂျိမ်းတို့အဖွဲ့ ဝမ်းဖြည့်ပြီးသည်နှင့် နှင်းစိုနေသော တောလမ်းအတိုင်း ချီတက်လာကြသည်။ သစ်ရွက်ခြောက်များကို နှင်းစိုထားသောကြောင့် ခြေသံလုံလုံနှင့် ခရီးတွင်လှသည်။ တစ်နာရီနီးပါး လျှောက်လာခဲ့သည်အထိ တောကောင်တစ်ကောင်မျှမမြင်ရသေး။ တစ်နေရာအရောက်တွင် ငထော်က ရှေ့ကသွားနေရင်း–

''ဆရာစောဂျိမ်း …. ဘာနံ့ရသလဲ''

''အေးကွာ ‥ အနံ့တစ်မျိုးပဲ''

ကျော်စိုးက–

''မီးနေစော် ‥ မနံဘူးလား''

''အေး … ဟုတ်တာပေါ့၊ မီးနေစော်နံတာ''

ကျော်စိုးက မျက်နှာချက်ချင်းပျက်သွားကာ–

''ဆရာစောဂျိမ်း ‥ တောကောင်ထဲမှာ မီးနေစော်နံတာ သိပ်မဟုတ်ဘူးထင်တယ်''

စောဂျိမ်းက ပြုံးလျက်–

''သိပ်မစိုးရိမ်ပါနဲ့ကွာ … တောဆိုတာ ထူးခြားဆန်းကြယ်တာတွေ အများကြီးရှိတယ်၊ နေပါဦး ‥ ငါ ‥ လေ့လာကြည့်လိုက်ပါဦးမယ်''

စောဂျိမ်းက ခေါင်းတမော့မော့ဖြင့် သစ်ပင်များကို မော့ကြည့်နေသည်။ တစ်နေရာအရောက်တွင် တောသခွက်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးတစ်ပင်ကိုမော့ကြည့်လိုက်ကာ–

"တရားခံ တွေ့ပြီဟေ့ ‥ သရက်ပင်ခွကြားက သစ်ခွပန်းပင်ကို တွေ့တယ်မဟုတ်လား၊ အဲဒီအပွင့်ကို တံချူတစ်ခုခုနဲ့ ထိုးချလိုက်စမ်းကွာ"

ငထော်က ဝါးကိုင်းတစ်ခုကိုရှာကာ ထိုးချလိုက်သည်။ စောဂျိမ်းက သစ်ခွပန်းကို ကောက်ယူလိုက်ကာ–

"ရော့ ‥ နမ်းကြည့်ကြစမ်း"

ငထော်နှင့်ကျော်စိုးက နမ်းကြည့်လိုက်ပြီး–

"အေးဗျ … ဒီအပွင့်က နံ့တာကိုး၊ ကျွန်တော်တို့က တောထဲမှာ မီးနေစော်နံလို့ … တောခြောက်တာများလားလို့"

"ငါလည်း … မကြုံဖူးခင်တုန်းက အဲဒီလိုပဲ တွေးဖူးတယ်၊ ဖယောင်းပန်းလက်တံရှည် တစ်မျိုးကွ၊ သစ်ပင်မြင့်မြင့်တွေမှာ ပွင့်တတ်တယ်"

ဆင်ခြေလျှောတောင်ကြားကလေးအတိုင်း ဆင်းလာကြပြီး၊ မြေပြန့်ချုံတောများ အရောက်တွင် သဘာဝအတိုင်းဖြစ်နေသော ရေအိုင်ကလေးတစ်ခုကို တွေ့လိုက်ကြရသည်။ ရေအိုင်က မိုးတွင်းဘက်တွင် တောင်ကျရေကြောင့် ရေအိုင်ကလေးတစ်ခုလိုဖြစ်နေကာ ယခုအချိန်ကတော့ ရေခမ်း၍ ရေက တစ်ဝက်လောက်သာ ရှိတော့သည်။ တစ်ခုထူးခြားသည်က ရေအိုင်ထဲက ငါးများက ထထပွက်နေခြင်းဖြစ်သည်။ ရေအိုင်က ၁၅ ပေပတ်လည်လောက်သာရှိသော အိုင်ကလေးဖြစ်သည်။

"ဝုန်း … ဝုန်း"

"ဟာ … နည်းနည်းနောနော နှစ်ချို့ငါး အကောင်ကြီးမဟုတ်လားဟေ့၊ ၃၊ ၄ ပိဿာတော့ အောက်ထစ်ပဲ၊ ငါးရံ့ကြီးထင်တယ်ကွ"

ငထော်က–

"ဟုတ်တယ် ‥ ဆရာစောဂျိမ်း၊ အိမ်ပြန်ပြီး ပိုက်စုတ်ကလေးပြေးယူချင်လိုက်တာဗျာ၊ ငါးရံ့တွေရော … ငါးခူတွေရော … ရှိမယ်ထင်တယ်၊ သူအရောက်အပေါက်နည်းလို့ ကြီးချင်တိုင်းကြီးနေတာ ဖြစ်မယ်"

"စောစောက ‥ ငါးရံ့မျိုးကို ငါးခြောက်ခွဲလိုက်ရရင်ကွာ၊ ဈေးကောင်းရမယ်ဟေ့"

"နေကြဦးကွ … ငါကြံလိုက်ဦးမယ်၊ မုဆိုးက တောထဲလာပြီး တောကောင်မပစ်ဘဲနဲ့ တံငါလာလုပ်တာတော့ သိပ်မဟုတ်သေးဘူးကွ၊ ဒါပေမဲ့ စားရက်ကြုံတော့ ကြံလိုက်ဦးမယ်၊ မင်းတို့ ဒီနားမှာ ခဏနေခဲ့ကြ"

စောဂျိမ်းက တောထဲကို ဝင်သွားပြီးနောက် ၁၅ မိနစ်လောက်ကြာတော့ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် အပင်တစ်ပင်ကို ကိုင်လာသည်။ စောဂျိမ်းက ရောက်ရောက်ချင်း ပါလာသောအပင်၏အမြစ်ကို ထုထောင်းကာ ရေကန်ထဲသို့ချ၍ ထိုအမြစ်နှင့် ရေထဲကို မွှေနှောက်လိုက်ကာ အမြစ်ကို ရေအိုင်ထဲသို့ ပစ်ချလိုက်သည်။

"ငထော်နှင့် ကျော်စိုးက စောဂျိမ်းလုပ်ကိုင်နေပုံကို ထိုင်ကြည့်နေရင်း ကျော်စိုးက–

"စောဂျိမ်းက … ဘာတွေ လုပ်နေတာလဲ"

"မင်းတို့က … ဘာလုပ်နေတယ် ထင်လို့လဲ"

"မသိဘူးလေ ‥ မေးကြည့်တာ"

"အခု ‥ ငါနုတ်လာတဲ့အပင်က ဟုန်းပင်လို့ခေါ်တယ်ကွ၊ တောထဲမှာ တော့ အလေ့ကျပေါက်တာပါ၊ ဒါပေမဲ့ နေရာတိုင်းတော့မရှိဘူး၊ သွားရင်းလာရင်း ငါသတိထားမိလို့၊ အခု ‥ အဲဒီ အပင်ရဲ့အမြစ်ကိုအရေထွက်လာအောင် ထုထောင်းပြီး ရေအိုင်ထဲတို့ ကန်ထဲတို့ ကိုနှစ်ပြီး မွှေလိုက်ရင် ရေထဲက ငါးတွေ မူးပြီး ရေပေါ်ကို ပေါ်လာရော၊ မင်းတို့ ကြည့်နေသိပ်မကြာဘူး၊ ငါးတွေ ‥ ပေါ် လာလိမ့်မယ်"

"တယ်ဟုတ်ပါလား ‥ စောဂျိမ်း ဒါဆိုရင်တော့ ငါးမျှားတံတောင် မလို တော့ဘူး၊ အချိန်ကုန်အောင်လည်း ထိုင်စောင့်စရာမလိုဘူးပေါ့ ဟုတ်လား"

၁၅ မိနစ်၊ မိနစ် ၂၀ လောက် အတွင်း ရေအိုင်ထဲမှ ငါးများ တစ် ကောင်ပြီးတစ်ကောင် ပေါ်လာတော့ သည်။ နှစ်ပိဿာခန့်ရှိ နှစ်ချို့ငါးရံ့ကြီး နှစ်ကောင်အပါအဝင် ငါးမျိုးစုံအကြီး အသေး ၁၅ ပိဿာလောက်ကို မုဆိုး သုံးယောက် လုံချည်ဟောင်းတစ်ထည် ကို ထိပ်မှ စုချည်လိုက်ပြီး တစ်ကောင် ပြီးတစ်ကောင် ကောက်ထည့်လိုက်ကြ သည်။ ငထော်က–

"မုဆိုးကြီးက … တောကောင်ရ တာထက်တောင် ပျော်သေးတယ်ဗျာ တောထဲတောင်ထဲ … ငါးရမယ်ဆိုတာ စဉ်းတောင်မစဉ်းစားမိဘူး၊ ငါးရံ့၊ ငါး ဖယ်၊ ငါးပြေမ စုံနေတာပဲ၊ ငါးပြေမဆို ရင် ဒီလိုအကောင်ကြီးတာမျိုး ရွာမှာ တောင် မတွေ့ဖူးဘူး"

ငထော်နှင့်ကျော်စိုးက ငါးများ ထည့်ထားသော လုံချည်ထုပ်ကြီးကို ဝါး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှင့် ရှေ့တစ်ယောက်နောက် တစ်ယောက်ထမ်းကာ တပျော်တပါးချီ တက်လာကြသည်။ နေကလည်း မြင့်လာသောကြောင့် မုဆိုးသုံးယောက် ချွေးများရွှဲနေကြသည်။ စောဂျိမ်းက ရှေ့မှသွားနေရင်း–

"ခုထက်ထိလည်း ‥ ဘာကောင်မှ မပစ်ရသေးဘူး။ တစ်နေရာရောက်ရင် နားကြပြီး နံနက်စာ … စားကြရအောင်ကွာ ‥ ငထော်ရေ ‥"

"ဗျာ"

"ချိုကျိုးနဲ့နားရွက်ပဲ့လေးတောင် မရသေးပါလား"

"အချိန်တွေရှိပါသေးတယ် … မုဆိုးကြီးရယ်"

တောလမ်းအတိုင်း လျှောက်လာကြပြီး တစ်နေရာအရောက်တွင် ရေမရှိသော စမ်းချောင်းကလေးတစ်ခုကို ရောက်ကြသည်။ စောဂျိမ်းက သဲပြင်ပေါ်တွင် ရှုပ်ယှက်ခတ်နေသော ခြေရာများကို ကြည့်လိုက်ရင်း–

"ခြေရာတွေက … မကြာသေးခင်က သဲပေါ်ကဖြတ်သွားတဲ့ ခြေရာတွေကွ၊ ဒါပေမဲ့ အေးအေးဆေးဆေး လျှောက်သွားတဲ့ခြေရာတွေမဟုတ်ဘူး၊ တစ်ကောင်နဲ့တစ်ကောင် သတ်ပုတ်ရင်းသွားတဲ့ခြေရာမျိုးကွ၊ ခြေရာတွေနဲ့အတူ သွေးစသွေးနတွေလည်း တွေ့ရတယ်"

"ဘယ်မှာလဲ … စောဂျိမ်း"

စောဂျိမ်းက သဲထဲတွင် သွေးစက်များကျနေ၍ သဲစုပ်သွားသောကြောင့် ညိုတိုတိုချိုင့်ခွက်များကို ပြလိုက်သည်။ ကျော်စိုးက–

"ဒါဆိုရင် …"

"တို့ … ဘောတွင်းတိုက်ပွဲတစ်ခုခုတော့ ကြုံရဦးမယ်ကွ၊ သိပ်မဝေးတဲ့ တစ်နေရာမှာ တွေ့နိုင်တယ်၊ ခြေရာတွေကြည့်ပြီး … လိုက်ကြရအောင်"

ခြေရာများအတိုင်း သဲချောင်းကလေးမှ တက်လာကြပြီးနောက် ဩရင်ကောက်ပင်၊ ခံသီးပင်နှင့် ဆီးပင်များ ထူထပ်လှသော တောထဲကို ရောက်လာကြသည်။ တောတွင်းတိရစ္ဆာန်များ တောတိုးသွားရာလမ်းကလေးအတိုင်း လျှောက်လာကြရင်း သစ်ရွက်သစ်ခက်များတွင် ကပ်ကျန်ရစ်ခဲ့သော သွေးစသွေးနများကို စောဂျိမ်းက ဂရုစိုက်ကြည့်ရင်း–

"သွေးစသွေးနတွေ … တွေ့တယ်ကွ၊ အမွှေးအမျှင်တွေလည်း ကပ်ကျန်နေတယ်၊ သိပ်မဝေးတော့ဘူး၊ ကျော်စိုး … မင်းသေနတ်ကို အသင့်သာလုပ်ထား"

တောလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက်နှင့် ၁၅ မိနစ်ခန့် လျှောက်လာကြပြီးနောက် တစ်နေရာအရောက်တွင် စောဂျိမ်းက ခဏရပ်လိုက်တော့–

"အသံကြားတယ်ကွ"

"ဟုတ်တယ် … စောဂျိမ်း၊ ရှေ့ကမဟုတ်ဘူး၊ လက်ဝဲဘက်ဆီလောက်ကပဲ"

စောဂျိမ်းက ချုံတစ်ခုထဲသို့ တိုးဝင်ကာ ပျောက်သွားတော့သည်။ ကျော်စိုးနှင့်ငထော်က ငါးထည့်ထားသော လုံချည်ထုပ်ကြီးကို သစ်ပင်တစ်ပင်တွင် ချိတ်လိုက်ကာ စောဂျိမ်းဝင်သွားသော ချုံဘက်ဆီသို့ မျှော်ကြည့်နေစဉ်မှာပင် စောဂျိမ်းက ချုံထဲက ပြန်ထွက်လာသည်။ စောဂျိမ်းက–

"ဟော့ကောင်တွေ … သေနတ်တွေယူပြီး ငါ့နောက်က လိုက်ခဲ့ကြ၊ မြန်မြန်လေးဟေ့"

စောဂျိမ်းက ချုံတောထဲသို့ လုစ်ခနဲ ပြန်ဝင်သွားသည်။ ကျော်စိုးနှင့်ငထော်က ထပ်ချပ်မကွာ နောက်က လိုက်သွားသည်။ စောဂျိမ်းသွားရာလမ်းအတိုင်း ချုံတောများကို တိုးသွားပြီးနောက် တိုက်ပွဲတစ်ခုအသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။

"ဝေါ … ဝရော ‥ ဝရော"

"ဖောက် ‥ ဖောက် ‥ ဖောက်"

ရှေ့မှသွားနေသော စောဂျိမ်းက တောင်ဂွေးသီးပင်ကြီးတစ်ပင်အောက်တွင် ပြေးကပ်လိုက်သည်။ စောဂျိမ်းနောက်မှ ကျော်စိုးနှင့်ငထော်ကရောက်လာသည်။ စောဂျိမ်းရပ်နေသောနေရာ၏ အရှေ့ဘက် အနည်းငယ်နိမ့်ဆင်းသွားသော မြရာပင်များပေါက်နေသည့် ချိုင့်တွင်းမှ "ဝေါ ‥ ဝရော"အသံများနှင့် "ဖောက် … ဖောက် ‥ ဖောက်"အသံများက ဆက်တိုက်ကြားနေရကာ မြရာပင်များက တဝုန်းဝုန်း လှုပ်ရှားနေသည်။

စောဂျိမ်းက တူမီးသေနတ်ကြီးကို ကိုင်ကာ တစ်လှမ်းချင်း ချီတက်သွားနေသလို စောဂျိမ်းနောက်မှ ကျော်စိုးကလည်း (၃၀. ၀၆) ရိုင်ဖယ်ကြီးကို သတိကြီးစွာနှင့်ကိုင်ကာ ဆူညံလှုပ်ရှားနေသော ချိုင့်တွင်းသို့ မျက်တောင်မခတ်ကြည့်ရင်း တရွေ့ရွေ့ တိုးလာနေသည်။

ဆယ်ပေခန့်နက်ကာ ပေခြောက်ဆယ်ပတ်လည်ခန့်ကျယ်သော သဘာဝချိုင့်ကြီးဖြစ်သည်။ ချိုင့်၏နှုတ်ခမ်းတွင် မြရာပင်များပေါက်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်အတွင်းတွင် မြေကြီးခဲ၊ ကျောက်စရစ်ခဲများသာရှိသည်။ အပေါ်စီးမှ မြင်လိုက်ရသောမြင်ကွင်းက သိပ်မကောင်းလှ။ သတ္တဝါနှစ်ကောင်လုံး သွေးချင်းချင်းရဲကာ တစ်ကောင်က မြေကြီးပေါ်တွင် ဖင်ထိုင်နေ၍ တစ်ကောင်က ဗိုက်ပွင့်ကာ အူများက အထွေးလိုက် ထွက်ကျနေသည်။

မြေကြီးပေါ်တွင် ဖင်ထိုင်နေသောအကောင်က ချေ(ဂျီ)တစ်ကောင်ဖြစ်၍ ဗိုက်ပွင့်နေသော အကောင်က ဝက်တောင်းကြီးတစ်ကောင်ဖြစ်သည်။ နှစ်ကောင်စလုံး သွေးသံရဲရဲဖြင့် ပါးစပ်ဟကာ အသက်ကို အတော်ရှူနေရသည်။ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်နေကြသော်လည်း မလှုပ်နိုင်ကြတော့။

စောဂျိမ်းနှင့်ကျော်စိုးက ချိုင့်နှုတ်ခမ်းပေါ်ကနေ မြင်ကွင်းကိုကြည့်ရင်း စောဂျိမ်းက–

''ကျော်စိုး ‥မထူးတော့ပါဘူးကွာ''

ကျော်စိုးက သဘောပေါက်လိုက်သည်။ ထို့ကြောင့် သူ့လက်စွဲတော် (၃၀‚ ၀၆)ရိုင်ဖယ်ကြီးကို ချေ(ဂျီ)ရှိရာဘက်သို့ ထိုးချိန်လိုက်သည်။

''ဖောင်း''

''ဒိန်း''

သေနတ်သံနှစ်ခုက စက္ကန့်ပိုင်းလောက်သာခြား၍ ထွက်သွားသည်။ ချက်ပိုင်သောပစ်ကွင်းမို့ ချေ(ဂျီ)က အရုပ်ကြိုးပြတ်လဲကျသွားသလို ဝက်တောင်းကြီးကလည်း စောဂျိမ်းတူမီးဒဏ်ကြောင့် ခေါင်းတစ်ခုလုံး ဖွာလန်ကျဲကာ အကြောဆွဲ၍နေတော့သည်။

''ကဲ ‥‥ကျည်တစ်တောင့်စီနဲ့ကိစ္စပြတ်ပါပြီကွာ''

ငထော်က–

''တယ်ဟုတ်ပါလား ‥‥ဆရာစောဂျိမ်း၊ ကြိုးစားပမ်းစားတောင် မပစ်လိုက်ရဘူး၊ အဆင်ပြေချင်တော့ တစ်ချီတည်းနဲ့ နှစ်ကောင်တောင်ရလိုက်တယ်၊ နေပါဦး ‥‥မုဆိုးကြီး ဝက်တောင်းကြီးက ဘယ်လိုကြောင့် ဗိုက်ပွင့်နေရတာလဲ''

''ငါ့အထင်တော့ ‥‥ဟိုချေ(ဂျီ)ရဲ့အစွယ် မိသွားတယ် ထင်တာပဲကွ၊ ဝက်တောင်းက အသက်ကြီးနေတော့ သူ့အစွယ်တွေက ကော့ပြီး ချော်ချော်ထွက်နေတော့ ချေ(ဂျီ)ကို ထိတစ်ချက်မထိတစ်ချက် ဖြစ်နေမှာပေါ့ကွာ ‥‥ချေ(ဂျီ)ကလည်း ကြောက်ကန်ကန်ပြီး သူ့အစွယ်နဲ့ခုတ်ရတော့ ဝက်တောင်းကို ထိသွားပုံရတယ်ကွ၊ ချေ(ဂျီ)ရဲ့အစွယ် ထိလိုက်တဲ့ဒဏ်ရာက လှုပ်လေပြဲလေဆိုတော့ ‥‥အူတွေထွက်လာတာနေမှာပေါ့''

ကျော်စိုးက–

''ဖြစ်နိုင်တယ် ‥‥စောဂျိမ်း၊ ဒါကြောင့်မို့ ‥‥ဒီတစ်ခါတော့ ပစ်ရတာမပင်ပန်းဘဲ ချေ(ဂျီ)ရော တောဝက်ပါရလိုက်တယ်''

ငထော်က–

''မုဆိုးကြီး ‥‥ကျွန်တော်တို့ကိုတောပိုင် တောင်ပိုင် ပုဂ္ဂိုလ်တွေက သနားလို့ ကျွန်တော်တို့တောင်းထားတဲ့ ချိုကျိုးနားရွက်ပဲ့ကလေးတွေ စွန့်ကြဲတယ်နဲ့ တူပါတယ်ဗျာ''

''အေးကွ ဖြစ်နိုင်တယ်၊ အောင်မယ် ‥‥ငါအခုမှ စဉ်းစားမိတယ်၊ ချိုကျိုးနားရွက်ပဲ့တောင် မဟုတ်ဘူးကွ၊ ချိုကောင်း နားရွက်ကောင်းတွေ ပေးတာကွ၊ တစ်ကောင်မှ အကျိုးအပဲ့မပါဘူး၊ ချိုမပါတဲ့ဟာတွေတောင် အဆစ်ပါသေး''

''ဗျာ ‥‥ချိုမပါတဲ့ဟာ''

''အေးလေ ‥အိုင်ထဲကရတဲ့ ငါးတွေကို ပြောတာပါ''

''ဆရာစောဂျိမ်းကတော့ လုပ်ပြီ''

''ကဲ ‥‥ကဲ၊ တို့ တစ်နေရာမှာ နံနက်စာ စားဖို့ သောက်ဖို့ လုပ်ကြရင်း ဒီကောင်တွေကို ကျပ်တင်ပြီး ယူသွားကြရအောင်လေကွာ၊ သစ်ပုတ်စခန်းက ဝေးသေးတယ်မဟုတ်လား''

''ဝေးသေးတယ် ‥‥စောဂျိမ်း''

''အေးလေ ‥‥အဲဒါကြောင့် တို့သုံးယောက် ‥‥ဒီတောကောင် နှစ်ကောင်ကို အကြာကြီး ဘယ်သယ်နိုင်မှာလဲ၊ နောက် ‥ငါးထုပ်ကြီးကလည်း ပါသေးတော့ နေစောင်းရင် ငါးတွေပုပ်ကုန်မှာပေါ့''

''အဲဒီအကြံကောင်းတယ် စောဂျိမ်း၊ နောက်ပြီး ‥‥ကျွန်တော်တို့ရထားတဲ့ ချိုကောင်းနားရွက်ကောင်း စားဦးစားဖျားကလေးတွေကိုလည်း ပိုင်ရာဆိုင်ရာတွေကို တင်ဖို့ မြှောက်ဖို့လည်း လုပ်ကြရအောင်''

''အေး ‥‥ကောင်းတယ်ကွ''

များမကြာမီအချိန်အတွင်း ထင်းခုတ်သူ၊ မီးမွှေးသူ၊ ရေရှာသူများနှင့် အလုပ်ရှုပ်သွားကြကာ ရိုးမတောကြီးအတွင်း ငါးကင်အနံ့နှင့် တောကောင်ကျပ်တင်အနံ့များက တစ်တောလုံး ပျံ့လွင့်သွားပါတော့သည်။

မောင်မြင့်မြား(ဘိုကလေး)

www.burmeseclassic.com




# ဗညားဦး ၊အိမ်မဲ၊

သတင်းထောက် ဒီပဇော်

နှင့်

ကြီးမိုက်





www.burmeseclassic.com

www.burmeseclassic.com


(၁)

ဝန်းကျင်တစ်ခွင်တွင် နှင်းမြူခိုး သိုင်းကာ မှုန်ရီမှုန်မွှားနေသည်။ ရန်ကုန်မြို့၏ နံနက် ၅ နာရီအချိန်တွင် ကားလမ်းမပေါ်၌ ကားများကျဲပါးနေ၏။ ကားတစ်စီးနှစ်စီး ပြေးလွှားနေလျက်။

ဒီပဇော်သည် လက်ဖက်ရည်ဆိုင်ရှေ့ရှိ ရေမြောင်းထဲမှ တွေ့ရှိရသော အဝတ်စများနှင့်ပတ်ထားသော လူသေအလောင်းကို စိုက်ကြည့်နေသည်။

"ခင်ဗျားနာမည်ကို သိပါရစေ"

"ကျွန်တော့်နာမည် အောင်ကြိုင်ပါ"

"ခင်ဗျားက ဒီဆိုင်က ပိုင်ရှင်လား ‥ ဝန်ထမ်းလား"

"ပိုင်ရှင်ပါ"

"ဒီအလောင်းကို ဘယ်သူစတွေ့တာလဲ"

"ကျွန်တော့်ဆိုင်က ဝန်ထမ်း စည်သူ စတွေ့တာပါ"

ဒုရဲအုပ် လေးမြင့်၏ ဆိုင်ပိုင်ရှင် ကိုအောင်ကြိုင်ကို စစ်ဆေးမေးမြန်းသံကို နားစွင့်နေသူမှာ ဒီပဇော်။ ဒုရဲအုပ် လေးမြင့်သည် ကိုအောင်ကြိုင်ကို တစ်ချက်စိုက်ကြည့်ပြီး ...

"စည်သူကို ခေါ်ပေးပါ"

"ဟုတ်ကဲ့ စည်သူဆိုတာသူပါပဲ"

ကိုအောင်ကြိုင်သည် ဝိုင်းကြည့်နေကြသော ဝန်ထမ်းများထဲမှ စည်သူကို လက်ညှိုးထိုးပြောလိုက်၏။ ဒုရဲအုပ်လေးမြင့်သည် စည်သူကို စေ့စေ့ကြည့်ပြီး ...

စည်သူသည် မျက်လုံး ဝေ့လည်လည်လုပ်ရင်း ဒုရဲအုပ်လေးမြင့်ရှေ့သို့ ထွက်ခဲ့သည်။

"ကဲ ‥ စည်သူ ‥ ဒီလူသေအလောင်းကို ဘယ်လိုစတွေ့ခဲ့တာလဲ ပြောစမ်းပါဦး"

"ဒီလိုပါ ခင်ဗျား၊ လေးနာရီကျော်လောက်မှာ ဆိုင်စဖွင့်တယ်။ ဆိုင်တံခါးတွေကိုဖွင့်ရင်း ဆိုင်ရှေ့မှာ ခွေးဟောင်သံတွေကြားလို့ လှမ်းကြည့်လိုက်တယ်။ ခွေးတွေက ဆိုင်ရှေ့က ရေမြောင်းဖက်ကိုကြည့်ပြီး အူနေကြတယ်။ ကျွန်တော်လည်း မသင်္ကာဖြစ်ပြီး ရေမြောင်းကိုသွားကြည့်မိတယ်။ ရေမြောင်းထဲမှာ ဒီလူသေအလောင်းကို တွေ့ရတော့ ချက်ချင်း ဆိုင်ပိုင်ရှင် ဦးအောင်ကြိုင်ကို သွားနှိုးပြီး ပြောလိုက်တယ်။ ဦးအောင်ကြိုင်က စခန်းကို ဖုန်းဆက်လိုက်တာပါပဲ"

"စည်သူ ‥ ဒီအချိန် ဆိုင်ရှေ့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ထူးခြားဖြစ်စဉ်ရဲ့ အရိပ်အယောင်ကို မတွေ့ရဖူးလား"

ဒီပဇော်သည် စည်သူကို တစ်ချက်ဝင်မေးလိုက်သည်။

"မတွေ့ပါဘူး"

ဒီပဇော်သည် စည်သူကို သေချာကြည့်ပြီးမျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ ဒုရဲအုပ်လေးမြင့်က ရဲတပ်ဖွဲ့ဝင်များကို ပြောလိုက်၏။

ဒီပဇော်သည် လူသေအလောင်းကို အနေအထားအမျိုးမျိုးမှ ဓာတ်ပုံမှတ်တမ်း ထုတ်ယူသည်။

"ကဲ ‥ လူသေအလောင်းကို ပတ်ထားတဲ့ အဝတ်စတွေကို ဖယ်လိုက်ကြစမ်း"

"ဟုတ်ကဲ့ ‥ ဆရာ"

ရဲဘော်များသည်လူသေအလောင်းအပေါ်မှ အဝတ်စများကို ဖယ်ရှားကြသည်။ လူသေအလောင်းမှာ အသက် (၃၀)ဝန်းကျင်ရှိယောကျ်ားတစ်ယောက် ဖြစ်နေသည်။

"ကိုလေးမြင့် ‥ လူသေရဲ့ ပါးစပ်မှာ အမြှုပ်တွေတွေ့ရတယ်။ အဆိပ်မိပြီး ဆုံးသွားတာ ဖြစ်လိမ့်မယ်"

"ဟုတ်တယ် ‥ ကိုဒီပဇော်"

ဒီပဇော်သည် လက်ထဲမှာအသင့်ရှိနေသည့် ကင်မရာဖြင့် မှုခင်းမှတ်တမ်းဆိုင်ရာဓာတ်ပုံများ ရိုက်ကူးနေလိုက်သည်။ သေဆုံးသူမှာ စပို့ရှပ်အဖြူရောင်လက်တို၊ ဂျင်းဘောင်းဘီအနက်ရောင်ကို ဝတ်ထားလျက်။

ဒီပဇော်သည် သေဆုံးသူ၏ စပို့ရှပ်အင်္ကျီအိတ်ထဲကို နှိုက်ကြည့်သည်။ ရေစိုနေသော ကတ်ပြားလေးတစ်ခု ထွက်လာသည်။ ကတ်ပြားလေးကို သေချာစိုက်ကြည့်ရင်း ...။

"ကိုလေးမြင့် ‥ ရွှေနဒီမြိုင် တည်းခိုခန်းကတ်ပဲ"

"ဒါဆိုရင် ဒီလူက ရွှေနဒီမြိုင် တည်းခိုခန်းမှာ တည်းတဲ့လူဖြစ်ရမယ်"

"ဟုတ်တယ် ကိုလေးမြင့်၊ ကျွန်တော်တို့ ရွှေနဒီမြိုင် တည်းခိုခန်းကို သွားကြည့်ကြရအောင်"

"ကောင်းပါတယ် ကိုဒီပဇော်၊ ကဲ ရဲဘော် ‥ အလောင်းကို ဆေးရုံကြီးဆီ ပို့ပြီး ဆရာဝန်ရဲ့ ဆေးမှတ်တမ်းကို အမြန်ဆုံး ယူလာခဲ့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

ဒီပဇော်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လေးမြင့်တို့သည် ရွှေနဒီမြိုင်တည်းခိုခန်းဆီသို့ ဦးတည်လျက် ..။

(၂)

"ကျွန်တော်က ရွှေနဒီမြိုင်တည်းခိုခန်းက မန်နေဂျာ စိုးထက်ပါ"

"ညက တည်းခိုခန်းကို ပြန်မအိပ်တဲ့လူ ရှိသလား"

"ဟုတ်ကဲ့ .. ရှိပါတယ်။ အခန်းနံပါတ်(၁၄)ကလူ ပြန်မအိပ်ဘူး"

"အဲဒီလူနာမည်ကို သိသလား"

"သိပါတယ် .. ဌေးကိုကိုပါ"

ဒုရဲအုပ် လေးမြင့်သည် ရွှေနဒီမြိုင်တည်းခိုခန်း၏ မန်နေဂျာကိုစိုးထက်ကို မေးမြန်းနေသည်။

"အဲဒီလူရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြပါဦး"

"အင်း .. အသားကတော့ ညိုညိုပဲ။ အရပ် ရှည်တယ်။ ဒီဂရီမျက်မှန်တပ်ထားတယ်"

"အဲဒီလူက မျက်မှန်တတ်တယ်ဟုတ်လား"

ဒုရဲအုပ်လေးမြင့်သည် ဒီပဇော်ကို တစ်ချက်ကြည့်လိုက်သည်။ ဒီပဇော်သည် ကိုစိုးထက်ကို ဝင်မေးလိုက်သည်။

"အခန်း ၁၄ ကို သွားကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့ ရပါတယ်။ ကျွန်တော် လိုက်ပြပါ့မယ်"

ကိုစိုးထက်သည် အခန်း ၁၄ ကို လိုက်ပြသည်။

"ဒီအခန်းပဲ"

"ကျွန်တော်တို့ အခန်းထဲဝင်ကြည့်ကြရအောင် ကိုဒီပဇော်၊ ကိုစိုးထက် အခန်းတံခါးသော့ဖွင့်ပါဦး"

ကိုစိုးထက် ဖွင့်ပေးလိုက်သော အခန်းထဲကိုဝင်ကြည့်ကြသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်။

ခုတင်ပေါ်တွင် ခရီးသွားအိတ်အနက်တစ်လုံးကို တွေ့ရသည်။ အိတ်မှာသော့ခတ်ထားလျက်။ အိတ်နံဘေးတွင် ဒိုင်ယာရီစာအုပ်တစ်အုပ်ကို တွေ့ရပြန်သည်။ ဒီပဇော်သည် စာအုပ်ကို ယူပြီး ကြည့်လိုက်သည်။

စာအုပ်ကြားထဲတွင် တွေ့လိုက်ရသည်မှာ ဓာတ်ပုံတစ်ပုံ။ ဒီပဇော်သည် ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း ...

"ကိုလေးမြင့် .. ဟုတ်တယ် .. ဒီလူပဲ"

ဒုရဲအုပ်လေးမြင့်သည် ဓာတ်ပုံကို သေသေချာချာယူကြည့်လိုက်သည်။ ပြီးမှ ...

"ဟုတ်တယ် .. ကိုဒီပဇော်"

"ကိုလေးမြင့် .. ဓာတ်ပုံထဲမှာတော့ မျက်မှန်တပ်ထားတယ်။ အခုကျွန်တော်တို့တွေ့တော့ မျက်မှန်မတွေ့ဘူး။ ဒါက ကျွန်တော်တို့အတွက် စဉ်းစားရမယ့် အကြောင်းပဲ"

"ဒီလူ ဘာဖြစ်လို့လဲ"

ကိုစိုးထက် ပျာပျာသလဲဝင်မေးလိုက်သည်။

"သူက အဲဒီလူ အသတ်ခံလိုက်ရတယ်"

"ဗျာ .. အသတ်ခံလိုက်ရတယ် ဟုတ်လား"

"အဲဒါကြောင့် ကိုစိုးထက်ကို မေးမြန်းစရာရှိတယ်"

"ဟုတ်ကဲ့"

"မနေ့က ဌေးကိုကိုဆီကို ဘယ်သူတွေလာကြသလဲ"

ကိုစိုးထက်သည် ချက်ချင်းမဖြေ။ သေချာစဉ်းစားနေသည်။ ပြီးမှ ..

"အင်း .. မနက် ၁၀ နာရီလောက်မှာ ဒေါ်နုနုဆိုတဲ့ မိန်းမကြီးတစ်ယောက် ဌေးကိုကိုဆီကို လာတာတွေ့ရတယ်"

"အဲဒီ ဒေါ်နုနုလာတော့ ဘာထူးခြားတာတွေ့ရသလဲ ကိုစိုးထက်"

"ဒေါ်နုနု တည်းခိုခန်းကပြန်တော့၊ ဌေးကိုကိုပြောလိုက်တဲ့ ကိုကိုငါ့ကို ငွေသိန်း ၂၀ ကိုတော့ ဒီတစ်ခေါက်အရင်ပေးရမယ်ဆိုတဲ့ စကားကို ကြားလိုက်ရတယ်"

"ဒီအချိန်မှာ ဒေါ်နုနုမျက်နှာကို ကိုစိုးထက် ကြည့်မိလိုက်သလား"

ဒီပဇော်သည် ကိုစိုးထက်ကို ဝင်မေးလိုက်သည်။

"နောက် .. ဘယ်သူတွေလာတွေ့ကြသေးလဲ"

"နေ့လယ် ၁ နာရီလောက်မှာ လူငယ်နှစ်ယောက် ဌေးကိုကိုရှိသလားလို့ လာမေးတယ်။ ကျွန်တော်က ဌေးကိုကို အပြင်ထွက်သွားတယ်။ လူငယ်တစ်ယောက်က ဌေးကိုကိုတစ်ယောက်တည်းလား၊ အမျိုးသမီးနှစ်ယောက် မပါဘူးလားလို့ထပ်မေးတယ်။ ဌေးကိုကို တစ်ယောက်တည်း ထွက်သွားတာပါလို့ ကျွန်တော်က ပြန်ပြောတော့ လူငယ်နှစ်ယောက် ပြန်ထွက်သွားတယ်"

"အဲဒီ လူငယ်နှစ်ယောက်မှာ ဘာထူးခြားချက်တွေ တွေ့ရသလဲ ကိုစိုးထက်"

"အင်း .. အရပ်ပုပု တီရှပ်အနက်ရောင်ဝတ်ထားတဲ့ လူငယ်မျက်နှာကတော့ ထန်ထန်မာမာပဲ"

"နောက် ဘယ်သူတွေ လာကြသေးလဲ"

www.burmeseclassic.com



"ညနေ ၅ နာရီလောက်မှာ အမျိုးသမီးတစ်ယောက်လာပြီး ဒွေးကိုကိုနဲ့ ပြုံးပြုံးရယ်ရယ် စကားပြောရင်း ထွက်သွားကြတယ်"

"အဲဒီအမျိုးသမီးနဲ့ထွက်သွားပြီး တည်းခိုခန်းကို ပြန်မလာတာလား"

"ဟုတ်ပါတယ်"

ဒီပဇော်သည် လက်ထဲမှ အခန်းထဲမှာ တွေ့ခဲ့သော ဒွေးကိုကို၏ ဒိုင်ယာရီစာအုပ်ကို ဖွင့်ကြည့်လိုက်သည်။

"ကိုလေးမြင့် ‥ ဒီစာအုပ်မှာ ဒေါ်နုနုရဲ့ လိပ်စာကိုတွေ့ပြီ"

"ဟုတ်လား ကိုဒီပဇော်၊ ဒါဆိုရင် ဒေါ်နုနုဆီကို လိုက်ကြရအောင်။ ကဲ …ကိုစိုးထက် ကျွန်တော်တို့ သွားလိုက်ဦးမယ်။ ထူးခြားတာရှိရင် အကြောင်းကြားပါ"

"ဟုတ်ကဲ့ ‥ စိတ်ချပါ"

ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်တို့သည် ဒေါ်နုနုနေထိုင်ရာ မြေနီကုန်းဆီသို့ ဦးတည်လိုက်သည်။

BURMESE CLASSIC .com

(၃)

"ဖြစ်မှ ဖြစ်ရလေကွယ်၊ ဒွေးကိုကိုဟာ အဒေါ်နဲ့ ဆွေရိပ်မျိုးရိပ် မကင်းပါဘူး။ ဒါ စိမ်းလဲ့ဝါရဲ့မောင် လက်ချက်ပဲ ဖြစ်မယ်"

ဒီပဇော်သည် ဒေါ်နုနုပြောပြချက်တွေကို စိတ်ဝင်တစားနားထောင်နေရာမှ ဝင်မေးလိုက်သည်။

"စိမ်းလဲ့ဝါဆိုတာ ဘယ်သူလဲ အဒေါ်"

"စိမ်းလဲ့ဝါဆိုတာ ဒွေးကိုကိုရဲ့ ချစ်သူ။ ဒါပေမဲ့ စိမ်းလဲ့ဝါ မိဘတွေက ဒွေးကိုကိုနဲ့ လုံးဝသဘောမတူဘူး။ ဒွေးကိုကိုကလည်း အရက်သမားဖြစ်နေတာကိုး။ အထူးသဖြင့် စိမ်းလဲ့ဝါရဲ့မောင်ဖြစ်သူက မေးတယ်။ ဒွေးကိုကို ရန်ကုန်လာရင် စိမ်းလဲ့ဝါနဲ့ အမြဲတွေ့တယ်။ ဒါကို စိမ်းလဲ့ဝါမောင်က အံနောက်က တကောက်ကောက်လိုက်ကြည့်တယ်။ ဒွေးကိုကို တစ်ခေါက် ရန်ကုန်လာတုန်းက ဒွေးကိုကိုနဲ့ စိမ်းလဲ့ဝါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်သောက်နေတုန်း စိမ်းလဲ့ဝါမောင်နဲ့ လူငယ်တစ်စုရောက်လာပြီး ဒွေးကိုကို ကို ဝင်ရိုက်ကြတယ်။ ဆိုင်ရှင်နဲ့ လက်ဖက်ရည်သောက်တဲ့လူတွေ ကောင်းလို့ပေါ့။ ဒွေးကိုကို ဘာမှမဖြစ်လိုက်ဘူး"

ဒေါ်နုနုပြောပြချက်တွေကို စူးစိုက်နားထောင်နေသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်။ ဒုရဲအုပ်လေးမြင့်သည် ဒေါ်နုနုကို တစ်ချက်ကြည့်လိုက်ပြီး ‥

"စိမ်းလဲ့ဝါက ဘယ်မှာနေသလဲ"

"ကမာရွတ်မှာပါ"

ဒေါ်နုနုထံမှ စိမ်းလဲ့ဝါ၏ လိပ်စာရသည်နှင့် …

"ကိုဒီပဇော်ရေ ‥ ကျွန်တော်တို့ စိမ်းလဲ့ဝါဆီ သွားကြရအောင်"

ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်သည် ကမာရွတ်ဘက်သို့ ဦးတည်လိုက်ပြန်သည်။

ခြံဝင်းရှေ့တွင် ကားကိုရပ်လိုက်သည်။ ကားပေါ်မှဆင်းပြီး ခြံတံခါးဝတွင်ရှိသော လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

"တီ ‥ တီ ‥ တီ"

တိုက်ထဲမှ အရပ်ပုပုလူငယ်တစ်ယောက် ခြံဝဆီကို ထွက်လာပြီး ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်ကို စူးစိုက်ကြည့်ရင်း …

"ခင်ဗျားတို့ ဘယ်သူတွေလဲ။ ဘာကိစ္စလဲ"

"စိမ်းလဲ့ဝါနဲ့ တွေ့ချင်လို့ပါ"

"ခင်ဗျားတို့ ဘယ်သူတွေလဲဆို တာ ကျုပ်မေးတာကို ဖြေပါဦး"

ဒီပဇော်သည် တစ်ချက်ပြုံးလိုက် သည်။ ဒုရဲအုပ်လေးမြင့်က ‥

"တို့က ရဲတပ်ဖွဲ့ကပါ"

အိမ်ရှင်လူငယ် တစ်ချက်မျက်နှာ ပျက်သွား၏။ ကမန်းကတန်းပင် တံခါး ဖွင့်ပေး၏။

ဧည့်ခန်းထဲတွင် လူငယ်သုံးလေး ယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

"စိမ်းလဲ့ဝါကို ခေါ်ပေးပါ"

ဒီပဇော်သည် ကုလားထိုင်တွင် ဝင်ထိုင်ရင်း လူငယ်ကို ပြောလိုက် သည်။ လူငယ်သည် ဒီပဇော်ကို မျက်လုံးဝေ့ကြည့်ပြီး အခန်းထဲဝင်သွား သည်။ အတန်ကြာ လူငယ်နောက်မှ မိန်းကလေးတစ်ယောက် ပါလာသည်။

"ကျွန်မ စိမ်းလဲ့ဝါပါရှင်"

ချိုလွင်သောအသံနှင့်ပြောပြီး ဒီပဇော်တို့ရှေ့ရှိ ကုလားထိုင်တွင် ဝင် ထိုင်လိုက်သူမှာ စိမ်းလဲ့ဝါ။ ဒုရဲအုပ် လေးမြင့်က စိမ်းလဲ့ဝါကို သေချာကြည့် ပြီး …

"မစိမ်းလဲ့ဝါ ဒွေးကိုကို ကို သိ တယ်နော်"

"သိပါတယ်ရှင်"

ထိုစဉ် ‥ အရပ်ပုပုလူငယ်က မျက်နှာကျောတင်းတင်းဖြင့် ဝင်ပြော လာသည်။

"ခင်ဗျားတို့ ဒီနေရာမှာ ဒွေးကို ဆိုတဲ့နာမည်ကို မပြောနဲ့"

"သူကဘယ်သူလဲ မစိမ်းလဲ့ဝါ"

"ကျွန်မရဲ့ မောင်လေး ဆန်း အောင်ပါ"

ဒီပဇော်သည် ခန်းမင်းအော



www.burmeseclassic.com

ကို စိုက်ကြည့်လိုက်သည်။ ဆန်းမင်းအောင်သည် ကြမ်းကြမ်းတမ်းတမ်း မိုက်မိုက်ကန်းကန်းရှိမည့်လူငယ်ပုံစံ။

"မနေ့ညက ဒွေးကိုကို အသတ်ခံလိုက်ရတယ် မစိမ်းလဲ့ဝါ"

"ရှင် ..ကိုကို အသတ်ခံလိုက်ရတယ်ဟုတ်လား"

"ဟား ..ဟား ..ဟား ..ကောင်းတယ် ..သိပ်ကောင်းတယ်။ ဇာတ်သိမ်းသွားတာပေါ့။ ဟား ..ဟား ..ဟား"

ဆန်းမင်းအောင်က အားပါးတရရယ်မောသည်။ စိမ်းလဲ့ဝါက မီးဝင်းဝင်းတောက်သော မျက်လုံးနှင့် ဆန်းမင်းအောင်ကို လှမ်းမေးလိုက်၏။

"ဆန်းမင်းအောင် ..နင်မနေ့က ရွှေနဒီမြိုင်တည်းခိုခန်းကို သွားသေးတယ်မလား"

"သွားတာပေါ့"

"နင် ဘာတွေလုပ်ခဲ့တာလဲ၊ မှန်မှန်ပြောစမ်း"

ဆန်းမင်းအောင်သည် တစ်ချက်ပြုံးလိုက်သည်။

"အစ်မနဲ့ အဆက်အသွယ်မလုပ်ဖို့ ပြောမလို့ပါ။ ပြောလို့မရရင် ခေါ်ကြည့်ပေါ့။ ဒါပေမဲ့ အဲဒီလူနဲ့ ကျုပ်မတွေ့ခဲ့ရပါဘူး။ ခုတော့ သူ့ဇာတ် သူ သိမ်းသွားပြီပေါ့။ ကောင်းလိုက်တာ ..ဟား ..ဟား ..ဟား"

ဒီပဇော်သည် မိုက်ကန်းကန်းနှင့် ပြောနေသော ဆန်းမင်းအောင်ကို စိုက်ကြည့်နေ၏။ ဒုရဲအုပ်လေးမြင့်သည် စိမ်းလဲ့ဝါကို ဆက်မေးလိုက်သည်။

"မနေ့က စိမ်းလဲ့ဝါ ရွှေနဒီမြိုင်တည်းခိုခန်းကို ရောက်သွားသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ညနေ ၅ နာရီလောက်မှာ ရောက်သွားပါတယ်"

"ဘာ ..အစ်မ၊ ဟိုလူနဲ့ သွားတွေ့တယ် ဟုတ်လား။ အစ်မရာ ..အစ်မလည်း ဟိုလူနဲ့အတူ ဇာတ်သိမ်းသွားရင်ကောင်းမယ်"

ဆန်းမင်းအောင်က ထိုင်နေရာမှ ဝုန်းခနဲထပြီး ပြောလိုက်သည်။ စိမ်းလဲ့ဝါသည် ဆန်းမင်းအောင်ကို စိမ်းစိမ်းစူးစူးစိုက်ကြည့်နေ၏။

"ဆန်းမင်းအောင် ..နင် ဘာပြောလိုက်တာလဲ။ မိုက်ကန်းလိုက်တာ။ နင် ..အခုချက်ချင်း ဒီဧည့်ခန်းထဲက ထွက်သွားစမ်း"

"ဟား ..ဟား ..ဟား ရပါတယ်။ ကဲ ..သူငယ်ချင်းတို့ သွားကြမယ်ဟေ့"

ဆန်းမင်းအောင်သည် လူငယ်တစ်သိုက်ကို ပြောပြီး အပြင်ဖက်သို့ ထွက်သွားသည်။

စိမ်းလဲ့ဝါသည် တစ်ချက်ရှိုက်သည်။ ရှိုက်သံနှင့်အတူ မျက်ဝန်းပေါ်မှာ မျက်ရည်ကြွေ။

"အားတော့နာပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆက်မေးပါရစေ မစိမ်းလဲ့ဝါ"

"မေးနိုင်ပါတယ်ရှင်"

"မစိမ်းလဲ့ဝါနဲ့ ဒွေးကိုကိုတို့ ဘယ်သွားကြသေးလဲ"

"ဗိုလ်ချုပ်ဈေးဖက်ကို ရောက်တယ်။ ရုပ်ရှင်ရုံဖက်ကို ရောက်တယ်။ ပြီးတော့ စားနေကျ ကျားစားသောက်ဆိုင်မှာ ထမင်းဝင်စားကြတယ်။ ည ၈ နာရီလောက်မှာ ကျွန်မပြန်လာတယ်။ ကိုကိုက အဲဒီစားသောက်ဆိုင်မှာပဲ ကျန်ခဲ့တယ်"

ဒီပဇော်သည် စိမ်းလဲ့ဝါ၏ စကားတွေကို စူးစိုက်နားထောင်နေရင်း ရုတ်တရက် မေးခွန်းတစ်ခု မေးလိုက်သည်။

"ဒွေးကိုကိုက မျက်မှန်အမြဲတပ်သလားဗျ"

ဓာတ်ပုံထဲမှာ မျက်မှန်တပ်ထားသည်ကို တွေ့ရသော်လည်း အလောင်းတွင် မျက်မှန်မတွေ့သဖြင့် မေးလိုက်ခြင်းဖြစ်၏။

"ကိုကိုက ..မျက်စိအားနည်းတယ်။ မျက်မှန်မပါဘဲ လမ်းလျှောက်လို့မရဘူး"

"ကောင်းပြီလေ။ ကျွန်တော်တို့ စူပါကျားစားသောက်ဆိုင်ကို သွားလိုက်ဦးမယ် မစိမ်းလဲ့ဝါ"

"ဟုတ်ကဲ့ရှင့် ..လိုအပ်တာရှိရင် ကျွန်မကူညီဖို့ အဆင်သင့်ပါပဲ"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်တို့သည် အိမ်ထဲမှ လှမ်းထွက်လာခဲ့သည်။

ထိုစဉ် ခြံဝင်းထဲမှ တစ်ဟုန်ထိုးမောင်းနှင်သွားသည့် ကားပေါ်မှာ ဆန်းမင်းအောင်နှင့် လူငယ်တစ်စု။

(၄)

"ညက ဒွေးကိုကိုနဲ့ ခင်ခင်ချော ဆိုင်ထဲကနေ ပြန်ထွက်သွားတာ တွေ့ရတယ်"

စူပါကျားစားသောက်ဆိုင်မန်နေဂျာ၏စကားကို ဒီပဇော်စိတ်ဝင်စားသွားသည်။

"ခင်ခင်ချော ဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ခင်ချောက ကျွန်တော်တို့ဆိုင်မှာ အမြဲတမ်းလာပြီး စားနေကြ ကာစတမ်မာဗျ။ ဒါကြောင့် ခင်ခင်ချောကို ကောင်းကောင်းကြီးသိပါတယ်"

"သူတို့ ဒီဆိုင်ထဲက ထွက်သွားတာ ဘယ်အချိန်ရှိပြီလဲ"

"အင်း ..၁ နာရီကျော်ကျော်ပဲ

www.burmeseclassic.com

ဒီပဇော်သည် မန်နေဂျာထံ ခင်ခင်ချောနေထိုင်ရာ လိပ်စာကိုယူပြီး ထွက်ခဲ့ကြသည်။

တိုက်ရှေ့တွင် ကားကို ရပ်လိုက်ကြသည်။ တိုက်တံခါးက ပိတ်ထားလျက်။ ဒီပဇော်သည် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

"တီ ..တီ ..တီ"

တံခါးလာဖွင့်ပေးသူသည် ဒီပဇော်တို့ကို သေချာကြည့်ရင်း ...

"ဘာကိစ္စရှိလို့လဲ"

"ခင်ခင်ချောနဲ့တွေ့ချင်လို့ပါ"

"ခဏနေဦး ..ကျွန်တော်ခေါ်ပေးပါ့မယ်"

ထိုလူသည် အိမ်ထဲကို ဝင်သွားပြီး အတန်ကြာ မိန်းကလေးတစ်ယောက်ထွက်လာသည်။

"ကျွန်မ ခင်ခင်ချောပါ။ ဘာကိစ္စရှိလို့လဲ"

"မနေ့ညက ဌေးကိုကိုနဲ့ ခင်ခင်ချောတို့ စူပါကျားစားသောက်ဆိုင်က အတူတူထွက်သွားကြတယ်မဟုတ်လား"

"ဟင် ..ရှင်တို့က ဘယ်သူတွေလဲ။ ဘာဖြစ်လို့ ဒီလိုမေးတာလဲ"

"ကျွန်တော်တို့က တာဝန်ရှိတဲ့ ရဲအရာရှိတွေပါ။ ကျေးဇူးပြုပြီး ကျွန်တော်မေးတာကို ဖြေပါ"

"ဌေးကိုကိုနဲ့ ရင်းနှီးတာဘယ်လောက်ကြာပြီလဲ"

ခင်ခင်ချော မျက်နှာတစ်ချက်ပျက်သွားရာမှ ...

"မဟုတ်ပါဘူး။ မနေ့ညကမှ စားသောက်ဆိုင်မှာတွေ့ပြီး ရင်းနှီးခဲ့တာပါ။ အပြန်ကျတော့ ကျွန်မကို အိမ်လိုက်ပို့ပေးဖို့ ဌေးကိုကို ကို ပြောပါတယ်။ ဌေးကိုကိုကလည်း အိမ်လိုက်ပို့ပေးပါတယ်"

"ဟိတ် ..ခင်ဗျား ဘယ်သူတွေနဲ့ စကားပြောနေတာလဲ။ ဩော် ..ယောကျ်ားတွေနဲ့ စကားပြောနေတာကိုး။ ငါပြောထားတယ်မဟုတ်လား။ ဒီအိမ်ပေါ်မှာ ဘယ်ယောကျ်ားနဲ့မှ စကားမပြောရဘူး။ ပြောလို့မရရင် နင့်ကို ငါ သတ်မယ်လို့ ပြောထားတာ မသိဘူးလား ခင်ချော။ သွား ..အခန်းထဲဝင်စမ်း။ မင်းတို့က ဘယ်သူတွေလဲ"

ဒီပဇော်သည် ကျားတစ်ကောင်နှယ် ဟိန်းဟောက်နေသော လူကြီးကို သေချာစိုက်ကြည့်မိသည်။

"ခင်ဗျားက ဘယ်သူလဲ"

ဒုရဲအုပ်လေးမြင့်က မေးလိုက်သည်။

"ငါက ခင်ခင်ချောရဲ့ယောကျ်ား။ နာမည်သိချင်သေးလား ..မှတ်ထား ..ဦးစိုးကျော်တဲ့။ ဟား ..ဟား ..ဟား"

ဒီပဇော်သည် ဦးစိုးကျော်ကို သေချာကြည့်ရင်း ...

"ကျုပ်က သတင်းထောက် ကိုဒီပဇော်။ သူက ဒုရဲအုပ်လေးမြင့်ပါ"

"နေပါဦးကွ။ မင်းတို့က ဘာကိစ္စနဲ့ ဒီကိုလာကြတာလဲ"

"မနေ့ညက ခင်ခင်ချောကို အိမ်ပြန်လိုက်ပို့ပေးတဲ့ ဌေးကိုကိုနဲ့ ပတ်သက်နေတယ်"

"ခင်ခင်ချောရဲ့မိတ်ဆွေ ဌေးကိုကိုလား။ ညက ညဥ့်နက်နေလို့ ငါကိုယ်တိုင်ပဲ ကားနဲ့လိုက်ပို့ပေးလိုက်တယ်"

ကိုစိုးကျော်ကို ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့် စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"ဦးစိုးကျော် ကားနဲ့ပဲလား"

"ဟုတ်တယ် ..ကိုကိုက လမ်းထိပ်မှာပဲ ရပ်ပေးပါ။ တည်းခိုခန်းကို လမ်းလျှောက်မယ်လို့ ပြောပါတယ်"

ဒီပဇော်သည် ဦးစိုးကျော်၏ စကားကို စူးစိုက်နားထောင်ရင်း မေးစေ့ကို ပွတ်သပ်စဉ်းစားနေသည်။ ဒုရဲအုပ်လေးမြင့်သည် ဦးစိုးကျော်ကို ပြောလိုက်သည်။

"ဦးစိုးကျော်ကားကို ကြည့်ချင်ပါတယ်"

"မင်းတို့က ငါ့ကားကို ဘာဖြစ်လို့ ကြည့်ချင်တာလဲ"

"တာဝန်အရ စစ်ဆေးကြည့်မှာပါ။ အေးအေးဆေးဆေး ခွင့်ပြုပေးပါ"

ဦးစိုးကျော် မနေသာတော့ သူ့ကားကို လိုက်ပြရတော့၏။

တိုက်ရှေ့တွင်ရပ်ထားသော ဦးစိုးကျော်ကားကို လိုက်ကြည့်နေသူမှာ ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်။ ဒီပဇော်သည် ကားအတွင်းကို စူးစူးစိုက်စိုက်ကြည့်နေရာ ကားအတွင်းမှာ မျက်မှန်တစ်လက် သွားတွေ့သည်။

"ကိုလေးမြင့် ..ဒီမှာ မျက်မှန်တစ်လက်ဗျ"

"ဟုတ်လား ကိုဒီပဇော်"

ဒီပဇော်သည် မျက်မှန်ကို ဂျာကင်အင်္ကျီအိတ်ထဲကို ထည့်ထားလိုက်သည်။ ပြီးမှ ကားအပြင်ကို ထွက်လာကာ ...

"ဦးစိုးကျော် ခင်ဗျားမျက်မှန်တပ်သလား"

"ဦးက မျက်စိအားကောင်းပါတယ်။ မျက်မှန်မတပ်ပါဘူး"

"ဒါဆို ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

ဦးစိုးကျော်သည် ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်ကို သေချာကြည့်ရင်း တပည့်ဖြစ်သူကို ခိုင်းသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ မိုးလွင် ... ညှိသည်တွေကို အိမ်တံခါးလိုက်ဖွင့်ပေးလိုက်"

"ဟုတ်ကဲ့ ဦးလေး"

အိမ်တံခါးကို လိုက်ဖွင့်ပေးသော မိုးလွင်ကို ဒီပဖော်က ..

"မင်းက ဒီအိမ်မှာ ဘာလုပ်တာလဲ"

"ကျွန်တော်က ကားဒရိုင်ဘာပါ"

"မင်း .. ရဲစခန်းကို လာခဲ့ဦး"

"ဟုတ်ကဲ့"

ဒီပဖော်နှင့် ဒုရဲအုပ်လေးမြင့်တို့သည် ကားကို မောင်းနှင်လိုက်သည်။ ဒီပဖော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ မျက်မှန်ကို ထုတ်ရင်း ...

"ကိုလေးမြင့် ဒီမျက်မှန်ဟာ ဘယ်သူ့မျက်မှန်လဲဆိုတာ ဖော်ထုတ်ရမယ်။ စိမ်းလဲ့ဝါကို မျက်မှန်ပြကြည့်ရင်ကောင်းမယ်"

"ကောင်းတာပေါ့ ကိုဒီပဖော်၊ ကျွန်တော်တို့ အခုပဲ စိမ်းလဲ့ဝါကို ဝင်လိုက်ကြရအောင်"

ကားသည် စိမ်းလဲ့ဝါအိမ်ဖက်သို့ ပြေးပြေးလွှားလွှား။

BURMESE CLASSIC .com

(၅)

"ထိုင်ပါ စိုးလွင်"

စိုးလွင်သည် ဒုရဲအုပ်လေးမြင့်၏ စားပွဲရှေ့ရှိ ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။

"မင်း ... ဦးစိုးကျော်ဆီမှာ အလုပ်လုပ်တာ ကြာပြီလား"

"မကြာသေးပါဘူး။ ခြောက်လ ကျော်ပဲရှိပါသေးတယ်"

"ဦးစိုးကျော်နဲ့ပတ်သက်ပြီး ဘာတွေသိထားသလဲ"

မိုးလွင်သည် အတန်ကြာအောင် ငေးရီနေလျက်။ ပြီးမှ ..

"ဦးစိုးကျော်ဟာ ကြီးမိုက်ဗျ။ အသက်ကြီးမှ မိုက်တယ်ပေါ့ဗျာ။ ဦးစိုးကျော်ဆီမှာ ကျွန်တော်က ၉ ယောက်မြောက် ဒရိုင်ဘာ။ ဦးစိုးကျော်ရဲ့ဒဏ်ကို မခံနိုင်လို့ ဒရိုင်ဘာတွေ တစ်နှစ်မခံဘူး၊ ထွက်သွားကြတာချည်းပဲ။ ကျွန်တော်လည်း မကြာခင်ထွက်ဖို့ စိတ်ကူးထားတယ်။ ဦးစိုးကျော်ဟာ အရက်ကို အရမ်းသောက်တယ်။ အရမ်းမိုက်ကန်းတယ်။ မထင်ရင် မထင်သလို ကျွန်တော်တို့ကို လက်သီးနဲ့ ထိုးလားကြိတ်လား၊ ခြေထောက်ကန်ချက်ကလည်း ပြင်းပါဘိ။ ဦးစိုးကျော်အကြောင်းပြောရမယ်ဆိုရင် ဦးစိုးကျော်ဟာ ဟိုတုန်းက ဒီလိုမဟုတ်ဘူးတဲ့။ အရက်ဆို အနံ့တောင် မခံတတ်တဲ့လူ။ ဦးစိုးကျော် မိန်းမ ဆုံးပါးသွားပြီးမှ ဦးစိုးကျော်ဟာ အရက်ကို စွဲစွဲလမ်းလမ်း သောက်တတ်လာတယ်။ ဒီမှာပဲ ခင်ခင်ချောနဲ့ နောက်အိမ်ထောင်ပြုလိုက်တယ်။

ဒီနောက်ပိုင်း ဦးစိုးကျော်ဟာ ကြီးမိုက်ဖြစ်တော့တာပဲ။ ခင်ခင်ချောက ငယ်တယ်၊ ချောတယ်။ ယောကျ်ားတွေနဲ့လည်း ထည်လဲတွဲလိုက်သေးတယ်။ ဒါတွေကို ဦးစိုးကျော်သိတယ်။ ဒါပေမဲ့ ခင်ခင်ချောဟာ ဦးစိုးကျော်စကားကို ဘယ်တော့မှ နားမထောင်ဘူး။ ဦးစိုးကျော်ဟာ ခင်ခင်ချောစိတ်နဲ့ပဲ အရက်တွေ အရမ်းသောက်လာတယ်။ အိမ်ပေါ်မှာ ခင်ခင်ချောနဲ့ ဘယ်ယောကျ်ားလေးတွေမှ စကားမပြောရဘူး။

ခင်ခင်ချောဟာ ကိုကိုဆိုတဲ့လူနဲ့ တိတ်တိတ်ပုန်းယူထားတယ်လို့လည်း သတင်းတွေကြားရော ဦးစိုးကျော် အသည်းတွေ မီးလောင်ပါလေရော။ ဦးစိုးကျော်ဟာ ကိုကို့ကို တွေ့ရင် အစိမ်းလိုက်ဝါးစားပစ်မယ်လို့ ဦးစိုးကျော် နှုတ်ဖျားက မကြာခဏပြောတာ ကြားရတယ်"

ဒီပဖော်သည် မိုးလွင်၏ စကားလုံးများကို အသံဖမ်းစက်နှင့် ဖမ်းထားသည်။

"မိုးလွင် .. ဒါဆိုရင် မနေ့ညက ဦးစိုးကျော်ဟာ မင်းကို ဘာတွေခိုင်းသေးလဲ"

မိုးလွင်နှုတ်ဆိတ်သွား၏။ ဒီပဖော်က မိုးလွင်၏မျက်နှာကို အကဲခတ်ကြည့်ရင်း ...

"မင်း .. အမှန်အတိုင်းပြောစမ်းပါကွာ"

"ဟုတ် .. ဟုတ် .. ဟုတ်ကဲ့။ ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်။ သူက ဦးစိုးကျော် ကျွန်တော့်ကိုခေါ်ပြီး ဒီလူသေအလောင်းကို ဝေးတဲ့နေရာမှာသွားပြီး ပစ်ထားလိုက်ပါလို့ ခိုင်းပါတယ်။ ဦးစိုးကျော်က မင်း ငါ့ကို ဘာမှ ပြန်မပြောနဲ့။ ငါခိုင်းတာသာလုပ်။ မနက်ဖြန်ကျရင် မင်းကို လိုသလောက်ပေးမယ်။ နောက်ပြီး ဘယ်သူ့ကိုမှ မပြောရဘူး။ ပြောရင် ငါ့အကြောင်း မင်းသိတယ်မဟုတ်လားလို့ပြောတယ်။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ပဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့က ရေမြောင်းထဲမှာ အဲဒီလူသေအလောင်းကို သွားပစ်လိုက်တယ်။

"ကောင်းပြီ၊ မင်းပြောတာတွေက အမှန်ပဲနော်"

(၆)

စားပွဲပေါ်မှာ အရက်ဖန်ခွက်ကို လှမ်းယူပြီးမော့သောက်လိုက်သည်။ မီးဝင်းဝင်းတောက်နေသော မျက်လုံးနှင့် ခင်ခင်ချောကို လှမ်းကြည့်နေသူမှာ ဦးစိုးကျော်။ ခင်ခင်ချောသည် ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်ပြီး အပြင်ဖက်သို့ခြေလှမ်းဟန်ပြင်လိုက်စဉ် ...

"ခင်ချော ..ဒါကဘယ်လဲ"

ဦးစိုးကျော်၏ အသံသည် ကျားဟိန်းသံနှယ် ဟိန်းပြီးထွက်လာသည်။

"'အပြင်ခဏပါ အစ်ကိုကြီးရဲ့"

ခင်ခင်ချော၏ အသံက ချွဲနွဲ့နေသည်။ ညို့အားကောင်းနေသည်။

"မသွားနဲ့ဦး။ နင့်ကို မေးစရာရှိတယ်"

"ဘာမေးမှာလဲ အစ်ကိုကြီး"

"စောစောက ဘယ်သူ့ဆီ ဖုန်းဆက်တာလဲ"

"ကိုကို့ဆီကပါ"

"ဘာ ..ကိုကိုဟုတ်လား၊ ကိုကိုဘယ်နှစ်ယောက်တောင် ရှိလို့လဲ"

"ကိုကိုက တစ်ယောက်တည်းပါ အစ်ကိုကြီး"

ဦးစိုးကျော်သည် အရက်ဖန်ခွက်ထဲကို အရက်လောင်းထည့်ပြီး မော့သောက်လိုက်သည်။ ခင်ခင်ချောကို ရီရီမှိုင်းမှိုင်းကြည့်ရင်း ...

"ခင်ချော ..နင် မာယာမများနဲ့။ မပလီနဲ့၊ ဘယ်သူနဲ့ ဖုန်းဆက်တာလဲ မှန်မှန်ပြောစမ်း။ မပြောရင် နင့်ကို ငါသတ်မယ်"

"ခင်ချော အမှန်အတိုင်းပြောတာပါ။ ကိုကိုပါ"

"ဘာကိုကိုလည်း ကိုကို့ကို မနေ့ညက အပြန်မှာ အဆိပ်ထည့်ထားတဲ့ အရက်ကို တိုက်လိုက်တယ်။ အဲဒီအရက်ကိုသောက်ပြီး နင်နဲ့ဝေးတဲ့နေရာကို ရောက်သွားပြီလေ ..ဟား ..ဟား ..ဟား၊ အခု ကိုကိုမရှိဘဲ ငါ့ကို ဘာလို့ ညာနေတာလဲ ခင်ချောပြောစမ်း"

"မှားကုန်ပြီ ..မှားကုန်ပြီ အစ်ကိုကြီး။ အဲဒီလူက ကိုကိုမဟုတ်ဘူး။ ခင်ချောနဲ့ မနေ့ညကမှ စားသောက်ဆိုင်မှာ တွေ့ရင်း ရင်းနှီးခဲ့တဲ့ ဒွေးကိုကိုပါ"

"ခင်ချော ..နင့်စကားကို ငါမယုံဘူး။ နင်ဟာ အဆိပ်ပြင်းတဲ့ မြွေဟောက်မပဲ။ အမျိုးမျိုး ငါ့ကို ညာခဲ့တယ်။ ပလီခဲ့တယ်"

"သိပ်ကောင်းတဲ့ ရိုက်ကွင်းပါပဲ ဦးစိုးကျော်"

ဒီပဇော် ပြောရင်းညှော်ခန်းထဲကို လှမ်းဝင်လိုက်သည်။

"မင်း ..မင်းတို့ ဘာလာလုပ်ပြန်ပြီလဲ"

ဦးစိုးကျော်သည် ဒေါသတကြီးပြောလိုက်သည်။ ဒုရဲအုပ်လေးမြင့်က ဦးစိုးကျော်ကို လက်ထိတ်ခတ်ရန် ရဲဘော်တွေကို ပြောလိုက်သည်။

"ဦးစိုးကျော် ခင်ဗျားကိုယ်တိုင် ဖြောင့်ချက်ပေးတာ သိပ်ကောင်းပါတယ်။ မပေးလည်း ဒွေးကိုကို ကိုသတ်တဲ့တရားခံဟာ ဦးစိုးကျော်ဆိုတာ ကျွန်တော်တို့ သိနေပြီးသားပါ"

"ဟုတ်ပါတယ် ဦးစိုးကျော်၊ ကျွန်တော်တို့ ဦးစိုးကျော် ကားကို ကြည့်လိုက်တော့ ကားထဲမှာ မျက်မှန်တစ်လက်တွေ့ရတယ်။ ဦးစိုးကျော်က မျက်မှန်မတပ်ဘူး။ ဘယ်သူ့မျက်မှန်လဲဆိုတာ ဖော်ထုတ်ဖို့ မစိမ်းလဲ့ဝါဆီ သွားပြကြည့်တော့ ဒွေးကိုကိုရဲ့မျက်မှန်ဆိုတာ သိရတယ်။ ဦးစိုးကျော်က ဒွေးကိုကို ကို လမ်းထိပ်မှာပဲ ချထားပေးခဲ့တယ်လို့ ဆိုတယ်။ ဒါ မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဒွေးကိုကိုဟာ မျက်မှန်မပါဘဲ လမ်းလျှောက်လို့ အဆင်မပြေဘူးလို့သိရတယ်။ နောက်တစ်ချက်က ဦးစိုးကျော်ရဲ့ ကားဒရိုင်ဘာ မိုးလွင်က ရဲစခန်းမှာ အားလုံးဖြောင့်ချက်ပေးဝန်ခံပြီးပါပြီ။ ကဲ ဘာပြောချင်သေးလဲ"

ဒီပဇော်ရဲ့ စကားအဆုံးမှာတော့ ရီဝေညို့မှိုင်းသော မျက်လုံးများနှင့် ခင်ခင်ချောကို လှမ်းကြည့်ရင်း ဦးစိုးကျော် ခေါင်းငိုက်စိုက်ကျသွားပြီး ငြင်းကွယ်မရတော့မှန်း သဘောပေါက်သွားပြီဖြစ်၏။

ဦးစိုးကျော်သည် ရဲတပ်ဖွဲ့ဝင်များ ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့ရသည်။

ဒီပဇော်နှင့် ဒုရဲအုပ်လေးမြင့်တို့လည်း အပြင်ဖက်ကိုလှမ်းထွက်ခဲ့ကြသည်။

ခင်ခင်ချောမျက်ဝန်းမှာ မျက်ရည်များ ရစ်ရစ်ဝိုင်းဝိုင်းကြွေကျနေလျက်။ ခင်ခင်ချော၏ မျက်ရည်များသည် နှလုံးသားထဲမှ ခံစားကြေကွဲကြွေသက်လာသော မျက်ရည်လား။ မာယာပလီသည့် မျက်ရည်လား မသိနိုင်တော့ပါ။

ဗညားဦး(အိမ်မဲ)

BURMESE CLASSIC .com



www.burmeseclassic.com